ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး အနှစ် ၂၀ ပြည့်အထိမ်းအမှတ်

# တိုင်းရင်းသားလူမျိုးများအရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနစ်

ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး

## တိုက်ပွဲဝင် စာတမ်းများနှင့် မိန့်ခွန်းပေါင်းချုပ်

( ၁၉၈၈ – ၂၀၀၈ )


ဆလိုင်းလျန်မှုန်းဆာခေါင်း

**( Lian H. Sakhong )**

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး အနှစ် ၂၀ ပြည့်အထိမ်းအမှတ်

# တိုင်းရင်းသားလူမျိုးများအရေး
# နှင့်
# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်

ဒီမိုကရေစီရေး၊ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်
ရရှိရေးတိုက်ပွဲဝင်
စာတမ်းများနှင့် မိန့်ခွန်းပေါင်းချုပ်
(၁၉၈၈ – ၂၀၀၈)

**ဆလိုင်းလျန်မှုန်းဆာခေါင်း**
**(Lian H. Sakhong)**

Type Setting:
Layout & Design:
Sai Mawn (UNLD-LA)

Cover Design:
Myo Myint

ပထမအကြိမ် ပုံနှိပ်ခြင်း – ၂၀၀၈
ဒုတိယအကြိမ် ပုံနှိပ်ခြင်း – ၂၀၁၀
တတိယအကြိမ် ပုံနှိပ်ခြင်း – ၂၀၁၀

Copyright © Lian H. Sahong 2008
ISBN : 978-974-224-577-1

http://www.encburma.org

Wanida Press
Chiang Mai, Thailand
2008 & 2010

# မာတိကာ


စာရေးသူ၏အမှာစာ ........ 7
ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာစာ ........ 13
တတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာစာ ........ 17
စာရေးသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း ........ 21

အပိုင်း (တစ်)
၁၉၈၈ မှ ၁၉၉၀ ဒီမိုကရေစီအရေးတော်ပုံကာလ
ပြည်တွင်းနိုင်ငံရေးသမားလောကတွင် ရေးသားဟောပြောချက်များ

အခန်း (၁)
**ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ** ........ 25
[ ၁၉၈၈ ဒီဇင်ဘာလ (၁၁) ရက်တွင် ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲ၌ တင်ပြပြီး၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီစာစောင် အမှတ် (၁) တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် မိန့်ခွန်း ]

အခန်း (၂)
**ဒီမိုကရေစီရေးနှင့် တန်းတူရေးပြဿနာ** ........ 39
[၁၉၉၀ မေလ UNLD စည်းရုံးရေးခရီးစဉ်တခုတွင် ရခိုင်ပြည်နယ်မြောက်ဦးမြို့၌ ဟောပြောခဲ့သောမိန့်ခွန်း]

အခန်း (၃)
**ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာ** ........ 53
[၁၉၉၀ ခုနှစ်ထုတ် တန်းတူရေးစာစောင်တွင်ရေးသားခဲ့သည့်ဆောင်းပါး]

အခန်း (၄)
**စစ်မှန်သောပြည်ထောင်စုစနစ်နှင့် ချင်းအမျိုးသားများလိုလားချက်** ........ 63
[၁၉၉၀ မေလရွေးကောက်ပွဲမတိုင်မီ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအနေဖြင့် မြန်မာ့အသံမှတိုင်းပြည်သို့ အသံလွှင့်ဟောပြောသည့်မိန့်ခွန်း]

အခန်း (၅)
**အထွေထွေရွေးကောက်ပွဲ (သို့မဟုတ်) နိုင်ငံတော်အာဏာကို အကြမ်းမဖက်သောနည်းဖြင့် ပြန်လည်ရယူရေးလမ်းစဉ်** ........ 77
[၁၉၉၀ ရွေးကောက်ပွဲအပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီပေါင်းစုံသဘောထားကြေညာချက်]

အခန်း (၆)
**ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများ သုံးသပ်ချက်စာတမ်း "အာဏာလွှဲပြောင်းရေး"** ........................................ 83
[၁၉၉၀ တွင်ကျင်းပခဲ့သော UNLD ဒုတိယအကြိမ်ညီလာခံ၌ ရေးသားတင်သွင်းခဲ့သည့်စာတမ်း]

အခန်း (၇)
**ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများ သုံးသပ်ချက်စာတမ်း "အမျိုးသားညီလာခံကျင်းပရေး"** .............................. 91
[၁၉၉၀ တွင်ကျင်းပခဲ့သော UNLD ဒုတိယအကြိမ်ညီလာခံ၌ ရေးသားတင်သွင်းခဲ့သည့်စာတမ်း]

အခန်း (၈)
**ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသောနိုင်ငံရေးသုံးသပ်ချက် စာတမ်း "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးအတွက် လမ်းညွှန်အခြေခံမူများ"** ........................................................................ 101
[၁၉၉၀ တွင်ကျင်းပခဲ့သော UNLD ဒုတိယအကြိမ်ညီလာခံ၌ ရေးသားတင်သွင်းခဲ့သည့်စာတမ်း]

အခန်း (၉)
**စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဆီသို့** ................................................. 111
[UNLD တတိယအကြိမ် သဘာပတိစုံညီအစည်းအဝေးသို့ တင်သွင်းခဲ့သော "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ" ၏အစီရင်ခံစာ]

## အပိုင်း (နှစ်)
## သက္ကရာဇ် ၁၉၉၁ မှ ၂၀၀၀ ပြည့်နှစ်အထိ ပြည်ပြေးဘဝဖြင့် ရေးသားထုတ်ဝေခဲ့သောစာတမ်းများ

အခန်း (၁၀)
**စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီး၏ လက်ငင်းတာဝန်** ..................................... 121
[၁၉၉၂ ဂျာမဏီနိုင်ငံဟမ်းဘတ်မြို့တွင်ကျင်းပခဲ့သော ဥရောပ–မြန်မာအသင်း အစည်းအဝေးတွင်သွင်းပြီး၊ ၁၉၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော ချင်းအမျိုးသားဂျာနယ်အမှတ် (၅) ၌ ဖော်ပြခဲ့သည့်စာတမ်း]

အခန်း (၁၁)
**အမျိုးသားညီလာခံကျင်းပရေးနှင့် နဝတ၏နောက်ဆုံးခံတပ် ..................... 143**
[၁၉၉၈ တွင်ထုတ်ဝေခဲ့သော ချင်းအမျိုးသားဂျာနယ်အမှတ် (၆) နှင့် အနှစ်
ငါးဆယ်မြောက်လွတ်လပ်ရေးနေ့အထူးထုတ် "ဒေါင်းအိုးဝေ" တို့၌
ရေးသားခဲ့သည့်စာတမ်း]

အခန်း (၁၂)
**ဗမာလော? မြန်မာလော?**
**နဝတစစ်အစိုးရ၏ပြည်ထောင်စုအမည်ပြောင်းလဲမှုအပေါ် တုန့်ပြန်ချက် .... 163**
[၁၉၉၂ တွင် ရေးသားထုတ်ဝေခဲ့သော "ချင်းအမျိုးသားဂျာနယ်"
အမှတ်စဉ် (၁) နှင့် "ဒေါင်းအိုးဝေ" စာစောင်များတွင် ပုံနှိပ်ဖော်ပြခဲ့သည့်စာတမ်း]

အခန်း (၁၃)
**နအဖ၏နည်းဗျူဟာသုံးရပ် (သို့မဟုတ်)**
**နဝတကိုကျားကန်ပေးသောထောက်တိုင်သုံးရပ်**
**(တရုတ်လက်နက်၊ ခွန်ဆာဘိန်းနှင့် အာဆီယံဒေါ်လာ) ............................. 185**
[၁၉၉၇ တွင်ထုတ်ဝေခဲ့သော "ဖက်ဒရယ်ဂျာနယ်" ၌ ပုံနှိပ်ဖော်ပြခဲ့သည့်စာတမ်း]

## အပိုင်း (သုံး)
## ၂၀၀၁–၂၀၀၈ ဒီမိုကရေစီအရေးတော်ပုံကြီး၏တော်လှန်ရေးစခန်းသို့ ပြန်လာပြီးနောက်ပိုင်းရေးသားဟောပြောချက်များ

အခန်း (၁၄)
**သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ချက်များ .... 197**
[၂၀၀၃ တွင်ကျင်းပသော UNLD-LA ဒုတိယအကြိမ်ညီလာခံ၌
ရှင်းလင်းတင်ပြချက်]

အခန်း (၁၅)
**ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေးလုပ်ငန်းစဉ် ...................... 209**
[၂၀၀၃ တွင် ကျင်းပသော UNLD-LA ဒုတိယအကြိမ်ညီလာခံ၌
ရှင်းလင်းတင်ပြချက်]

အခန်း (၁၆)
**သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့်**
**ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ ...... 225**
[ ၂၀၀၄ တွင်ကျင်းပသော တတိယအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများ
နှီးနှောဖလှယ်ပွဲသို့ ရေးသားတင်သွင်းသောစာတမ်း ]

အခန်း (၁၇)
**ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ ကြိုးပမ်းမှုများ** ........................................ 241
[ ၂၀၀၅ တွင်ကျင်းပသော စတုတ္ထအကြိမ်တိုင်းရင်းသားလူမျိုးများညီလာခံသို့ ရေးသားတင်သွင်းသောလုပ်ငန်းအစီရင်ခံစာ]

အခန်း (၁၈)
**အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲပြဌာန်းရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ** .............. 263
(The Basic Principles for Future Federal Union of Burma)
[ ၂၀၀၅ ဖေဖော်ဝါရီလ (၉–၁၂) ရက်တွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးတွဲကျင်းပခဲ့သော "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများချမှတ်ရေးနှီးနှောဖလှယ်ပွဲ" သို့ SCSC နှင့် FCDCC တို့၏ပူးတွဲလုပ်ငန်းကော်မတီကိုယ်စားတင်သွင်းသောစာတမ်း]

အခန်း (၁၉)
**ရွှေဝါရောင်တော်လှန်ရေးအပြီး လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့် (၃) ရပ်ဖြင့် သုံးသပ်ခြင်း** ........................................ 305
[ သက္ကရာဇ် ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၁၉) မှ (၂၁) ရက် တိုင်းရင်းသားလူမျိုးများကောင်စီသို့ တင်သွင်းသောစာတမ်းကို ဖြည့်စွက်၍ သက္ကရာဇ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၂၁) မှ (၂၃) ရက် အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင်ဆွေးနွေးရန် ရေးသားတင်ပြခဲ့သောစာတမ်း ]

အခန်း (၂၀)
**မဟာလူမျိုးကြီးဝါဒကိုအခြေခံ၍ စစ်အာဏာရှင်စနစ် တည်ဆောက်ရေးသို့ ဦးတည်နေသော နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်သုံးသပ်ခြင်း** ............... 351

အခန်း (၂၁)
**ဆက်ရန်ရှိသေးသည်** ........................................ 385

# တရေးသူ၏အမှာစာ

ဤစာအုပ်ကို ၁၉၉၈ ခုနှစ်တွင်ထုတ်ဝေရန် ပြင်ဆင်ခဲ့ပါသည်။ ထိုစဉ်က စာအုပ်ထုတ်ဝေရန် မိမိဆန္ဒကိုနိုးဆွပေးသော အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ ဒီမိုကရေစီအရေးတော်ပုံကြီး၏ (၁၀) နှစ် မြောက်အထိမ်းအမှတ်အဖြစ် မိမိရေးသားပြုစုသမျှစာတမ်းများနှင့် မိန့်ခွန်းများကို ပေါင်းချုပ်၍ထုတ်ဝေချင်သောဆန္ဒဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက မိမိဖြတ်သန်းခဲ့သော ကျောင်းသားနိုင်ငံရေးသမားဘဝ၏ ပုံရိပ်များကိုပြန်လည်ဖမ်းဆုပ်ချင်သောစိတ်ဖြင့် မိမိရေးခဲ့သမျှ စာရွက်စာတမ်းများကို ပြန်လည်စုစည်းထုတ်ဝေရန် စိတ်ကူးမိခြင်း ဖြစ်ပါသည်။

ဒုတိယအချက်မှာ ထိုစဉ်က ရေးသားပြုစုနေသော ပါရဂူကျမ်းပြီးစီးခါနီးဖြစ်၍ ကျောင်းပြီးလျှင်ဘာလုပ်မလဲဟု မိမိကိုယ်မိမိဆန်းစစ်ချင်သောစိတ်ဖြင့် ရေးသားခဲ့သမျှနိုင်ငံရေးစာတမ်းများကို စုစည်းခဲ့ခြင်းဖြစ်ပါသည်။ မိမိဆန္ဒအမှန်ကို ဝန်ခံပါက ပါရဂူဘွဲ့ရပြီးလျှင် တက္ကသိုလ်ပရဝုဏ်တွင် ဘဝတသက်လုံးငြိမ်းချမ်းစွာကျင်လည်ချင်မိသည်။ တက္ကသိုလ်နည်းပြဆရာဘဝကို မက်မောခဲ့မိပါသည်။ စာသင်သည့်ကထိကအလုပ်ကို နှစ်ခြိုက်စွာခံ့မင်မိပါသည်။ ပါမောက္ခလုပ်ပြီး သုတေသီဘဝဖြင့်တသက်လုံးရပ်တည်နိုင်ပါက လောကနိဗ္ဗာန်တည်ဆောက်ခြင်းနှင့် အတူတူဖြစ်မည်ဟု စိတ်ကူးယဉ်ခဲ့မိပါသည်။ ထိုအရာအားလုံးကို လုပ်ကိုင်ပျော်မွေ့ရန် အခွင့်အခါကြုံလာလေပြီ။ သို့ရာတွင် မိမိဆန္ဒ၏အခြားတဖက်တွင် တော်လှန်ရေးတာဝန်ရှိနေသေးသည်ဟုလည်း ခံစားခဲ့မိသည်။

မိမိတို့ကျောင်းသားများစတင်ခဲ့သော ဒီမိုကရေစီအရေးတော်ပုံကြီးအပြီးသတ်အောင်ပွဲမဆင်နိုင်သေး။ ထိုစဉ်က မိမိ၏ငယ်သူငယ်ချင်းကျောင်းသားရဲဘော်များတချို့ ထောင်ထဲမှာရှိနေကြသေးသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားဘဝတလျှောက် လက်တွဲလာခဲ့သော ကိုဌေးသိန်း၊ ဒေါက်တာဇော်မင်းနှင့် ကိုနေဝင်း (တိ–မွေး–ကု) တို့ကို သတိရမိ သည်။ သူတို့သုံးယောက်စလုံး တရားမရှိသော စစ်ခုံရုံး၏ တရားသူကြီးများ စီရင်ချက်ဖြင့် ထောင်နန်းအနှစ် (၂၀) စီစံနေခဲ့ကြပါသည်။ ထို့အပြင် မိမိနှင့်အတူဖမ်းဝရမ်းအတူတူထုတ်ခြင်း ခံရသော UNLD မှလုပ်ဖော်ကိုင်ဖက် ဦးသာဘန်းနှင့် ဦးအေးသာအောင်တို့လည်း ထိုစဉ်က ထောင်ထဲမှာပင်ရှိနေကြသေးသည်။ တချို့သူငယ်ချင်းများ စစ်အစိုးရကို ဖြုတ်ချရန် တော်လှန်ရေးဆင်နွှဲနေကြဆဲဖြစ်ပါသည်။ ကျနော့်သူငယ်ချင်း Thomas Thangnou, Zing Cung, Roger Biak Lian, Dr. Sui Khar, Khua Uk Lian, Ral Hnin, Thang Zen, Victor Biak Lian, Salai Bawi Lian Mang နှင့် အခြား CNF ရဲဘော်များ တော်လှန်ရေးစစ်မြေပြင်တွင် တိုင်းပြည်နှင့်လူမျိုးကို အလုပ်အကျွေးပြုနေကြပါ

သည်။ ကျောင်းနေဖက်သူငယ်ချင်းတချို့တော်လှန်ရေးအတွက် အသက်ပေးသွားကြလေပြီ။ တော်လှန်ရေးတွင် ကျဆုံးသွားရှာပြီးဖြစ်သော Salai Sang Za Hmung, Salai Thawng Lian Piang, Salai Sang Hlun, Salai That Ci နှင့် Salai Uk Lian Thang စသည့် သူငယ်ချင်းများသတိရမိသည်။ တော်လှန်ရေးတာဝန်နှင့် မိမိဖြစ်ချင်သော ဆန္ဒနှစ်ခုကြားဝေခွဲမရဖြစ်ခဲ့မိသည်။ ထို့ကြောင့် ကျောင်းပြီးရင်ဘာလုပ်မလဲဟု ထိုကာလတွင် စိတ်ပိုင်းဖြတ်မရ ဖြစ်ခဲ့မိပါသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် စာအုပ်မထုတ်ဖြစ်ပါ။ ပထမအကြောင်းမှာ မိမိရေးသမျှ စာရွက်စာတမ်းများကို ပြန်လည်စုစည်း၍မရသော ပြဿနာဖြစ်ပါသည်။ ပြည်ပြေးဘဝဖြင့် ပြည်တွင်းတွင်ရေးသားခဲ့သော စာရွက်စာတမ်းများကို ပြန်လည်စုစည်းရန် မလွယ်ခဲ့ပါ။ ကြိုးစားပြီးရှာဖွေစုဆောင်းခဲ့သော်လည်း မိမိရေးသားခဲ့သော စာတမ်းနှင့်ဆောင်းပါးများကို သုံးပုံတပုံတောင်မှ ပြန်မစုနိုင်ခဲ့ပေ။ အထူးသဖြင့် ခံစားချက်အပြည့်၊ ယုံကြည်ချက်အတိဖြင့်ရေးသားခဲ့သော တချို့စာတမ်းများကို ပြန်လည်၍မစုစည်းနိုင်ခဲ့ပါ။ မိမိအနေဖြင့် မဆလတပါတီအာဏာရှင်စနစ်နှင့် ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို အပြင်းထန်ဆုံးဝေဖန်တိုက်ခိုက်သည့် “ဗိုလ်နေဝင်း၏နောက်ဆုံးခံတပ်”၊ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးအပြီး ဖက်ဒရယ်စနစ်ကိုလက်မခံသော ဗမာနိုင်ငံရေးပါတီများကို စိန်ခေါ်သည့် “လူမျိုးစုများကမ်းသောလက်” နှင့် “ကမ်းသောလက်များ လက်သီးဆုပ်မဖြစ်ခင်” စသော စာတမ်းများကိုပြန်ရှာ၍ မရနိုင်ခဲ့ပါ။ ထိုစာတမ်းများတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ကမ်းဖိတ်ခေါ်မှုကြောင့် တိုင်းရင်းသားလူမျိုးများက ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုပေါ်ပေါက်ခဲ့ကြောင်း၊ သို့သော် တိုင်းရင်းသားလူမျိုးများက ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုကိုပြန်လည်ဖွဲ့စည်းရေးအတွက် တောင်ကြီးညီလာခံမှ ကမ်းသောလက်ကို ဗိုလ်နေဝင်းက ရိုင်းစိုင်းစွာပုတ်ထုတ်ခဲ့ကြောင်း၊ ယခု ရှစ်လေးလုံးအရေးတော်ပုံကာလတွင် မိမိတို့တိုင်းရင်းသားလူမျိုးများက စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် တိုင်းပြည်ကိုပြန်လည်ထူထောင်ရန် ဒုတိယအကြိမ် လက်ကမ်းလိုပါကြောင်း၊ သို့သော် မိမိတို့ကမ်းသောလက်ကို ခင်ဗျားတို့ ဗိုလ်နေဝင်းလိုပုတ်ထုတ်ပါက ကမ်းသောလက်များလက်သီးဆုပ်ဖြစ်သွားနိုင်ကြောင်း ဗမာနိုင်ငံရေးသမားများကို စိန်ခေါ်ခဲ့သော စာတမ်းများနှင့် မိန့်ခွန်းများဖြစ်ပါသည်။ ထိုစာတမ်းများ ပြန်ရှာ၍မရနိုင်တော့ပါ။

ဒုတိယအချက်မှာ စာအုပ်မထုတ်နိုင်ခင် တော်လှန်ရေးစခန်းသို့ပြန်လည်ပြီး ဒီမိုကရေစီအရေးတော်ပုံကြီးကို အလုပ်အကျွေးပြုလုပ်ရန် စိတ်ပိုင်းဖြတ်ခဲ့သောကြောင့် စာအုပ်ထုတ်ခြင်းကို ဆိုင်းငံ့ခဲ့ရပါသည်။ ထိုသို့ ဒီမိုကရေစီအရေးတော်ပုံကြီးထံသို့ ပြန်လာရန်စိတ်ပိုင်းဖြတ်စေသော အချက်များစွာ ရှိပါသည်။ ပထမအချက်

မှာ အမိချင်းပြည်သူများကို တတ်နိုင်သည့်ဖက်မှ အလုပ်အကျွေးပြုချင်သော ဆန္ဒကြောင့်ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ကိုဖြုတ်ချပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရှိသော ချင်းအဖွဲ့အစည်းများကိုထူထောင်ရာ၌ တတပ်တအား ပါဝင်ချင်ပါသည်။ ပြည်ထောင်စုထဲမှ တန်းတူသော ချင်းပြည်ထူထောင်နိုင်ရေး အတွက် စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေးတိုက်ပွဲတွင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ပါဝင်ချင်ပါသည်။ ထိုဆန္ဒများကို ၁၉၉၈ ဧပြီလ၌ CNF တွင် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေသော ငယ်သူငယ်ချင်း Zing Cung နှင့် Dr. Sui Khar တို့နှင့် ကနေဒါနိုင်ငံတွင်ကျင်းပသော အစည်းအဝေးတခုတွင် ပြန်လည် ဆုံဆည်းရင်း ရင်ဖွင့်ဆွေးနွေးခဲ့ပါသည်။

ဒုတိယအချက်မှာ ပြည်ထောင်စုအတိုင်းအတာဖြင့် ဆင်နွှဲနေရသော ဒီမိုက ရေစီအရေးတော်ပုံကြီးတွင် ချင်းအမျိုးသားတဦးအနေဖြင့် တတ်နိုင်သမျှ အလုပ် အကျွေးပြုချင်သော ဆန္ဒဖြစ်ပါသည်။ ထိုဆန္ဒကို ရုတ်တရက်ပြန်လည်နိုးဆော်ခဲ့ သောအရာမှာ ရုပ်မြင်သံကြားဖန်သားပေါ်တွင် မမျှော်လင့်ပဲ ရုတ်တရက်မြင်ခဲ့ရ သည့် ရုပ်ပုံတခုကြောင့်ဖြစ်ပါသည်။ ထိုစဉ်က ပါရဂူကျမ်းအတွက် အလွန်အလုပ် များနေသဖြင့် ရုပ်မြင်သံကြားကိုလည်း ပုံမှန်မကြည့်ဖြစ်ခဲ့ပါ။ သို့သော် တနေ့ သောနေ့လည်ခင်းအချိန်တွင် နေ့လည်စာစားရင်း ဘီဘီစီသတင်းကို ဖွင့်ကြည့်မိ ပါသည်။ မမျှော်လင့်ဘဲ ဒေါ်အောင်ဆန်းစုကြည် ပုံပေါ်လာပါသည်။ သူမ၏ခရီးစဉ် တခုကို စစ်အစိုးရကဟန့်တားပြီး တံတားလေးတခုပေါ်တွင် သူမ၏ကား နစ်ရက် သုံးရက်မျှပင် ရပ်ထားပြီဖြစ်ကြောင်း သတင်းကဆိုပါသည်။ ထမင်းစားတာကိုရပ်ပြီး ကျနော့်အမျိုးသမီးနှင့် အတူ ရုပ်မြင်သံကြားရှေ့တွင် အချင်းချင်းဖက်ပြီး အကြာကြီး ရပ်နေမိပါသည်။ သတင်းအပြီးတွင် ကျနော့်အမျိုးသမီးက “ဒေါ်စုကို ကျမတို့ ပစ်မထားသင့်ဘူး။ မြန်မာတနိုင်ငံလုံးမှာ လူမရှိတော့ဘူးလား။ ဘာလို့သူ့ကို တယောက်ထဲ တံတားပေါ်မှာပစ်ထားနေကြတာလဲ” ဟု ဝမ်းနည်းဒေါသစိတ်ဖြင့် ပြောရင်း သူမ မျက်ရည်ကျခဲ့ပါသည်။ ထို မိနစ်ပိုင်းအတွင်းမြင်ရသော ရုပ်မြင်သံကြား မြင်ကွင်းနှင့် ချစ်ဇနီး၏မျက်ရည်ကြောင့် ငါတော်လှန်ရေးထဲပြန်သွားသင့်သည်ဟု စဉ်းစားမိပါသည်။

သို့သော် တော်လှန်ရေးခရီးသို့ တကယ်တမ်းပြန်လာရန် လမ်းစပြန်ဖွင့်ပေးခဲ့သူမှာ အန်ကယ်ယုဂျင်း (Dr. Chao Tzang Yawnghwe) နှင့် ဆရာဟန် (Harn Yawnghwe) တို့ပင်ဖြစ်ပါသည်။ နိုင်ငံရေးဒုက္ခသည်ဘဝဖြင့် ဆွီဒင်နိုင်ငံသို့ ထွက် ပြေးတိမ်းရှောင်ပြီးနောက် ဆရာဟန်ကကျနော့်ကို စာရေးဆက်သွယ်လာပါသည်။ ပြည်တွင်းတွင် ကျနော်ရေးသားခဲ့သော စာတမ်းတချို့ကိုဖတ်ဘူးကြောင်းနှင့် တိုင်း ရင်းသားလူမျိုးပေါင်းစုံပူးပေါင်းဖွဲ့စည်းထားသော “ပြည်ထောင်စုတိုင်းရင်းသားလူမျိုး

များဒီမိုကရေစီအဖွဲ့ချုပ်” ကို သဘောကျကြောင်း သူ့စာတွင်ဖော်ပြခဲ့ပါသည်။ ဆရာဟန်နှင့် ကျနော်အချင်းချင်းစာရေးဆက်သွယ်ပြီးနောက် ၁၉၉၅ နွေရာသီတွင် သူကိုယ်တိုင် ကျနော်ကျောင်းတက်နေသော Uppsala မြို့သို့ရောက်ရှိလာပြီး ရှေ့ဆက်နိုင်ငံရေးဘာလုပ်ကြမလဲ ဆိုတာကိုဆွေးနွေးဖြစ်ကြပါသည်။ ထိုစဉ်က ဒေါက်တာ စိန်ဝင်းဦးဆောင်သော “ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ” (NCGUB) ၏ ဝန်ကြီးများအစည်းအဝေးနှင့် ၁၉၉၀ ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော ပြည်သူ့လွှတ်တော်အမတ်များ၏ ပထမဦးဆုံးအစည်းအဝေးကို ဆရာဟန်က ကမကထလုပ်၍ ဆွီဒင်နိုင်ငံတွင် ကူညီကျင်းပပေးခဲ့ပါသည်။ ထိုအစည်းအဝေးသို့ နှစ်ဦးစလုံးသွားရောက်ကူညီခဲ့ပါသည်။ ထိုမှတဆင့် ၁၉၉၈ တွင် ဆရာဟန်၏ ရံပုံငွေရှာဖွေပံ့ပိုးမှုဖြင့် ပထမဦးဆုံးနိုင်ငံတကာရောက် ချင်းအမျိုးသားများ၏ နှီးနှောဖလှယ်ပွဲ (The First International Chin Seminar) ကို ကနေဒါနိုင်ငံ အော်တဝါးမြို့၌ ကျနော်ကိုယ်တိုင်ကမကထပြု၍ ဦးဆောင်ကျင်းပခဲ့ပြီး၊ ချင်းအမျိုးသားတပ်ဦး (CNF) ဦးဆောင်မှုဖြင့် ချင်းအမျိုးသားများ၏ နိုင်ငံရေးစုရပ်ဖြစ်သော Chin Forum ကိုပါ ဖွဲ့စည်းထူထောင်နိုင်ခဲ့ပါသည်။

ကျနော်တို့ခေါ်ယူကျင်းပခဲ့သော Chin Seminar မစခင် သုံးလေးရက်စော၍ Canadian Friends of Burma မှခေါ်ယူကျင်းပသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံရေးနှီးနှောဖလှယ်ပွဲ (Burma Seminar) တရက်ကို အော်တဝါးမြို့၌ တိုက်တိုက်ဆိုင်ဆိုင်ကျင်းပခဲ့ပါသည်။ ထို့ကြောင့် Burma Seminar သို့တက်ရောက်လာကြသော ပြည်ပရောက်နိုင်ငံရေးခေါင်းဆောင်တော်တော်များများနှင့် တွေ့ဆုံရင်းနှီးခွင့် ရရှိခဲ့ပါသည်။ ထိုပွဲ၌ပင် အန်ကယ်ယူဂျင်းနှင့် ပထမဦးဆုံးတွေ့ဆုံရင်းနှီးခွင့်ရခဲ့ပါသည်။ အစည်းအဝေးအပြီး ညနေခင်းတခုတွင် အန်ကယ်ယူဂျင်းနှင့် ကျနော် အချင်းချင်း မိတ်ဆက်ရင်း တထိုင်တည်း၌ သုံးနာရီကြာမျှ စကားပြောဖြစ်ခဲ့ကြသည်။ နောက်တနေ့မနက်အစောကြီး ကျနော်တည်းခိုသည့် ဟိုတယ်သို့ရောက်လာပြီး တမနက်လုံး — မနက်စာစားသည့်စားပွဲတွင် နေလည်စာထိုင်မှာစားသည့်အချိန်အထိ — စကားပြောဖြစ်ကြပါသည်။ နောက် ၁၉၉၉ ခုနှစ် မေလတွင် Uncle Eugene, Harn, Jack တို့နှင့်အတူ ထိုင်းမြန်မာနယ်စပ်သို့ ခရီးအတူသွားဖြစ်ခဲ့ကြပါသည်။ ဘန်ကောက်မြို့တွင် အချင်းချင်းဆုံကြပြီး မဲဆောက်မြို့သို့ အတူတူခရီးဆက်ခဲ့ကြပါသည်။ ကားပေါ်တွင် အန်ကယ်ယူဂျင်းနှင့် ကျနော် တလမ်းလုံး နိုင်ငံရေးဆက်လက်ဆွေးနွေး ငြင်းခုံခဲ့ကြပါသည်။ အမှန်တော့ အော်တဝါးမြို့တွင် ဆုံဆည်းခဲ့စဉ်က ငြင်းခုံရင်း မပြီးပြတ်သေးသည့် နိုင်ငံရေးဆိုင်ရာသမိုင်းကြောင်းတခုကို ဆက်လက်ငြင်းခုံခြင်း ဖြစ်ပါသည်။ ထိုခရီးစဉ်တွင် “အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်” (National Reconciliation Program- NRP) ကို ကျနော်တို့ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ် (NRP) တွင် ကျနော်ပါဝင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သက္ကရာဇ် ၂၀၀၀ ကုန်ခါနီးအထိ တော်လှန်ရေးပြန်လုပ်ရန် ယတိပြတ်ဆုံးဖြတ်ချက် မချနိုင်သေးပေ။ ထို့ကြောင့် အန်ကယ်ယူဂျင်းက ကျနော့်ထံအီးမေးလ်တစောင်ရေးပြီး သူ့တော်လှန်ရေးဘဝ အတွေ့အကြုံ၊ ပြီးတော့ သူထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် နေထိုင်ခဲ့စဉ်တုန်းက သူ့အသက်ကိုလုပ်ကြံရန် နှစ်ကြိမ်တိုင်တိုင်သေနတ်ပစ်ခံရဖူးရာမှ လွတ်မြောက်ခဲ့ပုံ၊ သို့သော် ယခုတော်လှန်ရေးကိုပြန်လုပ်ရန် သူ့မှာကြံစည်နေကြောင်း အစချီပြီး "တော်လှန်ရေးလုပ်တာ ဘဝနှင့်ရင်းပြီးလုပ်ရတာဖြစ်သည့်အတွက် မင်းကို ပြန်လုပ်ပါလို့ မတိုက်တွန်းလိုပါဘူး။ ဒါပေမယ့် မင်းလိုပညာတတ်လူငယ်တွေ မလုပ်ရင် ဘယ်သူကလာလုပ်မလဲ…" ဟုရေးခဲ့ပါသည်။ ထိုစာရပြီးများမကြာမီ တော်လှန်ရေးကိုအလုပ်အကျွေးပြုရန် ယတိဆုံးဖြတ်ချက်ချပြီး ထိုင်းမြန်မာနယ်စပ်သို့ ခရီးရှည်ပြန်လည်စတင်ခဲ့ပါသည်။

တော်လှန်ရေးထဲပြန်လာပြီးနောက်ပိုင်း အခြားနိုင်ငံရေးစာအုပ်အတော်များများကို ထုတ်ဝေဖြစ်ခဲ့သော်လည်း မိမိ၏စာတမ်းပေါင်းချုပ်ထုတ်ဝေရေးကို မစဉ်းစားမိတော့ပေ။ သို့သော် လွန်ခဲ့သောနှစ် (သက္ကရာဇ် ၂၀၀၇ ဖေဖော်ဝါရီလ) တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ခရီးသွားရင်း အလယ်တန်းကျောင်းသားဘဝက ကျနော့်ကိုစာသင်ပေးခဲ့သော ဆရာကြီးနှင့် ပြန်ဆုံမိပါသည်။ သူသည်ကျနော်၏ ငယ်ဆရာသာမက ဦးလေးတော်သူလည်းဖြစ်ပါသည်။ သူက "မင်းပါရဂူဘွဲ့ရပြီး ဘာလုပ်နေတာလဲ" ဟုမေးပါသည်။ ကျနော်က "သူပုန်လုပ်နေပါတယ်" ဟု ရိုးရိုးပင်ဖြေမိပါသည်။ အမှန်မှာ Activist ဆိုသောစကားကို လွယ်လွယ် ဘာသာပြန်မရသောကြောင့် ကျနော်သူပုန်လုပ်နေပါသည်ဟု ဖြေမိခြင်းဖြစ်ပါသည်။ "ကျနော်သူပုန်လုပ်နေပေမယ့် သေနတ်တော့မကိုင်ပါဘူး။ ကလောင်ဘဲကိုင်ပါတယ်" ဟု ဆက်ဖြေမိပါ သည်။ ပါရဂူဘွဲ့ရပြီး သူပုန်လုပ်နေသည်ဆိုတာကို သူနားမလည်နိုင်ပေ။ ထို့ကြောင့် "မင်းဘာရည်ရွယ်ချက်နဲ့ သူပုန်အလုပ်ကိုလုပ်နေတာလဲ" ဟုထပ်မေးပါသည်။ ထို မေးခွန်းကိုချက်ခြင်းဖြေ၍ မရပေ။ သို့သော် ထိုမေးခွန်းကိုများစွာစဉ်းစားမိပါသည်။ နောက်ဆုံး ကျနော်ရရှိသောအဖြေမှာ "ကျနော်ဒီအလုပ်ကိုလုပ်နေတာ ဒီစာအုပ်ထဲမှာရေးသားထားတဲ့ ခံယူချက်၊ ယုံကြည်ချက်၊ မျှော်လင့်ချက်တွေကြောင့် ဖြစ်ပါတယ်" ဟု သူ့ကိုပြန်ဖြေချင်လာမိသည်။ ထိုအဖြေကို ကျနော့်ဆွေမျိုးအပေါင်းအသင်းများနှင့် အမိချင်းပြည်သူများသာမက ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူတရပ်လုံးကိုလည်း တင်ပြအစီရင်ခံချင်စိတ်ဖြစ်ပေါ်လာ မိပါသည်။ ထို့ကြောင့် ဤစာအုပ်ကို မိမိကိုယ်တိုင်အစကတည်းက ပါဝင်ဦးဆောင်ခဲ့သော ရှစ်လေးလုံးအရေးတော်ပုံကြီး၏ အနှစ်နှစ်ဆယ်မြောက်အထိမ်းအမှတ်အဖြစ် ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို အကြမ်းအားဖြင့် အပိုင်းသုံးပိုင်းပိုင်းထားပါသည်။ ပထမပိုင်းတွင် ပြည်တွင်းကျောင်းသားနိုင်ငံရေးသမားဘဝဖြင့် ရေးသားပြုစုခဲ့သော စာတမ်းများ အနက် စုနိုင်သမျှကိုဤနေရာတွင် ပြန်လည်ဖော်ပြထားပါသည်။ (၁၉၉၈ တွင် ပြန်လည်စုဆောင်းတင်ပြရန် ပြင်ဆင်ခဲ့သောအပိုင်းဖြစ်ပါသည်)။ ဒုတိယပိုင်းတွင် ပြည်ပြေးဘဝဖြင့် ဆွီဒင်နိုင်ငံရှိ အုပ္စာလာ (Uppsala) တက္ကသိုလ်တွင်ပညာဆက် လက်သင်ကြားရင်း ရေးသားခဲ့သော နိုင်ငံရေးစာတမ်းများထဲမှ သင့်တော်မည်ထင် သည့် စာတမ်းတချို့ကို ပြန်လည်စုဆောင်းတင်ပြထားပါသည်။ တတိယပိုင်းတွင် တော်လှန်ရေးစခန်းသို့ ပြန်လာပြီးနောက် ရေးသားတင်ပြခဲ့သော စာတမ်းများပင် ဖြစ်ပါသည်။ ထိုကာလတွင် ရေးသားတင်ပြချက်များသည် ကျနော်ကိုယ်စားပြုသော အဖွဲ့အစည်းကိုယ်စားတင်ပြချက်များဖြစ်ကြောင်း ရိုးသားစွာဝန်ခံ လိုပါသည်။ သို့ရာ တွင် အဖွဲ့အစည်းကို ကိုယ်စားပြုပြီးထုတ်ဝေခဲ့စဉ်က အဖွဲ့အစည်း၏ ပေါ်လစီနှင့် အာဘော်အတိုင်း တာဝန်ရှိပုဂ္ဂိုလ်များ၏ တည်းဖြတ်ခြင်း အမြဲခံခဲ့ပါသည်။ ဤ စာအုပ်တွင်မူ အဖွဲ့အစည်း၏အာဘော်အတိုင်းမဟုတ်ပဲ မိမိ၏မူရင်းစာသား အတိုင်း ပြန်လည်ဖော်ပြပါသည်။

ဤစာအုပ်ကို အပိုင်းသုံးပိုင်းပိုင်း၍ တင်ပြရသော်လည်း စာအုပ်ပါ အကြောင်း အရာအားလုံးကို ခြုံ၍ဖော်ပြရပါက "ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြ ဌာန်းခွင့်ရရှိရေး" တို့ကိုအာမခံချက်ပေးနိုင်မည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင် စုစနစ်တည်ဆောက်ရေးအတွက် အနှစ်နှစ်ဆယ်လုံးလုံး တစိုက်မတ်မတ်တင်ပြ တောင်းဆိုထားသည့် တိုက်ပွဲဝင်စာတမ်းများနှင့် မိန့်ခွန်းများသာဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှကူညီပေးသော မိတ်ဆွေ အပေါင်းအသင်းများကိုသော်လည်းကောင်း၊ UNLD, ENC နှင့် NRP တို့မှ လုပ် ဖော်ကိုင်ဖက်များကိုသော်လည်းကောင်း၊ စာအုပ်မျက်နှာဖုံးဒီဇိုင်းလုပ်ပေးသော သူငယ်ချင်း ပန်းချီ ကိုမျိုးမြင့် ကိုသော်လည်းကောင်း ကျေးဇူးတင်ကြောင်းဖော်ပြ အပ်ပါသည်။ အထူးသဖြင့် စာမူများအားလုံးကို စာစီစာရိုက်ပြီး စာအုပ်တခုလုံး အပြင်အဆင် မွမ်းမံပေးရုံသာမက နယ်စပ်တော်လှန်ရေးကာလတလျှောက်လုံး ရဲဘော်ရဲဖက်ညီရင်းအစ်ကိုလို လက်တွဲလုပ်ဆောင်ခဲ့သော စိုင်းမော် (န်) ကို ကျေးဇူး အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဆလိုင်း လျန်မှုန်း ဆာခေါင်း**

(Lian H. Sakhong)
Chiang Mai, Thailand
7 May 2008

# ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာစာ

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ အနှစ်နှစ်ဆယ် အထိမ်းအမှတ်အဖြစ် ဤစာအုပ်ကို သက္ကရာဇ် ၂၀၀၈ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ စာဖတ်ပရိတ်သတ်များ၏ တောင်းဆိုချက်အရ ယခုလို ဒုတိယအကြိမ်ပြန်လည် ထုတ်ဝေပုံနှိပ်ခွင့် ရရှိသောကြောင့် ဝမ်းသာဂုဏ်ယူမိပါသည်။

ဤစာအုပ်သည် အနှစ်နှစ်ဆယ်ကာလအတွင်း မိမိရေးသားဟောပြောချက်များကို သက္ကရာဇ်အစဉ်အလိုက် တင်ပြခြင်းဖြစ်ပါသဖြင့် မိမိ၏ နိုင်ငံရေးအမြင် တိုးတက်ပြောင်းလဲခြင်းများကို သီးခြားဖော်ပြခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေပြီး တချို့စာဖတ်ပရိတ်သတ်များက "မင်းတို့ တင်ပြတောင်းဆိုတဲ့ စစ်မှန်သော ပြည်ထောင်စုစနစ်ကိုတော့ ငါတို့လက်ခံအားပေးပါတယ်။ ဒါပေမဲ့ လူမျိုးကို အခြေခံတဲ့ ပြည်နယ်များနဲ့ ပြည်ထောင်စုကို ဖွဲ့စည်းရမယ်ဆိုပြီး၊ ရှစ်ပြည်နယ် "မူ" ကို တောင်းဆိုတာကျတော့ လက်တွေ့ကျသေးရဲ့လား" ဟု မေးခွန်းတွေ မေးလာခဲ့ကြပါသည်။

ပင်လုံစိတ်ဓါတ်ကို အခြေခံ၍ စစ်မှန်သောပြည်ထောင်စုကြီးကို အသစ်ပြန်လည်တည်ထောင်ရာ၌ လူမျိုးကိုအခြေခံသော ပြည်နယ်များဖြင့် ပြည်ထောင်စုကြီးကို ပြန်လည်ဖွဲ့စည်းရမည် ဟူသော "မူ" သည် ပြည်တွင်းနိုင်ငံရေးလောကတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒနှင့် ပေါ်လစီအဖြစ် ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် နယ်စပ်ဒေသတွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းပြီး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး ပြန်လည်ထူထောင်နိုင်ရေးအတွက် "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ" ကို ချမှတ်အတည်ပြုခဲ့စဉ်ကသော်ငြင်း၊ ထို အခြေခံလမ်းညွှန်မူ (၈) ရပ်ကို ပြန်လည်အခြေခံပြီး "ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲခဲ့စဉ်ကသော်ငြင်း ရှစ်ပြည်နယ် အခြေခံ "မူ" ကို ပြောင်းလဲပြင်ဆင်ခဲ့ပါသည်။

အကြောင်းမှာ — ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အားလုံးကို လေ့လာသုံးသပ်ကြည့်သောအခါ ပြည်နယ်အားလုံးနီးပါးတွင် လူမျိုးပေါင်းစုံရောနှောနေထိုင်ကြကြောင်းကို တွေ့ရမည် ဖြစ်ပါသည်။ လူမျိုးတမျိုးတည်းသာ ရှိသည်ဆိုသော (ethnically the most homogenous state) ဟု ခေါ်ဆိုနိုင်သော ချင်းပြည်တွင်

ပင်လျှင် တချို့ ရခိုင်လူမျိုးများ ပလက်ဝမြို့နယ်တွင် ရောနှောနေထိုင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးတမျိုးတည်းကို အခြေခံ၍ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းရန် မလွယ်ကူလှပေ။

ထို့ကြောင့် လက်တွေ့အခြေအနေနှင့်တကွ တိုင်းပြည်၏ နိုင်ငံရေးလိုအပ်ချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် သမိုင်းကြောင်းအရ ဖွဲ့စည်းထားသော လူမျိုးကို အခြေခံသည့် "အမျိုးသားပြည်နယ်" များနှင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော "အမျိုးသားများပြည်နယ်" များ ဟူသော အခြေခံမှု (၂) ရပ်ဖြင့် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းသွားရန် "ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ" (Federal Constitution Drafting and Coordinating Committee - FCDCC) က ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

FCDCC မှ ချမှတ်ခဲ့သော "မူ" အရ၊ သမိုင်းကြောင်းအရ ဖွဲ့စည်းထားပြီး ဖြစ်သော အမျိုးသားပြည်နယ်များ အပြင် လူမျိုးပေါင်းစုံရောနှောနေထိုင်နေသော "အမျိုးသားများပြည်နယ်" များကိုလည်း အသစ်ဖွဲ့စည်းတူထောင်သွားရပေမည်။ ဥပမာ — ဧရာဝတီတိုင်းကို ပြည်နယ်အဖြစ် ပြောင်းလဲဖွဲ့စည်းသောအခါ လူမျိုးတမျိုး၏ အမည်နာမကိုယူ၍ ဖွဲ့စည်းရန် မသင့်တော်ပေ။ ထိုဒေသတွင် ကရင်၊ မွန်နှင့် ဗမာလူမျိုးများ ရောနှောနေထိုင်နေပါသည်။ ထို့ကြောင့် အမျိုးသားများပြည်နယ်သာလျှင် ဖွဲ့စည်းရန် သင့်ပါသည်။ ထိုနည်းတူ အထက်ချင်းတွင်းပြည်နယ် ဖွဲ့စည်းမည်ဆိုပါက လူမျိုးတမျိုး၏ အမည်နာမကို သုံးစွဲ၍ ရမည်မဟုတ်ပေ။ အထက်ချင်းတွင်းဒေသတွင် ချင်းလူမျိုး၊ နာဂလူမျိုး၊ ခန္တီးရှမ်း၊ ကချင်နှင့် ဗမာလူမျိုးပေါင်းစုံရောနှောနေထိုင်ကြပါသည်။ ထို့ကြောင့် "အမျိုးသားများပြည်နယ်" သာလျှင် ဖွဲ့စည်းအပ်ပါသည်။

ယင်းသည် ပြည်တွင်းနိုင်ငံရေးသမားဘဝတွင် တင်ပြခဲ့သော မူဝါဒနှင့် ပေါ်လစီများအနက် အနည်းငယ်သောပြောင်းလဲမှုဖြစ်ကြောင်း တင်ပြလိုရပါသည်။ အနှစ်နှစ်ဆယ် နိုင်ငံရေးလှုပ်ရှားမှုကာလအတွင်း အခြေအနေအရ မူဝါဒ တချို့နှင့် လုပ်နည်းလုပ်ဟန် တချို့ ပြောင်းလဲခဲ့ပါသည်။ သို့သော် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ တိုင်းရင်းသားလူမျိုးများနိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေး တို့အပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံ လိုလားတောင့်တနေသော ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်းရေးတို့အတွက် မိမိ၏ ခံယူချက်၊ ယုံကြည်ချက်နှင့် မျှော်လင့် ချက်များ လုံးဝပြောင်းလဲခြင်း မရှိပါကြောင်း ထပ်မံတင်ပြလိုပါသည်။

မိမိတင်ပြရေးသားချက်များနှင့် နိုင်ငံရေးအမြင်သဘောထားများ ပြောင်းလဲခြင်း မရှိပါသော်လည်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့စဉ်ကပါရှိခဲ့သော သတ်ပုံအမှားများကို တတ်နိုင်သရွေ့ ပြင်ဆင်ပြီး၊ ဝါကျတချို့ကိုလည်း ချောမောပြေပြစ်စေရန် ပြင်ဆင်ရေးသားထားပါသည်။ မိမိသည် မြန်မာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုသုံးနှုန်းနေသူ မဟုတ်သောကြောင့် — မြန်မာစာအရေးအသားအားနည်းနေသည်ကိုတွေ့ရမည် ဖြစ်ပါသည်။ ကျွမ်းကျင်သူ တတ်သိပညာရှင်များ၏ အကူအညီကိုယူ၍ တည်းဖြတ်ထုတ်ဝေသင့်ပါသော်လည်း အခြေအနေအရ ထိုအကူအညီမျိုး မရနိုင်သေးပါ။ ထို့ကြောင့် မိမိ၏ နိုင်ငံရေးအမြင်နှင့် ခံယူချက်များကို မူရင်းစာသားအတိုင်းတင်ပြလိုက်ရပါသည်။ တောင်ပေါ်သားတယောက်၏ ချင်းသံဝဲဝဲ ဖြင့် ရေးသားတင်ပြချက်များကို နားလည်သဘောပေါက်အောင် ကြိုးစားပြီးဖတ်ရှုပေးပါရန်လည်း အထူးမေတ္တာရပ်ခံအပ်ပါသည်။

ပထမအကြိမ် ပုံနှိပ်ခြင်းနှင့် ဒုတိယအကြိမ်ပုံနှိပ်ခြင်း ကာလနှစ်ခုအကြားတွင် မိမိ၏ တာဝန်ယူထမ်းဆောင်ခဲ့သော ရာထူးအပြောင်းအလဲများ ရှိပါသည်။ ထို့ကြောင့် စာရေးသူ၏ ကိုယ်ရေးမှတ်တမ်းကို အတွင်းစာမျက်နှာတွင် ပြန်ထည့်သွင်းထားပါသည်။ သို့သော် နောက်ကျောဖုံးတွင် ပါရှိသော ကိုယ်ရေးမှတ်တမ်းအကျဉ်းမှာ ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့်အတိုင်း ပြန်လည်ပုံနှိပ်ထားခြင်း ဖြစ်ပါသည်။

လေးစားစွာဖြင့်

**ဆလိုင်း လျန်မှုန်း**

ထိုင်း မြန်မာ နယ်စပ်တနေရာ<br>
သက္ကရာဇ် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်

## တတိယအကြိမ်ပုံနှိပ်ခြင်းအတွက် အမှာစာ

ဤစာအုပ်ကို တိုတောင်းသော အချိန်ကာလအတွင်း တတိယအကြိမ် ပုံနှိပ်ခွင့် ရရှိသောကြောင့် ဝမ်းသာဂုဏ်ယူမိပါသည်။ ပထမနှင့် ဒုတိယအကြိမ်ကို ထိုင်းနိုင်ငံတွင် ပုံနှိပ်ခဲ့ပြီး၊ ထိုင်း–မြန်မာနယ်စပ်နှင့် အိန္ဒိယ–မြန်မာနယ်စပ်ရှိ တော်လှန်ရေးစခန်း အသီးသီးသို့ ဖြန့်ချီခဲ့ပါသည်။ သို့သော် နိုင်ငံတကာတွင်ရောက်ရှိနေသော ချင်းအမျိုးသားများနှင့် အခြားတိုင်းရင်းသားညီနောင်များထံသို့ ကျယ်ပြန့်စွာ ဖြန့်ချီနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် မလေးရှားတွင် ရောက်ရှိနေသော ချင်းအမျိုးသားများနှင့် အခြားညီနောင် တိုင်းရင်းသားလူမျိုးများကို ရည်စူး၍ ကွာလာလမ်ပူမြို့တွင် တတိယအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

တတိယအကြိမ်ပုံနှိပ်ထုတ်ဝေခြင်းနှင့်အတူ စာဖတ်သူထံတင်ပြလိုသော အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ — ဤစာအုပ်တွင် ဖော်ပြထားသော "မိန့်ခွန်း" များ နှင့် "စာတမ်း" များ "မူကွဲ" သည့်ကိစ္စဖြစ်၍၊ အခြားတခုမှာ မိမိ၏ နိုင်ငံရေး တိုးတက်ပြောင်းလဲချက်အပေါ် နိုင်ငံရေးအမြင်တင်ပြချက် ထပ်တူမညီသည့် ကိစ္စဖြစ်ပါသည်။

ဒုတိယအကြိမ်ပုံနှိပ်ပြီး မကြာခင် အိန္ဒိယနယ်စပ်သို့ ခရီးသွားခဲ့ပါသည်။ ထိုခရီးစဉ်တွင် ၁၉၈၈ မှ ၁၉၉၀ ကာလတွင် လက်တွဲခဲ့သော ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရဲဘော်ရဲဘက်တဦးနှင့် ပြန်လည်တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။ သူ့ထံမှ ချင်းအဖွဲ့ချုပ်၏ စာစောင် အမှတ် (၁) မှ အမှတ် (၅) အထိ ပြန်လည်စုဆောင်းခွင့် ရရှိခဲ့ပါသည်။ ထိုစာစောင်များတွင် ယခုစာအုပ်တွင် ဖော်ပြထားသော "ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ" နှင့် "စစ်မှန်သော ပြည်ထောင်စုစနစ်နှင့် တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်" မိန့်ခွန်းများဖော်ပြထားသည်ကို တွေ့ရှိ၍ ဝမ်းသာမိပါသည်

ချင်းအဖွဲ့ချုပ် ပါတီစာစောင်ကို ဖတ်ပြီး ယခု စာအုပ်တွင် ဖော်ပြသော မိန့်ခွန်းများမှာ အနည်းငယ် ကွဲလွဲနေကြောင်း သတိထား မိပါသည်။ ပထမ မိန့်ခွန်းမှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါက်တာ စောမြအောင် နေအိမ်တွင်ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးစုံ နိုင်ငံရေးပါတီများ နှီးနှောဖလှယ်ပွဲတွင် တင်ပြဆွေးနွေးချက် ဖြစ်ပါသည်။ ထို နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးချက်အားလုံးကို ကက်ဆက်ဖြင့် အသံဖမ်းထားပါသည်။ ထိုသို့ အသံဖမ်းထားသော ဆွေးနွေးချက်ကို စာစီပြန်ရိုက်၍

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) အဖွဲ့ဝင်များ အတွင်း အချင်းချင်းပြန်ဝေခဲ့ပါသည်။ ဤစာအုပ် ပထမနှင့် ဒုတိယအကြိမ် ပုံနှိပ်ခြင်း များတွင် (UNLD) တွင် ဖြန့်ဝေခဲ့သော မူအတိုင်းဖြစ်သည်ဟု ယူဆမိပါသည်။ သို့သော် ချင်းအဖွဲ့ချုပ်၏ ပါတီစာစောင် အမှတ် (၁) တွင် ပြန်လည်ပုံနှိပ်ဖော်ပြချက် သည် လိုရင်းအားလုံးတူသော်လည်း အချို့နေရာတွင် အထားအသို အနည်းငယ် ကွဲလွဲနေသည်ကို သတိပြုမိပါသည်။ ချင်းအဖွဲ့ချုပ်စာစောင်တွင် မိမိ၏ မူရင်းလက်ရေး အတိုင်း ဖော်ပြခဲ့၍လား၊ သို့တည်းမဟုတ် ဆွေးနွေးပြီးမှ ပြင်ဆင်အချောသပ် ပြန် ရေးခဲ့သလား မမှတ်မိတော့ပါ။ (အမှန်စင်စစ် ချင်းအဖွဲ့ချုပ် ပါတီစာစောင် မိမိကိုယ် တိုင် ဦးဆောင်ထုတ်ဝေခဲ့သည်ကိုပင် သတိမထားမိတော့ပေ)။ ထို့ကြောင့် ယခု တတိယအကြိမ်တွင် ချင်းအဖွဲ့ချုပ် ပါတီစာစောင်အတိုင်း ပြန်လည်ဖော်ပြအပ်ပါ သည်။

မြန်မာ့အသံမှ အသံလွှင့်ဟောပြောခဲ့သော "စစ်မှန်သော ပြည်ထောင်စုစနစ် နှင့် ချင်းအမျိုးသားများလိုလားချက်" ဟူသော မိန့်ခွန်းသည်လည်း ထိုအတိုင်းပင် ဖြစ်ပါသည်။ မိန့်ခွန်းကို အသံလွှင့်ဟောပြောခြင်း မပြုခင် UNLD အဖွဲ့ဝင်များ ဝေဖန်သုံးသပ်ရန် လက်ရေးမူကို လက်နှိပ်စက်ဖြင့် ရိုက်ပြီး ဖြန့်ဝေခဲ့ပါသည်။ သို့သော် အသံလွှင့်ချိန် (၁၅) မိနစ်မျှသာ ရရှိ၍ အများကြီး ဖြတ်တောက်ခံရပါသည်။ ထို မိန့်ခွန်းကို အခြေခံ၍ မိမိတင်ပြချင်သော အချက်အလက်များ ပြည်သူလူထုထံ ကျယ်ပြန့်စွာ ဖြန့်ချိနိုင်ရေးအတွက် ချင်းအဖွဲ့ချုပ် ပါတီစာစောင်တွင် ရှင်းလင်းချက် နှင့်တကွ ထပ်မံဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ပါတီစာစောင်တွင် ဖော်ပြခဲ့သော မိန့်ခွန်းနှင့် တကယ်အသံလွှင့်ဟောပြောခဲ့သော မိန့်ခွန်းများ မတူညီခဲ့ကြပေ။ ထို့ပြင် UNLD တွင် ဖြန့်ဝေခဲ့သော မူရင်းနှင့် ချင်းအဖွဲ့ချုပ် ပါတီစာစောင်တွင် ဖော်ပြ ခဲ့သော မိန့်ခွန်းမှာလည်း တင်ပြပုံ တင်ပြမှု အနည်းငယ်ကွဲပြားခဲ့သည်ကို တွေ့ရှိရ ပြန်ပါသည်။ ထို့ကြောင့် ယခု တတိယအကြိမ်တွင် ချင်းအဖွဲ့ချုပ် ပါတီစာစောင်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြင်ဆင်ဖြည့်စွက်၍ ဤ တတိယအကြိမ်ပုံနှိပ်ခြင်းတွင် ပြန် လည်ဖော်ပြအပ်ပါသည်။

ဒုတိယအချက်အဖြစ် တင်ပြချင်သောအချက်မှာ — မိမိ၏ နိုင်ငံရေးတိုးတက် ပြောင်းလဲမှုအပေါ် တင်ပြပုံတင်ပြနည်း မတူညီသည့် ကိစ္စဖြစ်ပါသည်။ အထူးသဖြင့် သက္ကရာဇ် ၁၉၉၀ မှ ၂၀၀၀ ပြည့်အထိ ပြည်ပြေးဘဝဖြင့် ရေးသားပြုစုခဲ့သော

စာတမ်းတွင် "၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ" ကို ပြန်လည်အသက်သွင်းပြီး ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့်အတူ အတည်ပြုကျင့်သုံးသင့်သည်ဟု ဖော်ပြခဲ့ပါသည်။ ထိုသို့ ပြင်ဆင်ချက်များနှင့် တကွ ပြန်လည်အတည်ပြုပြဋ္ဌာန်းရာတွင် အခြေခံရမည့် "မူ" များကိုလည်း တင်ပြခဲ့ပါသည်။ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်အသက်သွင်းရန် တင်ပြခဲ့ရခြင်း၏ ရည်ရွယ်ချက်မှာ — ထို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှု (Legitimacy ရှိမှု) ကို အခြေခံပါက မိမိတို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ တရားဝင်မှု ပိုမိုခိုင်မြဲ၍ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ဖြင့် ဖွဲ့စည်းထားသော အမျိုးသားညွန့်ပေါင်းအစိုးရကိုလည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် တကွ နိုင်ငံတကာမှ လက်ခံအသိအမှတ်ပြုရာတွင် ပို၍ အထောက်အကူရရှိနိုင်သည်ဟု ယူဆထားသောကြောင့် ဖြစ်ပါသည်။ (ထိုစဉ်က နဝတစစ်အစိုးရကို UN မှ ဖယ်ရှားရန် ကြိုးပမ်းသော UN-unseat လှုပ်ရှားမှု လုပ်ဆောင်သည့် ကာလလည်း ဖြစ်ပါသည်)။

ထိုသို့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်အသက်သွင်းရေးကို တဖက်မှ တင်ပြခဲ့သော်လည်း အခြားတဖက်တွင် ထို ဖွဲ့စည်းပုံ အခြေခံဥပဒေ အားနည်းချက်များကို ဖော်ထုတ်ပြီး၊ မည်သို့မည်ပုံပြန်လည်ပြင်ဆင်ရေးသား ပြဋ္ဌာန်းသင့်ကြောင်းကိုတင်ပြခဲ့ပါသည်။ မိမိအနေဖြင့် အဓိကထား တင်ပြလို သောအချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို မည်သို့မည်ပုံ အတည် ပြုပြဋ္ဌာန်း ရမည်ဟူသော "နည်းလမ်း" မဟုတ်ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်တွင် ပါသင့်ပါထိုက်သော အခြေခံမူများကိုသာ ဦးစားပေးတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းသည်ဖြစ်စေ၊ အသစ်စက်စက်ကို ရေးဆွဲပြဋ္ဌာန်းသည်ဖြစ်စေ၊ မိမိတို့လိုလားသောအချက်မှာ ဒီမိုကရေစီရေး၊ တန်းတူညီမျှရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးသည်သာဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပုံပြဋ္ဌာန်းနည်းထက် မိမိတို့ လိုလားသော နိုင်ငံရေး စနစ်ကို အာမခံချက်ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး သာလျှင် အဓိကကျသည်ဟု ယူဆခဲ့သောကြောင့် ဖြစ်ပါသည်။ (အမှန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရေးဖြစ်စဉ် (Process) အရေးကြီးသလို

ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့ကို အာမခံချက်ပေးနိုင်သည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး ဟူသော "ရလာဒ်" သည်လည်း အလွန်အရေးကြီးပါသည်)။

မိမိတို့ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ အဓိကပန်းတိုင်ဖြစ်သည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင် စုစနစ် တည်ဆောက်ရေး အတွက် မိမိခံယူချက်နှင့် တင်ပြချက်များ နည်းနည်းမျှ အပြောင်းအလဲမရှိပေ။ သို့ရာတွင် နိုင်ငံရေးတိုက်ပွဲ တရပ်ကို ဆင်နွှဲရာ၌ ကျင့်သုံးမည့် မဟာဗျူဟာနှင့် နည်းဗျူဟာများမှာ အခြေအနေနှင့် အချိန်အခါအရ ပြောင်းလဲပြင်ဆင်သင့်က ပြောင်းလဲပြင်ဆင်ရမည်သာ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

**ဆလိုင်း လျန်မှုန်း**

ထိုင်းမြန်မာနယ်စပ်တနေရာ

သက္ကရာဇ် ၂၀၁၀ ခုနှစ် ဧပြီလ (၅) ရက်

# စာရေးသူ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်း

ဒေါက်တာ ဆလိုင်း လျန်မှုန်းဆာခေါင်း (Dr. Lian H. Sakhong) သည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ) နှင့် ချင်းအမျိုးသားကောင်စီတို့၏ ဥက္ကဌတာဝန်များသာမက၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ ဒုဥက္ကဌနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ အထွေထွေအတွင်းရေးမှူး တာဝန်များကိုပါ ထမ်းဆောင်နေပါသည်။

၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် စတင်ဖြစ်ပွားကတည်းက ထဲထဲနှစ်နှစ်ပါဝင်ခဲ့ပြီး စစ်အစိုးရ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို သုံးကြိမ်တိုင်တိုင် ခံခဲ့ရပါသည်။ အရေးတော်ပုံကာလတွင် ဖွဲ့စည်းထားသော ချင်းအမျိုးသားသမဂ္ဂ (Chin National Union) ၏ အထွေထွေအတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ပြီး၊ ချင်းလူမျိုးများ၏ ဦးဆောင်နိုင်ငံရေးပါတီဖြစ်သော ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကွယ်လွန်သူ ဆလိုင်းရမ်လိန်မှုန်း နှင့်အတူ ဖွဲ့စည်းတူထောင် ခဲ့ကြသည်။ ၁၉၈၈ – ၁၉၉၀ အကြား ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုဥက္ကဌနှင့် အထွေထွေအတွင်းရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်သာမက တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ အတွင်းရေးမှူးနှင့် မူဝါဒရေးရာ တာဝန်ခံအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၀ ဒီဇင်ဘာလတွင် နဝတစစ်အစိုးရက သူ့ကိုဖမ်းဆီးရန် ဝရမ်းထုတ်သောကြောင့် နယ်စပ်ဒေသသို့ အချိန်မီထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ၁၉၉၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့်ရရှိခဲ့ပြီး၊ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အထိ ထိုနိုင်ငံတွင် ပညာဆက်လက်ဆည်းပူးခဲ့ပါသည်။ သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် ထိုင်း–မြန်မာနယ်စပ်နှင့် အိန္ဒိယ–မြန်မာနယ်စပ်ထံသို့ ပြန်လာခဲ့ပြီး ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ယနေ့တိုင်ပါဝင်လုပ်ဆောင်လျက် ရှိနေပါသည်။

သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Ethnic Nationalities Solidarity and Cooperation Committee - ENSCC) ဖွဲ့စည်းတူထောင်နိုင်ရေးအတွက် အဓိကအခန်းမှ ပါဝင်လှုပ်ရှားခဲ့ပြီး၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ထိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သက္ကရာဇ် ၂၀၀၄ တွင် ENSCC ကို တိုင်းရင်းသားလူမျိုးများကောင်စီ (Ethnic Nation-

alities Council) အဖြစ် ပြောင်းလဲဖွဲ့စည်းသောအခါ ယင်း ကောင်စီ၏ အထွေထွေအတွင်းရေးမှူး အဖြစ် သက္ကရာဇ် ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သူသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ (မူကြမ်း) ရေးဆွဲရေး လုပ်ငန်းစဉ်များကို ကွယ်လွန်သူ Dr.. Chao Tzang Yawnghwe နှင့် ကမကထပြု ဦးဆောင်ခဲ့ပြီး ထိုလုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် ဖွဲ့စည်းခဲ့သော (Supporting Committee for State Consituation - SCSC) ၏ အတွင်းရေးမှူး တာဝန်ကို သက္ကရာဇ် ၂၀၀၆ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ပူးပေါင်းဖွဲ့စည်းထားသော "ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ" (Federal Constitution Drafting and Coordination Committee) ၏ အတွင်းရေးမှူး တာဝန်ကိုလည်း ပူးတွဲထမ်းဆောင်ခဲ့ပါသည်။

ဆလိုင်း လျန်မှုန်း သည် ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနမှ ဝိဇ္ဇာ ဂုဏ်ထူး (B.A Hons) ကို ၁၉၈၂ ခုနှစ်တွင်၎င်း၊ မဟာဝိဇ္ဇာဘွဲ့ (M.A) ကို ၁၉၈၅ ခုနှစ်တွင်၎င်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ်မှ ဘွဲ့လွန်ဓမ္မပညာဘွဲ့ (B.D) ကို ၁၉၈၈ ခုနှစ်တွင်၎င်း၊ ဆွီဒင်နိုင်ငံရှိ Uppsala University မှ ပါရဂူဘွဲ့ (Ph.D) ကို ၂၀၀၀ ခုနှစ်တွင်၎င်း ဆွတ်ခူးရရှိခဲ့ပါသည်။ မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့ များအတွက် ပြုစုခဲ့သော ကျမ်းများအပြင်၊ ချင်းသမိုင်း၊ စာပေယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ စာတမ်းများစွာကို ပြုစုရေးသားခဲ့ပါသည်။

သူပြုစုရေးသားခဲ့သော In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma စာအုပ်ကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့၌ Nordic Institute of Asian Studies မှ ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအရေးနှင့် သက်ဆိုင်သည့် နိုင်ငံရေးစာအုပ်များကို "Peaceful Co-existence: Towards Federal Union of Burma" "ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့" ဟူသော ခေါင်းစဉ်အောက်တွင် ဆယ်အုပ်ကျော် တည်းဖြတ်ထုတ်ဝေခဲ့ပါသည်။

Dr. Lian H. Sakhong သည် ၂၀၀၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ "မာတင်လူသားကင် ငြိမ်းချမ်းရေးဆု" (Martin Luther King Prize) ချီးမြှင့်ခြင်း ခံခဲ့ရသည်။

အခန်း (၁)

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ

[ ၁၉၈၈ ဒီဇင်ဘာလ (၁၁) ရက်တွင် ကျင်းပခဲ့သော
တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲ၌
တင်ပြပြီး၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီစာစောင် အမှတ်
(၁) တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် မိန့်ခွန်း ]

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ

ကျနော် “ဆလိုင်းလျန်မှုန်း” ပါ။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒု– ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ခုလို တိုင်းရင်းသားလူမျိုးစုပါတီပေါင်းစုံ တတိယအကြိမ်စည်းဝေးပွဲမှာ ချင်းအဖွဲ့ချုပ်ကိုယ်စား ဆွေးနွေးတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။

ကယားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ် တင်ပြသွားသလို ကျနော်တို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံ ဒုတိယအကြိမ်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေခြင်း ဖြစ်ပါတယ်။ ဒီတိုက်ပွဲမှာ နည်းလမ်းများစွာ ရှိပါတယ်။ နည်းလမ်းများစွာ ရှိတဲ့အနက် ကျနော်တို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းတဲ့နည်းလမ်းကို ရွေးချယ်ကြတာ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းဖို့ ပါတီတွေ ထောင်ပြီး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် လူမှုတော်လှန်ရေးကြီးကို ဆင်နွှဲနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျနော်တို့ ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးဟာ သာမန်နိုင်ငံရေးဆန္ဒပြပွဲ တခုမဟုတ်ဘူး။ ကျနော်တို့ ကျောင်းသားတွေစတင်ဦးဆောင်ခဲ့တာ မှန်ပေမဲ့ — ကျောင်းသားအရေးသက်သက်မဟုတ်ဘူး။ လူတန်းစားတရပ်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုလည်း မဟုတ်ဘူး။ လူမျိုးတမျိုးတည်းရဲ့ အရေးကိစ္စလည်း မဟုတ်ဘူး။ ပြည်ထောင်စုတဝှမ်းလုံးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ အရေးဖြစ်တယ်။ ပြည်ထောင်စုထဲမှာရှိတဲ့ လူတန်းစားအလွှာအသီးသီးရဲ့ အရေးကိစ္စလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီတိုက်ပွဲကို ပြည်ထောင်စုတခုလုံးကို လွှမ်းခြုံပြီး တိုက်ပွဲဝင်သွားဖို့လိုပါတယ်။

ဒီလို ပြည်ထောင်စုအတိုင်းအတာနဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို ဆင်နွှဲတဲ့အခါမှာ — ကျနော်တို့အားလုံး မလွှဲမသွေရင်ဆိုင်ရမယ့် ပြဿနာ နှစ်ခုရှိပါတယ်။ ဘာ ပြဿနာလဲဆိုတော့ “ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ” တို့ပဲ ဖြစ်ပါတယ်။ “ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ” ဟာ ယနေ့ကျနော်တို့ တိုင်းပြည်မှာ ရင်ဆိုင်နေရဲ့တဲ့ နိုင်ငံရေးပြဿနာအားလုံးရဲ့ အရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။ လူမျိုးစုပြဿနာကို မဖြေရှင်းနိုင်ရင် ပြည်တွင်းငြိမ်းချမ်းရေးလည်း မရှိနိုင်ဘူး။ ပြည်တွင်းငြိမ်းချမ်းရေးမရှိရင် ဒီမိုကရေစီစနစ်လည်း မထွန်းကားနိုင်ဘူး။ ဒီမိုကရေစီမရှိရင် အာဏာရှင်စနစ်ပဲ ပြန်လည်ထွန်းကားလာပါလိမ့်မယ်။

အမှန်မှာတော့ — ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာကို အကြောင်းပြုပြီး စစ်အာဏာရှင်စနစ်ဆိုတာ ကြီးထွားခဲ့တာပဲ။ စစ်အာဏာရှင်စနစ်နဲ့ တပါတီအာဏာရှင်စနစ်တို့ကြောင့် ဒီမိုကရေစီ ဆိတ်သုန်းသွားခဲ့တယ်။ ဒါကြောင့် ဒီပြဿနာ

ကို ကိုင်တွယ်ဖြေရှင်းချင်ရင် အဲ့ဒီပြဿနာရဲ့ အရင်းအမြစ်ကို သိဖို့လိုအပ်ပါတယ်။ ပြဿနာရဲ့ နောက်ခံသမိုင်းကိုလည်း အသေအချာ နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။

ကျနော်တို့တိုင်းပြည်မှာ ဘာဖြစ်လို့ လူမျိုးစုပြဿနာနဲ့ ရင်ဆိုင်နေရသလဲ။ ဘာဖြစ်လို့ ပြည်တွင်းစစ်ကို ရင်ဆိုင်နေရသလဲ။ ဒီပြဿနာရဲ့ အရင်းအမြစ်ကို ပြန်လှန်ကြည့်ရင် ဘာတွေ့ရမလဲဆိုတော့ — ဒီတိုင်းပြည်ကြီးဟာ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ "ပင်လုံညီလာခံကြီး" မှာ မျှော်မှန်းခဲ့တဲ့ ပြည်ထောင်စု မဟုတ်သေးဘူး — ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

တနည်းအားဖြင့်ပြောရရင် — ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ပင်လုံ စာချုပ်ချုပ်ခဲ့တုန်းက မျှော်မှန်းခဲ့တဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို ကျနော်တို့ မတည်ဆောက်နိုင်သေးဘူး။ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးတန်းတူခွင့်၊ အမျိုး သားရေးတန်းတူခွင့်နဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်တဲ့ ပြည်ထောင် စုစနစ်မျိုးကို ကျနော်တို့မတည်ဆောက်နိုင်သေးဘူး။ ဒါဟာ ကျနော်တို့တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ အကြီးလေးဆုံး နိုင်ငံရေးပြဿနာပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုတရပ်လုံး အတွက် လူသားတဦးချင်းစီရဲ့ အခွင့်အရေးကိုလည်းကောင်း၊ လူမျိုးတမျိုးချင်းစီ အလိုက် ရရှိခံစားထိုက်တဲ့ အခွင့်အရေးကိုလည်းကောင်း၊ အာမခံချက်ပေးနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပြဌာန်းနိုင်ခြင်း မရှိသေးဘူး။ လူဖြစ်ပါ လျှက်နဲ့ လူသားပီသစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျနော်တို့မှာ ဘာ အာမခံချက်မှ မရှိသေးဘူး။ လူသားတယောက်စီရဲ့ ဘဝကိုအာမခံချက် ပေးနိုင်တဲ့ နိုင်ငံရေးစနစ် မပြောနဲ့ လူမျိုးတမျိုးစီရဲ့ ဘဝအာမခံချက်ကိုပေးနိုင်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ တရပ်ကိုတောင် ကျနော်တို့တိုင်းပြည်မှာ မရေးဆွဲနိုင်သေးဘူး။ လူသားအချင်းချင်း တန်းတူညီမျှမှုကို အာမခံချက်ပေးပြီး၊ လူမျိုးတမျိုးနဲ့တမျိုး တန်းတူရည်တူ အခွင့်အရေး ပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ကျနော်တို့ မပြဌာန်းနိုင်သေးဘူး။

ဒါကြောင့် ရှင်းရှင်းပြောရရင် ကျနော်တို့ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပြဿနာ အားလုံးရဲ့ အရင်းအမြစ်ဟာ "စစ်မှန်သောပြည်ထောင်စုစနစ်" ကို မတည်ဆောက် နိုင်ခြင်းဆိုတဲ့ ပြည်ထောင်စုပြဿနာပဲ ဖြစ်ပါတယ်။ နာမည်အားဖြင့် "ပြည်ထောင် စု" ဆိုတဲ့ဝေါဟာရကို ကျနော်တို့ သုံးစွဲနေကြပေမဲ့ တကယ့်လက်တွေ့မှာ ပြည်ထောင်စုစနစ်ထက် တပြည်ထောင်စနစ် အလေးသာတဲ့ ဖားတပိုင်းငါးတပိုင်း စနစ်ထဲမှာ ကျနော်တို့ ဘဝစခဲ့ရပါတယ်။ ဘာဖြစ်လို့ ကျနော်တို့နိုင်ငံမှာ စစ်မှန် တဲ့ပြည်ထောင်စုစနစ်ကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ

ဥပဒေတရပ်ကို မရေးဆွဲနိုင် မပြဋ္ဌာန်း နိုင်ခဲ့တာလဲ။ သမိုင်းကြောင်းကို ပြန်လေ့လာကြည့်ဖို့ လိုအပ်ပါတယ်။

ဒီလို သမိုင်းကြောင်းကို ပြန်ပြီးလေ့လာကြည့်ရင် မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၄၀) အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ခု ရေးဆွဲပြဋ္ဌာန်းခဲ့တယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်မှာတခု၊ ၁၉၇၄ ခုနှစ်မှာတခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ခုတိတိကို ရေးဆွဲ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ခုစလုံး (၁၄) နှစ်စီပဲ ခံပါတယ်။ ကျနော်တို့ လေးလေးနက်နက်စဉ်းစားကြည့်ရင် နှစ်ပေါင်း (၄၀) အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခု ရေးဆွဲပြဋ္ဌာန်းပြီး၊ နှစ်ခုစလုံးကလည်း (၁၄) နှစ်စီပဲ ခံတယ်ဆိုတာ တိုင်းပြည်အတွက် အင်မတန် ရှက်ဖို့ ကောင်းတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ရှက်ဖွယ်လိလိအဖြစ်နဲ့ နှစ်ကြိမ်နှစ်ခါတိုင်တိုင် ကြုံခဲ့ရတာလဲ၊ ဆန်းစစ်ဖို့ လိုပါတယ်။

ပထမဖွဲ့စည်းပုံအခြေခံဥပဒေ — ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ — ကို အရင်လေ့လာကြည့်ရအောင်။ အမှန်မှာတော့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာ ပင်လုံစာချုပ်ပေါ် အခြေခံပြီး ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးပဲ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း လွတ်လပ်ရေးတိုက်ပွဲကာလ ၁၉၄၇ ခု ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့မှာ တောင်တန်းဒေသခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတွေ့ဆုံပြီး တန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုနိုင်ငံတော်ကို ထူထောင်ဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီ သဘောတူညီချက်အတိုင်း အသစ်ထူထောင်မဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်အခြေခံမူ (၇) ချက်ကို တိုင်းပြုပြည်ပြုလွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။

ဒါပေမဲ့ အဲ့ဒီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီး အတည်ပြု မပြဋ္ဌာန်းနိုင်ခင်မှာ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း နောက်ပိုင်း ထွက်ပေါ်လာတဲ့ ဗမာခေါင်းဆောင်များဟာ ဗိုလ်ချုပ်အောင်ဆန်းလို ရိုးသားတည်ကြည်မှု မရှိကြဘူး။ သဘောထားမကြီး ကြဘူး။ အတွေးအခေါ် မမြင့်မြတ်ကြဘူး။ လူမျိုးကြီးဝါဒကို ကိုင်စွဲနေကြတယ်။ လူမျိုးစုခေါင်းဆောင်များရဲ့ မသိနားမလည်မှုကို အခွင့်ကောင်းယူပြီး လိမ်လည်လှည့်ဖြားသွားကြတယ်။ အထူးသဖြင့် လူမျိုးစုခေါင်းဆောင်များ နိုင်ငံရေးနှင့် ဥပဒေ မကျွမ်းကျင်မှုကို အမြတ်ထုတ် သွားကြတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းတဲ့အခါမှာ မဟာဗမာလူမျိုးကြီးဝါဒကြီးစိုးစေမဲ့ အမည်ခံပြည်ထောင်စုကြီးကို ဖွဲ့စည်းသွား ကြတယ်။ နာမည်အားဖြင့် ပြည်ထောင်စုခေါ်ပေမဲ့ အနှစ်သာရမှာတော့ တပြည်ထောင်စနစ်

ပါပဲ။ ဒါကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ ဦးချန်ထွန်း ကိုယ်တိုင်က "ကျနော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်နဲ့ တပြည်ထောင်စနစ် ရောနှော နေတယ်" လို့ ဝန်ခံခဲ့ပြီးဖြစ်ပါတယ်။ အဆိုးဝါးဆုံးကတော့ ဗမာနယ်ကို ပြည်နယ် တခုအနေနဲ့ မသတ်မှတ်ပဲ ပြည်ထောင်စုအခွင့်အာဏာ အားလုံးကို ပေးအပ်လိုက် တာပဲ။ ဒီလုပ်ရပ်ဟာ ဗမာလူမျိုးကြီးဝါဒကို အထွတ်အထိတ်သို့ရောက်အောင် လမ်းဖွင့်ပေးလိုက်တာပဲဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ — ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် ကျနော်တို့တိုင်းရင်းသားလူမျိုးများဟာ ဗမာ လူမျိုးတွေရဲ့ လက်အောက်ခံဘဝကို အလိုအလျောက် ကျရောက်သွားခဲ့ကြပါတယ်။ တန်းတူ ရည်တူ နေပ့ါမယ်၊ ကျောသားရင်သား မခွဲခြားပါဘူးဆိုတဲ့ စကားတွေဟာ လေထဲမှာ သာရှိပြီး လက်တွေ့မှာမရှိပါဘူး။

ဒါကို ကျနော်တို့တိုင်းရင်းသားလူမျိုးစုများ မကျေနပ်တဲ့အတွက် လက်နက် ကိုင်တော်လှန်ပုန်ကန် ကြတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်း လို့ မရတဲ့ အဆုံး၊ အင်အားသုံးပြီးဖြေရှင်းဖို့ ကြိုးစားသွားကြတယ်။ ဒါကြောင့်ပဲ ကျနော်တို့နိုင်ငံမှာ ပြည်တွင်းစစ်ဆိုတာကို လွတ်လပ်ရေးရဲ့ ဖွားဘက်တော်အဖြစ် အမြစ်တွယ် လာခဲ့ပါတယ်။ စစ်ဆိုတာ ဘယ်စစ်မှ မကောင်းဘူး။ ပြည်တွင်းစစ် လည်း မကောင်းဘူး။ နိုင်ငံခြားစစ်လည်း မကောင်းဘူး။ အခုကျနော်တို့ တိုင်းပြည် မှာ — နိုင်ငံခြားပစ္စည်းနှင့် နိုင်ငံခြားကတင်သွင်းတဲ့အရာ မှန်သမျှကို လူတိုင်းက အထင်ကြီး နေကြတယ်။ ဒါပေမဲ့ စစ်ဆိုတာ နိုင်ငံခြားကတင်သွင်းတဲ့ စစ်တောင်မှ မကောင်းပါဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်း နဲ့မဖြေရှင်းပဲ စစ်ရေး နဲ့ဖြေရှင်းတာ လူ့သမိုင်းကိုညှိုးနွမ်း စေတယ်။ လူ့သိက္ခာကို ကျဆင်းစေပါတယ်။

ဒါကြောင့် ကျနော်တို့နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ကို အမြန်ဆုံးအဆုံး သတ်ဖို့အတွက် နည်းလမ်းရှာ ကြိုးစားကြရမယ်။ နည်းလမ်းကတော့ ရှင်းပါတယ်။ လူမျိုးစုပြဿနာကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို လူမျိုးစုပြဿနာနဲ့ပဲ ဖြေရှင်းရမယ်။ ဝါဒကိုအခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို ဝါဒရေးရာနဲ့ပဲ ဖြေရှင်းရမယ်။ နိုင်ငံရေးကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို နိုင်ငံရေးနဲ့ဖြေရှင်းတာ အကောင်းဆုံးနည်းလမ်းပါပဲ။

ဒါကြောင့် လူမျိုးစုပြဿနာကို စစ်ရေးနဲ့မဖြေရှင်းပဲ နိုင်ငံရေးနည်းလမ်းနဲ့ ဒီမိုကရေစီကျကျဖြေရှင်းဖို့ လူမျိုးစုခေါင်းဆောင်များ ကြိုးစားခဲ့ကြတာ ဖြစ်ပါတယ်။ လူမျိုးစု ပြဿနာကိုဖြစ်ပေါ်စေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲ ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ ဒါဟာ သမိုင်းတကွေ့မှာ အမှန်ကန်ဆုံးလုပ်ရပ်တခုကို ပီပီပြင်ပြင်ဆောင်ရွက်ဖို့ ကြိုးပမ်းခဲ့ကြတာပါပဲ။ ၁၉၆၁ ခု ဇွန်လမှာ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တိုင်းရင်းသားလူမျိုးစု (၇) မျိုးစလုံးစုံညီစွာတက်ရောက်ပြီး မပြည့် မစုံ မှားယွင်းနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ပြင်ဆင်ရေးဆွဲပြီး၊ စစ်မှန်တဲ့ပြည်

ထောင်စု တန်းတူရည်တူပူးပေါင်းနိုင်တဲ့နိုင်ငံတော်ကို အသစ်တဖန်တည်ဆောက်ဖို့ သဘောတူခဲ့ကြပါတယ်။

ဒီကိစ္စကို လွှတ်တော်မှာ ဒီမိုကရေစီကျကျ မဲခွဲဆုံးဖြတ်ရင် အနိုင်ရမှာသေချာနေပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားလူမျိုးစုများ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို မလိုလား မရှုစိမ့်နိုင်ကြတဲ့ မဟာလူမျိုးကြီးဝါဒီတွေက တိုင်းပြည်အာဏာကို သေနတ်အားကိုးနဲ့ သိမ်းပိုက်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ကျနော်တို့တိုင်းပြည်မှာ နိုင်ငံရေးအာဏာကို သေနတ်ပြောင်းဝကနေ ထွက်လာတဲ့ ကျည်ဆံတောင့်နဲ့ တန်ဖိုးဖြတ်တဲ့စနစ် ပေါ်လာခဲ့ပါတယ်။

မဟာလူမျိုးကြီးဝါဒဟာ စစ်အာဏာရှင်စနစ်ကို မွေးဖွားပေးတယ်။ လူမျိုးစုပြဿနာကို ဖန်တီးတယ်။ ပြည်တွင်းစစ်ကို ကြာရှည်စေတယ်။ ပြည်တွင်းစစ်ကြောင့် လူမျိုးစုပြဿနာ တနေ့တခြား ကြီးထွားလာတယ်။ လူမျိုးရေးအမုန်းပွားမှု ကြီးထွားလာတယ်။ တဖက်မှာပြည်တွင်းစစ်ကို အမှီပြုပြီး စစ်အာဏာရှင်စနစ် ရှင်သန်နေပါတယ်။ ပြည်တွင်းစစ်ကြောင့် မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် ခိုင်ခန့်သွားတယ်။ စစ်အာဏာရှင်များကို တန်ခိုးကြီးထွားစေပါတယ်။ ဒီလိုနဲ့ စစ်အာဏာရှင်စနစ်နှင့် ပြည်တွင်းစစ်တို့ဟာ အပြန်အလှန်အကျိုးပြုနေကြပါတယ်။ နောက်ဆုံးကျတော့ စစ်အာဏာရှင်စနစ်ကပဲ တပါတီအာဏာရှင်စနစ်ကို မွေးဖွားပေးလိုက်ပါတယ်။

အာဏာရှင်တချို့ကသာ တန်ခိုးထွားနေတယ်။ တိုင်းပြည်ကတော့ ဖွတ်ဖွတ်ကြေနေပြီ။ ပြည်သူလူထု ကုန်းကောက်စရာမရှိအောင် မွဲတေနေပြီ။ တရားခံကဘာလဲ... ရှင်းနေပါတယ်။ မဟာလူမျိုးကြီးဝါဒပဲ။ မဟာလူမျိုးကြီးဝါဒကို မြန်မာနိုင်ငံမှာ အပီပြင်ဆုံး အကောင်အထည်ဖော်တဲ့နေ့ဟာ ၁၉၇၄ ခုနှစ်က ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုပြဌာန်းတဲ့နေ့ ပါပဲ။ အမည်ဝေါဟာရအားဖြင့် "ပြည်ထောင်စု" ဆိုတာကို ဆက်လက်သုံးစွဲနေပေမဲ့ ပြည်ထောင်စုစနစ်လုံးဝမဟုတ်ပဲ "တပြည်ထောင်စနစ်" စစ်စစ်နဲ့ တိုင်းပြည်ကိုဖွဲ့စည်းအုပ်ချုပ်သွားပါတယ်။ ပြည်နယ်လူမျိုးစုများရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် လုံးဝချုပ်ငြိမ်းသွားပါတယ်။ လူသားတိုင်းခံစားသင့် ခံစားထိုက်တဲ့ အခြေခံလူ့အခွင့်အရေးများကိုလည်း ချိုးဖောက်ခြင်း ခံနေရပါတယ်။ ဒ့ါအပြင် — လူမျိုးအလိုက်ခံစားသင့် ခံစားထိုက်တဲ့ နိုင်ငံရေးအခွင့်အရေးများနှင့် ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့်ဆိုတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ပါ လုံးဝဆိတ်သုဉ်းသွားခဲ့ပါတယ်။

ဒီ မဟာလူမျိုးကြီးဝါဒက ဘယ်သူ့ကို ထိခိုက်နစ်နာစေသလဲ။ တိုင်းရင်းသားလူမျိုးစုတွေပဲလား။ မဟုတ်ဘူး။ တတိုင်းပြည်လုံးကို ထိခိုက်နစ်နာစေတယ်။ တိုင်းပြည်ကို ချောက်ထဲတွန်းပို့လိုက်တယ်။ ဒါကို ၁၉၈၈ ခုနှစ်အတွင်းကဖြစ်ပွားတဲ့ အရေးအခင်းတွေက သက်သေထူနေပါတယ်။ ၁၉၈၈ ခုနှစ်အရေးအခင်းဟာ ၁၉၇၄ ဖွဲ့စည်း

ပုံအခြေခံဥပဒေက မွေးဖွားပေးတဲ့ ဆိုးကျိုးတရပ်သာလျှင် ဖြစ်ပါတယ်။ တပါတီအာဏာရှင်စနစ်ရဲ့ နိုင်ငံရေးပြည်တည်နာကြီး ပေါက်ကွဲမှုပဲ ဖြစ်တယ်။

ဒါကြောင့် ဒီနေရာကနေ ကျနော်ပြတ်ပြတ်သားသား သတိပေးလိုက်ချင်တယ်။ ဒီပြည်ထောင်စုမှာ မဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးလို့ရှိရင် တိုင်းပြည်အခြေအနေကို ဒီထက်အဆပေါင်းများစွာ ဆိုးရွားသွားနိုင်ပါတယ်။ ပြည်တွင်းစစ်ပိုပြီး ရှည်ကြာနိုင်ပါတယ်။ တိုင်းပြည်ဘဏ္ဍာတော်ထဲက စစ်အသုံးစရိတ်ဟာ လက်ရှိ (၆၀) ရာခိုင်နှုန်းကနေ ရာခိုင်နှုန်းအများကြီး တက်သွားဦးမယ်။ ဒီတော့ တိုင်းပြည်ဒီထက်အဆပေါင်းများစွာ ဆင်းရဲမွဲတေသွားဦးမယ်။ စစ်ကိုအကြောင်းပြုပြီး လူ့အခွင့်အရေး အချိုးနှိမ်ခံရဦးမယ်။ ဒီမိုကရေစီ ဆိတ်သုန်းပျောက်ကွယ်သွားဦးမယ်။ ဘယ်သူမြတ်မလဲ .... စစ်အာဏာရှင်စနစ် သက်ဆိုးရှည်သွားတာပဲ အမြတ်ထွက်မယ်။

ဒါကြောင့် ကျနော်တို့ ဒီကနေ့ရင်ဆိုင်တိုက်ခိုက်ရမည့် အဓိကရန်သူကတော့ မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒ ပါပဲ။ ဒီလို သေးသိမ်ကျဉ်းမြောင်းတဲ့ဝါဒနှစ်ခုက ကျနော်တို့တိုင်းပြည်ကို ဒုက္ခပေးနေပါတယ်။ ဒါကြောင့် ကျနော်တို့ ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွဲတဲ့အခါမှာ အဓိကရန်သူဖြစ်တဲ့ ဒီဝါဒနှစ်ခုကို မျက်ခြေမပြတ်တိုက်ခိုက်သွားဖို့ လိုပါတယ်။ ဒီ ဝါဒနှစ်ခုကို အပြတ်တိုက်ထုတ်ပြီး ဒီပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုအားလုံး လူသားပီသစွာအသက်ရှင်နေထိုင်ခွင့်ကို အာမခံချက်ပေးနိုင်ပြီး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုအကာအကွယ်ပေးတဲ့ နိုင်ငံတော်ကို ကျနော်တို့ထူထောင်ကြရမယ်။ ဒီ နိုင်ငံတော်ဟာ လူမျိုးပေါင်းစုံတန်းတူရည်တူ ပူးပေါင်းတဲ့ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ဖြစ်ကြောင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အာမခံချက်အပြည့်အဝ ပေးရမယ်။ ဒါဟာကျနော်တို့ရဲ့ ပန်းတိုင်ပဲ။

ကျနော်တို့ဟာ တာထွက်ကတည်းက ပန်းတိုင်ကို ထင်ထင်ရှားရှား မြင်တတ်ဖို့ လိုပါတယ်။ ပန်းတိုင်ကို မသေချာမရေရာရင် အဓိကပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ သာမည ပြဿနာတွေနဲ့လုံးထွေးပြီး ကျနော်တို့ရဲ့တော်လှန်ရေး ရေစုန်မျောသွားနိုင်တယ်။

ကျနော်တို့ရဲ့ အဓိကပြဿနာဟာ ပြည်ထောင်စုပြဿနာပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုကြီးကို အသစ်တဖန် ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ ပြဿနာပါ။ ပြည်ထောင်စုထဲမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ကဏ္ဍနှင့် ပြည်မကဏ္ဍကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ .... ဒါကအဓိကပါ။ တနည်းပြောရရင် ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးလူမျိုးအားလုံးရဲ့ လူမျိုးစုပြဿနာပဲ ဖြစ်ပါတယ်။ လူမျိုးစုပြဿနာကို ပြေလည်စွာကိုင်တွယ်ဖြေရှင်းနိုင်ရင် ပြည်တွင်းငြိမ်း

ချမ်းရေးကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်နိုင်မယ်လို့ တဆက်တည်းပြော လိုပါတယ်။

ဒါပေမယ့် ... ကျနော်တို့ဟာ အဓိကပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ကြောက် နေကြတယ်။ ပြည်ထောင်စုကို ဘယ်လို ပြန်လည်ဖွဲ့စည်းမလဲဆိုတာ မပြောရဲကြဖူး။ အထူးသဖြင့် ပြည်မပါတီများဟာ ဒီကိစ္စကို ကြောက်နေကြတယ်။ "စစ်မှန်တဲ့ပြည် ထောင်စု" ဆိုတဲ့ စကားကို သူတို့ပါးစပ်ကထွက်လာမှာကိုတောင် ကြောက်နေကြ တယ်။ ရှမ်းပြည်နယ်က ဦးရွှေအုံး ပြောဖူးသလို "ဖက်ဒရယ်" ဆိုတဲ့စကားလုံးကြား လိုက်တာနဲ့ တီကောင်ကို ဆားနဲ့ထိသလို တွန့်လိမ်ကုန်ကြတယ်။ ပြည်မပါတီကြီး ထဲက ထိပ်ဆုံးမှာနာမည်ရနေတဲ့ ပါတီ သုံး၊ လေးခုကို ကျနော်တို့သွားပြီး ဆွေးနွေး ကြည့်တယ်။ ဝမ်းနည်းဖွယ်ကောင်းတာက တချို့ပါတီကြီးများဟာ သူတို့ရဲ့ဝါဒ သဘောထားကြေညာချက်ထဲမှာ တိုင်းရင်းသားလူမျိုးစုများကဏ္ဍကို ထည့်တောင် မထည့်ရဲကြဘူး။ တချို့က စကားလှရုံ "တိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ နေပါမယ်" လို့ ပြောဆိုရေးသားကြတယ်။ ဘယ်လို အခြေခံဝါဒ အပေါ်မှာ ချစ်ကြည် ပြီး၊ ဘယ်လို အကြောင်းတရားတွေကြောင့် ရင်းနှီးကြမလဲ ... ပြတ်သားတဲ့ဝါဒ တခုခု တော့ ချမှတ်ရမှာပေ့ါ။

တိုင်းရင်းသားလူမျိုးစုကိစ္စမပါဘဲ ပြည်ထောင်စုအကြောင်းကို ဘယ်လို စဉ်းစား နေကြသလဲ မသိဘူး။ တိုင်းရင်းသားတွေမပါဘဲ မြန်မာနိုင်ငံမှာ ဘာမှလုပ်လို့မရဘူး ဆိုတာ သူတို့မသိကြဘူးထင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းတောင်မှ ကျနော်တို့ တိုင်း ရင်းသားလူမျိုးစုများမပါပဲ လွတ်လပ်ရေးကို ရအောင်မယူနိုင်ခဲ့ပါဘူး။ ဒါကြောင့် "ပင်လုံညီလာခံ" ကိုလာပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တာ ဖြစ်တယ်။ ဒါကို သတိရသင့်တယ်။ အခုတော့ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍ အရေး ကြီးမှန်းတောင် မသိကြတော့ဘူး။ တချို့ကသိရက်နဲ့မသိချင်ယောင်ဆောင် နေတယ်။ ဒါတွေကြောင့်ပဲ တိုင်းပြည် ငါးပါးမှောက်ကုန်တာပေ့ါ။

စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို ဘာဖြစ်လို့ ကြောက်နေတာလဲ။

အကြောင်းရင်း နှစ်ခုပါတယ်။ တစ်က ... မသိနားမလည်လို့ ကြောက်တာ၊ နှစ်က ... မရိုးသားလို့ ကြောက်တာ။ ဒီနှစ်ခုပါပဲ။ မသိနားမလည်လို့ ကြောက်တဲ့ လူဟာ အမှောင်ထဲမှာ တယောက်ထဲနေတဲ့ လူနဲ့တူပါတယ်။ အမှောင်ထဲမှာဆို တော့ မမြင်နိုင်၊ မသိနိုင်၊ နားမလည်နိုင်တဲ့ အရာအားလုံးကို ကြောက်နေရတယ်။ အလင်းရောင်သာရှိလိုက်ရင်၊ ဒါမှမဟုတ် အဖော်ကောင်းကောင်းတယောက်သာ ရှိလိုက်ရင် သူကြောက်တော့မှာ မဟုတ်ပါဘူး။ သူ့ရဲ့ အကြောက်တရားချက်ခြင်း ပြေသွားမှာပဲ ဖြစ်ပါတယ်။

ဒီလိုပဲ ပြည်မဗမာအများစုဟာ စစ်မှန်တဲ့ပြည်ထောင်စုစနစ်လို့ ကျနော်တို့ ပြောနေတဲ့ ဖက်ဒရယ်စနစ်ဟာ ဘယ်လိုစနစ်မျိုးလဲ၊ ဘယ်လိုအနှစ်သာရရှိသလဲ ဆိုတာ မသိနားမလည်တဲ့အတွက် ကြောက်နေကြတယ်။ ဖက်ဒရယ်ဆိုရင် ခွဲထွက်ရေးလို့ပဲ မြင်နေကြတယ်။ သူတို့သိမြင်နားလည်အောင်ရှင်းပြနိုင်မည့် ဒီမိုကရေစီရောင်ခြည်လည်း မြန်မာနိုင်ငံမှာ မထွန်းတောက်နိုင်သေးဘူး။ ဒီမိုကရေစီ တခါးမပွင့်သေးဘူး၊ အရေးတော်ပုံပြတင်းပေါက်လေးထဲကရတဲ့ ဒီမိုကရေစီရောင်ခြည်လောက်နဲ့ သူတို့အကြောက်မပြေနိုင်သေးဘူး။

ပြီးတော့ … သူတို့က ကျနော်တို့တိုင်းရင်းသားလူမျိုးစုများကို ရဲဘော်ရဲဘက်လို မမြင်ဘဲ ပြည်တွင်းစစ်ကြောင့် ရန်သူလိုပဲ မြင်နေကြသေးတယ်။ ဒါကြောင့် ကြောက်တယ်။ ဒီလို အထင်မှားအမြင်မှားဖြစ်အောင် လုပ်တဲ့လူကလည်း မြန်မာနိုင်ငံမှာ အများကြီးရှိနေပါတယ်။ ဗမာလူထုကသာ အမြင်ကြည်ကြည်လင်လင်နဲ့ ကျနော်တို့ တိုင်းရင်းသားလူမျိုးစုများကို သေဖော်ရှင်ဖက်ရဲဘော်များအဖြစ် သဘောထားနိုင်လို့ရှိရင် သူတို့အကြောက်တရားတွေပြေပြီး ကျနော်တို့လိုလားချက် ဘာလဲဆိုတာ အမြင်ရှင်းရှင်းနဲ့ နားလည်သဘောပေါက်သွားမှာ သေချာပါတယ်။

ဒုတိယ ကြောက်နေတဲ့လူတွေကတော့ သူတို့ရဲ့မရိုးသားစိတ်ကြောင့် ကြောက်နေကြတာပါပဲဖြစ်တယ်။ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်နဲ့ မြန်မာနိုင်ငံကို အုပ်ချုပ်သွားရင် တိုင်းရင်းသားလူမျိုးများတန်းတူအခွင့်အရေးရရှိမှာကို စိုးရိမ်ပူပန်ကြောက်ရွံ့နေကြတယ်။ ဒီလို မရိုးသားတဲ့စိတ်နဲ့ ကြောက်နေတဲ့ လူတွေကတော့ မဟာလူမျိုးကြီးဝါဒသမားတွေပါပဲ။ သူတို့ကိုတော့ ချော့ဖို့မလိုပါဘူး။ ပြည်ထောင်စုရဲ့ နံပါတ်တစ်ရန်သူများအဖြစ် ပြတ်ပြတ်သားသား တိုက်ခိုက်သွားဖို့ဘဲ ရှိတယ်။

ကျနော်တို့ ရင်ဆိုင်ရမည့် ဒုတိယရန်သူကတော့ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒပဲ ဖြစ်ပါတယ်။ ဒီရန်သူဟာ ကျနော်တို့တိုင်းရင်းသားထဲက ပေါက်ဖွားလာမှာဖြစ်တယ်။ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒရဲ့ မောင်းနှင်အားကတော့ လူမျိုးစုပြဿနာ ပါပဲ။ လူမျိုးစုပြဿနာဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှိပါတယ်။ ဒါပေမယ့် ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံမှာ လူမျိုးစုပြဿနာ တဖြည်းဖြည်းလျော့ပါးပြီး၊ နောက်ဆုံး ပျောက်ကွယ်သွားတတ်ပါတယ်။ ဒီမိုကရေစီမရှိတဲ့ နိုင်ငံတွေမှာကျတော့ လူမျိုးစုပြဿနာ တဖြည်းဖြည်းကြီးထွားပြီး နောက်ဆုံးကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒအဖြစ်နဲ့ တိုင်းပြည်ကို ဒုက္ခပေးတတ်ပါတယ်။

ဒါကြောင့် ကျနော်တို့ လူမျိုးစုများဖက်ကလည်း ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကြောင့် တိုင်းပြည်ဒုက္ခ မရောက်စေဖို့ သတိထားကြရမှာ ဖြစ်ပါတယ်။ အမြင်ကျယ်ရမယ်။ ပြည်နယ်လူမျိုးစုများ ညီညွတ်တဲ့ အင်အားနဲ့ စစ်မှန်တဲ့ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို တွန်းအားပေးဖို့ လိုပါတယ်။ ဒီမိုကရေစီထွန်းကားတဲ့

စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ရင် လူမျိုးစုပြဿနာ ပြေလည်ပြီး ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒ ဆိတ်သုဉ်းသွားမှာ သေချာပါတယ်။

ဒါပေမယ့် ကျနော်တို့ ပြည်နယ်လူမျိုးစုများ ညီနိုင်မလား။ ပြည်နယ်အသီးသီးက ပါတီပေါင်းမြောက်များစွာ ထွက်ပေါ်နေတာ မညီညွတ်တဲ့သဘောကို ပြနေပြီလား။ စောစောက မွန်ဒီမိုကရေစီအဖွဲ့ချုပ်က ကိုယ်စားလှယ်တင်ပြသလို ၁၉၆၁ တောင်ကြီးမှာ ဖွဲ့စည်းခဲ့တဲ့ "ပြည်နယ်များညီညွတ်ရေးအဖွဲ့" အဆင့်ကိုတောင်ရောက်နိုင်ပါ့မလားလို့ သံသယရှိစရာရှိပါတယ်။ ဟိုတုန်းက ပြည်နယ်အသီးသီးမှာ ပါတီတခု၊ နှစ်ခုလောက်ပဲရှိတယ်။ ခုတော့ အရမ်းများနေတယ်။ ညီနိုင်ပါ့မလား။ ညီဖို့ကော လွယ်ပါ့မလား။

ဒီကိစ္စမှာ ကျနော်တော့ အကောင်းဖက်က မြင်ပါတယ်။ ဒီလိုမလိုလားအပ်ပဲ ပါတီတွေများနေခြင်းဟာ ဖြစ်ပေါ်ခဲ့တဲ့ အရေးအခင်းက ဖန်တီးသွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ … ဒီအရေးအခင်းဟာ စနစ်တကျဖွဲ့စည်းပြီးမှဆင်နွှဲတဲ့ အရေးအခင်းမဟုတ်ပဲ၊ စနစ်တကျစုစည်းမှုမရှိဘဲ အလိုအလျောက်ပေါက်ကွဲမှုကြီး (Spontaneous Uprising) ဖြစ်နေတဲ့အတွက် လူတိုင်းဟာသူ့နေရာနဲ့သူ၊ သူ့ဒေသနဲ့သူ၊ သူ့အုပ်စုနဲ့သူ၊ အစုလိုက်အစုလိုက် ဆန္ဒပြတိုက်ပွဲဝင်ခဲ့ကြရာက ပါတီအသွင်ကို ပြောင်းလဲသွားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီတခါးမကြီးပွင့်သွားလို့ လွတ်လပ်စွာ ဟောပြောနိုင်လို့ရှိရင်၊ အားလုံးတစုတည်း ပေါင်းစည်းသွားကြမယ်လို့ မျှော်လင့်မိပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီလုံးဝဆိတ်သုဉ်းခဲ့တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ စောစောကတင်ပြသလို ဒီမိုကရေစီမရှိတော့ လူမျိုးစုပြဿနာကြီးထွားနေပါတယ်။ အချင်းချင်းကြားမှာ နားမလည်မှု၊ အထင်လွဲမှု၊ နားကျည်းမုန်းတီးမှုများ ကြီးထွားနေတယ်။ ကျနော်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ ဥပမာတခုကိုတင်ပြရရင် — မကြာသေးခင်က ကျနော် ချင်းပြည်နယ်ပလက်ဝကို သွားပါတယ်။ အဲဒီ မြို့ခံလူထုတွေက ဘာပြောသလဲဆိုတော့ (၂၆) နှစ်လုံးလုံး မြောက်ပိုင်းသားတွေ ချယ်လှယ်စိုးမိုးခဲ့တာ မကျေနပ်ဘူးတဲ့။ မတူပီမှာကျတော့ မင်းတပ်သားတွေစိုးမိုးခဲ့တာကို မကျေနပ်ကြဘူး။ ဟားခါးနဲ့ ဖလမ်းမှာကျတော့ တီးတိန်တွေက (၂၆) နှစ်လုံးလုံးအုပ်စိုးလို့တဲ့၊ တီးတိန်မှာကျပြန်တော့ သူတို့မြို့နယ်ထဲက လူမျိုးနွယ်စုလေးတခုဖြစ်တဲ့ ဆီးယင်းတွေက စိုးမိုးချယ်လှယ်လို့ဆိုပြီး မကျေနပ်ချက်တွေကို ဟိုလူကြောင့်နိုးနိုး၊ ဒီလူကြောင့်နိုးနိုး နီးရာလူကိုပဲ စွပ်စွဲကြတော့တယ်။ ချင်းစကားပုံတခုရှိတယ်။ "သစ်ပင်တပင်ကွယ်လို့ တောအုပ်ကြီးကို မမြင်နိုင်ဘူးတဲ့"။ အနီးဆုံးသစ်ပင်ကွယ်လို့ တောအုပ်ကိုမမြင်နိုင်သလို အနီးဆုံးလူကိုပဲ တရားခံလုပ်ကြတော့တယ်။ တရားခံအစစ်အမှန်ကို မမြင်နိုင်ကြဘူး။ ဒီလို တရားခံအစစ်ကို မမြင်နိုင်ဘဲ၊

ပြဿနာအရင်းအမြစ်ကိုမသိဘဲ ခံပြင်းစိတ်နာကျည်း စိတ်သက်သက်နဲ့ နိုင်ငံရေး လုပ်ရင် အမှားတွေ့နိုင်တယ်။

တချို့ လူမျိုးနွယ်စုပါတီတွေကို ကျနော်မေးကြည့်တယ် ... သူတို့ရဲ့ရည်ရွယ်ချက်တွေကို၊ တချို့ပါတီရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးမဟုတ်ဘဲ၊ သာရေးနာရေး၊ လူမှုရေး သွားဖြစ်နေတယ်။ လူမှုရေးဘောင်အတွင်းမှာလုပ်ရမဲ့ အမျိုးသားချင်း ကြည့်ရှုစောင့်ရှောက်ရေး၊ ဘာသာစကား ထိန်းသိမ်းရေး၊ စာပေမြှင့်တင်ရေး စတဲ့ ကိစ္စတွေသွားဖြစ်နေတယ်။ နိုင်ငံရေးပြဿနာ မဟုတ်ဘူး။ နိုင်ငံရေးဆိုတာ အာဏာ ပြဿနာပဲ။ ခုတော့ အာဏာပြဿနာ မဟုတ်ဘူး၊ လူမှုရေးသက်သက်။ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ရမဲ့ အသင်းအဖွဲ့တွေက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးမှာသွားပြီး မှတ်ပုံတင်ကြတယ်။ ဒီလို တလွဲတချော်ဖြစ်နေတဲ့ကိစ္စတွေက ဒီတိုင်းပြည်မှာ ဒီမိုကရေစီဘယ်လောက် ဆိတ်သုဉ်းနေပြီလဲဆိုတာ ပေါ်လွင်ထင်ရှားစေပါတယ်။ မြန်မာနိုင်ငံမှာသာ ဒီမိုကရေစီအပြည့်အဝရ လာလို့ရှိရင် လူမျိုးနွယ်စုနဲ့ ဒေသငယ်လေးတွေကို အခြေခံတဲ့ ပါတီငယ်လေးတွေ အလိုလိုလမ်းမှန်ရောက်သွားကြမယ်လို့ မျှော်လင့်မိပါတယ်။

ဒီလိုမှ အမြင်မှန်မရဘဲ ဒေသစွဲ၊ မျိုးနွယ်စုစွဲ၊ ပုဂ္ဂိုလ်စွဲ စတဲ့ ကျဉ်းမြောင်းတဲ့ အယူဝါဒအပေါ်မှာ အခြေခံပြီးထူထောင်တဲ့ပါတီတွေက ကျနော်တို့ပြည်နယ် အတွင်းစုစည်းညီညွတ်မှုအင်အား၊ ပြည်ထောင်စုအတွင်း စုစည်းညီညွတ်မှုအင်အားကို အဟန့်အတားဖြစ်စေတယ်... ညီညွတ်မှုကို ဖြိုခွဲဖို့ကြိုးစားနေတယ်ဆိုရင် ဒါကိုတော့ ကျနော်တို့လည်း ပြတ်ပြတ်သားသား ကိုင်တွယ်ရမှာပဲ။ သူတို့ရဲ့လုပ်ရပ်နဲ့ စေတနာမှန်ကန်မှု ရှိမရှိဆိုတာကို ပြည်သူ့ရှေ့မှာ အစစ်ခံသွားကြရမယ်။ သူတို့လုပ်ရပ်နဲ့ စေတနာမမှန်ကန်ဘူးဆိုရင် နိုင်ငံရေးအညစ်ကြေးများအဖြစ် သမိုင်းရေစီးကြောင်းက ဘေးကိုတွန်းပို့ခြင်းခံရမှာ သေချာတယ်။ ဒီမိုကရေစီတော်လှန်ရေးအင်အားစုကို ဟန့်တားဖို့ ကြိုးစားနေတဲ့လူတွေဟာ သမိုင်းဘီးရဲ့ နင်းကြိတ်ခြင်းကို အလူးအလဲခံသွားဖို့ပဲရှိပါတယ်။ သမိုင်းဘီးကို ဘယ်သူမှဟန့်တားနိုင်မှာ မဟုတ်ဘူး။

ဒါကြောင့် လူမျိုးနွယ်စုနဲ့ ဒေသငယ်လေးတွေကို အခြေခံပြီးထူထောင်တဲ့ ပါတီငယ်လေးတွေ အမြန်ဆုံးစုစည်းပြီး ပြည်နယ်ပါတီကြီးများနဲ့ ပူးပေါင်းကြပါ။ ကျဉ်းမြောင်းတဲ့ မျိုးနွယ်စု၊ ဒေသစွဲများကို ရဲဝံ့စွာတော်လှန်ကျော်လွှားပြီး အမျိုးသားရေး အဆင့်ကို တက်လှမ်းကြပါ။ အခု ကျနော်တို့ တချို့ပြည်နယ်တွေမှာ ရင်ဆိုင်ရတဲ့ ပြဿနာကတော့ အမျိုးသားရေးပြဿနာ အဆင့်မရောက်သေးဘူး။ "Nationalism" အဆင့်မဟုတ်ဘူး၊ "Tribalism" အဆင့်သာဖြစ်နေသေးတယ်။ ဒါကြောင့် ကျနော်တို့ တိုးတက်တဲ့ အမြင်နဲ့အတွေးအခေါ် တော်လှန်ရေးတရပ်ကို အမြန်ဆုံး ဆင်နွှဲဖို့ လိုနေပါတယ်။ ဒါမှ "Tribalism" အဆင့်ကနေ "Nationalism" အဆင့်ကို

တက်လှမ်း နိုင်ပြီး ပြည်နယ်အတွင်းညီညွတ်မှုကို ရနိုင်မှာဖြစ်တယ်။ ပြည်နယ်အတွင်း ညီညွတ်မှုရရှိမှ ပြည်ထောင်စုအတိုင်းအတာနဲ့လည်း ညီညွတ်နိုင်မှာ ဖြစ်တယ်။

ဟိုနေ့ အစည်းအဝေးတုန်းက ကျနော်ပြောခဲ့သလို ကျနော်တို့ ခြေလှမ်းမကျွံဖို့နဲ့ ခြေလှမ်းမနေးဖို့ လိုပါတယ်။ ဆန္ဒစောပြီး ခြေလှမ်းကျွံရင် အမှားတွေ့နိုင်တယ်။ သမိုင်းတကွေ့မှာ တခါမှားရင်နှစ်ပေါင်းများစွာ ခံသွားနိုင်တယ်။ ခြေလှမ်းနေးလွန်းရင်လည်း အချိန်အခါနဲ့ အခြေအနေပေးတဲ့အတိုင်း အလုပ်မလုပ်နိုင်ဖြစ်သွားပြီး အခွင့်အရေးဆုံးရှုံးသွားနိုင်တယ်။ ကျနော်တို့ပြည်နယ်သားတွေ အခွင့်အရေးဆုံးရှုံးပေါင်းများလှပြီ။ ဒါကြောင့် ကျနော်တို့ ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွဲတဲ့အခါမှာ ကြိုးဝိုင်းထဲက လက်ဝှေ့သမားလို ကျင့်သုံးရပါမယ်။ ဘယ်ဘက်လက်နဲ့ အကာအကွယ်ကိုယူပြီး ညာဘက်လက်နဲ့ ချက်ကောင်းကိုစောင့်ပြီး ထိုးရပါမယ်။ ဘယ်ဘက်ဟာ တချိန်လုံးအကာအကွယ်ယူနေလို့ မဖြစ်ဘူး။ တဖက်ရန်သူဟန်ချက်ပျက်သွားအောင် ဘယ်ဘက်လက်နဲ့ တိုက်ကွက်ဆင်ပေးရမယ်။ တဖက် ရန်သူဟန်ချက်ပျက်ပြီး ချက်ကောင်း ပေါ်တာနဲ့ ညာဘက်လက်နဲ့ အလဲထိုးရပါမယ်။

ကျနော့်ဆွေးနွေးချက်ကို ချုပ်ပြီးပြောလိုက်ရင် ကျနော်တို့ဆင်နွဲနေတဲ့ တော်လှန်ရေးရဲ့ ပန်းတိုင်ကို ထင်ထင်ရှားရှား မြင်တတ်ပြီး၊ ထိုပန်းတိုင်ကို ချီတက်တဲ့အခါရင်ဆိုင်ရမဲ့ အဓိကပြဿနာများကို မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းသွားဖို့ အလွန်အရေးကြီးပါတယ်။ ပန်းတိုင်မရှိရင် အဓိကပြဿနာကို ကိုင်တွယ်နိုင်မှာ မဟုတ်ဘူး။ သာမညပြဿနာတွေနဲ့ လုံးထွေးပြီး ကျနော်တို့ တော်လှန်ရေးရေစုန်မျောသွားနိုင်တယ်။ ပန်းတိုင်ကို ချီတက်တဲ့အခါမှာ ဖြစ်ဖြစ်၊ အဓိကပြဿနာကို ရင်ဆိုင်ဖြေရှင်းတဲ့အခါမှာဖြစ်ဖြစ်၊ ညီညွတ်မှုအင်းအားလိုပါတယ်။ အထူးသဖြင့် ကျနော်တို့ပြည်နယ်လူမျိုးစုများ ညီညွတ်ဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တိုင်းရင်းသားလူမျိုးများအတွက် ဒီတိုက်ပွဲဟာ ဒီမိုကရေစီရေးသက်သက်သာ မဟုတ်ဘူး။ ကျနော်တို့အတွက် ဒီတိုက်ပွဲဟာ အဆင့်နှစ်ဆင့်ရှိပါတယ်။ ဒီမိုကရေစီရေးအပြင် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက်ပါ ကျနော်တို့တိုက်ပွဲဝင်ဖို့လိုပါတယ်။ ဒီလိုတိုက်ပွဲနှစ်ဆင့်ဝင်တဲ့နေရာမှာလည်း ကျနော်တို့ရင်ဆိုင်ရမယ့် ပြဿနာနှစ်ခုရှိပါတယ်။ ဒါတွေကတော့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာတို့ပဲဖြစ်ပါတယ်။ ဒီလို တိုက်ပွဲနှစ်ဆင့်ကိုဆင်နွဲပြီး ပြဿနာနှစ်ရပ်စလုံးကို တပြိုင်နက်တည်းဖြေရှင်းနိုင်ဖို့အတွက် ကျနော်တို့တိုင်းရင်းသားလူမျိုးများအားလုံးစည်းလုံးညီညွတ်ဖို့လိုအပ်ပါတယ်။ ညီညွတ်တဲ့အင်အားနဲ့ ကျနော်တို့သမိုင်းကိုအလှပဆုံး ရေးသားဖန်တီးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

အခန်း (၂)

# ဒီမိုကရေစီရေးနှင့် တန်းတူရေးပြဿနာ

[ ၁၉၉၀ မေလရွေးကောက်ပွဲမတိုင်ခင် **UNLD**
စည်းရုံးရေးခရီးစဉ်တခုတွင် ရခိုင်ပြည်နယ်မြောက်ဦးမြို့၌
ဟောပြောခဲ့သောမိန့်ခွန်း ]

# ဒီမိုကရေစီရေးနှင့် တန်းတူရေးပြဿနာ

အားလုံးကိုလေးစားပါတယ်။

ဒီနေ့ဒီနေရာမှာ ရောက်ရှိလာကြတဲ့ ကျနော်တို့အားလုံးသာ ရာစုတခုနှစ်ခုလောက် စောပြီး လူဖြစ်ခဲ့ကြမယ်ဆိုရင် ခင်ဗျားတို့အားလုံးဟာ ရခိုင်မင်းနေပြည်တော်က မြို့တော်သူ မြို့တော်သားများဖြစ်ကြပြီး ကျနော်ဟာလည်း ချင်းပြည်ကလာတဲ့ နိုင်ငံခြားသား ဧည့်သည်တယောက်ဖြစ်နေခဲ့မယ်။ ဒါပေမယ့် အခုတော့ ကျနော်တို့တတွေဟာ စနစ်တခုရဲ့ ဖိနှိပ်ချုပ်ချယ် ကျွန်ပြုခြင်းခံနေရတဲ့ဘဝကနေ လွတ်မြောက်ဖို့ အတူတကွလက်တွဲတိုက်ပွဲဝင်ရန် ဆုံဆည်းနေကြပါတယ်။

ဒါကြောင့် ယနေ့ကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးဟာ မင်းဆိုးမင်းညစ်တပါးကို ဖြုတ်ချပြီး၊ လူထုကြိုက်နှစ်သက်တဲ့ မင်းတပါးကို ပြောင်းလဲတင်မြှောက်ရုံနဲ့ မပြီးပါဘူး။ ကျနော်တို့တိုက်ပွဲဟာ မင်းပြောင်းမင်းလွှဲလုပ်တဲ့ သာမန်နိုင်ငံရေးတိုက်ပွဲမဟုတ်ဘူး။ လူပုဂ္ဂိုလ်ကို တော်လှန်ဖြုတ်ချတဲ့ တိုက်ပွဲမဟုတ်ဘူး။ အာဏာရှင်စနစ်ကို တော်လှန်ဖြုတ်ချဖို့ ဆင်နွှဲတဲ့တိုက်ပွဲဖြစ်တယ်။ စနစ်တခုလုံးကို တော်လှန်ပြောင်းလဲတဲ့ တိုက်ပွဲ ဖြစ်တယ်။

ဒီလိုစနစ်တခုလုံးကို တော်လှန်ပြောင်းလဲတဲ့တိုက်ပွဲမှာ ကျနော်တို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိုက်ပွဲကြွေးကြော်သံဟာ ဒီမိုကရေစီရေးနှင့်အတူ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးကို တပြိုင်နက်ထဲ တိုက်ပွဲဝင်သွားမယ်လို့ ကြွေးကြော်ထားပါတယ်။ ဒီမိုကရေစီမရှိတဲ့စနစ်ကနေ ဒီမိုကရေစီထွန်းကားတဲ့စနစ်၊ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးမရှိတဲ့စနစ်ကနေ တန်းတူရည်တူအခွင့်အရေးရရှိတဲ့စနစ်မျိုးကိုရရှိဖို့ ဆင်နွှဲနေတဲ့ တိုက်ပွဲဖြစ်တယ်။ ဒီတိုက်ပွဲဟာ ဒီမိုကရေစီရရှိရေးတခုထဲမဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရတန်းတူရေးကိုပါ တပြိုင်နက်ထဲဖော်ဆောင်သွားမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်တဲ့နိုင်ငံမှာ ဒီမိုကရေစီရေးနှင့် တန်းတူရည်တူရေးဟာ ခွဲမရအောင်ဆက်စပ်နေလို့ပါပဲ။ ဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ပန်းလို ဆက်စပ်နေပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးနှင့် တန်းတူရေးကို ပထမတာဝန်၊ ဒုတိယတာဝန်လို့ ခွဲခြား မထားပဲ တပြိုင်နက်လုပ်ဆောင်ရမယ့် အမျိုးသားတာဝန်ဖြစ်တယ်လို့ ကျနော်တို့ခံယူထားတယ်။

တချို့နိုင်ငံရေးပါတီများဟာ ဒီမိုကရေစီရေးသာ ပထမ၊ ဒီမိုကရေစီရေးသာ ဒုတိယ၊ ဒီမိုကရေစီရေးသာ တတိယ ဆိုပြီး ကြွေးကြော်နေကြတယ်။ ဒီမိုကရေစီ

ရပြီးမှ တန်းတူရေးပြဿနာဖြစ်တဲ့ လူမျိုးစုပြဿနာ၊ တိုင်းရင်းသားလူမျိုးများအရေးကို စဉ်းစားမယ်ဆိုပြီး ပြောနေကြတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်တဲ့ ဒီပြည်ထောင်စုမှာ ဒီလိုလုပ်လို့မရဘူးဆိုတာ သမိုင်းသင်ခန်းစာ ရှိပါတယ်။ လွတ်လပ်ရေးအကြိုကာလတုန်းက လွတ်လပ်ရေးသာ ပထမ၊ လွတ်လပ်ရေးသာ ဒုတိယ၊ လွတ်လပ်ရေးသာ တတိယဆိုပြီး ကြွေးကြော်ခဲ့တယ်။ "လွတ်လပ်ရေးရပြီးမှ ညီအစ်ကိုအချင်းချင်း တိုင်းရင်းသားလူမျိုးများရဲ့ အရေးအရာကို စဉ်စားကြတာပေါ့လို့" ဖဆပလခေါင်းဆောင်များက ပြောခဲ့ကြတယ်။ ဒါကိုကျနော်တို့ လူမျိုးစုခေါင်းဆောင်များကလည်း ယုံကြည်လက်ခံခဲ့တယ်၊ ဒါပေမဲ့ လွတ်လပ်ရေးသာရတယ်။ ကျနော်တို့တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူအခွင့်အရေး ရရှိသလား။ ကိုယ့်ကိုယ်ကိုပဲ ဆန်းစစ်ကြပါ။

ကျနော်တို့ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရတန်းတူအခွင့်အရေး မရရှိခဲ့လို့၊ လူမျိုးစုပြဿနာကို ပြေလည်အောင်မဖြေရှင်းနိုင်ခဲ့လို့ ဒီပြည်ထောင်စုမှာ အနှစ် (၄၀) ပြည်တွင်းစစ်နဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် သမိုင်းသင်ခန်းစာအရ အခုဆင်နွှဲနေတဲ့ ဒီမိုကရေစီတိုက်ပွဲကာလမှာလည်း ဒီမိုကရေစီရေးသက်သက်နဲ့ မလုံလောက်ဘူး။ တန်းတူရေးကိုပါ တပြိုင်နက်တည်းဖော်ဆောင်ရမယ်လို့ ကျနော်တို့ ခံယူထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးသက်သက်နဲ့သာ လုံလောက်ခဲ့ရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုက မိမိတို့ကိုယ်စား နိုင်ငံတော်အာဏာကိုအသုံးပြုခွင့်ပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူ့အစိုးရကို ဖွဲ့စည်းတာနဲ့ပန်းတိုင်ရောက်ပြီလို့ ဆိုရပေလိမ့်မယ်။ တနည်းပြောရရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီက အစိုးရဖွဲ့စည်းတဲ့အချိန်ဟာ ပန်းတိုင်ရောက်တဲ့အချိန်လို့ ဆိုရပါလိမ့်မယ်။ ရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ပါတီက ဖွဲ့စည်းတဲ့အစိုးရကို နဝတစစ်အစိုးရက အာဏာလွှဲပြောင်းပေးတဲ့နေ့ဟာ အောင်ပွဲခံတဲ့နေ့လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လာမဲ့ရွေးကောက်ပွဲဟာ ကျနော်တို့ရဲ့ပန်းတိုင်မဟုတ်သေးဘူးဆိုတာ အလေးအနက်ထားပြီး ပြောလိုပါတယ်။ လာမည့် မေလ (၂၇) ရက်နေ့ဟာ အောင်ပွဲခံမည့်နေ့ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံမှာ ဒီမိုကရေစီတခုတည်းနဲ့ မလုံလောက်မပြည့်စုံတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဒီမိုကရေစီရေးနဲ့အတူ တဆက်တည်းဆောင်ရွက်ရမည့် တန်းတူရေးပြဿနာကို ကျေလည်စွာမဆောင်ရွက်နိုင်သရွေ့ ကျနော်တို့ပန်းတိုင်မရောက်သေးဘူးဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားကြပါ။ ဒီမိုကရေစီရေးကို အာဏာရှင်စနစ်ဖြုတ်ချလိုက်တာနဲ့တပြိုက်နက် အကောင်အထည်ဖော်လို့ ရပါတယ်။ ဒါပေမဲ့ တန်းတူရေးပြဿနာကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ သက်ဆိုင်နေပါတယ်။ ဒီမိုကရေစီကို

မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မဆို ပြဋ္ဌာန်းကာကွယ်အကောင်အထည်ဖော်လို့ရပါတယ်။ ကျနော်ဆိုလိုတာက ဒီမိုကရေစီစနစ်ကို ပြည်ထောင်စုစနစ်နဲ့ရော၊ တပြည်ထောင်စနစ်နဲ့ပါ ပြဋ္ဌာန်းကာကွယ်လို့ရပါတယ်။ ဥပမာပြောရရင် အမေရိကန်ပြည်ထောင်စုလို ပြည်ထောင်စုစနစ်နဲ့လည်း ပြဋ္ဌာန်းကာကွယ်နိုင်ပြီး၊ အင်္ဂလန် ပြင်သစ် စတဲ့ တပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့နိုင်ငံမှာလည်း ဒီမိုကရေစီအထူးထွန်းကားအောင် ဖော်ဆောင်နိုင်ပါတယ်။ ဒါပေမဲ့ တန်းတူရေးကိုတော့မရဘူး။

တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးကို တပြည်ထောင်စနစ်နဲ့ အကောင်အထည်မဖော်နိုင်ဘူး။ တန်းတူရေးပြဿနာကို တပြည်ထောင်စနစ် (Unitary) နဲ့ ဖြေရှင်းလို့ မရဘူး။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ တန်းတူရေးပြဿနာ၊ လူမျိုးစုပြဿနာကို Unitary စနစ်နဲ့ လုံးဝဖြေရှင်းလို့မရဘူး။ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်၊ ဖက်ဒရယ်စနစ်နဲ့ပဲ ဖြေရှင်းနိုင်မယ်။ အကောင်အထည်ဖော်နိုင်မယ်။ ဒါကြောင့် ကျနော်တို့ရဲ့ တန်းတူရေးပန်းတိုင်ဟာ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်နဲ့ နိုင်ငံတော်ကိုဖွဲ့စည်းတူထောင်ရေးပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မေးခွန်းတခု မေးနိုင်ပါတယ်။ မေးလည်းမေးခဲ့ကြတယ်။ "ခင်ဗျားပြောနေတဲ့ ပြည်ထောင်စုဟာ ဘယ်လိုပြည်ထောင်စုလဲ၊ မြန်မာနိုင်ငံဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရရော၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော၊ ပြည်ထောင်စုစနစ်နဲ့ပဲ ဖွဲ့စည်းတူထောင်ခဲ့တယ် မဟုတ်လား" ဆိုပြီး မေးခွန်းထုတ်နေကြပါတယ်။ မှန်ပါတယ်။ မြန်မာနိုင်ငံမှာ နာမည်ဝေါဟာရအားဖြင့် "ပြည်ထောင်စု" ကိုနှစ်ကြိမ်တိုင်တိုင် ဖွဲ့စည်းတူထောင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျနော်တို့နိုင်ငံမှာ ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုဟာ အတုအယောင်ပြည်ထောင်စုနှင့် အလိမ်အညာပြည်ထောင်စုတွေပဲ ဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ပြည်ထောင်စုစနစ်ရဲ့အင်္ဂါရပ်နဲ့ မညီညွတ်လို့ပါပဲ။ ပြည်ထောင်စုစနစ်အရ ပြည်နယ်များရရှိခံစားသင့်တဲ့ နိုင်ငံရေးအာဏာများ မရရှိခဲ့ဘူး။ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရ အာဏာခွဲဝေရေးမှာလည်း လုံးထွေးနေတယ်။ ပြည်ထောင်စုစနစ်အရ ကျနော်တို့တိုင်းရင်းသားလူမျိုးများခံစားသင့်ခံစားထိုက်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့် မရရှိခဲ့ပါဘူး။ ရှင်းရှင်းပြောရရင် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး မရရှိခဲ့ပါဘူး။ တန်းတူရေးမရှိတဲ့ ပြည်ထောင်စုဟာ စစ်မှန်တဲ့ပြည်ထောင်စု မဖြစ်နိုင်ဘူး။

ဒီနေရာမှာအလျဉ်းသင့်လို့ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ဘာဖြစ်လို့ တန်းတူရည်တူအခွင့်အရေး ရရှိသင့်သလဲဆိုတာ အနည်းငယ် ပြောလိုပါတယ်။ ယနေ့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများဟာ နယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ မကျရောက်ခင် သီးခြားလွတ်လပ်တဲ့လူမျိုးများသာဖြစ်

ကြတယ်။ ခင်ဗျားတို့ ရခိုင်လူမျိုးနှင့် မွန်လူမျိုးများဟာလည်း၊ ဗမာဘုရင်လက်အောက်သို့ မကျရောက်ခင် ကိုယ့်စနစ်နဲ့ကိုယ် သီးခြားလွတ်လပ်တဲ့ လူမျိုးများဖြစ်ကြတယ်။ ဒီလို သီးခြားလွတ်လပ်တဲ့လူမျိုးများဟာ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့အတူတကွ ကျွန်ခံကြပြီး ကျွန်ဘဝကလွတ်မြောက်ဖို့အတွက်လည်း အတူတကွ လက်တွဲတိုက်ပွဲဝင်လာကြတယ်။ လွတ်လပ်ရေးတိုက်ပွဲကာလမှာ ဗိုလ်ချုပ်အောင်ဆန်းက နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်သွားတဲ့အခါ သီးခြားနိုင်ငံတွေ မထူထောင်ပဲ၊ တန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုကို အတူတကွထူထောင်ဖွဲ့ကြဖို့ ကျနော်တို့တိုင်းရင်းသားလူမျိုးများကို ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖိတ်ခေါ်ကမ်းလှမ်းချက်ကို တိုင်းရင်းသားလူမျိုးများက လက်ခံယုံကြည်ပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတယ်။

ကျနော်တို့ အဖိုးအဖွားများက ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့လို့သာ ကျနော်တို့တတွေ ဒီနိုင်ငံအတွင်းမှာအတူတကွ စုပေါင်းနေထိုင်ခြင်း ဖြစ်တယ်။ မည်သည့်လူမျိုး၊ မည်သည့်ပုဂ္ဂိုလ်ကမျှ လက်နက်နဲ့တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုလို့ ဒီနိုင်ငံနယ်နိမိတ်အတွင်းမှာ ကျနော်တို့နေထိုင်ခြင်းမဟုတ်ဘူး။ ကျနော်တို့ဘိုးဘွားပိုင်နယ်မြေအသီးသီးကို မိမိတို့ဆန္ဒအလျောက်ပူးပေါင်းပြီး ဒီပြည်ထောင်စုကြီးကို ဖွဲ့စည်းထူထောင်ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာတည်မြဲရေး၊ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးစတဲ့ နိုင်ငံတော်တာဝန်ဟာ လူမျိုးတမျိုးလူတန်းစားတရပ်ကသာ ဆောင်ရွက်ရမည့်အလုပ် မဟုတ်ဘူး။ ကျနော်တို့အားလုံးရဲ့ မွေးရာပါတာဝန် ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးအားလုံးတန်းတူရည်တူဆောင်ရွက်ရမဲ့ တာဝန်ဖြစ်တယ်။ ဒီပြည်ထောင်စုအတွင်းမှာ ရှိနေကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးဟာ အခွင့်အရေးအရသာမက တာဝန်ယူမှုအပိုင်းမှာလည်း တန်းတူရည်တူ ဖြစ်ရမယ်။ ဒီလိုမျိုး တန်းတူရေးကို ကျုပ်တို့လိုချင်နေပါတယ်။ အခွင့်အရေးလည်းမရှိ တာဝန်ယူပိုင်ခွင့်လည်း မရှိတဲ့ဘဝဟာ ကျွန်ဘဝအစစ်ပဲ။

ဗိုလ်ချုပ်အောင်ဆန်း ပြောတုန်းကတော့ "ခင်ဗျားတို့ တောင်ပေါ်သားတွေကို အင်္ဂလိပ်ကျွန်ဘဝမှာ မနေစေချင်သလို၊ ဗမာလူမျိုးတို့ရဲ့ ကျွန်ဘဝမှာလည်း မနေစေရဘူး။ တန်းတူရည်တူဆက်ဆံပါ့မယ်။ ဗမာတကျပ်ရရင် ရှမ်းလည်းတကျပ် ရစေရမယ်လို့ ပြောခဲ့တယ်။ ဗမာ တကျပ်ရရင် ရှမ်းလည်း တကျပ် ရစေရမယ်" ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားကိုယုံခဲ့မိလို့ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဒီပြည်ထောင်စုကို ဖွဲ့စည်းခြင်းဖြစ်တယ်။ ဒါပေမယ့် တကယ်တမ်းလွတ်လပ်ရေးရတဲ့ အခါကျတော့ ဗိုလ်ချုပ်ပြောတဲ့ ဗမာ တကျပ်၊ ရှမ်း တကျပ် "မူ" ဟာ ဘယ်လိုဖြစ်သွားသလဲဆိုတော့ ဗမာတကျပ် ရှမ်းတကျပ်၊ ဗမာတကျပ် ချင်းတကျပ်၊ ဗမာတကျပ်

ရခိုင်တကျပ်နဲ့ ဒီလိုဖြစ်သွားပြီး၊ ဗမာ (၇) ကျပ်ရတဲ့အခါ အခြား တိုင်းရင်းသားလူမျိုး (၇) မျိုးဟာ တကျပ်စီပဲ ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူမျိုးရေးတန်းတူမှု၊ နိုင်ငံရေးတန်းတူမှုဆိုတာမရှိဘူး။ ပြည်ထောင်စုနေ့မှာ ဗမာအကတမျိုး တင်ဆက်တဲ့အခါ အခြားတိုင်းရင်းသားလူမျိုးအသီးသီးက အကတမျိုးစီ တင်ဆက်ကပြ ဖျော်ဖြေခွင့်ရတာကိုပဲ တန်းတူရေးအစစ်အမှန်လို့ ထင်နေ ကြတယ်။

ဒီလိုမျိုး တန်းတူရေးကို ကျုပ်တို့လိုချင်နေတာ မဟုတ်ဘူး။ ယဉ်ကျေးမှုတန်းတူရေး၊ လူမှုရေးတန်းတူရေးကို ကျုပ်တို့ပြောနေတာ မဟုတ်ဘူး။ သမိုင်းအစဉ်အလာမတူတဲ့ လူမျိုးနှစ်မျိုး၊ ဘာသာစကားနှင့်ကိုးကွယ်မှုအခြေခံချင်းမတူတဲ့ လူမျိုးနှစ်မျိုးဟာ ဘယ်လိုနည်းနဲ့မှ ယဉ်ကျေးမှုအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း တန်းတူမဖြစ်နိုင်ဘူး။ ထပ်တူလည်း မကျနိုင်ဘူး။ ဟားခါးမြို့နဲ့ ရန်ကုန်မြို့ဟာ ဘယ်လိုနည်းနဲ့မှ ထပ်တူမကျနိုင်ဘူး၊ ဒါကို ကျုပ်တို့ နားလည်ပါတယ်။ ဒါပေမယ့် ဗမာလူမျိုးနဲ့ ချင်းလူမျိုးဟာနိုင်ငံရေးအရ တန်းတူရမယ်။ တရားဥပဒေရှေ့မှောက်မှာ တန်းတူရမယ်။ နိုင်ငံရေးအရ တန်းတူရေးကိုပဲ ကျနော်တို့ပြောနေခြင်းဖြစ်တယ်။ နိုင်ငံရေးအရတန်းတူခွင့်ကို ကျနော်တို့တောင်းဆိုနေပါတယ်။

နိုင်ငံရေးအရ ဘယ်လိုတန်းတူရမလဲဆိုတာ မပြောခင် ဘယ်လောက်တန်းတူရည်တူမဖြစ်ခဲ့သလဲဆိုတာကို အရင်ပြောချင်ပါတယ်။ ပထမဆုံး ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အားနည်းချက်ကိုပြောမယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ အဓိကအားနည်းချက် သုံးချက်ရှိတယ်လို့ သုံးသပ်မိတယ်။ ပထမအားနည်းချက်ကတော့ ပြည်နယ်များကိုကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝ မပေးတဲ့အချက်ဖြစ်တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ နိုင်ငံရေးအာဏာဆိုတာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ပဲ ဖြစ်ပါတယ်။ ဒီအာဏာသုံးရပ်စလုံးမရှိရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာ မပြည့်စုံနိုင်ဘူး။ နှစ်ပေါင်းလေးဆယ်ကျော် ကျနော်တို့တိုင်းရင်းသားလူမျိုးများ ဘယ်လိုအလိမ်အညာခံခဲ့သလဲဆိုတော့ အုပ်ချုပ်ရေးအာဏာကို နိုင်ငံရေးအာဏာလို့ အလိမ်ညာခံခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာ ရှမ်းတယောက်က အုပ်ချုပ်ရေးအရာရှိလုပ်ပြီး အုပ်ချုပ်ရုံနဲ့၊ ရခိုင်ပြည်နယ်မှာ ရခိုင်တယောက်က အုပ်ချုပ်ရုံနဲ့၊ နိုင်ငံရေးအာဏာ ပေးထားတယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးထားပါတယ်လို့ လိမ်ညာခဲ့ပါတယ်။ အမှန်မှာတော့ အုပ်ချုပ်ရေးအာဏာဆိုတာ နိုင်ငံရေးအာဏာ အစိတ်အပိုင်းတခုမျှသာဖြစ်တယ်။

နိုင်ငံရေးအာဏာမှာ အရေးကြီးဆုံးဟာ ဥပဒေပြုအာဏာပဲ ဖြစ်တယ်။ အုပ်ချုပ်ရေးအာဏာဆိုတာ ရေးဆွဲပြဋ္ဌာန်းပြီးသားဥပဒေအတိုင်း တသွေမတိမ်း လိုက်နာစီမံခြင်းပဲ ဖြစ်တယ်။ တရားစီရင်ရေး အာဏာလည်း ဒီအတိုင်းပဲ ဖြစ်တယ်။

အတည်ပြုပြဋ္ဌာန်းပြီးသား ဥပဒေအတိုင်းသာ တရားစီရင်ရတယ်။ ဒါကြောင့် ဥပဒေပြုအာဏာဟာ အခရာပဲ၊ ဥပဒေပြုအာဏာမရှိတဲ့လူမျိုး၊ ဥပဒေပြုအာဏာမရှိတဲ့ ပြည်နယ်ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာမရှိတဲ့လူမျိုးပဲ ဖြစ်ပါတယ်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်များဟာ နိုင်ငံရေးအာဏာအပြည့်အဝ မရှိကြဘူး။ ပြည်နယ်များ နိုင်ငံရေးအာဏာအပြည့်အဝ မရတဲ့အပြင် ကျနော်တို့ ချင်းလူမျိုးများဟာ ပြည်နယ်တောင်မရပဲ ချင်းဝိသေသတိုင်းဆိုပြီး အထူးတိုင်းအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ ကျနော်တို့ကိုပေးထားတဲ့ ထူးခြားတဲ့ဝိသေသများကတော့ အထူးအနှိမ်ခံခြင်း၊ အထူးခေတ်နောက်ကျစေခြင်း၊ အခွင့်အရေးများ အထူးပိတ်ပင်ခြင်းများပဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ရခိုင်ကျတော့ ဘယ်လောက်အခွင့်အရေးရခဲ့သလဲမသိဘူး။ ပြည်နယ်ရသင့်ပါလျက် မရရှိပဲ ရခိုင်တိုင်းအဖြစ်နဲ့ ကျေနပ်ခဲ့ရတယ်လို့ သိရပါတယ်။ တကယ်တမ်း ဆန်းစစ်ကြည့်ရင် တိုင်းပဲခေါ်ခေါ်၊ ဝိသေသတိုင်းပဲခေါ်ခေါ်၊ ပြည်နယ်ပဲခေါ်ခေါ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာမရှိတဲ့ ပြည်နယ်တို့၊ တိုင်း တို့ဆိုတာ ဝေါဟာရသာ ကွဲပြားတယ်၊ အနှစ်သာရကတော့ အတူတူပါပဲ။ အဲ… ပေးကမ်းစွန့်ကြဲခဲ့ရတဲ့ နေရာမှာတော့ နည်းနည်းပါးပါး ကွာခြားမှာပေ့ါ။ ဘာပဲဖြစ်ဖြစ် သူများပေးမှကမ်းမှ စားရတဲ့ နိုင်ငံရေးသူတောင်းစားဘဝပါပဲ။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်မရှိတဲ့ နိုင်ငံရေးသူတောင်းစားဘဝကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် ကျနော်တို့ ရောက်သွားခဲ့ပါတယ်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဒုတိယအားနည်းချက်ကတော့ တိုင်းရင်းသားလူမျိုးတမျိုးဖြစ်တဲ့ ဗမာလူမျိုးများကို ပြည်နယ်ဖွဲ့စည်းစေခြင်းမရှိစေပဲ၊ ပြည်မကြီးလို့ခေါ်စေပြီးတော့ ပြည်ထောင်စုအာဏာတခုလုံးကို ပုံအပ်ပေးလိုက်ခြင်းပဲဖြစ်တယ်။ ဒီလို ဗမာလူမျိုးများက ပြည်ထောင်စုကြီးရဲ့ ဗဟိုအစိုးရအာဏာကို ချုပ်ကိုင်ထားပြီး၊ အခြားတိုင်းရင်းသားလူမျိုးများကျတော့ ဘာအာဏာမှမရှိတဲ့ တိုင်းတို့ ပြည်နယ်တို့ ဖွဲ့စည်းတဲ့အခါ ဘာဖြစ်သွားလဲ။ ကျနော်တို့တတွေဟာ ဗမာလူမျိုးတို့ရဲ့ ကိုလိုနီနယ်၊ ကိုလိုနီကျွန်ဘဝကို ရောက်သွားတာပေ့ါ။ ကျနော် ဒီလိုပြောလိုက်တော့ ဗမာရဲဘော်တော်တော်များများက လက်မခံချင်ကြဘူး။ ဘာဖြစ်လို့ လက်မခံသလဲဆိုတာ ကျနော်စဉ်းစားလို့မရဘူး။

အမှန်တရားကို လက်ခံရဲဖို့ သူတို့မှာအရမ်းကို သတ္တိနည်းသွားကြပြီ။ ပြည်ထောင်စုဆိုပြီး လူမျိုးတမျိုးက ဗဟိုအစိုးရရဲ့ အာဏာတခုလုံးကို ချုပ်ကိုင်ထားတယ်။ ကျန်တဲ့လူမျိုးများဟာ ဗဟိုအစိုးရမှာဘာအာဏာမှ မရှိဖူး။ ပြည်နယ်များဖွဲ့စည်းတဲ့အခါကျတော့လည်း နိုင်ငံရေးအာဏာအပြည့်အဝမရှိတဲ့ ပြည်နယ်မျှသာ ဖြစ်ပြန်တယ်။ ဒီလို အခြားတိုင်းရင်းသားလူမျိုးများဟာ ပြည်နယ်မှာလည်း ကိုယ်ပိုင်ပြ

ဌာန်းခွင့် နိုင်ငံရေးအာဏာမရှိ၊ ဗဟိုအစိုးရကိုလည်း ဗမာလူမျိုးတမျိုးကသာ ချုပ်ကိုင်တယ်ဆိုရင် ကျန်တဲ့လူမျိုးများဟာ ကိုလိုနီအစစ်အမှန်တွေပဲပေါ့။ ဒါ အမှန်တရားပဲ။ အမှန်တရားကိုသတ္တိရှိရှိ လက်ခံရဲမှ အကောင်းဆုံးကိုဖန်တီးနိုင်မယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့အနာဂတ်ကံကြမ္မာကို အကောင်းဆုံးဖန်တီးချင်ရင် အတိတ်သမိုင်းကို အမှန်အတိုင်းလက်ခံရဲရမယ်။ ဒီလိုအမှန်တရားကို လက်ခံရဲတဲ့သတ္တိမရှိရင်တော့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် အကောင်းဆုံးမျှော်လင့်လို့ မရသေးဘူးဆိုတာ ရဲရဲကြီးပြောရဲတယ်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ တတိယအားနည်းချက်ကတော့ လူမျိုးစုလွှတ်တော်ကို ပြည်ထောင်စုစနစ်အတိုင်းမဟုတ်ပဲ တပြည်ထောင်စနစ်ကျင့်သုံးတဲ့ အင်္ဂလန်နိုင်ငံက House of Lord ကို ပုံတူကူးချတာပဲ ဖြစ်တယ်။ ပြည်ထောင်စုစနစ်အရ အထက်လွှတ်တော်လို့ခေါ်တဲ့ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်အလိုက် အမတ်ဦးရေအညီအမျှ စေလွှတ်ကြရမှာ ဖြစ်တယ်။ ဒါပေမယ့် ၁၉၄၇ ဖွဲ့စည်းပုံအရ လူမျိုးစုလွှတ်တော်ကို ပြည်သူ့လွှတ်တော်လိုပဲ လူဦးရေအချိုးအစားအလိုက် လွှတ်တော်အမတ်ဦးရေ ရွေးချယ်စေလွှတ်တဲ့အခါကျတော့ လူဦးရေအဆမတန်များပြားတဲ့ ဗမာတွေက ပြည်သူ့လွှတ်တော်မှာရော၊ လူမျိုးစုလွှတ်တော်မှာပါ လွှမ်းမိုးချယ်လှယ်လို့ရသွားတယ်။ ဒီလို ဗမာလူမျိုးတမျိုးထဲက လွှမ်းမိုးချင်တိုင်းလွှမ်းမိုး၊ ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ရမယ့်အတူတူ ဘာဖြစ်လို့ ပြည်ထောင်စုခေါ်သေးလဲ၊ ဗမာပြည်ထောင်ဆိုပြီး တပြည်ထောင်စနစ်လုပ်ပါလား။

အဲ … အဲဒီလို တပြည်ထောင်စနစ်နဲ့ပဲဖြစ်ဖြစ်၊ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ် ရောထားတဲ့ အတုအယောင်ပြည်ထောင်စုနဲ့ဖြစ်ဖြစ်၊ ဒီတိုင်းပြည်ကို ဖွဲ့စည်းအုပ်ချုပ်နေသရွေ့ ကျနော်တို့တိုင်းရင်းသားလူမျိုးများ ဘယ်နည်းနဲ့မှ တန်းတူအခွင့်အရေးမရနိုင်ဘူး ဆိုတာမှတ်ထားပါ။ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်မရနိုင်ဘူးဆိုတာ မှတ်ထားကြပါ။ ကျနော်တို့ရဲ့ ဘဝအာမခံချက် လုံးဝမရှိတော့ဘူးဆိုတာ မှတ်ထားပါ။ ဒီလို ဥပဒေပြုအဖွဲ့ကြီးဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်မှာ လူမျိုးတမျိုးထဲကသာ လွှမ်းမိုးချယ်လှယ်နေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ကျနော်တို့ ဘဝအာမခံချက်ရှိနိုင်မလဲ။ ကျနော်တို့ သိပ်ကံကောင်းခဲ့တယ်။ မြန်မာနိုင်ငံမှာ ဟစ်တလာလို အာဏာရှင်တယောက်ပေါ်ခဲ့ရင် ဟစ်တလာက ဂျူးလူမျိုးအားလုံးကိုသတ်စေဆိုပြီး၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုး (၆) သန်း အသတ်ခံရသလို မြန်မာနိုင်ငံမှာရှိတဲ့ ချင်းလူမျိုးအားလုံးကို သတ်စေဆိုပြီး၊ လွှတ်တော်မှာ တရားဝင်အဆိုတင်သွင်းခဲ့ရင် ကျနော်တို့ဘာနဲ့ကာကွယ်မလဲ။

ပြည်သူ့လွှတ်တော်မှာရော လူမျိုးစုလွှတ်တော်မှာပါ သုံးပုံနှစ်ပုံမဲဟာ ဗမာမဲဖြစ်နေတဲ့အတွက် ကျနော်တို့ ချင်းလူမျိုးလွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ပြီး

မဲပေးကာကွယ်ရင်လဲ အလကားပဲ။ ညီအကိုတိုင်းရင်းသား ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားလူမျိုးများက ချင်း ဖက်က ကာကွယ်မဲပေးရင်လဲ အလကားပဲ၊ အရာရောက်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုလွှတ်တော် တခုလုံးရဲ့ သုံးပုံနှစ်ပုံမဲကို ဗမာလူမျိုးတမျိုးထဲကသာ ပိုင်ဆိုင်ထားတဲ့အတွက် သူတို့ ကြိုက်တာ ဘာမဆိုလုပ်နိုင်တယ်။ ကျနော်တို့ဟာ ဥပဒေအရ ဘာအာမခံချက်မှ မရှိဘူး။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ကျနော်တို့ကို အကာအကွယ်မပေး နိုင်ဘူး။ အပြဌာန်းခံဘဝမှာ ကျနော်တို့ ရောက်ရှိသွားခဲ့တယ်။

ကျနော်က ဟစ်တလာကိုဥပမာပေးပြီး ဒီလိုပြောတဲ့အခါကျတော့ ဗမာရဲဘော် တချို့က ဗမာပြည်မှာ ဒါမျိုးမဖြစ်နိုင်ဘူးလို့ ချေပပြောဆိုကြတယ်။ သိပ်ကိုဖြစ်နိုင် တယ်။ ဖြစ်လဲဖြစ်ခဲ့ ပြီးပြီ။ ပါလီမန်ဒီမိုကရေစီခေတ်လို့ခေါ်တဲ့ ဦးနုခေတ်မှာ ဖြစ်ခဲ့ပြီ။ ဦးနုကဘာလုပ်သလဲဆိုတော့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် လွှတ်တော် မှာဥပဒေနဲ့ ပြဌာန်းခဲ့တယ်။ အဲဒီတုန်းက ကျနော်တို့ ပြည်နယ်သားတွေ ဗုဒ္ဓဘာသာ ဝင်တွေမဟုတ်တဲ့ ပြည်နယ်သားတွေက ဘယ်လိုပဲ ကန့်ကွက်မဲပေးပေး၊ ပင်လယ်ထဲ ကို ရေတာစက်ကျသလောက်တောင် အရာမထင်ခဲ့ဘူး။ လူဦးရေနည်းပါးတဲ့ ကျနော် တို့တိုင်းရင်းသားလူမျိုးများကို ဗမာလူမျိုးကြီးဝါဒီတွေက အနိုင်ကျင့်ခဲ့တယ်။ ဒီလို တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့် အရေးမပေးပဲ လူဦး ရေပိုများတဲ့ ဗမာလူမျိုးများကို ပြည်ထောင်စုအာဏာတခုလုံး ပုံအောပေးခဲ့တာဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အဓိကအားနည်း ချက်ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအားနည်းချက်ကိုတော့ အထူးမပြောလိုပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အခြေခံအားဖြင့် ပြည်ထောင်စုစနစ်မဟုတ်ဘဲ တပြည်ထောင်စနစ်သာလျှင် ဖြစ်တယ်။ တပြည် ထောင်စနစ်ရဲ့ အနှစ်သာရ The essential quality of Unitary State ရဲ့ ပထမ အချက်ဟာ The supremacy of the central parliament ဖြစ်ပြီး၊ ဒုတိယအချက် ဟာ The absence of subsidiary sovereign bodies ဖြစ်တယ်။ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အထက်ပါအချက် (၂) ချက်စလုံးနဲ့ ပြည့်စုံတယ်။ ဒါကြောင့် တပြည်ထောင်စနစ် Unitary စစ်စစ်ဖြစ်တယ်။ နာမည်ဝေါဟာရအားဖြင့် ဘယ်လိုပဲ ပြည်ထောင်စုပြောပြော လိမ်ညာမှုသက်သက်ပဲဖြစ်တယ်။ ဒါကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဟာ အတုအယောင် ပြည်ထောင်စုဖြစ်ပြီး၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းထားတဲ့ ပြည် ထောင်စုဟာ အလိမ်အညာပြည်ထောင်စုကြီး ဖြစ်တယ်။ ကျနော်တို့ဟာ နှစ်ကြိမ် တိုင်တိုင် အလိမ်ညာခံခဲ့ရပြီ။ အခု တတိယအကြိမ် အလိမ်အညာခံရရင်တော့ လိမ်ညာသူအပြစ်မဟုတ်ပဲ အလိမ်ညာခံရသူ ကျနော်တို့တိုင်းရင်းသား လူမျိုးစုများရဲ့

အပြစ်ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ကျနော်တို့တတွေ သမိုင်းတရားခံမဖြစ်ဖို့ အများကြီးသတိထားရမယ်။ ကြိုးစားရမယ်။ ဇွဲရှိရမယ်။ သတ္တိရှိရမယ်။ ပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်ရမယ်။ ကျနော်တို့ပန်းတိုင်ဟာ ဘာလဲ။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိပြီး နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးကို အာမခံချက်ပေးနိုင်မည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်တဲ့ပြည်ထောင်စုစနစ်နဲ့ ရေးဆွဲပြဋ္ဌာန်းရေးပဲဖြစ်ပါတယ်။

ကျနော်တို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်က လက်ခံထားတဲ့ ပြည်ထောင်စုစစ်စစ်မှုထဲက အဓိကကျတဲ့ အချို့အချက်များကို တင်ပြလိုပါတယ်။ ကျနော်တို့ လက်ခံထားတဲ့ ပြည်ထောင်စုစစ်စစ်မှု ပထမအချက်ကတော့ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝ အပ်နှင်းထားရေး "မူ" ဖြစ်ပါတယ်။ ဆိုလိုတာကတော့ အမျိုးသားပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝအပ်နှင်းထားရမယ်။ ပြီးတော့ တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားတဲ့ နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားတဲ့ လုပ်ပိုင်ခွင့်အာဏာများမှအပကြွင်းကျန်တဲ့ လုပ်ပိုင်ခွင့်အာဏာ Residual Power များကို ပြည်နယ်အစိုးရထံအပ်နှင်းထားရမယ်။

ဒုတိယအချက်ကတော့ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းတဲ့အခါ ပထဝီအနေအထားပေါ် အခြေခံ၍ဖွဲ့စည်းခြင်း မဖြစ်စေပဲ၊ လူမျိုးကို အခြေခံတဲ့ ပြည်နယ်များသာ ဖြစ်ရမယ်။ ဘာဖြစ်လို့ ဒီ "မူ" ကိုချမှတ်ရလဲဆိုတော့ အခု ဒီမိုကရေစီလှုပ်ရှားမှုကာလမှာပဲ တချို့ဖောက်ပြန်တဲ့ မဟာလူမျိုးကြီးဝါဒသမားများက ဘာပြောလဲဆိုတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအကြောင်းပြချက်ဖြင့် ပြည်နယ်များကို လူမျိုးအခြေမခံပဲ၊ ပထဝီအနေအထားကို အခြေခံပြီး ဟားခါးပြည်နယ်၊ စစ်တွေပြည်နယ်၊ တောင်ကြီးပြည်နယ် စသည်အားဖြင့် နာမည်ကိုပါ ပြောင်းလဲပစ်ဖို့ ကြံစည်နေကြတယ်။ ဒါဟာ ကျနော်တို့ရဲ့ အမျိုးသားရေးလက္ခဏာ National Identity နှင့် သီးခြားလူမျိုးတမျိုးအဖြစ် ရပ်တည်ခြင်းကိုပြောင်ပြောင်တင်းတင်းရိုက်ချိုးခြင်းပဲ ဖြစ်တယ်။ မဟာဗမာလွှမ်းမိုးရေးဝါဒအရ Burmanization ဒါမှမဟုတ် မဟာမြန်မာလွှမ်းမိုးရေး Myanmarnization လုပ်ဖို့ကြိုးစားခြင်းဖြစ်တယ်။ ယနေ့ မြန်မာနိုင်ငံမှာ လူမျိုးရေးအတွက် လူမျိုးဆိုင်ရာအခွင့်အရေးအတွက် သာမက အမျိုးသားလက္ခဏာ (National Identity) ဖော်ထုတ်ဖို့ လက်နက်ကိုင်တော်လှန်ရေးလုပ်နေတဲ့ အဖွဲ့အစည်းအများကြီးရှိနေကြတယ်။ သူတို့ကြောင့်

ပြည်တွင်းစစ်မီးကြီး တောက်လောင်နေတယ်ဆိုတာ မေ့နေကြတယ်ထင်တယ်။ ကျနော်တို့ဟာ မိမိတို့အမျိုးသားလက္ခဏာ (National Identity) ကို ထိန်းသိမ်းကာကွယ်ဖို့ နောက်ဆုံးထွက်သက်အထိ တိုက်ပွဲဝင်သွားကြရမှာ ဖြစ်ပါတယ်။ ကျုပ်တို့ကို လူမျိုးတမျိုးအဖြစ်အသိအမှတ်မပြုတဲ့ မဟာလူမျိုးကြီးဝါဒီများကို နံပါတ်တစ်ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်သွားမှာ ဖြစ်ပါတယ်။

ကျနော်တို့ရဲ့ နံပါတ်သုံး တတိယ "မူ" ကတော့ ပြည်ထောင်စုအစိုးရကို အမျိုးသားပြည်နယ်များတန်းတူရည်တူ ပူးပေါင်းပြီးမှ ဖွဲ့စည်းရေးပဲဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းတဲ့အခါ ပြည်ထောင်စုလွှတ်တော်မှာ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဆိုပြီး လွှတ်တော်နှစ်ရပ်ထားရှိရမယ်။ လူမျိုးစုလွှတ်တော်မှာ အမျိုးသားပြည်နယ်များက လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမယ်။ ပြည်နယ် ဘယ်လောက်ကြီးကြီး၊ ဘယ်လောက်သေးသေး၊ လူဦးရေဘယ်လောက်များများ၊ ဘယ်လောက်နည်းနည်း လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမယ်။ ဒါမှသာ အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုဆိုတဲ့အနှစ်သာရ ပေါ်လွင်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာကျတော့ လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမှာ ဖြစ်ပါတယ်။ ဒီလို အင်္ဂါရပ်နဲ့ပြည့်စုံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးဟာ ကျနော်တို့ရဲ့ပန်းတိုင် ဖြစ်ပါတယ်။

ဒီပန်းတိုင်ကို အရောက်ချီတက်ဖို့ ကျနော်တို့ဟာ ဒီမိုကရေစီဘက်တော်သားများပီပီ လူထုအင်အားကို ယုံကြည်စိတ်ချစွာ အသုံးပြုသွားမှာ ဖြစ်တယ်။ ကိုယ့်လူမျိုးကိုအားကိုးရမယ်။ ကိုယ့်ပြည်သူကို ယုံကြည်ရမယ်။ ဒီနေရာမှာ ကျနော်တို့ပြည်နယ်သားများ အယူအဆလွဲမှားနေတာ တခုကိုသတိထားမိတယ်။ ဘာလဲဆိုတော့ ကိုယ့်လူမျိုးကိုယ့်ပြည်သူကို အားမကိုးဘဲ လူမျိုးခြားခေါင်းဆောင်လုပ်တဲ့ ပါတီကိုမှ အားကိုးတဲ့လူ၊ အထင်ကြီးတဲ့လူ အများကြီးလည်း တွေ့နေရတယ်။ ရှိုးမတဖက်က ရန်ကုန်မြို့ပေါ်မှာ ဌာနချုပ်ဖွင့်လှစ်တဲ့ပါတီကိုမှ အထင်ကြီးကြတယ်။ ဒါဟာ အမြင်မရှင်းလို့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်အရ ပြည်နယ်များ နိုင်ငံရေးအာဏာအပြည့်အဝရှိပြီး ရခိုင်လူမျိုးများအတွက် ရခိုင်ပြည်နယ်အစိုးရ ဖွဲ့စည်းဖို့၊ ချင်းလူမျိုးများအတွက် ချင်းပြည်နယ်အစိုးရဖွဲ့စည်းဖို့၊ ကိုယ့်ပြည်နယ် ကိုယ့်လူမျိုးကိုအခြေခံတဲ့ အမျိုးသားပါတီများ လိုအပ်ပါတယ်။ ဒီလိုပြည်နယ်များပူးပေါင်းတဲ့ အခါကျမှသာလျှင် အင်းအားတောင့်တင်းတဲ့ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းထူထောင်နိုင်မယ်ဆိုတာ သဘောပေါက်ဖို့လိုပါတယ်။ တချို့ ပုဂ္ဂိုလ်များဟာသိလျက်နဲ့ အခွင့်အရေးအတွက် ကိုယ့်လူမျိုးကိုပစ်ပယ်ပြီး၊ ရှိုးမတဖက်က ဗမာပါတီကိုသွားပြီး ဖူးမျှော်နေကြတယ်။ ဒီလို ဖောက်ပြန်တဲ့အချောင်သမားများကို

“ခေတ်သစ်သေန်ဒွေ” လို့ ကျနော်ကနာမည်ပေးလိုက်ချင်တယ်။ ရခိုင်သမိုင်းမှာ ရှိခဲ့ပါတယ်။ မြောက်ဦးခေတ် မဟာသမတမင်းလက်ထက်မှာ ရခိုင်ပြည်တွင်းရေး ပြဿနာဖြေရှင်းဖို့ သေန်ဒွေ ဆိုတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ရခိုင်ပြည်သူလူထုရဲ့ အင်အားကို အားမကိုးဘဲ ဗမာဘုရင် ဘိုးတော်မောင်ဝိုင်းလို့ခေါ်တဲ့ ဘိုးတော်ဘုရားကို အကူအညီတောင်းပြီး ပင့်ဖိတ်ခဲ့တယ်။ ဗမာဘုရင်ဘိုးတော်ဘုရားက ကုန်းတပ်၊ ရေတပ်နဲ့ ရခိုင်ပြည်နယ်ကိုစစ်ချီတော့ ဘာဖြစ်သွားလဲ၊ ရခိုင်လူမျိုးကျွန်ဘဝကို ရောက်သွားစေခဲ့တယ်။ အခုလဲပဲ ခေတ်သစ်သေန်ဒွေ တွေကြောင့် ကျနော်တို့ပြည်နယ်သားများ ကျွန်သက်ရှည်နိုင်တယ်။ ဒီလို အတွင်းဖောက်ပြန်ရေးအင်အားစုဟာ အပြင်ရန်သူထက် ပိုဆိုးပြီးပိုလည်း ကြောက်စရာကောင်းပါတယ်။ ဒါကြောင့် ခေတ်သစ်သေန်ဒွေ တွေကို အထူးသတိထားကြပါလို့ တိုက်တွန်းလိုပါတယ်။

ကျနော်တို့တိုက်ပွဲဟာ ရန်သူအမျိုးမျိုးနဲ့ တွေ့ကြုံပြီး၊ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ ယနေ့ကျနော်တို့ ဆင်နွဲနေတဲ့တော်လှန်ရေးဟာ မြင့်မြတ်မှန်ကန်တဲ့ တော်လှန်ရေးဖြစ်တယ်။ ဒီမိုကရေစီနဲ့ တန်းတူရေးဟာ လူသားတိုင်းရဲ့မွေးရာပါ အခွင့်အရေးဖြစ်တယ်။ ဒါကြောင့် လူသားတိုင်း၊ လူမျိုးတိုင်းရရှိခံစားသင့်ပါတယ်။ ဒါဟာ အမှန်တရားဖြစ်တယ်။ သစ္စာတရားလည်း ဖြစ်တယ်။

ကျနော်တို့ဟာ အမှန်တရားရဲ့ဘက်တော်သားများ ဖြစ်ကြတယ်။ အမှန်တရားရဲ့ ဘက်တော်သားများက အနာဂတ်ကို ပိုင်ဆိုင်ရမှာဖြစ်တယ်။ အနာဂတ်ကို ပိုင်ဆိုင်ရမဲ့ ကျနော်တို့ရဲ့တော်လှန်ရေးဟာ မုချအောင်ပွဲခံရမယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## အခန်း (၃)

# ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာ

[ ၁၉၉၀ ဇွန်လထုတ် တန်းတူရေးစာစောင် အမှတ်စဉ် (၂) တွင်
ရေးသားခဲ့သည့်ဆောင်ပါး ]

# ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာ

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုကြီး ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏အရေးပင် ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏အရေးနှင့် ကင်းကွာသော ပြည်ထောင်စုအရေး မရှိနိုင်ပေ။

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေးအကြပ်အတည်းအားလုံး၏ အရင်းအမြစ်သည် လူမျိုးစုပြဿနာတွင် များစွာအခြေစိုက်ထားသောကြောင့် ပြည်ထောင်စုကြီး၏ အခြေခံနိုင်ငံရေးပြဿနာများကို "လူမျိုးစုပြဿနာ" ဟု ခေါ်ဆိုနိုင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြီး၏ကံကြမ္မာအကောင်းအဆိုးကိုဖန်တီးနေသော လူမျိုးစုပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် မြန်မာနိုင်ငံ၏ အဓိကနိုင်ငံရေးသော့ချက် ဖြစ်နေပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ သေရေးရှင်ရေးတမျှအရေးကြီးသော လူမျိုးစုပြဿနာကို လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင်ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိသေးချေ။ လူမျိုးစုပြဿနာကို နိုင်ငံရေးအရ ပြေလည်စွာဖြေရှင်းနိုင်ခြင်း မရှိသောကြောင့် ယနေ့မြန်မာနိုင်ငံတွင် အများစုသော တိုင်းရင်းသားလူမျိုးများသည် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေကြပါသည်။ လူမျိုးစုပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် စစ်ရေးဖြင့်ဖြေရှင်းရန် ကြိုးပမ်းနေကြခြင်းပင် ဖြစ်သည်။ လူမျိုးရေးကြောင့် ဖြစ်ပွားသောပြည်တွင်းစစ်သည် လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာရှည်နေပါပြီ။

ပြည်တွင်းစစ်ကြောင့် ပထမဆုံးကျဆုံးသွားလေသူမှာ အမှန်တရားနှင့် လွတ်လပ်ခြင်းပင် ဖြစ်သည်။ ပြည်တွင်းစစ်ကြောင့် ရှင်သန်တန်ခိုးကြီးထွားရသူကား အာဏာရှင်စနစ်ဖြစ်၏။ အာဏာရှင်စနစ်ကြောင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိတ်သုဉ်းသွားသည်။ ထို့ကြောင့် ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ ရင်းမြစ်ပြဿနာသည် လူမျိုးစုပြဿနာပေါ်မှာ များစွာအခြေခံပါသည်။ ဒီမိုကရေစီအရေးတော်ပုံကြီး၏ အောင်ပွဲပန်းတိုင်သည်လည်း လူမျိုးစုပြဿနာကို နိုင်ငံရေးအရ ငြိမ်းချမ်းစွာဖြေရှင်းပေးမည့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးသို့ ဦးတည်နေပေသည်။

မြန်မာနိုင်ငံ၏ လူမျိုးစုပြဿနာရင်းမြစ်ကို တူးဆွကြည့်သောအခါတွေ့ရှိရသည့် အကြီးကျယ်ဆုံး ပြဿနာမှာ — ပြည်နယ်များပြည်ထောင်စုထဲမှ ခွဲထွက်ခွင့်

ဆိုသော “ခွဲထွက်ရေးပြဿနာ” ပင် ဖြစ်ပါသည်။ ဤမျှကြီးမားသော ပြဿနာကို ဖန်တီးပေးသည့် ခွဲထွက်ခွင့်ကို မည်သည့်အကြောင်းကြောင့် ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သနည်း။ လေးနက်သော အကြောင်းတရားရှိပေမည်။ ထို့ကြောင့် ပြဿနာ၏အရင်းအမြစ်ကို နူးညံ့သိမ်မွေ့စွာ ချဉ်းကပ်ရန် လိုပေသည်။ ခွဲထွက်ရေးပြဿနာကို အကိုင်အတွယ်မှားယွင်းမှုကြောင့် ပြည်တွင်းစစ်မီးနဲ့လည်း ရင်ဆိုင်ခဲ့ရပြီ။ တပါတီအာဏာရှင်စနစ်ကို ပေါက်ဖွားစေသည့် အာဏာသိမ်းမှုနှင့်လည်းကြုံခဲ့ရပြီ။ ထို့ကြောင့် ဤပြဿနာကို အကိုင်အတွယ်တချက်မှားယွင်းပါက ကျောင်းသားလူငယ်၊ ရဟန်းရှင်လူပြည်သူအပေါင်း အသက်ပေါင်းများစွာစတေး၍ ဆင်နွှဲနေသောဒီမိုကရေစီအရေးတော်ပုံကြီးကိုပင် ရေစုန်မျောသွားစေနိုင်သည်။

သို့သော် ဤ ပြဿနာကို ရှောင်လွှဲ၍ ရမည်မဟုတ်ပေ။ အကြောင်းမှာ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာသော ပြဿနာဖြစ်၍ လွတ်လပ်ရေးအသီးအပွင့်ကို တိုင်းရင်းသားလူမျိုးစုအားလုံး ပြည့်ဝစွာခံစားနိုင်ခြင်းမရှိသ၍ ဤပြဿနာ ရှိနေဦးမည်ပင်ဖြစ်သည်။ ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး အောင်မြင်သောအခါမှသာ ဤပြဿနာပြေလည်သွားမည်ဟုယုံကြည်မျှော်လင့်ရပေသည်။

ခွဲထွက်ရေးပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ရေးအတွက် သမိုင်းကြောင်းကိုဆန်းစစ်ရန်လိုပေသည်။ ဤ ပြဿနာသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၆) ရက်နေ့မှ (၁၂) ရက်နေ့အထိကျင်းပသော ပင်လုံညီလာခံမှ သန္ဓေတည်ခဲ့ပါ သည်။ ၁၉၄၇ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ကျင်းပခဲ့သော ရှမ်းစော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းလူထုကိုယ်စားလှယ်များနှင့် ကချင်ခေါင်းဆောင်များပါဝင်သော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၅) တွင် “လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာပြည်ထောင်စုမှ ကျွန်ုပ်တို့ခွဲထွက်လိုလျှင် ကျွန်ုပ်တို့သဘောကျသည့် အချိန်တွင် ခွဲထွက်နိုင်ခွင့်ရှိစေရမည်” ဟုအားလုံးသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ ပင်လုံညီလာခံသို့ (၇၊ ၂။ ၄၇) တွင် ရောက်ရှိလာကြသော ချင်းကိုယ်စားလှယ်များ အပါအဝင် ရှမ်း၊ ကချင်နှင့် ချင်းခေါင်းဆောင်များ စုံညီတက်ရောက်သည့် နယ်စပ်ဒေသကိုယ်စားလှယ်များ အစည်းအဝေး (၇၊ ၂။ ၄၇ ညနေပိုင်းတွင်ကျင်းပသည်) တွင် ထိုဆုံးဖြတ်ချက်ကို ထပ်မံ၍ အတည်ပြုနိုင်ခဲ့ပါသည်။

ချင်း၊ ကချင်နှင့် ရှမ်းတိုင်းရင်းသားများ လိုလားတောင်းဆိုသော ခွဲထွက်ခွင့်ကို ဗိုလ်ချုပ်အောင်ဆန်းကလည်း ကန့်ကွက်ခြင်းမရှိ ထောက်ခံခဲ့ပါသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဦးစီးရေးဆွဲ၍ ဂျူဗလီခန်းမကြီး၌ ၁၉၄၇ ခုနှစ် မေလတွင် ကျင်းပခဲ့သော ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံကြီးတွင် အတည်ပြု

ပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၁၂) တွင်ခွဲထွက်နိုင်သောအခွင့်အရေးကို အတိအလင်းပြဋ္ဌာန်းခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ခဲ့ပြီးနောက်၊ ဦးချန်ထွန်းဦးစီးရေးဆွဲ၍ ၁၉၄၇ စက်တင်ဘာလတွင် ကျင်းပသောတိုင်းပြုပြည်ပြုလွှတ်တော်က လက်ခံအတည်ပြုသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၁၀) တွင် ခွဲထွက်နိုင်သော အခွင့်အရေးများကို အတိအလင်းပြဋ္ဌာန်းခဲ့ပါသည်။

အဘယ်ကြောင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များက ခွဲထွက်နိုင်သောအခွင့်အရေးကိုတောင်းဆိုခဲ့ကြသနည်း။ အဘယ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗမာခေါင်းဆောင်များက လိုက်လျော၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းတွင်အတိအလင်းပြဋ္ဌာန်းပေးခဲ့သနည်း။ အလွန်လေးနက် သိမ်မွေ့လှပါပေသည်။

ခွဲထွက်ခွင့်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်း၍ ဖွဲ့စည်းထူထောင်သောပြည်ထောင်စုကြီးပေါက်ဖွားရှင်သန်ရေးအတွက် ထူးခြား၍ လေးနက်ပြည့်ဝသောအနှစ်သာရများစွာကို ဖော်ဆောင်ခဲ့ပါသည်။ အဓိကအကျဆုံး၊ အလေးနက်ဆုံးသော အနှစ်သာရမှာ — အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးသည် လူမျိုးရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း တန်းတူညီမျှကြပြီး၊ ထို တန်းတူညီမျှသော တိုင်းရင်းသားလူမျိုးများသည်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့်အပြည့်အဝရရှိကြရမည် ဟူသော အနှစ်သာရပင် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် ခွဲထွက်ခွင့်သည် သမိုင်းအစဉ်အဆက် သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုးများ မိမိတို့ဆန္ဒအလျောက် တန်းတူရည်တူပူးပေါင်း၍ နိုင်ငံတော်တခုကိုအတူတကွ ထူထောင်ကြသည်ဆိုသော နိုင်ငံရေးအဓိပ္ပာယ်ပင် ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ ဤနိုင်ငံနယ်နမိတ်အတွင်းတွင် စုပေါင်းနေထိုင်နေကြခြင်းမှာ မိမိတို့ဆန္ဒအလျောက်ဘိုးဘွားပိုင်နယ်မြေအသီးသီးကိုပူးပေါင်း၍ ပြည်ထောင်စုတခု ဖွဲ့စည်းထူထောင်ရန်ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းကြောင့်သာ ဖြစ်ပါသည်။ လူမျိုးတမျိုးကလက်နက်ဖြင့် တိုက်ခိုက်သိမ်းပိုက်ကျွန်ပြု၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်ကြခြင်းမဟုတ်ပေ။ ထိုနည်းတူ ပင်လုံစာချုပ်သည်လည်း ချင်း၊ ကချင်နှင့် ရှမ်း လူမျိုးများ အညံ့ခံလက်နက်ချ၍ ချုပ်ဆိုသော စာချုပ်မဟုတ်ပေ။ သီးခြားလွတ်လပ်သောလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ပြည်ထောင်စုနိုင်ငံတခုကို အတူတကွထူထောင်ရန် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်သာလျှင် ဖြစ်ပေသည်။ ဤအချက်ကိုပေါ်လွင်စေသောအရာမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် “ခွဲထွက်လိုပါကလွတ်လပ်စွာဖြင့် ခွဲထွက်ပိုင်ခွင့်ရှိစေရမည်” ဆိုသောအချက်ပင် ဖြစ်ပါသည်။ ထို့

ကြောင့် ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးတွင် ခွဲထွက်နိုင်သော အခွင့်အရေးကို သီးခြားအခန်း၊ သီးခြားပုဒ်မဖြင့် အတိအလင်း ပြဋ္ဌာန်းခဲ့ခြင်းမှာ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကြီးကိုထူထောင်ရန် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည် ဟူသော အဓိပ္ပာယ်နှင့် အနှစ်သာရကို ပေါ်လွင်ထင်ရှားစေသည့် ပြဋ္ဌာန်းချက်ပင် ဖြစ်ပါသည်။

သို့ရာတွင် အထူးဝမ်းနည်းဖွယ်ကောင်းသောအချက်မှာ ခွဲထွက်ခွင့်ကို သီးခြားပုဒ်မဖြင့် အထင်အရှားပြဋ္ဌာန်းခဲ့သော်လည်း ၎င်းခွဲထွက်ခွင့်၏ အနှစ်သာရဖြစ်သော တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေး ရရှိခံစားရေးကိုမူ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ပေးနိုင်ခြင်း မရှိခဲ့ပေ။ တိုင်းရင်းသားလူမျိုးများ လူမျိုးရေးအရလည်းကောင်း၊ နိုင်ငံရေးအရ လည်းကောင်း၊ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အာမခံချက် မပေးနိုင်ခဲ့ပေ။ ထိုသို့ အခြေခံကျသော တန်းတူရေးအနှစ်သာရများကို ပီပြင်အောင် ဖော်ဆောင်နိုင်ခြင်း မရှိသောကြောင့်၊ တန်းတူရေးပြယုဂ်အဖြစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော “ခွဲထွက်ရေး” သည် သမိုင်းစဉ်တလျှောက် အကျိုးထက်အပြစ်ကိုသာ ဖြစ်ပေါ်စေခဲ့ပါသည်။

ယင်းသည် လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ခြင်း မရှိသောကြောင့်ဖြစ်၏။ လူမျိုးစုပြဿနာ၏ အရင်းအမြစ်သည် တန်းတူရေးမှာ အခြေခံပေသည်။ တန်းတူရေးပြဿနာကိုပြေလည်စွာ ဖြေရှင်းလိုပါက မြန်မာနိုင်ငံကို စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထူထောင်ရပေမည်။ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးသည် လူမျိုးစုပြဿနာ ဖြေရှင်းနိုင်ရေးအတွက် အခေါင်အချုပ်ဖြစ်ပါသည်။

၁၉၄၇ နှင့် ၁၉၇၄ တို့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတို့သည် စစ်မှန်သောပြည်ထောင်စုစနစ်ကို ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် လူမျိုးစုပြဿနာကို နိုင်ငံရေးအရပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိပေ။ လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် ပြည်တွင်းငြိမ်းချမ်းရေးလည်း မရရှိနိုင်ပေ။ ပြည်တွင်းစစ်ကိုအမှီပြု၍ စစ်အာဏာရှင်စနစ်ပေါ်ပေါက်လာပြီး၊ စစ်အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းသွားသော မဆလ တပါတီအာဏာရှင်စနစ်ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိတ်သုဉ်းသွားခဲ့ရပါသည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အဓိကအားနည်းချက်မှာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာ မပေးအပ်ခြင်းပင် ဖြစ်သည်။ ပြည်နယ်များအား ဥပဒေပြုပိုင်ခွင့်အာဏာ၊ အုပ်ချုပ်

ခွင့်အာဏာနှင့် တရားစီရင်သည့်အာဏာ အပြည့်အဝအပ်နှင်းထားခြင်း မရှိပေ။ ပြည်ထောင်စုစနစ်အရ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများကို နိုင်ငံတော်အာဏာ သင့်တော်သလို ခွဲဝေပေးရမည်ဖြစ်သော်လည်း၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုစနစ်မှသွေဖီ၍ ဗဟိုအစိုးရတွင် နိုင်ငံတော်အာဏာကို အားလုံးစုပြုံ ထားသော တပြည်ထောင်စုစနစ်အသွင်ကို ဆောင်နေခဲ့ပါသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးတမျိုးဖြစ်သော ဗမာကို ပြည်နယ်ဖွဲ့စည်းခြင်း မရှိစေပဲ၊ ပြည်ထောင်စု (ဗဟို) အာဏာအားလုံးကို ပုံအပ်ပြီးပေးထားခဲ့ပါသည်။ ယင်းသည် ပင်လုံစာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သော တန်းတူရေးမူကို ပြောင်ပြောင်တင်းတင်းရိုက်ချိုးခြင်းပင်ဖြစ်သည်။ ဗမာလူမျိုးများကို ပြည်ထောင်စု (ဗဟို) အာဏာအားလုံး ပုံအပ်ပေးထားခြင်းကြောင့် အခြားတိုင်းရင်းသားလူမျိုးများ သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ဗမာလူမျိုးတို့၏ ကိုလိုနီဘဝသို့ ရောက် ရှိသွားကြပါသည်။ ထို့ကြောင့် တန်းတူရေးမူဖြင့် ပဋိညာဉ်ပြုခဲ့သော ပင်လုံစာချုပ် သည် မှင်ပင်မခြောက်သေးခင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် စောစီးစွာသစ္စာဖောက်ခြင်း ခံခဲ့ရလေသည်။

ထိုထက်ဆိုးဝါးသောအချက်မှာ ပြည်ထောင်စုဥပဒေပြုအဖွဲ့ကြီးဖြစ်သည့် ပြည် ထောင်စုလွှတ်တော် (၂) ရပ်စလုံးတွင် လူဦးရေပိုများသော ဗမာလူမျိုးများလွှမ်းမိုး ချယ်လှယ်နိုင်ရန် ဖန်တီးထားခြင်းပင် ဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေ အချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ် စေလွှတ်ကြရမည် မှန်သော်လည်း၊ ပြည်ထောင်စုစနစ်အရ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များကလွှတ်တော်အမတ် ဦးရေ အညီအမျှ စေလွှတ်သင့်ပေသည်။ သို့သော် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတွင် လူမျိုးစုလွှတ်တော်အတွက် ပြည်နယ်များက လွှတ်တော်ကိုယ်စား လှယ်ဦးရေ အညီအမျှစေလွှတ်ခြင်းမရှိပဲ ပြည်သူ့လွှတ်တော်ကဲ့သို့ လူဦးရေ အချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြသဖြင့် လူဦးရေ ပိုများသော ဗမာလူမျိုးတို့က ပြည်သူ့လွှတ်တော်တွင်ရော လူမျိုးစုလွှတ်တော်တွင်ပါ လွှမ်းမိုး၍ ချယ်လှယ်ချင်တိုင်း ချယ်လှယ်၍ ရပါသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရသည် ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံခြင်း ဖြစ်၍ လူမျိုးစုလွှတ်တော်သည် အယောင်ဆောင်မျှသာ ဖြစ်ပါတော့သည်။ ထို့ ကြောင့် ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးများတန်းတူညီမျှ ခြင်းဆိုသော အနှစ်သာရပျောက်ကွယ်ပြီး ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးစုများသည် အပြဲဒါန်းခံဘဝသို့ ရောက်ရှိသွားကြပါလေတော့သည်။

၁၉၇၄ ခုနှစ်တွင် ရေးဆွဲပြဌာန်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံအားဖြင့် တန်းတူရေးကို ဆန့်ကျင်သော ဥပဒေဖြစ်ပါသည်။ အကြောင်းမှာ

၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မဆလ တပါတီအာဏာရှင်စနစ်ကို ကျားကန်ပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေသာဖြစ်၏။ မဆလ တပါတီအာဏာရှင်စနစ်သည် တော်လှန်ရေးကောင်စီဟူသော စစ်အာဏာရှင်စနစ်မှ အသွင်ပြောင်းလဲခဲ့သော စစ်အာဏာရှင်စနစ်နှင့် တပါတီအာဏာရှင်စနစ် ပေါင်းစပ်ထားသည့် စနစ်မျှသာဖြစ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီသည် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရရှိရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးကို မလိုလားဘဲ ပြည်နယ်များခွဲထွက်ရေးမှုကြောင့် ပြည်ထောင်စု မပြိုကွဲရေးဟူသော အကြောင်းပြချက်ဖြင့် ၁၉၆၂ တွင်ပြည်သူလူထုထံမှ နိုင်ငံတော်အာဏာကို လက်နက်အားကိုးအကြမ်းဖက်၍ သိမ်းယူသော စစ်အုပ်စုတစုမျှသာလျှင်ဖြစ်ကြ၏။ ထို့ကြောင့် မူလအခြေခံအားဖြင့် တန်းတူရေးကို ဆန့်ကျင်သော အင်အားစုက ရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်၍ လူမျိုးစုပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပေ။ ဗဟိုဦးစီးစနစ်ကို တင်းကြပ်စွာကျင့်သုံး၍ ပြည်နယ်တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို နိုင်ငံရေးအရ ပိတ်ပင်ခဲ့ပါသည်။ အမှန်စင်စစ် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမည်နာမအားဖြင့် ပြည်ထောင်စုဟု ခေါ်ခဲ့ရသော်လည်း အနှစ်သာရမှာ တပြည်ထောင်စနစ် မျှသာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိပါက၊ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူအခွင့်အရေးရရှိရေး အာမခံချက်ပေးနိုင်လိမ့်မည် မဟုတ်ပေ။ တန်းတူရေး အာမခံချက်မရှိပါက လူမျိုးစုပြဿနာကို ပြေလည်စွာဖြေရှင်းနိုင်မည် မဟုတ်ပေ။ လူမျိုးစုပြဿနာ မဖြေရှင်းနိုင်က ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်း၍ ရနိုင်မည်မဟုတ်ပေ။ ပြည်တွင်းငြိမ်းချမ်းရေးမရရှိပါက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရှင်သန်ပွင့်လန်းနိုင်မည် မဟုတ်ပေ။ ပြည်တွင်းစစ်ကို အမှီပြု၍ စစ်အာဏာရှင်စနစ်သာလျှင် တန်ခိုးကြီးထွား လာပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကြုံခဲ့ဖူးသော သမိုင်းသင်ခန်းစာကို အလေးအနက်ခံယူပြီး၊ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူညီမျှရေးကို အာမခံချက်ပေးနိုင်သော စစ်မှန်သောပြည်ထောင်စုစနစ်ကို ထူထောင်ကြရပေမည်။ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်မှသာလျှင် လူမျိုးစုပြဿနာကိုပြေလည်စွာ ဖြေရှင်းနိုင်ပေလိမ့်မည်။ လူမျိုးစုပြဿနာကို ပြေလည်စွာဖြေရှင်းနိုင်ပါမှ ပြည်နယ်များခွဲထွက်ရေးကြောင့် ပြည်ထောင်စုမပြိုကွဲရေးဟူသော အကြောင်းပြချက်ဖြင့် မတရားတန်ခိုးကြီးထွားနေသော စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းနိုင်ပေလိမ့်မည်။ တန်းတူရေးတောင်းဆိုချက်ဖြင့် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရာမှ တောက်လောင်နေသော ပြည်တွင်းစစ်ကိုလည်း ငြိမ်းသတ်နိုင်ပေလိမ့်မည်။

ထို့ကြောင့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲပြဌာန်းရေးသည် ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာဖြေရှင်းရန် တခုတည်းသော နည်းလမ်းဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

အခန်း (၄)

# စစ်မှန်သောပြည်ထောင်စုစနစ်နှင့် ချင်းအမျိုးသားများလိုလားချက်

[ ၁၉၉၀ မေလ ရွေးကောက်ပွဲမတိုင်မီ
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအနေဖြင့်
မြန်မာ့အသံမှတိုင်းပြည်သို့အသံလွှင့်ဟောပြောသည့်မိန့်ခွန်း ]

# စစ်မှန်သောပြည်ထောင်စုစနစ်နှင့် ချင်းအမျိုးသားများလိုလားချက်

လေးစားအပ်တဲ့ ပြည်သူလူထုအပေါင်းတို့ခင်ဗျား —

ကျနော်ကတော့ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး "ဆလိုင်းလျန်မှုန်း" ဖြစ်ပါတယ်။ ကျနော်ဟာ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အတိုကောက်အခေါ်) ချင်းအဖွဲ့ချုပ် (Chin League) ရဲ့ အထွေထွေအတွင်းရေးမှူးတာဝန်အပြင်၊ ပြည်နယ် (၇) ခုနှင့် တိုင်းတချို့က တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီ (၁၉) ခုပူးပေါင်းထားပြီး၊ လူမျိုးစုအဖွဲ့ချုပ်ကြီးလို့လူသိများတဲ့ "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်" ရဲ့ အတွင်းရေးမှူးတာဝန်ကိုလည်း ထမ်းဆောင်နေပါတယ်။

ကျနော်တို့ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီမိုကရေစီရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများနိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးကို တပြိုင်နက်တည်းတိုက်ပွဲဝင်သွားမယ်လို့ သံဓိဋ္ဌာန်ချထားတဲ့ နိုင်ငံရေးပါတီတခု ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလို တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်တဲ့နိုင်ငံမှာ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးဟာ ဒင်္ဂါးတပြားရဲ့ ခေါင်းနှင့်ပန်းလို ခွဲခြားမရအောင်ဆက်စပ်နေတဲ့ နိုင်ငံရေးပြဿနာများပဲ ဖြစ်ကြပါတယ်။

ဒါကြောင့် ဒီမိုကရေစီရေးနှင့် တန်းတူရေးဆက်စပ်မှုကို ပထမဦးစွာတင်ပြလိုပါတယ်။ ကျနော်တို့ဆင်နွှဲနေတဲ့ အရေးတော်ပုံကြီးဟာ သာမန်မင်းပြောင်းမင်းလွှဲလုပ်ဖို့အတွက် ဆင်နွှဲနေတဲ့ နိုင်ငံရေးတိုက်ပွဲ မဟုတ်ဘူး။ အစိုးရတရပ် အပြောင်းအလဲ လုပ်လိုက်ရုံနဲ့ ပြည်ထောင်စုပြဿနာတခုလုံး ပြေလည်နိုင်မှာ မဟုတ်ဘူး။ ဒီမိုကရေစီရေးနှင့်အတူ တန်းတူရေးအတွက်ပါ တိုက်ပွဲဝင်သွားဖို့ လိုပါတယ်။ ဒီမိုကရေစီရေးနှင့် တန်းတူရေးဟာ တခုလုပ်ပြီးမှ နောက်တခုလုပ်ရမယ့်ကိစ္စ မဟုတ်ဘူး။ တပြိုင်နက်တည်းဆောင်ရွက်ရမည့် နိုင်ငံရေးတာဝန်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးကို ကြွေးကြော်ပြီး တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ် ဖွဲ့စည်းတူထောင်ရေးကို မေ့ထားလို့မရပါဘူး။

မဲဆန္ဒရှင် ပြည်သူလူထုအပေါင်းတို့ခင်ဗျား —

မဲဆန္ဒရှင် ပြည်သူလူထု အပေါင်းတို့ကို ကျနော်ရိုးသားစွာ တင်ပြချင်တာက လာမည့်ရွေးကောက်ပွဲဟာ ကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့

ပန်းတိုင်မဟုတ်သေးဘူး ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ လာမည့် ရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ နိုင်ငံရေးပါတီ၊ ဒါမှမဟုတ် နိုင်ငံရေးပါတီများက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ "အစိုးရ" တရပ် ဖွဲ့စည်းလိုက်ရုံနဲ့ ကျနော်တို့ ဆင်နွှဲနေတဲ့ဒီမိုကရေစီ အရေးတော်ပုံကြီး အောင်မြင်ပြီလို့ မသတ်မှတ် နိုင်သေးပါဘူး။ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီက ဒီမိုကရေစီအရပ်သား အစိုးရတရပ် ဖွဲ့စည်းထူထောင်ရေးဟာ ကျနော်တို့ ဆင်နွှဲနေတဲ့ ဒီမိုကရေစီ အရေးတော်ပုံကြီးရဲ့ တခုတည်းသော ပန်းတိုင် မဟုတ်ပါဘူး။

ဆိုလိုတာက—၁၉၉၀ မေလ (၂၇) ရက်နေ့ မှာ ကျင်းပမည့်ရွေးကောက်ပွဲဟာ ဒီမိုကရေစီ ထွန်းကားပြီး စစ်မှန်တဲ့ပြည်ထောင်စုစနစ်တည်ဆောက်နိုင်ရေးအတွက် ပထမခြေလှမ်းပဲ ဖြစ်ပါသေးတယ်။ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် မလွှဲမသွေ ဖြတ်သန်းရမယ့် နိုင်ငံရေးမှတ်တိုင်တခု၊ လှေကားထစ်တထစ်မျှသာ ဖြစ်ပါတယ်။ ဒီလိုပြောလိုက်တဲ့အတွက် ရွေးကောက်ပွဲဟာ အရေးမကြီးဘူးလို့ ပြောနေခြင်း မဟုတ်ပါဘူး။ အလွန်အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုတရပ်လုံးက နှစ်ပေါင်း (၂၈) နှစ်လုံးလုံး လက်လွှတ်ဆုံးရှုံး ခဲ့ရတဲ့ နိုင်ငံတော်အာဏာကို မိမိတို့လက်ဝယ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ငြိမ်းချမ်းတဲ့နည်း၊ အကြမ်းမဖက်တဲ့နည်းနဲ့ တိုက်ပွဲဝင်မယ်ဆိုရင် တရားမျှတပြီး လွတ်လပ်သန့်ရှင်းတဲ့ ရွေးကောက်ပွဲဟာ အကောင်းဆုံးနည်းလမ်းပဲ ဖြစ်ပါတယ်။

ကျနော်တို့နိုင်ငံရေးပါတီများဟာလည်း လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှာ နေ့စဉ်နှင့်အမျှဖော်ပြထားတဲ့ "နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူများလက်ဝယ်သို့ ဒီမိုကရေစီနည်းလမ်းနှင့်အညီ မြန်နိုင်သမျှမြန်မြန် ပြန်လည်အပ်နှင်းချင်သည်" ဆိုသည့်အတိုင်း ပြည်သူလူထုလက်ဝယ်သို့ နိုင်ငံတော်အာဏာအမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ အမှန်စင်စစ် နိုင်ငံရေးလုပ်တယ်ဆိုတာ အာဏာပြဿနာကို ကိုင်တွယ်ဖြေရှင်းတာပဲ ဖြစ်ပါတယ်။ အာဏာပြဿနာနဲ့ကင်းကွာတဲ့ နိုင်ငံရေးဆိုတာ မရှိပါဘူး။ အရေးကြီးတာက ဒီနိုင်ငံရေးအာဏာကို ဘယ်လိုအသုံးပြုမလဲ၊ ဘယ်သူ့အတွက် အသုံးပြုမလဲ၊ လူထုအတွက်လား၊ မိမိကိုယ်ကျိုးအတွက်လား၊ လူတစုအတွက်လား၊ လူမျိုးတမျိုးထဲအတွက်လား၊ တိုင်းရင်းသားလူမျိုးအားလုံး အတွက်လား၊ ဘယ်သူတွေက ဘယ်လိုအသုံးပြုကြမလဲ ... အဲဒါအရေးကြီးပါတယ်။

ဒါကြောင့်၊ ပြည်သူလူထုကို အထူးသတိပေးပြောကြားလိုတာက "ခင်ဗျားတို့ပိုင်ဆိုင်ထားတဲ့အာဏာကို ခင်ဗျားတို့ကိုယ်စားအသုံးခွင့်ပြုပေးတဲ့ ခင်ဗျားတို့ကိုယ်စားလှယ်ကိုရွေးချယ်တဲ့အခါ အထူးသတိထားကြပါ။ ခင်ဗျားတို့ကိုယ်စားလှယ်ဟာ အာဏာကိုဘယ်လိုအသုံးပြု မလဲ၊ ဘယ်လိုသုံးဖို့ ရည်ရွယ်ထားသလဲ၊

သေသေချာချာစဉ်းစားပြီးမှ မဲပေးကြပါ။ မဲဆွယ်တရားပွဲစင်ပေါ်တက်ပြီး တရားကောင်းကောင်းဟောတတ်ရုံနဲ့ မဲမပေးကြပါနဲ့။ သူတို့ရဲ့နောက်ခံသမိုင်း၊ အကျင့်သိက္ခာ၊ နိုင်ငံရေးခံယူချက် စသည်တို့ကို အသေအချာလေ့လာထားပါ။ အထူးသဖြင့် လာမည့်ရွေးကောက်ပွဲဟာ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ – လာမည့်ရွေးကောက်ပွဲမှာအနိုင်ရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကျနော်တို့ တိုင်းပြည်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဌာန်းကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် လာမယ့်ရွေးကောက်ပွဲမှာ အနိုင်ရပြီး အစိုးရဖွဲ့စည်းသွားမည့် နိုင်ငံရေးပါတီများရဲ့ အဓိကတာဝန်ဟာ တိုင်းရင်းသားပြည်သူတရပ်လုံးက မိမိတို့ရဲ့ မွေးရာပါအခွင့် အရေးအဖြစ် ပိုင်ဆိုင်ထားတဲ့ အခြေခံအခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲပြဌာန်းရေးပဲ ဖြစ်ပါတယ်။ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်း ဆိုတဲ့ လောကပါလတရားများထွန်းကားပြီး ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကိုအပြည့်အဝအာမခံချက်ပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ် နဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းနိုင်ရေးဟာကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အဓိကပန်းတိုင်ပဲဖြစ်ပါတယ်။

တနည်းအားဖြင့်ပြောရရင်—လာမယ့် ရွေးကောက်ပွဲဟာ ကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ နောက်ဆုံးပန်းတိုင်ကို အဆုံးအဖြတ် ပေးမယ့် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်တဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်။ သာမန်ရွေးကောက်ပွဲ မဟုတ်ဘူး။ တိုင်းပြည်တခုလုံးရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ရွေးကောက်ပွဲ ဖြစ်ပါတယ်။ ဒီ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းသူပြည်သားအားလုံး လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့်ရရှိရေး၊ ပြည်သူလူထုတရပ်လုံး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအပြည့်အဝ ရရှိရေး၊ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရရှိရေး စတဲ့ ကျနော်တို့အားလုံးရဲ့ ကံကြမ္မာကို ပြဌာန်းကာကွယ်ပေးမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လာမယ့်ရွေးကောက်ပွဲမှာ အရွေးခံတဲ့ ပြည်သူ့ကိုယ်စားလှယ်များက ရေးဆွဲ ပြဌာန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လာမယ့် ရွေးကောက်ပွဲဟာ တိုင်းပြည်အတွက် သေရေးရှင်ရေးတမျှအရေးကြီးပါတယ်။

ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးတို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းရေးဟာ ကျနော်တို့ ဆင်နွှဲနေတဲ့ဒီမိုကရေစီ အရေးတော်ပုံကြီးရဲ့

ပန်းတိုင်ပဲဖြစ်ပါတယ်။ ဒီ ပန်းတိုင်ကို ကျနော်တို့ ပြည်သူ လူထုတွေ မရောက်ခင် ကိုယ်ကျိုးရှာနိုင်ငံရေး သမားစားဖားကြီးများ၊ အရေခွံလဲထားတဲ့ အာဏာရှင် ဟောင်းများက လက်ဦးပြီး သူတို့အကြိုက်ရေးဆွဲပြဌာန်းလို့ရှိရင် — ကျနော်တို့ နိုင်ငံဟာ (၂၆) နှစ်မဟုတ်ဘူး၊ နှစ်ပေါင်းရာနဲ့ချီပြီး ဒုက္ခပင်လယ်ဝေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်နှင့် လူမျိုးအတွက် တကယ်အနစ်နာခံပြီး တကယ်အလုပ်လုပ် မယ့် ဒီမိုကရေစီဖက်တော်သား ကိုယ်ကျိုးစွန့်ခေါင်းဆောင်များကို မိမိတို့ကိုယ်စား လှယ်အဖြစ် ရွေးချယ်ဆန္ဒမဲ ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

မဲဆန္ဒရှင် ပြည်သူလူထုအပေါင်းတို့ခင်ဗျား —

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် ကျနော်တို့တိုင်းပြည်ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဦးတည်နေပါတယ်။ ဒီလို နိုင်ငံရေးအပြောင်း အလဲ ကာလမှာ ကျနော်တို့အားလုံးသတိထားရမည့်အချက်ကတော့ — လာမည့် ရွေးကောက်ပွဲမှာ အနိုင်ရပြီး တက်လာမည့် အစိုးရဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာတည်မြဲရေးကိုသာ ကာကွယ်စောင့်ရှောက်ပြီး ပြည်သူလူထု တရပ်လုံးရဲ့ မွေးရာပါအခွင့်အရေးများကို အခြားတဖက်မှာ ရုပ်သိမ်းလိုက်လို့ရှိရင် ဒီအစိုးရဟာ ကျနော်တို့အားလုံး လိုလားတောင့်တတဲ့ အစိုးရမျိုး မဟုတ်သေးဘူး လို့ သတ်မှတ် ခံရမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့တိုင်းပြည်လို့ခေါ်ပြီး အဲဒီ တိုင်းပြည်ထဲက ပြည်သူ လူထုတရပ်လုံး မလွတ်လပ်ဘူးဆိုရင် ဒီလိုမျိုး တိုင်းပြည်ကို တင်းပြည့်ကျပ်ပြည့် လွတ်လပ်တဲ့တိုင်းပြည်လို့ခေါ် နိုင်မှာမဟုတ်ဘူး။ တိုင်းပြည်လည်း လွတ်လပ်ပြီး လူမျိုးလည်းလွတ်လပ်ဖို့ လိုပါတယ်။ ပြည်သူလူထုတရပ်လုံးရဲ့ ဘဝလွတ်မြောက် ရေးဟာ လွတ်လပ်ရေးရဲ့ အနှစ်သာရပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အချုပ် အခြာအာဏာတည်မြဲရေးကို အကြောင်းပြုပြီး ပြည်သူလူထုတရပ်လုံးရဲ့ မွေးရာပါ အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ပိတ်ပင်တားဆီးတဲ့စနစ်ကို ကျနော် တို့ ပြင်းထန်စွာကန့်ကွက်ပါတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတို့ကို ပိတ်ပင် ဟန့်တားတဲ့စနစ်ဟာ နှစ်ဆယ်ရာစုမှာ မရှိသင့်တော့ပါဘူး။

စစ်မှန်တဲ့ဒီမိုကရေစီအစိုးရဟာ နိုင်ငံတော်အချုပ်အခြာအာဏာတည်မြဲရေး နှင့်တကွ ပြည်သူလူထုတရပ်လုံးက မိမိတို့ရဲ့ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင် ထားတဲ့ အခြေခံလူ့အခွင့်အရေးများကို အလေးအနက်ထားပြီး ကာကွယ် စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အတိ အကျပြဌာန်း ကာကွယ်ပေးရမယ်။ လူသားတိုင်းရဲ့ အခြေခံလူ့အခွင့်အရေးများ ထဲမှာ လွတ်လပ်စွာပြောဆိုဟောပြောခွင့်၊ ရေးသားထုတ်ဝေခွင့်၊ ဝေဖန်ဆွေးနွေးခွင့်၊ စီတန်းလှည့်လည်ဆန္ဒပြခွင့်၊ စုရုံးစည်းဝေးခွင့်၊ အသင်းအဖွဲ့ သမဂ္ဂများနှင့် ပါတီများ ဖွဲ့စည်း ထူထောင်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ ဘုရားကျောင်းကန်

သွားလာခွင့်၊ ပညာရှာမှီးသင်ယူခွင့်၊ တရားဥပဒေရှေ့မှောက်မှာ တန်းတူအခွင့်အရေးရရှိခွင့်၊ တရားဥပဒေရဲ့ အကာအကွယ်ရယူပိုင်ခွင့်၊ လိင်ခွဲခြားမှုနှင့် လူမျိုးခွဲခြားမှုမရှိစေဘဲ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား အသီးသီးတွင် လွတ်လပ်စွာပါဝင်လုပ်ဆောင် တာဝန်ယူခွင့် စတဲ့ အခွင့်အရေးများ ပါဝင်နေပါတယ်။

မဲဆန္ဒရှင် ပြည်သူလူထုအပေါင်းတို့ခင်ဗျား —

ကျနော်တို့ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီမိုကရေစီရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများနိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးကို တပြိုင်နက်တည်းတိုက်ပွဲဝင်နေတဲ့ နိုင်ငံရေးပါတီတခု ဖြစ်ပါတယ်။တိုင်းရင်းသား လူမျိုးများနိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ နိုင်ငံရေးပြဿနာတရပ်ဖြစ်ပါတယ်။

ဒီမိုကရေစီအခွင့်အရေးများကို  မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်မျိုးနှင့်မဆို ပြဋ္ဌာန်းကာကွယ်လို့ရနိုင်ပေမယ့်၊ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူ ရည်တူ အခွင့်အရေး ရရှိရေးကို စစ်မှန်တဲ့ ပြည်ထောင်စုစနစ်နဲ့ပဲ ပြဋ္ဌာန်းကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တနည်းပြောရရင် တပြည်ထောင်စနစ် (Unitary)နဲ့ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို လုံးဝအကောင်အထည် ဖော်နိုင်မှာ မဟုတ်ဘူး။ စစ်မှန်တဲ့ ပြည်ထောင်စု စနစ်နဲ့ပဲ အကောင်အထည်ဖော်လို့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် လူမျိုးပေါင်းစုံရောနှောနေထိုင်တဲ့ တိုင်းပြည်ကို စစ်မှန်တဲ့ပြည်ထောင်စုစနစ်က လွဲလို့၊ မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်မျိုးနဲ့မှ ထူထောင်လို့မရပါဘူး။  ဒီ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ — ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုးများဟာ နယ်ချဲ့တို့ရဲ့ ကျွန်ဘဝ သို့မကျရောက်မီ၊ သီးခြားလွတ်လပ်တဲ့လူမျိုးများသာ ဖြစ်ကြပါတယ်။ နယ်ချဲ့လက်အောက်မှာ ကျွန်ဘဝအတူခံကြရင်း လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲတဲ့ အခါမှာလည်း လက်တွဲပြီး တိုက်ပွဲဝင်လာကြပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရရှိတဲ့ အခါ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုတခုကို အတူတကွထူထောင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက ကျနော်တို့ တိုင်းရင်းသားလူမျိုးများကို ဖိတ်ခေါ်ကမ်းလှမ်း ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဖိတ်ခေါ်ကမ်းလှမ်းချက်ကို ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ကလက်ခံပြီး တန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုကို အတူတကွထူထောင်ဖို့ ပင်လုံညီလာခံမှာ သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပါ တယ်။ ပြည်ထောင်စုစနစ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း စကားနဲ့ ပြောရင် — ဗမာ တကျပ်၊ ရှမ်း တကျပ်၊ ကရင် တကျပ်၊ ချင်း လည်း တကျပ်ရရှိတဲ့ စနစ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်

စုစနစ်ဆိုတာ "တန်းတူရေး" စနစ်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူရေးကို အာမခံချက်ပေးနိုင်တဲ့ တခုတည်းသော စနစ်ဖြစ်ပါတယ်။ တန်းတူရေးကို အာမခံချက်ပေးနိုင်တဲ့ ပြည်ထောင်စုထဲမှာ တန်းတူရည်တူ ပူးပေါင်း နေထိုင်ဖို့ ပင်လုံစာချုပ်ကို ကျွန်ုပ်တို့ လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီတိုင်းပြည်ထဲမှာ ကျနော်တို့အားလုံးစုပေါင်းနေထိုင်တာ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ စစ်ရှုံးလို့မဟုတ်ပါဘူး။ မည်သည့် လူမျိုးကမျှ လက်နက်နဲ့ တိုက်ခိုက်သိမ်းပိုက်ပြီး ဒီ တိုင်းပြည်နယ်နိမိတ်ထဲကို သွတ်သွင်းနေတာ မဟုတ်ဘူး။ ပင်လုံစာချုပ်ဆိုတာ စစ်ပွဲတခုရဲ့ အနိုင်အရှုံးစာချုပ် မဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူရည်တူ ပူးပေါင်းပြီး နိုင်ငံတော်သစ်တခုကို အတူတကွထူထောင်ဖို့ ချုပ်ဆိုတဲ့ စာချုပ်ပဲ ဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ဘိုးဘွား ပိုင်နယ်အသီးသီးကို မိမိတို့ဆန္ဒအလျောက် ပူးပေါင်းပြီး နိုင်ငံတခုအဖြစ် ထူထောင် ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်မြဲရေး ဆိုတာ လူမျိုးတမျိုး၊ လူတန်းစားတရပ်၊ လူတစုက လုပ်ရမယ့် အလုပ်မဟုတ်ဘူး။ ကျနော်တို့အားလုံးရဲ့ မွေးရာပါ တာဝန်ပဲဖြစ်ပါတယ်။

ဒါပေမယ့်—ကျနော်တို့ ပြည်နယ်တိုင်းရင်းသားလူမျိုးများဟာ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ဖို့၊ တိုင်းပြည်ရဲ့ ကံကြမ္မာကောင်းစားရေးကို ဖန်တီးဖို့၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်ဖို့ဆိုတဲ့ ကျနော်တို့ရဲ့ မွေးရာပါအခွင့်အရေးအဖြစ် ထမ်းဆောင်ရမယ့်တာဝန်ကို အပြည့်အဝ ထမ်းဆောင်လို့မရအောင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ဘောင်ကန့်သတ်ပြီး ချုပ်ချယ်ခဲ့ပါတယ်။

ပင်လုံညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျနော်တို့ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုကိုထူထောင်ဖို့ သဘောတူကတိသစ္စာ ပြုခဲ့ကြပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးတဲ့နောက်ပိုင်း ရေးဆွဲပြဋ္ဌာန်းတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ စစ်မှန်တဲ့ပြည်ထောင်စု မဟုတ်ဘဲ၊ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ် ရောနှောထားတဲ့ ဖားတပိုင်း ငါးတပိုင်း အတုအယောင် ပြည်ထောင်စုသာဖြစ်တယ်။ ပြည်ထောင်စုအစိုးရက ပြည်နယ်များကို ခွဲဝေပေးမယ့်နိုင်ငံရေးအာဏာများကို အပြည့်အဝ မခွဲဝေပေးခဲ့ဘူး။ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားပြည်နယ်များ ရသင့်ရထိုက်၊ ခံစားသင့် ခံစားထိုက်တဲ့ ပြည်နယ်ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကို အပြည့်အဝမရရှိကြဘူး။ ကျနော်တို့ ချင်းလူမျိုးများဟာ ပြည်နယ် တောင်မရခဲ့ပါဘူး။ ချင်းဝိသေသတိုင်းလို့ခေါ်ပြီး နိုင်ငံရေးအာဏာမှာ ဥပဒေပြုအာဏာ မပြောနဲ့ အုပ်ချုပ်ရေးအာဏာတောင် အပြည့်အဝမရရှိခဲ့ပါဘူး။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အဓိကအားနည်းချက်ကြီးဟာ တိုင်းရင်းသားလူမျိုးတမျိုးဖြစ်တဲ့ ဗမာလူမျိုးများအတွက် ပြည်နယ်ဖွဲ့စည်းခြင်း မရှိစေပဲ "ပြည်မ" လို့ခေါ်ပြီး၊ ပြည်ထောင်စုအာဏာအားလုံးကို ပုံအပ်ပေး လိုက်တာပဲဖြစ်ပါတယ်။ ဒီလို "ပြည်မ" လို့ခေါ်တဲ့ ဗမာလူမျိုးကို ပြည်ထောင်စု အာဏာတခုလုံးပုံအပ်ပေးလိုက်ခြင်းဟာ—နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ဗမာမဟုတ်တဲ့ အခြား တိုင်းရင်းသားလူမျိုး အားလုံးကို ဗမာလူမျိုးတို့ရဲ့ ကိုလိုနီ ကျွန်ဘဝသို့ သွယ်ဝိုက်တဲ့နည်းနဲ့ တွန်းပို့လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းတဲ့အခါမှာလည်းပဲ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်အလိုက် လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ခြင်း မရှိဘဲ၊ ပြည်သူ့လွှတ်တော်ကဲ့သို့ လူဦးရေအချိုးအစားအလိုက် စေလွှတ်ကြတဲ့အတွက် လူဦးရေများတဲ့ ဗမာတွေက ပြည်သူ့လွှတ်တော်မှာရော လူမျိုးစုလွှတ်တော်မှာပါ လွှမ်းမိုးချယ်လှယ်နိုင်ပါတယ်။ တိုင်းပြည်ကံကြမ္မာကို အခြား တိုင်းရင်းသားများ ရဲ့ဆန္ဒမပါဘဲ ဗမာလွှတ်တော်ကိုယ်စားလှယ်များရဲ့ မဲနဲ့ အားလုံး အဆုံးအဖြတ်ပေး ပြဋ္ဌာန်းလို့ရပါတယ်။ ဒါဟာ မဟာလူမျိုးကြီးဝါဒရဲ့ အကြီးအကျယ် ဖောက်ပြန်မှုပဲ ဖြစ်ပါတယ်။

ဒီလို မဟာလူမျိုးကြီးဝါဒကို အထွတ်အထိပ်သို့ ရောက်သွားစေတာက ၁၉၇၄ မှာ ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်ပါတယ်။ အမှန်စင်စစ် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မဆလတပါတီအာဏာရှင်စနစ်ကို အကာ အကွယ် ပေးတဲ့ တပြည်ထောင်စနစ်သာလျှင် ဖြစ်ပါတယ်။ နာမည်အားဖြင့် "ပြည်ထောင်စု" လို့ခေါ်ပေမယ့်၊ ပြည်ထောင်စုစနစ် အနှစ်သာရ လုံးဝမရှိဘူး။ မဟာလူမျိုး ကြီးဝါဒကြီးစိုးတဲ့ တပြည်ထောင်စနစ်သာ ဖြစ်ပါတယ်။ ဒီလို မဟာ လူမျိုးကြီးဝါဒက ဖောက်ဖောက်ပြန်ပြန်လုပ်လာတဲ့အခါမှာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒ ကလည်း ပြန်လည်ခုခံတိုက်ခိုက်လာပါတယ်။

မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒ နှစ်ခုကြား ရန်ဖက် ပဋိပက္ခဖြစ်လို့ တိုက်ခိုက်နေရတဲ့ ပြည်တွင်းစစ်ကြီးဟာ ကျနော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးသက်တမ်းနဲ့အမျှ ရှည်ကြာနေပါပြီ။ ပြည်တွင်းစစ်ကြောင့် ကျနော်တို့ တိုင်းရင်းသားလူမျိုးအချင်းချင်း အတောမသတ်နိုင်အောင် တိုက်ခိုက်သတ်ဖြတ် နေကြတယ်။ ကျနော်တို့ စားရမယ့်အစားအစာ၊ ကျနော်တို့ ဝတ်ရမယ့်အဝတ်၊ ကျနော်တို့ နေရမယ့် အိုးအိမ် စတဲ့ ကျနော်တို့လူသားများအသက်ရှင် နေထိုင်ရေး အတွက်အသုံးပြုရမယ့် တိုင်းပြည် ဘဏ္ဍာငွေများဟာ လူသတ်လက်နက်များကို ဝယ်ချမ်းဖို့ စစ်အသုံးစရိတ်အဖြစ် အလဟဿ ကုန်ဆုံးသွားပါတယ်။

ပြည်တွင်းစစ်ကြောင့် တိုင်းသူပြည်သားများလည်း ဒုက္ခပေါင်း သောင်းခြောက်ထောင်နဲ့ ရင်ဆိုင်နေရပြီ။ ဆင်းရဲငတ်ပြတ် နေကြပြီ။ ကျနော်တို့ နိုင်ငံဟာလည်း ကမ္ဘာမှာဖွံ့ဖြိုးမှုအနည်းဆုံး တိုင်းပြည်အဖြစ် မျက်နှာငယ်နေရပြီ။ အဆိုးဝါးဆုံးကတော့ ဒီပြည်တွင်းစစ်ကို အကြောင်းပြုပြီး စစ်အာဏာရှင်စနစ်ခေါင်းထောင်လာခြင်းပဲ ဖြစ်ပါတယ်။ ကြာတော့ စစ်အာဏာရှင်စနစ်ဟာ တပါတီအာဏာရှင်စနစ်အဖြစ်သို့ အသွင်ကူးပြောင်းသွားတယ်။ တပါတီအာဏာရှင်စနစ်ကြောင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတဖြည်းဖြည်း ဆိတ်သုဉ်းသွားတယ်။ ပြည်နယ်များ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် တိုင်းရင်းသားလူမျိုးများ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့်တို့ကိုရုပ်သိမ်းခြင်းခံနေရပါတယ်။

ဒါကြောင့် ကျနော်တို့နိုင်ငံဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံလို့ ကမ္ဘာကိုကြေညာခဲ့ပေမယ့်၊ ကျနော်တို့တိုင်းရင်းသားပြည်သူလူထုဟာ မလွတ်လပ် ကြပါဘူး။ တိုင်းပြည်လွတ်လပ်ပေမယ့် လူထုမလွတ်လပ်ပါဘူး။ ဒီလိုဆိုးဝါးတဲ့ အာဏာရှင်စနစ်ကို ထူထောင်ဖို့ အာဏာရှင်တို့ အသုံးပြုတဲ့ နိုင်ငံရေးလက်နက်ဟာ မဟာလူမျိုးကြီးဝါဒ ပဲဖြစ်တယ်။ ဒါကြောင့် ကျနော်တို့နိုင်ငံကို ငြိမ်းချမ်းသာယာပြီး ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံအဖြစ်ထူထောင်ချင်ရင် ပထမဦးစွာ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကို ချုပ်ငြိမ်းစေရမယ်။ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကို ချုပ်ငြိမ်းချင်ရင် ဒီ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်တဲ့ပြည်ထောင်စုစနစ်နဲ့ ရေးဆွဲပြဋ္ဌာန်းရမယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကလွဲလို့ မည်သည့်စနစ်နဲ့မှ ရေးဆွဲပြဋ္ဌာန်းလို့မရဘူးလို့ ကျနော် ပြောနေတာ ဖြစ်ပါတယ်။

မဲဆန္ဒရှင် ပြည်သူလူထုအပေါင်းတို့ခင်ဗျား —

ကျနော်တို့ ချင်းလူမျိုးများလိုလားတဲ့ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ဟာ အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံရမယ်လို့ ခံယူထားပါတယ်။

(၁) ပြည်နယ်များကို တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝရရှိတဲ့ အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းရမယ်။ ဆိုလိုတာက ပြည်နယ်များအား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဆိုတဲ့ နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို ပေးထားရမယ်။ ဒ့ါအပြင် ပြည်နယ်များကတနိုင်ငံလုံးအတိုင်အတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို ပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သော လုပ်ပိုင်ခွင့်အာဏာ "Residuary Power" များကို ပြည်နယ်များထံ အပ်နှင်းထားရမယ်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက်၊ ပြည်နယ်များကို ပထဝီအနေအထားပေါ် အခြေခံ၍ ဖွဲ့စည်းခြင်းမျိုး မဖြစ်စေရ။ လူမျိုးကိုအခြေခံသော တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များသာ ဖြစ်ရမယ်။ လက်ရှိ နိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ် (၈) ပြည်နယ်ကိုအခြေခံသော ပြည်ထောင်စုကိုဖွဲ့စည်း ရမယ်။

(၃) ပြည်နယ်များ နိုင်ငံရေးအရ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမယ်။ ပြည်ထောင်စုအစိုးရအား ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်များက တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပေးအပ်ထား သော နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါး ထုတ်လုပ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ကိုင်ခွင့်အာဏာများကို အပ်နှင်းထားရမယ်။

(၄) ပြည်ထောင်စုကြီး၏ ဥပဒေပြုအဖွဲ့ဖြစ်သော ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက် လွှတ်တော်) ဆိုပြီး လွှတ်တော် (၂) ရပ်ထားရှိရမယ်။ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်များက လွှတ်တော်အမတ်ဦးရေ အညီအမျှစေလွှတ်ကြရမယ်။ ဒါမှသာ ပြည်နယ်များတန်းတူရည်တူပူးပေါင်းတဲ့ ပြည်ထောင်စုစနစ်ဆိုတဲ့ အနှစ်သာရပေါ်လွင်မှာ ဖြစ်တယ်။ ပြည်သူ့လွှတ်တော်မှာကျတော့ လူဦးရေ အချိုးအစားအလိုက် လွှတ်တော်အမတ်များကို စေလွှတ်ကြရမှာ ဖြစ်တယ်။

ဒီလို ဒီမိုကရေစီထွန်းကားပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့် အဝရှိတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားပြည်နယ်များဖွဲ့စည်းပြီး၊ ၎င်းအမျိုး သားပြည်နယ်များ နိုင်ငံရေးအရတန်းတူရည်တူပူးပေါင်းတဲ့ စစ်မှန်သောပြည်ထောင် စုစနစ်တည်ဆောက်ရေးဟာ ကျနော်တို့ရဲ့ ပန်းတိုင်ဖြစ်ကြောင်းကို ပြည်သူလူထု တရပ်လုံးက ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ဖို့ ကျနော်အလေး အနက်ထားပြီး ပြောကြားလိုပါတယ်။

ဒီမိုကရေစီထွန်းကားတဲ့ စစ်မှန်သောပြည်ထောင်စုစနစ်ပန်းတိုင်ကို အရောက် ချီတက်ဖို့ ကျနော်တို့ဟာလွှတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလမ်းစဉ်ကို ရွေး ချယ်ထားပါတယ်။ ဒီရွေးကောက်ပွဲမှာ ကျနော်တို့ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်အနေဖြင့် သော့ (၃) ချောင်းပါရှိတဲ့ သော့တွဲသင်္ကေတနဲ့ လူထုဆန္ဒကို ခံယူ သွားမှာ ဖြစ်ပါတယ်။ ကျနော်တို့ရဲ့ သော့ (၃) ချောင်း နိုင်ငံရေးအဓိပ္ပာယ်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ (၂၆) နှစ်လုံးလုံး ပိတ်ထားတဲ့ ဒီမိုကရေစီနိုင်ငံရေး တံခါး ကို ဖွင့်ပြီး၊ ပြည်သူလူထုလက်ထဲသို့ (၁) ဥပဒေပြုအာဏာ၊ (၂) အုပ်ချုပ်ရေးအာဏာ

နှင့် (၃) တရားစီရင်ရေးအာဏာတို့ကို အမြန်ဆုံးအပ်နှင်းပေးမယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ကိုဆောင်ပါတယ်။

ချင်းအမျိုးသားများကို အထူးမှာကြားလိုတာကတော့ ကျနော်တို့ချင်းလူမျိုးများဟာ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ကျရောက်ကျွန်ခံသည့် အချိန်မှစပြီး ယနေ့တိုင်အောင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ ဆိုတဲ့ နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကိုတခါမျှ အပြည့်အဝခံစားခွင့်မရှိသေးဘူး။ ဒါကြောင့် သမိုင်းတလျှောက်လုံး နစ်နာဆုံးရှုံးခဲ့တဲ့ နိုင်ငံရေးအာဏာကို ချင်း လူထုလက်ထဲအမြန်ရောက်ရှိဖို့ အလွန်အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့သမိုင်းပေးတာဝန်ကို ကျနော်တို့ချင်းအဖွဲ့ချုပ်က အလွန်မင်္ဂလာရှိပြီး နိမိတ်လည်းကောင်းလှတဲ့ သော့ (၃) ချောင်းသင်္ကေတနဲ့ အရယူဖို့ စိုင်းပြင်းနေပါတယ်။ ဒါကြောင့် ချင်းတမျိုးသားလုံး သော့ (၃) ချောင်း သင်္ကေတရှင် ချင်းအဖွဲ့ချုပ်မှာ စုစည်းကြပြီး ကျနော်တို့အားလုံးလိုချင်တဲ့ နိုင်ငံရေးအာဏာ (၃) ရပ်ကို အရယူကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

မဲဆန္ဒရှင် ပြည်သူလူထုအပေါင်းတို့ခင်ဗျား —

ကျနော်တို့ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သော့ (၃) ချောင်း သင်္ကေတဟာ ပြည်ထောင်စုကြီးတခုလုံးအတွက်လည်း ထူးမြတ်တဲ့ အနှစ်သာရနှင့် နိမိတ်ကောင်းများကို ဖော်ဆောင်နေပါတယ်။ ဒါဟာ ဘာလဲဆိုတော့ —

(၁) လွတ်လပ်မှု
(၂) တန်းတူညီမျှမှု နှင့်
(၃) ညီရင်းအကိုစိတ်ဓါတ်ဖြင့် ချစ်ကြည်ရင်းနှီးမှုတို့ပဲ ဖြစ်ပါတယ်။

ကျနော်တို့ ချင်းအမျိုးသားများဟာ — လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုကြီးကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်လာခဲ့တဲ့ "ပြည်ထောင်စုပိုင်ရှင်" လူမျိုးတမျိုးဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ချင်းလူမျိုးများဟာ လွတ်လပ်တဲ့ တိုင်းပြည်မှာနေထိုင်တဲ့ လွတ်လပ်တဲ့လူမျိုးတမျိုးဖြစ်တယ်လို့ ကြေညာချင်ပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးဆိုတာ တိုင်းပြည်လွတ်လပ်တယ်ဆိုရုံနဲ့ မလုံလောက်ပါဘူး။ ပြည်သူလူထုတရပ်လုံး လွတ်လပ်ဖို့လည်း လိုအပ်နေပါတယ်။

ဒါကြောင့် ကျနော်တို့ချင်းအမျိုးသားများ လိုလားတဲ့ "လွတ်လပ်ရေး" ဟာ တိုင်းပြည်လွတ်လပ်ရေးအပြင် — ဒီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများအားလုံး လူမျိုးအရသော်၎င်း၊ လူပုဂ္ဂိုလ်တဦးချင်းအရသော်၎င်း ရရှိခံစားထိုက်တဲ့ အခွင့်အရေးများကို အပြည့်အဝရရှိခံစားခွင့်ရှိတဲ့ လွတ်လပ်ရေးမျိုးပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေး (Independence) ဆိုတာ လွတ်လပ်မှု (Freedom) ရှိမှသာ အဓိပ္ပာယ်ပြည့်စုံ နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်တဲ့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထု တရပ်လုံးဟာ မိမိကံကြမ္မာကို လွတ်လပ်စွာဖန်တီး ခွင့်ဆိုတဲ့ "လွတ်လပ်မှု" အပြင်၊ ပြည်ထောင်စု အဖွဲ့ဝင်လူမျိုးတိုင်းကလည်း ကိုယ့် လူမျိုးကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်ဆိုတဲ့ "ကိုယ်ပိုင်ပြဌာန်းခွင့်" (Self- Determination) အပြည့်အဝ ရှိဖို့လိုအပ်နေပါတယ်။

မိမိကံကြမ္မာကို မိမိကိုယ်တိုင် လွတ်လပ်စွာဖန်တီး ခွင့်ဆိုတဲ့ တသီးပုဂ္ဂလ အခွင့် အရေး (Individual Rights) ကို ဒီမိုကရေစီစနစ်အောက်မှာ ဆောင်ရွက် အကောင် အထည်ဖော်လို့ရပေမယ့် လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်တဲ့ စုပေါင်းအခွင့် အရေး (Collective Rights)ကျတော့ ပြည်ထောင်စုစနစ်နဲ့ပဲ အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။ လူမျိုးအလိုက်ခံစားသင့်ခံစားထိုက်တဲ့ စုပေါင်းအခွင့်အရေး ဆိုတာ ကိုယ်ပိုင်ပြဌာန်းခွင့် (Self- Determination) ပဲ ဖြစ်ပါတယ်။ တသီးပုဂ္ဂလ အခွင့်အရေးဟာ နိုင်ငံရေးစနစ်နဲ့တိုက်ရိုက်ဆက်နွယ်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့် ကျ တော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တိုက်ရိုက်ဆက်စပ် နေပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးအပြင်၊ တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံရေးအရ တန်းတူညီမျှ ခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သော ပြည်ထောင်စု စနစ် ကျနော်တို့ ချင်းအမျိုးသားများ အထူးလိုလားတောင့်တနေခြင်း ဖြစ်ပါတယ်။

လူသားတိုင်းရဲ့ မွေးရာပါ အခွင့်အရေးဖြစ်တဲ့ တသီးပုဂ္ဂလ အခွင့်အရေးနှင့် လူမျိုးအလိုက်ခံစားထိုက်တဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်တို့သာမက **"တန်းတူညီမျှခွင့်"** ကို လည်း ကျနော်တို့ချင်းအမျိုးသားများ ပြင်းပြစွာလိုလားတောင့်တ နေပါတယ်။ တန်းတူညီမျှရေးဆိုတဲ့နေရာမှာလည်း သာမန်လူမှုရေးနှင့် စီးပွားရေးတန်းတူညီမျှမှု ကို ဆိုလိုချင်တာမဟုတ်ပါဘူး။ စီးပွားရေးနှင့် လူမှုရေးဆိုတာ နိုင်ငံရေးရဲ့ လက် အောက်ခံပြဿနာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့လိုချင်တဲ့ တန်းတူရေး ဟာ **"နိုင်ငံရေးအရ တန်းတူရေးနှင့် လူမျိုးရေးအရ တန်းတူရေး"** တို့ ဖြစ်တဲ့ အကြောင်း ရိုးသားစွာတင်ပြလိုပါတယ်။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတိုင်း ကိုယ့် ကြမ္မာကိုဖန်တီးခွင့် ဆိုတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိပြီး၊ နိုင်ငံရေးအရလည်း တန်းတူရည်တူအခွင့်အရေး ရရှိကြမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးတမျိုးနှင့် တမျိုးအကြား ညီအကိုစိတ်ဓါတ်နဲ့ ချစ်ကြည်ရင်းနှီးရေးဆိုတာ အလိုအလျှောက် ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးဆိုတာ အခွင့်အရေးအားလုံးကို ရုပ်သိမ်းပြီးမှ နွားနှစ်ကောင်ကို ထမ်းပိုးတပ်ပြီး ညီစေတဲ့ ညီညွတ်ရေးမျိုးမဟုတ်ပဲ၊ "လွတ်လပ်မှုနှင့် တန်းတူညီမျှမှု" အပေါ်အခြေခံတဲ့

သွေးစည်းညီညွတ်ရေး နှင့် ချစ်ကြည်းရင်းနှီးရေးကိုသာ ကျနော်တို့ ချင်းအမျိုးသားများက လိုလားကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ — ပိတ်ထားတဲ့ နိုင်ငံရေးတံခါးကို ဖွင့်ပေးမယ့်သော့၊ ပိတ်ထားတဲ့ ဒီမိုကရေစီတံခါးကို ဖွင့်ပေးမယ့်သော့၊ ပိတ်ထားတဲ့ လူ့အခွင့်အရေးကို ဖွင့်ပေးမယ့်သော့၊ ဤသော့ (၃) ချောင်း သင်္ကေတပိုင်ရှင်— ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ချင်းတမျိုးသားလုံးက ဆန္ဒမဲပေးကြပါ့၊ ပြည်သူလူထုတရပ်လုံးကလည်း အားပေးထောက်ခံကြပါလို့ တိုက်တွန်းလိုပါတယ်။ အခြားတိုင်းရင်းသားညီနောင်များကလည်း တိုင်းပြည်ရဲ့ ကံကြမ္မာကို အကောင်းဆုံး ဖန်တီးပေးမည့် ဒီမိုကရေစီဖက်တော်သား နိုင်ငံရေးပါတီများမှ ကိုယ်ကျိုးစွန့်ခေါင်းဆောင်များကိုဆန္ဒမဲပေးကြပါလို့ တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**[ ဤဟောပြောချက်ကို မြန်မာ့အသံမှ နှစ်ကြိမ်တိုင်တိုင်အသံလွှင့်ခဲ့ပါသည်။ အသံလွှင့်သည့် နေ့ရက် အတိအကျမမှတ်မိတော့ပါ။ ထို့အပြင် မြန်မာ့အသံမှထုတ်လွှင့်သောဟောပြောချက်တွင် မိမိပြင်ဆင်ရေးသားခဲ့သော မူရင်းမိန့်ခွန်းထဲမှ အရေးကြီးသောအချက်အလက် အချို့တို့ကို အစိုးရမှဆင်ဆာဖြတ်တောက်ခြင်းခံခဲ့ရပါသည်။ ထိုကြောင့် ဤနေရာတွင် မိမိပြင်ဆင်ရေးသားခဲ့သော "မူရင်းစာမူ" အတိုင်း ပြန်လည်ထုတ်ဝေအပ်ပါသည်။ ]**

အခန်း (၅)

# အထွေထွေရွေးကောက်ပွဲ
# (သို့မဟုတ်)
# နိုင်ငံတော်အာဏာကို အကြမ်းမဖက်သောနည်းဖြင့်
# ပြန်လည်ရယူရေးလမ်းစဉ်

[ ၁၉၉၀ ရွေးကောက်ပွဲအပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏
နိုင်ငံရေးပါတီပေါင်းစုံ သဘောထားကြေညာချက် ]

# အထွေထွေရွေးကောက်ပွဲ (သို့မဟုတ်) နိုင်ငံတော်အာဏာကို အကြမ်းမဖက်သောနည်းဖြင့် ပြန်လည်ရယူရေးလမ်းစဉ်

(၁) ယခုအခါ နဝတစစ်အစိုးရမှ ကြီးမှူးကျင်းပသော ရွေးကောက်ပွဲသည် အောင်မြင်စွာပြီးဆုံးခဲ့ပါပြီ။ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲမတိုင်ခင်က မည်ကဲ့သို့သော ဟန့်တားနှောင့်ယှက်မှုမျိုး ကြုံတွေ့ခဲ့ရသည်ဖြစ်စေ၊ ပြည်သူလူထုတရပ်လုံးက ရဲရင့်တည်ကြည်စွာ၊ သတိကြီးစွာ၊ အမျှော်အမြင်ကြီးစွာ၊ စည်းကမ်းအိန္ဒြေကြီးစွာဖြင့် ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမှန်ကို ဖော်ထုတ်ပြသခဲ့ကြသည်။ ပြည်သူလူထုတို့၏ ရဲရင့်သောစွမ်းဆောင်မှုနှင့် မှန်ကန်ပြတ်သားသော ဆုံးဖြတ်ချက်၏ အောင်ပွဲသည် တန်ဖိုးကြီးလှပါသည်။ ဤအောင်ပွဲကို လှိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

(၂) နဝတစစ်အစိုးရသည် လွတ်လပ်သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးသည်ဟုဆိုစေကာမူ၊ ထိုရွေးကောက်ပွဲကျင်းပနေချိန်တွင် နိုင်ငံရေးပါတီအချို့မှခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများစွာတို့ကို ထောင်သွင်းအကျဉ်းချထားခဲ့ပါသည်။ ထို့အပြင် နဝတစစ်အစိုးရကအာဏာသိမ်းသည့်အချိန်မှ နယ်စပ်ဒေသများသို့ တောခိုသွားကြသော ကျောင်းသားလူငယ်အများအပြားလည်း တော်လှန်ရေးစခန်းများတွင် ရှိနေကြပါသည်။ ထိုသို့ ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက်လည်းကောင်း၊ တော်လှန်ရေးစခန်းအသီးသီးတွင် ရောက်ရှိနေကြသော ကျောင်းသားလူငယ်များ ငြိမ်းချမ်းစွာ ပြည်တော်ပြန်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူလူထုက အကြမ်းမဖက်ပဲ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်သော တခုတည်းသောနည်းလမ်းမှာ ရွေးကောက်ပွဲတွင် ခမောက်သင်္ကေတရှေ့၌ ကြက်ခြေခတ်တံဆိပ်ရိုက်နှိပ်၍ ဆန္ဒမဲပေးခြင်းသာ ဖြစ်ပေတော့သည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အောင်ပွဲသည် လူထုအောင်ပွဲအစစ်အမှန်ဖြစ်နေပါတော့သည်။

(၃) ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲအောင်မြင်မှုသည် လွတ်လပ်ရေးအကြိုကာလတွင် ကျင်းပခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ်၏ အောင်မြင်မှုနှင့် ဆင်ဆင်တူနေပါသည်။ ထိုအချိန်က လွတ်လပ်ရေးရလိုစိတ်ပြင်းပြစွာဖြင့် ဖဆပလအဖွဲ့ချုပ်ကို လူထုတရပ်လုံးက ပုံအော၍ မဲပေးခဲ့ကြပါသည်။ ယခုလည်း ဒီမိုကရေစီရရှိရေးဆန္ဒပြင်းပြစွာဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပုံအော၍ မဲပေးကြပြန်ပါပြီ။

ယင်းသည် သမိုင်းတကြော့ပြန်လည်ခြင်းဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် အကောင်းရောအဆိုးပါ သမိုင်းသင်ခန်းစာယူတတ်ရန် အရေးကြီးပါသည်။

(၄) လွတ်လပ်ရေးအကြိုကာလတွင်ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးအပေါင်းတို့သည်

(က) လွတ်လပ်ရေးရချင်ဇောကြီးလွန်းခြင်း၊

(ခ) ဗိုလ်ချုပ်အောင်ဆန်းကို ယုံကြည်ကိုးစားလွန်းခြင်း၊

(ဂ) ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် သူ့အပေါ် ကရုဏာသက်လွန်းခြင်း၊ (ထိုသို့ ပုဂ္ဂိုလ်ရေးကရုဏာသက်မှုလွန်ကဲ၍ "မူ" ပေါ်မှာအလျှော့ပေးသည်အထိ ဖြစ်ခဲ့ရသည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းသောအခါ လူမျိုးစုခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းနောက်ပိုင်းတက်လာသော ဖဆပလခေါင်းဆောင်များနှင့် အခြေအတင်ဆွေးနွေးခြင်းမပြုတော့ပဲ အလျှော့ပေးခဲ့ကြပါသည်။)

(ဃ) နိုင်ငံရေးနှင့် ဥပဒေနားလည်ကျွမ်းကျင်မှုမရှိခြင်းစသည့် အားနည်းချက်များရှိနေခဲ့ပါသည်။ အဆိုပါ အားနည်းချက်များကြောင့် တိုင်းပြည်၏ အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲပြဌာန်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသခေါင်းဆောင်များ ပင်လုံညီလာခံတွင် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည့်အတိုင်း လူမျိုးပေါင်းစုံတန်းတူရည်တူပူးပေါင်းသော စစ်မှန်သည့်ပြည်ထောင်စုဖြစ်မလာဘဲ၊ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်ရောနှောထားသော အတုအယောင်ပြည်ထောင်စု ဖြစ်လာခဲ့ပါသည်။

(၅) ကျွန်ုပ်တို့သည် ကြုံခဲ့ဖူးသော သမိုင်းသင်ခန်းစာကို အလေးအနက်ထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်ပွဲကိုကြိုဆိုရပေမည်။ ယခုအခါ နဝတစစ်အစိုးရသည် ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ နိုင်ငံတော်အာဏာလွှဲပြောင်းပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် ငြင်းဆန်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒီမိုကရေစီအရပ်သားအစိုးရဖွဲ့စည်းရေးနှင့် အာဏာလွှဲပြောင်းပေးရေးအတွက် အလွန်အမင်းဆန္ဒစောပြီး၊ တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အဓိကပြဿနာဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းရေးကို သတိလက်လွတ်မဖြစ်သင့်ပေ။ သမိုင်းသင်ခန်းစာအရ ပြည်တွင်းငြိမ်းချမ်းရေးအပါအဝင် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးရေးဆိုင်ရာအခွင့်အရေး အပြည့်အဝရရှိရေးကို အာမခံချက်ပေးနိုင်သည့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းရေးသည် အဓိကအရေးကြီးဆုံးပြဿနာဖြစ်ပါသည်။ ထိုနည်းတူ ပြည်သူ့ဆန္ဒ

နှင့်အညီ၊ ပြည်သူလူထုကရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန်များ လက်ထဲသို့ နိုင်ငံတော်အာဏာလွှဲပြောင်းပေးရေးသည်လည်း ယနေ့တိုင်းပြည်၏ လက်ငင်းပြဿနာကြီး ဖြစ်နေပါသည်။

(၆) အာဏာလွှဲပြောင်းရေးနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏သဘောထားမှာ ၁၉၉၀ ပြည့်နှစ် မေ (၂၇) ရက်နေ့တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုက မိမိတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော နိုင်ငံတော်အာဏာကို မိမိတို့ကိုယ်စားအသုံးပြုခွင့်ပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းဖြစ်ရာ ပြည်သူလူထုက ယုံကြည်စွာရွေးချယ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုက မိမိတို့ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို ကြည်ဖြူစွာ အသုံးပြုခွင့်ပေးထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ နဝတစစ်အစိုးရက နိုင်ငံတော်အာဏာကို အမြန်ဆုံးလွှဲအပ်ပေးရန်မှတပါး အခြားနည်းလမ်းမရှိပါ။ နိုင်ငံတော်အာဏာတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ ပါဝင်သည်ဖြစ်၍ လူထုထံမှနိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်နှင့် တပါတည်း တိုင်းပြည်၏အုပ်ချုပ်ရေးယန္တရား အားလုံးကို ကိုင်တွယ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု အလေးအနက် ယုံကြည်ပါသည်။

(၇) ယနေ့ကျွန်ုပ်တို့ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ ပန်းတိုင်သည် တိုင်းပြည်နှင့်လူမျိုး၏ အနာဂတ်ကံကြမ္မာကို အာမခံချက်ပေးမည့် ဒီမိုကရေစီထွန်းကားပြီး တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိသည့် စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ပန်းတိုင်ကို မျက်ခြေပြတ်မခံဘဲ အာဏာလွှဲပြောင်းရယူပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးမှ အာဏာလွှဲပြောင်းရယူသည်ဖြစ်စေ၊ အသစ်ရေးဆွဲပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အောက်ပါအင်္ဂါရပ်များနှင့်ညီညွတ်စေရမည်ဟု လေးနက်စွာ ခံယူထားပါသည်။

(က) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝပြဋ္ဌာန်းကာကွယ် ရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိစေရမည်။

(ဂ) စစ်မှန်သော ပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားပေါ် အခြေခံ၍ဖွဲ့စည်းခြင်း မဖြစ်စေပဲ၊ လူမျိုးကို အခြေခံသော ပြည်နယ်များသာဖြစ်ရမည်။ ဆိုလိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များသာ ဖြစ်ရမည်။

(င) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များအား ဥပဒေပြုအာဏာ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝ အပ်နှင်းထားရမည်။ ထို့ပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သော လုပ်ပိုင်ခွင့်အာဏာ "Residual Power" များကို အပ်နှင်းထားရမည်။

(စ) အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရမည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါး ထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့ပြင် နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(ဆ) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုဆိုသည့် အနှစ်သာရပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

(၈) ဒီမိုကရေစီထွန်းကားပြီး တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိသည့် စစ်မှန်သောပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်မှသာ ပြည်တွင်းစစ်ကို အမြစ်ပြတ်၍ ရှင်သန်နေသော အာဏာရှင်စနစ်ချုပ်ငြိမ်းကာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပွင့်လန်းသော ခေတ်မီနိုင်ငံတော်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပေသည်။

အခန်း (၆)

# ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများသုံးသပ်ချက်စာတမ်း

# "အာဏာလွှဲပြောင်းရေး"

[ ၁၉၉၀ ခုနှစ် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၂) ရက်နေ့အထိ
ကျင်းပခဲ့သော UNLD ဒုတိယအကြိမ်ညီလာခံတွင်
ရေးသားတင်သွင်းခဲ့သည့်စာတမ်း ]

## ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများသုံးသပ်ချက်စာတမ်း

## “အာဏာလွှဲပြောင်းရေး”

ရွေးကောက်ပွဲတွင် ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပြတ်အသတ်အနိုင်ရရှိခြင်းသည် ယနေ့ မြန်မာနိုင်ငံတွင်ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးအောင်ပွဲနှင့်အတူ ပန်းတိုင်သို့ ရောက်ရှိခြင်းမဟုတ်သေးပေ။ တပါတီအာဏာရှင်စနစ်ကိုဖြုတ်ချပြီးနောက် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ရွေးကောက်ပွဲနှင့်တဆက်တည်း ဆောင်ရွက်ရမည့် အမျိုးသားနိုင်ငံရေးတာဝန်များစွာ ရှိပေသေးသည်။ ရွေးကောက်ပွဲအပြီးတွင် ကျွန်ုပ်တို့ရင်ဆိုင်ရမည့် အဓိကကျသော နိုင်ငံရေးပြဿနာများမှာ —

(၁) အာဏာလွှဲပြောင်းရေး၊
(၂) အမျိုးသားညီလာခံတရပ်ခေါ်ယူကျင်းပရေး၊
(၃) ပြည်တွင်းငြိမ်းချမ်းရေး၊
(၄) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး စသည်တို့ပင်ဖြစ်ပါသည်။

ယင်းအမျိုးသားရေးတာဝန် (၄) ရပ်အနက် “အာဏာလွှဲပြောင်းရေးပြဿနာ” ကိုယခု စာတမ်းတွင်ဖော်ပြပြီး အမျိုးသားညီလာခံတရပ် ခေါ်ယူကျင်းပရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးတို့ကို သီးခြားစာတမ်းတစောင်ဖြင့် တင်သွင်းမည်ဖြစ်သည်။

### အာဏာလွှဲပြောင်းရေး

၁၉၉၀ ပြည့် မေလ (၂၇) ရက်တွင်ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် အောင်မြင်စွာပြီးဆုံးသွားသည်ဟု မဆိုနိုင်သေးပေ။ ရွေးကောက်ပွဲတွင် ပြည်သူတို့၏အာဏာကို တရားဝင်လွှဲအပ်ခြင်းခံရသော နိုင်ငံတော်ဥပဒေပြုအဖွဲ့ကြီးဖြစ်သည့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူကျင်းပပြီး၊ ပြည်သူ့လွှတ်တော်ထံသို့ နိုင်ငံတော်အချုပ်အခြာအာဏာအားလုံးကို ခြွင်းချက်မရှိလွှဲအပ်ပေးကာ ရွေးကောက်ပွဲတွင်အနိုင်ရရှိသော နိုင်ငံရေးပါတီက နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားအားလုံးကို ကိုင်တွယ်ဆောင်ရွက်ရန် အစိုးရဖွဲ့စည်းပြီး၊ ထို အနိုင်ရပါတီကဖွဲ့စည်းသော ဒီမိုကရေစီအရပ်သားအစိုးရလက်ထက်တွင် နိုင်ငံတော်အာဏာစတင်အသက်ဝင်သောအခါမှသာလျှင် ရွေးကောက်ပွဲအောင်မြင်စွာပြီးဆုံးသွားသည်ဟု ခေါ်ဆိုနိုင်ပေမည်။

ဒီမိုကရေစီကျင့်စဉ်တရားအရ ရွေးကောက်ပွဲကျင်းပခြင်းမှာ နိုင်ငံတော်အချုပ်အခြာအာဏာမူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုက မိမိတို့မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော နိုင်ငံတော်အာဏာကို မိမိတို့ကိုယ်စား အသုံးပြုခွင့်ပေးထားသော ကိုယ်စားလှယ်များကို တရားဝင်ရွေးချယ်ခြင်းပင်ဖြစ်ပါသည်။ ပြည်သူလူထုပိုင်ဆိုင်သော နိုင်ငံတော်အာဏာတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ပါရှိရာ ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သော ပြည်သူ့လွှတ်တော်တွင်လည်း နိုင်ငံတော်အာဏာအပြည့်အဝရှိပေသည်။ ထို့ကြောင့် ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းတွင် ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်နေခြင်း ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့တွင်ကျင်းပခဲ့သော ရွေးကောက်ပွဲသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းတခုကိုသာ တာဝန်ပေးအပ်ရန် (တနည်း) ပြည်သူလူထုပိုင်ဆိုင်သော အာဏာသုံးရပ်အနက် ဥပဒေပြုအာဏာတခုတည်းကိုသာ လွှဲအပ်ရန် ရွေးချယ်သော တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲမဟုတ်ပေ။ ပြည်သူလူထုပိုင်ဆိုင်သော နိုင်ငံတော်အချုပ်အခြာအာဏာအားလုံးကို လွှဲအပ်ရန် နိုင်ငံတော်၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဖြစ်ကြောင်း လက်ရှိအစိုးရ (နဝတစစ်အစိုးရ) က ပြဋ္ဌာန်းသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေတွင် အတိအလင်းဖော်ပြထားပါသည်။ ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ်အရ ပြည်သူ့လွှတ်တော်မှအပ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းတွင်မျှ နိုင်ငံတော်အာဏာမရှိပေ။ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကို မည်သူမဆို မပျက်မကွက်နာခံရပေမည်။ ပြည်သူ့လွှတ်တော်ကို နိုင်ငံတော်အချုပ်အခြာအာဏာမူရင်းပိုင်ရှင်ဖြစ်သော ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခြင်းဖြစ်သောကြောင့် ပြည်သူလူထုတည်းဟူသော "သမာဓိတရားသူကြီး" ၏ အဆုံးအဖြတ်ကို ပယ်လှန်ရန် မည်သူ့ထံတွင်မျှ အခွင့်အရေးမရှိပေ။

ယခုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် အာဏာလွှဲပြောင်းရေး နှောင့်နှေးကြန့်ကြာနေသည်ကိုတွေ့ရပါသည်။ ခိုင်မာသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိမှ ခိုင်မာသောအစိုးရဖြစ်နိုင်မည်ဟု နဝတ စစ်အစိုးရက ပြောနေကြသည်။ နိုင်ငံတနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်သည်မှန်သော်လည်း ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေရှိမှ ခိုင်မာသောအစိုးရ ဖွဲ့စည်းနိုင်မည်ဟူသော အဆိုသည် လုံးဝဥဿုံ မှန်ကန်ခြင်းမရှိပေ။ ယနေ့ကမ္ဘာတွင်အလွန်ခိုင်မာတောင့်တင်းသည့် အစိုးရများကို ဖွဲ့စည်းနိုင်ပြီး၊ ဖွံ့ဖြိုးမှု

အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည့် အင်္ဂလန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသော တိုင်းပြည်များသာဖြစ်ကြသည်။ ကျွန်ုပ်တို့ နိုင်ငံတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပဲ အစိုးရဖွဲ့စည်း၍ တိုင်းပြည်ကို အုပ်ချုပ်သော အစဉ်အလာများရှိခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။

လွတ်လပ်သော နိုင်ငံတခုအတွက် အဓိကအရေးအကြီးဆုံးမှာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသာဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်သော ပြည်သူများက မိမိတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရန် တာဝန်ပေးအပ်ထားသည့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဍာန်နှင့်တကွ တိုင်းပြည်၏ဖွဲ့စည်းပုံကို ဖော်ဆောင်ခြင်းသာဖြစ်ပေသည်။ အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်ရန် တာဝန်ပေးခြင်းခံရသော အုပ်ချုပ်သူအစိုးရသည် သူတို့၏အုပ်ချုပ်ခွင့်အာဏာများကို အုပ်ချုပ်ခံရသော ပြည်သူလူထု၏သဘောတူညီချက်ဖြင့်သာ ရရှိကြောင်း ဥပဒေဖြင့်ပြန်လည်ထိန်းကွပ်မှုတရပ်လည်း ဖြစ်ပေသည်။ ထို့အပြင် ပြည်သူလူထုက မိမိတို့ဘဝအေးချမ်းသာယာရေးနှင့် နောင်လာနောက်သားများအတွက်ပါ ဘဝလုံခြုံမှု အာမခံချက်ရရှိအောင် တရားသဖြင့် မိမိကိုယ်မိမိကာကွယ်ခြင်း ပြယုဂ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူလူထုက တရားဝင်တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အချုပ်အခြာအာဏာ ကာကွယ်ရေးနှင့် လူထုဘဝလုံခြုံရေးကို အပြည့်အဝတာဝန်ယူပိုင်ခွင့်ရှိပေသည်။ နိုင်ငံတော်အချုပ်အခြာအာဏာ ကာကွယ်ရေးနှင့် လူထုဘဝလုံခြုံရေး တာဝန်ယူမှုသာ အဓိကကျ၍ ထိုတာဝန်ယူမှုကို ပုံသဏ္ဍာန်ဖော်ဆောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် အာဏာလွှဲပြောင်းရေးနှောင့်နှေးခြင်းသည် မသင့်လျော်ပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် အာဏာလွှဲပြောင်းရေးနှောင့်နှေးနေခြင်းသည် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် နေ့စဉ်နှင့်အမျှ ဖော်ပြထားသော တပ်မတော်၏ဆန္ဒမွန်နှင့်လည်း ဗီလာဆန့်ကျင်ဖြစ်နေပါသည်။ တပ်မတော်၏ ဆန္ဒမွန်ဟူသော ကြွေးကြော်သံတွင် "နိုင်ငံတော်၏အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုလက်ဝယ်သို့ ဒီမိုကရေစီနည်းလမ်းနှင့်အညီ မြန်နိုင်သမျှမြန်မြန် အပ်နှင်းချင်သည်" ဟု ဖော်ပြထားသည်။ ဒီမိုကရေစီစနစ်၏ ကောင်းမြတ်သော အစဉ်အလာမှာ အာဏာကို အကြမ်းဖက်၍ တိုက်ခိုက်လုယူခြင်းမရှိဘဲ ရွေးကောက်ပွဲတွင်ဆန္ဒခံယူ၍ ပြည်သူ့ဆန္ဒအတိုင်း ငြိမ်းချမ်းစွာလက်ဆင့်ကမ်းလွှဲ ပြောင်းပေးရေးပင်ဖြစ်သည်။ တပ်မတော်၏ဆန္ဒမွန်တွင် ဖော်ပြထားသော ဒီမိုကရေစီနည်းလမ်းသည်လည်း ရွေးကောက်ပွဲတွင် ပြည်သူ့ဆန္ဒခံယူ၍ ပြည်သူ့ဆန္ဒနှင့်အညီ အာဏာလွှဲပြောင်းရေးကို ဆိုလိုသည်ဟု ယူဆပါသည်။

ထို့ကြောင့် နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ဂုဏ်ယူဝံ့ကြွားစွာ ပြောကြားခဲ့သည့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် ဒီမိုကရေစီနည်းလမ်းကျကျ ပြည်သူ့ဆန္ဒခံယူထားပြီးဖြစ်ပါသည်။ ဤရွေးကောက်ပွဲတွင် ပြည်သူလူထုတရပ်လုံးသည် တပါတီအာဏာရှင်စနစ်ကို မလိုလားမနှစ်သက်ကြောင်း ၁၉၈၈ ခုနှစ်တွင် အသက်ပေါင်းများစွာစတေး၍ ဆန္ဒပြခဲ့သလို ယခုတဖန် ဒီမိုကရေစီအရပ်သားအစိုးရ ချက်ချင်းဖွဲ့စည်းပေးရန် လိုလားကြောင်း၊ ဒီမိုကရေစီအရပ်သားအစိုးရထံသို့ နိုင်ငံတော်အာဏာအမြန်ဆုံးလွှဲအပ်ရန် လိုလားကြောင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းပင် ဖြစ်ပေသည်။ နဝတစစ်အစိုးရမှ ကြီးမှူးကျင်းပသော ရွေးကောက်ပွဲတွင် ပြည်သူလူထုက မိမိတို့ဆန္ဒမှန်ကို ဖော်ထုတ်ပြီး မိမိတို့၏ တရားဝင်ကိုယ်စားလှယ်များကိုရွေးချယ်ထားပြီးဖြစ်ရာ နဝတစစ်အစိုးရသည် ကတိရှိသည့်အတိုင်း နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များထံသို့ အာဏာလွှဲပြောင်းပေးရန်မှတပါး အခြားနည်းလမ်းမရှိပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ ခိုင်မာသော အစိုးရမဖွဲ့စည်းနိုင်ပါဟု နဝတစစ်အစိုးရသည် မဆွကပင် နားလည်သဘောပေါက်ခဲ့ပါက ကျွန်ုပ်တို့တောင်းဆိုခဲ့သော "ကြားဖြတ်အစိုးရဖွဲ့စည်းရေး" ကို အကြောက်အကန် ငြင်းဆိုလိမ့်မည်မဟုတ်ပေ။ သို့သော် နဝတစစ်အစိုးရသည် ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို အကြောက်အကန်ငြင်းဆိုခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအဆင့်ကိုပင်ကျော်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကိုကျင်းပခဲ့လေပြီ။ ထို့အပြင် နဝတစစ်အစိုးရ တာဝန်ကြီး (၄) ရပ်ထဲတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးမှ အာဏာလွှဲပြောင်းပေးမည်ဟု မပါရှိခဲ့ပေ။ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ၁၉၉၀ မေလ (၁၀) ရက်နေ့ မိန့်ခွန်းတွင်လည်း "မိမိတို့၏ရည်မှန်းချက်မှာ ရွေးကောက်ပွဲကို သတ်မှတ်ထားသည့်အတိုင်း ကျင်းပရန်ဖြစ်၍ အခြေခံဥပဒေကိစ္စကို မစဉ်းစားနိုင်" ဟု အတိအလင်း ပြောကြားခဲ့ပြီးဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် နဝတစစ်အစိုးရသည် ကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကျင်းပရေးကို ငြင်းဆန်ခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့လေပြီ။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အချုပ်အခြာအာဏာ မူလပိုင်ရှင်ပြည်သူလူထု၏ ကိုယ်စားလှယ်အစစ်အမှန်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ ပြည်သူ့လွှတ်တော်တွင် နိုင်ငံတော်အချုပ်အခြာအာဏာတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ပါရှိရာ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်နှင့်တပါတည်း နိုင်ငံတော်အုပ်ချုပ်ရေးယန္တယားနှင့် တရားစီရင်ခွင့်မဏ္ဍိုင်တို့ကို

ဖွဲ့စည်းထူထောင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ရှိပေသည်။ ထို့ကြောင့် နဝတစစ်အစိုးရသည် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူကျင်းပပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သော ပြည်သူ့အစိုးရထံသို့ အမြန်ဆုံးအာဏာလွှဲအပ်ပေးရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ထိုသို့ နိုင်ငံတော်အာဏာကို ငြိမ်းချမ်းစွာလွှဲပြောင်းပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး ချောမွေ့ပြေပြစ်စွာ စတင်နိုင်ရေးအတွက် နဝတစစ်အစိုးရက အောက်ပါလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်အဖြစ် အထူးဦးစားပေးဆောင်ရွက်သင့်သည်ဟု ကျွန်ုပ်တို့ခံယူပေသည်။

(၁) လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးနု၊ ဦးတင်ဦးနှင့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ညိုထွန်းတို့အပါအဝင် တားဆီးခြင်းနှင့် ဖမ်းဆီးခြင်းခံနေရသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရန်၊
(၂) တိုင်းပြည်၏ အနာဂတ်အေးချမ်းသာယာရေးကို ရှေ့ရှု၍ အာဏာချောမောလျင်မြန်စွာ လွှဲပြောင်းနိုင်ရေးအတွက် အနိုင်ရပါတီနှင့် တရားဝင်ဆွေးနွေးရန်၊
(၃) ပြည်သူ့လွှတ်တော်အမြန်ဆုံးခေါ်ယူကျင်းပပေးရန်၊
(၄) အာဏာကို ငြိမ်းချမ်းစွာဖြင့် အမြန်ဆုံးလွှဲအပ်ရန်။

အထက်ပါလုပ်ငန်းစဉ်လေးရပ်ကို ယနေ့အမျိုးသားရေးတာဝန်အဖြစ် နဝတစစ်အစိုးရက ကတိရှိသည့်အတိုင်း လျင်မြန်စွာဆောင်ရွက်ပေးသင့်ကြောင်း ပြည်နယ် (၇) ခုမှ တိုင်းရင်းသားလူမျိုးအပေါင်းတို့က လေးနက်စွာတိုက်တွန်း လိုက်ရပေသည်။

**[ဤစာတမ်းကို သက္ကရာဇ် ၁၉၉၀ ခုနှစ် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၂) ရက်နေ့ အထိ ကျင်းပသော ညီလာခံတွင် အခြားခေါင်းဆောင်တဦးက ညီလာခံတွင်ဖတ်ကြားသွားခဲ့ပါသည်။ ဤနေရာတွင် မိမိ၏လက်ရေးမူအတိုင်း ပြန်လည်ဖော်ပြအပ်ပါသည်။]**

အခန်း (၇)

# ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများသုံးသပ်ချက်

## "အမျိုးသားညီလာခံကျင်းပရေး"

[ ၁၉၉၀ ခုနှစ် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၂) ရက်နေ့အထိ
ကျင်းပခဲ့သော UNLD ဒုတိယအကြိမ်ညီလာခံတွင်
ရေးသားတင်သွင်းခဲ့သည့်စာတမ်း ]

# ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများသုံးသပ်ချက်စာတမ်း

## "အမျိုးသားညီလာခံကျင်းပရေး"

ရှစ်လေးလုံးအရေးတော်ပုံကြီးကြောင့် မဆလ တပါတီအာဏာရှင်စနစ် ပြုတ်ကျသွားပြီး နိုင်ငံရေးပါတီအသီးသီးပေါ်ထွက်လာကြပေသည်။ ဒီမိုကရေစီရေး ကြွေးကြော်သံနှင့်အတူ ပေါက်ဖွားလာသော နိုင်ငံရေးပါတီများ၏ ရည်ရွယ်ချက် ရေ့လုပ်ငန်းစဉ်နှင့် ကြေညာချက်များကို လေ့လာဆန်းစစ်ကြည့်သောအခါ ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံတရပ်ကျင်းပရေးကို ပါတီတိုင်းလိုလိုက ကြွေးကြော်ခဲ့ကြပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၉ ခုနှစ် ဇွန်လ (၂၆–၂၇) ရက်နေ့ မန္တလေးမြို့၌ ကျင်းပခဲ့သော နီးနှောဖလှယ်ပွဲတရပ်တွင် အမျိုးသားညီလာခံတရပ် ကျင်းပရေးကို "မူ" တရပ်အဖြစ် ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည်။ ထို "မူ" ကို ပထမအကြိမ်သဘာပတိစုံညီ အစည်းအဝေးနှင့် ပထမအကြိမ်တိုင်းရင်းသားညီလာခံတို့တွင် စာတမ်းတစောင် ရေးသားတင်သွင်းပြီး ဆုံးဖြတ်ချက်ကို ခိုင်မာစေခဲ့သည်။ ထို့ပြင် အမျိုးသားညီလာခံကြီးတရပ် မကျင်းပမီ အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲများလည်း ပြုလုပ်နိုင်ခဲ့သည်။

အမျိုးသားညီလာခံကျင်းပရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ထူးခြားသော နိုင်ငံရေးလက္ခဏာတရပ် ဖြစ်ပေသည်။ လွတ်လပ်ရေးအကြိုကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ကျင်းပသော ပင်လုံညီလာခံကြီးသည် လူမျိုးပေါင်းစုံရောနှောနေထိုင်သော နိုင်ငံတခု ကမ္ဘာမြေပုံပေါ်၌ ဝင့်ကြွားစွာပေါက်ဖွားသန့်စင်ပေးနိုင်ခဲ့ပေသည်။ ပင်လုံစာချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ လူမျိုးရေးဆိုင်ရာအခွင့်အရေးနှင့် အမျိုးသားလက္ခဏာများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြဋ္ဌာန်းကာကွယ်ရန် အာမခံချက်ပေးခဲ့သည်သာမက ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံးကို နယ်ချဲ့လက်အောက်ကျွန်ဘဝမှ လွတ်မြောက်စေခဲ့ပါသည်။

ယနေ့ ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဒုတိယအကြိမ်လွတ်မြောက်ရေးအတွက် ဆင်နွှဲနေသော ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲပင်ဖြစ်သည်။ ပထမလွတ်မြောက်ရေးတိုက်ပွဲသည် နယ်ချဲ့လက်အောက်သို့ လက်လွတ်ဆုံးရှုံးသွားခဲ့သော အချုပ်အခြာအာဏာကို ရရှိရေးအတွက် ဆင်နွှဲခဲ့သောတိုက်ပွဲဖြစ်၍၊ ဒုတိယအကြိမ် ဆင်နွှဲနေသော လွတ်လပ်

ရေးတိုက်ပွဲသည် အာဏာရှင်စနစ်ကြောင့် ပြည်သူတရပ်လုံးက လက်လွှတ်ဆုံးရှုံးလျှက်ရှိနေသော အချုပ်အခြာအာဏာကို ပြည်သူ့လက်ဝယ်သို့ပြန်လည်ရောက်ရှိရေးအတွက် ဆင်နွှဲသောတိုက်ပွဲ ဖြစ်ပေသည်။ ထိုကြောင့် ၁၉၉၀ ပြည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ဒီမိုကရေစီဘက်တော်သားများက အပြတ်အသတ်အောင်ပွဲဆင်နိုင်ခြင်းသည် — ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ၏ အောင်ပွဲမုခ်ဦးသို့ အရောက်ချီတက်နေခြင်းပင် ဖြစ်ပါသည်။

ယခုကဲ့သို့ ထူးခြားဆန်းပြားသောအချိန်ကာလတွင် ပြည်ထောင်စုသမိုင်း၌ ကြုံတွေ့ခဲ့ဘူးသော ထူးခြားဆန်းပြားသည့် အတွေ့အကြုံများကို အလေးအနက်ထား၍ သင်ခန်းစားယူရပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်ဖြစ်သောကြောင့် ပြည်ထောင်စုကြီး၏အရေးကို ဆွေးနွေးဆုံးဖြတ်မည်ဆိုပါက တိုင်းရင်းသားလူမျိုးအားလုံး၏အရေးကို မချန်မလှပ်စဉ်းစားရပေမည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး၏အရေးကို နှီးနှောတိုင်ပင်ရန် အမျိုးသားညီလာခံတရပ်ကို အဆောတလျင်ကျင်းပရန်လိုအပ်လျှက်ရှိနေပါသည်။ ပင်လုံကဲ့သို့သော အမျိုးသားညီလာခံတရပ်ကို ကျင်းပရန် မိမိတို့တောင်းဆိုနေခြင်းမှာ — တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး၏ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို အသစ်သွန်းလောင်းပုံဖော်ရန် လိုအပ်နေသောကြောင့် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက — အနာဂတ်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် အခြေခံရမည့် “လမ်းညွှန်အခြေခံမူ” များကို လူမျိုးပေါင်းစုံတက်ရောက်သည့် “ပင်လုံ” ကဲ့သို့သော အမျိုးသားညီလာခံမှ ချမှတ်ပြဋ္ဌာန်းရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင်ကျင်းပခဲ့သော ပင်လုံညီလာခံတွင် လူမျိုးပေါင်းမစုံလင်ခဲ့သောကြောင့် ထွက်ပေါ်လာသော ပြည်ထောင်စုသည်လည်း စစ်မှန်သောပြည်ထောင်စု မဖြစ်ခဲ့ချေ။ ထို့ကြောင့် — ယခုတဖန် လူမျိုးမစုံမလင်ဖြစ်သဖြင့် ပြည်ထောင်စုကို ပြန်လည်ပုံဖော်ပါက အင်္ဂါမစုံမလင်သော အတုအယောင်ပြည်ထောင်စုပြန်ဖြစ်မည်ကို စိုးရိမ်မိပါသည်။

ပထမအကြိမ် လွတ်လပ်ရေးကာလတွင် ကျင်းပခဲ့သောပင်လုံညီလာခံတွင် ပြည်ထောင်စုထဲမှ အဓိကအရေးကြီးသော လူမျိုးတချို့ မတက်ရောက်နိုင်ခဲ့ကြပေ။ အထူးသဖြင့် ကရင်လူမျိုးများ ပင်လုံညီလာခံသို့ မတက်ရောက်နိုင်ခဲ့ခြင်းနှင့် သူတို့၏ဆန္ဒအမှန်ကို တင်ပြခွင့်မရရှိခြင်း၊ သူတို့၏ သဘောတူညီချက်မရရှိခြင်းတို့သည် လွတ်လပ်ရေးနှင့်အတူပေါက်ဖွားခဲ့သော လူမျိုးရေးကိုအခြေခံသည့် ပြည်တွင်းစစ်ဖြစ်ပွားရခြင်း၏အကြောင်းရင်းတခုဖြစ်ခဲ့ပါသည်။

ပထမလွတ်လပ်ရေးကာလတွင် ပြေလည်စွာဖြေရှင်းသင့်သော နိုင်ငံရေးပြဿနာများကို ပြေလည်စွာဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် ထိုနိုင်ငံရေးပြဿနာများကို

စစ်ရေးဖြင့် ဖြေရှင်းလာရကာ ပြည်တွင်းစစ်ပေါက်ဖွားလာခဲ့ရပါသည်။ ပြည်တွင်းစစ်ကို အားပြု၍ ရှင်သန်လာသော စစ်အာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းသွားသော တပါတီအာဏာရှင်စနစ်တို့ကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် အာဏာရှင်စနစ်အောက်တွင် သီးပွင့်ရှင်သန်နိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့ဆင်နွှဲသော ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ၏ အောင်ပွဲမှခ်ဦးဆီသို့ အရှိန်အဟုန်ကြီးမားပြင်းထန်စွာ ဦးတည်ချီတက်နေချိန်တွင် ကြုံခဲ့ဘူးသော သမိုင်းသင်ခန်းစာများကို အလေးအနက်ထား၍ ပြည်ထောင်စုကြီး၏ ပုံသဏ္ဍာန်ကို စင်ကြယ်စွာသွန်းလောင်းနိုင်ရန် အမျိုးသားညီလာခံတရပ်ကို မလွဲမသွေ ကျင်းပရပေမည်။

## မည်သူဦးဆောင်မည်နည်း

၁၉၉၀ ပြည့် မေလ (၂၇) ရက်တွင် ကျင်းပသော ရွေးကောက်ပွဲသည် ပြည်သူလူထု၏ကိုယ်စားလှယ်အဖြစ် အစစ်အမှန်များကို တရားဝင်ရွေးချယ်ခြင်းပင်ဖြစ်သည်။ ထို့ပြင် ပြည်သူကိုကိုယ်စားပြုရန် ကြိုးပမ်းအားထုတ်သော နိုင်ငံရေးပါတီများ များစွာရှိသည့်အနက် လူထုကို အမှန်တကယ်ကိုယ်စားပြုသော နိုင်ငံရေးပါတီကို ဆန်ကာတင် ရွေးထုတ်သောပွဲလည်းဖြစ်ပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ တရားဝင်ထောက်ခံမှု အများဆုံးရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့တိုင်းပြည်၏ မဟာလိုအပ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် အမျိုးသားညီလာခံကြီးကို ဦးဆောင်ကျင်းပသင့်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တွဲဖက်၍ မိမိတို့လူမျိုးအသီးသီး၏ ယုံကြည်စိတ်ချမှု၊ အားပေးထောက်ခံမှုကို အပြည့်အဝရရှိကြသော ပြည်နယ်တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ စုစည်းထားသည့် “ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်” က ပူးတွဲတာဝန်ယူ၍ အမျိုးသားညီလာခံတရပ်ကို အမြန်ဆုံးခေါ်ယူ ကျင်းပသင့်ပေသည်။

## မည်သူတွေတက်ရောက်မည်နည်း

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ မချန်မလှပ် တက်ရောက်ကြပေမည်။ သို့ရာတွင် အထူးသတိပြုသင့်သည့်အချက်မှာ သွေးခွဲရေးသမားများနှင့် မဟာလူမျိုးကြီးဝါဒီတို့ ပြောဆိုသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူမျိုးတရာ့ငါးဆယ်ကျော်မရှိပါ။ ယင်းသဘောထားသည် တိုင်းရင်းသားလူမျိုးစုများကို သွေးခွဲခြင်းပင်ဖြစ်ပါသည်။ နယ်ချဲ့ အင်္ဂလိပ်တို့ပင်လျှင် ထိုမျှသွေးခွဲခြင်းမရှိခဲ့ပါ။ ယခုမူ မိမိတို့အာဏာတည်မြဲရေး အတွက် ကိုယ့်အချင်းချင်း

ကြားပင်ညှာတာမှုကင်းမဲ့စွာ နယ်ချဲ့ထက်အကြံပက်စက် စွာ သွေးခွဲရက်ကြလေပြီ။ အင်္ဂလိပ်သွေးခွဲအုပ်ချုပ်ရေးစနစ်သည် လူမျိုးတမျိုးနှင့် တမျိုးသွေးခွဲခြင်းမျှသာဖြစ်၍ ယခုမူ လူမျိုးတမျိုးထဲမှာ လူမျိုးနွယ်စုများ၊ ဆွေမျိုးစု များကို သာမက ဒေသကိုပင် အခြေခံ၍သွေးခွဲပစ်ကြ၏။ ဥပမာ — ချင်းလူမျိုးသည် လူမျိုးတမျိုးတည်းသာ ဖြစ်သည်။ ထိုတမျိုးတည်းသော ချင်းလူမျိုးထဲတွင် ဇိုမီး၊ လိုင်မီး၊ ခမီး၊ မီးဇို၊ ချိုး အစရှိသော မျိုးနွယ်စုများ ပါဝင်ကြပါသည်။ ထိုမျိုးနွယ်စုထဲတွင် ဆွေမျိုးစုများစွာ ပါဝင်ကြသေး သည်။ ဥပမာ — လိုင်မျိုးနွယ်စုထဲတွင် မရာ၊ မတူ၊ ဇိုတုံး၊ ဇိုဖဲ၊ ဆင်တန်း၊ မီးအဲ၊ လိုင်ဇို၊ ဇာဟော၊ ခွါလ်ဆင်း စသည့် ဆွေမျိုးစုများ ပါဝင်ကြသည်။ ကချင်နှင့် ရှမ်းလူမျိုးများတွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ သမိုင်းတိုးတက်မှု နှေးကွေး သော လူမျိုးတိုင်းတွင် ထိုကဲ့သို့လူမျိုးစုများ၊ လူမျိုးနွယ်စုများ၊ ဆွေမျိုးနွယ်စုများ၊ မျိုးတူစုများကွဲပြားမှု အမြဲတမ်းရှိသည်။ ထိုလူမျိုးစုတို့၏ သမိုင်းတဖြည်းဖြည်း ရင့် ကျက်လာသောအခါ ဆွေမျိုးစု (Clan) နှင့် မျိုးနွယ်စု (Tribal) အဆင့်များကိုကျော် လွန်၍ လူမျိုးခြားအမျိုးသား (National) အဆင့်သို့ ရောက်ရှိသွားကြပါသည်။ ထို့ကြောင့် လူမျိုးတမျိုးတည်းသာဖြစ်ပြီး သမိုင်းတိုးတက်မှုနောက်ကျခြင်းကြောင့် လူမျိုးနွယ်စုများ ဆွေမျိုးနွယ်စုများကို သီးခြားလူမျိုးဖြစ်နေသယောင် ခွဲခြားခြင်း သည် ရက်စက်သောသွေးခွဲမှုဟု သုံးသပ်မိပါသည်။

ယနေ့ မဟာလူမျိုးကြီးဝါဒီတို့သည် လူမျိုးနွယ်စုများ ဆွေမျိုးစုများသာမက ဒေသကို အခြေခံ၍လည်း သွေးခွဲမှုအကြီးအကျယ်လုပ်နေကြပါသည်။ ဥပမာ — ချင်းပြည်နယ်တွင် ဟားခါးချင်း၊ ဖလမ်းချင်း၊ တီးတိန်ချင်း စသည်ဖြင့် မြို့နယ်ဒေသ များကိုအစွဲပြု၍ သွေးခွဲမှုအကြီးအကျယ် လုပ်နေကြပါသည်။ မန္တလေးဗမာ၊ ရန်ကုန်ဗမာ ဟူ၍ ရှိနိုင်ပါသလော၊ မရှိနိုင်ပါ။ နယ်ချဲ့ထံမှ သွေးခွဲအုပ်ချုပ်ရေးစနစ်ကို အမွေခံထားသော မဟာလူမျိုးကြီးဝါဒီများသည် မရှိသည်ကို အရှိလုပ်၍ မြန်မာ နိုင်ငံကို အနုစိပ်ပြီးအပိုင်းပိုင်းခွဲကာ သပ်သျှိုနေကြပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အမြင်ကြည်ကြည်လင်လင်ဖြင့် အာဏာရှင်စနစ်၏ သွေးခွဲသပ်သျှိုမှုကို ရှောင်ရှားသင့်ပေသည်။ ယနေ့မြန်မာနိုင်ငံ၏ အရှိပကတိ အတိုင်း လူမျိုးကြီး (၈) မျိုး ရှိပါသည်။ ၎င်းတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းလူမျိုးတို့ ဖြစ်ကြပါသည်။ ထို့အပြင် ပအိုဝ့်၊ ပလောင်၊ ဝ၊ နာဂ၊ လားဟူ၊ ကယန်း စသည့် လူမျိုးစုများလည်း ရှိပေသေးသည်။ ထိုလူမျိုးကြီး (၈) မျိုးနှင့် လူမျိုးစုများ အစုံအညီတက်ရောက်သော အမျိုးသားညီလာခံကြီးကို အမြန်ဆုံးကျင်းပမှသာ ပြည်ထောင်စုကြီးကို အမှန်တကယ်ကိုယ်စားပြုသော အမျိုး သားညီလာခံတရပ် ဖြစ်ပေမည်။

## အမျိုးသားညီလာခံကြီး ကျင်းပရခြင်း၏ရည်ရွယ်ချက်များ

ယနေ့ ကျွန်ုပ်တို့ဆင်နွှဲနေသော အရေးတော်ပုံကြီး၏ အန္တိမပန်းတိုင်သည် — စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရေး ပင်ဖြစ်ပါသည်။ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီဖက်တော်သားများသာမက လက်ရှိ နဝတစစ်အစိုးရများပါဝင်တက်ရောက်သော နိုင်ငံရေးနှီးနှောဖလှယ်ပွဲတရပ်ကျင်းပရန် လိုအပ်နေပါသည်။ ထို့ကြောင့် ပွင့်လင်း၍ နိုင်ငံရေးအနှစ်သာရပြည့်ဝသော အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပရန် မိမိတို့ တောင်းဆိုနေခြင်းဖြစ်ပါသည်။

ထို အမျိုးသားညီလာခံကြီးတွင် အနာဂတ်ပြည်ထောင်စုအတွက် ရေးဆွဲပြဋ္ဌာန်းလတ္တံ့သော နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် **"အခြေခံရမည့် လမ်းညွှန်အခြေခံမူ"** များကို ချမှတ် ပြဋ္ဌာန်းရန်လိုအပ်မည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ကျင်းပရန် ရည်ရွယ်လျက်ရှိသည့် အမျိုးသားညီလာခံသည် ပင်လုံညီလာခံကဲ့သို့ နိုင်ငံရေးအနှစ်သာရ ပြည့်ဝသော အမျိုးသားညီလာခံ ဖြစ်စေရမည့် အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်အခြေခံမူ (၇) ချက်ကို ပြဋ္ဌာန်းအတည်ပြုပေးခဲ့သည့် **"တိုင်းပြုပြည်ပြုလွှတ်တော်"** အသွင်ကို ဆောင်ယူသွားစေရမည် ဖြစ်ပါသည်။ ထို့အပြင် အနှစ်ငါးဆယ်ပြည် တွင်းစစ်ကြီးကိုလည်း ချုပ်ငြိမ်းစေမည့် **"ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ"** အသွင်ကိုလည်း ဆောင်ယူစေရမည် ဖြစ်ပါသည်။

### (၁) အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထူထောင်ရေး

ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပပြီး ယနေ့တိုင်းပြည်တွင် ရင်ဆိုင်နေရသော ရေတိုရေရှည်နိုင်ငံရေးပြဿနာအရေးကို ဆွေးနွေးတိုင်ပင်၍ အဖြေရှာယူရမည့် အပြင်၊ ဒီမိုကရေစီအသွင်ကူးပြောင်းချောမွေ့စေရေးအတွက် (၂၆) နှစ်ကြာ အုပ်ချုပ်မင်းမူခဲ့သော တပါတီအာဏာရှင်စနစ်၏ အုပ်ချုပ်ရေးယန္တရား အားလုံးကိုလည်း ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားဖြင့် အစားထိုးရပေမည်။ ထိုသို့ အစားထိုးရာတွင် ဆန္ဒစောပြီး ခြေလှမ်းမကျွံရေးနှင့် ခြေလှမ်းနှောင့်နှေးပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် သတိထားရပေမည်။ လုပ်သင့်လုပ်ထိုက်သော အလုပ်များကို လုပ်သင့်သည့်အချိန်တွင် အပြီးအစီးလုပ်နိုင်ရမည်။ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်နိုင်ရေးကို စစ်အစိုးရက ဒီမိုကရေစီ အရပ်သားအစိုးရထံသို့ အာဏာလွှဲပြောင်းပေးရေးဖြင့် အစပြုရပေမည်။

## (၂) ပြည်တွင်းငြိမ်းချမ်းရေး

ယနေ့မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော ပြည်တွင်းစစ်သည် အောက်ပါအခြေခံ (၂) ရပ်ကြောင့် ဖြစ်ပွားရခြင်းဖြစ်၏။ ယင်းတို့မှာ —

(က) နိုင်ငံရေး လွတ်လပ်ခွင့်မရှိခြင်း၊

(ခ) တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆုံးရှုံးခြင်းတို့ကြောင့်ဖြစ်သည်။

ဝါဒရေးကြောင့် ဖြစ်ပွားရသော ပြည်တွင်းစစ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပွင့်လန်းရှင်သန်ပြီး အယူဝါဒပေါင်းစုံ၊ ယုံကြည်ရာ နိုင်ငံရေးလမ်းစဉ်မျိုးစုံ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခွင့် ရှိမည်ဆိုပါက ပြည်တွင်းစစ်ကြီးလည်း ငြိမ်းချမ်းသွားမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဝါဒရေးကို အခြေခံသော ပြည်တွင်းစစ်ချုပ်ငြိမ်းသွားရေးအတွက် ဒီမိုကရေစီအခွင့်အရေးများ ပွင့်လန်းပြီး၊ ထိုအခွင့်အရေးများကို တရားဥပဒေဖြင့် အခိုင်အခန့်ကာကွယ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။ ဒီမိုကရေစီအခွင့်အရေးများကို အာမခံချက်ပေးနိုင်လျှင် ဝါဒရေးကြောင့် ဖြစ်ပွားသော ပြည်တွင်းစစ် ချုပ်ငြိမ်းနိုင်ပေလိမ့်မည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှုံးဆုံးခြင်းကြောင့် ဖြစ်ပွားသော လူမျိုးရေးကိုအခြေခံသည့် ပြည်တွင်းစစ်ချုပ်ငြိမ်းစေရန် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝပေးရမည့်အပြင် နိုင်ငံရေးအရတန်းတူရည်တူအခွင့်အရေးများကိုလည်း အာမခံထားရန်လိုပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံရေးတန်းတူခွင့်တို့ကို စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့်သာ ဖော်ဆောင်နိုင်ပေမည်။ ထို့ကြောင့် အသစ်ရေးဆွဲပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးအားလုံးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ တန်းတူရေးနှင့် ဒီမိုကရေစီရေးတို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းရပေမည်။

ပြည်တွင်းစစ် အပြီးသတ်ချုပ်ငြိမ်းရေးအတွက် အမျိုးသားညီလာခံကြီးတွင် အောက်ပါအတိုင်း အစီအစဉ်ချမှတ် ဆောင်ရွက်သင့်ပါသည်။

(က) ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရာတွင် အခြေခံရမည့် (ဝါ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် အခြေခံရမည့် “လမ်းညွှန်အခြေခံမှုများ” ကိုချမှတ်ရန်၊

(ခ) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲသောအခါ အခြေခံရမည့် လမ်းညွှန်အခြေခံမှုကို လက်ကိုင်ပြု၍ (အခြေခံ၍) ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ခေါ်ယူကျင်းပရန်၊

(ဂ) တောတွင်းလက်နက်အင်အားစုများအားလုံးကို ပြည်တော်ပြန်ခေါ်၍ အမျိုးသားညီလာခံတွင် လွတ်လပ်စွာပါဝင်တက်ရောက်ဆွေးနွေးစေခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊

(ဃ) ထိုသို့ အမျိုးသားညီလာခံတွင် တောတွင်းလက်နက်ကိုင်အင်အားစုများ ပါဝင်တက်ရောက်နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရေးကို ချို့ယွင်းချက်မရှိ ကြေညာရန်၊

## (၃) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းရေး

ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ ပန်းတိုင်သည် ဒီမိုကရေစီထွန်းကားပြီး တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိသော စစ်မှန်သည့်ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် အသစ်ရေးဆွဲမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်စေရမည်ဟု ကျွန်ုပ်တို့ အလေးအနက်ယုံကြည်အပ်ပေသည်။

(၁) စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရမည်။

(၂) ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အပြည့်အဝ ပြဌာန်းကာကွယ်ရမည်။

(၃) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားအပေါ် အခြေခံ၍ဖွဲ့စည်းခြင်းမဖြစ်စေရ။ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များသာ ဖြစ်စေရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ရှိရင်းစွဲပြည်နယ် (၇) ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုဖြင့်ဖွဲ့စည်း၍ အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဌာန်းခွင့် နိုင်ငံရေးအာဏာ အပြည့်အဝအပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပ်နှင်းထားရမည်။ ထို့အပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့် အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ "Residual Power" ကို အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့် အာဏာများကို အပ်နှင်းထားရမည်။ ထို့အပြင် နိုင်ငံတော်အချုပ်အခြာ အာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှစေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များတန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုဆိုသည့်အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ ရာနှောနေထိုင်သော တိုင်းပြည်ဖြစ်သောကြောင့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိပါက လူမျိုးစုပြဿနာကို ပြေလည်စွာဖြေရှင်းနိုင်မည် မဟုတ်ပေ။ လူမျိုးစုပြဿနာကို ပြေလည်စွာဖြေရှင်း နိုင်ခြင်းမရှိပါက ပြည်တွင်းငြိမ်းချမ်းရေး ရရှိနိုင်မည်မဟုတ်ပေ။ ပြည်တွင်းငြိမ်းချမ်းရေး မရရှိပါက ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပွင့်လန်းရှင်သန်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးတို့အတွက် ယနေ့တိုင်းပြည်၏ မဟာလိုအပ်ချက်ဖြစ်သော အမျိုးသားညီလာခံတရပ်ကို မလွဲမသွေကျင်းပရန်လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။

**[ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ်ညီလာခံတွင် မူဝါဒရေးရာကော်မတီမှ တင်သွင်းရန်ရေးသားထားသော စာတမ်းဖြစ်ပါသည်။ ထို စာတမ်းကို မူဝါဒရေးရာကော်မတီက များစွာပြင်ဆင်ဖြတ်တောက်ခဲ့ပါသည်။ အထူးသဖြင့် "ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ" တွင် တောတွင်းလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ပါဝင်ရေးဟူသောအပိုင်းကို နိုင်ငံရေးအခြေအနေအရ မဖြစ်နိုင်သေးပါ ဟူ၍ ပယ်ချခံခဲ့ရပါသည်။ ယခုဖော်ပြသောစာတမ်းမှာ မူရင်းလက်ရေးစာမူအတိုင်း ဖြစ်ပါသည်။ ညီလာခံတွင် မိမိကိုယ်တိုင်ဖတ်ကြားတင်သွင်းခဲ့ပါသည် ]။**

အခန်း (၈)

## ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးသုံးသပ်ချက်စာတမ်း

## "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ"

[ ၁၉၉၀ ခုနှစ် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၂) ရက်နေ့အထိ
ကျင်းပခဲ့သော UNLD ဒုတိယအကြိမ်ညီလာခံတွင်
ရေးသားတင်သွင်းခဲ့သည့်စာတမ်း ]

## ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးသုံးသပ်ချက်စာတမ်း

# “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးအတွက် လမ်းညွှန်အခြေခံမူများ”

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီအရေးနှင့် အတူ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိရေးကို တပြိုင်နက်တိုက်ပွဲဝင်ရန် သံဓိဋ္ဌာန်ချထားသောလူမျိုးစုများ၏ နိုင်ငံရေးအဖွဲ့ချုပ်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းရပေမည်။ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ အဓိကရည်မှန်းချက်ကို သတ်မှတ်ထားသည်မှာ — စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရေးပင် ဖြစ်ပါသည်။

ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် တရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အတွက် လက်တွဲတိုက်ပွဲဝင်ရန် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ယနေ့တိုင် ဒီမိုကရေစီရေးနှင့် တန်းတူရေးတိုက်ပွဲနှစ်ခုကို အချိတ်အဆက်မိမိ ဆင်နွှဲရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျှက် ရှိနေပါသည်။ စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို မိမိတို့၏ အဓိကနိုင်ငံရေးတိုက်ပွဲအဖြစ် သတ်မှတ်ထားသည်နှင့်အညီ ၁၉၈၉ ခု ဇွန်လ (၂၅) ရက်မှ (၂၆) ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သောလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီ (၁၄) ပါတီတက်ရောက်သည့် နီးနှောဖလှယ်ပွဲကြီးတွင် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) တရပ်ကို ကြိုတင်ပြင်ဆင်ရေးဆွဲရန် အားလုံးသဘောတူဆုံးဖြတ်ခဲ့ပါသည်။

ထို ဆုံးဖြတ်ချက်အတိုင်း ၁၉၈၉ ခု နိုဝင်ဘာလ (၂၁) မှ (၂၃) ရက်နေ့အထိ ကျင်းပခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် ညီလာခံတွင် ပြည်ထောင်စုစစ်စစ်မူဖြင့် ရေးဆွဲထားသော ဖွဲ့စည်းပုံဥပဒေမူကြမ်းတစောင်ကို ရေးဆွဲတင်သွင်း နိုင်ခဲ့ပါသည်။ ထိုညီလာခံတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် နိုင်ငံရေးပါတီ (၁၉) ပါတီနှင့် အဖွဲ့မဝင်ရသေးသော လူမျိုးစု နိုင်ငံရေးပါတီ (၆)ပါတီမှကိုယ်စားလှယ်များ

တက်ရောက်ခဲ့ကြပါသည်။ညီလာခံတွင်တင်သွင်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၁၉၉၀ ပြည့် ဖေဖော်ဝါရီလ (၈) ရက်နေ့မှ (၁၀) ရက် အထိ ကျင်းပခဲ့သော ဒုတိယအကြိမ်သဘာပတိစုံညီအစည်းအဝေးကြီးသို့ထပ်မံတင်သွင်း၍တည်ပြုနိုင်ခဲ့ပါသည်။

ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း မှ အဓိကကျသော အခြေခံမူ (၄) ရပ်ကို ကောက်နုတ်၍ ထိုမူ(၄)ရပ်အပေါ် အခြေခံပြီး ဗမာပါတီများဖြစ်ကြသည့် ဒီမိုကရေစီပါတီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ၊ ငြိမ်း)၊ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (ဒမဖ)၊ အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု၊ ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရေစီတပ်ပေါင်းစု၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုအခြေခံမူ (၄) ရပ်မှာ —

(၁) ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ အပြည့်အဝရှိသည့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ဖွဲ့စည်းရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပထဝီအနေအထားအပေါ်အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေပဲ၊ လူမျိုးကိုအခြေခံသော ပြည်နယ်များသာ ဖြစ်စေရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၃) အမျိုးသားပြည်နယ်များ နိုင်ငံရေးအရ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရမည်။

(၄) လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်အမတ်ဦးရေအညီအမျှစေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်အမတ်များကို စေလွှတ်ကြရမည် ဟူသောအချက်များပင်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုကြီး၏ တရားဝင်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ထားပြီးဖြစ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းရေးသည်လည်း ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သည့် ပြည်သူ့လွှတ်တော်တွင် အပြည့်

အဝ တာဝန်ရှိနေပါသည်။ ဒီမိုကရေစီကျင့်စဉ်တရားများကို နဝတစစ်အစိုးရက လေးစားလိုက်နာမည်ဆိုပါက ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံသို့ နိုင်ငံတော်အာဏာကို ခြွင်းချက်မရှိ လွှဲအပ်ရမည်ဖြစ်သည်။ ထိုသို့ အာဏာလွှဲအပ်ပြီးသောအခါ အာဏာရဒီမိုကရေစီအရပ်သားအစိုးရက တိုင်းပြည်၏ အနာဂတ်ကံကြမ္မာကို ပြဋ္ဌာန်းကာကွယ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံကို ရေးဆွဲရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ဦးဆောင်ရေးဆွဲရန် ကြီးလေးစွာ တာဝန်ရှိနေပေသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကြီးကို ပြည်သူလူထုတရပ်လုံးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ရွေးကောက်ပွဲမှတဆင့် လုံးဝတာဝန်အပ်နှင်းလိုက်ပြီဖြစ်ရာ၊ ဤညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) တရပ်ကိုတင်သွင်းခြင်းမပြုတော့ပဲ ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ လိုလားတောင်းဆိုသော **"ပြည်ထောင်စုစစ်စစ်မှု"** များဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာ၌ အခြေခံရမည့် လမ်းညွှန်အခြေခံမှု များကိုသာ အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်အခြေခံမှုများ**

(၁) စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်။

(၂) ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို အပြည့်အဝ ပြဋ္ဌာန်းကာကွယ်ရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားအပေါ် အခြေခံ၍ဖွဲ့စည်းခြင်း မဖြစ်စေဘဲ၊ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များသာဖြစ်ရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ရှိရင်းစွဲပြည်နယ် (၇) ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ်ဖွဲ့စည်း၍ အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နိုင်ငံရေး အာဏာအပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များအား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝ အပ်နှင်းထားရမည်။ ထို့အပြင် တနိုင်ငံလုံး

အတိုင်းအတာဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ "Residual Power" ကို အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့် အာဏာများကို အပ်နှင်းထားရမည်။ ထို့အပြင် နိုင်ငံတော်အချုပ်အခြာ အာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်စေရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

## ပြည်နယ်များဖွဲ့စည်းရေး

အထက်ဖော်ပြပါ လမ်းညွှန်အခြေခံမူအတိုင်း ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားအပေါ် အခြေခံသောပြည်နယ်များမဖြစ်စေပဲ လူမျိုးကို အခြေခံသော အမျိုးသားပြည်နယ်များသာ ဖြစ်ရမည်။ အကြောင်းမှာ — ဤ နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်သော နိုင်ငံဖြစ်၍ ၎င်း တိုင်းရင်းသားလူမျိုးအသီးသီး၏ လူမျိုးရေးလက္ခဏာ (ဝါ) အမျိုးသားလက္ခဏာ "National Identity" လုံးဝ မထိပါး၊ မချိုးဖောက်သင့်ပေ။

ယခုအခါ အချို့သော မဟာဝါဒီသမားများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟူသော အကြောင်းပြချက်ဖြင့် လူမျိုးရေးလက္ခဏာနှင့် လူမျိုးဂုဏ်ကို မဖော်ဘဲ၊ ပထဝီကိုအခြေခံသော ပြည်နယ်များကို ဖွဲ့စည်းသင့်သည်ဟု အကြံပေးနေကြသည်။ ယင်းသည် လူမျိုးကြီးက လူမျိုးငယ်ကို ဝါးမျိုရေးဝါဒဖြစ်၍ ကျွန်ုပ်တို့လုံးဝ လက်မခံနိုင်ပေ။ အမျိုးသားရေးလက္ခဏာကို ထိပါးပြီး လူမျိုးဆိုင်ရာ အခွင့်အရေးများကို ရိုက်ချိုးပိတ်ပင်ဟန့်တားမှုမှန်သမျှကို ကျွန်ုပ်တို့လက်မခံနိုင်ပေ။ မိမိတို့လူမျိုးပပျောက်ရေးအကြံကို မည်သူမျှ လက်သင့်ခံမည်မဟုတ်ပေ။ မိမိလူမျိုးသိက္ခာကို မြှင့်တင်ပြီး မိမိလူထုကောင်းစားရေးကို ဆောင်ရွက်လိုကြပါသည်။

ထိုမှတဆင့် တန်းတူညီမျှမှုကို အခြေခံသည့် သွေးစည်းညီညွတ်ရေးကို တည်ဆောက်ကြရပေမည်။ ထိုသို့ ခိုင်မာ၍ ညီညွတ်မျှတသည့် သွေးစည်းညီညွတ်ရေးကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုး (ဝါ) အမျိုးသားပြည်နယ်ကိုမျှ အခွင့်ထူးမပေးရေးနှင့် မည်သည့်လူမျိုး (ဝါ) အမျိုးသားပြည်နယ်ကိုမျှ အခွင့်အရေးမပိတ်ပင်ရေး "မူ"ကိုမြဲမြဲစွာဆုပ်ကိုင် ထားရပါမည်။

ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေအရ အဓိကလူမျိုး (၈) မျိုးကို အခြေခံသော အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို ဖွဲ့စည်းရမည်။ ၎င်းတို့မှာ —

(၁) ကချင်ပြည်နယ်၊
(၂) ကယားပြည်နယ်၊
(၃) ကရင်ပြည်နယ်၊
(၄) ချင်းပြည်နယ်၊
(၅) ဗမာပြည်နယ်
(၆) မွန်ပြည်နယ်၊
(၇) ရခိုင်ပြည်နယ်၊
(၈) ရှမ်းပြည်နယ် တို့ဖြစ်ပါသည်။

## ကိုယ်ပိုင်အုပ်ချုပ်ရဒေသများဖွဲ့စည်းရေး

၁၉၈၉ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ညီလာခံတွင် တိုင်းရင်းသားလူမျိုးများရေးရာနှင့်ပတ်သက်သော အခြေခံမူစာတမ်းကို တင်သွင်း၍ အတည်ပြုနိုင်ခဲ့ပါသည်။ ထိုစာတမ်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အမျိုးသားပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ (Autonomous Regions) ၊ အမျိုးသားနယ်မြေများ (National Areas) စသည်ဖြင့် လူမျိုးကိုအခြေခံ၍ အဆင့်ဆင့်သော အုပ်ချုပ်ရေးနယ်ပယ်များကို သတ်မှတ်ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါသည်။ (ယင်းအုပ်ချုပ်ရေးနယ်ပယ်များသည် လူမျိုးတမျိုး၏ အမျိုးသားပြည်နယ်ကို အုပ်ချုပ်ရေးယန္တယား လွယ်ကူချောမွေ့စေရန် အုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်း စသည်ဖြင့် ခွဲခြားသတ်မှတ်ထားသော စနစ်မျိုးနှင့် မသက်ဆိုင်ပေ)။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ်များ ဖွဲ့စည်းရန် အင်္ဂါစုံလင်သော လူမျိုးများကို ချက်ချင်းလက်ငင်းပြည်နယ်များ ဖွဲ့စည်းစေလျက် နောင်တွင် ပြည်နယ်အဆင့်သို့ ကူးပြောင်းနိုင်သည့် အလားအလာရှိသော လူမျိုးများကို ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းစေရမည်ဟုဖော်ပြထားခဲ့ပေသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည်အမျိုးသားရေးလက်ငင်းတာဝန်အဖြစ်

ပြည်နယ် များဖွဲ့စည်းရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းပြဋ္ဌာန်းရေးကို မလွဲမသွေ ဆောင်ရွက်ကြရပေမည်။ သို့သော် ယနေ့နိုင်ငံရေးအကြပ်အတည်း ပေါင်းစုံနှင့် ရင်ဆိုင်နေရသောအခါသမယတွင် များပြားလှသော လူမျိုးများ၏ ပြန့်ကျဲစွာနေထိုင်မှုကိုလိုက်၍ အမျိုးသားနယ်မြေများ သတ်မှတ်ရေးမှုကို ချက်ချင်းလက်ငင်း ဆောင်ရွက်နိုင်ဖွယ်ရာ မရှိသေးပါ။ ပြည်နယ်အဆင့်သို့ ကူပြောင်းနိုင်သော ကိုယ်ပိုင် အုပ်ချုပ်ရဒေသများ ဖွဲ့စည်းရေးကိုသာစဉ်းစား နိုင်ပေဦးမည်။

ကိုယ်ပိုင်အုပ်ချုပ်ရဒေသများကို အမျိုးသားပြည်နယ်တခု၏ ဥပဒေပြုအာဏာလွှမ်းခြုံနိုင်သော နယ်နိမိတ်အတွင်းရှိ သီးခြားလူမျိုးအတွက် သက်ဆိုင်စေရမည်။ ဥပမာ — ရှမ်းပြည်နယ်အတွင်းရှိ ပအိုဝ့်၊ ပလောင်၊ ဝ စသည့် လူမျိုးများ၊ ထို ကိုယ်ပိုင်အုပ်ချုပ်ရဒေသများသည် သက်ဆိုင်ရာပြည်နယ်၏ ပြည်နယ်ဥပဒေကို လက်ခံကျင့်သုံးရမည်။ သို့ရာတွင် အုပ်ချုပ်ရေးအာဏာနှင့် မိမိလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံ (Customary Law) အရ တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝအပ်နှင်းထားရမည်။ ထို့အပြင် သက်ဆိုင်ရာပြည်နယ်ဥပဒေပြုအဖွဲ့ဖြစ်သော ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်ကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်များတွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များ စေလွှတ်ပိုင်ခွင့် ရှိစေရမည်။

လက်ရှိနိုင်ငံရေး အခြေအနေအရ အချို့ပြည်နယ်များအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းသင့်သော လူမျိုးများမှာ ပအိုဝ့်လူမျိုးများ၊ ပလောင်လူမျိုးများ၊ ဝလူမျိုးများ၊ ကယန်းလူမျိုးများနှင့် နာဂလူမျိုးများဖြစ်သည်ဟု သုံးသပ်မိပါသည်။

## ပြည်နယ်များအသစ်ဖွဲ့စည်းရေးနှင့် ပြည်နယ်နယ်နမိတ်များသတ်မှတ်ရေး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် တင်သွင်းသော **"ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) စာတမ်း"** နှင့် ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် တင်သွင်းသော "ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူ" စာတမ်းတို့တွင် ပြည်နယ်သစ်များ ဖွဲ့စည်းရေးနှင့် ပြည်နယ်နယ်နိမိတ် သတ်မှတ်ရေးတို့ကို အကျယ်တဝင့်ဖော်ပြထားခဲ့ပါသည်။ သို့ရာတွင် အချို့အချက်အလက်များ ကျန်ရှိနေသောကြောင့် အောက်ပါအတိုင်း ပြင်ဆင်တင်ပြအပ်ပါသည်။

(၁) ပြည်ထောင်စုလွှတ်တော်သည် တိုင်းရင်းသားလူမျိုးတမျိုး၏ အမျိုးသားပြည်နယ်သစ်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အဖြစ် ဝင်ခွင့်ပြုနိုင်သည်။ (သို့မဟုတ်) တည်ထောင်နိုင်သည်။ ထိုသို့ ဝင်ခွင့်ပြုသောအခါ (သို့မဟုတ်) တည်ထောင်သောအခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်တခုအဖြစ် မိမိတို့၏ ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေထိုင်လိုသော ဆန္ဒရှိကြောင်း၊ သက်ဆိုင်ရာလူမျိုး၏ သုံးပုံနှစ်ပုံက ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဆန္ဒခံယူ၊ ဆန္ဒမဲပေးတောင်း ဆိုရမည်။

(ခ) သက်ဆိုင်ရာလူမျိုး၏ သုံးပုံနှစ်ပုံက ပြည်သူ့ဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲပေး၍ ပြည်နယ်သစ်ဖွဲ့စည်းရန် တောင်းဆိုပါက ပြည်နယ်သစ်ဖွဲ့စည်းရေးအဆိုကို လူမျိုးစုလွှတ်တော်သို့ တင်သွင်းရမည်။ လူမျိုးစုလွှတ်တော်က သုံးပုံနှစ်ပုံမဲဖြင့် ပြည်နယ်သစ်ဖွဲ့စည်းရေးကို ထောက်ခံပါက ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။

(ဂ) ပြည်နယ်သစ်ကို ယခင်ရှိပြီးသား ပြည်နယ်တခုခုမှ နယ်မြေများခွဲထုတ် (သို့မဟုတ်) ဖဲ့ထုတ်၍ ဖွဲ့စည်းနိုင်သည်။ (သို့မဟုတ်) ယခင်ရှိပြီးသား ပြည်နယ်တခု၏ နယ်မြေတချို့နှင့် အခြားယခင်ရှိပြီးသား ပြည်နယ်တခု၏ နယ်မြေတချို့ ခွဲထုတ် (သို့မဟုတ်) ဖဲ့ထုတ်ပေါင်းစည်းသော နယ်မြေများဖြင့်ဖွဲ့စည်းနိုင်ပါသည်။ ထိုသို့ပြည်နယ်သစ်များအတွက် နယ်နိမိတ်သတ်မှတ်ရန် ထိုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော (ပြည်နယ်တောင်းဆိုသော လူမျိုးများသာမက) ပြည်သူလူထုအားလုံး၏ ထက်ဝက်ကျော်မဲဖြင့် အတည်ဖြစ်စေရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နယ်နမိတ်များကို တိုးနိုင်သည် (သို့မဟုတ်) လျှော့နိုင်သည်။ ထိုသို့ ပြည်နယ်နယ်နမိတ်များကို တိုးသောအခါ (သို့မဟုတ်) လျှော့သောအခါ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ပြည်နယ်နယ်နိမိတ်တိုးပေးရန် (သို့မဟုတ်) လျှော့ပေးရန် သက်ဆိုင်ရာဒေသ (နယ်နိမိတ်တိုးမည့် –သို့မဟုတ်– လျှော့မည့်ဒေသ) မှ လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်က လူမျိုးစုလွှတ်တော်တွင် အဆိုတင်သွင်းရမည်။

(ခ) ပြည်နယ်နယ်နိမိတ်တိုးပေးရန် (သို့မဟုတ်) လျှော့ပေးရန် လူမျိုးစုလွှတ်တော်၏ သုံးပုံနှစ်ပုံမဲဖြင့် ထောက်ခံဆန္ဒမဲပေးပါက ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဒေသတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပေးရမည်။

(ဂ) ပြည်သူ့ဆန္ဒခံယူပွဲတွင် သက်ဆိုင်ရာဒေသအတွင်း နေထိုင်ကြသော ပြည်သူလူထု၏ ထက်ဝက်ကျော်က (သို့မဟုတ်) ၅၀ ရာခိုင်နှုန်းက ထောက်ခံမဲပေးသည့် အတိုင်း (ဝါ) ကန့်ကွက်မဲပေးသည့်အတိုင်း ပြည်သူ့လွှတ်တော်က အတည်ပြုပေးရမည်။

(၃) ကိုယ်ပိုင်အုပ်ချုပ်ရဒေသဖွဲ့စည်းတူထောင်ရေးနှင့် နယ်နိမိတ်သတ်မှတ်ရေးကို ပြည်နယ်သစ်များ ဖွဲ့စည်းတူထောင်ရေးနှင့် နယ်နိမိတ်သတ်မှတ်ရေး အခြေခံမူအတိုင်း ပုံစံတူဖြစ်စေရမည်။

ကျွန်ုပ်တို့သည်ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိပြီး နိုင်ငံရေးအရ တန်းတူခွင့်ရှိသော စစ်မှန်သည့် ပြည်ထောင်စုစနစ်ဖြင့် ရေးဆွဲပြဌာန်းနိုင်မှသာ တိုင်းရင်းသားလူမျိုးအားလုံး၏ ဘဝကံကြမ္မာသည် သားစဉ်မြေးဆက်အထိ အာမခံချက်ရှိနိုင်မည်ဟု အလေးအနက်ယုံကြည်အပ်ပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပြဌာန်းနိုင်ရေးအတွက် မမိုတ်မသုန်နောက်မဆုတ်တမ်းတိုက်ပွဲဝင်သွားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

**[ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယအကြိမ်ညီလာခံတွင် မူဝါဒရေးရာကော်မတီကိုယ်စား တင်သွင်း ခဲ့သော စာတမ်းဖြစ်ပါသည်။]**

အခန်း (၉)

# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဆီသို့

[UNLD တတိယအကြိမ် သဘာပတိစုံညီအစည်းအဝေးသို့
တင်သွင်းခဲ့သော
"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ"
၏အစီရင်ခံစာ ]

# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဆီသို့

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီရေးနှင့် တန်းတူရေးတိုက်ပွဲအတွက် စုစည်းထားသော ပြည်ထောင်စုဖွားတိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ နိုင်ငံရေးအဖွဲ့ချုပ်ကြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အခွင့်အရေးများ ပွင့်လန်းရှင်သန်ပြီး၊ တိုင်းရင်းသားလူမျိုးအားလုံး လူမျိုးရေးအရ တန်းတူညီမျှမှု၊ နိုင်ငံရေးအရ တန်းတူညီမျှမှုနှင့် ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာ ဖန်တီးခွင့်တည်းဟူသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် စစ်မှန်သော ပြည် ထောင်စုစနစ်တည်ဆောက်ရေးသည် အဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက်ပင်ဖြစ် ပါသည်။

ထို ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ၁၉၈၉ ခုနှစ် ဇွန်လ (၂၇) ရက်တွင် မန္တလေးမြို့၌ ကျင်းပသော (၁၄) ပါတီတက်ရောက်သည့် နီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကြိုတင်ပြင်ဆင်ရေးဆွဲရန် ဆုံးဖြတ် ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်နှင့်အညီအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် ဒုတိယ အကြိမ်ညီလာခံတို့တွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း)၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်၍ အမြင်သဘောထားများကို တင်ပြ သည့် စာတမ်းများကို တင်သွင်းနိုင်ခဲ့ပါသည်။ ၁၉၉၀ ပြည့် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၂) ရက်နေ့အထိ YMCA ခန်းမ၌ ကျင်းပသော ညီလာခံကြီးတွင် နိုင်ငံ တော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် လမ်းညွှန်မှု (၇) ချက်ကို အတိအလင်း ပြဋ္ဌာန်းကြေညာနိုင်ခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် လမ်းညွှန်မှု (၇) ချက်မှာ —

(၁) စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်။

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ပြဋ္ဌာန်းကာကွယ်ရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထား ပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေရ၊ လူမျိုးကိုအခြေခံသော အမျိုးသားပြည်

နယ်များသာဖြစ်ရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ရှိရင်းစွဲ ပြည်နယ် (၇) ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့စည်းစေ၍ အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပ်နှင်းထားရမည်။ ထို့ပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ (Residual Powers) ကို အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့ပြင် နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ် ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူပူးပေါင်းသည့် ပြည်ထောင်စုဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

အထက်ပါ လမ်းညွှန်အခြေခံမူ (၇) ချက်နှင့် ပထမနှင့် ဒုတိယအကြိမ်ညီလာခံများတွင် တင်သွင်းသောမူကြမ်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ စာတမ်းများ၊ ညီလာခံသို့တက်ရောက်လာကြသော ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးချက်၊ အကြံပေး ဝေဖန်သုံးသပ်ချက်များကို အခြေပြု၍ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကို ရေးသားပြုစုခြင်းဖြစ်ပါသည်။ ယခု တင်ပြသောမူကြမ်းကို ညီလာခံတက်ရောက်လာကြကုန်သော တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်ကြီးများက သေချာစွာ၊ စေ့စပ်စွာ၊ စိတ်ရှည်စွာဖြင့် နောင်လာနောက်သား၊ သားစဉ်မြေးဆက်အထိ အကျိုးဖြစ်ထွန်းမည့် ရေရှည်အကျိုးကို မျှော်ကြည့်၍ ဆွေးနွေးအကြံပေး ဝေဖန်သုံးသပ်ကြပါရန် လေးမြတ်စွာမေတ္တာ

ရပ်ခံလိုပါသည်။ ထို ဆွေးနွေးအကြံပေးချက်များအပေါ် အခြေခံ၍ ဒုတိယမူကြမ်း၊ တတိယမူကြမ်းစသည်ဖြင့် နိုင်ငံတော်အတွက်အကောင်းဆုံးသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ် ပေါ်ထွန်းပြဋ္ဌာန်းနိုင်သည်အထိ ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

ဤ ပဏာမမူကြမ်းအပေါ်အခြေခံ၍ အဓိကထား၍ ဆွေးနွေးသင့်သည် ဟူသော အချက်အလက်အချို့ကို ထုတ်နှုတ်၍ တင်ပြလိုပါသည်။ အကြောင်းမှာ ယခု ထုတ်နှုတ်တင်ပြသည့် အကြောင်းအချက်များသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး၏ လေးနက်မှု၊ အဓိပ္ပာယ်ပြည့်ဝစုံလင်မှုနှင့် အနှစ်သာရများကို ဖော်ဆောင်ရမည် ဖြစ်သောကြောင့် ထိုအရေးကြီးသော ''အခြေခံမှု'' များပေါ်တွင် ဝိဝါဒကွဲပြား၍ လမ်းကြောင်းမှားသွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အဓိကအရေးကြီးသော ''အခြေခံမှု'' များလမ်းကြောင်းလွဲမှားသွားပါက နိုင်ငံတော်အထူးနစ်နာပေမည်။ ပြည်သူလူထုနစ်နာ ကြပေမည်။ ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နစ်နာကြပေမည်။ ထို့ကြောင့် တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အထူးကြီးလေးသော တာဝန်တရပ်အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် စိတ်ရှည်ဖွဲ့ရှိစွာ ဆောင်ရွက်ကြရန်လိုအပ်ပေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှစ်ကြိမ်တိုင်တိုင်ရေးဆွဲခဲ့သော်လည်း အဓိကအရေးကြီးသော ''အခြေခံမှု'' များ လမ်းကြောင်းလွဲမှားခဲ့သောကြောင့် ယနေ့တိုင် လွတ်လပ်ရေးအသီးအပွင့်ကို ပြည်သူလူထုက အပြည့်အဝမခံစားနိုင်သေးသော ခါးသီးနာကြည်းဖွယ် အတိတ်သင်ခန်းစာကို ရင်ဝယ်ပိုက်၍၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကောင်းကျိုးအတွက်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပေသည်။

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမမူကြမ်း) တွင်အဓိကထား၍ တင်ပြသော ''အခြေခံမှု'' များမှာ —

### (၁) နိုင်ငံတော်နှင့်ပတ်သက်၍တင်ပြချက်များ

- လွတ်လပ်၍အချုပ်အခြာ အာဏာပိုင်သောနိုင်ငံဖြစ်သည်။
- နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့က ပိုင်ဆိုင်သည်။
- နိုင်ငံသားအားလုံး လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့်ကို အာမခံချက်ပေးထားသော ဒီမိုကရေစီနိုင်ငံဖြစ်သည်။
- ဤနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ တန်းတူရည်တူ ပူးပေါင်းဖွဲ့စည်းသော နိုင်ငံဖြစ်သည်။
- ထို့ကြောင့် နိုင်ငံတော်၏ဖွဲ့စည်းပုံစနစ်မှာ စစ်မှန်သောပြည်ထောင်စုစနစ် ဖြစ်သည်။

### (၂) နိုင်ငံရေးစနစ်နှင့်ပတ်သက်၍တင်ပြချက်

ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသော ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။

### (၃) နိုင်ငံတော်စီးပွားရေးစနစ်နှင့်ပတ်သက်၍တင်ပြချက်

လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ လွတ်လပ်သောစီးပွားရေးစနစ်ကို —

(၁) ပုဂ္ဂလိကပိုင်

(၂) ဖက်စပ်

(၃) သမဝါယမနှင့်

(၄) နိုင်ငံပိုင် — တို့ဖြင့် အကောင်အထည်ဖော်မည်။

### (၄) ပြည်ထောင်စုလွှတ်တော်နှင့် ပတ်သက်၍တင်ပြချက်

ပြည်ထောင်စုလွှတ်တော်တွင် —

(၁) သမ္မတ

(၂) လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)

(၃) ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တို့ပါဝင်ရမည်ဟုတင်ပြသည်။

လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်အမတ်ဦးရေ အညီအမျှစေလွှတ်ကြရမည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များတန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုစနစ်ဆိုသည့် အနှစ်သာရ ပေါ်လွင်ထင်ရှားနိုင်ပေမည်။ ထို့ပြင် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် အာမခံချက်ပေးမည့် ဥပဒေကို တိုင်းရင်းသားလူမျိုးပေါင်းစုံ ဆန္ဒသဘောထားတူညီစွာ၊ ချစ်ကြည်သွေးစည်းစွာ၊ တန်းတူညီမျှစွာဖြင့် ပြဋ္ဌာန်းရန်လိုအပ်ပေသည်။ ထို့ကြောင့် လူမျိုးစုလွှတ်တော်၏ အခန်းကဏ္ဍကို အလေးထား၍ တင်ပြထားပါသည်။

လူမျိုးစုလွှတ်တော်ကို နိုင်ငံတော်ဥပဒေပြုအဖွဲ့၏ အဓိကမဏ္ဍိုင်ကြီးတခု အဖြစ်ဖြင့် မီးမောင်းထိုး တင်ပြသလို၊ ပြည်သူ့လွှတ်တော်ကိုလည်း ပါလီမန်ဒီမိုက ရေစီစနစ်၏ အနှစ်သာရများကို ဖော်ဆောင်မည့် လွှတ်တော်အဖြစ် တင်ပြထား ပါသည်။ အကြောင်းမှာ ပြည်သူ့လွှတ်တော်တွင် အများစုအနိုင်ရရှိသော နိုင်ငံရေး ပါတီက ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်ဖြစ်သောကြောင့် ပြည်သူ့လွှတ်တော် သည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကြီးကို အဓိကကိုင်တွယ်ဆောင်ရွက်ရမည့် လွှတ်တော်ကြီး ဖြစ်ပါသည်။

## (ျ) နိုင်ငံတော်သမ္မတရွေးချယ်ပုံနည်းစနစ်နှင့်ပတ်သက်သောတင်ပြချက်

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အများဆုံးအနိုင်ရရှိသည့် နိုင်ငံရေးပါတီခေါင်းဆောင်ကို နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းသည် ပါလီမန်ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်ပါသည်။ ထိုနည်းတူ တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းဖွဲ့စည်းသော ပြည်ထောင်စုနိုင်ငံတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာကိုရရှိသည့် နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်းသည်လည်း အရေးကြီးပါသည်။ ဝန်ကြီးချုပ်ကို ရွေးကောက်တင်မြှောက်သလို လူထုအများစု၏ ကြိုက်ရာမဲဖြင့် ရွေးချယ်၍မရပါ။ နိုင်ငံတော်သမ္မတသည် နိုင်ငံသားပြည်သူအများစု၏ ခေါင်းဆောင်သာမကဘဲ၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုး (လူမျိုး) အားလုံး၏ အကြီးအကဲခေါင်းဆောင်ဖြစ်သည်ဟူသော အနှစ်သာရလည်း ပေါ်လွင်ထင်ရှားစေရပေမည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကို ရွေးချယ်ရာ၌ တိုင်းရင်းသားလူမျိုးအားလုံးက ဆန္ဒသဘောတူရွေးချယ်ခြင်း (တနည်း) လူထုအများစု၏ သာမန်မဲဆန္ဒဖြင့် ရွေးချယ်သည်ဆိုသော အဓိပ္ပာယ်ထက်၊ လူမျိုးအများစု၏ သဘောတူညီသော ဆန္ဒမဲဖြင့် ရွေးချယ်သည်ဆိုသော အဓိပ္ပာယ်ပေါ်လွင်ထင်ရှားစေရန်၊ လူမျိုးစုလွှတ်တော်အမတ်များက နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရမည်ဟု တင်ပြထားပါသည်။

## ၆။ ပြည်ထောင်စုဥပဒေပြုခွင့်အာဏာနှင့် ပြည်နယ်ဥပဒေပြုခွင့်အာဏာနှင့် ပတ်သက်သောတင်ပြချက်

လွှတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင် ပြည်နယ်များရသင့်ရထိုက်သော ဥပဒေပြုအာဏာကို အပြည့်အဝရရှိခြင်း မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသော ကိစ္စရပ်များ (ဥပဒေပြုစာရင်း) နှင့် ပြည်နယ်လွှတ်တော်အသီးသီးက ဥပဒေပြုခွင့်ရှိသော ကိစ္စရပ်များ (ဥပဒေပြုစာရင်း)၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပူးတွဲဥပဒေပြုရမည့် စာရင်းများကို တကြိမ်တည်းဖြင့် အသေးစိတ်ဖော်ပြရန် အခက်အခဲရှိပါသည်။ ယခုတင်ပြချက်များ နှစ်ပေါင်းလေးဆယ်ကျော် အရှိုးစွဲနေပြီဖြစ်သည့်အတိုင်း ပြည်ထောင်စုလွှတ်တော် ဥပဒေပြုစာရင်းများနေမည် ထင်ပါသည်။ ညီလာခံတက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အသေးစိတ်ဆန်းစစ်သုံးသပ်ပြီး ခွဲခြားပေးရန် လိုအပ်ပါသည်။ ထိုနည်းတူစွာ ပြည်ထောင်စုအစိုးရ လုပ်ငန်းခွင်အာဏာနှင့် ပြည်နယ်အစိုးရလုပ်ပိုင်ခွင့်အာဏာလည်း အသေးစိတ် စိစစ်ခွဲခြားရန် လိုအပ်ပေသည်။

## (၇) ပြည်နယ်များနှင့် ပတ်သက်သောတင်ပြချက်

ယခု တင်ပြသောမူကြမ်းတွင် ပြည်နယ်များ၏ ရရှိခံစားထိုက်သော အခွင့်အာဏာနှင့် အင်္ဂါရပ်များကိုသာ ဖော်ပြနိုင်ပါသည်။ ပြည်နယ်လွှတ်တော်ဖွဲ့စည်းရေးနည်းစနစ်၊ ပြည်နယ်အစိုးရဖွဲ့စည်းရေးနည်းစနစ်များကို အသေးစိတ်တင်ပြနိုင်ခြင်း မရှိသေးပါ။ ထိုသို့ မတင်ပြရခြင်းမှာ တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှု သမိုင်းနောက်ခံနှင့် ယနေ့နိုင်ငံရေးလိုလားချက်များကို လေးစားသောကြောင့် ဖြစ်၏။ မိမိလူမျိုးတို့၏ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ အပေါ်အခြေခံ၍ **ပြည်နယ်အသီးသီးက မိမိပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတင်ပြမည်** ဆိုပါက ပို၍ပြည့်စုံကောင်းမွန်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ပြည်နယ်အသီးသီးက မိမိပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲ ပေးပို့ကြပြီး၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယမူကြမ်းကို ရေးသားတင်ပြသောအခါ ပြည်နယ်အားလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အစဉ်လိုက်ထည့်သွင်းဖော်ပြ သွားမည် ဖြစ်ပါသည်။

## (၈) ပြည်နယ်သစ်ကဏ္ဍကိုတင်ပြချက်

ယနေ့မြန်မာနိုင်ငံတွင် ပြည်နယ်သစ်ဖွဲ့စည်းရန် ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော လူမျိုးများ ရှိနေကြပါသည်။ ထို ညီနောင်တိုင်းရင်းသားလူမျိုးများ ရသင့်ရထိုက်သော အခွင့်အရေးကို မဆုံးရှုံးမနစ်နာစေဘဲ အမြန်ဆုံးရရှိခံစားနိုင်ရန် ပြည်နယ်သစ်ဖွဲ့စည်းရေး ကဏ္ဍကို တင်ပြထားပါသည်။

## (၉) ကိုယ်ပိုင်အုပ်ချုပ်ရဒေသနှင့် အမျိုးသားနယ်မြေများ သတ်မှတ်ရေးအတွက် တင်ပြချက်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုဘွားတိုင်းရင်းသားလူမျိုးအားလုံး၊ လူမျိုးစုများ၊ လူမျိုးနွယ်စုများ အားလုံး ရရှိခံစားထိုက်သော ဒီမိုကရေစီနှင့် တန်းတူအခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရန်ဖြစ်သည်နှင့်အညီ၊ ပြည်ထောင်စုကြီးကို ဖွဲ့စည်းသောအခါ ပြည်နယ်များ အပြင်၊ ကိုယ်ပိုင်အုပ်ချုပ်ရဒေသများနှင့် အမျိုးသားနယ်မြေများကိုပါ သတ်မှတ် ပြဋ္ဌာန်းရန် မူဝါဒ ချမှတ်ထားပါသည်။ ထို့ကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း) တွင် ထိုကဏ္ဍကို အလေးအနက်ထား၍ တင်ပြအပ်ပါသည်။ ထိုသို့ တင်ပြရာတွင် အခြေခံမူအဖြစ် ၁၉၄၇ ခု မေလတွင် ကျင်းပသော ဖဆပလ အဖွဲ့ချုပ် ပဏာမပြင်ဆင်မှုညီလာခံကြီးတွင် သခင်အောင်ဆန်း ကိုယ်တိုင်တင်သွင်းခဲ့သော မူများကို အခြေခံထားပါသည်။ ယခုတင်ပြချက်သည် ပြည့်စုံခြင်းမရှိသေးပါ။ ကိုယ်စားလှယ်တော်ကြီးများက အသေးစိတ်တင်ပြဆွေးနွေးရန် ပန်ကြားလိုပါသည်။

“ရောမမြို့ကို တနေ့တည်းဖြင့် မတည်ဆောက်နိုင်ပါ” ဆိုသောစကားရှိသည်နှင့်အညီ၊ နိုင်ငံတော်တခု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကိုလည်း တကြိမ်တခါတည်းဖြင့် ပြည့်စုံလုံလောက်ကောင်းမွန်စွာ ရေးသားပြုစုနိုင်ခြင်း မရှိသေးပါဟု၍ ရိုးသားစွာ ဝန်ခံလိုပါသည်။ နောင်အနာဂတ်သားစဉ်မြေးဆက်အထိ တိုင်းပြည်၏ကံကြမ္မာကို အကောင်းအဆိုးဖန်တီးရန် အဆုံးအဖြတ်ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် ပြည်ထောင်စုကြီး၏ ပုံသဏ္ဍာန်ကို ပုံသွင်းထုလုပ်ခြင်းဖြစ်၍ အထူးစိတ်ရှည်ရန် လိုအပ်ပေသည်။ အမျှော်အမြင်ကြီးရန် လိုအပ်ပေသည်။ လတ်တလော နိုင်ငံရေးအကြပ်အတည်းတခုကို ဖြေရှင်းရုံမျှအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးအနှစ် (၄၀) ကျော်နေပြီဖြစ်သော်လည်း ယနေ့တိုင်လွတ်လပ်ရေးအသီးအပွင့်ကို တိုင်းရင်းသားပြည်သူလူထု ခံစားနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ယနေ့ကျွန်ုပ်တို့ ခေတ်တွင်လည်း သမိုင်းတရားခံများ မဖြစ်ရလေအောင် အမျှော်အမြင်ကြီးစွာ၊ ဖွဲ့သတ္တိရှိစွာ၊ လေးနက်တည်ကြည်စွာဖြင့် လုံ့လစိုက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ တာဝန်ပေးချက်အရ၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီက ရေးသားပြုစု၍ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ (၂၁) ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် တတိယအကြိမ် သဘာပတိစုံညီအစည်းအဝေးကြီးသို့ တင် သွင်းအပ်ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်များမှာ —

၁။ ဦးအေးဖေ (အမြဲတမ်းသဘာပတိကောင်စီ)
၂။ နိုင်ခင်မောင် (မူဝါဒရေးရာကော်မတီ )
၃။ ဦးလျန်အုပ် (တိုင်းရင်းသားလူမျိုးစုရေးရာ မူဝါဒကော်မတီ)
၄။ နိုင်တင်ဖေ (ဆော်သြရေးမှူး – မူဝါဒရေးရာကော်မတီ)
၅။ ဦးသာဘန်း (ပြန်ကြားရေးကော်မတီ)
၆။ ဆလိုင်းလျန်မှုန်း (အတွင်းရေးမှူး) တို့ဖြစ်ပါသည်။

**[ မှတ်ချက် ။ ။ ၁၉၉၀ ပြည့် နိုဝင်ဘာလ (၂၁) ရက်တွင် ဤအစီရင်ခံစာကို UNLD တတိယ အကြိမ် သဘာပတိစုံညီအစည်းအဝေးသို့ တင်သွင်းခဲ့ပါသည်] ။**

အခန်း (၁၀)

# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီး၏ လက်ငင်းတာဝန်

[ ၁၉၉၂ ဂျာမဏီနိုင်ငံ ဟမ်းဘတ်မြို့တွင်ကျင်းပခဲ့သော ဥရောပ–မြန်မာ အသင်းအစည်းအဝေးတွင် တင်သွင်းခဲ့ပြီး၊ ၁၉၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော ချင်းအမျိုးသားဂျာနယ်အမှတ် (၅) ၌ ဖော်ပြခဲ့သည့်စာတမ်း]

# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီး၏ လက်ငင်းတာဝန်

## နိဒါန်း

ဤစာတမ်းကို ၁၉၉၂ ခုနှစ် အောက်တိုဘာ (၃၀) ရက်မှ နိုဝင်ဘာလ (၁) ရက်နေ့အထိ ဂျာမဏီနိုင်ငံ ဟမ်းဘတ်မြို့တွင် "ဥရောပ – မြန်မာအသင်း" ဦးဆောင်မှုဖြင့် ကျင်းပသော "ဒီမိုကရေစီအရေးတော်ပုံကြီးကို ဆင်နွှဲနေသည့် နိုင်ငံရေးအင်အားစုများညီလာခံ" တွင် တင်သွင်းရန်ရည်ရွယ်ထားပါသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ ပြည်ထောင်စုကြီး ပြန်လည်လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်ပရောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များချမှတ်ရန်ဟု သိရှိထားပါသည်။

ကျောင်းသားလူငယ်များဦးဆောင်မှုဖြင့် ၁၉၈၈ တွင်စတင်ဆင်နွှဲခဲ့သော ဒီမိုကရေစီအရေးတော်ပုံကြီးသည် အတိုင်းအတာတခုအထိ အောင်မြင်မှုရှိထားသော်လည်း အပြီးသတ်အောင်ပွဲ မဆင်နွှဲနိုင်သေးပေ။ ကျောင်းသားလူငယ်၊ ရဟန်းရှင်လူ ထောင်ပေါင်းများစွာ အသက်စတေး၍ဆင်နွှဲသော ဒီမိုကရေစီအရေးတော်ပုံကြီး အပြီးသတ်အောင်ပွဲဆင်နွှဲနိုင်ရန် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ အဖွဲ့အစည်းအလိုက်သော်၎င်း၊ ပုဂ္ဂိုလ်တဦးချင်း အလိုက်သော်၎င်း၊ လူမျိုးအလိုက်သော်၎င်း လုံးဝတာဝန် ရှိနေပါသည်။ ဒီမိုကရေစီအရေးတော်ပုံကြီး ရေစုန်မျောသွားမိပါက ကျဆုံးသွားလေပြီးသော ကျောင်းသားလူငယ်၊ ရဟန်းရှင်လူအပေါင်းတို့အပေါ် တာဝန်မကျေရုံသာမက သစ္စာဖောက်ရာပင် ကျသွားပေမည်။ ထို့ကြောင့် ဒီမိုကရေစီအရေးတော်ပုံကြီး အောင်မြင်စွာဆင်နွှဲနိုင်ရေးအတွက် အရေးကြီးဆုံးအချက်ဖြစ်သည်ဟု ယုံကြည်ထားသော "မူဝါဒ" ရေးရာကို ဤစာတမ်းတွင် ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

ဤစာတမ်းကို မိမိတဦးတည်းအနေဖြင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။ သို့ရာတွင် မိမိအနေဖြင့် ဒီမိုကရေစီအရေးတော်ပုံကြီး စတင်ပေါက်ကွဲသည့် အချိန်မှစ၍ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာတန်းကျောင်းသားတဦးအနေဖြင့်သော်၎င်း၊ ချင်းကျောင်းသားတဦးအနေဖြင့်သော်၎င်း ပါဝင်လှုပ်ရှားခဲ့ရုံမက၊ နိုင်ငံရေးပါတီများ စတင်ဖွဲ့စည်းခွင့်ရသည့် အချိန်မှ ၁၉၉၀ ဒီဇင်ဘာလတွင် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်သည့်အချိန်အထိ "ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်" ၏ အထွေထွေအတွင်းရေးမှူးအဖြစ်၎င်း၊ ပြည်နယ် (၇) ပြည်နယ်မှ လူမျိုးစုနိုင်ငံရေးပါတီများဖြင့် ပူးပေါင်း ဖွဲ့စည်းထားသော "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်" (UNLD) ၏ အတွင်းရေးမှူးနှင့် မူဝါဒရေးရာတာဝန်ခံသာမက၊ နိုင်ငံ

တော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီဝင်အဖြစ်ပါဝင် လှုပ်ရှားခဲ့သဖြင့် ဤ စာတမ်းတွင်ဆွေးနွေးတင်ပြချက်များသည် (UNLD) ၏ မူဝါဒများ ရောင်ပြန် ဟပ်နေမည်ဖြစ်ကြောင်း ဝန်ခံလိုပါသည်။ သို့ရာတွင် စာတမ်းအာဘော် တခုလုံး သည် မိမိတဦးတည်းအာဘော်သာဖြစ်၍ စာတမ်းနှင့်ပတ်သက်သမျှ မိမိတဦး တည်းတွင်သာလျှင် တာဝန်ရှိကြောင်းလည်း ထပ်မံဝန်ခံလိုပါသည်။

မိမိပါဝင်လှုပ်ရှားခဲ့သော နှစ်နှစ်တာ (၁၉၈၈–၁၉၉၀) ကာလအတွင်း ပြည်တွင်း နိုင်ငံရေးလှုပ်ရှားမှု (အထူးသဖြင့် နိုင်ငံရေးပါတီများ) ကိုပြန်လည်သုံးသပ်ကြည့် သောအခါ နဝတစစ်အစိုးရ၏ မတရားချယ်လှယ်ထားသော မာရှယ်လောစစ် ဥပဒေနှင့် အမိန့်အမျိုးမျိုးကြောင့် ပြောသင့်ပြောထိုက်သော နိုင်ငံရေးကိစ္စများကို လွတ်လပ်စွာပြောဆို ဟောပြောခွင့်မရှိသည့်အပြင်၊ မိမိတို့၏ နိုင်ငံရေး "မူဝါဒ" များကိုလည်း ပြည်သူလူထုထံသို့ လွတ်လပ်စွာရေးသားတင်ပြထုတ်ဝေခွင့် မရရှိ ခဲ့ကြပေ။ ထို့ကြောင့် နိုင်ငံရေးပါတီများသည် "တုံးအောက်ကဖား" ဘဝဖြင့် ရပ်တည်ခဲ့ကြောင်းကို တွေ့ရှိရပါသည်။ ထိုထက်ပို၍ဆိုးဝါးသည့်အချက်မှာ — ပါတီ တွင်းဆွေးနွေးပွဲများတွင်ပင်လျှင် နဝတစစ်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့်ကိစ္စ မှန်သမျှကို တတ်နိုင်သမျှရှောင်ရှားပြီး (ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ မတရားအမိန့် အာဏာမှန်သမျှ ဖီဆန်ရေးကာလမှလွဲ၍...) ပြည်ထောင်စုအတိုင်း အတာဖြင့် ဆောင်ရွက်ရမည့် နိုင်ငံရေးကိစ္စရပ်များနှင့် "မူဝါဒ" ရေးရာများကို ဆွေးနွေးတိုင်ပင်ရန် နိုင်ငံရေးပါတီအတော်များများက ရှောင်ရှားခဲ့ကြောင်း ဝမ်းနည်း ဖွယ်ကြုံတွေ့ခဲ့ရပါသည်။

နဝတစစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ခြင်းမှ ကင်းလွတ်၍ နိုင်ငံခြားတိုင်း ပြည် (ဝါ) လွတ်မြောက်နယ်မြေရောက် ရဲဘော်များ၊ ညီနောင်များနှင့် ဆွေးနွေးရန် ဤစာတမ်း ကို ရေးသားခြင်းဖြစ်သောကြောင့် ပြည်တွင်း၌ ပွင့်ပွင့်လင်းလင်း မဆွေးနွေးရဲခဲ့သော နိုင်ငံရေး "မူဝါဒ" ကိုလွတ်လပ်စွာဆွေးနွေးရန် တင်ပြထားပါသည်။ ထို့ကြောင့် ဤစာတမ်းပါ အချို့သောအချက်အလက်များသည် ပဋိပက္ခအလွန်ကြီးမားသည် ဟု ယူဆနိုင်ပါသည်။ အထူးသဖြင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော "ခွဲထွက်ခွင့်" ပုဒ်မကို ယခုကာလတွင် နိုင်ငံရေးသမားအတော်များများက ရှောင်ရှား နေကြပါသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ယနေ့တိုင် "ပြည် ထောင်စုကြီး" အတွက်အကြီးမားဆုံး နိုင်ငံရေးပြဿနာတခုဖြစ်သော "ခွဲထွက် ခွင့်" ကိစ္စကို ပြေလည်စွာဆွေးနွေးအဖြေရှာနိုင်မှသာလျှင် အနာဂတ်ပြည်ထောင်စု ၏ ဖွဲ့စည်းပုံနှင့်နိုင်ငံရေးလမ်းစဉ်များကို မှန်ကန်စွာအုတ်မြစ်ချနိုင်မည်ဟု ယုံကြည်မိ ပါသည်။ ထို့ကြောင့် နိုင်ငံရေး "Taboo" ဟု နိုင်ငံရေးသမား အတော်များများက ရှောင်ရှားနေသောကိစ္စကို ဆွေးနွေးတင်ပြခြင်း ဖြစ်ပါသည်။

## ယနေ့နိုင်ငံရေးသုံးသပ်ချက်အမျိုးမျိုး

ယနေ့နိုင်ငံရေးအခြေအနေကို သေချာစွာသုံးသပ်ပါက လွတ်လပ်ရေးအကြိုကာလ နိုင်ငံရေးအခြေအနေနှင့် တူနေပြီး အလွန်ရှုပ်ထွေးနေပါသည်။ ထို့ကြောင့် နိုင်ငံရေး ဇာတ်ခုံတွင် အဓိကအခန်းမှပါဝင်နေသူများ ယနေ့နိုင်ငံရေးအခြေအနေကို သုံးသပ်ရာ၌ များစွာအမြင်ကြည်လင်ရန် လိုအပ်နေပါသည်။ အထူးသဖြင့် နဝတစစ်အစိုးရက လက်နက်အားကိုးဖြင့် အသာစီးမှဖိနှိပ်ချုပ်ချယ်သည့်အချိန်တွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအမြင်မမှားမိစေရန်၎င်း၊ "မူဝါဒ" ရေးရာများ အကိုင်အတွယ်မမှားမိစေရန်၎င်း အထူးသတိထား သင့်ပေသည်။ လက်နက်အင်အားဖြင့် အသာစီးရရှိနေသော နဝတစစ်အစိုးရကို မှန်ကန်သောနိုင်ငံရေးပေါ်လစီဖြင့် တုန့်ပြန် အနိုင်ယူရန် လိုအပ်ပေသည်။ နိုင်ငံရေးမူဝါဒများ အကိုင်အတွယ် တချက်မှားယွင်း သွားမိပါက ဒီမိုကရေစီအရေးတော်ပုံကြီးတခုလုံး ရေစုန်မျောသွားပြီး တိုင်းပြည်နှင့် ပြည်သူလူထုကြီးအတွက် ပိုမိုဆိုးရွားသော အန္တရာယ်များ ကျရောက်သွားနိုင်ပါသည်။

ယနေ့ နိုင်ငံရေးကို ကာလအမျိုးမျိုးခွဲခြားကန့်သတ်၍ ရှုဒေါင့်အမျိုးမျိုးဖြင့် သုံးသပ်နေကြပါသည်။ လက်ရှိနိုင်ငံရေးအကြပ်အတည်းအပေါ် သုံးသပ်ချက်အမြင်နှင့် ယင်းနိုင်ငံရေးအကြပ်အတည်းဖြစ်ဖျားခံရာ သမိုင်းနောက်ခံကို နားလည်ချဉ်းကပ်ပုံခြင်း မတူညီပါက ပန်းတိုင်လည်း တူညီနိုင်မည် မဟုတ်ပေ။ နိုင်ငံရေးပန်းတိုင်မတူပါက နိုင်ငံရေးတိုက်ပွဲ ပုံသဏ္ဍာန်ချင်းလည်း ကွဲပြားခြားနားနိုင်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ ပွင့်လင်းလွတ်လပ်စွာ မိမိတို့၏နိုင်ငံရေးအမြင်နှင့် သုံးသပ်ပုံများကိုဖလှယ်၍ တူညီသော ပန်းတိုင်တခုတည်းအတွက် အင်အားစုစည်းကြရန် လိုအပ်ပါသည်။

တချို့က ယနေ့နိုင်ငံရေးကို ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့် နဝတစစ်အစိုးရ အာဏာသိမ်းပိုက်သည့် အချိန်မှစ၍ ယနေ့မျက်မှောက် ကာလအထိသာ "ကွက်၍" ရှုမြင်သုံးသပ်နေကြသည်။ တချို့က ၁၉၆၂ ဗိုလ်နေဝင်းစစ်တပ်ဖြင့် နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ခဲ့သည့် အချိန်မှစတင်၍ ရေတွက်သုံးသပ်နေကြပါသည်။ ထိုသို့ နိုင်ငံရေးအမြင်ရှိသူများအတွက် အရေးတော်ပုံကြီး၏ "ပန်းတိုင်" သည် ဗိုလ်နေဝင်းကထူထောင်ပြီး ယနေ့တိုင်နဝတစစ်အစိုးရက ထိန်းသိမ်းစောင့်ရှောက်ထားသော "စစ်အာဏာရှင်စနစ်" ဖြုတ်ချရေးတွင် အဆုံးသတ်သွားပေလိမ့်မည်။ ထို့ကြောင့် သူတို့၏ နိုင်ငံရေးကြွေးကြော်သံသည် "ဒီမိုကရေစီသာ ပထမ၊ ဒုတိယ၊ တတိယ" ဟူ၍ ဖြစ်နေပါသည်။ ဆန်ရေစပါးနှင့် သဘာဝသယံဇာတပေါများကြွယ်ဝသော ပြည်ထောင်စုကြီးကို ကမ္ဘာတွင်အဆင်းရဲဆုံးနိုင်ငံဘဝသို့ လျောကျသွားစေပြီး ပြည်သူလူထုတရပ်လုံးကို "ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်"

ဘဝဖြင့် ဆင်းရဲတွင်း၌ ဒုက္ခပင်လယ်ဝေစေသော ဗိုလ်နေဝင်း၏ စစ်အာဏာရှင်ကို အမြစ်ဖြုတ်ချေမှုန်းရေးသည် အလွန်အရေးကြီးလှပါသည်။ ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို သုတ်သင်နိုင်မှသာလျှင် ဒီမိုကရေစီပြည်ထောင်စုသစ်ကို ထူထောင်နိုင်ပေလိမ့်မည်။ သို့ရာတွင် ယနေ့ပြည်ထောင်စုကြီး၏ နိုင်ငံရေးပြဿနာ အရင်းအမြစ်ကြီးသည် ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်တခုတည်းတွင် အခြေမတည်ပေ။ ထို့ထက် နက်ရှိုင်းလှပါသည်။

ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်တခုတည်းကို ဗဟိုပြု၍ နိုင်ငံရေးသုံးသပ်သူများနှင့် အမြင်ချင်းမတူညီသူမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပင်ဖြစ်ပါသည်။ သူမ၏ ပထမဦးဆုံး လူထုတရားပွဲ (၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်) တွင် ပြည်ထောင်စုသမိုင်းစဉ်တခုလုံးကို လွှမ်းခြုံသော နိုင်ငံရေးအမြင်နှင့် သုံးသပ်ချက်ကို လူထုထံ မီးမောင်းထိုးတင်ပြခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ကျွန်ုပ်တို့ဆင်နွှဲနေသော အရေးတော်ပုံကြီးကို “ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲ” ဟုသမိုင်းအမြင်နှင့် နိုင်ငံရေးအမြင်နှစ်သွယ်ဖြင့် ကြည်လင်မှန်ကန်စွာ သုံးသပ်တင်ပြခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အမြင်နှင့် တထပ်တည်းတူသော နိုင်ငံရေးအမြင်ကို ပြည်နယ် (၇) ခုမှ နိုင်ငံရေးပါတီများ စုပေါင်းဖွဲ့စည်းထားသော “ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်” (UNLD) ကတင်ပြခဲ့ပါသည်။ UNLD ၏ နိုင်ငံရေးကြွေးကြော်သံသည် “ဒီမိုကရေစီအရေးနှင့် တန်းတူရေး” ပင်ဖြစ်ပါသည်။ ထိုနိုင်ငံရေးအမြင်သည် ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို တော်လှန်ချေမှုန်းရာ၌ ဒီမိုကရေစီတခုတည်းကို ကြွေးကြော်၍မရ၊ ဒီမိုကရေစီနှင့်အတူ တန်းတူရေးကို တပြိုင်နက်တည်း တိုက်ပွဲဝင် ရန်လိုအပ်သည် ဟူ၍ဖြစ်ပါသည်။ တန်းတူရေး ဟုဆိုရာ၌ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရငင်း၊ လူမျိုးရေးအရငင်း တန်းတူရည်တူ အခွင့်အရေးရှိစေရမည်ဟု ဆိုလိုပါသည်။

လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုခြင်းမတူသော တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရငင်း၊ လူမျိုးရေးအရငင်း တန်းတူရည်တူပူးပေါင်း၍ နိုင်ငံတခု၏ နယ်နိမိတ်အတွင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန် “စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်” မှလွဲ၍ မည်သည့်နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေစနစ်မျှ မရှိဟု ထိုအဆိုရှင်များကလက်ခံ ယုံကြည်ထားကြပါသည်။ ထို့ကြောင့် “ဒီမိုကရေစီရေးနှင့်တန်းတူရေး” ၏ အနှစ်သာရသည် — ဒီမိုကရေစီကျင့်စဉ်တရားများကို လူတိုင်း၏မွေးရာပါအခြေခံအခွင့်အရေးအဖြစ် လက်ခံကျင့်သုံးရေးနှင့်တကွ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရငင်း၊ လူမျိုးရေးအရငင်း၊ တန်းတူရည်တူအခွင့်အရေး ရရှိရေးနှင့်

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့ကို အာမခံချက်ပေးနိုင်သော စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့ ပင်ဖြစ်သည်။

ဤ ပြည်ထောင်စု၏ ထူးခြားသောနိုင်ငံရေးလက္ခဏာတရပ်မှာ "ဒီမိုကရေစီရေး" နှင့် "တန်းတူရေး" ခွဲခြားမရဘဲ၊ ဒင်္ဂါးပြားတခု၏ ခေါင်းနှင့်ပန်းလို ဆက်စပ်နေခြင်းပင် ဖြစ်ပါသည်။ ယင်းထူးခြားသော နိုင်ငံရေးလက္ခဏာသည် ပင်လုံညီလာခံတွင် အခြေတည်ခဲ့ပါသည်။ အကြောင်းမှာ — ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ ပင်လုံညီလာခံတွင် မျှော်မှန်းခဲ့သော ရည်မှန်းချက်မှာ "လွတ်လပ်ရေး" တခုတည်းသာမဟုတ်ပဲ လူမျိုးပေါင်းစုံ တန်းတူရည်တူပူးပေါင်းသော "ပြည်ထောင်စု" ဖွဲ့စည်းရေး လည်း ပါဝင်ခဲ့သောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီးနောက်ပိုင်းတွင် "လွတ်လပ်ရေး" ကိုသာ ဦးစားပေး၍ "ပြည်ထောင်စု" အရေးကို ဥပက္ခာပြုခဲ့ကြပါသည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း "ရွေးကောက်ပွဲ" တွင်ဗဟိုပြုသော ဒီမိုကရေစီကိုသာ ဦးစားပေးခဲ့ကြပြန်သည်။ တနည်းအားဖြင့် ဒီမိုကရေစီစနစ်ကို "ရွေးကောက်ပွဲ" ဟူသော ကျဉ်းမြောင်းသည့်အမြင်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရုံသာမက၊ ပြည်ထောင်စုအရေးကိုပါ ဂရုမစိုက်သောပဲ တပြည်ထောင်စနစ်သို့ ဦးတည်သွားခဲ့ကြပါသည်။ ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်အောက်တွင် "ပြည်ထောင်စု" အရေးသာမက၊ ဒီမိုကရေစီကျင့်ထုံးများကိုပါ ဖျက်ဆီးချေမှုန်းခြင်းခံခဲ့ရပါသည်။ ထိုကြောင့်ယခုကဲ့သို့ အရေးတော်ပုံကြီးကို ပြန်လည်ဆင်နွှဲရန်လိုအပ်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကျွန်ုပ်တို့ဆင်နွှဲနေသော အရေးတော်ပုံကြီး၏ "ပန်းတိုင်" သည် ပင်လုံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးများ၏ခေါင်းဆောင်များရည်မှန်းခဲ့သော "စစ်မှန်သောပြည်ထောင်စုစနစ်" ပြန်လည်ဖွဲ့ရေးပင် ဖြစ်ပါသည်။ "ပင်လုံ" သည် ပထမလွတ်လပ်ရေးတိုက်ပွဲစခန်းတခုဖြစ်၍ ယနေ့ ကျွန်ုပ်တို့ဆင်နွှဲနေသော အရေးတော်ပုံကြီးသည် ဒုတိယလွတ်လပ်ရေးတိုက်ပွဲစစ်မြေပြင်တခု ဖြစ်နေပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် အမြင်နှင့် UNLD ၏ နိုင်ငံရေးသုံးသပ်ချက် ထပ်တူထပ်မျှ တူညီသည်ဟု ဆိုနိုင်ခြင်း ဖြစ်ပါသည်။

## လွတ်လပ်ရေးအကြိုကာလ နိုင်ငံရေးအခြေအနေ

ဤစာတမ်းအစတွင် "ယနေ့ နိုင်ငံရေးအခြေအနေသည် လွတ်လပ်ရေးအကြိုကာလ နိုင်ငံရေးအခြေအနေနှင့် တူသည်" ဟုဖော်ပြခဲ့ပါသည်။ အဘယ်ကြောင့်နည်း။ လွတ်လပ်ရေးအကြိုကာလ နိုင်ငံရေးအခြေအနေကိုကောင်းစွာ သဘောပေါက်နားလည်သူတိုင်း လက်ခံကြမည်ဟု ထင်မိပါသည်။ အထူးသဖြင့် လွတ်လပ်ရေးအကြိုကာလ တောင်တန်းဒေသများနှင့် ပြည်မအုပ်ချုပ်ရေးစနစ် မတူညီခဲ့ပုံကို

သိရှိသူတိုင်း ဤအမြင်ကိုလက်ခံကြရမည်သာ ဖြစ်သည်။ ပိုမိုရှင်းလင်းစေရန် အဘယ်ကြောင့် တောင်တန်းဒေသနှင့် ပြည်မအုပ်ချုပ်ရေးစနစ်ချင်း မတူညီခဲ့သနည်းဟူသောမေးခွန်းကို အဖြေရှာရန်လို အပ်လာပါသည်။ မဆလခေတ်တရားသေဝါဒကိုစွဲကိုင်ပြီး နယ်ချဲ့တို့၏ "သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့်" ဟုလွယ်လွယ်ဖြေကြားပါက အမှားကြီး မှားသွားပေလိမ့်မည်။ တောင်တန်းဒေသနှင့် ပြည်မကို သီးခြားအုပ်ချုပ်ရန် လိုအပ်ခဲ့ပုံသမိုင်းအဖြစ်မှန်ကို ဒီမိုကရေစီဖက်တော်သားများက ပြတ်သားစွာလက်ခံရဲရန် အထူးလိုအပ်နေပါသည်။

ယနေ့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် — နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ မကျရောက်ခင် သီးခြားလွတ်လပ်သောလူမျိုးများသာလျှင် ဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့် မြန်မာ (ဝါ) ဗမာလူမျိုးတို့၏ မင်းနေပြည်တော်ဖြစ်သော မန္တလေးရတနာပုံနေပြည်တော် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ပြီး သီပေါမင်းပါတော်မူခြင်းသည် မြန်မာ (ဝါ) ဗမာမှအပ အခြားတိုင်းရင်းသားလူမျိုးများအတွက် ထီးနန်းပျက်သုဉ်းခြင်း မဟုတ်သကဲ့သို့ လွတ်လပ်ရေးဆုံးရှုံးခြင်းလည်း မဟုတ်ခဲ့ပေ။ သို့ရာတွင် သီပေါမင်းပါတော်မူပြီးနောက် ချင်း၊ ကချင်၊ ကရင်၊ ကယား နှင့် ရှမ်းလူမျိုးများသည်လည်း သီးခြားစီဖြင့် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားခဲ့ကြပါသည်။ ယင်းသည် သမိုင်းစဉ်တလျှောက် သီးခြားလွတ်လပ်ခဲ့သောလူမျိုးများ နယ်ချဲ့အင်္ဂလိပ်လက်အောက်တွင် အတူတကွ ကျွန်ပြုခံရခြင်းမျှသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် သီးခြားလူမျိုးများအဖြစ် သီးခြားအချိန်ကာလတွင် သီးခြားစီဖြင့် သိမ်းပိုက်ခဲ့သော လူမျိုးများ၊ နယ်မြေများကို သီးခြားအုပ်ချုပ်ရေးစနစ်များဖြင့် ကိုလိုနီခေတ်တလျှောက်လုံး ခွဲခြားအုပ်ချုပ်ခဲ့ခြင်း ပင်ဖြစ်ပါသည်။ ထို့အပြင် အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရယူသောအခါတွင်လည်း သီးခြားစီဖြင့် သိမ်းပိုက်ခဲ့သောလူမျိုးများကို သီးခြားစီဖြင့် လွတ်လပ်ရေးပေးရန်သာ ဖြစ်ခဲ့ပါသည်။ ယင်းအချက်ကို ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှအစိုးရ၏ မြန်မာဘုရင်ခံ ဒေါ်မန်စမစ် (Dorman-Smith) ထုတ်ပြန်ခဲ့သော "စက္ကူဖြူစာတမ်း" တွင် အတိအလင်း ပြဌာန်းကြေညာခဲ့ပါသည်။

ထို့ကြောင့် လွတ်လပ်ရေးအကြိုကာလ အဓိကနိုင်ငံရေးပြဿနာသည် တောင်တန်းဒေသများ ချင်း၊ ကချင်၊ ရှမ်းပြည်ထောင်များနှင့် ပြည်မ (Burma Proper) အတူတကွ လွတ်လပ်ရေးရယူမည်လော၊ တသီးတခြားစီဖြင့် ရယူမည်လော၊ တောင်တန်းဒေသများ လွတ်လပ်ရေးမယူသေးဘဲ အင်္ဂလိပ်ကိုလိုနီနယ်မြေများအဖြစ် ဆက်လက်နေထိုင်မည်လောဟူသော ပြဿနာများပင် ဖြစ်ခဲ့ပါသည်။

## စက္ကူပြုစာတမ်းနှင့် အောင်ဆန်းအက်တလီစာချုပ်

စက္ကူပြုစာတမ်းအရ ဗြိတိသျှအစိုးရက ချင်း၊ ကချင် နှင့် ရှမ်း စသော တိုင်းရင်းသားလူမျိုးများကို သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ မိမိတို့၏ အမျိုးသားနိုင်ငံများ ထူထောင်ခွင့်၊ သို့တည်းမဟုတ် မိမိတို့ဆန္ဒအတိုင်း မြန်မာ (ဝါ) ဗမာများနှင့် ပူးပေါင်း၍ လွတ်လပ်ရေးအတူတကွ ရယူခွင့်၊ သို့တည်းမဟုတ် မိမိတို့ဆန္ဒအတိုင်း ဗြိတိသျှကိုလိုနီ ပြည်နယ်များအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်တို့ကို အပြည့်အဝ ပေးထားခဲ့ပါသည်။ ထို့ကြောင့် အဆုံးအဖြတ်ပေးရမည့်သူမှာ ထိုလူမျိုးများဖြစ်သည့် ချင်း၊ ကချင် နှင့် ရှမ်း စသောလူမျိုးများသာလျှင် ဖြစ်ကြပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ထိုအချက်ကို ကောင်းစွာသဘောပေါက် လက်ခံခဲ့သူ ဖြစ်ပါသည်။ တောင်တန်းဒေသများကို ဗြိတိသျှထံမှလက်လွှဲယူ၍ အမွေခံစားပိုင်ခွင့်မရှိကြောင်း နားလည်သဘောပေါက်ခဲ့ပါသည်။ ထို့ကြောင့် ချင်း၊ ကချင် နှင့် ရှမ်း စသော တိုင်းရင်းသားလူမျိုးများသီးခြားစီဖြင့် လွတ်လပ်ရေးရယူပိုင်ခွင့်နှင့် သီးခြားစီဖြင့် အမျိုးသားနိုင်ငံတော်များ ထူထောင်ပိုင်ခွင့်ကို အသိအမှတ်ပြုသည့် အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် "အောင်ဆန်း — အက်တလီစာချုပ်" ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ (၂၇) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ချင်း၊ ကချင် နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများ၏သီးခြားလွတ်လပ်ရေးနှင့် အမျိုးသားနိုင်ငံတော်များထူထောင်ခွင့်ကို တဖက်မှအသိအမှတ်ပြုသလို၊ တဖက်တွင်လည်း ထိုလူမျိုးများ ပြည်ထောင်စုအတွင်း ပါဝင်လာရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းခဲ့ပါသည်။ ထို့ကြောင့် ထိုလူမျိုးများ၏ဆန္ဒကို ဆွဲဆောင်တောင်းခံရန် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

## ပင်လုံညီလာခံ

ပင်လုံညီလာခံသည် ကချင်၊ ချင်း နှင့် ရှမ်းလူမျိုးများက မိမိတို့၏အနာဂတ်နိုင်ငံရေးကံကြမ္မာကို လွတ်လပ်စွာဆုံးဖြတ်ပြဋ္ဌာန်းရန် ခေါ်ယူထားသော ညီလာခံဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ညီလာခံဖွင့်သည့်နေ့၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ရှမ်း ကိုယ်စားလှယ်များနှင့် ကချင်ကိုယ်စားလှယ်များဆွေးနွေး၍ အောက်ပါအချက် (၅) ချက်ကို သဘောတူဆုံးဖြတ်ခဲ့ကြသည်။ အကယ်၍ ပြည်ထောင်စုတွင်ပါဝင်ပါက —

(၁) ဒီမိုကရေစီ "မူ" အရ ဗမာနှင့် တန်းတူအခွင့်အရေးပေးရန်။

(၂) ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးအဖွဲ့တွင်ပါဝင်မည့် ရှမ်း နှင့် ကချင်ကိုယ်စားလှယ်များသည် မိမိတို့ဆိုင်ရာ နယ်ပယ်အရေးကို လုံးဝတာဝန်ယူရုံမက ကာကွယ်

ရေး၊ နိုင်ငံခြားရေး၊ မီးရထားနှင့် အကောက်ခွန်လုပ်ငန်းများကိုလည်း ပူးတွဲတာဝန်ယူရန်။

(၃) ကချင်များတောင်းဆိုသည့် ကချင်ပြည်နယ်ထူထောင်ရေးကို ထောက်ခံရန်။

(၄) မြန်မာကိုယ်စားလှယ်များနှင့် ဗြိတိသျှအစိုးရတို့၏ သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့် မသက်ဆိုင်စေရ။

(၅) လွတ်လပ်ရေးရပြီးသောအခါ ခွဲထွက်လိုပါက ခွဲထွက်ခွင့် ရှိရမည်။

ထိုနေ့ ညနေပိုင်းတွင်ညီလာခံသို့ရောက်ရှိသော ချင်းခေါင်းဆောင်များနှင့် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ဆက်လက်ဆွေးနွေးသောအခါ အထက်ပါ (၅) ချက်ကို ချင်းလူမျိုးများအတွက် အကျုံးဝင်အောင် ထပ်မံအတည်ပြုခဲ့သည့်အပြင်၊ ချင်းခေါင်းဆောင်များ တင်ပြသောအချက် (၃) ချက်ကိုပါ ဖြည့်စွက်အတည်ပြုခဲ့ကြသည်။ (ချင်းခေါင်းဆောင်များတင်သွင်းသော မူ (၃) ချက်မှာ ယခုစာတမ်းနှင့် တိုက်ရိုက်သက်ဆိုင်ခြင်း မရှိသောကြောင့် မဖော်ပြတော့ပါ)။ ချင်းအမြင်ဖြင့် အထက်ပါဆုံးဖြတ်ချက် နံပါတ် (၄) ကိုအဓိပ္ပာယ်ဖွင့်ဆိုရာ၌ —"မိမိတို့သည်သမိုင်းအဆက်ဆက် သီးခြားလူမျိုးများအဖြစ် ကိုယ့်ပြည်ကိုယ့်မြေတွင် ကိုယ့်စနစ် ကိုယ့်ထုံးတမ်းစဉ်လာအရ လွတ်လပ်စွာနေထိုင်ခဲ့ကြသော လူမျိုးများဖြစ်သည်နှင့်အညီ၊ မိမိတို့၏အနာဂတ်ကံကြမ္မာကိုလည်း မိမိတို့ကိုယ်တိုင် လွတ်လပ်စွာပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ထို့ကြောင့် မြန်မာလူမျိုးများကသော်၎င်း၊ ဗြိတိသျှလူမျိုးများကသော်၎င်း၊ မည်သည့်လူမျိုးကမျှ မိမိတို့၏အရေးကို ဆုံးဖြတ်နိုင်ခွင့်မရှိ —" ဟူ၍ ဖြစ်ပါသည်။

ချင်း၊ ကချင် နှင့် ရှမ်းခေါင်းဆောင်များသည် အထက်ပါဆုံးဖြတ်ချက်များကို "မူ" အဖြစ်စွဲကိုင်၍ ပြည်မကိုယ်စားလှယ်လည်းဖြစ်၊ မြန်မာပြည်ကြားဖြတ်အစိုးရခေါင်းဆောင်လည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆွေးနွေးခဲ့ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုလူမျိုးများ၏ သီးခြားစီလွတ်လပ်ရေးရပိုင်ခွင့်နှင့် အမျိုးသားနိုင်ငံတော်များ ထူထောင်ပိုင်ခွင့်ကို အသိအမှတ်ပြု၍ "အောင်ဆန်း—အက်တလီစာချုပ်" ကို လတ်လတ်ဆတ်ဆတ် လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်နှင့်အညီ ချင်း၊ ကချင် နှင့် ရှမ်း ခေါင်းဆောင်များတင်ပြချက်ကို လွယ်လင့်တကူပင် အသိအမှတ်ပြု သဘောတူခဲ့သည်။

သို့သော် "ခွဲထွက်ခွင့်" ကိုမူ စီးပွားရေး (၅) နှစ်စီမံကိန်း (၂) ကြိမ် စမ်းသပ်ပြီးမှသာကျင့်သုံးရန်၊ ထိုသို့ (၁၀) နှစ်ကြာပူးပေါင်းပြီးမှ တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် ပြည်ထောင်စုထဲတွင် ပူးပေါင်းရေးကို စိတ်တိုင်းမကျဘူး ခွဲထွက်ချင်သေးသည်ဟု ဆိုလျှင် ခွဲထွက်သွားရန်၊ သို့သော် အနည်းဆုံး (၁၀) နှစ်အထိစောင့်စားရန် ဗိုလ်ချုပ်အောင်ဆန်းက ဆွဲဆောင်တောင်းပန်ခဲ့ပါသည်။ ထို့ကြောင့် "ခွဲထွက်ခွင့်" ကို (၁၀) နှစ်ကြာသောအခါမှသာ ကျင့်သုံးရမည်ဟု ချင်း၊ ကချင် နှင့် ရှမ်းခေါင်း

ဆောင်များက လိုက်လျောခဲ့ပြီး၊ ထိုအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

## ပင်လုံညီလာခံနှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏အနှစ်သာရ

ပင်လုံညီလာခံနှင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် အနှစ်သာရ အားဖြင့် တူညီနေပါသည်။ ၎င်းအနှစ်သာရမှာ — ချင်း၊ ကချင် နှင့် ရှမ်း စသော တိုင်းရင်းသားလူမျိုးများသည် မိမိတို့ဆန္ဒအတိုင်း လွတ်လပ်စွာဖြင့် "ပြည်ထောင်စု" ထဲတွင် ပူးပေါင်းပါဝင်လာသကဲ့သို့ လွတ်လပ်စွာဖြင့် "ပြည်ထောင်စု" ထဲမှ ခွဲထွက် ပိုင်ခွင့်ရှိသည် ဟူသောအချက်ပင် ဖြစ်သည်။

ပင်လုံညီလာခံသာမရှိပါက ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ပေါ်ထွန်း လာစရာ အကြောင်းမရှိပေ။ ၁၉၄၇ ဖွဲ့ စည်းပုံအခြေခံဥပဒေ၊ အခန်း (၁၀) ပုဒ်မ (၂၀၁) နှင့် (၂၀၂) တွင် "ခွဲထွက်ခွင့်" ကို ဥပဒေဖြင့် ပြဋ္ဌာန်းခြင်းမရှိခဲ့ပါက ပင်လုံ ညီလာခံသည်လည်း အဓိပ္ပာယ်မရှိသော သာမန်လူတစုဆွေးနွေးပွဲများသာ ဖြစ်သွား ခဲ့ပေလိမ့်မည်။ ပင်လုံညီလာခံတွင် ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များနှင့် ဗိုလ်ချုပ် အောင်ဆန်းတို့က "ခွဲထွက်ခွင့်" ကိုသေချာစွာ ဆွေးနွေးသဘောတူခဲ့သောကြောင့် ၎င်း၊ ထိုသဘောတူညီချက်များကို သာမန်စာချုပ်စာတမ်းဖြင့်မဟုတ်ဘဲ နိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်သာ ဤ ပြည်ထောင်စုနိုင်ငံတော် ပေါ်ထွန်းလာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံညီလာခံသည် ပြည်ထောင်စုကြီး၏ အသက်သွေးကြောဖြစ်ပြီး၊ "ခွဲထွက်ခွင့်" ပုဒ်မသည် "ပြည်ထောင်စု" ၏ "ဝိညာဉ်" အစစ်အမှန် ဖြစ်နေပါတော့သည်။

ယခုအခါ ပင်လုံညီလာခံနှင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ သာမက "ခွဲထွက်ခွင့်" ကိုပါ အဓိပ္ပာယ်အမျိုးမျိုးကောက်၍ နည်းမျိုးစုံဖြင့် နိုင်ငံရေး ကျားကွက်ကစားရာတွင် အသုံးချခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဒီမိုက ရေစီအင်အားစုများအနေဖြင့် "ခွဲထွက်ခွင့်" ပုဒ်မ၏ အဓိပ္ပာယ်သာမက အနှစ် သာရကိုပါ သေချာစွာလေ့လာဆန်းစစ်ရန် အထူးလိုအပ်လာပါသည်။ မဟာ လူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒကိုဖယ်ရှား၍ သမိုင်းအမှန်ကို သေချာစွာလေ့လာဆန်းစစ်ပါမှ ခွဲထွက်ခွင့်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ထင်ထင် ရှားရှားမြင်နိုင် လက်ခံနိုင်ကြမည် ဖြစ်ပါသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ခွဲထွက်ခွင့်သည် ပင်လုံညီလာခံတွင် အခြေ တည်ပါသည်။ ပင်လုံစာချုပ်၏အဓိပ္ပာယ်မှာ — အင်္ဂလိပ်ကိုလိုနီဘဝသို့ မကျရောက် ခင်က သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော လူမျိုးပေါင်းစုံတို့သည် အင်္ဂလိပ်

အောက်မှ လွတ်မြောက်သွားကြသောအခါ သီးခြားစီဖြင့် လွတ်လပ်သောအမျိုးသားနိုင်ငံတော်များ ထူထောင်ခြင်းမပြုပဲ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်တခုကို အတူတကွထူထောင်ကြမည် ဟူ၍ဖြစ်ပါသည်။ တနည်းအားဖြင့် ပင်လုံစာချုပ်သည် ချင်း၊ ကချင် နှင့် ရှမ်းလူမျိုးများကို ဗိုလ်ချုပ်အောင်ဆန်းက လက်နက်အင်အားဖြင့် တိုက်ခိုက်အနိုင်ယူ၍ သူ၏အုပ်ချုပ်မှုနယ်နိမိတ်အတွင်းသို့ သွတ်သွင်းအညံ့ခံစေသော စာချုပ်မဟုတ်ပေ။ သီးခြားလွတ်လပ်သောလူမျိုးများက မိမိတို့ဆန္ဒအလျောက် မိမိတို့၏မွေးရာပါလွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာနှင့် ဘိုးဘွားပိုင်နယ်မြေတို့ကို တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်တခုတည်းကို အတူတကွထူထောင်ရန် သဘောတူထားသော စာချုပ်မျှသာ ဖြစ်ပါသည်။

ထို့ကြောင့် သီးခြားလွတ်လပ်သော လူမျိုးများတန်းတူရည်တူပူးပေါင်း၍ ဤနိုင်ငံတော်ကို ထူထောင်ခဲ့ကြောင်း ရှင်းရှင်းလင်းလင်းသိသာထင်ရှားစေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိတိကျကျပြဌာန်းရန် လိုအပ်ခဲ့ပါသည်။ ထိုလိုအပ်ချက်နှင့်အညီ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀)၊ ပုဒ်မ (၂၀၁) နှင့် (၂၀၂) တို့တွင် အတိအလင်းပြဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် "ခွဲထွက်ခွင့်" မူရင်းအဓိပ္ပာယ်မှာ — သီးခြားလွတ်လပ်သောလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ ဤ "ပြည်ထောင်စု" နိုင်ငံတော်ကို ထူထောင်ခြင်းဖြစ်သည် ဟူ၍ဖြစ်ပါသည်။ တနည်းအားဖြင့် ခွဲထွက်ခွင့်၏အနှစ်သာရသည် "တန်းတူရေး" ပင်ဖြစ်နေပါတော့သည်။

## ခွဲထွက်ရေးမှတန်းတူရေးဆီသို့

ပြည်ထောင်စုသမိုင်းတွင် အရှုပ်ထွေးဆုံးနိုင်ငံရေးပြဿနာတရပ်မှာ "ခွဲထွက်ရေး" ပင်ဖြစ်ပါသည်။ "ခွဲထွက်ရေး" ပြဿနာကြောင့် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရပြီး "ခွဲထွက်ရေး" နှင့် "ပြည်တွင်းစစ်" တို့ကို အကြောင်းပြကာ စစ်တပ်မှ နိုင်ငံတော်အာဏာကိုသိမ်းပိုက်ခဲ့ကြလေသည်။ စစ်တပ်မှ နိုင်ငံတော်အာဏာကို သိမ်းပိုက်ပြီး စစ်အာဏာရှင်စနစ်ကိုပါ စနစ်တကျထူထောင်ခဲ့ကြသည်။ စစ်အာဏာရှင်စနစ်ကြောင့် တပါတီအာဏာရှင်စနစ်လည်း ရှင်သန်ကြီးထွားခဲ့ရပေသည်။

ဤကဲ့သို့ စစ်အာဏာရှင်စနစ်တန်ခိုးကြီးထွားပြီး ပြည်တွင်းစစ် သက်ဆိုးရှည်နေရခြင်းမှာ "ခွဲထွက်ခွင့်ပုဒ်မ" ကို လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူပြီး ယင်း၏အနှစ်သာရဖြစ်သော "တန်းတူရေး" ကို ယနေ့တိုင်အကောင်အထည် မဖော်နိုင်သောကြောင့် ပင်ဖြစ်သည်။ "ခွဲထွက်ခွင့်" အဓိပ္ပာယ်ကို မဖော်ဆောင်နိုင်သောကြောင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်း ခွင့် ရရှိရေးတို့အတွက် ပြည်ထောင်စုအတွင်းရှိ

တိုင်းရင်းသားလူမျိုးအားလုံးနီးပါး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အနှစ်လေးဆယ် ပြည်တွင်းစစ်ကြီး ဖြစ်ပွားနေရပါသည်။

တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲမှ ခွဲထွက်သွားပါက ပြည်ထောင်စုကြီး ပြိုကွဲသွား လိမ့်မည်၊ နိုင်ငံတော်အချုပ်အခြာအာဏာ ဆုံးရှုံးသွားရပေလိမ့်မည်၊ ထို့ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တပ်မတော်မှ အချိန်မှီ အာဏာ သိမ်းလိုက်ပါသည်ဟု အကြောင်းပြကာ ဗိုလ်နေဝင်းဦးဆောင်သော ဗမာ့တပ်မတော်က ၁၉၆၂ တွင် ပြည်ထောင်စုအချုပ်အခြာအာဏာကို မတရားသိမ်းပိုက်သွား ခဲ့ကြလေသည်။ ဤသို့ဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပိုင်ဆိုင်ခဲ့သော ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာသည် ဗမာ့တပ်မတော် အမည်ခံ လူနည်းစုတချို့ လက်ထဲသို့ မရှုမလှ ကျရောက်သွားခဲ့ပြီး၊ တပ်မတော်၏ နိုင်ငံတော် အာဏာအလွဲသုံးစားမှု ဒဏ်ကို ပြည်သူလူထုတရပ်လုံး ခါးစည်းခံစား နေရပါသည်။

ဗိုလ်နေဝင်းဦးဆောင်သော ဗမာ့တပ်မတော်သည် ပြည်ထောင်စုကြီး၏ အချုပ် အခြာအာဏာကို မတရားသိမ်းပိုက်ခဲ့ရုံသာမက စစ်အာဏာရှင်စနစ်နှင့် တပါတီ အာဏာရှင်စနစ်တို့ကိုပါ နှစ်ပေါင်း သုံးဆယ်နီးပါး ခိုင်မြဲစွာထူထောင်နိုင်ခဲ့ကြပါ သည်။ ဤကဲ့သို့ အနှစ်လေးဆယ်ပြည်တွင်းစစ်ကြီးနှင့်တကွ စစ်အာဏာရှင်စနစ် ၏ ဆိုးဝါးမှုဒဏ်ကို တိုင်းရင်းသားပြည်သူတရပ်လုံး ခါးစည်းခံစားနေရခြင်းမှာ "ခွဲထွက်ခွင့်" ပြဿနာကို အကိုင်အတွယ်မှားယွင်းခဲ့သောကြောင့် ဖြစ်သည်ဟု ရိုးသားစွာ သုံးသပ်မိပါသည်။

"ခွဲထွက်ခွင့်" ၏ အနှစ်သာရကို ဆန်းစစ်ရှာဖွေရန် မကြိုးစားပဲ "ပြည်ထောင်စု ထဲမှ ခွဲထွက်သွားမည်" ဟု ခြိမ်းခြောက်ခြင်းနှင့် "ပြည်ထောင်စုထဲမှ တိုင်းရင်းသား လူမျိုးများ ခွဲထွက်သွားကြမည်ဟု စိုးရိမ်ခြင်း" ဟူသော အစွန်းနှစ်ဖက်ကြားတွင် ခွဲထွက်ခွင့်ပုဒ်မကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတွင် ထည့်သွင်းပြဌာန်းခဲ့ ရခြင်း၏ အနှစ်သာရ ပျောက်ကွယ်သွားခဲ့ပါသည်။ ထို့ကြောင့် ယနေ့ဒီမိုကရေစီ အရေးတော်ပုံကြီး ဆင်နွှဲနေသော ကာလတွင် ကျနော်တို့အားလုံး၏ နိုင်ငံရေးသုံး သပ်ချက်သည် "ခွဲထွက်ခွင့်" အဓိပ္ပာယ်ကို ပြည်ထောင်စုထဲမှ ခွဲထွက်ခြင်းဟူသော အဆိုးမြင်ဝါဒမှ — ယင်း၏ အနှစ်သာရဖြစ်သော "တန်းတူရေး" ဟူသော အကောင်းမြင်ဝါဒသို့ ဦးတည်ချဉ်းကပ်ရန် အထူးလိုအပ်နေပါသည်။

ထိုသို့ "ခွဲထွက်ရေး" မှ "တန်းတူရေး" ဆီသို့ ဦးတည်နိုင်ရေးအတွက် "ခွဲထွက် ခွင့်" အနှစ်သာရဖြစ်သော "တန်းတူရေး" ကို အဘယ်ကြောင့် အကောင်အထည် မဖော်နိုင်ခဲ့သနည်း။ မည်သည့်အကြောင်းတရားကြောင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ "တန်းတူရေး" ဟူသော အခွင့်အရေးကို ဆုံးရှုံးခဲ့ကြသနည်း။ ပြည် ထောင်စုသမိုင်းတွင် တန်းတူရေး ဘယ်မှာပျောက်ကျန်လစ်ဟင်းသွားခဲ့သနည်း—

ဟူ သော အချက်များကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။ သို့မှသာ "ခွဲထွက်ခွင့်" ပြဿနာနှင့်တကွ ပြည်ထောင်စုပြဿနာ၏ အရင်းအမြစ်များဖြစ်ကြသော "တန်းတူရေး" နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ပြဿနာများကိုပါ ကိုင်တွယ်ဖြေရှင်း သွားနိုင်မည်သာ ဖြစ်ပါသည်။

## ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များ

ခွဲထွက်ခွင့်ပြဿနာ၏ အရင်းအမြစ်များကို သေချာဂနစွာ တူးဆွကြည့်သောအခါ ပြဿနာအားလုံး၏ အရင်းအမြစ်သည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး၏ အားနည်းချက်များကြောင့်သာ ဖြစ်ပွားခဲ့ရကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အကြောင်းရင်းမှာ — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတွင် "ခွဲထွက်ခွင့်" ပုဒ်မကို အတိအလင်းရေးသားပြဋ္ဌာန်းခဲ့သော်လည်း ခွဲထွက်ခွင့်အနှစ်သာရဖြစ်သော "တန်းတူရေး" ကိုမူ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အလျဉ်းမျှ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအားနည်းချက်မှာ အမည်နာမအားဖြင့် "ပြည်ထောင်စု" ဟုခေါ်သော်လည်း အနှစ်သာရအားဖြင့် "တပြည်ထောင်စနစ်" မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အနှစ်သာရနှင့် အသွင်သဏ္ဍာန်တို့ကို ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေက လုံးဝဖော်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ယင်းအချက်ကို ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသော ဦးချန်ထွန်းကိုယ်တိုင်က "Our constitution though in theory federal, is in practice unitary" ဟု ဝန်ခံခဲ့ပါသည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်နှင့် ပျော့ကွက်ဟာကွက်များ ထုတ်ပြရန် အချက်ပေါင်းများစွာရှိသော်လည်း အဓိကကျသော အချက်အလက်ကိုသာ ဤစာတမ်းတွင် ထုတ်ပြလိုပါသည်။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များ "တန်းတူရည်တူပေါင်းသော ပြည်ထောင်စုနိုင်ငံတော်" ထူထောင်ရန် သဘောတူခဲ့ကြသော်လည်း ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗမာ (ဝါ) မြန်မာလူမျိုးများအတွက် သီးခြားပြည်နယ်ဖွဲ့စည်းခြင်း မပြုဘဲ ပြည်ထောင်စုအစိုးရနှင့် ပူးတွဲ၍ နိုင်ငံတော်အချုပ်အခြာအာဏာ ဟူသမျှကို ချုပ်ကိုင်ထားစေခြင်းဖြင့် အခြားလူမျိုး (ဝါ) ပြည်နယ်များသည် ဗမာ (ဝါ) မြန်မာလူမျိုးတို့၏လက်ဝယ်ခံလူမျိုးများ (Vassal States) ဘဝသို့ ကျရောက်သွားစေခဲ့ပါသည်။ ယင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များ၏ ပင်လုံညီလာခံသဘောတူညီချက်များကို အကောင်အထည်မဖော်ရုံသာမက ထိုစာချုပ်မှ သွေဖီသစွာဖောက်သွားခြင်းပင် ဖြစ်ပါသည်။

ယင်းကဲ့သို့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပျော့ကွက်ဟာကွက်များရှိနေခြင်းမှာ — ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် အတည်မပြုခင် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရသောကြောင့် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးဆွဲ၍ ၁၉၄၇ မေလတွင် ကျင်းပသော ဖဆပလညီလာခံကြီးက အတည်ပြုခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကိုမူ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးနောက် ချောင်ထိုးဖုံးဖိခဲ့ပြီး ဦးနုက ဦးချန်ထွန်းကို ကမန်းကတန်း အသစ်ရေးဆွဲစေခဲ့သည်ဟု သိရပါသည်။ ဦးချန်ထွန်း ရေးဆွဲသော (မူကြမ်း) ကို တိုင်းပြုပြည်ပြုလွှတ်တော်သို့ မတင်သွင်းမီ (၎င်းကို ၁၉၄၇ ခု စက်တင်ဘာလတွင် တင်သွင်းခဲ့သည်) လူမျိုးစုခေါင်းဆောင်များ အထူးသဖြင့် ရှမ်းခေါင်းဆောင်များက ဝေဖန်သုံးသပ်၍ ပြင်ဆင်ရေးသားရန် တင်ပြခဲ့သော်လည်း ပြည်မခေါင်းဆောင်များ (အထူးသဖြင့် ဦးနု) က "လွတ်လပ်ရေးရရှိရန် အလျင်စလို လိုအပ်နေသည်က တကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရ၍ တတိုင်းပြည်လုံးပူဆွေးဝမ်းနည်းနေသည့်အချိန်တွင် တိုင်းရင်းသားအချင်းချင်း အငြင်းအခုံမလုပ်သင့်သေးကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက် လူမျိုးစုများလိုချင်သည့် အပိုဒ်ကို အမြန်ဆုံးပြင်ဆင်ပေးမည်ဟု ဂတိခံခဲ့သည်က တကြောင်းတို့ကြောင့် လူမျိုးစုဖက်မှအလျှော့ပေးခဲ့ရသည်" ဟု ဦးထွန်းမြင့် (တောင်ကြီး) က ရေးသားခဲ့ပါသည်။

## လူမျိုးစုတို့ကမ်းသောလက်

ဤပြည်ထောင်စုကို လူမျိုးစုပေါင်းစုံဖြင့် ပူးပေါင်း၍ဖွဲ့စည်းထူထောင်ရန် စတင်ကမ်းလှမ်း ခဲ့သူမှာ — အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကမ်းသောလက်ကို လူမျိုးစုခေါင်းဆောင်များက ပင်လုံစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် တုန့်ပြန်ကြိုဆိုခဲ့ပါသည်။ ဤသို့ဖြင့် ပင်လုံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်လူမျိုးစုခေါင်းဆောင်ကြီးများ "တွဲသောလက်" သည် ပြည်ထောင်စုကြီးမွေးဖွားရန် သန္ဓေတည်စေခဲ့ပါသည်။

သို့သော် ပြည်ထောင်စုကြီးသန္ဓေတည်၍ မမွေးဖွားခင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခြင်းခံခဲ့ရသည်သာမက လူမျိုးစုများလည်း နိုင်ငံရေးအရအလှည့်ဖြားခံခဲ့ရသောကြောင့် မွေးဖွားလာသော ပြည်ထောင်စုကြီးသည် မူလမျှော်မှန်းသကဲ့သို့ မဟုတ်ပဲ အတုအယောင်ပြည်ထောင်စုသာ ဖြစ်ခဲ့ရပါသည်။ ပင်လုံ ညီလာခံတွင် မျှော်မှန်းထားသော တန်းတူရည်တူပူးပေါင်းသည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" ဖြစ်မလာခဲ့ချေ။

ထိုကဲ့သို့ နိုင်ငံရေးအရ လှည့်ဖြားခံရသည်သာမက၊ တန်းတူရေးအပေါ် သစ္စာဖောက်ခြင်းခံရသော်လည်း လူမျိုးစုများသည် စိတ်ရှည်သည်းခံစွာဖြင့် မူလမျှော်မှန်းခဲ့သော "စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စု" ပြန်လည်ဖွဲ့စည်းထူထောင်

ရေးကို တရားနည်းလမ်းကျစွာဖြင့် ကြိုးပမ်းခဲ့ကြပါသည်။ "မူလဂတိရှိသည့်အတိုင်း တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကို အတူတကွ ထူထောင်မည်။ တန်းတူမှုမရှိဟု ယူဆလာပါက ပြည်ထောင်စုမှ လွတ်လပ်စွာခွဲထွက်သွားမည်" — ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို အသုံးပြု၍ ပြည်ထောင်စုထဲမှ ခွဲထွက်ရေးထက် မူလမျှော်မှန်းသော "တန်းတူရေး" ပြန်လည်ရရှိရေးကိုသာ ပြန်လည်ကြိုးပမ်းခဲ့ကြသည်။ ထို့ကြောင့် ၁၉၆၁ ဇွန်လတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ လူမျိုးစုများ (ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရခိုင်၊ မွန်၊ ရှမ်း) စုံညီစွာတက်ရောက်ခဲ့ကြသည့် ညီလာခံတရပ်ကျင်းပပြီး ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် အကောင်အထည်မဖော်နိုင်သေးသည့် "တန်းတူရေး" ကို ပြန်လည်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ကြသည်။

အထူးသတိပြုရမည့်အချက်မှာ — တောင်ကြီးညီလာခံ၏ ဆုံးဖြတ်ချက်သည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားနည်းလမ်းကျစွာဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြင်ဆင်မွမ်းမံရေးသား ပြဋ္ဌာန်းရန် ဖြစ်ပါသည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အားနည်းချက်ရှိသော်လည်း ပင်လုံစာချုပ်ကြောင့်ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုစွန့်ပယ်၍ အသစ်စက်စက်ရေးသားရန်မဟုတ်၊ မကောင်းသောအချက်အလက်များကို ပြင်ဆင်၍ အကောင်းဆုံးဖြစ်အောင် ပြန်လည်မွမ်းမံရေးသားရန်သာ ဖြစ်သည်။ အကြောင်းမှာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပင်လုံညီလာခံမှ ပေါက်ဖွားလာခဲ့သော နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေကြီးဖြစ်ခဲ့ရုံသာမက ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သော တန်းတူရေး၏အခြေခံမူ "ခွဲထွက်ခွင့်" ကို ဥပဒေဖြင့် ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဆိုလိုသည်မှာ — ပင်လုံညီလာခံနှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခွဲခြားရှုမြင်၍မရ။ ထိုသို့ ခွဲခြားထားပါက ပြည်ထောင်စု၏ "ဝိညာဉ်" ကို ဆွဲနုတ်သွားခြင်းနှင့် တူနေပေမည်။ ထို "ဝိညာဉ်" ဆွဲနုတ်သွားပါက ပြည်ထောင်စုကြီး အသက်ရှင်သန်နိုင်လိမ့်မည်မဟုတ်ပေ။ ထိုသို့ ပြည်ထောင်စု "ဝိညာဉ်" ကို ဆွဲနုတ်ရန် ကြိုးပမ်းမှုအမျိုးမျိုးကြောင့် ယခုကဲ့သို့ ပြည်ထောင်စုကြီး ဒုက္ခပင်လယ်ထဲတွင် အန္တရာယ်မျိုးစုံနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပင်လုံညီလာခံနှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သစ္စာရှိခြင်းသည် ပြည်ထောင်စုအပေါ်သစ္စာရှိခြင်းပင်ဖြစ်ကြောင်း လူမျိုးစုများက တောင်ကြီးညီလာခံတွင် သက်သေထူခဲ့ကြပါသည်။ ဤကဲ့သို့ဖြင့် လူမျိုးစုများက တန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုစနစ်ပြန်လည် ဖွဲ့စည်းထူထောင်ရေးအတွက် တောင်ကြီးညီလာခံမှ လက်ကမ်းခဲ့ကြပါသည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးစု

များ၏ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရန် ကြိုးပမ်းချက်များသည် လက်တွေ့တွင် အကောင်အထည်မဖော်နိုင်ခဲ့ချေ။ အကြောင်းမှာ — လူမျိုးစုများမှ ကမ်းသောလက်ကို ဗိုလ်နေဝင်းက မိုက်ရိုင်းစွာပုတ်ထုတ်ပြီး စစ်တပ်ဖြင့် နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သောကြောင့် ဖြစ်ပါသည်။

## ဒုတိယအကြိမ်လွတ်လပ်ရေးကြိုးပမ်းမှု

ဗိုလ်နေဝင်းသည် တိုင်းရင်းသားလူမျိုးများ၏ "စစ်မှန်သောပြည်ထောင်စုစနစ်" ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုကို တိုက်ခိုက်ချေမှုန်းရေးအတွက် နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်သည် "စစ်မှန်သောပြည်ထောင်စုစနစ်" ကို ဖျက်ဆီးချေမှုန်းရေး ဟူသောမူဝါဒတွင် အခြေစိုက်နေပါသည်။ ယင်းမူဝါဒကို ၁၉၇၄ ခုနှစ်တွင် "တပြည်ထောင်စနစ်" ကိုအခြေခံသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးခဲ့ပြီး ယနေ့တိုင် နဝတစစ်အစိုးရက လက်နက်အားကိုးဖြင့် ထိန်းသိမ်းစောင့်ရှောက် နေပါသည်။

ထို့ကြောင့် ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို တိုက်ခိုက်ချေမှုန်းလိုလျှင်— သူ့ဝါဒအရင်းအမြစ်ကို တိုက်ခိုက်ချေမှုန်းရန် လိုအပ်ပေသည်။ ဗိုလ်နေဝင်း၏ဝါဒကို တိုက်ခိုက်ချေမှုန်းခြင်းသည် — အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်ကြီးများ ပင်လုံညီလာခံသဘောတူညီချက်များကို ပြန်လည်အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်နေဝင်း၏စစ်အာဏာရှင်စနစ်ကို တိုက်ခိုက်ချေမှုန်းပြီး လွတ်လပ်ရေးအကြိုကာလ ကတည်းက မျှော်မှန်းခဲ့ကြသော "စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုစနစ်" တည်ဆောက်ရေးသည် "ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ" အစစ်အမှန် ဖြစ်နေပါတော့သည်။ ထို့ကြောင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ဆင်နွှဲနေသော အရေးတော်ပုံကြီးသည် သာမန်ဒီမိုကရေစီတိုက်ပွဲမျှသာ မဟုတ်၊ ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ ဖြစ်ကြောင်း ရှင်းလင်းစွာ မီးမောင်းထိုးတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

## ယနေ့လက်ငင်းတာဝန်

သွေး၊ ချွေး၊ အသက်ပေါင်းများစွာစတေး၍ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် အပြီးသတ်အောင်ပွဲ မဆင်နိုင်သေးသော်လည်း အတိုင်းအတာ တခုအထိအောင်မြင်မှုများ ရရှိနေပါသည်။ ထိုသို့ရရှိထားသော အောင်မြင်မှုများကို အသုံးချ၍ အဆုံးသတ်အောင်ပွဲဆင်နိုင်ရန် ကြိုးစားကြရပေမည်။

ယခုအခါ နဝတစစ်အစိုးရသည် ဗိုလ်နေဝင်း၏ကျင့်စဉ်အတိုင်း အတုအယောင်အမျိုးသားညီလာခံကို ကျင်းပ၍ အလိမ်အညာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကာ နိုင်ငံတော်အာဏာကို လူထုထံမှ ဆက်လက်လုယူထိန်းသိမ်းရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေပါသည်။ ပြည်ထောင်စုသမိုင်းတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အတုအယောင်ပြည်ထောင်စု၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ အလိမ်အညာပြည်ထောင်စုကို ဖွဲ့ခဲ့ပါသည်။ အတုအယောင်ပြည်ထောင်စုနှင့် အလိမ်အညာပြည်ထောင်စုတို့သည် တိုင်းပြည်ငြိမ်းချမ်းရေးကို အာမခံချက် မပေးနိုင်ချေ။ ပြည်တွင်းစစ်ကိုလည်း အဆုံးမသတ်နိုင်ချေ။ ထို့ကြောင့် ဗိုလ်နေဝင်းနှင့် အပေါင်းအပါ နဝတစစ်အာဏာရှင်ကြီးများ၏ဦးဆောင်မှုဖြင့် ကျင်းပနေသော အမျိုးသားညီလာခံနှင့် ရေးဆွဲပြဋ္ဌာန်းရန်ပြင်ဆင်နေသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတို့သည် ပြည်ထောင်စုကြီး၏အနာဂတ်ကို အကြီးမားဆုံး အန္တရာယ်ပြု ခြိမ်းခြောက်နေပါသည်။

ထို့ကြောင့် ဒီမိုကရေစီအင်အားစုများက "ဗိုလ်နေဝင်းနှင့် စစ်အာဏာရှင်တစု၏ လုပ်ရပ်မှားယွင်းမှုများကြောင့် ပြည်ထောင်စုကြီးကို မည်မျှအန္တရာယ်ပြု ခြိမ်းခြောက်နေကြောင်း" ကမ္ဘာသိကြေညာလျက်၊ တချိန်တည်းတွင် ပြည်ထောင်စုကို အမှန်တကယ် တည်တံ့ခိုင်မြဲစေမည့် မှန်ကန်သောလုပ်ရပ်၊ မှန်ကန်သော မူဝါဒများကို ယနေ့လက်ငင်းချမှတ်ရန် လိုအပ်နေပါသည်။ ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို မှန်ကန်သော "မူဝါဒ" ဖြင့် လက်ဦးအနိုင်ယူရန် လိုအပ်ပါသည်။

ထို့ကြောင့် ဤဖြာမ်းဘတ်ညီလာခံမှ —

(၁) ၁၉၉၀ မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီးသည် ကမ္ဘာကအသိအမှတ်ပြုသော တရားဝင်ရွေးကောက်ပွဲ ဖြစ်သည်နှင့်အညီ ထိုရွေးကောက်ပွဲတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော လူထုကြီးကဒီမိုကရေစီကျကျ ရွေးကောက်တင်မြှောက်၍ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (ယာယီအတည်ပြု) ဖြင့် ဖွဲ့စည်းထားသော "ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညွန့်ပေါင်းအစိုးရ" သာလျှင် တရားဝင်အစိုးရ ဖြစ်ကြောင်း ကမ္ဘာသိကြေညာရန်၊

(၂) ၁၉၆၂ မတ်လ (၂) ရက်နေ့တွင် လက်နက်ကိုင်အကြမ်းဖက်၍ နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ခဲ့သော တော်လှန်ရေးကောင်စီအစိုးရမှ စ၍ ယနေ့ နဝတအစိုးရအထိ ပြည်ထောင်စုမြန်မာနိုင်ငံကို အုပ်ချုပ်လာခဲ့သော အစိုးရအသီးသီးနှင့် ၎င်းအစိုးရတို့၏ လုပ်ရပ်များသည် တရားမဝင်ကြောင်း ကမ္ဘာသိကြေညာရန်၊

(၃) တော်လှန်ရေးကောင်စီအစိုးရသည်၎င်း၊ တော်လှန်ရေးကောင်စီစစ် အစိုးရကို အသွင်ပြောင်းထားသော မဆလတပါတီအာဏာရှင်အစိုးရသည်၎င်း၊ မဆလပါတီစစ်အာဏာရှင် တဖြစ်လဲ နဝတစစ်အစိုးရသည်၎င်း နိုင်ငံတော်အာဏာကို လူထုထံမှအကြမ်းဖက်၍ သိမ်းပိုက်သော တရားမဝင်အစိုးရများ ဖြစ်ကြသည်နှင့်အညီ ၁၉၆၂ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို စတင်သိမ်းပိုက်သည့်အချိန်အထိ တရားဝင်ကျင့်သုံးခဲ့သော ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသိအမှတ်ပြုကြောင်း ကမ္ဘာသိကြေညာရန်၊

(၄) ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် — သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုးများက မိမိတို့ဆန္ဒအတိုင်း တန်းတူရည်တူပူးပေါင်း၍ "ပြည်ထောင်စု" နိုင်ငံတော်တခုတည်းကို အတူတကွထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့သော ပင်လုံညီလာခံမှ ပေါက်ဖွားဆင်းသက်လာခဲ့သည်နှင့်အညီ ထိုအချိန်က လူမျိုးစုခေါင်းဆောင်များနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ မျှော်မှန်းခဲ့သည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" ဖြင့် ၁၉၄၇၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်မွမ်းမံရေးသား၍ လူထုဆန္ဒခံယူပွဲဖြင့် ပြန်လည်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ကမ္ဘာသိကြေညာရန်၊

(၅) ထိုသို့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်မွမ်းမံရေးသားပြီး ပြဋ္ဌာန်းသောအခါ ပင်လုံညီလာခံ၏ အနှစ်သာရနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အခြေခံအင်္ဂါရပ်များပြည့်စုံစွာ ဖော်ညွှန်းနိုင်ရေးအတွက် အောက်ပါအချက်အလက်များပေါ်တွင် အခြေခံရန်၊

(က) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝ အာမခံစေရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားအပေါ် အခြေခံ၍ ဖွဲ့စည်းခြင်းမဟုတ်ဘဲ၊ လူမျိုးကို အခြေခံသော အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရမည်။ အမျိုးသားလွှတ်တော်အတွက် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ် (အမတ်) များစေလွှတ်ကြရမည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရသော်၎င်း၊ လူမျိုးရေးအရသော်၎င်း တန်းတူရည်တူပူးပေါင်းသော "ပြည်ထောင်စု" ဆိုသည့် အနှစ်သာရပေါ်လွင်နိုင်ပေမည်။ ပြည်သူ့လွှတ်တော်အတွက်မူ လူဦးရေအချိုးအစားအလိုက် ကိုယ်စားလှယ် (အမတ်) များကိုစေလွှတ်ကြရမည်။

(ဃ) လူထုက မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော နိုင်ငံတော် အချုပ်အခြာအာဏာသည် ပြည်ထောင်စုလွှတ်တော်တွင် ရှိစေရမည်။ သို့သော် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အမျိုးသားပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပြည့်အဝအပ်နှင်းထားရမည်၊ ထိုသို့ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပ်နှင်းမှသာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော အမျိုးသားပြည်နယ်များဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် "စစ်မှန်သောပြည်ထောင်စုစနစ်" ဟူသော အနှစ်သာရပေါ်လွင်ထင်ရှားနိုင်မည် ဖြစ်ပါသည်။

(င) မည်သည့်အမျိုးသားပြည်နယ်ကိုမျှ ပြည်ထောင်စုလွှတ်တော်နှင့် တွဲဖက်၍ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်နှင့် တရားစီရင်ခွင့်အာဏာအပ်နှင်းခြင်း လုံးဝမပြုလုပ်စေရ။ ထိုကဲ့သို့ ပြုကျင့်ပါက ကျန်ရှိသော အမျိုးသားပြည်နယ်များသည် ၎င်းအမျိုးသားပြည်နယ်၏ လက်ဝယ်ခံဘဝ (ဝါ) ကိုလိုနီ နယ်များဘဝသို့ ကျရောက်သွားကြပြီး လူမျိုးအရတန်းတူခွင့်၊ နိုင်ငံရေးအရတန်းတူခွင့် ဟူသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်မှ သွေဖီသွားမည်။

(စ) အမျိုးသားပြည်နယ်များက ပြည်ထောင်စုအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော် ဥပဒေပြုအညွှန်းတွင် ဖေါ်ပြထားသော နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့်ငွေဒင်္ဂါး ထုတ်လုပ်ရေး အပါအဝင် ငွေကြေးစနစ်၊ စာတိုက်ကြေးနန်း—စသည်များမှအပ ကြွင်းကျန်သောအာဏာများ (Residuary Power) များကို ပြည်နယ်လွှတ်တော်များတွင် ထားရှိရမည်။

## နိဂုံးချုပ်

၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးစတင်ချိန်မှစ၍ ယနေ့တိုင် ဒီမိုကရေစီအင်အားစုများနှင့် ပြည်သူလူထုအပေါင်းတို့သည် ကျစ်လစ်ခိုင်မာစွာစုစည်းညီညွတ်ခဲ့ကြသော်လည်း "မူဝါဒ" တွင် အခြေခံသော စုစည်းညီညွတ်ခြင်းမျိုးမဟုတ်သောကြောင့် အပြီးသတ်အောင်ပွဲကို ယနေ့တိုင် မဆင်နွှဲနိုင်ခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။ ယနေ့တော်လှန်ရေးအဆင့်သည် "ဒီမိုကရေစီရရှိရေး" ဟူသော ကြွေးကြော်သံအဆင့်ကို ကျော်လွန်၍၊ အနာဂတ်ပြည်ထောင်စုကို မည်သို့မည်ပုံ ဖွဲ့စည်းတည်ထောင်ရမည်နည်းဟု "မူဝါဒ" ချမှတ်ရမည့်အဆင့်ကို ရောက်နေပါသည်။ ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် "ဒုတိယအကြိမ်

လွတ်လပ်ရေးတိုက်ပွဲ" ဖြစ်သည်နှင့်အညီ လွတ်လပ်သောဒီမိုကရေစီလူ့အဖွဲ့ အစည်းကို အကာအကွယ်ပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ပြတ်သားသော "မူဝါဒ" ချမှတ်ရန် လိုအပ်နေပါသည်။ တိကျပြတ်သားသော "မူဝါဒ" အပေါ် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ စုစည်း ညီညွတ်နိုင်မှသာလျှင် အရေးတော်ပုံကြီးကို အမြန်ဆုံးအောင်ပွဲဆင်နိုင်မည်ဖြစ် ကြောင်းတင်ပြအပ်ပါသည်။

အခန်း (၁၁)

# အမျိုးသားညီလာခံကျင်းပရေးနှင့် နဝတ၏နောက်ဆုံးခံတပ်

[ ၁၉၉၈ တွင်ထုတ်ဝေခဲ့သော "ချင်းအမျိုးသားဂျာနယ်" အမှတ် (၆) နှင့် အနှစ်ငါးဆယ်ပြည့်လွတ်လပ်ရေးနေ့ အထူးထုတ် "ဒေါင်းအိုးဝေ" တို့၌ ရေးသားခဲ့သည့်စာတမ်း ]

# အမျိုးသားညီလာခံကျင်းပရေးနှင့် နဝတ၏ နောက်ဆုံးခံတပ်

## နိဒါန်း

နဝတစစ်အစိုးရသည် ကျောင်းသားလူငယ်များဦးဆောင်မှုဖြင့် အုံကြွပေါက်ကွဲခဲ့သော ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖျက်ဆီးချေမှုန်းရေးဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ခဲ့သော တရားမဝင်အစိုးရတရပ်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် နဝတစစ်အစိုးရလုပ်ရပ်မှန်သမျှသည် တရားမဝင်ရုံမျှမက ထိုအစိုးရ၏ပန်းတိုင်သည်လည်း ဗိုလ်နေဝင်းတူထောင်ခဲ့သော စစ်အာဏာရှင်စနစ် ရာသက်ပန် တူထောင်ထိန်းသိမ်းရေးသာလျှင်ဖြစ်ပြီး ဒီမိုကရေစီအစိုးရပေါ်ထွန်းရေး၊ စစ်မှန်သော ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး စသည်တို့အတွက် ရည်ရွယ်ဖွဲ့စည်းထားသော အစိုးရတရပ် မဟုတ်ပေ။

ထို့အပြင် နဝတစစ်အစိုးရခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံသည်လည်း တရားမဝင်အစိုးရက ခေါ်ယူကျင်းပသော တရားမဝင်ညီလာခံ တရပ်မျှသာဖြစ်ပြီး ဒီမိုကရေစီအစိုးရပေါ်ထွန်းရေး အတွက်လည်းမဟုတ်၊ စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေး အတွက်လည်း မဟုတ်၊ လူမျိုးစုပြဿနာဖြေရှင်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း မဟုတ်ပေ။ ထို့ကြောင့် နဝတစစ်အစိုးရခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံသည် ပြည်ထောင်စုကြီးအတွက် မည်မျှအန္တရာယ်ကြီးမားကြောင်း ဤစာတမ်းငယ်တွင် ဆွေးနွေးတင်ပြထားပါသည်။ တဆက်တည်း အမျိုးသားညီလာခံ ကျင်းပရေးဟူသော နိုင်ငံရေးမူနှင့် လမ်းစဉ်ကို ဒီမိုကရေစီအင်အားစုများက မည်ကဲ့သို့ပြင်ဆင်ပြောင်းလဲ အစားထိုးသင့်ကြောင်းနှင့် နဝတခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံကို ရှောင်ရှားပြီး ပြည်ထောင်စုပြဿနာတရပ်လုံးကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း တင်ပြထားပါသည်။

ဤစာတမ်းကို မိမိတဦးတည်းအနေဖြင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မိမိသည်မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းကိုမျှ ကိုယ်စားပြုထားခြင်း မရှိကြောင်း ရှေးဦးစွာဝန်ခံလိုပါသည်။ သို့ရာတွင် မိမိသည်ပြည်တွင်းနိုင်ငံရေးပါတီဖြစ်သော ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ၏ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သောကြောင့် ဤစာတမ်းပါ ဆွေးနွေးချက်များသည် ထိုနိုင်ငံရေးပါတီများ အထူးသဖြင့် (UNLD) ၏ နိုင်ငံရေးမူနှင့် လမ်းစဉ်များရောင်ပြန်ဟပ်နေမည်ဖြစ်ကြောင်း ထပ်မံ၍ဝန်ခံလိုပါသည်။

မည်သို့ပင်ဖြစ်စေ ဤစာတမ်းနှင့် ပတ်သက်သမျှ မိမိတဦးတည်းသာလျှင် တာဝန်ရှိကြောင်း ဝန်ခံအပ်ပါသည်။

## ဒီမိုကရေစီအရေးတော်ပုံကြီးကာလ နိုင်ငံရေးကြွေးကြော်သံများ

ဒီမိုကရေစီအရေးတော်ပုံကြီး အစောပိုင်းကာလ နိုင်ငံရေးကြွေးကြော်သံများအနက် "ဒီမိုကရေစီရရှိရေး" နှင့် "ကြားဖြတ်အစိုးရဖွဲ့စည်းရေး" ဟူသောမူနှစ်ရပ်ကို ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများက ဦးစားပေးရှေ့တန်းတင်ထားခဲ့ကြောင်း အားလုံးမှတ်မိနေကြဦးမည်ပင်ဖြစ်ပါသည်။ သို့ရာတွင် နဝတစစ်အစိုးရက နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ပြီးနောက်ပိုင်း နိုင်ငံရေးပါတီများထူထောင်လာကြသောအခါ ပါတီအများစု၏ နိုင်ငံရေးကြွေးကြော်သံများအနက် "ကြားဖြတ်အစိုးရဖွဲ့စည်းရေး" ဟူသော "မူ" နှင့်ကြွေးကြော်သံသည် တဖြည်းဖြည်းမှေးမှိန်သွားခဲ့ပြီး "တရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲကျင်းပရေး" ဆိုသော ကြွေးကြော်သံဖြင့် အစားထိုးသွားခဲ့ကြောင်းကို တွေ့ရပါသည်။

"ရွေးကောက်ပွဲကျင်းပရေး" ကြွေးကြော်သံများနှင့်အတူ "ပင်လုံကဲ့သို့သော အမျိုးသားညီလာခံကျင်းပရေး" နှင့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်းရေး" ဟူသော နိုင်ငံရေး "မူ" နှင့်ကြွေးကြော်သံများကို ဒီမိုကရေစီအင်အားစုများက ပူးတွဲချမှတ်တောင်းဆိုလာခဲ့ကြပါသည်။

ထိုစဉ်က နိုင်ငံရေးပါတီများ၏ အဓိကရည်ရွယ်ချက်များမှာ — ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲသာ တရားမျှတလွတ်လပ်စွာ ကျင်းပနိုင်ပါက ဒီမိုကရေစီအင်အားစုများ မုချအောင်ပွဲ ခံနိုင်ရမည်။ ထို့ကြောင့် ရွေးကောက်ပွဲပြီးသည်နှင့် တပြိုင်နက် ဒီမိုကရေစီအစိုးရတရပ်ကို ချက်ခြင်းဖွဲ့စည်းပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ပြန်လည်သွေးစည်း ညီညွတ်ရေးနှင့် နှစ်ငါးဆယ်ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းသွားရေးအတွက် ပင်လုံကဲ့သို့သော အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပမည်။ ထိုညီလာခံသဘောတူညီချက်များပေါ် အခြေခံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်းသွားမည် ဟူ၍ဖြစ်ပါသည်။

## ရွေးကောက်ပွဲအပြီးနိုင်ငံရေးအပြောင်းအလဲများ

၁၉၉၀ မေလတွင်ကျင်းပခဲ့သောရွေးကောက်ပွဲတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အပြတ်အသတ် အောင်ပွဲဆင်နိုင်ခဲ့ပါသည်။ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လူထုအောင်ပွဲကို မလိုလားမရှုစိမ့်နိုင်သော နဝတအစိုးရသည် အာဏာလွှဲပြောင်းရေးကို ဟန့်တားရန်နည်းမျိုးစုံဖြင့် ကြိုးပမ်းလာပါတော့သည်။

ထိုသို့ကြိုးပမ်းမှုများအနက် "အမျိုးသားညီလာခံကျင်းပရေး" နှင့် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး" ဟူသော နိုင်ငံရေးပါတီများ၏ ကြွေးကြော်သံကို နဝတစစ်အစိုးရကမောင်ပိုင်လုပ်၍ အမျိုးသားညီလာခံကိုကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးသောအခါကျမှသာလျှင် နိုင်ငံတော်အာဏာကိုလွှဲပြောင်းပေးမည် ဟူ၍ ချက်ခြင်းအာဏာလွှဲပြောင်းရေးကို ငြင်းဆန်လာပါတော့သည်။

ထိုကဲ့သို့ ဗိုလ်နေဝင်း၏ နဝတစစ်အစိုးရက ဉာဏ်နီဉာဏ်နက်များသုံးပြီး ရွေးကောက်ပွဲကျင်းပရေးနှင့် အာဏာလွှဲပြောင်းရေးတို့အား လိမ်လည်လှည့်ဖျားသွားမည်ကို နိုင်ငံရေးပါတီများက အစိုးရိမ်ကြီး စိုးရိမ်ခဲ့ကြပါသည်။ ထိုသို့ စိုးရိမ်ပူပန်ခဲ့သောကြောင့် ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများက ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ထံသို့စာရေးပြီး "နဝတဦးဆောင်ကျင်းပမည့် ရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲလော" ရှင်းလင်းရန်တောင်းဆိုထားခဲ့ကြပါသည်။

အကယ်၍ နဝတစစ်အစိုးရက "တိုင်းပြုပြည်ပြုလွှတ်တော်" ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာသွားခဲ့ပါက ရွေးကောက်တင်မြှောက်သွားမည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲဟူသော အမည်နာမ နှင့်အညီ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဥပဒေပြုခွင့်အာဏာကိုသာ အပ်နှင်းထားပြီး ကျန်အာဏာများကို လက်ရှိအစိုးရက ကိုယ်တွယ်သွားမည်ဟု အဓိပ္ပာယ်သက်ရောက်သွားခဲ့မည်ဖြစ်ပါသည်။ ထိုကဲ့သို့ နဝတစစ်အစိုးရက "တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ" ကို ကျင်းပမည်ဟု ကြေညာသွားခဲ့ပါက ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်ပြီး "ကြားဖြတ်အစိုးရ" ကို ဦးတည်တောင်းဆို၍ တိုက်ပွဲဝင်သွားရန် သံဓိဋ္ဌာန်ချထားခဲ့ကြပါသည်။

သို့ရာတွင် ဒေါက်တာမောင်မောင်အစိုးရက ဖွဲ့စည်းထားခဲ့ပြီး နဝတစစ်အစိုးရက ဆက်လက်အသိအမှတ်ပြု အသုံးချထားသော "ရွေးကောက်ပွဲကော်မရှင်" က ရွေးကောက်ပွဲစည်းမျဉ်းဥပဒေများကို ကြေညာသောအခါ "တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ" ဟုမသုံးဘဲ "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ" ဟု သုံးနှုန်းအတည်ပြုသွားခဲ့ပါသည်။ ထိုကဲ့သို့ နဝတစစ်အစိုးရက "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ" ကို ကျင်းပခဲ့သောကြောင့်သာလျှင် ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများ ၁၉၉၀ မေလ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့ကြခြင်း ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဖြစ်သောကြောင့် "ပြည်သူ့လွှတ်တော်" သည် ပြည်သူလူထုက မိမိတို့၏မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားကြသော နိုင်ငံတော်အာဏာကို မိမိတို့ကိုယ်စားလွှတ်လပ်စွာကျင့်သုံးဆောင်ရွက်ခွင့် ရရှိ

စေရန် မိမိတို့ကိုယ်တိုင် ဆန္ဒမဲပေးရွေးချယ်ထားသော မိမိတို့၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်ဖြစ်သောကြောင့် ပြည်သူ့လွှတ်တော်တွင် နိုင်ငံတော်အာဏာတရပ်လုံးဖြစ်သော — ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ အပြည့်အဝတည်ရှိပါသည်။ ထို့ ကြောင့် ရွေးကောက်ပွဲပြီးသည်နှင့်တပြိုင်နက် ပြည်သူ့လွှတ်တော်အား နိုင်ငံတော်အာဏာတရပ်လုံးကို လွှဲပြောင်းပြီး အနိုင်ရပါတီက အစိုးရဖွဲ့စည်း၍ အုပ်ချုပ်ရေးအာဏာကို လက်ခံကျင့်သုံးသွားရန်သာလျှင် ဖြစ်ပါသည်။

ထိုသို့သော အခြေအနေများကြောင့် ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများက ၁၉၉၀ မေလတွင် ကျင်းပသော ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီး လူထုထောက်ခံမှုကို ရယူထားခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် နဝတစစ်အစိုးရသည် ကမ္ဘာ့သမိုင်းတွင် မကြုံစဖူးသော ကမ္ဘာ့နိုင်ငံရေးနိယာမတရားတွင်လည်း တခါမျှမရှိဘူးသေးသော ရက်စက်ရမ်းကားမှုကိုစံတင်လျှက် နိုင်ငံတော်အာဏာကို လူထုကိုယ်စားလှယ်များထံသို့ လွှဲပြောင်းရန် ယနေ့တိုင်ငြင်းဆန်လျှက် ရှိနေပါသည်။

## နိုင်ငံရေးပါတီများလိုလားခဲ့သောအမျိုးသားညီလာခံ

နဝတစစ်အစိုးရက အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပြီးနောက်ပိုင်း အမျိုးသားညီလာခံကျင်းပရေးသည် ဒီမိုကရေစီထွန်းကားရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ်ထွန်းရေးတို့အတွက် အထောက်အကူမပြုသည့်အပြင် အဓိကအဟန့်အတားကြီးဖြစ်သွားကြောင်း အားလုံးလက်ခံသဘောပေါက်ထားပြီးဖြစ်ပါသည်။

သို့ရာတွင် ယနေ့ဆန်းစစ်ရန်လိုအပ်နေသောအချက်မှာ အမျိုးသားညီလာခံကျင်းပရေး “မူ” သည် ထိုကဲ့သို့ ဒီမိုကရေစီအစိုးရပေါ်ထွန်းရေးနှင့် စစ်မှန်သောပြည်ထောင်စုစနစ်ထူထောင်ရေးတို့အတွက် အဟန့်အတားကြီးဖြစ်သွားခဲ့ပါကအဘယ်ကြောင့် NLD နှင့် UNLD စသော နိုင်ငံရေးပါတီကြီးများအပါအဝင် ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများက အမျိုးသားညီလာခံကျင်းပရေး “မူ”ကို မူလကတည်းက ချမှတ်ထားခဲ့ကြသနည်း။ ထိုမေးခွန်းကို လေးလေးနက်နက်ဆန်းစစ်ရန် လိုအပ်နေပါသည်။

ထင်သာမြင်သာသော အဖြေတရပ်မှာ နဝတစစ်အစိုးရက အမျိုးသားညီလာခံကျင်းပရေးကို အကြောင်းပြု၍ အာဏာလွှဲပြောင်းရေးကို ငြင်းဆန်သွားလိမ့်မည်ဟု ကြိုတင် မခန့်မှန်း၊ မတွက်ဆနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုထက်မက ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများသည် ယနေ့ကျွန်တော်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ လေးနက်မှုကို စောစောစီးစီးဆင်ခြင်သုံးသပ်ထားခဲ့

သောကြောင့် "ပင်လုံကဲ့သို့သော အမျိုးသားညီလာခံ" တရပ်ကျင်းပရန် လိုအပ်နေသည်ဟု သုံးသပ်ထားခဲ့ခြင်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်အကြား ဖြစ်ပွားနေသော သာမန်နိုင်ငံရေးဝါဒ နှစ်ရပ်တို့၏ တိုက်ပွဲတရပ်သာလျှင်မဟုတ်ဘဲ လူမျိုးစုပြဿနာ၊ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရေးစသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် နီးနွယ်နေသည့် နိုင်ငံရေးနှင့် လူမျိုးရေးပြဿနာ ပေါင်းစုံပါဝင်ရောယှက်နေသောကြောင့် ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တပါတီ" ဆိုသော စကားလုံးကို "ပါတီစုံ" ဟူ၍ပြောင်းလဲ ပြင်ဆင်ရုံဖြင့် ပြဿနာပြေလည်နိုင်မည် မဟုတ်ပေ။ ရန်ကုန်မြို့တွင် အစိုးရအပြောင်းအလဲလုပ်ရုံမျှဖြင့်လည်း ပြည်ထောင်စုပြဿနာတရပ်လုံး ပြေလည်နိုင်မည် မဟုတ်ပေ။

တနည်းအားဖြင့် — ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် မဆလတပါတီ အာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်တို့ကို ဖြိုချပြီး ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းရေးတွင် အဆုံးမသတ်နိုင်ပဲ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်ရေးကို ဦးတည်ပန်းတိုင်ထားနေသောကြောင့် ဖြစ်ပါသည်။ ၎င်းပန်းတိုင်သည်လည်း ယခုမှ နေ့ချင်းညချင်းပေါ်လာသော ပန်းတိုင်မဟုတ်ပေ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များက ပင်လုံတွင်သစ္စာဆို၍ တိုင်တည်ကတိထားခဲ့သော ပြည်ထောင်စုပန်းတိုင်ကြီး ဖြစ်ပါသည်။

ပင်လုံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များက သမိုင်းစဉ်ဆက် သီးခြားလွတ်လပ်ခဲ့သော တိုင်းရင်းသားလူမျိုးများနိုင်ငံရေး အရင်း၊ လူမျိုးရေးအရင်း၊ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုတခုကို အတူတကွထူထောင်ရန် ကတိသစ္စာဆိုခဲ့ကြပါသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီးနောက်ပိုင်း ပင်လုံသစ္စာနှင့် ပြည်ထောင်စုကတိတို့ကို သစ္စာဖောက်ခြင်းခံခဲ့ရသောကြောင့် ယနေ့တိုင် ပြည်ထောင်စုကြီးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များ ပင်လုံတွင်မျှော်မှန်းထားခဲ့သည့်အတိုင်းဖြစ်မလာပဲ အနှစ်ငါးဆယ်ပြည်တွင်းစစ်ကြီးနှင့် ရင်ဆိုင်နေခဲ့ရပြီး စစ်အာဏာရှင်စနစ်အောက်တွင် ပြည်သူလူထုတရပ်လုံး "တုံးအောက်ကဖား" ဘဝဖြင့် လူမှုဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ခံစားနေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသားလူငယ်များမှစ၍ ရဟန်းရှင်လူပြည်သူလူထုအပေါင်း ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံးအရေးတော်ပုံကို ဆင်နွှဲရန် လိုအပ်လာခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ပြည်ထောင်စု၏ အဓိက နိုင်ငံရေးပြဿနာကြီးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များ တိုင်တည်ထားခဲ့သော "ပင်လုံသစ္စာနှင့် ပြည်ထောင်စုကတိတို့အား သစ္စာဖောက်ခြင်း" ဟူသော နိုင်ငံရေးပြစ်မှုကြီးတွင် အခြေစိုက်လျှက်ရှိနေပါသည်။ တနည်းအားဖြင့် ကိုယ်ကျိုးရှာ မဟာလူမျိုးကြီးဝါဒီ နိုင်ငံရေးသမားတချို့နှင့် စစ်အာဏာရှင်တစုတို့၏ "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ဖွဲ့စည်းတည်ထောင်ရေး" ကို မိုက်မဲစွာငြင်းဆန်မှုကြောင့် ယနေ့ပြည်ထောင်စုကြီးသည် အနှစ်ငါးဆယ်ပြည်တွင်းစစ်ကြီးနှင့်တကွ အခြားအခြားသော နိုင်ငံရေး၊ လူမှုရေးပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရပြီး ကမ္ဘာတွင်အဆင်းရဲဆုံးနိုင်ငံဘဝဖြင့် လူထုအပေါင်း ဆင်းရဲဒုက္ခမျိုးစုံကို ရင်ဆိုင်ခံစားနေရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဒီမိုကရေစီအရေးတော်ပုံကြီး၏ ယနေ့လက်ငင်းတာဝန်တရပ်မှာ ပြည်ထောင်စုသစ္စာဖောက်မှုကြီးဟူသော အထက်ပါနိုင်ငံရေးပြစ်မှုကြီးကို ဖော်ထုတ်လျှက် ပင်လုံတွင်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များ မျှော်မှန်းထားခဲ့သော စစ်မှန်သောပြည်ထောင်စုစနစ် ပန်းတိုင်ဆီသို့ အမြန်ဆုံးလျှောက်လှမ်း၍ အောင်ပွဲခံရေးသာလျှင် ဖြစ်ပါသည်။ ထို စစ်မှန်သော ပြည်ထောင်စုစနစ်ဖွဲ့စည်းထူထောင်ရေးပန်းတိုင်ကို အမြန်ဆုံးလျှောက်လှမ်းနိုင်ရေးအတွက် နည်းလမ်းများစွာရှိသည့်အနက် ဒီမိုကရေစီအင်အားစု ပြည်တွင်းနိုင်ငံရေးပါတီများက "ပင်လုံကဲ့သို့သော အမျိုးသားညီလာခံ ခေါ်ယူကျင်းပရေး" ကို မူတရပ် နည်းလမ်းတခုအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ သို့ရာတွင် ထို နည်းလမ်း၊ ထိုမူနှင့်ပေါ်လစီတို့ကိုလည်း တရားသေနည်း၊ တရားသေမူအဖြစ် ရွေးချယ်ခဲ့ခြင်း မဟုတ်ပေ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုစဉ်က နိုင်ငံရေးပါတီများ၏ ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒီမိုကရေစီအရပ်သားအစိုးရတရပ် ပေါ်ထွန်းရေးကိုသာ အာရုံစူးစိုက်ခဲ့ခြင်း မဟုတ်ပေ။ ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ အဓိကပန်းတိုင်ဖြစ်သည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်" ထူထောင်ဖွဲ့စည်းရေးကို ပို၍ အာရုံ စိုက်ခဲ့ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲအပြီး ဒီမိုကရေစီအစိုးရတရပ်ပေါ်ထွန်းလာသည်နှင့်တပြိုင်နက် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းထူထောင်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ အသွင်ကိုဆောင်ယူသော အမျိုးသားညီလာခံတရပ် ကျင်းပရေးကို "မူ"တရပ်အဖြစ် ချမှတ်ထားခဲ့ခြင်းသာ ဖြစ်ပါသည်။ ဒီမိုကရေစီ အင်အားစုနိုင်ငံရေးပါတီများ လိုလားခဲ့သော အမျိုးသားညီလာခံသည် ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲအသွင်ကို ဆောင်ယူနေမည်ဖြစ်သောကြောင့် လူမျိုးစုတော်လှန်ရေးအင်အားစုများအားလုံးကိုပါ စုံညီစွာတက်ရောက်ဆွေးနွေးစေလျှက် လူမျိုးစု

ပြဿနာနှင့် ပြည်တွင်းစစ်ပြဿနာများကို ငြိမ်းချမ်းစွာ အဖြေရှာယူခြင်းဖြင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်နိုင်မည်ဖြစ်သည်ဟု သုံးသပ်ခဲ့ကြပါသည်။ ထိုသို့ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် လူမျိုးစုပြဿနာနှင့် ပြည်တွင်းငြိမ်းချမ်းရေးပြဿနာများကို ဖြေရှင်းနိုင်မှသာလျှင် ဒီမိုကရေစီအဆောက်အအုံကြီးသည်လည်း ခိုင်မာသွားနိုင်မည်ဟု သုံးသပ်ခဲ့ကြပါသည်။

ထိုသို့သော ရည်ရွယ်ချက်များဖြင့် အမျိုးသားညီလာခံကျင်းပရေးကို "မူ" တရပ်အဖြစ် ချမှတ်ထားခဲ့ခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းရေးသာလျှင် အရေးတော်ပုံကြီး၏ အဓိကပန်းတိုင်ဖြစ်ခဲ့ပါက တရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲ ကျင်းပရေးနှင့် ဒီမိုကရေစီအင်အားစုများ ရွေးကောက်ပွဲတွင် အနိုင်ရအောင်ပွဲခံရေးသာလျှင် အဓိကပန်းတိုင် ဖြစ်သွားခဲ့မည်ဖြစ်ပြီး အမျိုးသားညီလာခံကျင်းပရေးသည် လုံးဝမလိုလားအပ်သော နိုင်ငံရေး "မူ" တခုသာ ဖြစ်သွားခဲ့ပေမည်။ သို့ရာတွင် ပြည်ထောင်စုသမိုင်းဖြစ်စဉ်၏ လိုလားတောင်းဆိုချက်အရ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ နိုင်ငံရေးပါတီများက အမျိုးသားညီလာခံ ကျင်းပရေး "မူ" ကို စစ်မှန်သောပြည်ထောင်စုစနစ်ဖွဲ့စည်းထူထောင်ရေးအတွက် အထောက်အကူပြု "မူ" တခုအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

## နဝတခေါ်ယူကျင်းပသောအမျိုးသားညီလာခံ

နဝတစစ်အစိုးရသည် နိုင်ငံရေးပါတီများက မှန်ကန်ရိုးသား၍ တိုင်းပြည်၏ လိုအပ်ချက်အရ တောင်းဆိုခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲအသွင်ကို ဆောင်ယူသည့် "အမျိုးသားညီလာခံကျင်းပရေးမူ" ကို တဖက်တွင် ဖျက်လိုဖျက်ဆီးလုပ်ပြီး အခြားတဖက်တွင်လည်း "အမျိုးသားညီလာခံ" ဟူသောအမည်နာမကို ဆင်တူရိုးမှားပြုလုပ်၍ ၎င်းတို့အာဏာတည်တံ့ခိုင်မြဲရေးအတွက် အတုအယောင် အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပလျှက်ရှိနေပါသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီအရပ်သားအစိုးရ ပေါ်ထွန်းရေးအတွက် မဟုတ်။ လူမျိုးစုပြဿနာဖြေရှင်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက်လည်း မဟုတ်ပေ။

ထိုထက် ဆိုးဝါးသောအချက်မှာ နဝတစစ်အစိုးရသည် "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်" တည်ဆောက်ရေးဟု အကြောင်းပြပြီး ဒီမိုကရေစီကျင့်စဉ်တရား များကို လွတ်လပ်စွာကျင့်သုံးခွင့်မရရှိအောင် စစ်စည်းကမ်းဖြင့် ထိန်းချုပ်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အကြောင်းပြ၍ တိုင်းရင်းသားလူမျိုးများ အနှစ်ငါးဆယ် ပြည်တွင်းစစ်ဖြင့် တောင်းဆိုနေသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို ရုပ်သိမ်းရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးကိုအကြောင်းပြ၍

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ငြင်းပယ်ရေးတို့သာမက စစ်အာဏာရှင်စနစ်ကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရေးတို့ဆီသို့ ဦးတည်နေသော အတုအယောင်အမျိုးသားညီလာခံကို ကျင်းပနေခြင်းပင် ဖြစ်ပါသည်။

နဝတစစ်အစိုးရသည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို ဖျက်ဆီးချေမှုန်းရန် တဖက်မှာရည်ရွယ်နေသကဲ့သို့ အခြားတဖက်တွင်လည်း ၎င်းတို့၏လုပ်ရပ် မှားယွင်းမှုများကို ဖုံးဖိထားချင်သောကြောင့် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပနေခြင်း ဖြစ်ပါသည်။ နဝတစစ်အစိုးရသည် ဗိုလ်နေဝင်းစတင်ထူထောင်ခဲ့သော စစ်အာဏာရှင်စနစ်ကို ရာသက်ပန်ထူထောင်ထိန်းသိမ်းရန် ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ခဲ့သည့်အပြင် လူထုက တရားသဖြင့် မိမိတို့၏ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်သော “ပြည်သူ့လွှတ်တော်” ထံသို့ နိုင်ငံတော်အာဏာကို လွှဲအပ်ရန်ငြင်းဆန်လျက်ရှိနေပါသည်။ ထိုကြောင့် နဝတခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံကို သေချာစွာလေ့လာသုံးသပ်မည်ဆိုပါက — ၎င်းတို့၏ရည်ရွယ်ချက်နှင့် လုပ်ရပ်အားလုံး၏ ဗဟိုဆုံချက်သည် “ဗိုလ်နေဝင်းထူထောင်ခဲ့သော စစ်အာဏာရှင်စနစ်” ကိုထိန်းသိမ်းကာကွယ်ရေးဟူသော အချက်ပင်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက နဝတခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံသည် “စစ်အာဏာရှင်စနစ်” ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရေးပင်ဖြစ်ပါသည်။ ထိုကြောင့် နဝတခေါ်ယူကျင်းပသော အမျိုးသားညီလာခံကို တက်ရောက်ခြင်းသည် လူထုတရပ်လုံးကို စော်ကားသစ္စာဖောက်ခြင်း သာမက ၁၉၉၀ မေလ ရွေးကောက်ပွဲကို အသိအမှတ်လည်းမပြု၊ မလေးစားရာလည်း ကျနေပါသည်။ ထို့ကြောင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က နဝတစစ်အစိုးရခေါ်ယူကျင်းပသော အမျိုးသားညီလာခံကို ဆန့်ကျင်သပိတ်မှောက်၍ ဆန္ဒပြထားခဲ့ခြင်း ဖြစ်ပါသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နဝတခေါ်ယူကျင်းပသော အမျိုးသားညီလာခံကို ဆန့်ကျင်ကန့်ကွက်ပြီးနောက်ပိုင်း အမျိုးသားညီလာခံကျင်းပရေးမှုသည် ဒီမိုကရေစီအင်အားစုများအတွက် အဓိကပြဿနာ မဟုတ်တော့ပေ။ အဓိကပြဿနာမှာ အမျိုးသားညီလာခံကို ဆန့်ကျင်ကန့်ကွက်ပြီးနောက် ၎င်းအမျိုးသားညီလာခံ ကျင်းပရေးမှုကို အစားထိုးနိုင်မည့် နိုင်ငံရေး “မူ” သစ်နှင့် လမ်းစဉ်သစ်များကို အမြန်ဆုံး ချမှတ် အကောင်အထည်ဖော်ရေးသာလျှင် ဖြစ်ပါသည်။ နိုင်ငံရေးမူဝါဒတရပ်ကို ပန်းတိုင်တခုရောက်ရှိရေးအတွက် ချမှတ်ထားရမည်ဖြစ်သော်လည်း ၎င်းမူနှင့် ပေါ်လစီများသည် ပန်းတိုင်ရောက်ရှိရေး

အတွက် အထောက်အကူလည်းမပြု၊ အကျိုးသက်ရောက်မှုလည်းမရှိဟု သိသာထင်ရှားလာပါက ချက်ခြင်းပြောင်းလဲပြင်ဆင်ရမည် သာလျှင်ဖြစ်ပါသည်။ “မူ” ကိုတရားသေကိုင်ပါက တရားသေမှုကြောင့် ပန်းတိုင်ပျောက်ကွယ်သွားနိုင်ပါသည်။

## အမျိုးသားညီလာခံကျင်းပရေး “မူ” ကိုအစားထိုးနိုင်မည့် နိုင်ငံရေး “မူ” သစ်

အမျိုးသားညီလာခံကျင်းပရေး ဟူသော “မူ” တရပ်ကို ဒီမိုကရေစီအစိုးရတရပ်ပေါ်ထွန်းရေးနှင့် စစ်မှန်သောပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်ရေးအတွက်ဟူသော ပန်းတိုင်အမြန်ဆုံးရောက်ရှိနိုင်ရေးအတွက် ချမှတ်ထားခဲ့သော်လည်း ယခုအခါ အမျိုးသားညီလာခံသည် မူရင်းပန်းတိုင်ဖြစ်သော ဒီမိုကရေစီအစိုးရတရပ်ပေါ်ထွန်းရေးနှင့် စစ်မှန်သောပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်ရေးအတွက်အထောက်အကူလည်းမပြု၊ အသုံးလည်း မကျတော့သည့်အပြင် ပန်းတိုင်ရောက်ရှိရေးအတွက် အဓိကအဟန့်အတားကြီးအဖြစ် ပြောင်းလဲသွားခဲ့လေပြီ။ ထို့ကြောင့် ၎င်း “မူ” ဟောင်းကိုအစားထိုးနိုင်မည့် နိုင်ငံရေးမဟာဗျူဟာနှင့် နည်းဗျူဟာများကို အမြန်ဆုံးချမှတ်အကောင်အထည်ဖော်ပြီး ဒီမိုကရေစီအရေးတော်ပုံကြီး အပြီးသတ်အောင်ပွဲဆင်နိုင်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေပါသည်။

ဒီမိုကရေစီအစိုးရပေါ်ထွန်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖွဲ့စည်းထူထောင်ရေး ဟူသော မူရင်းပန်းတိုင်ကို မျက်ခြေမပြတ်ပဲ အမျိုးသားညီလာခံကျင်းပရေးမူကို အစားထိုးနိုင်မည့် မူနှင့် ပေါ်လစီများစွာရှိသည့်အနက် အထိရောက်ဆုံးမူတခုမှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းပြီး ခေတ်နှင့်လျော်ညီအောင် ပြန်လည်မွမ်းမံပြင်ဆင်ရေးသား၍ လူထုဆန္ဒခံယူပွဲဖြင့် ပြဋ္ဌာန်းအတည်ပြုရေးပင် ဖြစ်ပါသည်။

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ပြန်လည်အသက်သွင်းခြင်းကိစ္စ နှင့်ပတ်သက်၍ ကောင်းကျိုးများစွာရှိနိုင်သလို ၎င်းကောင်းကျိုးတရားများကိုအကောင်အထည်ဖော်ရာ၌ အဟန့်အတား အခက်အခဲများစွာ ရှိနေကြောင်းကိုလည်း ပထမဦးစွာနားလည်သဘောပေါက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ၎င်းကောင်းကျိုးတရားများနှင့်အတူ အခက်အခဲအဟန့်အတားမျိုးစုံတို့ကို ဖော်ထုတ်ဆန်းစစ်ရန် လိုအပ်နေပါသည်။

## ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်အသက်သွင်းခြင်း၏ကောင်းကျိုးများ

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်အသက်သွင်းခြင်း၏ လတ်တလော ကောင်းကျိုးတခုမှာ နဝတစစ်အစိုးရ ခေါ်ယူကျင်းပနေသော အမျိုး

သားညီလာခံကို ချက်ခြင်းကျော်လွှားဖြတ်သန်း၍ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနစ်ထူထောင်ရေးဟူသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ မူရင်းပန်းတိုင်ကို တိုက်ရိုက်အကောင်အထည် ဖော်နိုင်ခြင်းပင် ဖြစ်ပါသည်။

ထိုထက်မက ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ပင်လုံတွင် အခြေစိုက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် "ပြည်ထောင်စု" ဟူသော ဝေါဟာရစကားလုံးကို သုံးစွဲနေသရွေ့ "ပင်လုံ" ကိုမေ့ထား၍ ရမည်မဟုတ်ပေ။ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကို ကြွေးကြော်တောင်းဆိုနေသရွေ့ "ပင်လုံ" ကို ပြန်သွားရပါလိမ့်မည်။ ပင်လုံကိုပြန်သွားခြင်း ဆိုသည်မှာ "အောင်ဆန်းလမ်းစဉ်" ကိုပြန်လည်အကောင်အထည်ဖော်ခြင်းပင် ဖြစ်ပါသည်။ အထက်တွင်ဆိုခဲ့သည့် အတိုင်း "စစ်မှန်သောပြည်ထောင်စုစနစ်" ဖွဲ့စည်းထူထောင်ရေးသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ဖြစ်ပြီး ၎င်းလမ်းစဉ်သည် ပင်လုံတွင် အခြေစိုက်ခဲ့ပါသည်။

ထို့ပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် လူမျိုးစုခေါင်းဆောင်များက စစ်မှန်သောပြည်ထောင်စုစနစ်ကို ဖွဲ့စည်းထူထောင်ရန် ပင်လုံတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသောကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် "ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လူထု (mandate) ကို ရရှိခဲ့ပါသည်" ဟု ကွယ်လွန်သွားရှာပြီဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုက ပြောကြားသွားခဲ့ခြင်း ဖြစ်ပါသည်။ [1]

ထို့ကြောင့် ကျွန်ုပ်တို့သည် ယနေ့ဒီမိုကရေစီအရေးတော်ပုံကြီး၏ မူရင်းပန်းတိုင်ဖြစ်သော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် ပင်လုံကိုပြန်သွားရပါလိမ့်မည်။ ပင်လုံကိုမေ့ထားပါက ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို သစ္စာဖောက်ရာကျပေလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို သစ္စာဖောက်နေသရွေ့ပြည်ထောင်စုပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပေ။

## ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြန်လည်အသက်သွင်းရာ၍ ကြုံတွေ့ရမည့်အခက်အခဲများ

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းရန် ဟူသော "မူ" ကို အကောင်အထည်ဖော်ရာ၌ ကြုံတွေ့ရမည့် အခက်အခဲပေါင်းများစွာရှိသည့်အနက် အဓိကအကျဆုံး ပြဿနာများကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ —

(၁) လူမျိုးစုများ စိုးရိမ်ကြောင့်ကျသော ပြဿနာများ၊

(၂) ဗမာ (ဝါ) မြန်မာတိုင်းရင်းသားလူမျိုးများ စိုးရိမ်ကြောင့်ကျသော ပြဿနာများ ဟူ၍ ဖြစ်ပါသည်။

ထိုပြဿနာနှစ်မျိုးစလုံးကို ရှင်းလင်းဖော်ထုတ်ပြီးမှသာလျှင် ထိုပြဿနာများ၏ အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ပါသည်။

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းရန် လူမျိုးစုများစိုးရိမ်ကြောင့်ကျသော အချက်များနှင့် ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေကို မလိုလားမနှစ်သက်နိုင်သော အချက်များအနက် အဓိကအကျဆုံးပြဿနာမှာ — "၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမည်နာမနှင့် အသွင်သဏ္ဌာန်အားဖြင့် ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ခဲ့သော်လည်း အနှစ်သာရအားဖြင့် တပြည်ထောင်စနစ်" ဖြစ်သည်ဟူသောအချက်ပင် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ပင်လုံညီလာခံမှ တိုက်ရိုက်ဆင်းသက်လာခဲ့သောကြောင့် အမည်နာမနှင့် အသွင်သဏ္ဌာန်အားဖြင့် "ပြည်ထောင်စုစနစ်" ကို ဖော်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူရင်းစာသားဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးဆွဲ၍ ၁၉၄၇ မေလတွင်ကျင်းပခဲ့သည့် ဖဆပလညီလာခံကြီးက အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) သည် ပြည်ထောင်စုစနစ်ဆီသို့ ကောင်းမွန်မှန်ကန်စွာ ဦးတည်သွားခဲ့ပါသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးနောက် ၁၉၄၇ စက်တင်ဘာလတွင် တိုင်းပြုပြည်ပြုလွှတ်တော်၌ အတည်ပြုဌာန်းခဲ့သော ဦးချန်ထွန်းရေးဆွဲသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်နှင့် ပင်လုံညီလာခံ သဘောတူညီချက်များမှ သွေဖီသွားခဲ့ပြီး အမည်နာမနှင့် အသွင်သဏ္ဌာန်အားဖြင့် "ပြည်ထောင်စုစနစ်" ဖြစ်နေပါလျှက် အနှစ်သာရမှာ "တပြည်ထောင်စနစ်" ဖြစ်သွားခဲ့ပါသည်။ ထိုကဲ့သို့ တပြည်ထောင်စနစ်၏ အနှစ်သာရများ ရောထွေးခဲ့ခြင်းကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ရသင့်ရထိုက်သော နိုင်ငံရေးအာဏာများ မရရှိခဲ့ကြချေ။

ထိုထက်ဆိုးဝါးသောအချက်မှာ ဗမာ (ဝါ) မြန်မာ တိုင်းရင်းသားများအတွက် အမျိုးသားပြည်နယ်ဖွဲ့စည်းခြင်းမပြုပဲ ထိုတိုင်းရင်းသားလူမျိုးတို့၏ အမျိုးသားပြည်နယ်ခံစားခွင့်နှင့် ပြည်ထောင်စုကြီး၏ နိုင်ငံတော်အာဏာတရပ်လုံးကို တွဲဖက်ကျင့်သုံးခဲ့သောကြောင့် အခြားပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် တိုင်းရင်းသားလူမျိုးများသည် ဗမာ (ဝါ) မြန်မာတိုင်းရင်းသားလူမျိုးတို့၏

လက်ဝယ်ခံကို လိုနီနယ်ပယ်များဘဝသို့ သွယ်ဝိုက်သောနည်း ဖြင့် သက်ဆင်းသွားခဲ့ကြပါသည်။ ယင်းသည် ပင်လုံစာချုပ်ကို အကြီးကျယ်ဆုံးသစ္စာဖောက်ခြင်းပင် ဖြစ်ခဲ့ပါသည်။[2]

မြန်မာ (ဝါ) ဗမာတိုင်းရင်းသားများ စိုးရိမ်ကြောင့်ကျသော အချက်မှာ — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး၏ အခန်း(၁၀) ပုဒ်မ (၂၀၁) နှင့် (၂၀၂) များတွင် ပြဋ္ဌာန်းထားခဲ့သော "ပြည်နယ်များ၏ ခွဲထွက်ခွင့်ပုဒ်မ" ပင်လျှင်ဖြစ်ပါသည်။ အမှန်စင်စစ် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတွင် "ခွဲထွက်ခွင့်ပုဒ်မ" ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်းမှာ ပင်လုံစာချုပ်ကို တနည်းအားဖြင့် အကောင်အထည်ဖော်ခြင်းပင် ဖြစ်ပါသည်။ သမိုင်းစဉ်ဆက်သီးခြားလွတ်လပ်သော လူမျိုးများ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုကြီးတခုကို အတူတကွထူထောင်ကြမည်ဟူသော ပင်လုံညီလာခံမှ ကတိသစ္စာများကို ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတွင် ခွဲထွက်ခွင့်ပုဒ်မဖြင့် ကာကွယ်ပြဋ္ဌာန်းခြင်းသာလျှင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ သမိုင်းစဉ်ဆက် သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုးများသည် ဗြိတိသျှအစိုးရထံမှ သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြားအမျိုးသားနိုင်ငံတော်များ ထူထောင်ခွင့်ရှိကြသော်လည်း တန်းတူမှုကို အခြေခံ၍ ပြည်ထောင်စုတခုကို အတူတကွထူထောင်ကြမည်။ အကယ်၍ တန်းတူမှုမရှိဟု ယူဆလာပါက ပြည်ထောင်ထဲမှ လွတ်လပ်စွာခွဲထွက်သွားမည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး၏ အဓိကအားနည်းချက်မှာ ခွဲထွက်ခွင့်ပုဒ်မကို အတိအကျပြဋ္ဌာန်းနိုင်ခဲ့သော်လည်း ခွဲထွက်ခွင့်အနှစ်သာရဖြစ်သော "တန်းတူရေး" ကိုမူ အလျဉ်းမျှအကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။ ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် အမည်နာမနှင့် အသွင်သဏ္ဌာန်အားဖြင့် "ပြည်ထောင်စုစနစ်" ဖြစ်ခဲ့သော်လည်း အနှစ်သာရမှာ "တပြည်ထောင် (Unitary) စနစ်" ဖြစ်သွားခဲ့ပါသည်။

## အစွန်းနှစ်ဖက်ကိုရှောင်ရှားရန်နည်းလမ်းများ

အပေါ်ယံအားဖြင့်ကြည့်လျှင် လူမျိုးစုများ စိုးရိမ်ပူပန်သောအချက်နှင့် မြန်မာ (ဝါ) ဗမာတိုင်းရင်းသားလူမျိုးများ စိုးရိမ်ပူပန်သောအချက်များသည် ဆက်စပ်၍မရသော သီးခြားအစွန်းနှစ်ဖက်ဟု ထင်ရသော်လည်း တကယ်တမ်းသေချာစွာ လေ့လာဆန်းစစ်ကြည့်ပါက ယင်းတို့၏ ဇာတိုဆုံချက်သည် အတူတူပင်ဖြစ်နေကြောင်းကို တွေ့ရမည် ဖြစ်ပါသည်။

လူမျိုးစုများစိုးရိမ်ပူပန်သော အချက်မှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **တန်းတူရေး** မရှိသောကြောင့် ဖြစ်ပါသည်။

မြန်မာ (ဝါ) ဗမာတိုင်းရင်းသားလူမျိုးများ စိုးရိမ်သောအချက်မှာ — ခွဲထွက်ခွင့် ဖြစ်ပြီး ခွဲထွက်ခွင့်၏ အနှစ်သာရသည်လည်း **တန်းတူရေး** ပင်လျှင် ဖြစ်ပါသည်။

ထို့ကြောင့် ပြဿနာအားလုံး၏ဆုံချက်သည် တန်းတူရေး သာလျှင်ဖြစ်ပြီး အကယ်၍ တန်းတူရေးပြဿနာကို ပြေလည်စွာဖြေရှင်းနိုင်မည်ဆိုပါက လူမျိုးစုများ လိုလား တောင်းဆိုသောအရာလည်း ပြည့်စုံသွားမည်။ မြန်မာ (ဝါ) ဗမာတိုင်းရင်း သားလူမျိုးများ စိုးရိမ်ပူပန်သောအချက်သည်လည်း ကင်းပယ်သွားနိုင်ပါသည်။ ထို့ ကြောင့် အရေးအကြီးဆုံးသောအချက်မှာ တန်းတူရေးပြဿနာကို မည်ကဲ့သို့ ဖြေရှင်းမည်နည်း အဖြေရှာရန်လိုအပ်လျက် ရှိနေပါသည်။

## တန်းတူရေးနှစ်မျိုးနှစ်စား

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) က တန်းတူ ရေးကို နှစ်မျိုးနှစ်စားဖြင့်ခွဲခြား၍ အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပါသည်။ ထို တန်းတူရေး နှစ်မျိုးစလုံးကို တပြိုင်နက်ထဲအကောင်အထည်ဖော်နိုင်မှသာလျှင် လူမျိုးစု ပြဿနာ၊ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု စနစ်ဖွဲ့စည်းထူထောင်ရေးဟူသော ပြဿနာအားလုံးကို တပြိုင်နက်ထဲ ဖြေရှင်း အကောင်အထည်ဖော်နိုင်မည်ဟု သုံးသပ်ထားပါသည်။

ငင်းတန်းတူရေး နှစ်မျိုးနှစ်စားမှာ —

(၁) လူမျိုးရေးအရ တန်းတူမှု၊

(၂) နိုင်ငံရေးအရ တန်းတူမှု တို့ပင်ဖြစ်ပါသည်။

လူမျိုးရေးအရ တန်းတူမှုဟုဆိုရာတွင်၌ ယနေ့ပြည်ထောင်စုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော ဌာနေတိုင်းရင်းသားလူမျိုးများ (လူမျိုးနွယ်စု "Tribal" အဆင့် ကိုမဆိုလိုပါ) သည် သမိုင်းစဉ်ဆက်သီးခြားလွတ်လပ်သောလူမျိုးများသာလျှင် ဖြစ် သောကြောင့် လူမျိုးတမျိုး၏အမျိုးသားအင်္ဂါရပ်များနှင့် ပြည့်စုံသောမိမိတို့၏ အမျိုး သားပြည်နယ်များ ဖွဲ့စည်းခွင့်ကို မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားကြပါ သည်။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီ ကိုအခြေခံသော ပြည်နယ်များမဟုတ်ပဲ လူမျိုးကိုအခြေခံသော အမျိုးသားပြည် နယ်များကိုသာလျှင် ဖွဲ့စည်းကြရပါမည်။ လူမျိုးကိုအခြေခံသောပြည်နယ်များကို ဖွဲ့စည်းရမည်ဖြစ်သောကြောင့် အမျိုးသားပြည်နယ်များ၏ အမည်နာမသည်လည်း ဟားခါးပြည်နယ်၊ တောင်ကြီးပြည်နယ်၊ ရန်ကုန်ပြည်နယ်စသည်ဖြင့် ပထဝီကိုအစွဲပြု ၍ ခေါ်တွင်ခြင်းမျိုးမပြုလုပ်ပဲ လူမျိုးအမည်နာမများကိုအစွဲပြု၍ ချင်းပြည်နယ်၊ ရှမ်း ပြည်နယ်၊ မြန်မာ (ဝါ) ဗမာပြည်နယ် စသည်အားဖြင့် ခေါ်တွင် စေရမည် ဖြစ်ပါသည်။

ထိုသို့ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များ ဖွဲ့စည်းသည်သာမက ထိုအမျိုးသားပြည်နယ်များကိုလည်း မိမိတို့ပြည်နယ်အတွင်း ကျင့်သုံးမည့် နိုင်ငံရေး အာဏာများ အပြည့်အဝအပ်နှင်းထားရပါမည်။ ဆိုလိုသည်မှာ အမျိုးသားပြည်နယ် များအား မိမိတို့အမျိုးသားပြည်နယ်အတွက် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာများကို အပြည့်အဝအပ်နှင်းထားရမည်။ ထို့ပြင် ပြည်နယ်များ၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ဥပဒေပြုအညွှန်းတွင် ဖော်ပြထားသော နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားသံတမန်ဆက်သွယ်ရေး၊ ငွေဒင်္ဂါးနှင့် ငွေစက္ကူ ထုတ်ရေး... စသည်တို့မှအပ ကြွင်းကျန်သော အာဏာများ (Residuary Powers) ကို အမျိုးသားပြည်နယ်များထံတွင် အပ်နှင်းထားရပါမည်။

အမျိုးသားပြည်နယ်တခုနှင့်တခု (ဝါ) လူမျိုးတမျိုးနှင့်တမျိုး တန်းတူရည်တူရှိကြောင်းပြသသည့်အနေဖြင့် မည်သည့်လူမျိုးကိုမျှ အခွင့်ထူးမခံစားစေရ။ ဆိုလိုသည်မှာ မည်သည့်အမျိုးသားပြည်နယ်ကိုမျှ ပြည်ထောင်စုလွှတ်တော်နှင့် တွဲဖက်၍ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပ်နှင်းခြင်းလုံးဝ မပြုလုပ်ရ။ ထိုသို့ အမျိုးသားပြည်နယ်တခု၏ အခွင့်အာဏာနှင့် ပြည်ထောင်စုလွှတ်တော်၏ အခွင့်အာဏာများကို တွဲဖက်ကျင့်သုံးသွားပါက ကျန်ရှိသော ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် ထိုပြည်နယ်၏ လက်ဝယ်ခံပြည်နယ် (ဝါ) ကိုလိုနီဘဝသို့ ကျဆင်းသွားကြမည်ဖြစ်ပြီး လူမျိုးရေးအရ တန်းတူခွင့်ဟူသော အနှစ်သာရသည်လည်း ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။

နိုင်ငံရေးအရ တန်းတူမှုဟုဆိုရာတွင် တိုင်းရင်းသားလူမျိုး တမျိုးနှင့်တမျိုး နိုင်ငံရေးအရ ချယ်လှယ်မှုမရှိအောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရန် လိုအပ်သည့် နိုင်ငံရေးတန်းတူမှုမျိုးကို ဆိုလိုပါသည်။ ထိုသို့သော နိုင်ငံရေးတန်းတူမှုမျိုးကို နိုင်ငံတော်ဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိပြီး လူမျိုးစုလွှတ်တော်တွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များက ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရပါမည်။ ထိုသို့ အမျိုးသားပြည်နယ်များက ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကျမှသာလျှင် လူမျိုး တမျိုးနှင့်တမျိုး နိုင်ငံရေးအရတန်းတူခွင့်ရှိကြသည်ဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။

တနည်းအားဖြင့်ဆိုပါက လူမျိုးစုလွှတ်တော်သည် လူမျိုးတမျိုးနှင့်တမျိုး၊ အမျိုးသားပြည်နယ် တခုနှင့်တခု နိုင်ငံရေးအရ တန်းတူမှုရှိကြောင်းပြသသည့် ပြည်ထောင်စုသင်္ကေတကြီး တခုပင်ဖြစ်ပါသည်။ လူမျိုးတမျိုးနှင့်တမျိုး နိုင်ငံရေးအရ

တန်းတူခွင့်မရှိပါက မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒတို့ကို ရှောင်ရှားနိုင်မည်မဟုတ်ပေ။ နိုင်ငံရေးအရတန်းတူခွင့်ကို အခြေခံ၍ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒတို့ကို ရှောင်ရှားနိုင်မှသာလျှင် လူမျိုးစုပြဿနာနှင့် ပြည်တွင်းငြိမ်းချမ်းရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးအရ တန်းတူခွင့်မရှိပါက အထက်ဖော်ပြပါ အစွန်းရောက်ဝါဒနှစ်ခုကြားတွင် ပြည်ထောင်စုကြီး ဒုက္ခမီးပင်လယ်အောက်တွင် သံသရာလည်နေဦးမည်သာ ဖြစ်ပါသည်။

ဥပမာတခုပြရလျှင် ဦးနုအစိုးရလက်ထက်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေဖြင့်ပြဌာန်းခဲ့စဉ်က လူမျိုးစုများအတွက် နိုင်ငံရေးအရ တန်းတူခွင့်လည်းမရှိ၊ အကာအကွယ်လည်း မရှိသောကြောင့် မဟာလူမျိုးကြီးဝါဒီများ ပြည်ထောင်စုလွှတ်တော်တွင် ကြီးစိုးခွင့်ရရှိနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော မဟာလူမျိုးကြီးဝါဒကြောင့် ပြည်ထောင်စုထဲမှ ခွဲထွက်ရေးအပါအဝင် အခြားအခြားသော လူမျိုးစုများ၏ လက်နက်ကိုင်တော်လှန်ရေးများ မလွဲမသွေ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးအရတန်းတူခွင့်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဌာန်းကာကွယ်ထားမှသာလျှင် ထိုကဲ့သို့သော အစွန်းရောက်ဝါဒများဖြစ်သည့် မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒများကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

## ခွဲထွက်ရေးမှတန်းတူရေးဆီသို့

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လူမျိုးစုများလိုလားတောင့်တနေသော တန်းတူရေးနှစ်မျိုးစလုံးကို ထည့်သွင်းဖော်ပြပြီး မြန်မာ (ဝါ) ဗမာတိုင်းရင်းသားလူမျိုးများ စိုးရိမ်ကြောင့်ကြနေသော ခွဲထွက်ခွင့်ပုဒ်မကို တန်းတူရေးဖြင့် အစားထိုးပြဌာန်း အကောင်အထည်ဖော်နိုင်မည်ဆိုပါက ယနေ့ပြည်ထောင်စုကြီး ရင်ဆိုင်နေသော ပြဿနာအရပ်ရပ်ကို ပြေလည်စွာဖြေရှင်းနိုင်မည်ဟု ယူဆထားမိပါသည်။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အသစ်ရေးဆွဲပြဌာန်းခြင်းထက် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တန်းတူရေးဖြင့် အကောင်အထည်ဖော်၍ ပြန်လည်အသက်သွင်းခြင်းသည် ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး အမြန်ဆုံးအောင်ပွဲဆင်နွှဲနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု သုံးသပ်မိပါသည်။ ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်စက်စက်ရေးဆွဲပြဌာန်းရေးမှုသည် ယခုအခါ အမျိုးသားညီလာခံ ကျင်းပရေးနှင့် ခွဲခြားမရအောင် ဆက်စပ်နေပြီးဖြစ်သောကြောင့် ၎င်းဖွဲ့စည်းပုံအသစ်ရေးဆွဲ

ရေး နှင့် အမျိုးသားညီလာခံကျင်းပရေးမှုတို့သည် ဒီမိုကရေစီအင်အားစုများထက် နဝတစစ်အစိုးရကိုသာ ပိုမိုအကျိုးပြုလျက် ရှိနေပါသည်။

ထို့ကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းနိုင်မှသာ နဝတစစ်အစိုးရခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံကိုလည်း အဟန့်အတားမရှိ ကျော်လွှားဖြတ်သန်းနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို တန်းတူရေးဖြင့် မွမ်းမံအသက်သွင်းခြင်းဖြင့် အောင်ဆန်းလမ်းစဉ်၊ ပင်လုံသစ္စာနှင့် ပြည်ထောင်စုကတိတို့ကို တပြိုင်နက်ထဲ အကောင်အထည်ဖော်သွားနိုင်မည် ဖြစ်ပါသည်။

## နိဂုံးချုပ်

ယခုအခါ နဝတစစ်အစိုးရသည် အမျိုးသားညီလာခံကျင်းပရေးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်စက်စက် ရေးဆွဲပြဋ္ဌာန်းရေးတို့ကို ၎င်းတို့၏နောက်ဆုံးခံတပ်အဖြစ် အသေအလဲကာကွယ်လျက် ရှိနေပါသည်။ အကြောင်းမှာ နဝတစစ်အစိုးရက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်စက်စက်ရေးဆွဲပြဋ္ဌာန်းရေး ဟူသောအကြောင်းပြချက်ဖြင့် စစ်အာဏာရှင်စနစ်သက်ဆိုးရှည်ရေးကို ကြိုးစားနေသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ၎င်းတို့၏လုပ်ရပ်မှားယွင်းမှုများကို ဖုံးဖိရန် ကြိုးပမ်းသည့်အနေဖြင့် အမျိုးသားညီလာခံကိုလည်း ခေါ်ယူကျင်းပနေပါသည်။ ယင်းလုပ်ရပ်များသည် ဗိုလ်နေဝင်းအမြဲကျင့်သုံးခဲ့သော ကျင့်စဉ်ဟောင်းများသာ ဖြစ်ပါသည်။

ဗိုလ်နေဝင်းသည် စစ်မှန်သောပြည်ထောင်စုစနစ် ဖျက်ဆီးချေမှုန်းရေး ဟူသောရည်ရွယ်ချက်ဖြင့် ၁၉၆၂ တွင် နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် သိမ်းပိုက်ခဲ့ပြီး ပင်လုံစာချုပ်နှင့် အောင်ဆန်းလမ်းစဉ်တို့ကို သစ္စာဖောက်ခဲ့သောကြောင့် ထို နိုင်ငံတော်သစ္စာဖောက်မှုကြီးကို ဖုံးဖိသည့်အနေဖြင့် ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်စက်စက် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါ ဗိုလ်နေဝင်းနှင့် စစ်အာဏာရှင်တစုတို့သည် မဆလခေတ်တလျှောက်လုံး ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများသာမက၊ ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီး နောက်ပိုင်း ထပ်မံကျူးလွန်ခဲ့သော ပြစ်မှုများကိုပါ ထပ်မံဖုံးဖိရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်စက်စက်ကို ထပ်မံရေးဆွဲရန် ကြိုးပမ်းလျက် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပလျက်ရှိနေပါသည်။ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်စက်စက် ရေးဆွဲပြဋ္ဌာန်းရေးလမ်းစဉ်ကို ဗိုလ်နေဝင်း၏ နဝတစစ်အစိုးရက ၎င်းတို့၏ နောက်ဆုံးခံတပ်ကြီးအဖြစ် အသေအလဲကာကွယ်နေခြင်း ဖြစ်ပါသည်။

နဝတစစ်အစိုးရ၏ နောက်ဆုံးခံတပ် ဖြစ်သော အမျိုးသားညီလာခံကျင်းပရေးမှုကို အမြန်ဆုံးကျော်လွှားဖြတ်သန်း၍ ဒီမိုကရေစီအရေးတော်ပုံကြီး အမြန်ဆုံးနည်းဖြင့် အပြီးသတ်အောင် အောင်ပွဲဆင်နွှဲနိုင်မည့် မူနှင့်လမ်းစဉ်မှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို တန်းတူရေးဖြင့် အကောင်အထည်ဖော်၍ ပြန်လည်အသက်သွင်းပြဌာန်းခြင်းသာလျှင်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

NOTE:

1. "The 1947 Constitution in which Aung San (the founder of Burma) got the mandate of the people" (Newsweek Magazine, June 8, 1992)

2. ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သော မိမိ၏ဝေဖန်သုံးသပ်ချက်များကို ၁၉၉၇ မတ်လ ထုတ်ဝေခဲ့သော "ချင်းအမျိုးသားဂျာနယ်" အမှတ် ၅၊ စာ ၈၄ – ၉၄ တွင် ပုံနှိပ်ဖော်ပြသည့် "စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုစနစ်ဖွဲ့စည်းရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီး၏ ယနေ့လက်ငင်းတာဝန်" ဟူသော စာတမ်းတွင် အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။

အခန်း (၁၂)

# ဗမာလောနွ မြန်မာလောနွ

## နဝတစစ်အစိုးရ၏ ပြည်ထောင်စုအမည်ပြောင်းလဲမှုအပေါ် တုန့်ပြန်ချက်

[၁၉၉၂ တွင် ရေးသားထုတ်ဝေခဲ့သော "ချင်းအမျိုးသားဂျာနယ်"
အမှတ်စဉ် (၁) နှင့် "ဒေါင်းအိုးဝေ" စာစောင်များတွင်
ပုံနှိပ်ဖော်ပြခဲ့သည့်စာတမ်း]

# ဗမာလော္ဘ မြန်မာလော္ဘ

## နဝတစစ်အစိုးရ၏ ပြည်ထောင်စုအမည်ပြောင်းလဲမှုအပေါ် တုန့်ပြန်ချက်

### နိဒါန်း

ဤစာတမ်းသည် နဝတစစ်အစိုးရက ပြည်ထောင်စုကြီး၏ အမည်နာမကို "Burma" အဖြစ်မှ "Myanmar" အဖြစ်သို့ တိုင်းရင်းသားလူမျိုးများဆန္ဒမပါပဲ တဖက်သတ် ပြောင်းလဲနေခြင်းသည် တိုင်းပြည်တခု၏ အမည်နာမကို သာမန်ပြောင်းလဲခြင်းမျှသာ မဟုတ်ပဲ မဟာလူမျိုးကြီးဝါဒီစစ်ဗိုလ်တချို့က တိုင်းရင်းသားလူနည်းစုများအပေါ် အနိုင်ကျင့်စော်ကားခြင်းဖြစ်ကြောင်း နိုင်ငံရေးနှင့် သမိုင်းရေးရှုဒေါင့်နှစ်သွယ်မှ တုန့်ပြန်ထားသော စာတမ်း ဖြစ်ပါသည်။

မဟာလူမျိုးကြီးဝါဒကိုဆန်းစစ်နိုင်ရန် "ပြည်ထောင်စုစနစ်" နှင့် "အမျိုးသား နိုင်ငံတော်" တို့ခြားနားပုံကို အရင်ဆန်းစစ်လေ့လာရန်လိုအပ်ပါသည်။ အမျိုးသား နိုင်ငံတော်သည် လူမျိုးတမျိုးတည်းရှိ၍ ဘာသာစကားတမျိုးတည်းကိုသာ သုံးစွဲ နေကြသော တိုင်းပြည်ကိုထူထောင်ကြရာ၌ကျင့်သုံးသည့် "တပြည်ထောင်စနစ်" ပင်ဖြစ်ပါသည်။ ထိုကြောင့် အမျိုးသားနိုင်ငံတော်ကို အခြေခံအကျဆုံးသော အချက်များမှာ —

(၁) လူမျိုးတမျိုးတည်းရှိခြင်း (ဝါ) လူမျိုးတမျိုးတည်ရှိရေးကို နိုင်ငံတော်ပေါ်လစီအရ ကျင့်သုံးခြင်း၊

(၂) ဘာသာစကားတမျိုးတည်းကိုသာ တရားဝင်ပြောဆိုသုံးစွဲခြင်း (ဝါ) ဘာသာ စကားတမျိုးတည်းကိုသာ "National Language Policy" ဖြင့်နိုင်ငံတော်၏ တခုတည်းသော ဘာသာစကားအဖြစ် ဥပဒေဖြင့်ပြဌာန်းကျင့်သုံးခြင်း၊

(၃) သာသနာတော်တခုတည်းကို တတိုင်းပြည်လုံးကကိုးကွယ်ယုံကြည်ခြင်း (ဝါ) နိုင်ငံတော်ဘာသာကို ဥပဒေဖြင့်ကာကွယ်ပြဌာန်းခြင်း တို့ပင်ဖြစ်ပါသည်။

ပြည်ထောင်စုစနစ်သည် ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုခြင်း မတူသော သီးခြားလူမျိုးများစုပေါင်း၍ မိမိတို့၏သီးခြား "ပြည်ထောင်"များကို ပူးပေါင်းဖွဲ့စည်းထား သော "ပြည်ထောင်" များကို စုစည်းသည့် "ပြည်ထောင်စု" စနစ်ပင်ဖြစ်ပါသည်။ ထိုကြောင့် ပြည်ထောင်စုစနစ်တွင် အမျိုးသားနိုင်ငံတော်ကဲ့သို့ "လူမျိုးတမျိုး၊ ဘာသာစကားတခု၊ သာသနာတော်တပါး" ဟူသော တရားသေဝါဒကိုကိုင်စွဲ၍ မရပေ။ ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအတွင်းရှိ လူမျိုးအားလုံး၏ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံချက်ပေးရပါမည်။

ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုအပါအဝင် ထိုလူမျိုးစုများ၏ ဓလေ့ထုံးစံများ မတိမ်ကောမပပျောက်ရလေအောင် ကာကွယ်ထိန်းသိမ်းပေးရမည်။ ပြည်ထောင်စနစ်နှင့် ဆန့်ကျင်၍ လူမျိုးတမျိုးကြီးစိုးရေးနှင့် အခြားလူမျိုးငယ်များ တိမ်ကောပပျောက်ရေးကို အစိုးရပေါ်လစီအရဆောင်ရွက်သွားပါက ထိုတိုင်းပြည်သည် တပြည်ထောင်စနစ်ဖြစ်သွားရုံသာမက "မဟာလူမျိုးကြီးဝါဒ" ကို ကျင့်သုံးသောတိုင်းပြည် ဖြစ်သွားပါလိမ့်မည်။

ပြည်ထောင်စုစနစ်တွင် တိုင်းပြည်၏လိုအပ်ချက်အရ — ပြည်ထောင်စုရုံးသုံးဘာသာစကားကို လိုအပ်လျှင်လိုအပ်သလို သတ်မှတ်ပြဋ္ဌာန်းနိုင်ပါသော်လည်း နိုင်ငံတော်ရုံးသုံးဘာသာစကားမဟုတ်သော အခြားဘာသာစကားများကို စာသင်ကျောင်းများတွင် သင်ကြားပို့ချခွင့်၊ တရားရုံးများတွင် သုံးစွဲခွင့်ရရှိစေရမည့်အပြင် လိုအပ်ပါက ပြည်နယ်ရုံးသုံးဘာသာစကားများအဖြစ် လွတ်လပ်စွာပြဋ္ဌာန်းသုံးစွဲခွင့် ပါရရှိစေရမည်ဖြစ်ပါသည်။ လူမျိုးကြီးတမျိုး၏ဘာသာစကားကိုသာ နိုင်ငံတော်ရုံးသုံးဘာသာစကားအဖြစ် ပြဋ္ဌာန်းသတ်မှတ်ပြီး၊ အခြားလူမျိုးငယ်များ၏ ဘာသာစကားများကို တရားဝင်သင်ကြားပြောဆိုခွင့်ကို တားမြစ်ပိတ်ပင်ထားပါက ထိုတိုင်းပြည်သည် မဟာလူမျိုးကြီးဝါဒကျင့်သုံးသော တိုင်းပြည်ဖြစ်ပါလိမ့်မည်။

လူမျိုးပေါင်းစုံရောနှောနေထိုင်သော ပြည်ထောင်စုစနစ်တွင် "ဘာသာရေးလွတ်လပ်ခွင့်" သည် အခြေခံအကျဆုံးသော လူ့အခွင့်အရေးတရပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုစနစ်တွင် မည်သည့် "ဘာသာရေး"၊ မည်သည့် "သာသနာတော်" ကိုမျှ နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုအပ်ပေ။ လူမျိုးတမျိုးကိုးကွယ်သော သာသနာတော်တပါးကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပြီး၊ အခြားလူမျိုးများကိုးကွယ်သော ဘာသာရေးများကို နှိပ်ကွပ်တားမြစ်မှုများပြုလုပ်ပါက ထို တိုင်းပြည်သည် "မဟာလူမျိုးကြီးဝါဒ" ကိုလက်တွေ့ကျင့်သုံးသောတိုင်းပြည် ဖြစ်သွားပါလိမ့်မည်။

ဤစာတမ်းတွင် လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင်အဆက်ဆက်သော ပြည်ထောင်စုအစိုးရ၏လုပ်ရပ်များကို "မဟာလူမျိုးကြီးဝါဒ" ၏ရေသောက်မြစ်သုံးသွယ်ဖြစ်သော "လူမျိုးတမျိုးတည်းဖြစ်သွားရေး၊ ဘာသာစကားတခုတည်းကိုသာသုံးစွဲရေးနှင့် သာသနာတော်တပါးတည်းကိုသာ ကိုးကွယ်ယုံကြည်ရေး..." ဟူသောစံချိန်စံနှုန်းဖြင့် တိုင်းထွာသုံးသပ်သွားမည်ဖြစ်ပါသည်။ မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ကိုစံထား၍ တိုင်းထွာပါက ပြည်ထောင်စု၏အမည်နာမကို "Burma" အဖြစ်မှ "Myanmar" အဖြစ်သို့ပြောင်းလဲခေါ်ဝေါ်ခြင်းသည် — တိုင်းပြည်၏အမည်နာမကို အင်္ဂလိပ်လိုအရေးအသားပြောင်းလဲခြင်းမျှသာမဟုတ်ဘဲ၊

ယင်းလုပ်ရပ်၏နောက်ကွယ်တွင် နက်ရှိုင်းသောနိုင်ငံရေးလျှို့ဝှက်ချက်များရှိနေကြောင်း မီးမောင်းထိုးတင်ပြသွားမည်ဖြစ်ပါသည်။

ဤသို့ ပြည်ထောင်စုအမည်ကိုပြောင်းလဲခေါ်ဝေါ်ခြင်းအပါအဝင် အဆက်ဆက်သောအစိုးရတိုင်း၏လုပ်ရပ်များကို သမိုင်းအချက်အလက်ခိုင်လုံစွာထောက်ပြတင်ပြရန် လိုအပ်သောကြောင့် ဗုဒ္ဓဘာသာနှင့် မြန်မာလူမျိုးတို့၏ ဆက်နွယ်ပုံကို ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။ သို့သော် — ထိုသို့တင်ပြခြင်းကြောင့် ဘာသာရေးနှင့် လူမျိုးရေးပြဿနာများကို နိုင်ငံရေးပြဿနာအဖြစ် ရောထွေးစေလိုသော ဆန္ဒအလျဉ်းမျှ မရှိပေ။ အမှန်စင်စစ် ဤစာတမ်း၏ရည်ရွယ်ချက်သည် “ဘာသာရေးနှင့်နိုင်ငံရေးကို မရောထွေးစေဘဲ ကင်းကင်းရှင်းရှင်း ထားရမည်” ဟူသော အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို ယနေ့ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးနှင့်အတူ လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း တင်ပြချက်ပင်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စု၏အမည်ကို တိုင်းရင်းသားလူမျိုးများ (မြန်မာတိုင်းရင်းသားများအပါအဝင်) ဆန္ဒမပါဘဲ "Burma" အဖြစ်မှ "Myanmar" အဖြစ် ပြောင်းလဲခေါ်ဝေါ်ခြင်းသည် နိုင်ငံတော်အာဏာကို မတရားသိမ်းယူ၍ လူထုဆန္ဒကို ဥပေက္ခာပြုနေသော ဗိုလ်နေဝင်း၏နောက်လိုက် နဝတစစ်ဗိုလ်ချုပ်များက ဘာသာရေးကို နိုင်ငံရေးကစားရာတွင် အလွဲသုံးစားလုပ်နေခြင်းပင်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။

## “မြန်မာ” ဟူသော ဝေါဟာရအစ

“မြန်မာ” ဟူသော ဝေါဟာရ၏ မူလအရင်းအမြစ်ကို ဆန်းစစ်မည်ဆိုပါက မြန်မာလူမျိုးများ၏ သမိုင်းအစကို ချန်လှပ်၍ရမည်မဟုတ်ပေ။ သို့ရာတွင် မြန်မာလူမျိုး၏ သမိုင်းအစ မည်သို့မည်ပုံဖြစ်ပေါ်ခဲ့၍ မြန်မာဟူသော ဝေါဟာရမည်သည့်အချိန်တွင် စတင်သုံးစွဲခဲ့ကြောင်း တရားသေကောက်ချက်ချ၍ ရမည်မဟုတ်ပေ။ “ မြန်မာအစ တကောင်းက” ဟူသောအယူအဆနှင့် “မြန်မာအစကျောက်ဆည်က” ဟူသော အမြင်နှစ်ခုအကြား သမိုင်းပညာရှင်များနှင့် နိုင်ငံရေးသုတေသီများ အငြင်းပွားနေကြဆဲဖြစ်ပါသည်။ မည်သို့ပင်အငြင်းပွားကြစေကာမူ “မြန်မာ” ဟူသော ဝေါဟာရကို တကောင်းခေတ်နှင့် ကျောက်ဆည်ခေတ်ကတည်းက တွင်တွင်ကျယ်ကျယ်သုံးစွဲခဲ့ကြပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။

“မြန်မာ” ဟူသော ဝေါဟာရသည် ပုဂံခေတ်အနော်ရထာလက်ထက်တွင် ပိုမိုတွင်ကျယ်စွာ သုံးစွဲလာခဲ့ရုံသာမက အမျိုးသားနိုင်ငံတော်တခုကို ထူထောင်နိုင်သော လူမျိုးတမျိုး၏ အမည်နာမအဖြစ် တရားဝင်သုံးစွဲလာခဲ့ပါသည်။ ထို့ပြင် လူမျိုးတမျိုး၏ အမျိုးသားလက္ခဏာများဖြစ်ကြသော ဘာသာစကားနှင့် ဘာသာရေး

ကိုးကွယ်ယုံကြည်မှုများနှင့်ပါ တွဲဖက်၍ ဂယောစပ်သုံးစွဲလာခဲ့ကြပါသည်။ ထို့ကြောင့် ပုဂံခေတ်မှစ၍ ဗုဒ္ဓဘာသာသည် မြန်မာလူမျိုးများ၏ကိုးကွယ် ယုံကြည်မှုသာမက ထိုလူမျိုးများ၏ အမျိုးသားလက္ခဏာတရပ်အဖြစ် အခိုင်အမာ ရပ်တည်နိုင်ခဲ့ကြောင်း "ဗုဒ္ဓဘာသာမြန်မာလူမျိုး" ဟူသောဆိုရိုးစကားအရ သိရှိနိုင်ပါသည်။ ပုဂံခေတ်ဦး တွင် မြန်မာစာအပါအဝင် ပျူစာနှင့်မွန်စာပေများထွန်းကားခဲ့ကြောင်း "မြစေတီကျောက်စာ" အရသိရှိနိုင်ပါသည်။ သို့သော် ပျူစာမှာမြန်မာစာ၏ လွှမ်းမိုးမှုအောက်တွင် တဖြည်းဖြည်းတိမ်ကောသွားသဖြင့် မြန်မာလူမျိုးတို့၏ နောက်ဆုံး မင်းဆက်ဖြစ်သော ကုန်းဘောင်ခေတ်တွင် လုံးဝပျောက်ကွယ်သွားခဲ့ကြောင်း တွေ့ရှိ ရပါသည်။ မွန်စာပေမှာမူ တိမ်ကောပပျောက်ခြင်းမရှိသော်လည်း မွန်လူမျိုးတို့၏ မင်းနေပြည်တော်ဖြစ်သော ဟံသာဝတီ (ပဲခူး) ကို အလောင်းဘုရား သိမ်းပိုက်ပြီး နောက် တိုးတက်မှုအရှိန်ရပ်တန့်သွားခဲ့သည်။

ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာတရားဖက်မှ လေ့လာဆန်းစစ်ပါက ပုဂံခေတ်ဦးတွင် ရိုးရာနတ်ကိုးကွယ်မှုအပါအဝင် အခြားဘာသာများအတော်အသင့်ထွန်းကားခဲ့ကြောင်း တွေ့ရပါသည်။ သို့ရာတွင် အနော်ရထာမင်းကြီးက မွန်နိုင်ငံတော်သထုံကိုသိမ်းပိုက်ပြီးနောက် ဗုဒ္ဓဘာသာကိုနိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ခြုံ၍ဖော်ပြရပါက မြန်မာလူမျိုး၊ မြန်မာစာနှင့် ဗုဒ္ဓဘာသာတို့သည် ကိုလိုနီခေတ်မတိုင်ခင်ကတည်းက မြန်မာလူမျိုးများ၏ အမျိုးသားလက္ခဏာများအဖြစ် ခွဲမရအောင်ကပေဆက်ထားခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

## "ဗမာ" ဟူသောဝေါဟာရကို နိုင်ငံရေးအရစတင်သုံးစွဲခဲ့ပုံ

ကိုလိုနီခေတ်အမျိုးသားရေးလှုပ်ရှားမှုကာလတွင် "ဗမာ" ဟူသောဝေါဟာရကို နိုင်ငံရေးအရစတင်သုံးစွဲခဲ့ကြောင်း "ဒို့ဗမာအစည်းအရုံး" လှုပ်ရှားမှုသမိုင်းအရ သိရှိရပါသည်။ မည်သည့်အကြောင်းကြောင့် "မြန်မာ" ဟူသောဝေါဟာရအစား "ဗမာ" ဟူသောစကားလုံးကိုသုံးစွဲခဲ့သနည်း — ဟူသောမေးခွန်းနှင့်ပတ်သက်၍ သမိုင်းပညာရှင်များနှင့် နိုင်ငံရေးသုတေသီများအကြား အငြင်းပွားနေကြဆဲဖြစ်ပါသည်။ စကားလုံးဝေါဟာရအားဖြင့် "မြန်မာ" အစား "ဗမာ" ကိုသုံးစွဲခဲ့သော်လည်း ထိုစကားလုံးနောက်ကွယ်ရှိ နိုင်ငံရေးခံယူချက်မှာ အတူတူပင်ဖြစ်ပါကြောင်း လေ့လာဆန်းစစ်နိုင်ပါသည်။

"ဒို့ဗမာအစည်းအရုံး" စတင်ဖွဲ့စည်းခဲ့စဉ်က ချမှတ်ခဲ့သောနိုင်ငံရေးလမ်းစဉ်မှာ "အမျိုး၊ ဘာသာ၊ သာသနာ" ပင်ဖြစ်ပါသည်။ မြန်မာအစား "ဗမာ" ကိုသုံး၍ "ဗမာလူမျိုး၊ ဗမာစာနှင့် ဗုဒ္ဓဘာသာ" ကိုသုံးစွဲပြီး ဗမာအမျိုးသားများ ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်ရေးနှင့် ဗမာအမျိုးသားနိုင်ငံတော်ကို ပြန်လည်ထူထောင်နိုင်

ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုပါက လူမျိုးတမျိုးတည်းရှိ၍ ဘာသာစကားတမျိုးတည်းကို ပြောဆိုသုံးစွဲကြပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းကိုးကွယ်သော ဗမာလူမျိုးတို့၏ "အမျိုးသားနိုင်ငံတော်" တရပ်ကိုထူထောင်ရန် စိုင်းပြင်းခဲ့ကြပါသည်။

သို့ရာတွင် ၁၉၃၈ ခုနှစ် သခင်အောင်ဆန်း (နောင်တွင်အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသူ) ဒို့ဗမာအစည်းအရုံးအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်လာပြီးနောက်ပိုင်းတွင် ဒို့ဗမာအစည်းအရုံး၏ နိုင်ငံရေးလမ်းစဉ် ပြောင်းလဲသွားခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက "၁၉၃၈ ဒို့ဗမာအစည်းအရုံးကြေညာစာတမ်း" တွင် အမျိုးဘာသာသာသနာတည်းဟူသော လူမျိုးတမျိုး၊ ဘာသာတခုနှင့် ကိုးကွယ်ယုံကြည်မှုတရပ်၏ နိုင်ငံရေးကိုအခြေစိုက်စည်းရုံးလှုပ်ရှားခြင်းသည် ခေတ်မမီတော့ကြောင်း၊ ထို့ကြောင့် ဘာသာရေးနှင့် နိုင်ငံရေးကို ခွဲခြားထားရမည်ဖြစ်ကြောင်းတင်ပြခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအထွေထွေအတွင်းရေးမှူးဖြစ်လာပြီးနောက် ဒို့ဗမာအစည်းအရုံးသည် လူမျိုးတမျိုးတည်းကိုသာ အခြေမခံတော့ပဲ အခြားတိုင်းရင်းသားလူမျိုးများကိုပါ ဖိတ်ကြားပါဝင်စေခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။

## ပင်လုံစာချုပ်နှင့် ပြည်ထောင်စုဖြစ်ပေါ်လာပုံ

ဒို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်လာပြီးနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဦးတည်ချက်များကို လေ့လာဆန်းစစ်ကြည့်ပါက ဗမာ (ဝါ) မြန်မာလူမျိုးတမျိုးတည်းဖြင့် လွတ်မြောက်ရေးနှင့် ဗမာအမျိုးသားနိုင်ငံတော်ထူထောင်ရေးမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်များကို စုစည်း၍ ဖွဲ့စည်းထားသည့် "ပြည်ထောင်စုစနစ်" တည်ဆောက်ရေးဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အရ — ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများသည် ဗြိတိသျှအစိုးရထံမှ သီးခြားစီဖြင့် လွတ်လပ်ရေးမယူဘဲ၊ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး၍ ပြည်ထောင်စုနိုင်ငံတော်တခုကို အတူတကွထူထောင်ရန် သဘောတူခဲ့ကြပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်၏ အနှစ်သာရသည် — လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံ၍ မိမိတို့ဆန္ဒအလျောက် ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော "ပြည်ထောင်များ" စုစည်းသည့် "ပြည်ထောင်စုစနစ်"ကိုတည်ဆောက်ပြီး ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေး ပင်ဖြစ်ပါသည်။

ပြည်ထောင်စုစနစ်တွင် လူမျိုးတမျိုးကအခြားလူမျိုးများကို ဝါးမျို လွှမ်းမိုးစေခြင်း၊ ဘာသာစကားတမျိုးတည်းကို အတင်းအဓမ္မပြောဆိုအသုံးပြုစေခြင်း၊ ကိုးကွယ်ယုံကြည်မှုတရပ်ကို အတင်းအဓမ္မဝတ်ပြုရှိခိုးစေခြင်း အလျှင်းမျှမပြု အပ်

ပေ။ ပြည်ထောင်စုစနစ်တွင် လူမျိုးအရသော်၎င်း၊ သမိုင်းကြောင်းအရသော်၎င်း မတူကွဲပြားခြားနားသော လူမျိုးများ၏ယဉ်ကျေးမှုနှင့် ဘာသာစကားများကို လေးစားအသိအမှတ်ပြုရမည့်အပြင် ဘာသာရေးလွတ်လပ်မှုကိုပါ ဥပဒေဖြင့်ပြဋ္ဌာန်းကာကွယ်ပေးရပါမည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးနောက်တက်လာသော ဗမာနိုင်ငံရေးခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံရေးအမြော်အမြင် မကြီးကြပေ။ "လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တို့ကို အခြေခံ၍ ပြည်ထောင်စုစနစ်ကို တည်ဆောက်ရမည့်အစား "အမျိုး၊ ဘာသာ၊ သာသနာ" ဟူသော နိုင်ငံရေးကြွေးကြော်သံဖြင့် "အမျိုးသားနိုင်ငံတော်" ထူထောင်ရေးဆီသို့ နောက်ကြောင်းပြန်၍ တိုင်းပြည်ကို မောင်းနှင်ခဲ့ကြပါသည်။ ဤသို့ဖြင့် — "ပြည်ထောင်စု" ဟူသော အမည်နာမအောက်တွင် "အမျိုးသားနိုင်ငံတော်" ထူထောင်ရေးဆိုသည့် တပြည်ထောင်တည်ဆောက်ရေးကို အကောင်အထည်ဖော်သွားခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုပါက၊ Nation Building ဟူသော စကားလုံးလုလုကိုအသုံးပြု ၍ ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးများအားလုံး မြန်မာလူမျိုးဖြစ်သွားရေး၊ အခြားဘာသာသာသနာအားလုံး တိမ်ကောပပျောက်၍ မြန်မာစကားတမျိုး တည်းသာလွှမ်းမိုးရေးနှင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းရေးဟူသော မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ကို တဆင့်ပြီးတဆင့်အကောင် အထည်ဖော်သွားကြလေသည်။

## မဟာလူမျိုးကြီးဝါဒ၏ရေသောက်မြစ်သုံးသွယ်

"မြေမြို၍လူမျိုးမပျောက်၊ လူမြို၍သာလူမျိုးပျောက်သည်" ဟူသော စကားရှိပါသည်။ လူမျိုးတမျိုးက အခြားလူမျိုးတမျိုးကိုဝါးမြိုသွားသည်ဟု ဆိုရာ၌ — လူမျိုးတမျိုး၏ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများသာမက ထိုလူမျိုး၏အမျိုးသားလက္ခဏာများကိုပါ အခြားလူမျိုးတမျိုးကဝါးမျိုးလွှမ်းမိုးခြင်းကိုဆိုလိုပါသည်။ ထို့ကြောင့် မဟာလူမျိုးကြီးဝါဒီများက အခြားလူမျိုးများကို လွှမ်းမိုးဝါးမြိုရာ၌ အသုံးပြုလေ့ရှိသော အထက်မြတ်ဆုံးလက်နက်မှာ — ယဉ်ကျေးမှု၏အရင်းအမြစ်များဖြစ်ကြသည့် ဘာသာစကားနှင့် ဘာသာတရားတို့ကို ဝါးမြိုလွှမ်းမိုးဖျက်ဆီးခြင်း ဖြစ်ကြောင်းတွေ့ရမည် ဖြစ်ပါသည်။

လူမျိုးပေါင်းစုံရောနှောနေထိုင်သောတိုင်းပြည်တခုတွင် "အမျိုးသားနိုင်ငံတော်ထူထောင်ရေး" လမ်းစဉ်ကိုကျင့်သုံးခြင်းသည် မဟာလူမျိုးကြီးဝါဒီများက အခြားလူမျိုးငယ်များကို "အမျိုး၊ ဘာသာ၊ သာသနာ" တည်းဟူသော မဟာလူမျိုးကြီးဝါဒီ၏ရေသောက်မြစ်သုံးသွယ်ဖြင့် လွှမ်းမိုးဝါးမြိုရန် ပြင်ဆင်နေခြင်းပင် ဖြစ်ပါသည်။ လူမျိုး

ပေါင်းစုံရောနှောနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် ''အမျိုးသားနိုင်ငံတော်ထူထောင်ရေး'' လမ်းစဉ်ဖြင့် — ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများ အားလုံး မြန်မာလူမျိုး ဖြစ်သွားရေး၊ မြန်မာစကားတမျိုးတည်းကိုသာ နိုင်ငံတော်၏ တခုတည်းသော တရားဝင်ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ပြဋ္ဌာန်းရေးနှင့် ဗုဒ္ဓဘာသာကိုနိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းရေးအတွက်ကြိုးပမ်းချက်များသည် မဟာလူမျိုးကြီးဝါဒီများက အခြားတိုင်းရင်းသားလူမျိုးများကို လူမျိုးရေးအရဝါးမြိုလွှမ်းမိုးရေး (Ethnic Cleansing) နှင့် ယဉ်ကျေးမှုသုတ်သင်ရှင်းလင်းရေး (Cultural Genocide) များပင်ဖြစ်ပါသည်။

## ဦးနုအမှားလော?

လွတ်လပ်ရေးရပြီးနောက် ''ပြည်ထောင်စုနှစ်'' မှသွေဖီ၍ တပြည်ထောင်စနစ်ဖြင့် အမျိုးသားနိုင်ငံတော်ထူထောင်ရေးလမ်းစဉ်ကို စတင်အကောင်အထည်ဖော်သူမှာ ဝန်ကြီးချုပ်ဦးနုပင်ဖြစ်ပါသည်။

ဦးနုအနေဖြင့် — အမျိုးသားနိုင်ငံတော်ထူထောင်ရေးလမ်းစဉ်ကို အကောင်အထည်ဖော်ရာ၌ အမျိုး၊ ဘာသာ၊ သာသနာ တည်းဟူသော မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ထဲမှ ''သာသနာ'' ကိုဦးစားပေးရွေးချယ်ခဲ့ပါသည်။ ယင်းသည် ဦးနု၏နိုင်ငံရေးလိမ်မာပါးနပ်ခြင်းတရပ်ပင် ဖြစ်ပါသည်။ အကြောင်းမှာ ယဉ်ကျေးမှုတိုင်း၏ ပင်မအရင်းအမြစ်သည် ဘာသာရေးဖြစ်၍ လူမျိုးငယ်များကို ယဉ်ကျေးမှုအရလွှမ်းမိုးရန် ''သာသနာ'' ကိုရွေးချယ်ခြင်းသည် မဟာလူမျိုးကြီးဝါဒရှုထောင့်မှကြည့်လျှင် အင်မတန်ထိရောက်သော နိုင်ငံရေးမဟာဗျူဟာတရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးစစ်ဒဏ်ကို အပြင်းအထန်ခံစားခဲ့၍ လွတ်လပ်စတိုင်းပြည်၏ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးအရင်းအနှီးအထူးလိုအပ်သောအချိန်တွင် အမေရိကန် ဒေါ်လာငွေခြောက်သန်းကျော် (ယခုငွေကြေးတန်ဖိုးနှုန်းအရ အမေရိကန်ဒေါ်လာ သန်းခြောက်ဆယ်နီးပါးနှင့် ညီမျှသည်) အကုန်အကျခံ၍ ဆဋ္ဌသံဃာယန တင်ပွဲကို ၁၉၅၃ ခုနှစ်တွင် ကျင်းပပြီး၊ ကမ္ဘာအေးစေတီတော်ကြီးကိုလည်း တည်ဆောက်ခဲ့ပေသည်။ ထိုမျှဠ်မရပ်သေး၊ ၁၉၆၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။

## ဘုရားနှင့်စေတီ (သို့) ရှေးမြန်မာမင်းများ၏နယ်ခြားမှတ်တိုင်

ဦးနုသည် ၎င်း၏အမျိုးသားနိုင်ငံတော်တည်ဆောက်ရေးလမ်းစဉ်ကို ''သာသနာ'' ဟူသော ဘောင်အတွင်းအခြေစိုက်ခဲ့သောကြောင့် သူ့လုပ်ရပ်တချို့သည် ပါလီမန်ဒီမိုကရေစီစနစ်တွင် ဝန်ကြီးချုပ်ရာထူးကိုထမ်းဆောင်ခဲ့သူတဦး၏ လုပ်ရပ်များနှင့်

မတူပဲ၊ ရှေးမြန်မာမင်းများ၏လုပ်ရပ်နှင့် ပို၍တူညီခဲ့ကြောင်း သမိုင်းပညာရှင်အချို့က ထုတ်ပြဝေဖန်ခဲ့ကြပါသည်။

ရှေးမြန်မာမင်းများသည် ၎င်းတို့သိမ်းပိုက်အုပ်စိုးသောနယ်မြေတိုင်းတွင် ဘုရားတည်၍ စေတီပုထိုးများတည်ဆောက်ခဲ့သော အစဉ်အလာရှိခဲ့ပေသည်။ ထို့ကြောင့် ဘုရားတည်ခြင်းနှင့် စေတီတော်များတည်ဆောက်ခြင်းသည် "ဗုဒ္ဓဘာသာမြန်မာလူမျိုးများ" ၏ သက်ဦးဆံပိုင်ရှင်ဘုရင်ကြီးများအတွက် အင်မတန်အရေးကြီးလှပေသည်။ စေတီပုထိုးများကို တည်ဆောက်လှူဒါန်းခြင်းသည် သာမန်ဘာသာရေးကိစ္စတရပ်မျှသာမဟုတ်ပဲ နိုင်ငံရေးအရလည်းအရေးကြီး လှပေသည်။ စေတီတဆူကို တည်ဆောက်ကိုးကွယ်ခြင်းသည် ယုံကြည်သူတို့၏ ဖူးမြော်ကိုးကွယ်ရာသာသနာ အဆောက်အဦးဖြစ်သည့်အပြင် ထိုစေတီတော်ကို လှူဒါန်းတည်ဆောက်ခဲ့သူ တကာရှင်မင်းတရားကြီး၏ အုပ်ချုပ်မှုနယ်ပယ်ကို ဖော်ညွှန်းသည့် နိုင်ငံရေးပြယုဂ်တရပ်လည်းဖြစ်ပါသည်။

ဥပမာတခုအနေဖြင့် — မင်းတုန်းမင်းခေတ်ကကျင်းပခဲ့သော ပဉ္စသံဃာယနတင်ပွဲကို တင်ပြလိုပါသည်။ ထိုအချိန်က ရန်ကုန်မြို့အပါအဝင် အောက်မြန်မာနိုင်ငံသည် ၁၈၅၂ ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲအရ အင်္ဂလိပ်လက်ထဲသို့ ကျရောက်ခဲ့ပြီးဖြစ်ပါသည်။ မင်းတုန်းမင်းကြီးသည် ပဉ္စသံဃာယနတင်ပွဲကို မန္တလေးနေပြည်တော်ကြီးတွင် ကျင်းပခဲ့ပြီးနောက် သံဃာယနတင်ပွဲအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးတွင် ထီးတော်တင်ပွဲကြီးပါ ဆက်လက်ကျင်းပခဲ့ပါသည်။

မင်းတုန်းမင်းအနေဖြင့် သူအုပ်ချုပ်မင်းလုပ်နေသော မန္တလေးနေပြည်တော်ကြီးတွင် သံဃာယနတင်ပွဲကျင်းပခြင်းကို ဘာသာရေးကိစ္စတရပ်ဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသော်လည်း၊ ဗြိတိသျှလက်ထဲကျရောက်နေသော ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးတွင် ထီးတော်တင်ခြင်းမှာမူ သာမန်ဘာသာရေးကိစ္စတရပ် မဟုတ်တော့ပေ။ နိုင်ငံရေးအရများစွာ အဓိပ္ပာယ်ရှိပါသည်။ မင်းတုန်းမင်းကြီးက ရွှေတိဂုံစေတီတော်ကြီးတွင် ထီးတော်တင်ခြင်းအားဖြင့် အင်္ဂလိပ်လူမျိုးများ၏ အောက်မြန်မာပြည် သိမ်းပိုက်အုပ်ချုပ်ခြင်းကို အသိအမှတ်မပြုကြောင်း အစဉ်အလာကြီးမားလှသော ဗုဒ္ဓ ဘာသာမြန်မာလူမျိုးများကို ထုံးတမ်းစဉ်လာအရ ပြသခဲ့ခြင်းပင်ဖြစ်ပါသည်။

ဦးနုသည် ဆဋ္ဌသံဃာယနထီးတော်တင်ပွဲကို ကျင်းပခြင်းအားဖြင့် မင်တုန်းမင်းလက်ထက်က တည်ဆောက်ခဲ့သော ပဉ္စသံဃာယနတင်ပွဲနှင့် ဗုဒ္ဓဘာသာမြန်မာလူမျိုး၏ သမိုင်းကြောင်းဆက်စပ်မှုကို ပြသခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှကိုလိုနီစနစ်ကြောင့် ပြတ်တောက်သွားခဲ့သော ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ အမျိုးသားနိုင်ငံ

တော်ကို လွတ်လပ်ရေးအသီးအပွင့်ကြောင့် ပြန်လည်ထူထောင်နိုင်ခဲ့ကြောင့် ပြသခြင်းလည်းဖြစ်ပေသည်။

## လွတ်လပ်ရေးဆုတောင်းပြည့်ဘုရား

ဗြိတိသျှကိုလိုနီခေတ်မတိုင်မီကာလအထိ သမိုင်းအဆက်ဆက်သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော ကျွန်ုပ်တို့ချင်းလူမျိုးများသည် — ၁၉၄၇ ခုနှစ်တွင် မိမိတို့ကိုယ်တိုင်ပါဝင်ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်အရ ဤတိုင်းပြည်၏ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ်ပူးပေါင်းပါဝင်လာခဲ့ခြင်း ဖြစ်ပါသည်။

ဗြိတိသျှအစိုးရက ချင်းပြည်ကိုမြန်မာမင်းများ၏ ပိုင်နက်နယ်မြေအဖြစ် မြန်မာမင်းများနှင့်အတူ သိမ်းပိုက်ခဲ့ခြင်းမဟုတ်ပေ။ သီးခြားလွတ်လပ်သောလူမျိုးများအဖြစ် သီးခြားအချိန်တွင် သီးခြားစီသိမ်းပိုက်ခဲ့ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် သီပေါမင်းပါတော်မူပြီးနောက် မြန်မာမင်းတို့ပိုင်နက်အားလုံးကို ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် ကျွန်ုပ်တို့ချင်းလူမျိုးများသည် ဆယ်စုနှစ်တစုကြာမျှ မိမိတို့၏အမျိုးသားလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ဗြိတိသျှအစိုးရက သုံးကြိမ်သုံးခါတိုင်တိုင် သီးခြားစစ်ဆင်ရေးဆင်နွှဲပြီးမှသာ ၁၈၉၆ ခုနှစ်များတွင် ချင်းပြည်ကို ဗြိတိသျှကိုလိုနီအဖြစ် သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကိုလိုနီခေတ်မတိုင်းခင်က ချင်းပြည်ကိုမည်သည့်မြန်မာမင်းများမှ မသိမ်းပိုက်၊ မအုပ်ချုပ်ခဲ့ဖူးသောကြောင့် မြန်မာမင်းတို့၏ ဗုဒ္ဓဘာသာအစဉ်အလာအရ စိုက်ထူလေ့ရှိသော စေတီပုထိုးများနှင့် နယ်ခြားမှတ်တိုင်ဘုရားတဆူမျှ ချင်းပြည်နယ်တွင် မရှိခဲ့ပေ။ ထိုအချက်ကို ဦးနုက ကောင်းစွာသတိပြုမိဟန်တူပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီး ချင်းလူမျိုးများပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာပြီးနောက် ချင်းပြည် (ထိုစဉ်ကအခေါ် ချင်းဝိဒေသတိုင်း) မြို့တော်ဖလမ်းမြို့တွင် စေတီတဆူကို ပြည်ထောင်စုဘဏ္ဍာငွေထဲမှ အကုန်အကျခံ၍ ဝန်ကြီးချုပ်ဦးနုက စိုက်ထူပေးခဲ့ပါသည်။ ရှေးမြန်မာမင်းများတကြိမ်တခါမျှ မအုပ်ချုပ်မသိမ်းပိုက်နိုင်ခဲ့သော ချင်းပြည်ကို လွတ်လပ်ရေးအကျိုးကျေးဇူးကြောင့် အုပ်ချုပ်သိမ်းပိုက်နိုင်ခဲ့ပြီဟု ဦးနုကအောက်မေ့ဟန် တူပါသည်။ ထို့ကြောင့် စေတီတော်၏အမည်ကို "လွတ်လပ်ရေးဆုတောင်းပြည့်ဘုရား" ဟု မှည့်ခေါ်သွားပါသည်။ ဦးနု၏အစဉ်အလာကိုဆက်ခံ၍ ဗိုလ်ချုပ်ကြီးနေဝင်းက ချင်းပြည်မြို့တော်သစ် ဟားခါးမြို့တွင် စေတီဘုရားတဆူကို ထပ်မံ၍ တည်ဆောက်ခဲ့ပါသည်။

ဦးနု၏ပေါ်လစီနှင့် လုပ်ရပ်များကို လေ့လာဆန်းစစ်ကြည့်ပါက နိုင်ငံတော်ဘဏ္ဍာငွေကို အကုန်အကျခံ၍ ဆဋ္ဌသံဃာယနာတင်ပွဲကျင်းပခြင်းနှင့် ကမ္ဘာအေးစေတီတော်တည်ဆောက်ခြင်းတို့ကို "ဘာသာရေးသက်သက်ပါ" ဟုဆိုနိုင်သော်ငြား

လည်း ဗုဒ္ဓဘာသာဝင်မဟုတ်သော ချင်းလူမျိုးများ၏မြို့တော်တွင် "လွတ်လပ်ရေးဆုတောင်းပြည့်ဘုရား" တည်ဆောက်ခြင်းကို ဘာသာရေးသက်သက်ဟုခေါ်ဆိုနိုင်မည်မဟုတ်ပေ။ ယင်းသည် ချင်းလူမျိုးများမိမိဆန္ဒသဘောအလျောက် ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာခဲ့ခြင်းကို မြန်မာနိုင်ငံရေးသမားတချို့က မျက်လှည့်ပြစော်ကားခြင်းနှင့် ပင်လုံစာချုပ်ကို သစ္စာဖောက်ခြင်းသာဖြစ်ပါသည်။

ချင်းလူမျိုးများအနေဖြင့် မြန်မာလူမျိုးများကို အခြားပြည်ထောင်စုအဖွဲ့ဝင်ညီနောင်တိုင်းရင်းသားလူမျိုးများတမျိုးအဖြစ်လည်းကောင်း၊ ဗုဒ္ဓဘာသာကို မြင့်မြတ်သော အခြားသာသနာတော်တခုအဖြစ်လည်းကောင်း လေးစားအသိအမှတ်ပြုပါသော်လည်း နိုင်ငံရေးသမားတချို့က ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားလုပ်၍ ချင်းလူမျိုးအပေါ်အနိုင်ကျင့်စော်ကားခြင်းကိုမူ ချင်းသမိုင်းက နည်းနည်းမျှသည်းခံခွင့်လွှတ် နိုင်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် "လွတ်လပ်ရေးဆုတောင်းပြည့်ဘုရား" သည် ဗုဒ္ဓဘာသာကိုနိုင်ငံရေးအတွက် အလွဲသုံးစားလုပ်သော ဗမာနိုင်ငံရေးသမား တချို့၏ ချင်းလူမျိုးများအပေါ် အနိုင်ကျင့်စော်ကားမှုပြယုဂ်အဖြင့်လည်းကောင်း၊ ပင်လုံစာချုပ်နှင့် ပြည်ထောင်စုအပေါ် သစ္စာဖောက်မှုသင်္ကေတအဖြစ်လည်းကောင်း ယနေ့ချင်းပြည်တွင် ရင်နာဖွယ်ရာ ရပ်တည်နေပါတော့သည်။

## ဦးနု၏ဒီမိုကရေစီပြောင်းပြန်ဝါဒ

ဦးနုသည် ပါလီမန်ဒီမိုကရေစီနေရာတွင် ဝန်ကြီးချုပ်ရာထူးကို ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ သို့ရာတွင် သူဝန်ကြီးချုပ် သက်တမ်းတခုလုံး၏ နိုင်ငံရေး လုပ်ဆောင်ချက်များကို လေ့လာသုံးသပ်ကြည့်ပါက သူ့လုပ်ဆောင်ချက်များသည် "အမျိုးသားနိုင်ငံတော်ထူထောင်ရေး" ဟူသော ဘောင်ကိုမကျော်နိုင်ခဲ့ပေ။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကိုလည်း အပြည့်အဝမကျင့်သုံးနိုင်ခဲ့ချေ။ "အမျိုးသားနိုင်ငံတော်ထောင်ရေး" လမ်းစဉ်သည် လူမျိုးတမျိုးတည်းရှိသော တိုင်းပြည်များတွင်သာ ကျင့်သုံးသောစနစ်ဖြစ်သောကြောင့် "အမျိုးသားနိုင်ငံတော်ထူထောင်ရေး" ဟူသော ဘောင်အတွင်းဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ပါက တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) ကိုသာ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ကို တသီးပုဂ္ဂလအခွင့်အရေးတခုတည်းဖြင့် အကောင်အထည်ဖော်ပါက ဒီမိုကရေစီစနစ်သည် လူအုပ်ကြီးဝါဒ ဖြစ်သွား၍ လူများစုက လူနည်းစုကို ထင်တိုင်းအနိုင်ကျင့်စော်ကားသောစနစ် (Tyranny of Majority) ဖြစ်သွားနိုင်ပါသည်။

လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ကို တသီးပုဂ္ဂလအခွင့်အရေး (Individual Rights) တခုတည်းဖြင့် အကောင်အထည်ဖော်၍ မပြည့်စုံနိုင်ပေ။ တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက်ခံစားထိုက်သော စုပေါင်းအခွင့်အရေး (Collective Rights) များကိုလည်း ထည့်သွင်းအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ တနည်းအားဖြင့်ဆိုပါက — ဒီမိုကရေစီ၏ အနှစ်သာရထဲတွင် တသီးပုဂ္ဂလအခွင့်အရေးသာမက တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက်ခံစားသင့် ခံစားထိုက်သော စုပေါင်းအခွင့်အရေး (Collective Right) နှင့် ယင်း၏အနှစ်ချုပ်ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လည်း ပါဝင်နေပါသည်။ ထို့ကြောင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ကို "အမျိုးသားနိုင်ငံတော်ထူထောင်ရေး" လမ်းစဉ်ဖြင့် အကောင်အထည်ဖော်၍မရ။ တသီးပုဂ္ဂလအခွင့်အရေးများနှင့် စုပေါင်းအခွင့်အရေးများ အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သော ပြည်ထောင်စုစနစ်ဖြင့်သာ အကောင်အထည်ဖော်ရပါမည်။

ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သောစနစ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တသီးပုဂ္ဂလအခွင့်အရေးအရသာမက တိုင်းရင်းသားလူမျိုးများ၏ စုပေါင်းအခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရပါ အပြည့်အဝအကောင်အထည်ဖော်နိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ် ပင်ဖြစ်ပါသည်။ သို့ရာတွင် ဝန်ကြီးချုပ်ဦးနုသည် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြင်ဆင်ပြောင်းလဲ၍ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စုရောနှောသော အတုအယောင်ပြည်ထောင်စုကို ထူထောင်သွားခဲ့လေသည်။ ဤနည်းဖြင့် ဦးနုသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖားတပိုင်း ငါးတပိုင်း အတုအယောင်ပြည်ထောင်စုစနစ်ဖြင့် ပြဋ္ဌာန်းခဲ့သည်သာမက၊ ဒီမိုကရေစီစနစ်ကိုလည်း အမျိုးသားနိုင်ငံတော်ထူထောင်ရေးဟူသော "မဟာလူမျိုးကြီးဝါဒ" ဘောင်အတွင်းတွင် လူအုပ်ကြီးဝါဒအဖြစ် အမြီးအမောက် မတည့် တပိုင်းအစဖြင့်အကောင်အထည်ဖော်ကျင့်သုံးခဲ့ပါသည်။

ဒီမိုကရေစီစနစ်ကို လူအုပ်ကြီးဝါဒအဖြစ် တသီးပုဂ္ဂလအခွင့်အရေး (ဝါ) လူတဦးမဲတပြားစနစ်မျှဖြင့် ကွက်၍အကောင်အထည်ဖော်ခဲ့သောကြောင့်၊ ဦးနုသည် ဗုဒ္ဓဘာသာကို နိုင်ငံ့ဘာသာအဖြစ် ပြည်ထောင်စုလွှတ်တော်တွင် တရားဝင်ဥပဒေပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အကယ်၍ ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုသည်သာ စစ်မှန်သောပြည်ထောင်စုစနစ်ဖြစ်ခဲ့ပါက၊ ဦးနုသည် ထိုကဲ့သို့ ထင်တိုင်းကြဲ၍ လုပ်ချင်တိုင်းလုပ်နိုင်မည် မဟုတ်ပေ။ စစ်မှန်သောပြည်ထောင်စုစနစ်အရ အထက်လွှတ်တော် (ဝါ) လူမျိုးစုလွှတ်တော်

သည် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များဖြင့် စေလွှတ်ကြရမည် ဖြစ်သဖြင့်၊ အကယ်၍ နိုင်ငံတော်ဘာသာပြဋ္ဌာန်းခြင်းဥပဒေကြမ်းကို အောက်လွှတ်တော်တွင် ဦးနု အနိုင်ရသည်ဆိုဦးတော့ — အထက်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးများ၏ စုပေါင်းမဲဖြင့် ကာကွယ်ဟန့်တားနိုင်မည်ဖြစ်ပါသည်။ သို့သော် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်မှန်သောပြည်ထောင်စုစနစ် မဟုတ်ပဲ အတုယောင်ပြည်ထောင်စုမျှသာ ဖြစ်သောကြောင့် အထက်လွှတ်တော်ခေါ် လူမျိုးစုလွှတ်တော်တွင်လည်း ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များစေလွှတ်ခြင်းမပြုပဲ အောက်လွှတ်တော်ခေါ်ပြည်သူ့လွှတ်တော်ကဲသို့ လူဦးရေအပေါ် အခြေခံ၍ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်စေလွှတ်ခဲ့သောကြောင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို အလျဉ်းမျှအကာအကွယ်ပေးနိုင်ခြင်းမရှိခဲ့ချေ။

အမှန်စင်စစ် — ပြည်ထောင်စုစနစ်တွင် ပြည်သူ့လွှတ်တော်သည် တသီးပုဂ္ဂလအခွင့်အရေးကို အကောင်အထည်ဖော်သော လွှတ်တော်ဖြစ်၍ အထက်လွှတ်တော်ခေါ် လူမျိုးစုလွှတ်တော်သည် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးအလိုက်ခံစားထိုက်သော စုပေါင်းအခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကာအကွယ်ပေးသည့် လွှတ်တော်ဖြစ်ရပေမည်။ သို့သော် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ အားနည်းချက်မှာ — အထက်လွှတ်တော်ခေါ် လူမျိုးစုလွှတ် တော်သည် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးသည့် လွှတ်တော်မဟုတ်ပဲ၊ တသီးပုဂ္ဂလအခွင့်အရေးကိုသာ ထပ်ဆင့်အကောင်အထည်ဖော်ခဲ့သောကြောင့် လူဦးရေပို၍များပြားသော ဗမာ (ခေါ်) မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို နှစ်ဆတိုး၍ ခံစားခွင့် ရရှိစေခဲ့ပါသည်။ ထိုကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဦးနုကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်ကို "ဒီမိုကရေစီပြောင်းပြန်ဝါ"" အဖြစ် ကချင်နိုင်ငံရေးသမား "ဇန်ထားရှင်" ကို တိုက်ခိုက်ဝေဖန်ခဲ့ခြင်း ဖြစ်ပါသည်။

"ဒီမိုကရေစီပြောင်းပြန်ဝါဒ" ကို အမျိုးသားနိုင်ငံတော်ထူထောင်ရေးဦးတည်ချက်ဖြင့် ကျင့်သုံးခဲ့သောကြောင့် ဦးနုသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ၁၉၆၁ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ဤနည်းဖြင့် မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ထဲမှ အရေးအကြီးဆုံးသော "နိုင်ငံတော်ဘာသာ" ကို ဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်နိုင်ခဲ့ပါသည်။ ထိုသို့ မဟာလူမျိုးကြီးဝါဒကို အကောင်အထည်ဖော်ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းရင်းသားလူမျိုးထဲမှာ ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (Kachin Independence Organization) နှင့် ချင်းလွတ်မြောက်ရေးတပ်ဦး (Chin Liberation Army) တို့ကိုထူထောင်၍ ပြည်ထောင်

စုအစိုးရကို လက်နက်ကိုင်တော်လှန်ပုန်ကန်ခဲ့ခြင်းဖြင့်၊ ဆယ်နှစ်နီးပါးဖြစ်ပွားခဲ့ပြီးသော ပြည်တွင်းစစ်မီးကို ပို၍အရှိန်အဟုန်ပြင်းစွာ တောက်လောင်စေခဲ့ပါသည်။ ထိုမျှသာမက ဦးနုက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းကို မကျေနပ်သောကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ပြုပြင်မွမ်းမံ ပြဋ္ဌာန်းရန် ကြိုးပမ်းချက် " Federal Movement" ကြီးလည်း ပေါ်လာခဲ့ပါသည်။ ထို ဖယ်ဒရယ်လှုပ်ရှားမှုကြီးကို ဟန့်တား၍ ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် သိမ်းပိုက်ခဲ့ပါသည်။ ဤသို့ဖြင့် ပါလီမန်ဒီမိုကရေစီစနစ်သည်လည်း "ဦးနု၏ မဟာလူမျိုးကြီးဝါဒအခြေခံ အမျိုးသားနိုင်ငံတော်တည်ဆောက်ရေးစီမံကိန်း" နှင့် ယင်းနောက်ဆက်တွဲအမှားများကြောင့် ကျဆုံးသွားခဲ့ရလေသည်။

## ဗိုလ်နေဝင်း၏တပါတီစစ်အာဏာရှင်စနစ်နှင့် အမျိုးသားစာပေဝါဒ

ဗိုလ်ချုပ်ကြီးနေဝင်းသည် "ပြည်နယ်များညီညွတ်ရေးအဖွဲ့" ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းဆင်နွှဲခဲ့သော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ပြုလုပ်တည်ဆောက်ရေး "ဖက်ဒရယ်လှုပ်ရှားမှု" ကိုဟန့်တားရန်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သူဖြစ်ပါသည်။ "ဖက်ဒရယ်လှုပ်ရှားမှု" ကို ဟန့်တားခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နိုင်ငံရေးတန်းတူခွင့်ကိုသာမက တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေနှင့် ရိုးရာဓလေ့ထုံးစံများအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုပါ ရုပ်သိမ်းတားမြစ်ခြင်း ပင်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ လူမျိုးအလိုက်ခံစားသင့် ခံစားထိုက်သော စုပေါင်းအခွင့်အရေး (Collective Rights) ၏အခေါင်အချုပ်ဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) ကို ရုပ်သိမ်းခြင်းသည် ထိုလူမျိုးများ၏ဖြစ်တည်ခြင်း ဝိဉာဉ်ကိုဆွဲနှုတ်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ ဝိဉာဉ်ဆွဲနှုတ်သွားပြီးနောက် ခန္ဓာကိုယ် မည်သို့အသက်ရှင်ရပ်တည်နိုင်မည်နည်း။

ဗိုလ်ချုပ်နေဝင်းသည် တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပိတ်ပင်ဟန့်တားသည့် ပဏာမခြေလှမ်းအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စာပေသင်ကြားခွင့်၊ ရေးသားထုတ်ဝေခွင့်နှင့် လွတ်လပ်စွာဖြန့်ချီခွင့်အားလုံးကို ရုပ်သိမ်းခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ မိမိတို့ဘာသာစကားပြောဆိုသုံးစွဲခြင်းကိုမူ ပိတ်ပင်ခြင်းမရှိခဲ့ပေ။ သို့သော် ဘာသာစကား၏ အသက်ဝိဉာဉ်ဖြစ်သော "စာပေ" ကာကွယ်ထိန်းသိမ်းမြှင့်တင်ရေးကိုမူ လုံးဝဟန့်တားပိတ်ပင်ခဲ့ပါသည်။ ထိုမျှသာမက မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ထဲမှ ဒုတိယရင်းမြစ်ဖြစ်သော "ဘာသာစကားတမျိုးတည်းရှိခြင်း" ကို နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားများကို အသုံးပြု၍ အကောင်အထည်ဖော်ခဲ့ပါသည်။ ဤသို့ဖြင့် တော်လှန်ရေးကောင်စီ၏

အမိန့်ကြေညာချက်ဖြင့် "မြန်မာစာ" ကို ပြည်ထောင်စုတဝှမ်းလုံး၏ တခုတည်းသော ရုံးသုံးဘာသာစကားအဖြစ်သာမက "အမျိုးသားဘာသာစကား" (National Language) အဖြစ်အတင်းအဓမ္မ ပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် မြန်မာမဟုတ်သော အခြားတိုင်းရင်းသားလူမျိုးအားလုံး၏ ဘာသာစကား များကို နိုင်ငံတဝှမ်းလုံးရှိ စာသင်ကျောင်းများတွင် တရားဝင်သင်ကြားခွင့်ကို ပိတ်ပင်တားမြစ်ခဲ့လေသည်။

ဗိုလ်နေဝင်း၏ မဆလခေတ်တလျှောက်လုံးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တချိန်လုံးဟစ်ကြွေးခဲ့သော်လည်း၊ တကယ်လက်တွေ့တွင်မူ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု တိမ်ကောပပျောက်ရေးကို နိုင်ငံတော်၏ ပေါ်လစီတရပ်အဖြစ်ကျင့်သုံးကာ ယဉ်ကျေးမှုသုတ်သင်ရှင်းလင်းရေး (Cultural Genocide) ကို လက်တွေ့ကျင့်သုံးခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု နှင့် ရိုးရာဓလေ့ထုံးစံများ သုတ်သင်ရှင်းလင်းရေးနှင့် ဗမာ (ဝါ) မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အဆုံးသတ်ရုပ်သိမ်းသည့်အနေဖြင့် ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို "တပြည်ထောင်စနစ်" ဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ အမည်နာမည်အားဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံ" ဟု ဆက်လက်ခေါ်ဝေါ်ခဲ့သော်လည်း အနှစ်သာရမှာ — ဗမာ (ဝါ) မြန်မာအမျိုးသားနိုင်ငံထူထောင်ရေးအတွက် အခြားတိုင်းရင်းသားလူမျိုးအားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပိတ်ပင်တားမြစ်သည့် "တပြည်ထောင်စနစ်" ပင်ဖြစ်ပါသည်။ ဤသို့ဖြင့် ဗိုလ်နေဝင်းသည် မဟာလူမျိုးကြီးဝါဒ၏ ဒုတိယရေသောက်မြစ်ဖြစ်သော "အမျိုးသားစာပေဖြင့် ဘာသာစကားတမျိုးတည်းဖြစ်ပေါ်ရေးဝါဒ" ကို အသုံးချ၍ အမျိုးသားနိုင်ငံတော်တည်ဆောက်ရေးလမ်းစဉ်ကို ဦးနုနောက်မှ ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါသည်။ ထို့ကြောင့် ဗိုလ်နေဝင်းနှင့် ဦးနုတို့သည် ပြင်ပန်းသဏ္ဍာန်အားဖြင့် ကွဲပြားခြားနားသယောင်ရှိခဲ့ကြသော်လည်း အတွင်းအနှစ်သာရအားဖြင့် အမျိုးသားနိုင်ငံတော်ထူထောင်ရေးလမ်းစဉ်ကို ရှေ့ဆင့်နောက်ဆင့်တည်ဆောက်ခဲ့ကြသော မဟာလူမျိုးကြီးဝါဒီများသာ ဖြစ်ကြပါသည်။

ဗိုလ်နေဝင်းသည် အမျိုးသားနိုင်ငံတော်ထူထောင်ရေးဘောင်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု သုတ်သင်ရှင်းလင်းရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တားမြစ်ပိတ်ပင်ရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရင်း တိုင်းရင်းသားလူမျိုးများက စုပေါင်းအခွင့်အရေး (Collective Rights) များသာမက၊ တတိုင်းပြည်လုံးရှိ ပြည်သူတရပ်လုံး၏ အခြေခံလူ့အခွင့်အရေးများနှင့် တသီးပုဂ္ဂလအခွင့်အရေး (Individual Rights) များကိုပါ ရိုက်ချိုးပိတ်ပင်သွားခဲ့ပါသည်။ ထို့ကြောင့် မဆလခေတ်တွင် လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ စည်းရုံးလှုပ်ရှားခွင့်နှင့် အသင်းများဖွဲ့စည်းထူထောင်ခွင့်စသည့် ဒီမိုကရေစီအခွင့်အရေးအားလုံး ဆိတ်သုဉ်းသွားခဲ့ရလေသည်။

ဗိုလ်နေဝင်းသည် မဟာလူမျိုးကြီးဝါဒဖြင့် မြန်မာအမျိုးသားနိုင်ငံတော်ထူထောင်ရေးကို ဥာဏ်နီဥာဏ်နက်မျိုးစုံဖြင့် ကြိုးပမ်းခဲ့သော သူ၏အကြံအစည်တခုမျှမအောင်မြင်ခဲ့ချေ။ ၁၉၈၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ရှစ်လေးလုံးအရေးတော်ပုံကြီးဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတရပ်လုံးက ဗိုလ်နေဝင်း၏ မဟာလူမျိုးကြီးဝါဒဖြင့် တည်ဆောက်ထားသော မဆလတပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ကြလေသည်။ ပြည်သူလူထုတရပ်လုံးသည် မဟာလူမျိုးကြီးဝါဒကို အားမပေးသည့် အပြင်တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးပိတ်ပင်တားမြစ်ခြင်းကို မလိုလားမနှစ်မြို့နိုင် ကြပါ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝခံစားလိုကြပါသည်။ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးကို အားပေးထောက်ခံကြသည်။ ထို့ကြောင့် ရှစ်လေးလုံးအရေးတော်ပုံကြီးကိုဆင်နွှဲပြီး ဗိုလ်နေဝင်းထူထောင်ခဲ့သော မဆလတပါတီအာဏာရှင်စနစ်ကို ဖြုတ်ချသွားခဲ့ကြလေသည်။

## နဝတ–နအဖစစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒ၏ အမြင့်ဆုံးပေါ်လစီ

နဝတနှင့် နအဖစစ်အုပ်စုများ၏ဦးစီးခေါင်းဆောင် ဗိုလ်စောမောင်နှင့် ဗိုလ်သန်းရွှေတို့သည် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကို ဖြိုခွဲ၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ပိတ်ပင်ရိုက်ချိုးရန် ရည်ရွယ်ချက်ဖြင့် အာဏာသိမ်းခဲ့ကြသော စစ်ဝါဒီများ ဖြစ်ပါသည်။ တနည်းအားဖြင့် — ဗိုလ်နေဝင်းထူထောင်ခဲ့သော အာဏာရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းပြီး မဟာလူမျိုးကြီးဝါဒဖြင့် အမျိုးသားနိုင်ငံတော်ကို ရှေ့ဆက်တည်ဆောက်ရန် စိုင်းပြင်းနေသော မဟာလူမျိုးကြီးဝါဒီစစ်အုပ်စု တချို့မျှသာဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အာဏာသိမ်းပြီးများမကြာခင် ပြည်ထောင်စု၏ အမည်နာမကို "Burma" မှ "Myanmar" အဖြစ်သို့ ပြည်သူလူထု၏ ဆန္ဒမပါပဲ အတင်းအဓမ္မပြောင်းလဲပစ်ခဲ့ကြပါသည်။

ပြည်ထောင်စု၏အမည်နာမကို "မြန်မာ" အဖြစ်သို့ပြောင်းလဲခြင်းသည် မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ထဲမှ နောက်ဆုံးအဆင့်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။ မြန်မာအမျိုးသားနိုင်ငံတော်ကို မြန်မာစကားပြောဆိုသုံးစွဲကြသော ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အမျိုးသားနိုင်ငံအဖြစ်တည်ဆောက်ရန် စိုင်းပြင်းခြင်းပင်ဖြစ်ပါသည်။ တိုင်းပြည်တခု၏ အမည်နာမကို "Burma" ဟုအင်္ဂလိပ်လိုရေးသားရာမှ "Myanmar" ဟုပြောင်းလဲရေးသားရန် သာမန်ပြောင်းလဲခြင်း မဟုတ်။ မဟာလူမျိုးကြီးဝါဒကို အဆင့်အမြင့်ဆုံး အကောင်အထည်ဖော်ရန် ကြံရွယ်သော မဟာအကြံအစည်ကြီးပင်ဖြစ်ပါသည်။

ပြည်ထောင်စု၏ အမည်နာမကို "Burma" အဖြစ်မှ "Myanmar" အဖြစ်သို့ တရားဝင်ပြောင်းလဲခြင်းသည် မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ပကတိ

တည်ရှိခြင်းကို ဥပေက္ခာပြုပါသည်။ ထိုလူမျိုးများ၏ သီးခြားစီဆောင်သော အမျိုးသားလက္ခဏာများကို အသိအမှတ်မပြု၊ လျစ်လျူရှုထားပါသည်။ တနည်းအားဖြင့် မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများအားလုံးကို နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားအားလုံးကိုအသုံးပြု၍ အတင်းအဓမ္မ မြန်မာလူမျိုးအဖြစ်သို့ သင်းကွပ်တွန်းပို့ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းများသည် ပင်လုံညီလာခံသဘောတူညီချက်အရ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများကို စော်ကားခြင်းပင်ဖြစ်ပါသည်။ ပင်လုံစာချုပ်ကို သစ္စာဖောက်ခြင်းလည်းဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို သေးသိမ်အောင်လုပ်ဆောင်ခြင်းလည်းဖြစ်ပါသည်။ မြန်မာဟူသော ဝေါဟာရသည် လူမျိုးအရရော၊ ဘာသာစကား အရပါ မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများကို အလျဉ်းမျှ ကိုယ်စားမပြု။ ကိုလိုနီခေတ်မတိုင်ခင် ပုဂံခေတ်မှကုန်းဘောင်ခေတ်အထိ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏သမိုင်းသည် ကျွန်ုပ်တို့ ချင်းလူမျိုးများနှင့် တစေ့မျှသက်ဆိုင် ခြင်းမရှိပေ။ ထိုကြောင့် ဤလုပ်ရပ်ကို ရှိသမျှအင်အားဖြင့် အန်တုတွန်းလှန်ရန်မှ တပါးအခြားမရှိ။

နဝတ–နအဖစစ်ဝါဒီများက မဟာလူမျိုးကြီးဝါဒအခြေပြု အမျိုးသားနိုင်ငံထူထောင်ရေးစီမံကိန်းကြီးကို ပြည်ထောင်စုတဝှမ်းလုံးရှိ ပြည်သူလူထုတရပ်လုံးက ထောက်ခံခြင်း မရှိ။ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးက ဝိုင်း၍ ဆန့်ကျင်ကန့်ကွက် ကြပါသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးများပင်လျှင် ထောက်ခံအားပေးခြင်း မရှိ။ ထိုကြောင့် သက္ကရာဇ် ၂၀၀၇ စက်တင်ဘာလတွင် ဗုဒ္ဓဘာသာဘုန်းကြီးများ ကိုယ်တိုင်ဦးဆောင်၍ နအဖစစ်အစိုးရကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြပါသည်။ ပြည်ထောင်စုတဝှမ်းလုံးရှိ ပြည်သူလူထုတရပ်လုံးက သံဃာတော်ကြီးဦးဆောင်သော လူထုလှုပ်ရှားမှုဖြင့် နအဖစစ်အစိုးရကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြပါသည်။ ထို့ကြောင့် နဝတ–နအဖစစ်အစိုးရ၏ မဟာလူမျိုးကြီးဝါဒအခြေပြုအမျိုးသားနိုင်ငံတော်တည်ဆောက်ရေးစီမံချက်ကြီးသည် ရှေ့ဆက်အောင်မြင်ရန်နည်းနည်းမျှအလားအလာ မရှိပေ။ ပြည်ထောင်စုအမည်ကိုခံယူ၍ အမျိုးသားနိုင်ငံတော်ထူထောင်ရေးကို လျှို့ဝှက်ကြံစည်မှုမှန်သမျှသည် မဟာလူမျိုးကြီးဝါဒနှင့်အတူမနေးအမြန်ကျဆုံးသွားရမည်သာ ဖြစ်ပါသည်။

## နိဂုံးချုပ်

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ခေါင်းဆောင်များက ဤတိုင်းပြည်ကို ကိုလိုနီခေတ်မတိုင်မှီက သီးခြားစီလွတ်လပ်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ "ပြည်ထောင်" များကို မိမိတို့ဆန္ဒအလျောက် တန်းတူရည်တူပူးပေါင်းသော "ပြည်ထောင်များကို ပူးပေါင်းသည့် ပြည့်ထောင်စုစနစ်" ဖြင့်ထူ

ထောင်ရန် ပင်လုံညီလာခံတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ လူမျိုးတမျိုးတည်းက လွှမ်းမိုး၍ "အမျိုး၊ ဘာသာ၊ သာသနာ" တခုတည်းအပေါ်အခြေခံသော အမျိုးသားနိုင်ငံတော်တရပ်ကို ထူထောင်ရန်မဟုတ်ချေ။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးနောက် တက်လာသော အစိုးရအသီးသီးတို့သည် ပင်လုံစိတ်ဓာတ်နှင့် ပြည်ထောင်စုစနစ်တို့မှ သွေဖီ၍ "အမျိုး၊ ဘာသာ၊ သာသနာ" တခုတည်းကို အခြေခံသော အမျိုးသားနိုင်ငံထူထောင်ရေးကို မှားယွင်းစွာကြိုးပမ်းခဲ့ကြကြောင်း ဤစာတမ်းဖြင့်ဖော်ညွှန်းထားပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် "အမျိုး၊ ဘာသာ၊ သာသနာ" တခုတည်းကို အခြေခံ၍ အမျိုးသားနိုင်ငံတော်ထူထောင်ရန် စိုင်းပြင်းခြင်းသည် မဟာလူမျိုးကြီးဝါဒကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးခြင်းဖြစ်ကြောင်းကိုလည်း မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ကို စံနမူနာထား၍ ဤစာတမ်းတွင် မီးမောင်းထိုးတင်ပြထားပါသည်။

ပြည်ထောင်စုစနစ်ကို တည်ဆောက်ရမည့်အစား ဝန်ကြီးချုပ်ဦးနုသည် မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ထဲမှ "သာသနာ" ကိုအခြေပြု၍ အမျိုးသားနိုင်ငံတော်ထူထောင်ရန် စိုင်းပြင်းခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသွားခဲ့ပါသည်။ အဖြေရလဒ်မှာ — ပါလီမန်ဒီမိုကရေစီစနစ်ကျဆုံးသွားခြင်း၊ တပါတီအာဏာရှင်စနစ်ကြီးစိုးခြင်းနှင့် ပြည်တွင်းစစ်မီးတောက်လောင်ခြင်းသာ အဖတ်တင်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တွင်တွင်ကြီးဟစ်ကြွေးရင်း တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှုများ သုတ်သင်ရှင်းလင်းရေးလမ်းစဉ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ ထို့ကြောင့် မဟာလူမျိုးကြီးဝါဒ၏ ရေသောက်မြစ်သုံးသွယ်ထဲမှ "ဘာသာစကား" ကို အခြေခံ၍ မြန်မာစကားတခုတည်းလွှမ်းမိုးကြီးစိုးသော မြန်မာအမျိုးသားနိုင်ငံတော်ကို ထူထောင်ရန် အမျိုးသားဘာသာစကား တခုတည်းကိုသာထားရှိသည့် "National Language Policy" ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းသည် မြန်မာစာကို နိုင်ငံတော်၏အမျိုးသားဘာသာအဖြစ် ဥပဒေဖြင့်ပြဋ္ဌာန်းပြီး၊ အခြားတိုင်းရင်းသားလူမျိုးများအားလုံး တဖြည်းဖြည်းတိမ်ကောပပျောက်သွားအောင် မြန်မာစကားဖြင့် ဝါးမြိုလွှမ်းမိုးရေးလမ်းစဉ်သာဖြစ်ပါသည်။ အဖြေရလဒ်မှာ — လွတ်လပ်စွာပြောဆို ရေးသားခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များအပါအဝင် ဒီမိုကရေစီအခွင့်အရေးအားလုံး ဆိတ်သုဉ်းခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းနှင့် ပြည်သူလူထုတရပ်လုံး "ဖွတ်ကျောပြာစု ခရုဆံကျွတ်ဘဝ" ဖြင့် ဆင်းရဲတွင်းနက်သထက်နက်ကာ ပြည်တွင်းစစ်မီးဆက်လက်တောက်လောင်နေခြင်းသာ

ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ လူထုတရပ်လုံးက ရှစ်လေးလုံးအရေးတော်ပုံကြီးဖြင့် ဗိုလ်နေဝင်းထူထောင်ခဲ့သော မဆလတပါတီအာဏာရှင်စနစ်ကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းပင်ဖြစ်ပါသည်။

ငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းရေးကိုကြွေးကြော်၍ ဒီမိုကရေစီကိုတောင်းဆိုနေကြသော ကျောင်းသားလူငယ်နှင့် ရဟန်းရှင်လူပြည်သူထောင်ပေါင်းများစွာကို သွေးချောင်းစီးလုပ်ကြံခဲ့သည့် နဝတ–နအဖစစ်အုပ်စုသည်လည်း မဟာလူမျိုးကြီးဝါဒ၏ အထွတ်အထိပ်ကျရာ "လူမျိုးတမျိုးတည်း ကြီးစိုးရေးဝါဒ" ကို ကိုင်စွဲ၍ မြန်မာလူမျိုးတမျိုးတည်းကြီးစိုးချယ်လှယ်သော မြန်မာအမျိုးသားနိုင်ငံတော်တရပ်ကို ထူထောင်ရန် ပြည်ထောင်စု၏အမည်နာမကို ၁၉၈၉ ခုနှစ်တွင် အတင်းအဓမ္မပြောင်းလဲပစ်ခဲ့ကြပါသည်။ အဖြေရလဒ်မှာ — ပြည်ထောင်စုတခုလုံးကို နိုင်ငံရေးထောင်နန်းချ၍ လူထုတရပ်လုံး၏ လွတ်လပ်မှုကို ခြေချင်းခတ်ချုပ်နှောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ပြည်ထောင်စုတဝှမ်းလုံးတွင် နိုင်ငံရေးမိုးမှောင်ကျသောကြောင့် ပြည်သူများကုန်းကောက်စရာမရှိအောင် ငတ်ပြတ်နေချိန်တွင် အာဏာရစစ်အစိုးရမှ စစ်ဗိုလ်ချုပ်များသည် တိုင်းပြည်၏အဖိုးတန်ရတနာများ၊ သယံဇာတပစ္စည်းများ၊ သစ်တောများ၊ ပင်လယ်ရေထွက်ပစ္စည်းများအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို နိုင်ငံခြားတိုင်းတပါးသားများ၏ လက်ဝယ်သို့ ထုခွဲရောင်းချပြီး၊ တိုင်းပြည်၏ အဖိုးတန်ရတနာများမှ ရရှိထားသော တိုင်းပြည်၏ဘဏ္ဍာငွေကိုအသုံးချ၍ လူသတ်လက်နက်များကို ဝယ်ယူကာ ပြည်သူလူထုကို တဖန်ပြန်လည်ညှင်းပန်းနှိပ်စက်သတ်ဖြတ် နေကြပါသည်။ ထို့ကြောင့် နအဖစစ်အစိုးရကို သာမန်ပြည်သူများသာမက သူတော်ရှင် သံဃာတော်ကြီးများကပါ သပိတ်မှောက်ကံဆောင်နေကြခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုတဝှမ်းလုံးရှိ ပြည်သူလူထုတရပ်လုံးက ဆန့်ကျင်ဆန္ဒပြသပိတ်မှောက်ကြရုံသာမက တကမ္ဘာလုံးကပါ ဝိုင်းဝန်းပြစ်တင်ရှုတ်ချခြင်းကို ခံနေရပါသည်။ ပြည်သူလူထုတရပ်လုံးနှင့် နိုင်ငံတကာကဖိအားပေးမှုကြောင့် စစ်အာဏာရှင်စနစ် မနေးနှင့်အမြန်ကျဆင်းရမည်သာ ဖြစ်ပါသည်။

ခြုံ၍ပြောရပါ — လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲ၍ "အမျိုး၊ ဘာသာ၊ သာသနာ" တခုတည်းကို အခြေခံသော အမျိုးသားနိုင်ငံတော်ကို ထူထောင်၍ ရမည်မဟုတ်ကြောင်း အနှစ် (၆၀) ပြည်တွင်းစစ်က သက်သေခံလျှက်ရှိနေပါသည်။ ရှစ်လေးလုံးအရေးတော်ပုံကြီးကလည်း မဟာလူမျိုးကြီးဝါဒဖြင့် တပြည်ထောင်စနစ်ကိုထူထောင်ရန် မရနိုင်ကြောင်း သမိုင်းမှတ်တိုင်စိုက်ထူခဲ့ပြီး ဖြစ်ပါသည်။ သက္ကရာဇ် ၂၀၀၇ ခု စက်တင်ဘာလတွင် သံဃာတော်ကြီးများဦးဆောင်သော "ရွှေဝါရောင်တော်လှန်ရေး" ဖြင့် မဟာလူမျိုးကြီးဝါဒဖြင့် တည်ဆောက်သော စစ်အာဏာရှင်စနစ် မုချကျဆုံးသွားမည်ဖြစ်ကြောင်း သွေးမြေ

ကျခံ၍ကတိသစ္စာဆိုထားကြလေပြီ။ ထို့ပြင် မဟာလူမျိုးကြီးဝါဒဖြင့် လူမျိုးတမျိုး ကြီးစိုးရေးဆိုသော အမျိုးသားနိုင်ငံတော်ထူထောင်ရမည့်အစား ဘာသာတရား ပေါင်းစုံဖူးပွင့်ဝေဆာ၍ တိုင်းရင်းသားလူမျိုးများအားလုံးငြိမ်းချမ်းစွာ အတူလက်တွဲနေ ထိုင်နိုင်သည့် စစ်မှန်သောပြည်ထောင်စုစနစ်ကို တည်ဆောက်သွားကြရန် သံဃာ တော်ကြီးများ ရှေ့ဆုံးမှဦးဆောင်၍ ဆန္ဒပြချီတက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် “ဗမာ” နှင့် “မြန်မာ” ဟူသော ရှုပ်ထွေးပွေလီသည့် စကားလုံး နှစ်ခုကြားတွင် မျက်လှည့်ပြ၍ “အမျိုး၊ ဘာသာ၊ သာသနာ” တခုတည်းအပေါ် အခြေခံသော အမျိုးသားနိုင်ငံတော်ထူထောင်ရေး ဟူသော မှားယွင်းသည့် မဟာ လူမျိုးကြီးဝါဒကို အမြန်ဆုံးကျော်ခိုင်း၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များတို့ မျှော်မှန်းခဲ့ကြသော စစ်မှန်သည့်ပြည်ထောင်စုစနစ်ကို အမြန်ဆုံး ဝိုင်းဝန်းတည်ဆောက်ကြပါရန် ဤစာတမ်းငယ်ဖြင့် တိုက်တွန်းလိုက်ရပေသည်။ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အာမခံချက်ပေးနိုင်သည့် စစ်မှန်သောပြည်ထောင်စုစနစ်ကို တည်ဆောက်ပြီးသောအခါ ပြည်ထောင်စု၏ အမည်နာမကိုလည်း ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး၏ ဆန္ဒနှင့်အညီ အမည်လှလှအသစ်ပေးမှည့် ရန်လိုအပ်ကောင်းလိုအပ်မည် ဖြစ် ကြောင်းကိုလည်း ဤစာတမ်းဖြင့် တိုက်တွန်းလိုက်ရ ပေသည်။

[ ဤစာတမ်းကို ၁၉၉၈ အနှစ်ငါးဆယ်ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ခဲ့ သော “ဒေါင်းအိုးဝေ” နှင့် အနှစ်ငါးဆယ်ပြည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အဖြစ် ထုတ်ဝေခဲ့သော “ချင်းအမျိုးသားဂျာနယ်” များတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်တွင် ပြန်လည်ဖော်ပြရန် ပြင်ဆင်ရင်း စတော့ဟုမ်းမှ ဘန်ကောက်အပြန် လေယာဉ်ပေါ်တွင် စာတမ်း တခုလုံးကို အသစ်နီးပါး ပြန်လည်ရေးသားခဲ့ပါသည်။ သက္ကရာဇ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၅) ရက်၊ ည ]

## အခန်း (၁၃)

# နဝတ၏နည်းဗျူဟာ သုံးရပ် (သို့မဟုတ်) နဝတကိုကျားကန်ပေးသော ထောက်တိုင်သုံးရပ် (တရုတ်လက်နက်၊ ခွန်ဆာ ဘိန်းနှင့် အာဆီယံဒေါ်လာ)

[ ၁၉၉၇ တွင်ထုတ်ဝေခဲ့သော “ဖက်ဒရယ်ဂျာနယ်” ၌
ပုံနှိပ်ဖော်ပြခဲ့သည့်စာတမ်း ]

# နအဖ၏နည်းဗျူဟာသုံးရပ် (သို့မဟုတ်)
# နဝတကိုကျားကန်ပေးသော ထောက်တိုင်သုံးရပ်
# (တရုတ်လက်နက်၊ ခွန်ဆာဘိန်းနှင့် အာဆီယံဒေါ်လာ)

## နိဒါန်း

ကျွန်ုပ်တို့ကျောင်းသားများ ၁၉၈၈ တွင် စတင်ဆင်နွှဲခဲ့သော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးသည် နောက်နှစ် ၁၉၉၈ ခုနှစ်တွင် ဆယ်နှစ်တင်းတင်း ပြည့်ပေတော့မည်။ ၎င်းဆယ်နှစ်တာကာလအတွင်း ကျွန်ုပ်တို့၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုများ၊ အားနည်းချက်နှင့် အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် ဒီမိုကရေစီအရေးတော်ပုံကြီး အမြန်ဆုံးအောင်ပွဲဆင်နွှဲနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ရပေမည်။

ဒီမိုကရေစီအရေးတော်ပုံကြီး စတင်ဆင်နွှဲခဲ့စဉ်တုန်းက ကျွန်ုပ်တို့ကျောင်းသားများအနေဖြင့် ရင့်ကျက်သော နိုင်ငံရေးအတွေးအခေါ် မရှိခဲ့ရုံသာမက၊ သင့်တင့်လျောက်ပတ်သော မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အရေးတော်ပုံကြီး၏ အဆင့်တိုင်းအဆင့်တိုင်းတွင် ဗိုလ်နေဝင်း၏လက်ပါးစေ နဝတစစ်ဗိုလ်ချုပ်များ၏ လက်ဦးမှုကိုခံရပြီး၊ လူထုတရပ်လုံးအားပေးထောက်ခံမှုကိုခံယူပါလျက် ယနေ့တိုင် ဒီမိုကရေစီအရေးတော်ပုံကြီး အပြီးသတ်အောင်ပွဲမဆင်နွှဲနိုင်ခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။

သို့ရာတွင် ဆယ်နှစ်နီးပါးသော ကျောင်းသားများ၏ နိုင်ငံရေးအတွေ့အကြုံနှင့် နှစ်ပေါင်းငါးဆယ်နီးပါးသော လူမျိုးစုတော်လှန်ရေးအင်အားစုများ၏ အတွေ့အကြုံကို ပေါင်းစပ်၍ ရှစ်လေးလုံးအရေးတော်ပုံကြီး ဆယ်နှစ်မြောက်နှစ်ပတ်လည်နေ့မတိုင်ခင် အပြီးသတ်အောင်ပွဲဆင်နိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများအားသစ်လောင်း၍ တိုက်ပွဲအရှိန်မြှင့်တင်ရန် လိုအပ်လှပါသည်။

ဤစာတမ်းငယ်တွင် နဝတ၏နည်းဗျူဟာသုံးရပ်ကို ဆွေးနွေးတင်ပြထားပါသည်။ ယခုအခါ ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် သာမန်ပြည်တွင်းရေးပြဿနာမဟုတ်တော့၊ နိုင်ငံတကာပြဿနာအသွင်ကိုဆောင်နေပြီး၊ နဝတစစ်အစိုးရကလည်း နိုင်ငံတကာအသွင်ကိုဆောင်ယူနေသော နည်းဗျူဟာများချမှတ်ထားကြောင်း မီးမောင်းထိုးတင်ပြထားပါသည်။

## ဗိုလ်နေဝင်း၏နည်းဗျူဟာနှင့်ပြည်တွင်းပြဿနာ

၁၉၈၈ တွင် ဒီမိုကရေစီတောင်းဆိုမှု ဆန္ဒပြပွဲများစတင်ခဲ့စဉ်က အရေးတော်ပုံကြီး နိုင်ငံရေးလက္ခဏာသည် ပြည်တွင်းပြဿနာအသွင်ကို ဆောင်ယူခဲ့ပါသည်။

ဗိုလ်နေဝင်း၏နိုင်ငံရေးမဟာဗျူဟာနှင့် နည်းဗျူဟာများသည်လည်း ပြည်တွင်းတွင် အခြေစိုက်နေခဲ့ပါသည်။ ကျောင်းသားခေါင်းဆောင် ကိုမိုးသီးဇွန်က မှန်ကန်စွာ ထောက်ပြခဲ့သည့်အတိုင်း ဗိုလ်နေဝင်းသည် စစ်အာဏာရှင်စနစ်ရာသက်ပန် ထူထောင်ရေးဟူသော မဟာဗျူဟာကြီးကို အကြောက်ရောဂါသုံးပါးတည်းဟူသော နည်းဗျူဟာ သုံးရပ်ဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။ ၎င်းတို့မှာ —

(၁) လူမျိုးစုကိုကြောက်သောရောဂါ (ဝါ) ဖက်ဒရယ်ပြည်ထောင်စုပြိုကွဲရေး ဟူသော နည်းဗျူဟာ၊

(၂) ကွန်မြူနစ်ကိုကြောက်သောရောဂါ (ဝါ) ပြည်တွင်းနိုင်ငံရေးပြဿနာ၊ အထူးသဖြင့်—အထူးသဖြင့် ကျောင်းသားများနှင့် အလုပ်သမားများ ဦးဆောင်မှုဖြင့် မဆလတပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ကန့်ကွက်သော နိုင်ငံရေးလှုပ်ရှားမှုနှင့် ဆန္ဒပြမှုအားလုံးကို ကွန်မြူနစ်ပါတီ၏ သွေးထိုးလှုံ့ဆော်မှုဖြစ်သည် ဟူသော လူထုကိုမမှန်မကန် လိမ်ညာခြိမ်းခြောက်သည့်နည်းဗျူဟာ၊

(၃) အရင်းရှင်ကိုကြောက်သောရောဂါ (ဝါ) ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှု မှန်သမျှ နယ်ချဲ့လက်ပါးစေတို့၏ ဝင်ရောက်စွက်ဖက်မှုဖြစ်သည် ဟူသော နည်းဗျူဟာ၊ အထူးသဖြင့်—လူမျိုးစုများနှင့်ဆက်နွယ်သော နိုင်ငံရေးလှုပ်ရှားမှုများနှင့် စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေးကို ဦးတည်သည့် နိုင်ငံရေးလှုပ်ရှားမှုမှန်သမျှကို အနောက်နိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှု ဖြစ်သည် ဟူသော နိုင်ငံရေးနည်းဗျူဟာတို့ပင် ဖြစ်ပါသည်။

အထက်ပါနည်းဗျူဟာများကို ကျင့်သုံး၍ ဗိုလ်နေဝင်းသည်နှစ်ပေါင်းသုံးဆယ်နီးပါး စစ်အာဏာရှင်စနစ်ကို ပြိုင်ဖက်မရှိ ထူထောင်ကျင့်သုံးနိုင်ခဲ့ပါသည်။ သို့ရာတွင် ဗိုလ်နေဝင်း၏အကြောက်ရောဂါသုံးပါးနည်းဗျူဟာသည် ယခုအခါအစွမ်းမထက်သော ဆေးခါးကြီးမျှသာ ဖြစ်သွားပါတော့သည်။ ခေတ်မစား အသုံးမကျတော့ပါ။ အထူးသဖြင့် ရှစ်လေးလုံးအရေးတော်ပုံကြီးနောက်ပိုင်း နိုင်ငံရေးအမြင်ပွင့်လင်းလာသော ပြည်သူလူထုကို အကြောက်ရောဂါသုံးပါးဖြင့် ခြိမ်းခြောက်၍ တဖက်သတ် လိမ်လည်လှည့်ဖျား၍ မရတော့ပါ။ ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုပြိုကွဲရေးစနစ် မဟုတ်၊ "တိုင်းရင်းသားလူမျိုးအားတန်းတူရည်တူပူးပေါင်း၍ငြိမ်းချမ်းစွာအတူ လက်တွဲနေထိုင်ရေး" ဟူသော စစ်မှန်သည့်ပြည်ထောင်စုစနစ်မျှသာ ဖြစ်ကြောင်း အားလုံးကလက်ခံနေကြပါပြီ။ စစ်မှန်သောပြည်ထောင်စုစနစ်ကို တည်ထောင်နိုင်မှသာလျှင် အနှစ်ငါးဆယ်ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ပြီး၊ တိုင်းရင်းသားလူမျိုးအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော လွတ်လပ်၍ငြိမ်းချမ်းသော "ပြည်ထောင်စုကြီး" ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း အားလုံးကယုံကြည်ထားပါသည်။

ကွန်မြူနစ်အကြောက်ရောဂါနည်းဗျူဟာသည် ပို၍အစွမ်းမထက်သော ဆေးခါးကြီးသာ ဖြစ်နေပါပြီ။ ၁၉၈၉ ခုနှစ်တွင် ဘာလင်တံတိုင်းပြိုလဲပြီးနောက်ပိုင်း နှင့် ၁၉၉၁ တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး သံဇကာအောက်မှ အရှေ့ဥရောပ နိုင်ငံများလွတ်လပ်ပြီးနောက် ကွန်မြူနစ်ဝါဒသည် စွဲဆောင်မှုလည်းမရှိ၊ ကြောက် စရာလည်းမလိုအပ်တော့သော "ပြတိုက်ထဲမှဝါဒတရပ်" မျှသာဖြစ်သွားပါတော့ သည်။ ဗမာပြည်ကွန်မြူနစ်ပါတီလည်း ပြိုကွဲပျက်စီးနေပါပြီ။ ထို့ကြောင့် ၎င်းနည်းဗျူ ဟာကို ဗိုလ်နေဝင်း စွန့်လွှတ်ရုံမှတပါး အခြားနည်းလမ်းမရှိတော့ပေ။

အရင်းရှင်ကိုကြောက်သောရောဂါသည်လည်း မစွမ်းရုံသာမက၊ ဗိုလ်နေဝင်း၏ လက်ပါးစေ နဝတစစ်ဗိုလ်ချုပ်များကိုယ်တိုင် — အရင်းရှင်ဒေါ်လာသာရမည်ဆိုပါက ဘာမဆိုလုပ်ရန် ဝန်မလေးကြတော့ပေ။ လူ့အခွင့်အရေးကိုချိုးဖောက်၊ တိုင်းပြည်၏ အကျိုးစီးပွားနှင့် သိက္ခာတရားကို ရောင်းစားပြီး၊ ဗိုလ်နေဝင်းထူထောင်ထားခဲ့သော စစ်အာဏာရှင်စနစ်ကို "ဒေါ်လာ" ဖြင့်ကာကွယ်ရန် အသေအလဲကြိုးပမ်းနေကြပါ သည်။ ထို့ကြောင့် အရင်းရှင်ကိုကြောက်သောနည်းဗျူဟာကိုလည်း သူတို့ပြောင်း လဲပစ်ရန် ဝန်မလေးကြတော့ပေ။

## နဝတ ကျင့်သုံးသောနည်းဗျူဟာနှင့်နိုင်ငံတကာပြဿနာ

ဗိုလ်နေဝင်းထူထောင်ကျင့်သုံးခဲ့သော စစ်အာဏာရှင်စနစ်ရာသက်ပန်ထူထောင် ရေးမဟာဗျူဟာကြီးကို ယနေ့တိုင် နဝတစစ်အစိုးရက လက်ခံကျင့်သုံးနေဆဲဖြစ်ပါ သည်။ သို့ရာတွင် ဗိုလ်နေဝင်း၏အကြောက်ရောဂါသုံးပါးနည်းဗျူဟာကိုမူ နဝတ စစ်ဗိုလ်ချုပ်များက လိမ္မာပါးနပ်စွာပြောင်းလဲ၍ ဗျူဟာသစ်များဖြင့် အစားထိုးကျင့် သုံးနေပါသည်။ ဤသို့ဖြင့် နဝတစစ်အစိုးရသည် နိုင်ငံတကာအသွင်ကိုဆောင်သော နည်းဗျူဟာကို အသစ်ချမှတ်ကျင့်သုံးရန် ကြိုးပမ်းနေပါသည်။ ၎င်းနည်းဗျူဟာ သုံးရပ်မှာ —

(၁) တရုတ်လက်နက်
(၂) ခွန်ဆာဘိန်း
(၃) အာဆီယံဒေါ်လာ များပင်ဖြစ်ပါသည်။

## (၁) တရုတ်လက်နက်

ရှစ်လေးလုံး အရေးတော်ပုံကြီးစတင်ပြီးနောက်ပိုင်း မဆလအသွင်ပြောင်း နဝတစစ် အစိုးရကို အသက်ဆက်ပေးခဲ့သည့်အရေးကြီးဆုံးအရာမှာ တရုတ်နိုင်ငံမှ တင်သွင်း သော ဒေါ်လာတစ်ဘီလီယံဖိုး ခေတ်မီလက်နက်ခဲယမ်းများပင် ဖြစ်ပါသည်။ ဆင် ပြောင်ကြီးကွင်းပြင်တွင် သွားနေသည့်အလား ထင်ရှားသည့်အချက်မှာ မဆလခေတ်

တလျှောက်လုံး စီးပွားရေးကျဆင်းပြီး ဘဏ္ဍာငွေခမ်းခြောက်နေသော နဝတစစ်အစိုးရအနေဖြင့် ထိုမျှများပြားသောငွေကြေးကို လက်ငင်းပေးချေနိုင်စရာအကြောင်းတစုံတရာမျှမရှိပေ။ ထိုကြောင့် ၎င်းလက်နက်ရောင်းချသည့်ကိစ္စသည် သာမာန်အရောင်းအဝယ်ကိစ္စမဟုတ်၊ ကြီးမားသောနိုင်ငံတကာပြဿနာ ဖြစ်သွားခဲ့ပါသည်။

အရှေ့ဥရောပကွန်မြူနစ်နိုင်ငံများပြိုကွဲသွားကြပြီးနောက် ကမ္ဘာ့မျက်နှာပြင်တွင် အာဏာရှင်စနစ်ကိုကျင့်သုံးသောနိုင်ငံများ တဖြည်းဖြည်းကွယ်ပျောက်၍ လွတ်လပ်သောနိုင်ငံများပေါ်ထွန်းလာကြပါသည်။ အာဏာရှင်စနစ် … အလိုမရှိဟူသောကြွေးကြော်သံသည် တကမ္ဘာလုံးတွင် ပဲ့တင်ထပ်မြည်ဟီးနေပါသည်။ ထိုကြောင့် လက်ကျန်အာဏာရှင်နိုင်ငံများ ကြောက်ဒူးတုန်၍ ရမ်းမိရာရမ်း၊ သောင်းကျန်း ချင်တိုင်း သောင်းကျန်းနေသည့်ကာလလည်း ဖြစ်ပါသည်။ ၎င်းလက်ကျန်နိုင်ငံများအနက် တရုတ်ပြည်သည် အထုအထည်အကြီးမားဆုံးနိုင်ငံဖြစ်ပြီး၊ အာဏာရှင်တို့၏ ရက်စက်သောင်းကျန်းမှုစံပြအဖြစ်၊ ဒီမိုကရေစီလွတ်လပ်မှုကို တောင်းဆိုနေသော ကျောင်းသားများအား “တိန်ရင်မင်သွေးချောင်းစီးမှု” ဖြင့် တုန့်ပြန်လက်စွမ်းပြခဲ့ပါသည်။ ဤသို့ဖြင့် တရုတ်အစိုးရသည် သေဖော်ညှိသည့်အနေဖြင့် ကျောင်းသားများကိုသတ်သော သွေးစွန်းသောလက်ဖြင့် တိုင်းပြည်ကိုမတရား အုပ်ချုပ်နေသော နဝတစစ်အစိုးရကို လူသတ်လက်နက်များဖြင့် ကူညီအားပေးခြင်း ဖြစ်ပါသည်။

တဖက်တွင်လည်း တရုတ်အစိုးရသည် အာရှတွင်သာမက ကမ္ဘာတွင်မဟာအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့်ကြိုးပမ်းပြီး မဟာမိတ်ရှာဖွေနေသည့်အချိန်လည်းဖြစ်ပါသည်။ ကြောက်မက်ဘွယ်ကောင်းလောက်အောင် ရက်စက်ညစ်ပတ်သည့် တရုတ်၏မဟာအင်အားကြီးဝါဒမှာ — စစ်ရေးနှင့်စီးပွားရေးဖြင့်သာမက၊ အာရှတိုက်တခုလုံး တရုတ်လူမျိုးလွှမ်းမိုးပြန့်ပွါးရေးဝါဒပင်ဖြစ်ပါသည်။ ထိုအချက်ကို နဝတစစ်အစိုးရက မိုက်မဲစွာဖြင့် မည်သည့်အဖိုးအခမျှမယူပဲ ဖြည့်ဆည်းပေးနေပါသည်။ ယင်းမှာ — နဝတစစ်အစိုးရက တရုတ်လူမျိုးထောင်ပေါင်းများစွာကို ပြည်ထောင်စုထဲသို့ တခါးမရှိ ဓါးမရှိ လာဘ်ပေးလာဘ်ယူဝင်ရောက်စေပြီး၊ ယခုအခါ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၏ အဓိကစီးပွားရေးဈေးကွက်များကို ထိုတရားမဝင်လာဘ်ပေးခိုးဝင်လာသော တရုတ်လူမျိုးများကမင်းမူကြီးစိုးနေပြီးဖြစ်သည်။ ယင်းသည်တရုတ်အစိုးရအတွက် ငွေကြေးဖြင့် တန်ဖိုးဖြတ်မရသော အမြတ်အစွန်းများပင်ဖြစ်၍ ထိုသို့သော အမြတ်အစွန်းသာရမည်ဆိုပါက တရုတ်အစိုးရ အနေဖြင့် နဝတကိုနောက်ထပ် လက်နက်ဒေါ်လာသန်းတရာဖိုးစွန့်ကြဲရန် ဝန်လေးကြမည်မဟုတ်ပေ။

စစ်ရေးအမြင်ဖြင့်ကြည့်ပါက ကိုကိုးကျွန်းကိုတရုတ်တို့မျက်စိကျသည်မှာ ကြာပြီဖြစ်သည်။ တရုတ်အစိုးရသာကိုကိုးကျွန်းတွင်—တိုက်ရိုက်နည်းဖြင့်သော်၎င်း၊ သွယ်

ဝိုက်သောနည်းဖြင့်သော်၎င်း အခြေချနိုင်ပါက တရုတ်သည်အာရှတိုက်တွင် စစ်ရေး အရအချက်အချာအကျဆုံး စစ်စခန်းကိုရရှိမည်ဖြစ်ပြီး၊ အာရှတွင်ပြိုင်ဖက်မရှိသော မဟာအင်အားကြီးနိုင်ငံဘဝသို့ နေ့ချင်းညချင်း ကူးပြောင်းသွားနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သော ရေရှည်အကျိုးကိုမျှော်ကိုး၍ တရုတ်က နဝတစစ်အစိုးရကို လူသတ် လက်နက်ဖြင့်ခွံ့ကျွေးချော့မော့နေခြင်းဖြစ်ပါသည်။

## (၂) ခွန်ဆာဘိန်း

ယခုအခါ နဝတစစ်အစိုးရက ရွှေတြိဂံနယ်မြေမှ ဘိန်းကုန်ကူးစီးပွားရေးလုပ်ငန်း အားလုံး ဘိန်းဘုရင်ခွန်ဆာထံမှ ငြိမ်းချမ်းစွာလက်လွှဲရယူထားပြီး၊ နဝတစစ်ဗိုလ်ချုပ် ကြီးများကိုယ်တိုင် ဘိန်းဘုရင်ရာထူးကိုခံယူထားကြပြီ — ဆိုသောသတင်းမှာ လျှို့ ဝှက် ကိစ္စမဟုတ်တော့ပေ။ မကြားချင်အဆုံး အာရှနှင့်အနောက်နိုင်ငံသတင်းစာကြီး များက နေ့စဉ်နှင့်အမျှရေးသားနေကြပါသည်။ ခွန်ဆာကိုယ်တိုင် ရန်ကုန်မြို့ဗိုလ်ချုပ် ရွာတွင် ရွှေနန်းစံထားကြောင်းလည်း အားလုံးအသိပင်ဖြစ်ပါသည်။

စိတ်ဝင်စားဘွယ်ကောင်းသောသတင်းမှာ နဝတစစ်ဗိုလ်ချုပ်ကြီးများ ဘိန်းကုန် ကူးသည်ဆိုသောသတင်းနှင့် ခွန်ဆာရန်ကုန်မြို့တွင် ရွှေနန်းစံနေသည်ဆိုသော သတင်းမဟုတ်။ ဗိုလ်နေဝင်း၏စစ်အာဏာရှင်စနစ်နှင့် ဘိန်းဘုရင်ခွန်ဆာ၏ ဟီးရိုး အင်းစီးပွားရေးလုပ်ငန်းမည်ကဲ့သို့ ဆက်စပ်နေသည် ဟူသောသတင်းပင်ဖြစ်ပါသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဗိုလ်နေဝင်းသည် စစ်အာဏာရှင်စနစ်ကို တဖက်တွင် လူထုကိုအကြောက်ရောဂါသုံးပါးတိုက်ကျွေးပြီး၊ အခြားတဖက်တွင် ပြည်တွင်းစစ်ကို ပိုးမွေးသလို မွေးမြူဖန်တီးခဲ့သူဖြစ်ပါသည်။ ဗိုလ်နေဝင်း၏ မဆလ ခေတ်တလျှောက်လုံး ကျင့်သုံးခဲ့သော “အညမည” သဘောတရားသည်—စစ်အာ ဏာရှင်စနစ်နှင့် ပြည်တွင်းစစ်အပြန်အလှန်အကျိုးပြုရေးဝါဒပင်ဖြစ်ပါသည်။ စစ်အာ ဏာရှင်စနစ်ထူထောင်ရေးအတွက် အဓိကအသက်သွေးကြောမှာ “ပြည်တွင်းစစ်” ပင်ဖြစ်ပါသည်။ ပြည်တွင်းစစ်ရှိမှသာ စစ်အာဏာရှင်စနစ်ကို ထူထောင်နိုင်မည်။ စစ်အာဏာရှင်စနစ်ထူထောင်ရေးအတွက် ပြည်တွင်းစစ်အလိုရှိသည်—ဟူသော အညမညသဘောတရားပင်ဖြစ်ပါသည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ထူထောင် နိုင်ရေးအတွင် ပြည်တွင်းစစ်ကို ဗိုလ်နေဝင်းကိုယ်တိုင်က ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။

အနှစ်ငါးဆယ်ကြာပြည်တွင်းစစ်ကိုသေချာစွာ လေ့လာဆန်းစစ်ကြည့်ပါက— အနှစ်သာရအားဖြင့် နှစ်မျိုးနှစ်စားကွဲပြားခြားနားကြောင်း တွေ့ရပါသည်။ ပထမ တမျိုးမှာ “နိုင်ငံရေး” ကိုအခြေခံသော ပြည်တွင်းစစ်မျိုးဖြစ်ပါသည်။ နိုင်ငံရေးကို အခြေခံသောပြည်တွင်းစစ်ကိုထပ်မံ၍နှစ်မျိုးနှစ်စားခွဲခြားနိုင်ပါသည်။ တမျိုးမှာ—

"နိုင်ငံရေးဝါဒ" တခုခုအပေါ်အခြေခံသော စစ်မျိုးဖြစ်၍ "ဗမာပြည်ကွန်မြူနစ်ပါတီ" ဆင်နွှဲခဲ့သော ပြည်တွင်းစစ်မျိုးဖြစ်ပါသည်။

အခြားတမျိုးမှာ—ဝါဒရေးရာထက် လူမျိုးရေးကိုအခြေခံသော စစ်ဖြစ်သည်။ တနည်းအားဖြင့်ဆိုပါက၊ တိုင်းရင်းသားလူမျိုးများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် စသည်တို့ကိုတောင်းဆိုတိုက်ပွဲဝင်သောစစ် ပင်ဖြစ်ပါသည်။ ၎င်းစစ်မျိုးကို ပြည်ထောင်စုထဲမှ မြန်မာ (ဝါ) ဗမာမှအပ တိုင်းရင်းသားလူမျိုးအားလုံးလိုလိုက ဆင်နွှဲတိုက်ပွဲဝင်နေကြပါသည်။ သူတို့၏ပန်းတိုင်မှာ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့် ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးတို့ ပင်ဖြစ်ပါသည်။

ဗိုလ်နေဝင်းသည် အထက်ပါနိုင်ငံရေးကိုအခြေခံသည့် ပြည်တွင်းစစ်မျိုးကို မည်သည့်အခါမျှ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် မရည်ရွယ်မလိုလားခဲ့ပေ။ ဥပမာ—တိုင်းရင်းသားလူမျိုးအားလုံးက စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်လိုလားတောင်းဆိုမှုန်း သိပါလျက်နဲ့ "တပြည်ထောင်စနစ်" (Unitary) ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတင်းရေးဆွဲ၍ ၁၉၇၄ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပါသည်။ အမှန်စင်စစ် ဗိုလ်နေဝင်းသည် ပြည်တွင်းစစ်ကိုမည်သည့်အခါမျှ ငြိမ်းသတ်ရန်ဆန္ဒမရှိ၊ မလိုလားခဲ့ပေ။ စစ်အာဏာရှင်စနစ်ထူထောင်ရေးအတွက် ပြည်တွင်းစစ်ကိုဖန်တီးခဲ့သူမျှသာဖြစ်သောကြောင့်၊ နိုင်ငံရေးကိုအခြေခံသော စစ်ကိုနိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်မကြိုးပမ်းပဲ၊ စစ်ရေးဖြင့် ဖြေရှင်းနေခြင်းဖြစ်ပါသည်။ နိုင်ငံရေးကို စစ်ရေးဖြင့်အဖြေရှာနေသောဗိုလ်နေဝင်း၏လမ်းစဉ်သည်၊စစ်အာဏာရှင်စနစ်ထူထောင်ရေးနှင့်တိုင်းရင်းသားလူမျိုးများမျိုးဆက်တိမ်ကောပပျောက်အောင် ချေမှုန်းရေးမှအပ အခြားပန်းတိုင်မရှိပေ။ထို့ ကြောင့်ဗိုလ်နေဝင်း၏လမ်းစဉ်သည် တိုင်းရင်းသားလူမျိုးများမျိုးဆက်တိမ်ကောပပျောက်သွားအောင် ဝါးမြိုရေးတည်းဟူသော "မဟာလူမျိုးကြီးဝါဒ" မျှသာဖြစ်ပါသည်။

အထက်တွင်ဖော်ပြသောပြည်တွင်းစစ်မျိုးနှင့်အသွင်မတူပဲ၊ ဗိုလ်နေဝင်းကိုယ်တိုင် တိုက်ရိုက်ဖန်တီးထားခဲ့သော အခြားပြည်တွင်းစစ်တမျိုးမှာ ဗိုလ်နေဝင်း၏နာမည်ကျော် "ကာကွယ်ရေး" (KKY) စစ်စီမံကိန်းမှ တိုက်ရိုက်ဆင်းသက်လာခဲ့သော လောစစ်ဟန်နှင့်ခွန်ဆာတို့လို ပုဂ္ဂိုလ်များဦးဆောင်ဆင်နွှဲသည့် ပြည်တွင်းစစ်မျိုးဖြစ်၍၊ ၎င်းပြည်တွင်းစစ်မျိုး၏အကျိုးရလာဒ်မှာ လောစစ်ဟန်နှင့် ခွန်ဆာတို့လိုပုဂ္ဂိုလ်များ ကမ္ဘာတွင်အကြီးမားဆုံး "ဘိန်းအင်ပါယာ" ထူထောင်နိုင်ခြင်းနှင့် ဗိုလ်နေဝင်း ရာသက်ပန်စစ်အာဏာရှင်စနစ် ထူထောင်နိုင်ခြင်းတို့ပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော ပြည်တွင်းစစ်သည် ဗိုလ်နေဝင်း ကိုယ်တိုင်တိုက်ရိုက်ဖန်တီးသော စစ်ဖြစ်သည်နှင့် အညီ၊ ၎င်းစစ်၏ အကျိုးအမြတ်ကို သူကိုယ်တိုင် တိုက်ရိုက်ခံစားစံစားနေပါသည်။

ဤသို့ဖြင့် ခွန်ဆာနှင့် ပိုလ်နေဝင်းတို့ သည်နဂိုမူလကတည်းက တဦးကိုတဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဘဝဖြင့်အပြန်အလှန် အကျိုးပြုခဲ့ကြသူများဖြစ်ပါသည်။ တဦး၏ အကျိုးစီးပွားကိုတဦးက သစ္စာရှိရှိအကောင်အထည်ဖော်ပေးကြသူများသာ ဖြစ်ကြပါသည်။ ယခုအခါ ဘိန်းဘုရင်ကြီးနှင့် စစ်အာဏာရှင်ကြီးနှစ်ဦးစလုံး အငြိမ်းစားယူရန် သူတို့၏လက်အောက်ငယ်သား နဝတစစ်ပိုလ်ချုပ်ကြီးများက နိုင်ငံတကာ ဘိန်းကုန်ကူးလုပ်ငန်းနှင့် စစ်အာဏာရှင်စနစ်ထိန်းသိမ်းရေးကို ကျေပွန်စွာထမ်းဆောင်နေပါသည်။

## (၃) အာဆီယံဒေါ်လာ

နဝတ ၏တတိယနည်းဗျူဟာမှာ အာဆီယံအဖွဲ့တွင်အသင်းဝင်ရေးနှင့် ၎င်းအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်ပါသည်။ ယင်း အချက်သည် နဝတစစ်အစိုးရသက်ဆိုးရှည်ရေးအတွက် မဟာလိုအပ်ချက်ပင် ဖြစ်ပါသည်။ တရုတ်လက်နက်နှင့်ခွန်ဆာဘိန်းတို့သည် ရေရှည်ရပ်တည်ရေးအတွက် မလုံလောက်၊ မလုံခြုံကြောင်း နဝတစစ်ပိုလ်များ သိရှိထားပါသည်။ ထိုကြောင့် အာဆီယံဒေါ်လာ ရရှိနိုင်မှသာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ၎င်းတို့သိရှိထားသည်နှင့် အညီ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျှက် ရှိနေပါသည်။

နဝတ နှင့်အာဆီယံဆက်ဆံရေးကို ရှုဒေါင့်နှစ်ခုမှသုံးသပ်ထားရန်လိုအပ်ပါသည်။ ပထမအာဆီယံအဖွဲ့ဝင်များ၏အနေအထားကို တင်ပြပါမည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းအဖွဲ့ကိုစတင်ထူထောင်ခဲ့စဉ်က အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့်ပုဂ္ဂိုလ်များ၏ ဇာတ်ကြောင်းကို လေ့လာပါက၊ အာဆီယံသည် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လူမျိုးချင်းတန်းတူရေး စသောလူသားတို့၏ မွေးရာပါ အခြေခံလွပ်လပ်ခွင့်များကို လေးစားတန်ဖိုးထား၍ ဖွဲ့စည်းထားသောအဖွဲ့အစည်းမဟုတ်ပေ။ မိမိတို့ အာဏာတည်မြဲရေးအတွက် လူ့အခွင့်အရေးကို နည်းမျိုးစုံဖြင့်ချိုးဖောက်၍ ဒီမိုကရေစီလွတ်လပ်ခွင့်များကိုပိတ်ပင်ခဲ့သူများ၊ အာဏာရှင်စနစ်ကျင့်သုံးသောနိုင်ငံများ ရောနှောပါဝင်ခဲ့သည့်အဖွဲ့မျှသာဖြစ်သည်။ ၎င်းတို့၏အဓိကဦးတည်ချက်မှာ အာဏာတည်မြဲရေးနှင့် စီးပွားရေးတောင့်တင်းခိုင်မာရေး တို့ပင်ဖြစ်ပါသည်။ "နိုင်ငံရေးတည်ငြိမ်မှ စီးပွားရေးတိုးတက်မည်" ဟုကြွေးကြော် သူများ၏အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့်နိုင်ငံရေးတည်ငြိမ်ရေးဟူသော အကြောင်းပြချက်ဖြင့် လူ့ အခွင့်အရေးချိုးဖောက်ရန် မည်သည့်အခါမှဝန်မလေးကြပေ။

ထိုကဲ့သို့ လူ့အခွင့်အရေးကိုချိုးဖောက်၊ လူထုလွတ်လပ်ခွင့်ကိုပိတ်ပင် လူမျိုးချင်းတန်းတူရေးကိုဖျက်ဆီးသော တိုင်းပြည်များစွာအာဆီယံ အဖွဲ့တွင်ပါဝင်ခဲ့ကြသော်လည်း စစ်အေးကာလအတွင်း အနောက်နိုင်ငံများ အထူးသဖြင့်အမေရိကန်ပြည်ထောင်စု၏ ကွန်မြူနစ်မပြန့်ပွားရေး (ဝါ) ထိန်းချုပ်ရေးဟူသော (Contain-

ment Policy) ကြောင့် ထိုနိုင်ငံများကိုဝေဖန်ပြစ်တင်ခြင်းမပြုခဲ့ရုံမျှမက အချို့နိုင်ငံများကို စစ်ရေးအကူအညီများပင်တိုးမြှင့်ပေးအပ်ခဲ့ပါသည်။

နိုင်ငံရေးအရ လွတ်လပ်သောလူ့အဖွဲ့အစည်းကို မထူထောင်နိုင်ကြသော်လည်း စစ်အေးကာလအတွင်း အာဆီယံသည် စီးပွားရေးအရအလွန်အရေးပါသောအဖွဲ့ အဖြစ်ရပ်တည်နိုင်ခဲ့ပါသည်။ စစ်အေးပြီးလာသောအခါ ၎င်းတို့၏အရေးပါမှုကျယ်ပြန့်လာခဲ့ပါသည်။ ယခုအခါ အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများအဖွဲ့ (European Union) နှင့် ဂျပန် စသော စက်မှုတိုးတက်သည့် နိုင်ငံကြီးများပင်လျှင် အာဆီယံနှင့် သာမာန်ဆက်ဆံရေး အဆင့်ထက်ကျော်၍ ပုံမှန်ဆက်ဆံရေးတည်ဆောက်နိုင်ကြိုးပမ်းနေကြပြီဖြစ်ပါသည်။ တဖက်မှာလည်း အာဆီယံအဖွဲ့က ၎င်းတို့၏ အင်အားကိုတိုးချဲ့ရန် အဖွဲ့ဝင်နိုင်ငံသစ်များကို ဖိတ်ခေါ်ကမ်းလှမ်းလျက်ရှိနေပါသည်။ စီးပွားရေးစနစ်ချင်းမတူသော ကွန်မြူနစ်ဗီယက်နမ်ကိုပင် အဖွဲ့ဝင်အဖြစ်လက်ခံထားပါသည်။

ထိုသို့သော အချက်များက နဝတစစ်အစိုးရ၏အာဆီယံအဖွဲ့ဝင်အဖြစ်ကြိုးပမ်းရေးကို ထောက်ကူအားပေးလျက်ရှိနေပါသည်။ ပထဝီအနေအထားအရကြည့်ပါကမြန်မာနိုင်ငံသည် အာဆီယံထဲတွင် အလိုအလျောက် ပါဝင်နေပြန်သည်။

ထိုကဲ့သို့သော အခြေအနေများအောက်တွင် နဝတ၏နည်းဗျူဟာများကို ဒီမိုကရေစီအင်အားစုများက မည်ကဲ့သို့ ဆန့်ကျင်မည်နည်း။ နဝတစစ်အစိုးရသာ အာဆီယံအဖွဲ့ဝင်ဖြစ်သွားပါက ဒီမိုကရေစီအရေးတော်ပုံကြီးအတွက် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်နိုင်သောကြောင့် နဝတ ကို အာဆီယံအဖွဲ့ဝင်အဖြစ် "လက်မခံ" ရေးအတွက်နည်းမျိုးစုံ ဖြင့်ကန့်ကွက်ဟန့်တားသင့်ပါသည်။ ၎င်းတို့အနက် —

## (က) နဝတစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှု

နဝတစစ်အစိုးရသည် လူ့အခွင့်အရေးကိုချိုးဖောက်သော အစိုးရမျှသာ ဖြစ်သောကြောင့် အာဆီယံအဖွဲ့ဝင်အဖြစ် လက်မခံသင့် ဟူသောအကြောင်းပြ ကန့်ကွက်ဟန့်တား နိုင်ပါသည်။ သို့ရာတွင် အခက်အခဲတရပ်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အများစုသောအာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဏာရှင်များကိုယ်တိုင်အုပ်ချုပ်၍ လူ့အခွင့်အရေးကိုနည်းမျိုးစုံဖြင့် ချိုးဖောက်သော တိုင်းပြည်များသာဖြစ်သောကြောင့်၊ ထိုအချက်သည် ထင်သလောက်အရာရောက်ချင်မှ ရောက်ပေမည်။ မည်သို့ပင်ဆိုစေ အာဏာရှင်စနစ်နှင့် စစ်တပ်၏နိုင်ငံရေးဝင် ရောက်စွက်ဖက်မှုကို လူထုအင်အားဖြိုချနိုင်ခဲ့သော ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ကို ဤနည်းဖြင့် ဆွဲဆောင်နိုင်မည်ဟု ယူဆမိပါသည်။

## (ခ) ဘိန်းကုန်ကူးသောအစိုးရနှင့် မဆက်ဆံသင့်

နဝတစစ်အစိုးရသည် ရွှေတြိဂံနယ်မြေမှ ဘိန်းကုန်ကူးလုပ်ငန်းအားလုံးကို ခွန်ဆာထံမှ အမွေခံယူထားသော အစိုးရမျှသာဖြစ်သောကြောင့်၊ ၎င်းတို့နှင့် မဆက်ဆံသင့်ဟူသော အကြောင်းပြချက်ဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုအချက်သည် နဝတ အာဆီယံအဖွဲ့အဖြစ် လက်မခံရေးအတွက် အထက်မြက်ဆုံးသော နိုင်ငံရေးလက်နက်ဖြစ်သည်ဟု သုံးသပ်မိပါသည်။ ထိုအချက်ကိုကိုင်၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံ (EU) တို့က နဝတနှင့် မဆက်ဆံရေးမူကို ချမှတ်ပြီး ဖိအားပေးနေခြင်းဖြစ်ပါသည်။ အရေးကြီးသည့်အချက်မှာ ဒီမိုကရေစီအင်အားစုများက ထိုကဲ့သို့အစွမ်းထက်မြတ်သော နိုင်ငံရေးလက်နက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေးပင်ဖြစ်ပါသည်။

## (ဂ) ဒီမိုကရေစီအစိုးရကိုစောင့်ပါ

လူတိုင်းသိက္ခာတရားကို လေးစားမြတ်နိုး ကြပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း လူ့အခွင့်အရေးကို မလေးစားနိုင်ရင်တောင်မှ သူတို့၏သိက္ခာကို သူတို့လေးစားကြမည်သာ ဖြစ်သည်။ သူတို့လည်း သိက္ခာရှိရှိ စီးပွားရေး လုပ်ချင်ကြရှာပေလိမ့်မည်။ ထို့ကြောင့် တရားမဝင် နဝတစစ်အစိုးရနှင့် စီးပွားရေးလုပ်ခြင်းထက် နအဖကို ဖိအားပေး၍ လူထုရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရ တက်လာသည့်အခါ သိက္ခာရှိရှိစီးပွားရေး လုပ်ကြပါရန် သင့်တော်ကြောင်း နားချသင့်ပါသည်။

## နိဂုံးချုပ်

နဝတစစ်အစိုးရ၏ အာစီယံအဖွဲ့ဝင်အဖြစ် အသင်းဝင်ရန် ကြိုးပမ်းမှုနှင့် ပတ်သက်၍ အနောက်နိုင်ငံအစိုးရများ အထူးသဖြင့် USA နှင့် EU ၏ ဖိအားပေးမှုနှင့် အနောက်တိုင်းစာနယ်ဇင်းများ၏ ဆန့်ကျင်ရေးသားကန့်ကွက်မှုများ ပြင်းထန်သလောက် ကျွန်ုပ်တို့ ဒီမိုကရေစီအင်အားစုများ၏ လေသံအားလျော့နေသည်ဟု သုံးသပ်မိပါသည်။ ပြည်ပရောက်ဒီမိုကရေစီအင်အားစုများ အနေဖြင့်၊ တဦးချင်းအလိုက်သော်၎င်း အဖွဲ့အစည်းအလိုက်သော်၎င်း၊ အာစီယံအဖွဲ့ဝင်နိုင်ငံများထံသို့ စာရေးကန့်ကွက်ခြင်း၊ လူစုလူဝေးဖြင့် ဆန္ဒပြဆန့်ကျင်ခြင်း၊ စာနယ်ဇင်းများ — အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်ဝေသောစာနယ်ဇင်း — များတွင် ရေးသားကန့်ကွက်ခြင်းများ ပြုလုပ်သင့်ပါသည်။ နဝတစစ်ဗိုလ်ချုပ်များ၏ လက်ဦးမှုကို ခံရတာများသွားပြီ။ ဒီတခါတော့ ဒီမိုကရေစီအင်အားစုများ အင်အားစုစည်း၍ တန်ပြန်ထိုးစစ်ဆင်ရန်လိုအပ်နေကြောင်း တင်ပြလိုက်ရပါသည်။

အခန်း (၁၄)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ) ၏

# သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေး
# ကြိုးပမ်းဆောင်ရွက်ချက်များ

[ ၂၀၀၃ တွင်ကျင်းပသော **UNLD-LA** ဒုတိယအကြိမ်ညီလာခံ၌
ရှင်းလင်းတင်ပြချက် ]

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
# (လွတ်မြောက်နယ်မြေ) ၏
# သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေး
# ကြိုးပမ်းဆောင်ရွက်ချက်များ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီမိုကရေစီရေးနှင့် စစ်မှန်သောဖက်ဒရယ်နိုင်ငံတော်ထူထောင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ လက်တွဲတိုက်ပွဲဝင်နိုင်ဖို့ ဖွဲ့စည်းထူထောင်ခဲ့တဲ့ နိုင်ငံရေးအဖွဲ့ချုပ်ကြီးတခု ဖြစ်ပါတယ်။ ဒါကြောင့် UNLD စတင်ဖွဲ့စည်းကတည်းက ချမှတ်ထားတဲ့ မူဝါဒနှင့်ပေါ်လစီများကို တသွေမတိမ်း လိုက်နာသွားမယ်၊ ဆက်လက်ထိန်းသိမ်းသွားမယ်ဆိုပြီး UNLD(LA) ရဲ့ ပထမအကြိမ်ညီလာခံတုန်းက ဆုံးဖြတ်သွားခဲ့ပါတယ်။ ဒါကြောင့် ကျနော့်စာတမ်း ထဲမှာ UNLD ရဲ့ရည်ရွယ်ချက် (၆) ရပ်နှင့် အနာဂတ်ဖက်ဒရယ်နိုင်ငံတော် ထူထောင် နိုင်ရေးအတွက် UNLD ချမှတ်ထားတဲ့ လမ်းညွှန်မှု (၇) ရပ်တို့ကို ကျနော်ပြန်လည် ဖော်ပြထားပါတယ်။

ဒီနေ့ကျနော်အထူးတင်ပြချင်တဲ့အပိုင်းကတော့ UNLD(LA) ရဲ့ ပထမအကြိမ် ညီလာခံက ချမှတ်ထားခဲ့တဲ့ မူဝါဒရေးရာနှင့် ပေါ်လစီပိုင်းဆိုင်ရာကိစ္စများကို သုံးနှစ်တာအတွင်း ဘယ်လို ဆောင်ရွက်အကောင်အထည်ဖော်ခဲ့သလဲ ဆိုတာကို ဦးစားပေးတင်ပြသွားမှာ ဖြစ်ပါတယ်။ မူဝါဒရေးရာနှင့်ပတ်သက်ပြီး ပထမညီလာခံ တုန်းက ချမှတ်ဆုံးဖြတ်ချက်များထဲမှာ အဓိကအားဖြင့်အချက်နှစ်ချက် ပါဝင်ခဲ့ ပါတယ်။ ဒါတွေကတော့ —

တစ် ...

၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးရဲ့ အထွေထွေညီလာခံ (UNGA) ကချမှတ်ထားတဲ့အတိုင်း ကျနော်တို့ပြည်ထောင်ရဲ့ပြဿနာများကို သုံးပွင့် ဆိုင်ဆွေးနွေးပွဲနဲ့ ဖြေရှင်းရေး။ ၎င်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေး အတွက် တိုင်းရင်းသားတို့ဖက်မှ ပြင်ဆင်မှုများပြုလုပ်နိုင်ရန် UNLD(LA) မှတတ်နိုင်သရွေ့ Initiative ယူပြီး ဆောင်ရွက်သွားရေး။

နှစ်ကတော့ ...

ကျနော်တို့ UNLD(LA) ၏နိုင်ငံရေးပန်းတိုင်ဖြစ်တဲ့ စစ်မှန်သောဖက်ဒရယ် နိုင်ငံတော်ထူထောင်ရေးနှင့်ပတ်သက်နေပါတယ်။ ကျနော်တို့ အနာဂတ်ပြည် ထောင်စုကို စစ်မှန်သောဖက်ဒရယ်နိုင်ငံတော်နဲ့ထူထောင်ချင်ရင်၊ ကျနော် တို့ရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်အင်္ဂါရပ်တွေနဲ့အညီ ရေးဆွဲပြဌာန်းဖို့လိုအပ်ပါတယ်။ ဖက်ဒရယ်အင်္ဂါရပ်တွေနဲ့အညီ နိုင်ငံတော်

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ဆိုတဲ့နေရာမှာလည်းပဲ ကျနော်တို့ဆိုလို တာက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (Federal Constitution) တခုထဲကိုဆိုလိုတာမဟုတ်ဘူး။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးမယ်ဆိုရင် Federal Constitution တခုထဲနဲ့ မလုံလောက်ပါဘူး။ ပြည်ထောင်စုအဖွဲ့ အဖွဲ့ဝင်အမျိုးသားပြည်နယ်က မိမိတို့ရဲ့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သီးခြားရေးသားပြဋ္ဌာန်းနိုင်ရမှာဖြစ်ပါတယ်။ ကျနော်ဆိုလိုတာက ပြည်နယ်များရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပဲ စစ်မှန်တဲ့ပြည်ထောင်စုစနစ်၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ မရှိနိုင်ပါဘူး။ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။

ဒါကြောင့်ကျနော်တို့ပထမအကြိမ်ညီလာခံတုန်းက UNLD(LA) အနေဖြင့် ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်အသီးသီးက မိမိတို့ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် UNLD(LA) က Initiative ယူပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပြီး ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမယ့် ပြည်နယ်များရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့အစီရင်ခံစာကို သီးခြား အချိန်မှာ တင်သွင်းသွားမှာဖြစ်တဲ့အတွက် အခုတော့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖော်ဆောင်နိုင်ရေးအတွက် ကျနော်တို့ရဲ့နှစ်နှစ်တာကာလ ကြိုးပမ်းဆောင်ရွက်မှုများကို အကျဉ်းချုံးပြီးတင်ပြသွားမှာဖြစ်ပါတယ်။

## သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ် နိုင်ရေးအတွက် UNLD(LA) ၏ကြိုးပမ်း ဆောင်ရွက်ချက်များ

သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ် နိုင်ရေးအတွက် ကျနော်တို့ရဲ့ကြိုးပမ်းဆောင်ရွက် ချက်များနဲ့ ပတ်သက်ပြီး ကျနော်အကျယ်တဝင့်ရှင်းလင်းတင်ပြလိုပါတယ်။ အင်္ဂလိပ် လိုရေးသားတင်သွင်းတဲ့ ကျနော့်စာတမ်းထဲမှာ အသေးစိပ်ဖော်ပြပြီးဖြစ်ပေမယ့် ခေါင်းဆောင်ကြီးများ သိရှိနိုင်အောင် အကျယ်ချဲ့ပြီး တင်ပြလိုပါတယ်။

ကျနော်တို့ကျောင်းသားများ ၁၉၈၈ ကတည်းကဦးဆောင်ဆင်နွှဲခဲ့တဲ့ ဒီမိုက ရေစီအရေးတော်ပုံကြီးဟာ အပြီးသတ်အောင်ပွဲမဆင်နွှဲနိုင်သေးပေမယ့် သမိုင်းမှာ မှတ်တမ်းတင်ထိုက်တဲ့အောင်မြင်မှု (၂) ခုကတော့ ကျနော်တို့ရရှိထားပါတယ်။ ဒါ တွေကတော့ ၁၉၉၀ ခုမေလမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲအောင်ပွဲနဲ့ ၁၉၉၄ ခုမှာ ကမ္ဘာ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဆုံးဖြတ်ခဲ့တဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲနဲ့ ပြည်ထောင်စုရဲ့နိုင်ငံရေးပြဿနာကကို ဖြေရှင်းရမည် … ဆိုတဲ့ ဆုံးဖြတ်ချက် တို့ပဲဖြစ် ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲက ဒီမိုကရေစီအင်အားစုများကိုနိုင်ငံရေး Legitimacy ပေးခဲ့သလို ၁၉၉၄ UNGA ရဲ့ဆုံးဖြတ်ချက်က ကျနော်တို့တိုင်းရင်းသားလူမျိုးများရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး နိုင်ငံရေး Legitimacy ကိုပါပေးနိုင်ခဲ့ ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ ကနေပြီးသုံးပွင့်ဆိုင်ဆွေးနွေးပွဲဆိုင်ရာဆုံးဖြတ်ချက်ကို ၁၉၉၄ က တည်းကချမှတ်ခဲ့ပြီးဖြစ်ပေမယ့် ကျနော်တို့တိုင်းရင်းသားဖက်ကဒါကို အမိအရ ဆုပ်ကိုင်ပြီး နိုင်ငံရေးတိုက်ကွက်အဖြစ် နိုင်ငံရေးမဟာဗျူဟာနဲ့ နည်းဗျူဟာအဖြစ် အသုံးမချနိုင်ခဲ့ပါဘူး။ တဖက်မှာလည်း နအဖစစ်အစိုးရကနည်းမျိုးစုံနဲ့ ဒါကိုချေဖျက်ဖို့ကြိုးစားခဲ့ပါတယ်။ နအဖရဲ့ထိုးစစ်ထဲမှာ ကျနော်တို့ဖက်ကအနာဆုံးထိုးစစ်ကတော့ တချို့သော ကျနော်တို့တိုင်းရင်းသားလူမျိုးများရဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနဲ့ Cease-fire လုပ်သွားနိုင်တာပဲဖြစ်ပါတယ်။ ကျနော်တို့ တိုင်းရင်းသားဘက်မှာ အင်အားကြီးမားတဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အား — အထူးသဖြင့် KIO နှင့် NMSP စတဲ့ အင်အားကြီးမားတဲ့ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ Cease-fire လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း နအဖက ဘာပြန်ပြောသလဲဆိုတော့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဆိုတာ လုံးဝမလိုပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ငါတို့ Cease-fire တွေလုပ်နေပါတယ်။ စာချုပ်တွေ ချုပ်ပြီး လက်မှတ်တွေ ထိုးနေပါတယ်။ ဒါကြောင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဆိုတာ မလိုပါဘူးလို့ နိုင်ငံတကာကို ဝါဒမှိုင်းတိုက်ခဲ့ပါတယ်။ ဒါကကျနော်တို့ ဒီမိုကရေစီအင်အားစုများကို တော်တော်အထိနာစေခဲ့ပါတယ်။

ဒီလိုနဲ့ — ၁၉၉၈ ခုနှစ် ကနေဒါနိုင်ငံအောတဝါးမြို့မှာ ကျင်းပခဲ့တဲ့စည်းဝေးပွဲတခုမှာ — NCGUB ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက ကနေဒီယံပါလီမန်မှာမိန့်ခွန်းပြောခဲ့ပါတယ်။ အဲ့ဒီမိန့်ခွန်းမှာသူဘာပြောခဲ့သလဲဆိုတော့ — ကျနော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာကြီးကို ဖြေရှင်းရန်အကောင်းဆုံးနည်းလမ်းကတော့ UNGA ဆုံးဖြတ်ချက်အတိုင်း Tripartite Dialogue နဲ့ဖြေရှင်းရေးပဲဖြစ်ပါတယ်။ ဒီ Tripartite Dialogue မှာ —

(၁) **စစ်အစိုးရ**
(၂) **ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ဒီမိုကရေစီအင်အားစုများ**
(၃) **တိုင်းရင်းသားလူမျိုးစုများ** ပါဝင်ဆွေးနွေးပြီး နိုင်ငံရေးပြဿနာအားလုံးကို ဖြေရှင်းအဖြေရှာဖို့ဖြစ်ပါတယ်လို့ သူပြောခဲ့ပါတယ်။

ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက ကနေဒီယံပါလီမန်မှာမိန့်ခွန်းပေးပြီးတဲ့ နောက် မေးခွန်းထွက်လာတာက၊ ဟုတ်ပြီ — သုံးပွင့်ဆိုင်မှာပါဝင်ဆွေးနွေးဖို့ နအဖက တခုတည်းထဲဖြစ်နေကြတယ်။ ဒီမိုကရေစီအင်အားစုများလဲပဲ ဒေါ်စုရဲ့ဦးဆောင်မှုအောက်မှာ ညီညွတ်နေကြတယ်။ ဒါပေမယ့် — တိုင်းရင်းသားလူမျိုးများကျတော့ ဘယ်လိုလုပ်မလဲ။ လူမျိုးတွေ ဒီလောက်များတာ၊ ပါတီတွေ ဒီလောက်များတာ ဘယ်လိုလုပ်ပြီးညီညွတ်အောင်လုပ်မလဲ။ ဘယ်သူကဦးဆောင်မလဲ ဆိုပြီးတော့ မေးခွန်းတွေထွက်လာပါတယ်။

ဒါကြောင့် ကျနော်တို့အခြေအနေအရပ်ရပ်ကို ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့ပါတယ်။ ဒီလိုဆန်းစစ်သုံးသပ်တဲ့အခါကျတော့ — ၁၉၉၀ ရွေးကောက် ပွဲမှာ NLD တပါတီထဲတာအနိုင်ရတာမဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးများရဲ့ နိုင်ငံရေးပါတီတွေလည်း အနိုင်ရတာပါပဲ။ UNLD ရဲ့အဖွဲ့ဝင်ပါတီတွေကဆိုရင် အမတ်နေရာ (၆၇) နေရာတောင်နိုင်ခဲ့တာပဲ။ ဒါကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲမှာ တိုင်းရင်းသားများပြင်ဆင်နိုင်ဖို့၊ ၁၉၉၀ ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ UNLD ကိုနိုင်ငံရေး Legitimacy ရှိတဲ့အဖွဲ့ချုပ်ဖြစ်တဲ့အတွက် ၎င်းကိုအခြေပြုပြီး ပြင်ဆင်မှုတွေပြုလုပ်သွားဖို့ — ဆိုလိုတာက တိုင်းရင်းသားလူမျိုးများရဲ့ Legitimacy ရှိတဲ့ နိုင်ငံရေး Platform အဖြစ် UNLD ကိုအသုံးပြုပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများကိုလုပ်ဆောင်သွားကြဖို့ သဘောတူခဲ့ကြပါတယ်။

တဆက်တည်းမှာပဲ ကနေဒါအစိုးရက ၎င်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက်ပြင်ဆင်နိုင်ရေး၊ အထူးသဖြင့်တိုင်းရင်းသားလူမျိုးများပြင်ဆင်နိုင်ရေးအတွက် ရံပုံငွေပါပေးလာခဲ့ပါတယ်။ အဲဒီရံပုံငွေဟာ အခုဘာဖြစ်သွားသလဲဆိုတော့ National Reconcilaition Program (NRP) ဖြစ်သွားပါတယ်။ အစက ကျနော်တို့စဉ်းစားခဲ့တာကတော့ NRP Program ကို UNLD အောက်မှာထားပြီးဆောင်ရွက်ဖို့ပဲ။ သို့သော်နောက်ပိုင်းကျနော်တို့ဆွေးနွေးတိုင်ပင်ကြည့်တဲ့အခါကျတော့ — NRP Program ဟာကျယ်ကျယ်ပြန့်ပြန့်လုပ်သင့်တယ်။ UNLD တခုထဲနဲ့လုပ်တာထက်ပိုပြီး ကျယ်ပြန့်အောင် — တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးလည်း ခြုံငုံနိုင်အောင်၊ ဒီမိုကရေစီအင်အားစုအားလုံးအတွက်လည်း အကျိုးရှိအောင် လုပ်ဆောင်ရမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ တဖက်မှာကြည့်ရင်လည်း တကယ်လက်တွေ့ပြဿနာက ရှိနေပါတယ်။အဲဒီတုန်းက UNLD ကိုကျနော်တို့ ပီပီပြင်ပြင်ပြန်လည်မဖွဲ့စည်းနိုင်ခဲ့သေးဘူး။ ပြီးတော့လွတ်မြောက် နယ်မြေကိုရောက်ရှိလာတဲ့ UNLD အဖွဲ့ဝင်အင်အားကလည်းနည်းပါတယ်။ နည်းပါးရုံတင်မကဘူး ကမ္ဘာ့အနှံ့ပြန့်ကျဲနေကြတဲ့အတွက် စုစည်းဖို့ကလည်းခက်ခဲခဲ့ ပါတယ်။ ဒါကြောင့် NRP ပေါ်လာတော့ UNLD က NRP ရဲ့ Component တခု အဖြစ်ပါလာတာ ဖြစ်ပါတယ်။ အမှန်က NRP ကို UNLD အောက်မှာဆောင်ရွက် အကောင်အထည်ဖော်ဖို့။ ဘာဘဲဖြစ်ဖြစ်အခုလို NRP ကိုကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်တာကို ကျနော်တို့အားလုံးဝမ်းသာကြိုဆိုရမှာဖြစ်ပါတယ်။ UNLD ကို လည်း LA အဖြစ်နဲ့ပြန်လည်ထူထောင်ဖြစ်တယ်။ အားလုံးအတွက်အကျိုးရှိတဲ့ NRP လုပ်ငန်းစဉ်ကိုလည်း လုပ်ဖြစ်သွားပါတယ်။

## UNLD(LA) - NDF Joint Action Committee ကိုဖွဲ့စည်းခြင်း

ဆိုတော့ကျနော်တင်ပြချင်တဲ့အကြောင်းရင်းကတော့ သုံးပွင့်ဆိုင် Tripartitie Dialogue ဖော်ဆောင်နိုင်ရေးအတွက် ကျနော်တို့ရဲ့ကြိုးပမ်းချက်ပဲ ဖြစ်ပါတယ်။ UNLD(LA) ရဲ့ပထမညီလာခံမှာ ဆုံးဖြတ်ထားတဲ့အတိုင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ် နိုင်ရေးကို ကျနော်တို့ကြိုးပမ်းတဲ့အခါမှာ ပထမအဆင့်အနေနဲ့ ကျနော်တို့ လုပ်ဆောင်သွားတာကတော့ — ကျနော်တို့ရဲ့မဟာမိတ်အင်အားစုများနဲ့ နားလည်မှုရယူပြီး လက်တွဲအလုပ်လုပ်ဆောင်နိုင်ရေး ဖြစ်ပါတယ်။ ဒါကြောင့်ညီလာခံပြီးပြီးချင်း ကျနော်တို့ရဲ့နာယကကြီး Dr. Chao Tzang Yawnghwe ဦးဆောင်ပြီး အမြဲတမ်းသဘာပတိအဖွဲ့ဝင် အမတ်ကြီးခွန်းမန်းကိုဘန်းနှင့် အထွေထွေအတွင်းရေးမှူး ကျနော် ဆလိုင်းလျန်မှုန်းတို့သွားပြီးတော့ NDF, KNU, KNPP နဲ့ NMSP တို့ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ နောက်ပိုင်းလည်း တဖြည်းဖြည်း SSA, CNF စတဲ့အဖွဲ့ အစည်းများကိုလည်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး သူတို့ရဲ့အကြံကိုယူတယ်။ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖိတ်ခေါ်ခဲ့ပါတယ်။

ပထမအဆင့်အနေနဲ့ ကျနော်တို့လုပ်ဆောင်နိုင်ခဲ့တာက UNLD(LA) - NDF Joint Action Committee ကိုဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီ Joint Action Committee မှာ NDF ဖက်မှ KNU ဥက္ကဌကြီးစောဘသင်၊ NDF ရဲ့ အဲ့ဒီတုန်းက အထွေထွေအတွင်းရေးမှူးတာဝန်ကိုထမ်းဆောင်ခဲ့တဲ့ ခိုင်စိုးနိုင်အောင်နှင့် NDF အဖွဲ့လည်းဖြစ်၊ CNF ရဲ့နိုင်ငံခြားရေးတာဝန်ခံလည်းဖြစ်တဲ့ Dr. Sui Khar တို့ပါဝင်ခဲ့ပါတယ်။ ကျနော်တို့ UNLD(LA) ဖက်မှာကတော့ နာယကကြီး Dr. Chao Tzang Yawnghwe အမြဲတမ်းသဘာပတိအဖွဲ့ဝင်ခွန်းမန်းကိုဘန်းနှင့် အတွင်းရေးမှူး ကျနော် ဆလိုင်းလျန်မှုန်း တို့ပါဝင်ခဲ့ပါတယ်။

သက္ကရာဇ် ၂၀၀၂ မတ်လ မှာ UNLD နှင့် NDF ပူးပေါင်းပြီးတော့ — ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး ရုံးစိုက်ရာ နယူးယောက်မြို့ကို ကိုယ်စားလှယ်သုံးဦးစေလွှတ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရာဇာလီအစ်စမေးနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးပြီး တိုင်းရင်းသားလူမျိုးများရဲ့ အခြေအနေ၊ အဘယ်ကြောင့် နှစ်ရှည်လများလက်နက်ကိုင်တော်လှန်ရေးကို ဆင်နွဲနေရသလဲ။ ဒီ ပြဿနာကြီးငြိမ်းချမ်းစွာဖြေရှင်းနိုင်ဖို့ ဘာတွေလိုအပ်သလဲ။ မိမိတို့ရဲ့ရပ်တည်ချက်က ဘာရှိသလဲ စသည်တို့ကိုသွားရောက်တင်ပြခဲ့ပါတယ်။ ကိုယ်စားလှယ်အဖွဲ့မှ အထူးတင်ပြခဲ့တဲ့အချက်ကတော့ — ယနေ့ကျနော်တို့ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပြဿနာဟာ နဝတ၊ နအဖစစ်အစိုးရပြောသလို **"လူမျိုးရေးပဋိပက္ခ"** (Ethnic Conflict) မဟုတ်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ဆင်နွဲနေတဲ့တော်လှန်ရေးဟာ လူမျိုးရေးမုန်းတီးမှုအပေါ်မှာအခြေခံတဲ့ တော်လှန်

ရေး လုံး၀ (လုံး၀) မဟုတ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်းအကြားမှာ တိုက်ခိုက်မှု လည်းမရှိကြောင်း၊ ဗမာနှင့်ရှမ်း၊ ရှမ်းနှင့်ရခိုင်၊ ချင်းနှင့်ကချင် စသည်အားဖြင့် လူမျိုးတမျိုးနှင့်တမျိုးအကြားမှာ တိုက်ပွဲရန်လိုမှု လုံး၀မရှိကြောင်း၊ ထို့ကြောင့် တခြားကမ္ဘာမှာ ဖြစ်ပွားနေတဲ့ Ethnic Conflict မျိုးလို — ဥပမာ Former Yugoslavia မှာဖြစ်ပွားတဲ့ Ethnic Conflict လို လူမျိုးတမျိုးနှင့် တမျိုးအကြားမှာ အချင်းချင်းတိုက်ခိုက်မှုမျိုး ကျနော်တို့ဆီမှာ လုံး၀မရှိတဲ့အကြောင်း၊ အကယ်၍ ကျနော်တို့ရဲ့ ပြဿနာကို Ethnic Conflict လို့ခေါ်ရင်တောင်မှ Horizontal Conflict လို့ခေါ်တဲ့ အလျားလိုက်ဖြစ်ပွားတဲ့ လူမျိုးအချင်းချင်းတိုက်ခိုက်တာမျိုး မဟုတ်ပဲ Vertical Conflict လို့ခေါ်တဲ့ ဒေါင်လိုက်ဖြစ်ပွားတဲ့ ပဋိပက္ခ — အစိုးရနှင့် တိုင်းရင်းသားလူမျိုးစုအပါအ၀င် ဗမာလူထုတရပ်လုံးပါ ပါ၀င်ပတ်သက်တဲ့ ပဋိပက္ခ သာလျှင်ဖြစ်ကြောင်း၊ စစ်အစိုးရအနေဖြင့် ကျနော်တို့ရဲ့နိုင်ငံရေးပြဿနာကို Ethnic Conflict ဟု ကမ္ဘာကိုကြေညာခြင်းမှာ သူတို့အာဏာတည်မြဲရေးကို ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း၊ သူတို့ဆိုလိုရင်းကိုဆန်းစစ်လျှင် အဖြေက — "ငါတို့သာမရှိလျှင် တိုင်းရင်းသားအချင်းချင်းတိုက်ခိုက်ပြီး တိုင်းပြည်ပြိုကွဲသွားမည်။ ဒါကြောင့်အင်အားကြီးမားတဲ့ စစ်အစိုးရလိုအပ်တယ်" ဆိုပြီး ကမ္ဘာကိုလိမ်လည်ခြင်းသာဖြစ်ကြောင်း၊ အမှန်စင်စစ် ကျနော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာကြီးဟာ နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုက်ရိုက်ပတ်သက်တဲ့ပြဿနာဖြစ်ကြောင်း၊ တနည်းအားဖြင့် **"ပင်လုံစာချုပ်"** ကိုအကောင်အထည်မဖော်နိုင်ခြင်း၊ တိုင်းရင်းသား လူမျိုးများကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) ဆုံးရှုံးမှုအပေါ်များ အခြေခံတဲ့ ပြဿနာဖြစ်ကြောင်း စာတမ်းနှင့်တကွတင်ပြခဲ့ပါတယ်။

အဲ့ဒီလို UNLD-NDF ကိုယ် စားလှယ်အဖွဲ့က ကမ္ဘာ့ကုလသမဂ္ဂအထူး ကိုယ်စားလှယ် မစ္စတာရာဇာလီ အပါအ၀င် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးရဲ့ နိုင်ငံရေးဌာနမှာ အကြီးဆုံးဖြစ်တဲ့ (Under Secretary General of Political Affair), Mr Danielo Turk နှင့် UN မှာရှိတဲ့ EU Commission, ပြီးတော့ Washington DC မှာလည်း State Department က ပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ Dr. Chao Tzang Yawnghwe, Saw David Taw (KNU/NDF) နှင့် UNLD အတွင်းရေးမှူး Dr. Lian Hmung Sakhong တို့ဖြစ်ပါတယ်။

## ENSCC ပေါ်လာခြင်း

သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ဖို့ UNLD-NDF Joint Action Committee ကိုကျနော်တို့ဖွဲ့စည်းနိုင်ခဲ့ပေမယ့် အဲဒီ ကော်မတီမှာမပါနိုင်တဲ့ — NDF အဖွဲ့၀င်မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်း အတော်များများရှိနေသေးတယ်ဆိုတာကို ကျနော်တို့သွားတွေ့ရပါတယ်။ အထူးသဖြင့် KNPP

နှင့် SSA(S) တို့မပါဝင်နိုင်ခဲ့တာ ကျနော်တို့အင်အားကိုလျော့စေခဲ့တယ်လို့ သုံးသပ်ခဲ့မိပါတယ်။

ဒါကြောင့် Tripartite Dialogue အတွက်ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်နိုင်ရေး အတွက် ENSCC (Ethnic Nationalities Solidarity and Cooperation Committee) သက္ကရာဇ် ၂၀၀၁ ခုနှစ် ဩဂုတ်လမှာကျင်းပတဲ့ **"တိုင်းရင်းသားလူမျိုးများ နှီးနှောဖလှယ်ပွဲ"** (Ethnic National Seminar) မှာဖွဲ့စည်းခဲ့ပါတယ်။ ၎င်း ENSCC မှာ UNLD နှင့် NDF မှကိုယ်စားလှယ်များအပြင် KNPP မှကိုယ်စားလှယ်များလည်း ပါဝင်လာနိုင်ခဲ့ပါတယ်။ SSA(S) နှင့်အခြားလက်နက်ကိုင်အဖွဲ့အစည်း တချို့လည်း ကျနော်တို့နဲ့လက်တွဲပြီး ဆောင်ရွက်လာကြပါတယ်။ (တင်းပြည့်အဖွဲ့ဝင် အနေနဲ့တော့ အခြေအနေအရသူတို့ မပါဝင်နိုင်သေးပေ)။

ENSCC ရဲ့အဓိကရည်ရွယ်ချက်ကတော့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာနိုင်ရေးအတွက် ဗမာမဟုတ်တဲ့တိုင်းရင်းသားလူမျိုးများရဲ့ နိုင်ငံရေးပါတီများနှင့် လက်နက်အဖွဲ့အစည်းများကို စုစည်းနိုင်ရေးပဲ ဖြစ်ပါတယ်။ ၎င်းအင်အားစုများကို အကြမ်းအားဖြင့် (၄) မျိုးအဖြစ်ခွဲခြားနိုင်ပါတယ်။

(၁) UNLD မှာစုစည်းပါဝင်နေကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းများ
(၂) NDF အဖွဲ့ဝင် လက်နက်ကိုင်အင်အားစုများ
(၃) NDF အဖွဲ့ဝင်မဟုတ်တဲ့ လက်နက်ကိုင်အင်အားစုများ
(၄) Cease-fire အဖွဲ့များဆိုပြီး (၄) မျိုးနဲ့ သတ်မှတ်နိုင်ပါတယ်။

ENSCC အနေနဲ့ Tripartite Dialogue ဖြစ်ပေါ်လာနိုင်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ကျနော်တို့ပေါ်လစီကတော့ သူများလုပ်တာကို ထိုင်စောင့်မနေဘဲ ကိုယ်က Initiative ယူပြီး Proactive ဖြစ်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ ENSCC ရဲ့ Policy Paper ကိုလည်းထုတ်ပြန်ခဲ့ပါတယ်။ ဒီ Policy Paper ကတော့ "The New Panglong Initiative: Re-Building the Union of Burma" (ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်) ပဲဖြစ်ပါတယ်။ အဲဒီ စာတမ်းကိုကျနော်ရဲ့ ဒုတိယစာတမ်းဖြစ်တဲ့ "Ethnic Nationalities Initiative on Tripartite Dialogue: Report on Activities of ENSCC" ဆိုတဲ့စာတမ်းမှာ နောက်ဆက်တွဲအဖြစ်နဲ့ တွဲပေးထားပါတယ်။ လူကြီးမင်းများအသေးစိပ်လေ့လာဖတ်ရှုဖို့ တိုက်တွန်းချင်ပါတယ်။

ENSCC ရဲ့ Policy Paper ဖြစ်တဲ့ The New Panglong Initiative ကို ကျနော်တို့ရဲ့ မဟာမိတ်အင်အားစုများထဲချပြပြီး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့်ဒါကို ဒီမိုကရေစီအင်အားစုများက သက္ကရာဇ် ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှာ Strategy Consultation Committee (SCC) ကဦးဆောင် ကျင်းပ

တဲ့ နိုးနွောဖလှယ်ပွဲမှာ တခဲနက်ထောက်ခံအားပေးသွားပါတယ်။ ဒ့ါအပြင် ဒီပေါ်လစီကို ကျနော်တို့စွဲကိုင်ပြီး နိုင်ငံတကာကိုလည်း Lobby သွားခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၁ ဒီဇင်ဘာလ (၁၀) ရက်မှာကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည့်ရဲ့ နိုဘယ်ဆုပေးပွဲ အနှစ်တရာပြည့်အခန်းအနားမှာ ကျနော်တို့ ENSCC ခေါင်းဆောင်များက နော်ဝေးနိုင်ငံ၊ အော်စလိုမြို့ကိုသွားရောက်ပြီး ENSCC ရဲ့ ပေါ်လစီများကို နိုင်ငံတကာခေါင်းဆောင်ကြီးများရှေ့မှာ ချပြဆွေးနွေးနိုင်ခဲ့ပါတယ်။ အော်စလိုခရီးစဉ်အပြီးမှာလည်းပဲ ကျနော်တို့ EU ဌာနချုပ်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ ဘရာဆယ်မြို့၊ အီတလီနိုင်ငံ ရောမမြို့ (အီတလီနိုင်ငံက EU ဥက္ကဌလုပ်ခဲ့တဲ့အချိန်က) တို့ကို သွားပြီးစည်းရုံးရေးခရီးစဉ်များ ပြုလုပ်နိုင်ခဲ့ပါတယ်။

ပြီးတော့ သက္ကရာဇ် ၂၀၀၂ ခု စက်တင်ဘာလမှာ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ကျင်းပတဲ့ EU-ASEAN Summit နဲ့ချိန်ကိုက်ပြီး ကျနော်တို့ကလည်း Burma Summit တရပ်ကိုကျင်းပခဲ့ပါတယ်။ အဲဒီမှာ "Copenhagen Declaretion" “ကိုပင်ဟေဂင် ကြေညာစာတမ်း” ကိုထုတ်ပြန်နိုင်ခဲ့ပါတယ်။ “ကိုပင်ဟေဂင် ကြေညာစာတမ်း” မှာလည်းပဲ — ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကြပ်အတည်းများကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲနဲ့သာ ဖြေရှင်းသင့်ကြောင်း၊ နိုင်ငံရေးပြဿနာများအားလုံးကို နိုင်ငံရေးနည်းနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးဖို့ နအဖစစ်အစိုးရကို ဖိတ်ခေါ်ကမ်းလှမ်းပြီး၊ တဖက်မှာလည်း ဒီလို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာဖို့ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရဲ့အကူအညီလိုအပ်ကြောင်း မေတ္တာရပ်ခံတင်ပြထားပါတယ်။

ENSCC ရဲ့သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးလုပ်ဆောင်မှုအားလုံးကို ပြန်သုံးသပ်ကြည့်တဲ့ အခါကျတော့ ကျနော်တို့အနေနဲ့အထူးအားရစရာကောင်းတယ်လို့ပဲ သုံးသပ်မိပါတယ်။ ENSCC မဖွဲ့ခင်တုန်းက နိုင်ငံတကာက ကျနော်တို့ရဲ့ Ethnic Issues ကိုအရေးကြီးတဲ့အခန်းကဏ္ဍမှာမထားခဲ့ဘူး။ ကျနော့် အတွေ့အကြုံတခုကို ဥပမာအနေနဲ့တင်ပြရင် တခါက အိုင်ယာလန်နိုင်ငံ ဒပ်ပလင်မြို့မှာ သူတို့ရဲ့ ပါလီမန်နိုင်ငံခြားရေးကော်မတီမှာ ကျနော်တို့အရေးကိုသွားရောက်တင်ပြခဲ့ပါတယ်။ အဲဒီတုန်းက ကျနော်တို့တိုင်းရင်းသားအရေးကို သူတို့နားမလည်တဲ့အပြင် ဘာဖြစ်လို့သုံးပွင့်ဆိုင်ဆွေးနွေးပွဲဆိုတာ လိုအပ်နေတာလဲ။ ဒီမိုကရေစီအင်အားစုအားလုံးကို ဒေါ်အောင်ဆန်းစုကြည်က ကိုယ်စားပြုလို့မရဘူးလားဆိုပြီး မေးခွန်းတွေအကြီးအကျယ်မေးခဲ့ပါတယ်။ ကျနော်လည်းအတတ်နိုင်ဆုံး ရှင်းပြခဲ့ပါတယ်။ ဒါကျနော်တို့ရဲ့လှုပ်ရှားမှုကို အထူးအားပေးထောက်ခံတဲ့ အိုင်ယာလန်လို တိုင်းပြည်မှာတောင် ကျနော်တို့အရေးကိုနားမလည်ဘူးဆိုရင် တခြားတိုင်းပြည် တော့မပြောနဲ့တော့။ အထူးသဖြင့် အာဆီယံနိုင်ငံများ၊ ဂျပန်နှင့် အမေရိကန်တောင် ပါသေးတယ်။

သူတို့ကကျနော်တို့ တိုင်းရင်းသားအရေးကို ဘယ်တော့မှရှေ့တန်းတင်ပြီး အရေးပေးလေ့မရှိဘူး။

ဒါပေမယ့် ကျနော်တို့ ENSCC ဖွဲ့ပြီး Panglong Initiative ကို လုပ်လာတဲ့အခါကျတော့ EU နိုင်ငံအားလုံးနဲ့ အမေရိကန်ပြည်ထောင်စုက ကျနော်တို့ရဲ့ တိုင်းရင်းသားအရေးနှင့် ဒီမိုကရေစီအရေးတို့ကို တပြိုင်နက်တည်းမစဉ်းစားမဖြေရှင်းလို့ရှိရင် ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာဖြေရှင်းလို့မရဘူးဆိုတာ နားလည်လာ ကြပါတယ်။ ဂျပန်ကလည်း Ethnic Nationalities တွေ Dialogue Process မှာပါလာဖို့လိုအပ်တဲ့အကြောင်း ထောက်ခံဆွေးနွေးလာပါတယ်။ ပြီးခဲ့တဲ့နှစ် မေလတုန်းက မလေးရှား ဝန်ကြီးချုပ်ကလည်း Ethnic Nationalities တွေ Dialogue Process မှာပါဝင်ဖို့ လိုအပ်ကြောင်း ပြောလာပါတယ်။ ပြီးတော့ အခုဆိုရင် ထိုင်းနိုင်ငံဝန်ကြီးချုပ် တပ်ဆင်က နအဖစစ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများဆွေးနွေးနိုင်အောင် Mediation ကြားလူအဖြစ် ဆောင်ရွက်ပေးမယ်လို့ ပြောလာပါတယ်။ ဒါတွေအားလုံးကိုကြည့်မယ်ဆိုရင် ENSCC ရဲ့ ပေါ်လစီနဲ့ နိုင်ငံတကာ ထိုးဖောက်မှုဟာ အတိုင်းအတာတခုအထိ အောင်မြင်နေပါတယ်လို့ သုံးသပ်မိပါတယ်။ ဒါပေမယ့် ကျနော်တို့တာဝန်က ENSCC အပါအဝင် ကျနော်တို့ဒီမိုကရေစီအင်အားစုများ ဒီထက်မကအလုပ်လုပ်ပြီး အပြီးသတ်အောင်ပွဲဆင်နွှဲနိုင်တဲ့ အထိ ဆက်ပြီးကြိုးစားဖို့ လိုအပ်နေပါတယ်။

## နိဂုံးချုပ်

နိဂုံးချုပ်အနေနဲ့ကျနော်တင်ပြချင်တာက အခုကျနော်ဆွေးနွေးသွားတာ ကျနော်ရဲ့ ပထမနဲ့ဒုတိယစာတမ်း UNLD(LA) ရဲ့ Policy Making and External Affair Committee ရဲ့ Report နှင့် Ethnic Nationalities Initiative on Tripartite Dialogue: Report on Activities of ENSCC တို့ကိုခြုံပြီးတော့ ပူးတွဲတင်ပြထားတာဖြစ်ပါတယ်။ ကျနော်ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ပတ်သက်တဲ့ Report on State Constitutions Drafting Process ကို မနက်ဖြန်ကျရင်ထပ်ပြီး တင်ပြပါလိမ့်မယ်ဆိုတဲ့အကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အခန်း (၁၅)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ) ၏

# ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေးလုပ်ငန်းစဉ် အတွက် ကြိုးပမ်းဆောင်ရွက်ချက်များ

[ ၂၀၀၃ တွင်ကျင်းပသော **UNLD-LA** ဒုတိယအကြိမ်ညီလာခံ၌
ရှင်းလင်းတင်ပြချက် ]

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
## (လွတ်မြောက်နယ်မြေ) ၏

# ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေးလုပ်ငန်းစဉ် အတွက် ကြိုးပမ်းဆောင်ရွက်ချက်များ

အင်္ဂလိပ်ဘာသာနဲ့ရေးသားပြုစုထားတဲ့ ကျနော့်ရဲ့စာတမ်းကိုညီလာခံကိုယ်စားလှယ်များ အားလုံးထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် စာတမ်းမှာပါတဲ့အချက်အလက်တွေကို အသေးစိပ်မဖတ်ပြတော့ပဲ ကျနော်တို့ရဲ့လုပ်ငန်းစဉ် — State Constitutions Drafting Process — နဲ့ပတ်သက်တဲ့အချက်အလက်တွေ၊ ဒီလုပ်ငန်းစဉ်ရဲ့နောက်ခံသမိုင်းနှင့် ဒီလုပ်ငန်းစဉ်ဟာဘာဖြစ်လို့ ကျနော်တို့က အလေးအနက်ထားပြီး ဆောင်ရွက်သလဲဆိုတာကို ဦးစားပေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျနော်တို့ယနေ့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို **“ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ”** လို့ဒေါ်အောင်ဆန်းစုကြည်က ကင်ပွန်းတပ်ခဲ့ပါတယ်။ ဒါကို ကျနော်တို့အားလုံးကလည်းလက်ခံသဘောတူ ကြပါတယ်။ ဒီလို သဘောတူရခြင်းအကြောင်းအရင်းက —ပထမလွတ်လပ်ရေးတိုက်ပွဲကာလ— အထူးသဖြင့် ပင်လုံညီလာခံမှာ ကျနော်တို့တိုင်းရင်းသားခေါင်းဆောင်များနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ သဘောတူညီခဲ့တဲ့ **“စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေး”** ဆိုတာကို ယနေ့တိုင် အကောင်အထည်မဖော်နိုင်သေးတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ပထမလွတ်လပ်ရေးတိုက်ပွဲရဲ့ နိုင်ငံရေးရည်မှန်းချက်ကို အကောင်အထည်မဖော်နိုင်သေးတဲ့အတွက် ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲနေရခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အန္တိမပန်းတိုင် (Ultimate Goal) ဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးပဲ ဖြစ်တယ်ဆိုတာပထမဦးစွာ တင်ပြလိုပါတယ်။

ကျနော်တို့ရဲ့ပန်းတိုင်ဟာ စစ်မှန်တဲ့ပြည်ထောင်စုစနစ် ထူထောင်ရေးဖြစ်တယ်ဆိုရင် အနှစ်ငါးဆယ်ပြည်ထောင်စုသမိုင်းမှာ ကျနော်တို့ဘာတွေမှားခဲ့သလဲ၊ ဘယ်အားနည်းချက်တွေရှိလို့ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကို ကျနော်တို့မတည်ဆောက်နိုင်ခဲ့သလဲ ဆိုတာကိုပြန်လည်ဆန်းစစ်ဖို့ လိုအပ်လာပါတယ်။ ဒီလိုဆန်းစစ်တဲ့အခါမှာ — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကိုဆန်းစစ်သွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပင်လုံစာချုပ်ကိုအကောင်အထည်ဖော်ဖို့ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်များကို လေ့လာဆန်းစစ်ဖို့လိုအပ်ပါတယ်။ ကျနော်ဆိုလိုတာက ပင်လုံစာချုပ်ကို

အကောင်အထည်ဖော်ဖို့ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဘာဖြစ်လို့ ပင်လုံစာချုပ်ကိုအကောင်အထည်မဖော်နိုင်ခဲ့သလဲ။ ဘယ်အချက်တွေ ကျန်သွားခဲ့သလဲ။ ဘာဖြစ်လို့ ကျန်သွားခဲ့သလဲ။ တမင်တကာ ချန်ရစ်ခဲ့တာလား။ မသိလို့ မှားယွင်းပြီး ချန်ထားခဲ့သလား။ စသည်ဖြင့် ကျနော်တို့ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်နေပါတယ်။ တနည်းအားဖြင့်ပြောရရင် ဘယ်အချက်အလက်တွေအပေါ်မှာ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဟာ **"ပင်လုံစာချုပ်"** ကနေလမ်းလွှဲခဲ့သလဲဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ (၁၉၇၄ မဆလ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဖက်ဒရယ်စနစ်နဲ့ ဘာမှသက်ဆိုင်ခြင်းမရှိတဲ့အတွက် ဒီနေရာမှာဆွေးနွေးမှာ မဟုတ်ပါဘူး)။

## ပင်လုံစာချုပ်နှင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးရဲ့အားနည်းချက်တွေကို မဆန်းစစ်ခင်မှာ ဘာဖြစ်လို့ ပင်လုံစာချုပ်လက်မှတ်ရေးထိုးဖို့လိုအပ်သလဲဆိုတာကို နည်းနည်းလေး ပြန်ဆန်းစစ်ကြည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ **"၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပင်လုံစာချုပ်"** ကိုခွဲခြားပြီး သီးခြားစီကြည့်လို့ မရပါဘူး။ ဒီနှစ်ခုဟာ ငွေဒင်္ဂါးတခုရဲ့ ခေါင်းနဲ့ပန်းလို ဆက်စပ်နေပါတယ်။ ဒါကြောင့်ဒီနှစ်ခုကိုခွဲခြားပြီး ကြည့်ရင် အဓိပ္ပာယ်မပြည့်စုံနိုင်ဘူး။ နှစ်ခုစလုံးကိုပေါင်းစပ်ကြည့်ရှုပြီးမှသာ အဓိပ္ပာယ် ဖော်နိုင်ပါတယ်။

အားလုံးသိထားတဲ့အတိုင်း ပင်လုံစာချုပ်ဟာ ချင်း၊ ကချင်၊ ရှမ်း ခေါင်းဆောင်များနှင့် ထိုစဉ်က Interim Burmese Government ရဲ့ Chief Minister ဗိုလ်ချုပ်အောင်ဆန်းတို့ လက်မှတ်ရေးထိုးခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။ ဒါကိုလေးလေးနက်နက် ထပ်မံဆန်းစစ်ဖို့လိုပါတယ်။ ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ဘယ်လိုနိုင်ငံရေးအာဏာနှင့် Legitimacy ကိုကိုင်စွဲပြီး လက်မှတ်ရေးထိုးနိုင်ခဲ့သလဲ။ သူတို့ လက်မှတ်ရေးထိုးခွင့်အာဏာ Legitimacy ကဘာလဲ။ ဒါကိုသေသေချာချာ ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ဒါကို သေသေချာချာ မဆန်းစစ်ရင် ပင်လုံစာချုပ်ဟာ သာမန်လူတစု စုစည်းပြီး သဘောတူညီလက်မှတ်ရေးထိုးထားခဲ့တဲ့ သာမန်စာချုပ်၊ အဓိပ္ပာယ်မရှိတဲ့စာချုပ်ဖြစ်သွားပါလိမ့်မယ်။ ဒါပေမယ့် ပင်လုံစာချုပ်ဟာ သမိုင်းကြောင်းအရရော၊ နိုင်ငံရေးအရရော အလွန်အဓိပ္ပာယ်ပြည့်ဝတဲ့ စာချုပ်တရပ်ဖြစ်ပါတယ်။ ဒါကြောင့် — ဒီအချက်ကိုအလေးအနက်ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။

အမှန်စင်စစ် ပင်လုံစာချုပ်ဟာ သာမန်လူမျိုးတမျိုးနှင့်တမျိုးအကြား ချုပ်ဆိုထားတဲ့စာချုပ် မဟုတ်ပါဘူး။ ပြည်ထောင်အချင်းချင်း ချုပ်ဆိုထားတဲ့ နိုင်ငံတကာ

စာချုပ်တရပ်နဲ့ အသွင်တူပါတယ်။ သို့သော်တခြားနိုင်ငံတကာစာချုပ်နဲ့ ကွဲပြားသွားတဲ့အချက်က အဲဒီစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း ပြည်ထောင် (၄) ခုဟာ **"ပြည်ထောင်စု"** — ပြည်ထောင်တွေစုထားတဲ့ **"ပြည်ထောင်စု"** တခုထဲမှာပူးပေါင်းနေထိုင်သွားခဲ့ကြတဲ့အတွက် နိုင်ငံတကာစာချုပ်အဖြစ်နဲ့တော့ ကျနော်တို့သတ်မှတ်လို့မရပါဘူး။ ပြည်ထောင်လေးခု ပူးပေါင်းပြီးမှ **"ပြည်ထောင်စု"** တခုတည်းကို အတူတကွ ထူထောင်သွားခဲ့ကြတဲ့အတွက် ပင်လုံစာချုပ်ဟာ နိုင်ငံတကာစာချုပ်အဖြစ်မှ ပြည်တွင်းရေးရာစာချုပ်အဆင့်ကို လျော့ကျသွားခဲ့ပါတယ်။ ဒီလိုကျနော်ပြောရခြင်းက **"ပင်လုံစာချုပ်"** ရဲ့လေးနက်မှုကို ပုံဖော်ချင်လို့ ဖြစ်ပါတယ်။

ကျနော်ဆိုလိုရင်းက ပင်လုံစာချုပ်ဆိုတာဟာ ကိုလိုနီခေတ်မတိုင်ခင်က သီးခြားစီလွတ်လပ်ပြီး ကိုလိုနီခေတ်တလျှောက်လုံး သီးခြား **"ဖွဲ့စည်းပုံအခြေခံဥပဒေ"** နဲ့ အုပ်ချုပ်ခံခဲ့ရတဲ့ ပြည်ထောင် (၄) ပြည်ထောင်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဥပမာ ချင်းပြည်ထောင် — ကျနော်ကတော့ ချင်းလူမျိုးဆိုတော့ ချင်းပြည်ထောင် (Chinram) ကို ဥပမာပေးပြီး ပြောချင်ပါတယ်။ ကျနော်တို့ချင်းလူမျိုးများဟာ ဗြိတိသျှကိုလိုနီခေတ်မတိုင်ခင်တုန်းက သီးခြားလွတ်လပ်တဲ့လူမျိုးတမျိုးဖြစ်ပါတယ်။ ဗြိတိသျှကိုလိုနီခေတ်တလျှောက်လုံးမှာလည်းပဲ သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေ (1896 Chin Hills Regulation) နဲ့အုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြတဲ့ ကျနော်တို့ချင်းခေါင်းဆောင်များဟာ 1896 Chin Hills Regulation အရ သီးခြားအုပ်ချုပ်ခဲ့တဲ့ သီးခြားပြည်ထောင်တခုကို ကိုယ်စားပြုခဲ့တဲ့ ခေါင်းဆောင်များ ဖြစ်ပါတယ်။ ကချင်ခေါင်းဆောင်များလည်း ဒီအတိုင်းပဲ၊ ရှမ်းခေါင်းဆောင်များလည်း ဒီအတိုင်းပဲ — သူတို့က Federated Shan State ကိုကိုယ်စားပြုခဲ့ တာဖြစ်ပါတယ်။ ပြည်ထောင်တခုစီကို ကိုယ်စားပြုခဲ့ပါတယ်။ ဒီလိုပဲ — ဗိုလ်ချုပ်အောင်ဆန်းကလည်း ဒီအတိုင်းပဲ။ 1935 Burma Act လို့ခေါ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရအုပ်ချုပ်ခဲ့တဲ့ Burma Proper လို့ခေါ်တဲ့ ပြည်ထောင်တခုကို သူကိုယ်စားပြုသွားတာဖြစ်ပါတယ်။ တခုတော့ရှိတာပေါ့။ အဲဒီ Burma Proper ထဲမှာ 1935 Burma Act အရ ရခိုင်၊ မွန်နှင့် ကရင် တို့ကိုထည့်သွင်းခံခဲ့ ရပါတယ်။ ဒီလို ထည့်သွင်းခြင်းခံရတာလည်း သမိုင်းကြောင်းရှိပါတယ်။ ရခိုင်မင်းနေပြည်တော်နှင့် မွန်နိုင်ငံတော်တို့ကို မြန်မာမင်းများက ဗြိတိသျှမလာခင်မှာ သိမ်းပိုက်ခံခဲ့ရပါတယ်။ ဒါကြောင့် ရခိုင်နှင့် မွန်လူမျိုးများကို ဗြိတိသျှတို့က သီးခြားစီမသိမ်းပိုက်ပဲ မြန်မာမင်းတို့ပိုင်နက်ထဲမှ လူမျိုးများအဖြစ် မြန်မာလူမျိုးတို့နှင့်အတူ သိမ်းပိုက်ခံခဲ့ရပါတယ်။ ကရင်လူမျိုးများကျတော့ မြန်မာလူမျိုးများတို့နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ မြန်မာလူမျိုးတို့နှင့် နှစ်ပေါင်းများစွာအတူတကွ နေထိုင်ခဲ့ကြပါတယ်။ ဒါကြောင့် — မြန်မာမင်းတို့က သူတို့ကို မွန်နှင့် ရခိုင်တို့လို သီးခြားသိမ်းပိုက်ခဲ့တာမျိုး မရှိခဲ့ပေမဲ့ — ဗြိတိသျှတို့ မြန်မာအင်ပါယာကို သိမ်းပိုက်တဲ့အချိန်မှာ အလိုအလျောက်ပါတသွားခဲ့ကြတယ်။

အဲဒါကြောင့် ပင်လုံစာချုပ်မှာ မွန်၊ ရခိုင်နှင့် ကရင်လူမျိုးများကို သီးခြားစီမဖိတ်ပဲ ဗိုလ်ချုပ်အောင်ဆန်းက ကိုယ်စားပြုလက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပင်လုံစာချုပ်ဟာ ပြည်ထောင် (၄) ခု အကြားမှာချုပ်ဆိုထားတဲ့စာချုပ်၊ သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေရှိပြီး သမိုင်းစဉ်တလျှောက် သီးခြားလွတ်လပ်တဲ့ ပြည်ထောင် (၄) ပြည်ထောင်ချုပ်ဆိုတဲ့ စာချုပ်တရပ်ဖြစ်ပါတယ်။

ဒီအခြေခံသဘောတရား၊ ပင်လုံစာချုပ်ရဲ့အနှစ်သာရဖြစ်တဲ့ ပြည်ထောင် (၄) ပြည်ထောင်ဆိုတဲ့ အခြေခံသဘောတရားနှင့်အနှစ်သာရကို ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ရှင်းလင်းထင်ဟပ် အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကံမကောင်းအကြောင်းမလှတော့ ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း ပြည်ထောင်စုတခုလုံးရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်သွားတဲ့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံသွားရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံသွားရပြီးနောက်ပိုင်းမှ အတည်ပြုပြဋ္ဌာန်းသွားတဲ့ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ကျနော်တို့ ပင်လုံမှာမျှော်မှန်းခဲ့တဲ့ စစ်မှန်သောပြည်ထောင်စုစနစ်ကို အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ ဒီအထဲမှာ — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်ထဲမှာ — အဓိကကျတဲ့အချက်သုံးချက်ကို ကျနော်မီးမောင်းထိုးပြီး ဆွေးနွေးလိုပါတယ်။

## ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်များ

**ပထမ** အားနည်းချက်ကတော့ ပြည်ထောင်တွေစုတဲ့ "ပြည်ထောင်စု" စနစ်အရ၊ အဲဒီ "ပြည်ထောင်စု" ရဲ့အဖွဲ့ဝင် "ပြည်ထောင်"၊ ကျနော်တို့အခုခေတ်မှာအသုံးများတာက ပြည်ထောင်စုရဲ့ အဖွဲ့ဝင်အမျိုးသားပြည်နယ် ဖြစ်ပါတယ်။ ပြည်ထောင်ပဲခေါ်ခေါ်၊ အမျိုးသားပြည်နယ်ပဲခေါ်ခေါ် — ပြည်ထောင်စုအဖွဲ့ "ပြည်ထောင်" များဟာ ဖက်ဒရယ်ပြည်ထောင်စုစနစ်အရ မိမိတို့ရဲ့ "ပြည်ထောင်" သို့မဟုတ် "ပြည်နယ်" ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားစီရှိရမှာ ဖြစ်ပါတယ်။ ဒါဟာ အသစ်အဆန်းမဟုတ်ပါဘူး။ ဒီပြည်ထောင်တွေဟာ ကိုလိုနီခေတ်တလျှောက်လုံးမှာလည်း — သီးခြားဖွဲ့စည်းပုံ အခြေခံဥပဒေများရှိခဲ့ကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် — ကျနော်ဆိုလိုရင်းက — ပြည်ထောင်စုစနစ်ကို ထူထောင်မယ်၊ Federal နိုင်ငံတော်ကိုတည်ဆောက်မယ်ဆိုရင် အဲ့ဒီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်အသီးသီး ခေါ်မလား။ ပြည်နယ်အသီးသီး ခေါ်မလား။ အဲ့ဒီပြည်နယ်များဟာ မိမိတို့ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားစီရှိရမည်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မှာကျတော့ — ပြည်နယ်များရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို သီးခြားရေးဆွဲပြဋ္ဌာန်းခြင်းမရှိပဲ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမှာ နောက်ဆက်တွဲသဘောမျိုးနဲ့ လုံးထွေးပြီးပြဋ္ဌာန်းသွား

ခဲ့ပါတယ်။ ဒါကြောင့် ပြည်နယ်တခုရဲ့အရေးအရာကိစ္စများကို ပြည်နယ်အတွင်းလွှတ်လပ်စွာဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်မရှိပဲ ပြည်ထောင်စုလွှတ်တော်ကနေတဆင့် သွားခဲ့ပါတယ်။

ပြဿနာက အဲဒီပြည်ထောင်စုလွှတ်တော်ကလည်း ပြည်ထောင်စုလွှတ်တော်သာခေါ်တယ်။ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကို အခြေခံထားတဲ့လွှတ်တော် မဟုတ်ပြန်ဘူး။ အဲဒါ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးရဲ့ **ဒုတိယ** အားနည်းချက်ဖြစ်ပါတယ်။ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်ကိုအခြေခံတာဖြစ်လေတော့ တပိုင်းတစအားဖြင့်တော့ ပြည်ထောင်စုစနစ်ရဲ့ ဂုဏ်အင်္ဂါရပ်တွေရှိသင့်သလောက်တော့ ရှိခဲ့ပါတယ်။ အဲဒါကတော့ ပြည်ထောင်စုလွှတ်တော်မှာ လွှတ်တော်နှစ်ရပ်ထားရှိပြီး အထက်လွှတ်တော် သို့မဟုတ် လူမျိုးစုလွှတ်တော်ကိုထားရှိတဲ့ အချက်ဖြစ်ပါတယ်။ ဒါပေမယ့် — အဲဒီလူမျိုးစုလွှတ်တော်ဆိုတဲ့ အထက်လွှတ်တော်ကို ပြည်ထောင်စုစနစ်အင်္ဂါရပ်ပြည့်ဝစေဖို့ ထားတာဖြစ်ပေမဲ့ အဲဒီမှာပဲ အားနည်းချက်ကြီး ချို့ယွင်းချက်ကြီး ပြန်ပါလာပါတယ်။ လူမျိုးစုတွေလွှတ်တော်ဆိုတာ အမှန်စင်စစ်က ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်ကို ကိုယ်စားပြုတဲ့ — ပြည်နယ်ကိုကိုယ်စားပြုတဲ့ လွှတ်တော်သာဖြစ်သင့်တယ်။ လူဦးရေကို ကိုယ်စားပြုတဲ့ လွှတ်တော်မဖြစ်စေရဘူး။ ဒါပေမယ့် — ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအရ လူမျိုးစုလွှတ်တော်ကို လူဦးရေးအနည်းအများအပေါ် အခြေခံပြီးဖွဲ့စည်းလေတော့ အထက်လွှတ်တော် — လူမျိုးစုလွှတ်တော်မှာလည်းပဲ လူဦးရေပိုများတဲ့ ဗမာတွေကပဲ ထင်တိုင်းကြဲပြီး ချယ်လှယ်ချင်တိုင်းချယ်လှယ်လို့ရခဲ့ပါတယ်။

နောက် **တတိယ** အားနည်းချက်က — ဒီလိုလူဦးရေပိုများတဲ့ဗမာတွေက — ဒီလိုပြောတော့ဗမာကိုမုန်းလို့ မဟုတ်ဘူးနော်။ လူမျိုးရေးကိစ္စကို ဒီမှာပြောနေတာ မဟုတ်ဘူး။ နိုင်ငံတော်ဖွဲ့စည်းပုံရဲ့အားနည်းချက်ကိုပြောနေတာ ဖြစ်တယ်။ ကျနော်ဆိုလိုတာက — အထက်လွှတ်တော် ရော၊ အောက်လွှတ်တော်ရော၊ ပြည်ထောင်စုလွှတ်တော်တရပ်လုံးကို ဗမာလူမျိုးများက ချုပ်ကိုင်နိုင်တဲ့ အနေအထားရောက်သွားတဲ့အပြင် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အကြီးမားဆုံး အားနည်းချက်က ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တခုဖြစ်တဲ့ — ဟိုတုန်းကအခေါ် Burma Proper — လူမျိုးအရခေါ်ရရင်တော့ ဗမာ၊ အဲ ဘယ်လိုပဲ ခေါ်ခေါ်၊ Burma Proper ကိုသီးခြားပြည်နယ်အဖြစ်နဲ့ ဖွဲ့စည်းခြင်းမရှိစေပဲ၊ အဲ့ဒီ ပြည်နယ်ကို ပြည်ထောင်စုတခုလုံးနဲ့ တွဲဖက်ပြီးပေါင်းစပ် သွားခဲ့ပါတယ်။ အဲ့ဒီလို လုပ်တဲ့အခါကျတော့ — အဓိပ္ပာယ်ကဘာဖြစ်သွားသလဲဆိုတော့၊ ဗမာပြည်နယ် (ဗမာပြည်နယ်ခေါ်ရင်ပိုကောင်းမယ်ထင်တယ်၊ Burma Proper ခေါ်တာထက်၊ ဘာဖြစ်လို့လည်းဆိုတော့ — နောက်ပိုင်း Burma Proper မှာပါခဲ့တဲ့ ကရင်၊ မွန်နှင့် ရခိုင်တို့ကိုသီးခြား ပြည်နယ်

တွေပေးခဲ့တယ်) နှင့် ပြည်ထောင်စုအာဏာတခုလုံးကို ပေါင်းစပ်၊ ရောစပ်သွားခဲ့ပါတယ်။

ဆိုတော့ — အဲ့ဒီလိုလုပ်ခြင်းအားဖြင့် ဘာဖြစ်သွားသလဲဆိုတော့ — ပြည်ထောင်စုရဲ့အချုပ်အခြာအာဏာတရပ်လုံးကို ပြည်နယ်တခု၊ လူမျိုးတမျိုးကို ထိုးအပ်ပေးခဲ့သလိုဖြစ်သွားပါတယ်။ ဒီလို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်း လမ်းဖွင့်ပေးလိုက်တော့ — မဟာလူမျိုးကြီးဝါဒ ဗမာလူမျိုးများထဲကပေါ်လာတာ အမှန်ကတော့ မဆန်းပါဘူး။ ဗမာအားလုံးတော့ မဟုတ်ဘူး။ တချို့ မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲတဲ့ တချို့သော ဗမာနိုင်ငံရေးသမားတွေကို ဆိုလိုတာဖြစ်တယ်။ ဒီလိုဖြစ်သွားတာကလဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက လမ်းဖွင့်ပေးခဲ့တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဗမာမဟာလူမျိုးကြီး အသီးအပွင့်အဖြစ် ပြည်ထောင်စုသမိုင်းမှာ ပြန်ကြည့်ရင် — ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့တယ်။ စစ်အာဏာရှင်စနစ်နှင့်တကွ စစ်ဝါဒီတွေလည်းပဲ ကြီးစိုးသွားခဲ့ပါတယ်။ အမှန်စင်စစ် စစ်အာဏာရှင်စနစ် ဒီလောက်ကြီးစိုးသွားတာ၊ ၁၉၆၂ အာဏာသိမ်းပြီးမှသာ ပေါ်လာတာ မဟုတ်ပါဘူး၊ ပါလီမန်ခေတ်ကတည်းက ဖြစ်ခဲ့တာပါပဲ။ အိမ်စောင့်အစိုးရပေါ်တာ၊ ဒီလိုပေါ်အောင်ဖန်တီးသွားခဲ့တာတွေဟာလည်း ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်အပြင်၊ အာဏာရအစိုးရက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအားနည်းချက်ကို အခွင့်ကောင်းယူပြီး မိမိအာဏာရပ်တည်ရေးအတွက် ချယ်လှယ်ချင်တိုင်းချယ်လှယ်ခဲ့လို့ ဖြစ်ပါတယ်။

## UNLD ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေးလုပ်ငန်းစဉ်

ကျနော်တို့ UNLD ကဘယ်လိုဖြစ်လို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲဖို့လုပ်ငန်းစဉ် စတင်ခဲ့သလဲဆိုတာ — ဒီသမိုင်းကြောင်းတွေ၊ နိုင်ငံရေးဖြစ်စဉ်တွေနဲ့ ကျနော်တို့ရင်ဆိုင်နေရတဲ့ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နှီးနွယ်နေတဲ့ နိုင်ငံရေးပြဿနာတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့က ဘယ်လောက်အထိပြောချင်သလဲဆိုတော့ — ကျနော်တို့ရင်ဆိုင်နေရတဲ့ အထွေထွေနိုင်ငံရေးပြဿနာကြီးဟာ သာမန်ဝါဒရေးတိုက်ပွဲမဟုတ်ပါဘူး။ Constitutional Crisis ဖြစ်တယ်လို့ ပြောနေတာဖြစ်ပါတယ်။ ကျနော်တို့ရင်ဆိုင်နေတဲ့ အခြေခံနိုင်ငံရေးပြဿနာကိုက Constitutional Crisis ဖြစ်နေလို့ ကျနော်တို့တော်လှန်ရေးရဲ့ အဓိကပန်းတိုင်ဟာလည်း **"စစ်မှန်သောဖက်ဒရယ်နိုင်ငံတော်ထူထောင်ရေး"** ဖြစ်လို့ ပြောနေခြင်းဖြစ်ပါတယ်။

ဒါကြောင့်ကျနော်တို့ရဲ့ပန်းတိုင်ဖြစ်တဲ့ စစ်မှန်သောဖက်ဒရယ်နိုင်ငံထူထောင်ရေးအတွက် ဆိုလို့ရှိရင် — ကျနော်တို့ဖွဲ့စည်းရမယ့် အနာဂတ်ဖက်ဒရယ်ပြည်

ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ ဖက်ဒရယ်အင်္ဂါရပ်တွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ပြီးတော့ — စစ်မှန်တဲ့ပြည်ထောင်စုစနစ်ရဲ့ အခြေခံအင်္ဂါရပ်ထဲမှာ အရေးအကြီးဆုံးဖြစ်တဲ့ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များဟာ မိမိတို့ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာရေးဆွဲပြဋ္ဌာန်းနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ UNLD က ဒီလုပ်ငန်းစဉ်ကို အဓိကလုပ်ငန်းအဖြစ် UNLD(LA) စတင်ဖွဲ့စည်းကတည်းက ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလို State Constitutions Drafting Process ကိုဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျနော်တို့ UNLD(LA) အနေနဲ့ မိမိတို့တကိုယ်တည်း — Exclusively လုပ်ဆောင်တာမျိုးမလုပ်ပဲ မိမိတို့တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းထဲမှ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများရဲ့ တပ်ပေါင်းစုကြီးဖြစ်တဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF နဲ့တွဲပြီးလုပ်လာခဲ့ပါတယ်။ UNLD(LA)-NDF ပူးတွဲကော်မတီ အကြောင်းကိုလည်း ကျနော်မနေ့ကတင်ပြပြီးဖြစ်ပါတယ်။ အဲဒီကော်မတီကပဲ သက္ကရာဇ် ၂၀၀၁ ခု ဩဂုတ်လမှာ ပထမအကြိမ် State Constitutions Seminar တရပ်ကိုခေါ်ယူပြီး ပြည်နယ်အသီးသီးကို မိမိတို့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရန် ပြင်ဆင်ကြဖို့တိုက်တွန်းခဲ့ပါတယ်။ ဒီလိုတိုက်တွန်းတဲ့နေရာမှာလည်းပဲ တချို့ကပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီများ ဖွဲ့စည်းပြီးပြီ။ တချို့ဆိုရင် မူကြမ်းတွေတောင်ရှိပြီး အထူးသဖြင့် ကျနော်တို့ ချင်းအဖွဲ့ဆိုရင် ၁၉၉၈ ကနေဒါ နိုင်ငံ အော်တဝါးမြို့မှာကျင်းပတဲ့ Chin Seminar ကနေ Chinland Constitution ရေးဆွဲဖို့ဆုံးဖြတ်ပြီး၊ Chinland Constitution Drafting Committee တရပ် ကိုလည်း Chin Forum ရဲ့ Working Committee One အဖြစ်ရွေးချယ်တာဝန် ပေးခဲ့တယ်။

UNLD(LA) - NDF ကကျင်းပတဲ့ပထမ Seminar မှ ကျနော်တို့ဘာကိုဦးစားပေး ကြည့်ခဲ့သလဲဆိုတော့ Federalism ရဲ့အဓိပ္ပာယ်နဲ့ အနှစ်သာရတွေကိုကြည့်ပါတယ်။ ကျနော်တို့ UNLD ကတော့ Federal စနစ်နဲ့ပတ်သက်လို့ရှိရင် အနာဂတ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံလမ်းညွှန်ချက် (၇) ရပ်ကို ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီလမ်းညွှန် (၇) ရပ်ဟာ ပြည်တွင်းကတည်းကချမှတ်တာ ဖြစ်ပါတယ်။ ၁၉၉၀ ဇွန်၊ ဇူလိုင်လမှာ ဝိုင်အမ်စီအေခန်းမမှာကျင်းပတဲ့ UNLD အဖွဲ့ချုပ်ကြီးရဲ့ ဒုတိယညီလာခံမှာ အတည်ပြုချမှတ်တာ ဖြစ်ပြီး၊ UNLD(LA) ရဲ့ ပထမညီလာခံမှာ ထပ်မံအတည်ပြုခဲ့တာဖြစ်ပါတယ်။ ကျနော့်စာတမ်းမှာ ဖော်ပြထားပြီးဖြစ်တဲ့အတွက် အသေးစိပ်မဖတ်တော့ပါဘူး။

ဆိုတော့ — ကျနော်တို့ရဲ့ UNLD(LA) - NDF ကကျင်းပတဲ့ ပထမ Seminar မှာ Federalism အပြင် — ကျနော်တို့ဘာကိုအဓိကထားပြီး လေ့လာခဲ့သလဲ

ဆိုတော့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲလို့ရှိရင် ဘယ်အင်္ဂါရပ်တွေပါဝင်သင့်သလဲ။ ဘယ်လိုအင်္ဂါရပ်တွေနဲ့ပြည့်စုံမှ ကျနော်တို့မျှော်မှန်းတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကိုချီတက်တဲ့အခါမှာ အထောက်အကူပြုနိုင်မည် — ဒါတွေကို ကျနော်တို့အထူးဦးစားပေးပြီး လေ့လာခဲ့ပါတယ်။ အဲဒီ Seminar မှာအမေရိကန် ပြည်ထောင်စုမှာရှိတဲ့ ပြည်နယ် (၅၀) တို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးကို လေ့လာပြီးမှ ပြုစုရေးသားထားတဲ့ "American Model of State Constitution" ဆိုတဲ့ စာတမ်းကို အခြေခံခဲ့ပါတယ်။ ဩစတြေးလျမှ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပညာရှင်တဦးလည်းဖြစ် ဩစတြေးလျပြည်နယ်တခုရဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တဦးလည်းဖြစ်ခဲ့တဲ့ Janelle Saffin ကိုဖိတ်ခေါ်ပြီး သင်တန်းပို့ချဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါတယ်။ ပြီးတော့ကျနော်တို့ဖက်မှ နိုင်ငံရေးသိပ္ပံပညာရှင် Dr. Chao Tzang Yawnghwe ကလည်းပဲ သင်တန်းပို့ချဦးဆောင်မှု ပေးခဲ့ပါတယ်။

အဲဒီ Seminar မှာဆိုရင် NDF ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးရွှေဆိုင်းက Seminar ကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဖွင့်မိန့်ခွန်းလည်း ပြောကြားသွားခဲ့ပါတယ်။ အဲဒီ Seminar ဖွင့်ပွဲမှာ ဗိုလ်ချုပ်ကြီးရွှေဆိုင်းပြောခဲ့သလို — ဒီ Seminar ကပြည်ထောင်စုသမိုင်းမှာ ဗမာမဟုတ်တဲ့တိုင်းရင်းသားလူမျိုးများစုစည်းပြီး မိမိတို့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို မိမိတို့စိတ်တိုင်းကျရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက် ပထမဦးဆုံးစုစည်းကျင်းပတဲ့ Seminar တရပ်ဖြစ်ပါတယ်။ အဲဒီ Seminar မှာဆိုရင် — ပြည်နယ် (၇) ခုက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီဝင်များ၊ တချို့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ မဖွဲ့နိုင်သေးတဲ့ ပြည်နယ်မှ နိုင်ငံရေးခေါင်းဆောင်ကြီးများ၊ ဒီမိုကရေစီအင်အားစုမှ ခေါင်းဆောင်များ၊ ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းစုံညီစွာ ဖိတ်ကြားတက်ရောက်စေခဲ့ကြပါတယ်။

ဒါပေမယ့် — အဲဒီ Seminar နောက်ပိုင်းမှာ တော်တော်များများသော ဗမာရဲဘော်များက ကျနော်တို့ State Constitutional Drafting Process အစပြုတာကို အတော်ပြင်းပြင်းထန်ထန်ကန့်ကွက်ဆန့်ကျင်ခဲ့ ကြပါတယ်။ ပြည်နယ်တွေသီးခြားဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ပြင်ဆင်နေတာ "ခွဲထွက်ရေးလား"။ "Independent" ကိုဦးတည်နေပြီလား။ "Confederation" ကိုသွားတော့မှာလား ဆိုပြီး အမျိုးစုံ စွပ်စွဲခဲ့ကြတယ်။ ပဲစွပ်စွဲမှုတွေကလည်း အတော်ကြီးကို ပြင်းထန်ခဲ့ပါတယ်။ ကျနော်တို့ကတော့ သည်းခံပြီး နားထောင်ခဲ့ပါတယ်။ တချို့ကတော့ တကယ်မသိနားမလည်လို့ "စိုးရိမ်" တာဖြစ်ပါတယ်။ ဒီလိုစိုးရိမ်မှုများ သူတို့ဆီမှာရှိတာကလည်း အမှန်ကတော့ ဗိုလ်နေဝင်းစစ်အစိုးရရဲ့ ဝါဒမှိုင်းတိုက်မှုကြောင့်ပါပဲ။ ၁၉၆၂ စစ်တပ်အာဏာသိမ်း ကတည်းက "Federal" ဆိုတာ ခွဲထွက်ရေးလို့ပဲ နားလည်ခဲ့ကြတာကိုး။ ဒါကြောင့် ကျနော်တို့ကတော့ စိတ်ရှည်ရှည်နဲ့ပဲ လုပ်စရာရှိတာ ဆက်လုပ်

ပါတယ်။ သူတို့ နား လည်လာတဲ့ တနေ့ကျရင် သူတို့သံသယတွေ၊ စိုးရိမ်မှုတွေ ပျောက်သွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

## ဂျာမဏီဖက်ဒရယ်လေ့လာရေးခရီး

အဲဒီ Seminar ရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ သက္ကရာဇ် ၂၀၀၁ ခု ဒီဇင်ဘာလမှာ ကျနော်တို့ ဂျာမဏီကိုလေ့လာရေးခရီးသွားခဲ့ပါတယ်။ အဲဒီမှာ ပြည်နယ် (၇) ခုမှ ကိုယ်စားလှယ်များအပြင်၊ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီကပုဂ္ဂိုလ်များကိုပါ ဖိတ်ခေါ် ခဲ့ပါတယ်။ အဲဒီခရီးစဉ်ရဲ့ရည်ရွယ်ချက်ကတော့ — ကျနော်တို့ Seminar မှာစာတွေနဲ့သင်ကြားခဲ့တာကို လက်တွေ့လေ့လာရေး တရပ်ပါပဲ။ ပထမ ဘာလင်မြို့မှာ "Federalism: A German Burmese Dialogue" ဆိုပြီး Seminar တခုလုပ်ခဲ့ပါတယ်။ အဲဒီမှာတော့ Federalism ကိုပဲခြုံငုံလေ့လာတဲ့သဘော ဖြစ်ပါတယ်။ ပြီးတော့ ကျနော်တို့ Hanover ကိုသွားပြီး Hanover University မှာရှိတဲ့ Federal Institution ကပညာရှင်များနဲ့ ပူးတွဲပြီး Seminar လုပ်ခဲ့ပါတယ်။ ဆိုတော့ — ကျနော်တို့အနေနဲ့ ဂျာမဏီရဲ့ဖက်ဒရယ်စနစ်အပါအဝင် သူတို့ရဲ့နိုင်ငံရေးသမိုင်းတစေ့တစောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ရှုဒေါင့်ကနေလေ့လာခွင့်ရရှိခဲ့ပါတယ်။

နောက်တော့ကျနော်တို့ Rheinland Ptalz State ပြည်နယ်ကိုသွားပြီး သူတို့ရဲ့ ပြည်နယ်လွှတ်တော်ကြီးကို သွားလေ့လာခဲ့ပါတယ်။ ကျနော်တို့ Rheinland Ptalz State ပြည်နယ်သွားခဲ့တဲ့ဟာ အဲဒီခရီးစဉ်ရဲ့ အကျိုးတရားအထွတ်အထိပ်ကိုရောက်စေတယ်လို့ လေ့လာသုံးသပ်မိပါတယ်။ အဲဒီကိုသွားတဲ့အခါကျတော့ — သူတို့ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခဲ့တဲ့အပြင်၊ သူတို့ရဲ့ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားရုံးစတဲ့ဟာတွေကို မျက်မြင်ကိုယ်တွေ့ သွားကြည့်ခဲ့ရ ရပါတယ်၊ လေ့လာခဲ့ရပါတယ်။ ပြည်နယ်လွှတ်တော်ရှေ့မှာ လွှင့်ထူထားတဲ့ ပြည်နယ်အလံတော်ကိုကြည်ညိုခွင့် ရရှိသွားပါတယ်။ ကျနော်တို့မေးကြည့်တယ်။ ခင်ဗျားတို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုရေးဆွဲပြဋ္ဌာန်းခဲ့ပါသလဲ။ ဖက်ဒရယ်အစိုးရခွင့်ပြုမှ ဒါမျိုးလုပ်လို့ရတာလား — ဆိုပြီးမေးကြည့်ပါတယ်။ အဖြေက လက်ရှိ ဂျာမဏီပြည်ထောင်စုမပေါ်ခင် လက်ရှိဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ခင် (ဒုတိယကမ္ဘာစစ်အတွင်းမှာ လက်ရှိကျင့်သုံးတဲ့ ဂျာမဏီနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းတာဖြစ်တယ်) ကတည်းက Rheinland ပြည်နယ်ရဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်နယ်လွှတ်တော်တွေရှိခဲ့တာ နှစ်ပေါင်းရာနဲ့ချီပြီး ရှိနေပြီလို့ သူတို့ပြန်ဖြေကြား ခဲ့ပါတယ်။

ဒီလို ဂျာမဏီခရီးစဉ်သွားပြီး သူတို့ဆီမှာ ကျင့်သုံးနေတဲ့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် ဖက်ဒရယ်စနစ်တခုလုံးကို အသေးစိပ်မျက်မြင်ကိုယ်တွေ့ လေ့လာခွင့်ရရှိတဲ့အခါကျတော့ — ကျနော်တို့ဆီမှာ ပါလာတဲ့ ဗမာခေါင်းဆောင် တချို့အမြင်ပြောင်းလဲခဲ့တာကိုတွေ့ပြီး ကျနော်အရမ်းဝမ်းသာမိပါတယ်။ ဒီလို အမြင်ပြောင်းလဲလာခဲ့တဲ့ ခေါင်းဆောင်တွေထဲမှာ တချို့က ကျနော်တို့ State Constitution Drafting Process စတင်ခဲ့တုန်းက အကြီးအကျယ်ဝေဖန်တိုက်ခိုက်ခဲ့တဲ့ ခေါင်းဆောင်တွေလည်း ပါပါတယ်။ အဲ့ဒီတုန်းက သူတို့ဘာပြောခဲ့သလဲဆိုတော့ — "မင်းတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလမ်းစဉ်ကြီးဟာ ဖက်ဒရယ်အမည်ခံပြီး ခွဲထွက်ရေးကို သွားနေပြီလား။ ဒါမှမဟုတ် Confrontation ကို ဦးတည်နေတာလား" စသည်ဖြင့် မေးခွန်းတွေ အမျိုးမျိုးမေးခဲ့ကြတယ်။ သံသယစိတ်နဲ့ ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်။ ကျနော်တို့အတွက် ကံကောင်းသွားတာက — ဂျာမဏီခရီးစဉ်အပြီးမှာတော့ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးဆိုတာ ခွဲထွက်ရေး မဟုတ်။ စစ်မှန်သောပြည်ထောင်စုစနစ်မှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအင်္ဂါရပ်တွေပဲလို့ သူတို့နားလည်လာပါတယ်။ စကား ပုံတခုရှိသလိုပေါ့ — Seeing is believing (ရှုမြင်ခြင်းဟာယုံကြည်ခြင်း) ဆိုတာမျိုး ဖြစ်ပါတယ်။ ကျနော်တို့ ဂျာမဏီခရီးစဉ်ကို စာအုပ်ထုတ်ဖို့ပြင်ဆင်ထားတဲ့အတွက် အသေးစိပ်ကိုကျနော် မတင်ပြတော့ပါဘူး။ စာအုပ်ထွက်လာတဲ့အခါ အသေးစိပ်ရေးသားတင်ပြဖို့ ပြင်ဆင်ထားပါတယ်။

## Internation IDEA နှင့်ပူးပေါင်းကျင်းပတဲ့ နှီးနှောဖလှယ်ပွဲ (၂) ခု

သက္ကရာဇ် ၂၀၀၂ အတွင်းကျနော်တို့ရဲ့ လုပ်ရှားမှုများကိုကြည့်ရင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာအခြေစိုက်ထားတဲ့ International Institute for Democracy and Electional Assistance (IDEA) နဲ့ပူးပေါင်းကျင်းပတဲ့ Seminar (၂) ခု ကိုအရင်တင်ပြချင်ပါတယ်။ International IDEA နဲ့လုပ်တဲ့ Seminar ကို "The Role of State Constitutions on the Protection of Nationality and Minority Right Under Federalism" ဆိုတဲ့ခေါင်းစဉ်အောက်မှာ (၂) ခုကျင်းပခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ နှင့် ထိုင်းနိုင်ငံတို့မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

အဲဒီ Seminar မှာတော့ — ကျနော်တို့ဘယ်ဟာကိုအဓိကထားပြီးကြည့်သလဲ ဆိုတော့ ဖက်ဒရယ်စနစ်မှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားရေးဆွဲပြဌာန်းခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် နိုင်ငံရေးတန်းတူခွင့်ကို ဘယ်လိုအာမခံချက်ပေးနိုင်သလဲဆိုတာကို ဦးတည်ပြီး၊ အဲဒီထဲမှာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဘယ်လိုဆက်စပ်မှုရှိရမလဲ။ (Federal - State Relation) — ပြီးတော့ ဘယ်အာဏာတွေကိုတော့ဖြင့် ပြည်ထောင်စုကို အပ်ထားသင့်

သလဲ၊ ဘယ်အာဏာတွေကိုတော့ဖြင့် ပြည်နယ်တွေကို ပေးသင့်သလဲဆိုတဲ့အပိုင်းကို ဦးစားပေးပြီး ကျနော်တို့ရဲ့ခေါင်းဆောင်ကြီး Dr. Chao Tzang Yawnghwe ရဲ့ စာတမ်းအပေါ်မှာအခြေပြုပြီး ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ Dr. Chao Tzang Yawnghwe အပြင် ဩစတြေးလျကပညာရှင်တဦး၊ အိန္ဒိယပညာရှင် တဦး၊ နိုင်ဂျီးရီးယားကပညာရှင် တဦးတို့ကိုလည်းဖိတ်ခေါ်ပြီးစာတမ်းများကို တင်သွင်းဆွေးနွေးစေခဲ့ပါတယ်။

ဒီမှာ ကျနော်အလေးထားပြီးတင်ပြချင်တာက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဆက်ဆံရေး၊ အာဏာခွဲဝေကျင့်သုံးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လေ့လာတဲ့အခါ — ဖက်ဒရယ်စနစ်အလွန်အောင်မြင်ပြီး တိုးတက်ချမ်းသာတဲ့ ဂျာမဏီနဲ့ ဩစတြေးလျတို့ရဲ့ အတွေ့အကြုံကိုလေ့လာခဲ့သလို၊ ကျနော်တို့ရဲ့ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလို ဖက်ဒရယ်စနစ်ကို အပြည့်အဝမကျင့်သုံးပဲ "ဖါးတပိုင်း ငါးတပိုင်း" စနစ်ကိုကျင့်သုံးတဲ့ အိန္ဒိယလိုနိုင်ငံမျိုးကိုလည်း လေ့လာထားပါတယ်။ အိန္ဒိယမှာဆိုရင်ပြည်နယ်များအတွက် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မရှိပါဘူး။ အဲဒီလိုနိုင်ငံမျိုးမှာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ဘယ်လိုဆက်ဆံနေကြသလဲ။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိတဲ့အတွက် ဘယ်လိုပြဿနာမျိုး တွေ့ကြုံနေရသလဲ။ သူတို့ဆီမှာရင်ဆိုင်နေရတဲ့ပြည်တွင်းစစ်နှင့် ခွဲထွက်ရေးပြဿနာများဟာ ဒါတွေနဲ့ ဆက်စပ်မှုရှိသလား။ ဒါတွေကိုကျနော်တို့ အကောင်းဖက်ကရော၊ အဆိုးဖက်ကပါ လေ့လာထားပါတယ်။ ဥပမာ နိုင်ဂျီးရီးယားဆိုရင် — သူတို့ဆီမှာလူမျိုးရေးပြဿနာ၊ ဘာသာရေးစစ်ပွဲ၊ စစ်အာဏာသိမ်းမှုစတဲ့ ပြဿနာပေါင်းစုံကို ရင်ဆိုင်နေရတဲ့ တိုင်းပြည် ဖြစ်ပါတယ်။ ဒါကိုလည်း ကျနော်တို့ လေ့လာပြီး သင်ခန်းစာယူရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဆိုးကိုမြင်တတ်မှ အကောင်းကိုလည်း လုပ်နိုင်မှာ ဖြစ်ပါတယ်။

## ဒုတိယဂျာမဏီခရီးစဉ်

International IDEA နဲ့ Seminar (၂) ခါလုပ်ပြီးတဲ့နောက်ပိုင်း ကျနော်တို့ ဂျာမဏီကို ဒုတိယအကြိမ်လေ့လာရေးခရီးသွားခဲ့ပါတယ်။ ဒီတခါ ကျနော်တို့ဘာကိုဦးစားပေးပြီး လေ့လာခဲ့သလဲဆိုတော့ — ပြည်နယ်အစိုးရများရဲ့ လုပ်ပိုင်ခွင့်အာဏာနှင့် ဖွဲ့စည်းမှုပုံသဏ္ဍာန် (Structure and Functions of State) အပြင်၊ ၎င်းပြည်နယ်များအတွင်းမှာရှိတဲ့ ဒေသန္တရအစိုးရများ (Local governments) တွေရဲ့ အကြောင်းကို အထူးဦးစားပေးပြီး လေ့လာခဲ့ရပါတယ်။ State နှင့် Local Government Relation, ဒီအဆင့်မှာရှိတဲ့ အာဏာခွဲဝေမှု၊ ကျင့်သုံးမှု၊ ပြီးတော့ Local Government တွေရဲ့ Structure & Function တွေကိုလေ့လာခဲ့ပါတယ်။ ဂျာမဏီ

အတွင်းမှာရှိတဲ့ Local Government တွေအပြင်၊ ဘယ်လ်ဂျီယန်နိုင်ငံမှာ ရှိတဲ့ Local Government တွေကိုပါကျနော်တို့သွားရောက်လေ့လာခဲ့ပါတယ်။

## Supporting Committee for State Constitutions (SCSC)

အခုနကျနော်တင်ပြရတဲ့လုပ်ငန်းစဉ်တွေပြန်ချုံ့ပြီးတင်ပြရရင် ကျနော်တို့ရဲ့ လေ့လာမှုအပိုင်းပေ့ါနော် — အဲဒီမှာအပိုင်း (၄) ပိုင်းရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ **ပထမအပိုင်း** က စစ်မှန်သောပြည်ထောင်စုစနစ်အကြောင်းကို နားလည်အောင် လေ့လာခြင်းဖြစ်ပါတယ်။ **ဒုတိယအပိုင်း** က ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အခြေခံအင်္ဂါရပ်ဖြစ်ပါတယ်။ **တတိယအပိုင်း** ကတော့ ဒေသန္တရအုပ်ချုပ်ရေး (Local Government) အကြောင်းဖြစ်ပြီး၊ **စတုတ္ထအပိုင်း** အနေနဲ့ ကျနော်တို့ဘာကို ကြည့်သလဲဆိုတော့ — ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး၊ အာဏာခွဲဝေရေးနှင့် ကျင့်သုံးရေး (Division of powers between Federal and States) အပါအဝင် — ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများ အကြား ဆက်ဆံရေးတို့ဖြစ်ပါတယ်။

အားလုံးသိထားတဲ့အတိုင်း ပြည်နယ်များရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေး လုပ်ငန်းစဉ်ကြီးဟာ ရေရှည်လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့တဖွဲ့တည်းပုံစံလုပ်လို့မရပါဘူး။ ဒါကြောင့် ကျနော်တို့ UNLD နဲ့ NDF တို့ညှိနှိုင်းပြီး ၎င်းကို Joint Action Committee နဲ့ adhoc ပုံစံမျိုးလုပ်တာထက်၊ အမြဲတမ်းကော်မတီတရပ်ဖွဲ့စည်းပြီး၊ ဒီလုပ်ငန်းစဉ်ကြီးကိုတစိုက်မတ်မတ်ဆောင်ရွက်သွားဖို့ သဘောတူခဲ့ပါတယ်။ အဲဒီသဘောတူညီချက်အတိုင်းပဲ "Supporting Committee for State Constitution" (SCSC) ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းကော်မတီမှာ Dr. Chao Tzang Yawnghwe ကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ NDF မှပိုလ်မှူးကြီး ထူးထူးလေး၊ ပိုလ်မှူးကြီးခွန်ဥက္ကာနှင့် မိုင်အိုက်ဖုန်း၊ UNLD ဖက်မှ ခွန်းမတ်ရ်ကိုဘန်း နှင့် ကျနော် ဆလိုင်းလျန်မှုန်းတို့က ပါဝင်ဆောင်ရွက်ပေးနေပါတယ်။

၎င်း SCSC ကော်မတီက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီများကို တတ်နိုင်သလောက်ကူညီပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ အခုဆိုရင်ကျနော်တို့မှာ ပြည်နယ်အားလုံးနီးပါး (ရခိုင်ပြည်နယ်ကလွဲလို့) မှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီများရှိပါပြီ။ ပြီးတော့ ဗမာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းနိုင်ရေးအတွက် လေ့လာရေးကော်မတီတရပ်လည်း ပေါ်ထွန်းနေပါပြီ။ ဒါတွေ ကိုကြည့်ခြင်းအားဖြင့် ကျနော်တို့အနာဂတ်ပြည်ထောင်စုအတွက် အလားအလာကောင်းတဲ့လက္ခဏာပဲလို့ ကျနော်သုံးသပ်မိပါတယ်။

## နိုဂုံးချုပ်

နိဂုံးချုပ်အနေနဲ့ ကျနော်တင်ပြချင်တာက ကျနော့်စာတမ်းမှာ NRP အကြောင်းကိုလည်း ထည့်ထားပါတယ်။ ဒါပေမယ့် — အချို့ကလည်း အတော်ကြာနေပြီဖြစ်တဲ့အတွက်၊ ဒီကဏ္ဍကိုကျနော်မတင်ပြတော့ပါဘူး။ ကျနော့်ကိုအခုလိုအရေးကြီးတဲ့လုပ်ငန်းစဉ်တရပ်မှာ UNLD ကိုယ်စား ဆောင်ရွက်ခွင့်တာဝန်ပေးအပ်ထားတဲ့အတွက် အများကြီးဝမ်းသာဂုဏ်ယူပါတယ်။ အခုလိုကျနော့်ရဲ့စာတမ်းအပေါ် ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူတဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အခန်း (၁၆)

# သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ENSCC နှင့်  ENC တို့၏ကြိုးပမ်းဆောင်ရွက်ချက်များ

[  သက္ကရာဇ် ၂၀၀၄  ခုနှစ်တွင်ကျင်းပသော
တတိယအကြိမ်  တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲသို့
အထွေထွေအတွင်းရေးမှူးမှ  ရေးသားတင်သွင်းသောစာတမ်း  ]

# သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ENSCC နှင့် ENC တို့၏ကြိုးပမ်းဆောင်ရွက်ချက်များ

## နိဒါန်း

တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ Ethnic Nationalities Solidarity and Cooperation Committee (ENSCC) ကို သက္ကရာဇ် ၂၀၀၁ ခုနှစ် ဩဂုတ်လ ၂၆ မှ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ (Ethnic Nationalities Seminar) တွင်ဖွဲ့စည်းခဲ့ပါသည်။

ENSCC ကော်မတီဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်မှာ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်စွာဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရန်နှင့် နိုင်ငံတကာမှ တိုင်းရင်းသားလူမျိုးများ၏ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးကြိုးပမ်းမှုအပေါ် ကူညီပံ့ပိုးမှုများ၊ အားပေးထောက်ခံမှုများ ရရှိနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ENSCC သည် နိုင်ငံရေးပါတီတရပ်လည်း မဟုတ်၊ နိုင်ငံရေးတပ်ပေါင်းစုတခုလည်း မဟုတ်ပါ။ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာနိုင်ရေးနှင့် ထိုသို့တွေ့ဆုံရာတွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ အစစ်အမှန်ဖြစ်ရေးအတွက် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများဖက်မှ ပြင်ဆင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အပြင် အမြင့်ဆုံးအဆင့် "တသံတည်းထွက် နိုင်ရေး" (One Ethnic Voice) အထိဦးတည်၍ ဖွဲ့စည်းထားသောကော်မတီ တရပ်သာဖြစ်ပါသည်။

## သုံးပွင့်ဆိုင်ဆွေးနွေးပွဲနှင့် ENSCC နိုင်ငံရေးမဟာဗျူဟာ

အနှစ်ငါးဆယ်ကျော်ကြာလာပြီးဖြစ်သည့် ပြည်တွင်းစစ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများအားလုံးကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးဖြေရှင်းရန် မိမိတို့ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများမှ အစဉ်တစိုက်တောင်းဆိုလာခဲ့ပါသည်။ ထို တောင်းဆိုချက်များနှင့်အညီ ၁၉၉၄ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြင့် မျက်နှာချင်းဆိုင်ဆွေးနွေးဖြေရှင်းရန် နှစ်စဉ်နှစ်တိုင်း ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။ ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် လက်ရှိစစ်အစိုးရ နအဖ၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဒေါ်အောင်

ဆန်းစုကြည် ဦးဆောင်သည့် NLD ပါတီနှင့် တိုင်းရင်းသားလူမျိုးများအားလုံး အင်အားစုသုံးရပ် ပါဝင်ရန် ကမ္ဘာ့ကုလသမဂ္ဂမှ ဆုံးဖြတ်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့်အညီ သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ပေါက်လာရေးအတွက်သော်၄င်း၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာသောအခါ မိမိတို့၏နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးနှင့် ခေတ်အဆက်ဆက်မှ ဆုံးရှုံးနစ်နာခဲ့သော အခွင့်အရေးများကို ပြန်လည်ရရှိနိုင်ရန် တိုင်းရင်းသားလူမျိုးများဖက်မှ ပြင်ဆင်မှုများပြုလုပ်ရေးတို့အတွက် အထူးလိုအပ်နေခဲ့ပါသည်။ ထိုလိုအပ်ချက်များနှင့်အညီ လွတ်မြောက်နယ်မြေရောက် တိုင်းရင်းသားလူမျိုးများ၏နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကို စုစည်းနိုင်ရန် သက္ကရာဇ် ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် ENSCC ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ENSCC အနေဖြင့် အောက်တွင်ဖော်ပြထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၄င်းတို့မှာ —

(၁) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) အောက်တွင်စုစည်းပါဝင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ၊
(၂) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တပ်ပေါင်းစုကြီးတွင်ပါဝင်နေကြသော တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊
(၃) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တပ်ပေါင်းစုကြီးတွင် မပါဝင်သော တိုင်းရင်းသားလူမျိုးများ၏လက်နက် ကိုင်တော်လှန်ရေးအင်အားစုများ၊
(၄) နအဖစစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ဟူ၍ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ စုစည်းညီညွတ်မှုအင်အားဖြင့် — ENSCC မှအောက်ပါလုပ်ငန်းများကို ဆောင်ရွက်အကောင်အထည်ဖော်ရန် လော်ခီးလာတွင်ကျင်းပသော ဒုတိယအကြိမ်တိုင်းရင်းသားညီလာခံကြီးတွင် ဆုံးဖြတ်ခဲ့ပါသည်။ ၄င်းလုပ်ငန်းစဥ်များမှာ —

(1) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် နအဖစစ်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဒီမိုကရေစီအင်အားစုများနှင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ ပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေး အတွက် ENSCC ကော်မတီ

အနေဖြင့် အပြုသဘောဆောင်သော လုပ်ငန်းဆောင်ရွက်ချက်များ (Constructive Actions) နှင့် ဦးစီးဦးဆောင်မှု (Pro-active) များကို အတတ်နိုင် ဆုံးပြုလုပ်ရန်။

To undertake pro-active and constructive action to bring about a peaceful resolution to the political conflict in Burma through a dialogue process involving the SPDC, the NLD led by Daw Aung San Suu Kyi, and the ethnic nationalities, as dialogue partners;

(2) ပြည်ထောင်စုမြန်မာနိုင်ငံသည် ကြီးမားပြင်းထန်သော လူမှုရေးအကြပ်အတည်း နှင့် ရင်ဆိုင်နေရပါသည်။ ထိုလူမှုအနိဌာန်ရုံများသည် မိမိတို့တိုင်းရင်းသား လူမျိုးများနေထိုင်ရာဒေသများတွင် ပိုမိုဆိုးရွားစွာခံစားနေရပါသည်။ ထို့ ကြောင့် ယနေ့တိုင်းပြည်တွင်ရင်ဆိုင်နေရသော နိုင်ငံရေးပဋိပက္ခများနှင့် လူမှုရေးအကြပ် အတည်းများကို အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ENSCC ကော်မတီအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏နိုင်ငံရေးပါတီများနှင့်သော်၎င်း၊ ဒီမိုကရေစီအင်အားစု များနှင့်သော်၎င်း၊ အနီးကပ်တိုင်ပင်ဆွေးနွေးခြင်းများပြု လုပ်ရုံသာမက ကမ္ဘာ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အင်အားစုများနှင့် Agencies များကိုတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း တတ်နိုင်သရွေ့ ဆောင်ရွက်ရန်။

Consult widely, cooperation, and work closely with all stakeholders in Burma and with the international community, international bodies and agencies, the UN, and humanitarian organizations to resolve the grave humanitarian cries in Burma, which most seriously affect the ethnic nationalities population;

(3) တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီရေးနှင့် တရားမျှတ ရေးတို့ကို အခြေခံသော၊ စစ်မှန်သောပြည်ထောင်စုစနစ်ကို ပြန်လည်ထူ ထောင်နိုင်ရန်အတွက် ပင်လုံစိတ်ဓာတ်ကိုအခြေခံသော ပြည်ထောင်စုပြန်လည် တည်ဆောက်ရေးနှင့် ငြိမ်းချမ်း၍ တရားနည်းလမ်းကျသော ဒီမိုကရေစီအသွင် ကူးပြောင်းရေး ဖြစ်ပေါ်လာနိုင်ရန် ENSCC မှ ကြိုးပမ်းဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

Strive to facilitate an orderly and peaceful democratic transition in Burma, and to rebuild the country in accordance with the spirit of Panglong, which is based on the principle of Equality, Self-determination, Democracy and Justice.

ထို့ကြောင့် ENSCC ၏ရှေ့လုပ်ငန်းစဉ်များ (Mission) များကို အောက်ပါအတိုင်း သတ်မှတ်ပြဌာန်းခဲ့ပါသည်။

(1) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ အခြေအနေနှင့် နောက်ခံသမိုင်း၊ လက်ရှိရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများ၊ ရှေ့အနာဂတ်တွင် ဖွဲ့စည်းထူထောင်ချင်သောနိုင်ငံရေးစနစ်နှင့် ပုံသဏ္ဌာန်များကို နိုင်ငံတကာစင်မြင့်တွင် ထင်ရှားလက်ခံနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊
Promote the profile of the Ethnic Nationalities on the international stage.

(2) သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ဆောင်ရွက်ရန်၊
Coordinate and work for Tripartite Dialogue.

(3) ပင်လုံစိတ်ဓာတ်ကိုပြန်လည်ရှင်စေခြင်းဖြင့် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊
Reviving the Panglong Spirit, and State-building.

(4) အတွင်းအပြင်ရှိ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများအကြား သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။
Build or facilitate Unity and Cohesion among all Ethnic Nationalities forces, inside and outside, including promoting and supporting political actions inside.

## ENSCC ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ (၂၀၀၁ မှ ၂၀၀၃)

### (1) The New Panglong Initiative: Rebuilding the Union of Burma

### ပင်လုံစိတ်ဓါတ်ကို အခြေခံသောပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်

ENSCC ကော်မတီအနေဖြင့် ပထမဦးဆုံးဆောင်ရွက်အကောင်အထည်ဖော်ခဲ့သော နိုင်ငံရေးလုပ်ငန်းမှာ — ပင်လုံစိတ်ဓါတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက် (The New Panglong Initiative: Rebuilding the Union of Burma) ဟူသောခေါင်းစဉ်ဖြင့် နိုင်ငံရေးစာတမ်းတစောင်ကို ရေးသားဖြန့်ဝေခဲ့ခြင်း ဖြစ်ပါသည်

ထိုနိုင်ငံရေးပေါ်လစီစာတမ်းကို အခြေခံ၍ နိုင်ငံတကာစည်းရုံးရေးခရီးစဉ်များကိုလည်း ပြုလုပ်ခဲ့ပါသည်။ ထိုခရီးစဉ်များအနက် အရေးကြီးသော ခရီးစဉ်တခုမှာ — သက္ကရာဇ် ၂၀၀၁ ခု ဒီဇင်ဘာလတွင် နော်ဝေးနိုင်ငံ အော်စလိုမြို့သို့ သွားရောက်

ခဲ့သော ခရီးစဉ်ဖြစ်ပါသည်။ ထိုခရီးစဉ်ကို ဥက္ကဋ္ဌကြီး စောဘသင် (Saw Ba Thin) နှင့် KNPP ဥက္ကဋ္ဌလည်းဖြစ်၊ ENSCC ကော်မတီဝင်ဖြစ်သည့် ခူထဲဘူးဖဲ (Khu Hteh Bupeh) တို့က ဦးဆောင်သွားခဲ့ပါသည်။ ထိုခရီးစဉ်သည် နော်ဝေးနိုင်ငံမှ နှစ်စဉ်ချီးမြှင့်ပေးအပ်လျက်ရှိသည့် နိုဘယ်ငြိမ်းချမ်းရေးဆု အနှစ်တရာပြည့် အခမ်းအနားကြီးနှင့်ငင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်သည့် ဆယ်နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့်ငင်း တိုက်ဆိုင်ခဲ့ပါသည်။ ထို အခွင့်အခါသမယကို အမိအရရယူ၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးနစ်နာချက်များနှင့် အနာဂတ်ရည်မှန်းချက်များကို ကမ္ဘာသို့ တင်ပြ ခွင့်ရရှိနိုင်ရန်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် နှီးနှောဖလှယ်ပွဲ (Seminar) တရပ်ကို အော်စလိုမြို့တွင် ကျင်းပနိုင်ခဲ့ပါသည်။ ငင်းနှီးနှောဖလှယ်ပွဲကို NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် EBO Director - Harn Yawnghwe တို့လည်း တက်ရောက် အားပေးပြီး၊ လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို "ပင်လုံစိတ်ဓာတ်ကိုအခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေး စီမံချက်" ရှုထောင့်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

ENSCC ၏ The New Panglong Initiative ကို နိုင်ငံတကာက လှိုက်လှဲစွာ ထောက်ခံအားပေးရုံသာမက ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီအားလုံးကပါ တခဲနက်ထောက်ခံခဲ့ပါသည်။ ထို့ကြောင့် သက္ကရာဇ် ၂၀၀၂ ဇန်နဝါရီလ (၁၈ – ၂၀) ရက်နေ့အထိ Strategy Consultation Committee (SCC) မှ ခေါ်ယူကျင်းပသည့် ထိပ်သီးခေါင်းဆောင်များအစည်းအဝေးတွင် ENSCC ၏ The New Panglong Initiative ကို အပြည့်အဝထောက်ခံကြောင်း အောက်ပါ အတိုင်း ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ပါသည်။

> The Strategy Consultation further support the ENSCC's, "The New Panglong Initiative" which is aimed at National Reconciliation. The Organizations participating in the Strategy Consultation under take to work together to promote the concept and principles of the 'Initiative' and for their acceptance national wide.

ထို Strategy Consultation meeting တွင် ယနေ့ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ အန္တိမပန်းတိုင် (Ultimate Goal) သည် ဒီမိုကရေစီစနစ်ကိုအခြေခံသော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြစ်ကြောင်းနှင့် ထိုပန်းတိုင်အရောက်ချီတက်နိုင်ဖို့ မဟာဗျူဟာ (Grand Strategy) အဖြစ် "Tripartite Dialogue" သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို အသုံးချသွားမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်နိုင်ခဲ့ပါသည်။

ENSCC ၏ ပြည်တွင်းပြည်ပ (ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာအဖွဲ့အစည်း) များ၏ အားပေးထောက်ခံမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် "The New Panglong Initiative: Rebuilding the Union of Burma" ကို စာအုပ်ဖြင့် ထုတ်ဝေဖြန့်ချီမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။

ENSCC ၏ကြိုးပမ်းအားထုတ်မှုဖြင့် The New Panglong Initiative ပေါ်လစီမှန်ကန်မှုကြောင့် ယခုအခါ ဒီမိုကရေစီအင်အားစုများသာမက၊ နိုင်ငံတကာကပါ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာဖြေရှင်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တိုင်းရင်းသားလူမျိုးများသည် မရှိမဖြစ် မပါမဖြစ် လိုအပ်သောအင်အားစုများအဖြစ် အသိအမှတ်ပြုလာကြပါ သည်။ EU, UN နှင့် USA စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒီမိုကရေစီနိုင်ငံများသာမက၊ အာရှနိုင်ငံများဖြစ်ကြသော ဂျပန် နှင့် အာဆီယံတိုင်းပြည်များကလည်း အသိအမှတ်ပြုလာကြပါသည်။ အာဆီယံနိုင်ငံများ၏ ရပ်တည်ချက်ပြောင်းလဲမှုသည် အလွန်လေးနက်ပြီး နိုင်ငံရေးအရတန်ဖိုးကြီးမားသော အောင်မြင်မှုတခု ပင်ဖြစ်ပါသည်။

ယခင်နှစ်များတွင် အာဆီယံသည် နအဖ ဖက်မှသာရပ်တည်ပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲကို အားပေးထောက်ခံခြင်းပြုရန် တွန့်တိုခဲ့ကြပါသည်။ ထို့အပြင် သူတို့အမြင်မှာ — တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍအရေးကြီးကြောင်း မမြင်နိုင်ခဲ့ကြပေ။ သို့ရာတွင် ENSCC ကော်မတီဖွဲ့စည်းပြီးနောက်ပိုင်း၊ ထိုင်းဝန်ကြီးချုပ် ထတ်ဆင်၊ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့က ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး (National Reconciliation) ဒီမိုကရေစီအသွင်ကူးပြောင်းရေး (Democratic Transition) လိုအပ်ကြောင်း၊ ထိုသို့အသွင်ကူးပြောင်းရေးကာလနှင့် အမျိုးသားရင်ကြားစေ့ရေး (National Reconciliation Process) တွင် တိုင်းရင်းသားလူမျိုးများ မပါလျှင်မဖြစ်ကြောင်း တင်ပြပြောဆိုလာကြပါသည်။ ယင်း တိုးတက်ပြောင်းလဲမှုများကို အသေးစိပ်သုံးသပ်ပါက ENSCC ၏ လုပ်ငန်းအောင်မြင်မှုတရပ်ဖြစ်ကြောင်း တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

## 2. Ethnic Nationalities Initiative for Tripartite Dialogue

### သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ ကြိုးပမ်းအားထုတ်မှု

ENSCC ၏ "The New Panglong Initiative: Rebuilding the Union of Burma" သည် ကျယ်ပြန့်နက်ရှိုင်းသော နိုင်ငံရေးသဘောတရား၊ ပြည်ထောင်စုသမိုင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ပကတိအခြေအနေအပေါ်အခြေခံ၍

ရေးဆွဲတင်ပြထားသော နိုင်ငံရေးပေါ်လစီ စာတမ်းတရပ်ဖြစ်ပါသည်။ ၎င်း ပေါ်လစီ သဘောတရားဆိုင်ရာစာတမ်းကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် လက်တွေ့လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် လိုအပ်ခဲ့ပါသည်။ ထို့ကြောင့် The New Panglong Initiative သဘောတရားဆိုင်ရာစာတမ်းကို အခြေခံ၍ လက်တွေ့လုပ်ငန်းဆောင်ရွက်နိုင်ရန် “Ethnic Nationalities Initiative for Tripartite Dialogue” ကို သက္ကရာဇ် ၂၀၀၃ မတ်လမှစတင်ဆောင်ရွက်ခဲ့ပါသည်။

ENSCC အနေဖြင့် “Ethnic Nationalities Initiative for Tripartite Dialogue” ကိုလုပ်သင့်လုပ်ထိုက်သော နိုင်ငံရေးလုပ်ငန်းတရပ်ကို လုပ်သင့်လုပ်ထိုက်သောအချိန်တွင် စတင်ဆောင်ရွက်အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ ထိုသို့ စတင်ဆောင်ရွက်ရာ၌ ENSCC ကို အထောက်အကူပြု၍ ကျောထောက်နောက်ခံဖြစ်စေသောအချက်များထဲတွင် ဒီမိုကရေစီအရေးတော်ပုံကြီး၏ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းအားပေးချက်လည်း ပါဝင်ပါသည်။ သက္ကရာဇ် ၂၀၀၂ ခု မေလတွင် ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်မှ ပြန်လွှတ်ပေးပြီးနောက်ပိုင်း — ပြည်တွင်းရှိတိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်က **“တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိ (ဒေါ်စု) ကိုသာ စောင့်နေခြင်းမပြုပဲ၊ လုပ်သင့်လုပ်ထိုက်သော အလုပ်များကို Initiative ယူပြီး လုပ်ဆောင်သွားကြရန်”** တိုက်တွန်းခဲ့ပါသည်။ ထိုတိုက်တွန်းနိုးဆော်ချက်ကို ပြည်တွင်းရှိတိုင်းရင်းသားခေါင်းဆောင်များထံမှ ENSCC မှတဆင့် ကြားသိခဲ့ရပါသည်။ ထို့ကြောင့် ENSCC အနေဖြင့် ဒေါ်စု တိုက်တွန်းချက်လည်းဖြစ်သော “Ethnic Initiative” ကို စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် Ethnic Initiative ကိုစတင်သောအခါ မမျှော်လင့်သောဖက်ပေါင်းစုံမှ နားမလည်မှု၊ သံသယရှိမှုနှင့် တိုက်ခိုက်မှုများကို ခံခဲ့ရပါသည်။ ENSCC အနေဖြင့် Ethnic Initiative ရယူခြင်းမှာ — ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍကို မှေးမှိန်အောင်လုပ်ခြင်းမဟုတ်သလို၊ ဒီမိုကရေစီအရေးတော်ပုံကြီး၏ အန္တိမပန်းတိုင်ဖြစ်သော **“ဒီမိုကရေစီရေး နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စနစ်ထူထောင်ရေး”** လမ်းစဉ်မှသွေဖီသွားခြင်းမဟုတ်ကြောင်း ရှင်းလင်းခဲ့ရပါသည်။ ဤသို့ဖြင့် သက္ကရာဇ် ၂၀၀၃ ခု ဧပြီလ တွင် SCC ဦးဆောင်မှုဖြင့် ကျင်းပခဲ့သော ထိပ်သီးခေါင်းဆောင်များ၏ ညီလာခံမှ ENSCC ၏ Ethnic Nationalities Initiative ကိုထောက်ခံအားပေးကြောင်း ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ပါသည်။

## 3. ENSCC 's Road Map for Rebuilding the Union of Burma
## ပြည်ထောင်စုပြန်လည်တည်ဆောက်ရေး နိုင်ငံရေးလမ်းပြမြေပုံကို ထုတ်ပြန်ခြင်း

သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများမှ ကြိုးပမ်းအားထုတ်မှု (Ethnic Nationalities Initiative for Tripartite Dialogue) ကို ENSCC အနေဖြင့် မလျှော့သောဇွဲသတ္တိဖြင့် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။ သို့ရာတွင် Ethnic Initiative ကိုစတင်ခဲ့စဉ်က ဒီမိုကရေစီအင်အားစုများထံမှသော်၎င်း၊ တိုင်းရင်းသားလူမျိုးများ၏ လက်နက်တော်လှန်ရေးအင်အားစုများထံမှ သော်၎င်း၊ နားမလည်မှု အထင်အမြင်လွဲမှားမှုများ ရှိနေခဲ့ခြင်းကြောင့် Ethnic Nationalities Initiative for Tripartite Dialogue Workshop ကို ENSCC မှ တိုက်ရိုက်ခေါ်ယူကျင်းပခြင်းမပြုပဲ၊ Euro-Burma Office ကို ခေါ်ယူကျင်းပစေခဲ့ ပါသည်။

ဤသို့ဖြင့် Euro-Burma Office မှ ခေါ်ယူကျင်းပသော Ethnic Nationalities Initiative for Tripartite Dialogue Workshop အလုပ်ရုံဆွေးနွေးပွဲကို သက္ကရာဇ် ၂၀၀၃ ခု ဩဂုတ်လ (၂၉) ရက်မှ စက်တင်ဘာလ (၂) ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲ (Workshop) သို့ နိုင်ငံတကာမှ ပညာရှင်များနှင့် ထိုင်းအစိုးရမှ ပေါ်လစီရေးရာ တာဝန်ရှိသူများအပါအဝင် ဖိတ်ခေါ်ပြီး တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များနှင့် (၅) ရက်တိုင်တိုင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး (Democratic Transition) နှင့် ပတ်သက်သော ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး၊ ယနေ့ကျွန်ုပ်တို့ရင်ဆိုင်ရသော နိုင်ငံရေး အကြပ်အတည်းကို မည်ကဲ့သို့ရင်ဆိုင်ကျော်လွှားအဖြေရှာရမည်နည်း ဆိုသော မေးခွန်းကို အဖြေရှာယူခဲ့ကြပါသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အမြင်များ၊ တွေ့ရှိချက်များ၊ သဘောတူညီချက်များအပေါ် အခြေခံ၍၊ ENSCC ကို "ပြည်ထောင်စုပြန်လည်တည်ဆောက်ရေး နိုင်ငံရေးလမ်းပြမြေပုံ" (Road Map for Rebuilding the Union of Burma) ကို စက်တင်ဘာ (၂) ရက်နေ့တွင် အတည်ပြုပြီး စက်တင်ဘာ (၄) ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတရပ် ကျင်းပ၍ တရားဝင်ထုတ်ပြန်နိုင်ခဲ့ပါသည်။

ENSCC ၏ နိုင်ငံရေးလမ်းပြမြေပုံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပြန်လည်ထူထောင်နိုင်ရေးအတွက် အသင့်တော်ဆုံးဖြစ်မည်ဟု ယူဆရသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဆင့် (၂) ဆင့်ကို တင်ပြထားပါသည်။ ENSCC တင်ပြထားသော အသွင်ကူးပြောင်းရေးကာလ ပထမအဆင့်သည် — သုံးပွင့်ဆိုင်ဆွေးနွေးရေးပင်ဖြစ်ပြီး၊ ၎င်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အတိုင်း၊ လက်ရှိစစ်အစိုးရ နအဖ၊ ၁၉၉၀ ရွေးကောက်ပွဲတွင်

အနိုင်ရရှိထားသော နိုင်ငံရေးပါတီများ (ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ) နှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ကြရမည်ဖြစ်ပါသည်။

ENSCC မှ တင်ပြရာ၌ — သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို "Congress of National Unity" ဟု ခေါ်တွင်စေရမည်ဖြစ်ပြီး၊ ၎င်း Congress of National Unity သက်တမ်းသည် (၂) နှစ်ထက်ပို၍ မကြာစေရပေ။ Congress of National Unity ၏ ဆွေးနွေးတိုင်ပင်မှုရလာဒ်ကို အခြေခံ၍ "အမျိုးသားလုံးဆိုင်ရာသဘောတူ စာချုပ်" (National Accord) ကို ထုတ်ပြန်သွားရမည်ဖြစ်ပါသည်။ ယင်း National Accord အရ ပြည်ထောင်စုနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင် ကို ပြည်ထောင်စုအတွက်သော်၎င်း၊ ပြည်နယ်များအတွက်သော်၎င်း ဖွဲ့စည်းကြ ရမည်ဖြစ်ပါသည်။

ထို့အပြင် ၎င်းအမျိုးသားလုံးဆိုင်ရာသဘောတူညီချက် (National Accord) အရ လေးနှစ်သက်တမ်းရှိမည့် ကြားဖြတ်ညွန့်ပေါင်းအစိုးရ (Government of National Unity) ကို ဖွဲ့စည်းသွားရမည် ဖြစ်ပါသည်။ ၎င်း ကြားဖြတ်ညွန့်ပေါင်း အစိုးရ၏ ကြီးကြပ်မှုအောက်တွင် အထက်တွင်ဖော်ပြခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေများ (ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များဖွဲ့စည်းပုံ အခြေခံဥပဒေများ) ကို သက်ဆိုင်ရာကော်မရှင်များက လွတ်လပ်စွာဖြင့် အပြီးသတ် ရေးဆွဲ ကြပြီးနောက်၊ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို၎င်း၊ ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်နယ်အသီးသီး၏ ပြည်နယ်ဆန္ဒခံယူပွဲများကို လည်း ကျင်းပရမည် ဖြစ်ပါသည်။ လူထုဆန္ဒခံယူပွဲဖြင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြဋ္ဌာန်းပြီးနောက် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်အတိုင်း ကျင်းပသွားရမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် မိမိတို့မျှော် မှန်းထားသော ဒီမိုကရေစီအခွင့်အရေးအပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဟု မျှော်မှန်းတင်ပြထားပါသည်။

## 4. ENSCC ၏ စုဖွဲ့မှုနှင့် လုပ်ငန်းခွဲဝေမှုများကိုတင်ပြခြင်း

ENSCC ကော်မတီအတွင်းသော်၎င်း၊ ENSCC ၏ မိခင်တပ်ပေါင်းများ ဆက်ဆံရေး လွယ်ကူပြေပြစ်ရေးအတွက်သော်၎င်း၊ အခြားမဟာမိတ်များ၊ ဒီမိုကရေစီအင်အားစု များအတွင်းနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး လွယ်ကူကောင်းမွန်နိုင်စေရန် သော်၎င်း၊ ENSCC ကော်မတီမှ မိမိတို့ကော်မတီဝင်များအတွင်းတွင် အောက်ပါ အတိုင်း တာဝန်များခွဲဝေပေးခဲ့ကြပါသည်။

| | | |
|---|---|---|
| 1) | Saw Ba Thin Sein | Chairman & Spokesperson |
| 2) | Khu Hteh Bupeh | Strategy Analysis & Policy Research |
| 3) | Dr. Chao Tzang Yawnghwe | Strategy Analysis & Policy Research |
| 4) | Sao Seng Suk | Strategy Analysis & Policy Research |
| 5) | Teddy Buri | External Affairs Relations |
| 6) | Hkun Okker | Internal Affairs Relations |
| 7) | Dr. Lian H. Sakhong | Secretary တို့ဖြစ်ပါသည်။ |

ထို့အပြင် ENSCC ကော်မတီ၏ တရားဝင်အကြံပေးပုဂ္ဂိုလ်အဖြစ် Harn Yawnghwe ကိုင်း၊ ဉက္ကဋ္ဌ စောဘာသင်၏ Personal Assistant အဖြစ် စောဒေးပစ်တော ကိုရင်း၊ ခူထဲဖူးဖဲ၏ Personal Assistant အဖြစ် ခူရီမန်ထူး ကိုရင်း ခန့်အပ်တာဝန် ပေးခဲ့ပါသည်။

ENSCC ကော်မတီ၏လုပ်ငန်းများကို စနစ်တကျဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန် ကော်မတီအစည်းအဝေးကို သုံးလတကြိမ်ပုံမှန် ကျင်းပနိုင်ခဲ့ပါသည်။ ထို့အပြင် လိုအပ်လျှင်လိုအပ်သလို အရေးပေါ်အစည်းအဝေးများကိုလည်း ကျင်းပခဲ့ပါသည်။ မိမိတို့၏ တပ်ပေါင်းစုများကို အစီရင်ခံခြင်း၊ အရေးကြီးသော နိုင်ငံရေးပေါ်လစီဆိုင်ရာလုပ်ငန်းများတွင် သက်ဆိုင်ရာတပ်ပေါင်းစု၏ အတည်ပြုထောက်ခံမှုကို ရယူခြင်း၊ မဟာမိတ်ပါတီများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းများလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

ENSCC ကော်မတီအနေဖြင့် နိုင်ငံတကာ Lobby ခရီးစဉ်များသာမက၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ်ဇမေးနှင့် ပုံမှန်ဆက်သွယ်ရေးအတွက် မစ္စတာ ရာဇာလီအစ်ဇမေး၏ အထူးကိုယ်စားလှယ်တဦးနှင့်လည်း သုံးလတကြိမ်ပုံမှန်ဆွေးနွေးမှုများ ကျင်းပနိုင်ခဲ့ပါသည်။

## (ခ) တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကိုဖွဲ့စည်းခြင်း

ENSCC သည် တိုင်းရင်းသားလူမျိုးများ၏ အဖွဲ့အစည်းများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်စွာဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရန်နှင့် နိုင်ငံတကာမှ တိုင်းရင်းသားလူမျိုးများ၏ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေး ကြိုးပမ်းမှုအပေါ် ကူညီပံ့ပိုးမှုများ၊ အားပေးထောက်ခံမှုများ ရရှိနိုင်ရန်အတွက် ဖွဲ့စည်းထားသည့်ကော်မတီတရပ်သာ ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ENSCC သည် နိုင်ငံရေးပါတီတရပ်လည်း မဟုတ်၊ နိုင်ငံရေးတပ်ပေါင်းစုတရပ်လည်းမဟုတ်ပါ။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးနှင့် ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ အစဉ်အမှန်ဖြစ်ပေါ်လာရေးအတွက်

ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများဖက်မှ ပြင်ဆင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ဖွဲ့စည်းထားသောကော်မတီ တရပ်မျှသာဖြစ်ခဲ့ပါသည်။

ထိုကြောင့် ENSCC အနေဖြင့် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲမှ ချမှတ်ပေးထားသော "မူ" နှင့် "ပေါ်လစီ" ဘောင်ကိုကျော်၍ လုပ်ပိုင်ခွင့် (Mandate) မရှိခဲ့ပါ။ အခြေအနေနှင့်အချိန်အခါတောင်းဆိုချက်အရ — လိုအပ်သော နိုင်ငံရေးထိုးစစ်ဆင်ရေးနှင့် မဟာဗျူဟာနည်းဗျူဟာချမှတ်ရေးတို့ကို လုပ်ဆောင်အကောင်အထည်ဖော်ခွင့် မရှိခဲ့ပေ။ ထိုကြောင့် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသောအားဖြင့် တတိယအကြိမ်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ ခေါ်ယူကျင်းပပြီး **"တိုင်းရင်းသားလူမျိုးများကောင်စီ"** "Ethnic Nationalities Council" (ENC) ကိုဖွဲ့စည်းခဲ့ပါသည်။ ENSCC ကိုလည်း ENC ၏ လုပ်ငန်းကော်မတီအဖြစ် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

## (1) ဖက်ဒရယ်ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်

တတိယအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးတွင် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကိုဖွဲ့စည်းနိုင်ခဲ့ရုံသာမက နိုင်ငံရေးအရအလွန်အရေးကြီးသော ဆုံးဖြတ်ချက်များကိုလည်း ချမှတ်နိုင်ခဲ့ပါသည်။ နအဖမှ တင်ပြထားသော နိုင်ငံရေးလမ်းပြမြေပုံ (Road Map) သည်၎င်း၊ ယင်းတို့မှခေါ်ယူကျင်းပရန် ပြင်ဆင်ထားသောအမျိုးသားညီလာခံသည်၎င်း၊ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်မည်မဟုတ်သောကြောင့်၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် အမြန်ဆုံးတည်ဆောက်နိုင်ရေးတို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာနိုင်ရန် အောက်ပါအချက်များပါဝင်သော **"ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစီမံချက်"** ကို လုပ်ဆောင်သွားရန်ဆုံးဖြတ်သည်။

(က) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်အတိုင်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အမြန်ဆုံးခေါ်ယူကျင်းပရန်၊

(ခ) သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ရလာဒ်အပေါ်အခြေခံ၍ နအဖစစ်အုပ်စု၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလူမျိုးများ အချိုးတူပါဝင်သော "ကြားဖြတ်အစိုးရ" ကို ဖွဲ့စည်းရန်၊

(ဂ) "ကြားဖြတ်အစိုးရ" သည် အများလက်ခံနိုင်သော "အမျိုးသားညီလာခံ" တရပ်ကို ခေါ်ယူကျင်းပပေးရန်၊

(ဃ) “အမျိုးသားညီလာခံ” ၏ သဘောတူညီချက်များအတိုင်း “ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ” ကိုသော်၎င်း၊ “ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ” ကိုသော်၎င်း၊ “ကော်မရှင်” အသီးသီးဖွဲ့စည်း၍ ရေးဆွဲစေရန်၊

(င) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုင်၎င်း၊ ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်နယ်အသီးသီး၏ ဆန္ဒခံယူပွဲများကိုင်၎င်း ခေါ်ယူကျင်းပရန်၊

(စ) အသစ်ရေးဆွဲပြဋ္ဌာန်းသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ “ပြည်ထောင်စုအစိုးရ” ကိုဖွဲ့စည်းနိုင်ရန်သော်၎င်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းသော ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအတိုင်း “ပြည်နယ်အစိုးရများ” ကိုဖွဲ့စည်းနိုင်ရန်သော်၎င်း၊ ရွေးကောက်ပွဲများကို ခေါ်ယူကျင်းပရန်၊

(ဆ) ရွေးကောက်ပွဲပြီးလျှင် သင်ဆိုင်ရာလွှတ်တော်အသီးသီးခေါ်ယူပြီး အနိုင်ရပါတီအသီးသီးမှ သက်ဆိုင်ရာအစိုးရအသီးသီးကို ဖွဲ့စည်းသွားရန်၊

## (ဃ) ENC ကောင်စီဝင်များနှင့် ENSCC ကော်မတီဝင်များ

တတိယအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများညီလာခံ ဆုံးဖြတ်ချက်အတိုင်း တိုင်းရင်းသားလူမျိုးများကောင်စီကို NDF မှကိုယ်စားလှယ် (၃) ဦး၊ UNLD(LA) မှကိုယ်စားလှယ် (၂) ဦး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ ကိုယ်စားလှယ် (၁) ဦး၊ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ (NUPA) မှ ကိုယ်စားလှယ် (၁) ဦး၊ ရှမ်းဒီမိုကရက်တစ်ယူနီယံ (SDU) မှ ကိုယ်စားလှယ် (၁) ဦး၊ ကချင်အမျိုးသားအစည်းအရုံး (KNO) မှ (၁) ဦး၊ စုစုပေါင်း (၉) ဦးဖြင့် ဖွဲ့စည်း ရန်ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတပ်ပေါင်းစုများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ စေလွှတ်သော ကိုယ်စားလှယ် (၉) ဦးကို အောက်ပါအတိုင်း ရွေးချယ်တာဝန် ပေးအပ်ခဲ့ပါသည်။

| | | |
|---|---|---|
| (၁) ဥက္ကဌ | စောဘသင် | (NDF) |
| (၂) ဒု–ဥက္ကဌ | ခူထဲဘူးဖဲ | (KNPP) |
| (၃) အထွေထွေအတွင်းရေးမှူး | ဒေါက်တာဆလိုင်းလျန်မှုန်း | (UNLD-LA) |
| (၄) တွဲဖက်အတွင်းရေးမှူး | စဝ်ဆိုင်စစ် | (SDU) |
| (၅) ဘဏ္ဍာရေးမှူး | ခိုင်စိုးနိုင်အောင် | (NDF) |
| (၆) အဖွဲ့ဝင် | ပိုလ်ချုပ်ကြီး တာမလာပေါ | (NDF) |
| (၇) အဖွဲ့ဝင် | ခွန်းမတ်ရ်ကိုဘန် | (UNLD-LA) |
| (၈) အဖွဲ့ဝင် | ဒေါက်တာခင်မောင် | (NUPA) |
| (၉) အဖွဲ့ဝင် | ဘောမ်ဝမ်လရော် | (KNO) |

ထို့အပြင် ENC ဖွဲ့စည်းခြင်းနှင့် ENC ပထမအကြိမ်အစည်းအဝေးတွင် Harn Yawnghwe (Director, Euro-Burma Office) နှင့် မန်းအောင်သန်းလေး (KNPP) တို့ကို ENC ၏ အကြံပေးပုဂ္ဂိုလ်များအဖြစ်၎င်း၊ ဗိုလ်မှူး ထူးထူးလေးကို ENC ဥက္ကဋ္ဌကြီး၏ Personal Assistant အဖြစ်၎င်း တာဝန်ပေးအပ်ခဲ့ပါသည်။

ENC ၏လုပ်ငန်းကော်မတီဖြစ်သော ENSCC ကိုလည်း အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

| | | |
|---|---|---|
| (၁) ဥက္ကဋ္ဌ | စဝ်ဇန့်ယောင်ဟွေ | (UNLD-LA) |
| (၂) အတွင်းရေးမှူး | စောဒေးဗစ်တော | (NDF) |
| (၃) အဖွဲ့ဝင် | ဒက်ဒီဘူးရီ | (UNLD-LA) |
| (၄) အဖွဲ့ဝင် | ဗိုလ်မှူးကြီးခွန်ဥက္ကာ | (NDF) |
| (၅) အဖွဲ့ဝင် | ရီမန်ထူး | (KNPP) |

## နိဂုံးချုပ်

တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် ကော်မတီတရပ်အဖြစ် ဖွဲ့စည်းခဲ့ပြီး သက္ကရာဇ် ၂၀၀၄ တွင် ပြည်နယ် (၇) ခုမှ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအားလုံးကို ကိုယ်စားပြုသောတပ်ပေါင်းစုကြီးဖြစ်သည့် "တိုင်းရင်းသားလူမျိုးများကောင်စီ" အဖြစ်အဆင့်မြှင့်တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ENSCC ကိုစတင်ဖွဲ့စည်းသည့်အချိန်မှ ENC အဖြစ်သို့ပြောင်းလဲဖွဲ့စည်းနိုင်သည့် သုံးနှစ်တာ၊ လေးနှစ်နီးပါးဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပါက အလွန်အောင်မြင်ခဲ့ကြောင်း ကောက်ချက်ချမှတ်နိုင်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို ဒီမိုကရေစီအင်အားစုများသာမက နိုင်ငံတကာကလက်ခံအသိအမှတ်ပြုလာကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တရပ်လုံးတွင် တိုင်းရင်းသားလူမျိုးများမပါလျှင် မဖြစ်နိုင်ကြောင်း၊ တိုင်းရင်းသားလူမျိုးများမပါဝင်ပါက ဒီမိုကရေစီနိုင်ငံထူထောင်ရေး၊ စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ကို လုံးဝဆောင်ရွက်၍မရကြောင်း အသိအမှတ်ပြုလက်ခံလာကြပါသည်။ ယင်းသို့ ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာ၏ ထောက်ခံအားပေးမှုကို ဆုပ်ကိုင်ထားပြီး မိမိတို့အနေဖြင့် လုပ်ငန်းများကိုဆထက်ထမ်းပိုးဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းလိုပါသည်။

နောက်ဆုံးအနေဖြင့်တင်ပြလိုသည်မှာ Dr. Chao Tzang Yawnghwe (Uncle Eugene) အတွက် ဝမ်းနည်းခြင်းမှတ်တမ်းဖြင့် နိဂုံးချုပ်လိုပါသည်။ တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ENSCC) နှင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) တို့ကို စတင်ဖွဲ့စည်းထူထောင်နိုင်ရန် ရှေ့တန်းမှအဓိကဦးဆောင်ခဲ့သောပုဂ္ဂိုလ်မှာ Uncle Eugene ပင်ဖြစ်ပါသည်။ သူသည် တိုင်းရင်းသားလူမျိုးများအရေးကို နိုင်ငံတကာစင်မြင့်တွင် လက်ခံအသိအမှတ်ပြုနိုင်အောင် ဦးစီးဆောင်ရွက်ပေးခဲ့သော နိုင်ငံရေးသုခမိန် တဦးပင်ဖြစ်ပါသည်။ ရှမ်းတောင်လှန်ရေးကို နှစ်ပေါင်းများစွာဦးဆောင်ခဲ့ပြီးနောက် ၁၉၇၀ ခုကာလနောက်ပိုင်းတွင် ကနေဒါနိုင်ငံသို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး နိုင်ငံရေးသိပ္ပံပါရဂူဘွဲ့ဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့ပါသည်။ သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် တော်လှန်ရေးစခန်းသို့ ပြန်လာခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD(LA) ၏ နာယကကြီးအဖြစ်၎င်း၊ ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်၏ အထောက်အကူပြုကော်မတီဖြစ်သော Supporting Committee for State Constitutions (SCSC) ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ENSCC) ၏ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ပေးအပ်သော နိုင်ငံရေးတာဝန်များကို နောက်ဆုံးထွက်သက်အထိ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပါသည်။

Dr. Chao Tzang Yawnghwe သည် ပြီးခဲ့သော သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇူလိုင်လ (၂၄) ရက်နေ့တွင် သူနေထိုင်ရာ ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တွင် ဦးနှောက်ကင်ဆာရောဂါကြောင့် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။ Dr. Chao Tzang Yawnghwe ကွယ်လွန်သွားခြင်းသည် ENSCC နှင့် ENC တို့အတွက်သာမက ပြည်ထောင်စုတရပ်လုံးရှိ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီးတခုလုံးအတွက် အစားမထိုးနိုင်သော ကြီးမားသည့် ဆုံးရှုံးမှုဖြစ်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အခန်း (၁၇)

# ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့အတွက် တိုင်းရင်းသားလူမျိုးများကောင်စီ ၏ ကြိုးပမ်းမှုများ

[ သက္ကရာဇ် ၂၀၀၅ ခုနှစ်တွင် ကျင်းပသော
စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံသို့ တင်သွင်းသော
အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းအစီရင်ခံစာ ]

# ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့အတွက် “တိုင်းရင်းသားလူမျိုးများကောင်စီ” ၏ ကြိုးပမ်းမှုများ

## နိဒါန်း

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိကျင်းပခဲ့သော၊ တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် ဖွဲ့စည်းထူထောင်ရန်ဆုံးဖြတ်ခဲ့ပြီး၊ သက္ကရာဇ် ၂၀၀၄ ခုနှစ် မတ်လ (၁၂) ရက်မှ (၁၄) ရက်တွင်ကျင်းပသော အစည်းအဝေးတွင် တရားဝင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

## ရည်ရွယ်ချက်များ

တိုင်းရင်းသားလူမျိုးများကောင်စီကို ဖွဲ့စည်းထူထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ —

(၁) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊
(၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊
(၃) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးနှင့်
(၄) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး တို့ပင်ဖြစ်ပါသည်။

## မဟာဗျူဟာနှင့်နည်းဗျူဟာများ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ မဟာဗျူဟာရည်မှန်းချက်ပန်းတိုင်သည် ၁၉၉၇ ခုနှစ်တွင်ကျင်းပခဲ့သော ပထမအကြိမ်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် “မယ်သရောထာသဘောတူညီချက်” (Mae Tha Raw Ta Agreement) တွင်ပါရှိသည့်အတိုင်း —

(က) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသည် မိမိတို့ဆင်နွဲနေသော တော်လှန်ရေး၏အန္တိမပန်းတိုင်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပါသည်။

(ခ) ထိုရည်မှန်းချက် ပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် “သုံးပွင့်ဆိုင်ဆွေးနွေးပွဲ” ဖြင့် ယနေ့ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများဖြေရှင်းရေးကို မိမိတို့၏ နိုင်ငံရေးမဟာဗျူဟာအဖြစ် ထပ်လောင်းအတည်ပြုပါသည်။

(ဂ) ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ၁၉၉၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အတိုင်း လက်ရှိစစ်အစိုးရ နအဖ၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ထားသော ဒီမိုကရေစီအင်အားစုများနှင့် မိမိတို့ တိုင်းရင်းသားလူမျိုးများပါဝင်ကြရမည်ဟု ထပ်လောင်းအတည်ပြုသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ လက်ခံကျင့်သုံးရမည့် နည်းဗျူဟာလုပ်ငန်းစဉ်များကို သက္ကရာဇ် ၂၀၀၄ ခုနှစ် မေလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ၎င်းတို့မှာ —

(၁) ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒီမိုကရေစီအင်အားစုများကို အစွမ်းကုန်ကူညီပံ့ပိုးရန်၊

(၂) ပြည်တွင်းရှိတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းများ ဖြစ်ကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD)၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ၏ မဟာမိတ်အစည်းအရုံး (UNA) နှင့် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို အစွမ်းကုန်ကူညီပံ့ပိုးရန်၊

(၃) ပြည်ပနှင့် လွတ်မြောက်နယ်မြေများတွင် ရောက်ရှိနေကြသည့် တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးတပ်ပေါင်းစုများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသာမက ဒီမိုကရေစီအင်အားစုများနှင့်ပါ နားလည်မှုရယူ၍ ဒီမိုကရေစီအရေးတော်ပုံကြီး အမြန်ဆုံးအောင်မြင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ရန်၊

(၄) တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးတပ်ပေါင်းစုများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသာမက ဒီမိုကရေစီအင်အားစုများ၏ နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေး၊ စည်းရုံးရေးစွမ်းရည် တိုးတက်ရေးနှင့် မဟာဗျူဟာညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက်နိုင်ငံရေး၊ စည်းရုံးရေးနှင့် ခေါင်းဆောင်မှုသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ခေါ်ယူကျင်းပပေးရန်၊

(၅) ပြည်နယ်များ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို အမြန်ဆုံးပြီးစီးအကောင်အထည်ဖော်နိုင်ရန် အရှိန်အဟုန်မြှင့်တင်ပြီး ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(၆) နအဖစစ်အစိုးရအပေါ် နိုင်ငံတကာဖိအားတိုးမြှင့်နိုင်ရေး၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်ကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ်ဇမေး၏ လုပ်ငန်းအောင်မြင်ရေးအတွက် သူ့အခန်းကဏ္ဍတိုးမြှင့် အားပေးနိုင်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းနိုင်ရေးအတွက် နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်ရန်၊

(၇) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်အတိုင်း "သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာနိုင်ရေးအတွက် နိုင်ငံတကာ၏အကူအညီ ကိုရယူနိုင်ခြင်းငှာ၊ Bangkok Process အရဖြစ်စေ၊ Bangkok Process ကဲ့သို့သော အခြားနိုင်ငံတကာ ယန္တရားများကိုဖော်ဆောင်၍ ပြည်ထောင်စု မြန်မာနိုင်ငံအရေးကို ကူညီဆောင်ရွက်ပေးမည့် နိုင်ငံတကာစင်မြင့် တခုခုကို ဖန်တီးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

## လုပ်ငန်းဆောင်ရွက်ချက်များ

တိုင်းရင်းသားလူမျိုးများကောင်စီကို စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ သက္ကရာဇ် ၂၀၀၅ ဧပြီလအထိ တိုင်းရင်းသားလူမျိုးများညီလာခံကျင်းပသည်အထိ ပုံမှန်အစည်းအဝေး (၆) ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သည် သာမက၊ မဟာဗျူဟာညှိနှိုင်းအစည်းအဝေး (၂) ကြိမ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများကောင်စီ ၏ ပေါ်လစီ နှင့် အမြင်သဘောထားများကို ထင်ဟပ်စေသည့် ထုတ်ပြန်ကြေညာချက် များကိုလည်း (၆) ကြိမ်တိုင်တိုင် ထုတ်ပြန်နိုင်ခဲ့ပါသည်။

## မဟာဗျူဟာညှိနှိုင်းအစည်းအဝေး

သက္ကရာဇ် ၂၀၀၄ ဩဂုတ်လ (၂၈) ရက်မှ (၃၀) ရက်အထိ ကျင်းပခဲ့သော ပထမ အကြိမ်မဟာဗျူဟာညှိနှိုင်းအစည်းအဝေးသို့ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး ပါတီများ၊ တပ်ပေါင်းစုများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ အမျိုးသမီး နှင့် လူငယ်အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများမှခေါင်းဆောင်များ (၄၀) ကျော် တက်ရောက်ခဲ့ကြပါသည်။ ထို မဟာဗျူဟာညှိနှိုင်းအစည်းအဝေးမှ အောက်ပါ သုံးသပ်ချက်များနှင့် သဘောထားများကို ချမှတ်နိုင်ခဲ့ပါသည်။

### ဆုံးဖြတ်ချက် (၁)။ နအဖစစ်အစိုးရအပေါ်ထားရှိသောသဘောထားများ

(က) Power Straggle: သက္ကရာဇ် ၂၀၀၄ အောက်တိုဘာလ (၁၈) ရက်နေ့တွင် နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားပြီး နေအိမ်တွင်

အကျယ်ချုပ်ချထားခြင်းသည် စစ်အာဏာရှင်စနစ်တွင် ဖြစ်လေ့ဖြစ်ထရှိသော အာဏာလုပ်ပွဲတရပ်မျှသာဖြစ်ကြောင်း သဘောထားရှိကြပါသည်။

(ခ) နအဖစစ်အစိုးရ၏ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားခြင်းသည်၎င်း၊ နအဖစစ်အစိုးရအတွင်း ရာထူးအပြောင်းအလဲလုပ်၍ ခိုင်းထားခြင်းများသည်၎င်း၊ နအဖစစ်အစိုးရ၏ "ပေါ်လစီ" ပြောင်းလဲမှုမဟုတ်ကြောင်း သဘောထားရှိကြပါသည်။

(ဂ) ထို့ကြောင့် နအဖစစ်အစိုးရအတွင်း အာဏာလုပ်ပွဲများဖြစ်ပေါ်ခြင်း၊ ရာထူးအပြောင်းအလဲလုပ်ထားခြင်းများသည် စစ်အစိုးရ၏ ပေါ်လစီပြောင်းလဲခြင်း မဟုတ်ရုံသာမက စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးအတွက် စစ်အာဏာရှင်များ ကြိုးပမ်းဆောင်ရွက်မှုသာဖြစ်ကြောင်း သဘောထားရှိကြပါသည်။

## ဆုံးဖြတ်ချက် (၂)။ အမျိုးသားညီလာခံအပေါ်သုံးသပ်ချက်

(က) နအဖစစ်အစိုးရမှ ခေါ်ယူကျင်းပသော အမျိုးသားညီလာခံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဆီသို့ ဦးတည်ခြင်းမရှိပဲ၊ စစ်အာဏာရှင်တချို့က ၎င်းတို့အာဏာတည်မြဲရေးအတွက် ကျင်းပသောအတုအယောင်အမျိုးသားညီလာခံ မျှသာဖြစ်ကြောင်း မိမိတို့သဘောထားရှိကြပါသည်။

(ခ) ထို့ကြောင့် ၎င်းတို့ကျင်းပသော အမျိုးသားညီလာခံသည် စစ်အာဏာရှင်စနစ်ကို "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ" ဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရုံသာမက "တရားမဝင်စစ်အစိုးရ" (*De-facto* Govrenment) ကို "တရားဝင်အစိုးရ" (*De-Jure* Government) အဖြစ် အသွင်ကူးပြောင်းရေးသာ ဦးတည်နေကြောင်း မိမိတို့သဘောထား ရှိကြပါသည်။

(ဂ) ထို့ကြောင့် နအဖစစ်အစိုးရက ခေါ်ယူကျင်းပသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် မိမိတို့၏ညီနောင်များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်အဖွဲ့အစည်းများထံမှ အပစ်အခတ်ရပ်စဲထားသော အဖွဲ့များအား အောက်ပါအတိုင်း ပန်ကြားလိုပါသည်။

(၁) အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်းအတွင်းသော်၎င်း၊ အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲခြင်းမရှိသော အဖွဲ့အစည်းများအကြားတွင်သော်၎င်း၊ အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအကြားတွင်သော်၎င်း သွေးစည်းညီညွတ်ရေးနှင့် စည်းလုံးညီညွတ်ရေးခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်သွားရန်။

(၂) မိမိတို့အားလုံး၏ နိုင်ငံရေးဦးတည်ချက်ဖြစ်သော ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို အာမခံချက်ပေးမည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးလည်မသုန်တိုက်ပွဲဝင်သွားရန်နှင့် မိမိတို့၏ယခင်ရပ်တည်ချက်များအတိုင်း ရပ်တည်သွားရန်။

(၃) အကယ်၍ နအဖစစ်အစိုးရက အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို လက်နက်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရန်ပြင်ဆင်လာပါက သော်လည်းကောင်း၊ မိမိတို့လိုချင်သော နိုင်ငံရေးပန်းတိုင်မရောက်ခင် လက်နက်ချအညံ့ခံရေးကို တိုက်တွန်းလာပါက သော်လည်းကောင်း၊ နအဖတို့၏ Road Map အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မလုပ်ခင် လက်နက်များအပ်နှင်းရမည်ဟု အတင်းအကြပ်ခိုင်းစေလာပါကသော်လည်းကောင်း အမျိုးသားညီလာခံမှ နုတ်ထွက်သွားရန်။

(၄) အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏လက်ရှိရပ်တည်ချက်အရ အမျိုးသားညီလာခံကို တက်ရောက်ကြသော်လည်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်များကို **“တသွေးတသံ”** တည်းဖြင့် ဆက်လက်ဟစ်ကြွေးတိုက်ပွဲဝင်သွားရန် တိုက်တွန်းလိုက်ပါသည်။

## ဆုံးဖြတ်ချက် (၃)။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ

(က) အမေရိကန်ပြည်ထောင်စု၏ အထက်လွှတ်တော် (ဆီးနိတ်) နှင့် အောက်လွှတ်တော် (ကွန်ကရက်) နှစ်ရပ်စလုံးမှ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့ တင်သွင်းမည်ဟူသော ဆုံးဖြတ်ချက်ကို လှိုက်လှဲစွာ ကြိုဆိုပါသည်။

(ခ) အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်နှစ်ရပ်စလုံး အတည်ပြုဆုံးဖြတ်ထားသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းနိုင်ရေးအတွက်သော်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို တကယ်လက်တွေ့ အကောင်အထည်ဖော်ဖြေရှင်းသွားနိုင်ရေးအတွက် မိမိတို့ဖက်မှ အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) ထိုသို့ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရေးကို တိကျမှန်ကန်စွာဖြေရှင်းနိုင်ရေးအတွက် အထောက်အကူပြုမည့် သုတေသနစာတမ်းများကို မိမိတို့ဖက်မှပြင်ဆင်ရေးဆွဲပြီး တင်သွင်းမည်။

## ဆုံးဖြတ်ချက် (၄)။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ

(က) မိမိတို့ဆင်နွှဲနေသော အရေးတော်ပုံကြီး၏ အွန္တိမပန်းတိုင်သည် ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အပြည့်အဝအာမခံချက်ပေးနိုင်မည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဖြစ်ကြောင်း ထပ်လောင်း အတည်ပြုပါသည်။

(ခ) ထို နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် မိမိတို့ရွေးချယ်ထားသော မဟာဗျူဟာသည်လည်း ''သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး'' နှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသွားရေးဖြစ်ကြောင်း ထပ်မံအတည်ပြုပါသည်။

(ထို ဆုံးဖြတ်ချက်၏ ဆိုလိုရင်းသည် နအဖစစ်အစိုးရ၏ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဝန်ကြီးချုပ်အဖြစ်မှ ရာထူးဖယ်ရှားခြင်းနှင့် နအဖစစ်အစိုးရအတွင်း ရာထူးအပြောင်းအလဲလုပ်နေခြင်း အပါအဝင်၊ လက်ရှိနိုင်ငံရေးအပြောင်းအလဲကြောင့် မိမိတို့၏မဟာဗျူဟာဖြစ်သော ''သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး'' ကိုပြောင်းလဲရန်လိုအပ်မည် မဟုတ်ကြောင်း၊ အမှန်စင်စစ်ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရေးကို လိုလားသည်ဟု နာမည်ထွက်ခဲ့သော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှား အကျဉ်းချခံထားခြင်းသည်ပင်လျှင် မိမိတို့၏ မဟာဗျူဟာ အောင်မြင်မှုတရပ်ဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း၊ ထို့ကြောင့် လက်ရှိအနေအထားတွင် မိမိတို့၏ မဟာဗျူဟာကို ပြောင်းလဲရန် အလျဉ်းမျှ မလိုအပ်ကြောင်း ဆုံးဖြတ်ကြပါသည်)။

## ဆုံးဖြတ်ချက် (၅)။ တိုင်းရင်းသားလူမျိုးများအတွင်း သွေးစည်းညီညွတ်ရေးနှင့် စည်းရုံးရေးပိုမိုကျစ်လစ် ခိုင်မာရေး

တိုင်းရင်းသားလူမျိုးများကောင်စီ၏ အဖွဲ့ဝင်များဖြစ်သော နိုင်ငံရေးတပ်ပေါင်းစုများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအတွင်းသော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများကောင်စီနှင့် အဖွဲ့ဝင်မဖြစ်သေးသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအကြားတွင် သော်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပါတီများ၊ တပ်ပေါင်းစုများနှင့် သော်လည်းကောင်း၊ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆထက်ထမ်းပိုး ဆောင်ရွက်သွားနိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို နိုင်ငံတကာမှ အသိအမှတ်ပြုပေးထား၍ ''တရားဝင်'' (Legitimacy) ရှိသော ''ကောင်စီ'' ဖြစ်ပေါ်လာရေးတို့ကို ရှေ့ရှု၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ဆုံးဖြတ်ပါသည်။

## (က) ပြည်နယ်အခြေခံမှု (State-based) ဖြင့် ENC ဖွဲ့စည်းရေး

တတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်အတိုင်း တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) တွင် ပြည်နယ်များကို အခြေခံပြု၍ တနှစ်အတွင်း ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ပြည်နယ်များကို အခြေခံ၍ (State-based) ဖြင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကို ဖွဲ့စည်းရခြင်းအကြောင်းရင်းမှာ မိမိတို့ တိုင်းရင်းသားလူမျိုးများအကြား စည်းရုံးရေးပိုမိုအားကောင်းလာရေးအတွက်သာမက မိမိတို့၏ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို နိုင်ငံတကာစင်မြင့်တွင် တင်သွင်းဆွေးနွေးသောအခါ၌ သော်လည်းကောင်း၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုပြုသောအခါ၌ သော်လည်းကောင်း၊ မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုပြုသောအခါ၌သော်လည်းကောင်း အထောက်အကူ ပြုရုံသာမက မိမိတို့တိုင်းရင်းသားလူမျိုးများသည် "ပြည်ထောင်စု" ကို စတင်ထူထောင်ခဲ့သူ ပြည်ထောင်စုပိုင်ရှင်များ ဖြစ်သောကြောင့် မိမိတို့သည် "တရားဝင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာ" (Legitimacy) အပြည့်အဝရှိသော အဖွဲ့အစည်းဖြစ်ကြောင်း ကမ္ဘာကိုသက်သေထူ ပြသနိုင်ခြင်း ဖြစ်ပါသည်။

## (ခ) စစ်ရေး၊ ကာကွယ်ရေးနှင့် မဟာဗျူဟာရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး

တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးကို ကမကထပြုဆောင်ရွက်ခဲ့ သော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားပြီးနောက်ပိုင်း နအဖစစ်အစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့အစည်းများအပေါ် သဘောထားမည်သို့ရှိမည်ကို ခန့်မှန်း၍မရသေးပေ။ စစ်ရေးဖြင့် ပြန်လည်ထိုးစစ်မဆင်နိုင်ဟု မည်သူမျှ အာမခံချက် မပေးနိုင်ပေ။ ထို့ပြင် လက်ရှိနအဖခေါင်းဆောင်များက အပစ်အခတ်ရပ်စဲခြင်းမရှိသေးသော လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် တွင်လည်း မည်သို့မည်ပုံတုန့်ပြန်မည်ဟု ခန့်မှန်း၍မရသေးပေ။

မည်ကဲ့သို့သော အကြောင်းကြောင့်၊ မည်ကဲ့သို့သော အခြေအနေမျိုးရောက်သွားသည်ဖြစ်စေ၊ မိမိတို့တိုင်းရင်းသားလူမျိုးများအားလုံး စစ်ရေး၊ နိုင်ငံရေးနှင့် အခြားသော နည်းလမ်းပေါင်းစုံဖြင့် အပြန်အလှန်အကူအညီပေး၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာမည် ဖြစ်ပါသည်။ မိမိတို့ တိုင်းရင်းသားလူမျိုးများအကြား

အဖွဲ့အစည်းတခုခုကို တိုက်ခိုက်လာမည်ဆိုပါက အားလုံးဝိုင်းရံ၍ အကူအညီပေးပံ့ပိုးရန် လိုလာမည်ဖြစ်ပါသည်။ စစ်ရေးနှင့် ကာကွယ်ရေးသာမက မိမိတို့အချင်းချင်းအကြား မဟာဗျူဟာညှိနှိုင်းမှုများကို အတူတကွချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း ဆုံးဖြတ် ချမှတ်ကြပါသည်။

## (ဂ) Economic Planning (စီးပွားရေးစီမံကိန်းရေးဆွဲရေး)

တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) နှင့် တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးကော်မတီ (ENSCC) တို့က ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာနိုင်ရေးနှင့် အနာဂတ်ပြည်ထောင်စုကို စစ်မှန်သောဖက်ဒရယ်စနစ်ဖြင့် ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် ပြင်ဆင်မှုများလုပ်ခဲ့ကြပါသော်လည်း၊ အနာဂတ်ပြည်ထောင်စု၏ စီးပွားရေးစနစ်၊ ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့် အသွင်ကူးပြောင်းရေးကာလတွင် ကျင့်သုံးမည့် စီးပွားရေးပေါ်လစီများကို စနစ်တကျပြင်ဆင်ရေးဆွဲခြင်း မပြုနိုင်သေးပေ။

အနာဂတ်စီးပွားရေးစီမံကိန်းနှင့် ပတ်သက်၍ ပြည်ထောင်စုအတိုင်းအတာဖြင့် ကျင့်သုံးရမည့် စီးပွားရေးစီမံကိန်းများ ရေးဆွဲပြင်ဆင်ရန် လိုအပ်သလို ပြည်နယ်အလိုက်ကျင့်သုံးရမည့် စီးပွားရေးစနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (Development) များကို အကောင်အထည်ဖော်ဆောင်ရွက်သောအခါ ဖြစ်နိုင်ချေ၊ မဖြစ်နိုင်ချေ ... စသည်များကို ကိန်းဂဏာန်းနှင့်တကွ စနစ်တကျစီမံကိန်းများ ရေးဆွဲရန် လိုအပ်နေပါသည်။

အမှန်စင်စစ် ထိုလုပ်ငန်းကို မိမိတို့တိုင်းရင်းသားလူမျိုးများက အထူးဦးစားပေးဆောင်ရွက်သင့်ပါသည်။ အကြောင်းမှာ — မိမိတို့တိုင်းရင်းသားလူမျိုးများ အများစုနေထိုင်ရာ ပြည်နယ်များသည် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုဘဝတိုးတက်ဖွံ့ဖြိုးမှုအရ သော်လည်းကောင်း၊ ပညာရေး ကျန်းမာရေးနှင့် လူမှုရေးအရသော်လည်းကောင်း၊ ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရေးကို မဆိုထားဘိ၊ ပြည်ထောင်စုအတိုင်းအတာဖြင့် နှိုင်းယှဉ်လျှင်ပင် များစွာအောက်ကျနောက်ကျ ဖြစ်နေသေးကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်များ၏တိုးတက်ဖွံ့ဖြိုးမှုကို အထူးဦးစားပေးစဉ်းစား ဆောင်ရွက်သင့်ပါသည်။

ဒုတိယအချက်မှာ — ပြည်ထောင်စုတဝှမ်းလုံးကို ခြုံ၍ကြည့်ပါက မိမိတို့တိုင်းရင်းသားလူမျိုးစုနေထိုင်ရာ (ဝါ) မိမိတို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ခဲ့သော နယ်မြေအကျယ်အဝန်းမှာ ပြည်ထောင်စုတခုလုံး၏ (၆၀) ရာခိုင်နှုန်းကျော်ဖြစ်နေပါသည်။ ထို (၆၀) ရာခိုင်နှုန်းကျော်သော ဒေသများတွင် အများစုသော ပြည်ထောင်စု၏ အဖိုးတန် ရတနာများ၊ သဘာဝသတ္တုပစ္စည်းများ၊ သစ်တောများ၊ အင်းအိုင်များနှင့် ပင်လယ်ရေပြင်များ စုပြုံနေကြောင်း တွေ့ရပါမည်။ ထို့ကြောင့် နယ်မြေအကျယ်အဝန်းအားဖြင့် (၆၀) ရာခိုင်နှုန်းကျော်၍ လူဦးရေအား

ဖြင့် ၄၀ ရာခိုင်နှုန်းကျော်နေသော ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ စနစ်တကျချမှတ်အကောင်အထည်ဖော်ရန် မိမိတို့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) မှ ကမကထပြု လုပ်ဆောင်သွားသင့်ကြောင့် ဆုံးဖြတ်ချက်ချမှတ်ကြပါသည်။

## (ဃ) **Constitutional Affairs** (နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ)

မိမိတို့ဆင်နွှဲနေသော အရေးတော်ပုံကြီး၏ အောင်ပွဲပန်းတိုင်သည် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်သည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" ထူထောင်ရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ထူထောင်နိုင်ရေးအတွက် လိုအပ်သောပြင်ဆင်မှုမျိုးစုံကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် မရှိမဖြစ်လုပ်ဆောင်ရန်လိုအပ်သောအချက်မှာ — ပြည်နယ်များ၏ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရေးနှင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းများ ပင်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) တို့၏ ကမကထပြု ဦးဆောင်မှုဖြင့် ပြည်နယ် (၇) ခုအတွက် ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်ကြီးကို သက္ကရာဇ် ၂၀၀၁ မှစ၍ အကောင်အထည်ဖော်လျှက်ရှိနေပါသည်။ ပြည်နယ်အားလုံးအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီများကိုလည်း ပြည်နယ်အလိုက် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထို့ပြင် ဗမာပြည်နယ်ဖွဲ့စည်းရေးအတွက် စူးစမ်းလေ့လာရေးအသင်းလည်း ပေါ်ထွက်လာပါသည်။ ထိုပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းများကို အထောက် အကူပြုနိုင်ရန် (NDF) နှင့် (UNLD-LA) တို့ကို မဏ္ဍိုင်ပြု၍ "Supporting Committee for State Constitutions" SCSC ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်စနစ်လေ့လာရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့ပါသော်လည်း၊ ထိုလုပ်ငန်းများကို နိုင်ငံရေးအရ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) က ကြီးကြပ်လမ်းညွှန်မှုပေးရန် လိုအပ်လာပါသည်။ ထို့ကြောင့် ENC ၏ ဦးဆောင်မှုအောက်တွင် ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းများကို ထားရှိဆောင်ရွက်ရန် လိုအပ်ရုံသာမက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင်လည်း တိုင်းရင်းသားလူမျိုးများကောင်စီမှ ဦး

ဆောင်ပါဝင်ရန် လိုအပ်သည်ဟု သုံးသပ်ကြပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ် အကြောင်းနှင့် ပတ်သက်၍ လူထုပညာပေးလုပ်ငန်း (Federal Education) ကိုလည်း ဆထက်ထမ်းပိုး လုပ်ဆောင်သွားရန် ဆုံးဖြတ်ကြပါသည်။

## (င) **International Affairs (နိုင်ငံတကာရေးရာ)**

စစ်အေးကာလအတွင်း မိမိတို့တိုင်းရင်းသားလူမျိုးများဆင်နွှဲခဲ့သော လက်နက်ကိုင် တော်လှန်ရေးကို ကမ္ဘာကအသိအမှတ်ပြုထောက်ခံခြင်း မရှိခဲ့ချေ။ ထိုစဉ်က မိမိတို့ ဆင်နွှဲနေသော တော်လှန်ရေးကို ''ခွဲထွက်ရေး'' ဟုကင်ပွန်းတပ်ခံရ၍ မိမိတို့ တော်လှန်ရေးအင်အားစုများကိုလည်း ''သောင်းကျန်းသူများ'' ဟူ၍ ကမ္ဘာကမြင်ခဲ့ ကြပါသည်။ သို့ရာတွင် ''ဘာလင်တံတိုင်း'' ပြိုကျပြီး စစ်အေးကာလလည်း ပြီးဆုံး သွားသောအခါ မိမိတို့တိုင်းရင်းသားလူမျိုးများ အနှစ်ငါးဆယ်ကျော်ဆင်နွှဲလာ သော **''ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး''** တို့ကို ကမ္ဘာက အသိအမှတ်ပြု ထောက်ခံလာကြပါသည်။

ယခုအခါ မိမိတို့တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စုသစ်တည်ဆောက်ရေးဖြစ်စဉ် တခုလုံးတွင် မရှိမဖြစ်လိုအပ်သော ''အဓိကနိုင်ငံရေးအင်အားစုကြီး'' တခုအဖြစ် အသိအမှတ်ပြုလက်ခံလာကြပြီ ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက လည်း ၎င်း၏ညီလာခံတွင် တိကျပြတ်သား သော ဆုံးဖြတ်ချက်များကို ၁၉၉၄ ခုနှစ် ကတည်းက နှစ်စဉ်ချမှတ်နိုင်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်ကြီးတွင် — ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေးအအကြပ်အတည်းကို **''သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ''** ဖြင့် ဖြေရှင်းရန်လိုအပ်ကြောင်းနှင့် ထို သုံးပွင့်ဆိုင်တွင် ''တပွင့်'' သည် တိုင်းရင်းသား လူမျိုးများဖြစ်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသာမက ဥရောပပြည်ထောင်စု (European Union), အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့က လည်း တိုင်းရင်းသားလူမျိုးများ၏ အရေးပါမှုကို လေးစား အသိအမှတ်ပြုကြောင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် တိုင်းရင်းသား လူမျိုးများမရှိမဖြစ် ပါဝင်စေရမည်ဖြစ်ကြောင်း တိတိလင်းလင်းထုတ်ဖော်ပြောကြား သွားကြပါသည်။ ထို့ပြင် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အာဆီယံနိုင်ငံ များ၊ တရုတ်နှင့် အိန္ဒိယတို့ကလည်း တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြောကြားလာကြပါသည်။ အချုပ်အားဖြင့်ဆိုပါ က မိမိတို့တိုင်းရင်းသားလူမျိုးများ၏အခန်းကဏ္ဍကို နိုင်ငံတကာမှ ယခုကဲ့သို့ လေးစားအသိအမှတ်ပြုခြင်း မရှိခဲ့ဘူးသေးပေ။

ထိုကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြု ထောက်ခံအားပေးမှုကို အခွင့်ကောင်းယူ၍ မိမိတို့ဖက်မှ နိုင်ငံတကာစည်းရုံးရေး လုပ်ငန်းများကို ဆထက်ထမ်းပိုးလုပ်ဆောင်ရန် လိုအပ်နေပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင်လည်း မိမိတို့တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအင်းစုကြီးသည် နအဖစွပ်စွဲသကဲ့သို့ "ခွဲထွက်ရေးသမား" များမဟုတ်ကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ခွဲထွက်ရေး မဟုတ်ကြောင်း၊ တိုင်းရင်းသားပြည်သူတရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုတည်ဆောက်ရေးသည် မိမိတို့၏ နိုင်ငံရေးပန်းတိုင်ဖြစ်ကြောင်း ကမ္ဘာကိုအသိပေးရှင်းလင်းရန် လိုအပ်နေပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကြောင့် ဖြစ်ပေါ်နေသော အနှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်နှင့် ၎င်း၏နောက်ဆက်တွဲပြဿနာများ ဖြစ်ကြသော ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ တရားမဝင်အလုပ်သမားပြဿနာ၊ မှောင်ခိုကူးသန်းရောင်းဝယ်မှုပြဿနာ၊ HIV/ AIDS အပါအဝင် အမျိုးမျိုးသော ကူးစက်ရောဂါပြန့်ပွားမှုနှင့် အခြားခြားသော လူမှုရေးပြဿနာများသည် ယခုအခါ မြန်မာနိုင်ငံပြဿနာတခုထဲ မဟုတ်တော့ပဲ၊ နိုင်ငံတကာပြဿနာ၊ ဒေသဆိုင်ရာပြဿနာများ ဖြစ်နေကြပြီ ဖြစ်သောကြောင့်၊ နိုင်ငံတကာ — အထူးသဖြင့် မိမိတို့အိမ်နီးချင်းနိုင်ငံများအနေဖြင့် ၎င်းပြဿနာမှ ခေါင်းရှောင်မနေပဲ၊ မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများကို ကူညီ ပံ့ပိုးခြင်းဖြင့် ၎င်းပြဿနာပေါင်းမြောက်များစွာတို့၏ အခြေခံအရင်းအမြစ်ဖြစ်သော နိုင်ငံရေးနည်းပြဿနာများကို ကူညီဖြေရှင်းသင့်ကြောင်း ရှင်းလင်းတင်ပြရန် လိုအပ်နေပါသည်။

ထိုကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) အနေဖြင့် စစ်မှန်သောပြည်ထောင်စုစနစ်ထူထောင်ရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားရေးကို ဦးထိပ်ထားပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာရေးနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံတကာစည်းရုံးရေးကို ဆထက်ထမ်းပိုး လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆုံးဖြတ်ကြ ပါသည်။

## မဟာဗျူဟာညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်း

သက္ကရာဇ် ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၂၈) ရက်မှ (၃၀) ရက်အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏မဟာဗျူဟာညှိနှိုင်းအစည်းအဝေး (ENC Strategy Consultation Meeting) တွင် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားလူမျိုးများ၏ တပ်ပေါင်းစု၊ ပါတီများနှင့် အဖွဲ့အစည်းများအချင်းချင်းကြားတွင် သွေးစည်းညီညွတ်မှုပိုမိုခိုင်

မာရေး၊ ပေါ်လစီနှင့် လုပ်ငန်းများချမှတ်ဆောင်ရွက်ရာတွင် ပိုမိုသွက်လက်မြန်ဆန်ရေးအတွက် အောက်ပါရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပါသည်။

## (၁) ENC ကိုပိုမိုကျစ်လစ်ခိုင်မာစွာဖွဲ့စည်းရေး

"တိုင်းရင်းသားလူမျိုးများကောင်စီ" ကိုပိုမိုကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အရေးအကြီးဆုံးသော အချက်တခုမှာ — ၎င်း၏ "တရားဝင်မှု (ဝါ) Legitimacy ရှိမှု" ကိုဖော်ထုတ်ပြသနိုင်ရေးနှင့် Legitimacy ရှိသော နိုင်ငံရေးအဖွဲ့အစည်းအဖြစ် ထူထောင်ရေးပင်ဖြစ်ပါသည်။

ထို့ကြောင့် Legitimacy အပြည့်အဝရှိသော ကောင်စီတရပ်ဖြစ်ပေါ်လာရေးအတွက် တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို "တနှစ်အတွင်းပြည်နယ်များကို အခြေခံဖွဲ့စည်းထူထောင်ရန်ကြိုးပမ်းသွားမည်" ဟုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုဆုံးဖြတ်ချက်၏အနှစ်သာရမှာ — လူမျိုးသာမက ပြည်နယ်များကိုအခြေခံ၍ (State-based) "တိုင်းရင်းသားလူမျိုးများကောင်စီ" ကိုဖွဲ့စည်းနိုင်ပါက၊ တိုင်းရင်းသားလူမျိုးများကောင်စီသည် Legitimacy အပြည့်အဝရှိသော ကောင်စီ ဖြစ်သွားရုံသာမက၊ ၎င်း၏ ရည်မှန်းချက်ကြီးဖြစ်သော "စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုထူထောင်ရေး" ဟူသော နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်နှင့်လည်း ထပ်တူထပ်မျှကျသွားနိုင်မည် ဖြစ်ပါသည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖွဲ့စည်းနိုင်ရန် "ပြည်နယ်အခြေခံ" (State based) ဖြင့်ဖွဲ့စည်းခြင်းမှလွဲ၍ အခြားနည်းလမ်းမရှိပေ။ ထို့ကြောင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ဖွဲ့စည်းနိုင်ရေးအတွက် ထူထောင်ဖွဲ့စည်းထားသော "တိုင်းရင်းသားလူမျိုးများကောင်စီ" ကိုလည်း "ပြည်နယ်အခြေခံ" ဖြင့်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

## (၂) သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားညီလာခံ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်ရန်ရွေးချယ်ထားခဲ့သော လမ်းစဉ်နှင့် မဟာဗျူဟာသည် "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း" ဟူသည့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ပင်ဖြစ်ပါသည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးမဟာဗျူဟာသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ ထောက်ခံအားပေးခြင်းသာမက ပြည်သူလူထုတရပ်လုံး၏ လိုလားထောက်ခံမှုကိုလည်း အပြည့်အဝ ရရှိနိုင်ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ဖြစ်ပေါ်အောင်မြင်ရေးအတွက် အထောက်အကူပြုနည်းဗျူဟာမျိုးစုံကိုလည်း ချမှတ်

ထားခဲ့ပါသည်။ ၎င်းတို့မှာ — သက္ကရာဇ် ၂၀၀၁ တွင် ချမှတ်ခဲ့သည့် "The New Panglong Initiative: Rebuilding the Union of Burma"; သက္ကရာဇ် ၂၀၀၂ တွင်ဆောင်ရွက်ခဲ့သော "Ethnic Nationalities Initiative for Democratic Transation"; သက္ကရာဇ် ၂၀၀၃ တွင် ထုတ်ပြန်ခဲ့သည့် "Road Map for Rebuilding the Union of Burm" နှင့် သက္ကရာဇ် ၂၀၀၄ တွင် ကျင်းပခဲ့သည့် တတိယအကြိမ် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော "ပြည်ထောင်စုပြန်တည်ဆောက်ရေးစီမံချက်" များပင်ဖြစ်ပါသည်။

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးဟူသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ သည် မဟာဗျူဟာအားဖြင့် ယနေ့တိုင် မှန်ကန်နေဆဲဖြစ်ပါသည်။ ထို့ပြင် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ဟူသော ၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်ကြီးက တိုင်းရင်းသားလူမျိုးများကို Legitimacy ရှိသောနိုင်ငံရေးအင်အားစုများအဖြစ် တရားဝင်အသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဟူသော မဟာဗျူဟာကို မိမိတို့မစွန့်လွှတ်သင့်ပေ။ သို့သော် မိမိတို့အနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ဟူသော မဟာဗျူဟာကို မပြောင်းလဲစေပဲ၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေး ပွဲဖြစ်ပေါ်လာရေးဟူသော နည်းဗျူဟာများကို ပြောင်းလဲတိုးတက်နေသော နိုင်ငံရေးအခြေအနေများနှင့်အညီ လိုအပ်လျှင်လိုအပ်သလို ပြုပြင်ပြောင်းလဲချမှတ်သင့်ပါသည်။

ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအင်အားစုများက နအဖ ခေါ်ယူကျင်းပသော "အမျိုးသားညီလာခံ" ကိုအသွင်ပြောင်း၍ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" အနှစ်သာရပါရှိသွားအောင် ကျင်းပသင့်သည်ဟုအကြံပြုနေကြပါသည်။ ဥပမာ — ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမျိုးသားညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုများကို ပါဝင်တက်ရောက်စေသင့်ကြောင်း အဆိုပြုခဲ့ပါသည်။ သို့ရာတွင် အမျိုးသားညီလာခံကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအဖြစ် ပြောင်းလဲသွားစေရန် အောက်ပါအခြေခံများပါရှိရန် လိုအပ်နေပါသည်။

(က) အမျိုးသားညီလာခံဦးတည်ချက် (၆) ရပ်ကို ဆွေးနွေးပြင်ဆင်ရန်၊

(ခ) အခြေခံမူ (၁၀၄) ချက်ကို ဆွေးနွေးပြင်ဆင်ရန်၊

(ဂ) ညီလာခံလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပြင်ဆင်ရန်၊

(ဃ) အမျိုးသားညီလာခံကို နအဖ၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်နေသော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ ဦးဆောင်၍ ပူးတွဲကျင်းပရန်၊

## (၃) နအဖစစ်အုပ်စုကို နိုင်ငံရေးအရထိုးစစ်ဆင်နိုင်ရေး

တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရည်ရွယ်ချက်များအနက် "စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး" သည် အရေးကြီးသော ရည်ရွယ်ချက်တရပ်ဖြစ်နေပါသည်။ စစ်အာဏာရှင်စနစ်ကို ငြိမ်းချမ်းသောနည်းဖြင့် ဖျက်သိမ်းနိုင်ရေးအတွက် အကောင်းဆုံးသောနည်းလမ်းမှာ — စစ်အာဏာရှင်များနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေး၍ နိုင်ငံရေးပြဿနာများကို အတူဖြေရှင်းသည်သာမက ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေးတို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ်ကို အတူတကွထူထောင်ခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် နအဖစစ်အစိုးရအနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို တဖက်သတ်ငြင်းဆိုနေသည့်အပြင်၊ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံတရပ်ကို အတင်းအဓမ္မခေါ်ယူကျင်းပနေပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် နအဖစစ်အစိုးရကခေါ်ယူကျင်းပနေသော အမျိုးသားညီလာခံ၌ ၎င်းတို့၏ အဆင့် (၇) ဆင့်ပါသော Road Map ကို နည်းဗျူဟာမျိုးစုံချမှတ်၍ ဆန့်ကျင်ဟန့်တားရန်မှ တပါးအခြားနည်းလမ်း မရှိခဲ့ပေ။ ထိုသို့ နည်းဗျူဟာချမှတ်ရာတွင် နအဖ၏အမျိုးသားညီလာခံကို သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးပွဲအဖြစ်သို့ အသွင်ပြောင်းလဲစေရေး၊ ထိုသို့မဖြစ်နိုင်ပါက အမျိုးသားညီလာခံကို လုံးဝရပ်တန့်သွားစေရေးစသော နည်းဗျူဟာများ ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် အောက်ပါနည်းဗျူဟာများကို အဆင့်ဆင့်ချမှတ်၍ ဆောင်ရွက်ခဲ့ခြင်းနှင့် ဆောင်ရွက်ရန်ပြင်ဆင်နေခြင်း ဖြစ်ပါသည်။

(က) ပထမအဆင့်တွင် နအဖက NC မကျင်းပနိုင်အောင် နည်းဗျူဟာချမှတ်၍ ကြိုးပမ်းမှုများ — ဥပမာ NLD နှင့် ပြည်တွင်း UNLD နှင့် UNA အဖွဲ့ဝင် နိုင်ငံရေးပါတီများက NC ကိုသပိတ်မှောက်ခြင်း၊ နအဖ NC ၏ ရည်ရွယ်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်ကို ကန့်ကွက်ဆန့်ကျင်ခြင်းများ ပါဝင်ခဲ့ပါသည်။

(ခ) နအဖ Road Map အဆင့် (၂) သည် "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေး" ဖြစ်၍ ၎င်းတို့အလိုအရ — စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ထွန်းရေးသည် ဒီမိုကရေစီဖက်တော်သားများနှင့် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအဆင့်ကို ဆန့်ကျင်သည့်အနေဖြင့် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် နိုင်ငံတကာအင်အားစုများပူးပေါင်းပြီး ဒေါ်အောင်ဆန်းစုကြည့်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်

မြောက်ရေးအတွက် တောင်းဆိုမှုများနှင့် နအဖစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကန့်ကွက်မှုများကို ပြုလုပ်နေပါသည်။

(ဂ) ထို့အပြင် NC ကျင်းပပြီး သူတို့၏ Road Map အဆင့် (၃) ဖြစ်သော စစ်အာဏာရှင်စနစ်ကို ကြားကန်ပေးမည့် နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် သော်၎င်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ နိုင်ငံရေးပန်းတိုင်ဖြစ်သော "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနစ်တည်ဆောက်ရေး" အောင်မြင်နိုင်ရေး အတွက်သော်၎င်း နည်းမျိုးစုံဖြင့် ထိုးစစ်ဆင်နိုင်ရန် NC တက်ရောက်နေကြသည့် CF အဖွဲ့များကဖက်ဒရယ်မူကို NC တွင်တင်သွင်းခြင်း၊ (ဥပမာ – CF ၁၃ ဖွဲ့၏တင်ပြချက်)၊ လွတ်မြောက်နယ်မြေရောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများပူးပေါင်း၍ "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ" ချမှတ်ခြင်းပြုလုပ်ခဲ့ပါသည်။ ထိုလုပ်ဆောင်မှုများအပြင် နအဖ၏နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ မပြီးစီးခင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်း၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အမြန်ဆုံးရေးဆွဲရန် ပြင်ဆင်လျှက်ရှိနေပါသည်။

(ဃ) နအဖ Road Map ၏ စတုတ္ထအဆင့်တွင် ၎င်းတို့ NC မှရေးဆွဲပြင်ဆင်ထားသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ" ကျင်းပ၍ အတည်ပြုချက်ရယူရန် ဖြစ်ပါသည်။

(ထိုအဆင့်သည် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများလက်တွဲ၍ တိုက်ပွဲဝင်ရန် အကောင်းဆုံးသော အဆင့်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအဆင့်တွင် တိုက်ပွဲဝင်မှုများပြုလုပ်ရန် အခုကတည်းက ပြင်ဆင်မှုများပြုလုပ်ရန် အထူးလိုအပ်နေပါသည်။ တောင်အာဖရိကတော်လှန်ရေးတွင် Apartheid Regime ကို ANC က အပြတ်အသတ်ဖြင့် အောင်ပွဲစတင်ဆင်နိုင်ခဲ့သောအဆင့်မှာလည်း — လူဖြူလူနည်းစုများ၏ ရာသက်ပန် အာဏာကြီးစိုးလွှမ်းမိုးရေးအတွက် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကျင်းပခဲ့သော "လူထုဆန္ဒခံယူပွဲ" တွင် "အလိုမရှိ" "Vote-No Campaign" ကို တောင်အာဖရိကနိုင်ငံအတိုင်းအတာမက၊ နိုင်ငံတကာအတိုင်းအတာဖြင့် အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သောအချက်ကို သင်ခန်းစာယူသင့်ပါသည်။ ထို့ကြောင့် ယခုမှစ၍ "Vote-No Campaign" ကိုမိမိတို့မှ စတင်ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ ၎င်းအဆင့်သည် မိမိတို့အသာစီးရနိုင်သော တိုက်ပွဲအဆင့်တခုဖြစ်ပါသည်)။

(င) ထိုမှတဆင့်တက်၍ နအဖစစ်အုပ်စုအနေဖြင့် ၎င်းတို့၏ Road Map အတိုင်း၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်နှင့်အညီ "ရွေးကောက်ပွဲအသစ်" ကျင်းပသွားပါက ၎င်းအဆင့်တွင်လည်း ထိရောက်စွာထိုးနှက်တိုက်ပွဲဝင်ရန် အဆင်သင့် ပြင်ဆင်ထားရန် လိုအပ်နေပါသည်။

(စ) နအဖ Road Map နောက်ဆုံးအဆင့်တွင် ရွေးကောက်ပွဲအသစ်တွင် အနိုင်ရရှိသော ပါတီကိုအာဏာလွှဲရေးနှင့် အစိုးရအသစ်ဖွဲ့စည်းရေး ပါဝင်နေပါသည်။ ထိုသို့အစိုးရအသစ်ဖွဲ့စည်းသွားနိုင်ပါက သူတို့အနေဖြင့် ***De-facto*** အစိုးရ မဟုတ်တော့ပဲ၊ ***De-jure*** အစိုးရဟု ကမ္ဘာကိုကြေညာနိုင်မည်ဖြစ်ပါသည်။ ယင်းအဆင့်ရောက်သွားပါကလည်း ဇွဲ၊ လုံ့လမလျှော့ပဲ ဆက်လက်တိုက်ပွဲဝင်သွားရန်ပြင်ဆင်မှုများ ပြုလုပ်သင့်ပါသည်။

## (၄) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များ

ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ လက်တွဲဆင်နွှဲနေသော အရေးတော်ပုံကြီး၏ အန္တိမပန်းတိုင်သည် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု စနစ်တည်ဆောက်ရေး" ဖြစ်ကြောင်း အတိအလင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစဉ်ဖြစ်သည့် ပြည်နယ်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကိုလည်း တိုင်းရင်းသားလူမျိုးများ၏ အဓိကနိုင်ငံရေးတပ်ပေါင်းစု နှစ်ခုဖြစ်သည့် — ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့မှ ဦးဆောင်၍ သက္ကရာဇ် ၂၀၀၁ မှစတင်ဆောက်ရွက်၍ ယခုအခါ ပြည်နယ် (၇) ခု၏ "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီ (ကော်မရှင်)" များကို ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် ဗမာပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလေ့လာရေးကော်မတီ တရပ်လည်းပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီများအနက် အချို့ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) များကို ရေးဆွဲထုတ်ဝေနိုင်သည့် အဆင့်ပင်ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

ယခုအခါ ပြည်နယ်များ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြင့်၍ဆောင်ရွက်ရန်လိုအပ် နေသည်သာမက ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံသဘောတူထားသော "လမ်းညွှန်အခြေခံမှု" များကိုအခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တနှစ်အတွင်း အပြီးသတ်ရေးဆွဲရန်လို အပ်နေပါသည်။

ထို့ကြောင့် "တိုင်းရင်းသားလူမျိုးများကောင်စီ" အနေဖြင့် ပြည်နယ်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ ရေးလုပ်ငန်း စဉ်ဖြစ်သော Supporting Committee for State Constitutions (SCSC) ၏လုပ်ငန်းများကို တိုက်ရိုက် ကြီးကြပ်ကွပ်ကဲရန်လိုအပ်ရုံသာမက၊ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် တွင်လည်း ပူးပေါင်းပါဝင်ရန် အထူးလိုအပ်နေပါသည်။

## (၅) ပြည်တွင်းပြည်ပစည်းရုံးရေးလုပ်ငန်းစဉ်များ

(က) ENC ၏အဖွဲ့ဝင်နိုင်ငံရေးပါတီများအကြား စည်းလုံးညီညွတ်ရေး၊

(ခ) တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက ENC ၏ပေါ်လစီနှင့်လုပ်ငန်းစဉ်များကို သေချာနားလည်သဘောပေါက်ပြီး ထောက်ခံအားပေးမှုရရှိနိုင်ရန်အတွက် နည်းမျိုးစုံဖြင့်စည်းရုံးရေး။ (အထူးသဖြင့် ပြည်တွင်းထိုးဖောက်မှု လုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်)။

(ဂ) တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများသို့ အုပ်စုအလိုက်စည်းရုံးရေးခရီး များသွားရောက်ရေး၊

(ဃ) နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများထံ အုပ်စုအလိုက်စည်းရုံးရေးခရီး သွားရောက်ရေး၊ (ဥပမာ — အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဥရောပ၊ ဂျပန်၊ မလေးရှား၊ အိန္ဒိယ စသည့်နိုင်ငံများ)။

(င) စည်းရုံးရေးနှင့် ဝါဒဖြန့်ချီရေးလုပ်ငန်း ဆထက်ထမ်းပိုးဆောင်ရွက်နိုင်ရန် စာနယ်ဇင်း၊ မီဒီယာများကို တိုးချဲ့အသုံးချရေး၊

(စ) တိုင်းရင်းသားလူမျိုးများကောင်စီ၏ မူဝါဒနှင့် ပေါ်လစီလုပ်ငန်းစဉ်များသာမက တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးလှုပ်ရှားမှုနှင့် ပတ်သက်သော စာအုပ် စာတမ်းများ ထုတ်ဝေရေး စသည်တို့ကိုဆောင်ရွက်သင့်ပါသည်။

## (၆) နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်များ

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေး အကြပ်အတည်းကြီးသည် သာမန်ပြည်တွင်းရေး ပြဿနာတခု မဟုတ်တော့ပေ။ တော်လှန်ရေးကောင်စီခေတ်မှစ၍ ယနေ့ နအဖအုပ်စုလက်ထက်အထိ အဆက် ဆက် သောအာဏာရှင်စစ်အုပ်စုများ၏ ပေါ်လစီများယွင်းမှုကြောင့် ဖြစ်ပေါ်နေ သော နိုင်ငံရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာ၊ မူးယစ်ဆေးဝါး ပြဿနာ၊ ဒုက္ခသည်ပြဿနာ၊ အိမ်နီးချင်းနိုင်ငံများတွင် တရားမဝင်ခိုလှုံအလုပ် လုပ်နေကြသော ပြောင်းရွှေ့အလုပ်သမား (Migrant Workers) ပြဿနာ၊ HIV,

AIDS အပါအဝင် အခြားကူးစက်တတ်သော ရောဂါမျိုးစုံ ... စသည့်စသည့်တို့သည် အိမ်နီးချင်းနိုင်ငံများသာမက ဒေသဆိုင်ရာလုံခြုံမှုနှင့် နိုင်ငံတကာဆက်ဆံရေး ပြဿနာပေါင်းများစွာကို ဖန်တီးနေပါသည်။ ထို့ကြောင့် ယင်းပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်ရေးအတွက် တခုတည်းသောနည်းလမ်းမှာ — ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲလုပ်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကား ရန်လိုအပ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအင်အားစုများကို နားလည်သဘောပေါက်အောင် ရှင်းလင်းရန်လိုအပ်ပါသည်။

ထို့ကြောင့် အောက်ပါအတိုင်း နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သင့်ပါသည်။

(က) ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ (UN, ILO etc...)
(ခ) အီးယူ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျ၊
(ဂ) အာစီယံ၊ ဂျပန်၊ တောင်ကိုးရီးယား၊
(ဃ) တရုတ်၊ အိန္ဒိယနှင့် အခြားအိမ်နီးချင်းနိုင်ငံများ၊

## (၇) မဟာဗျူဟာလေ့လာရေးလုပ်ငန်း

မိမိတို့တိုင်းရင်းသားလူမျိုးများအားလုံး တဖွဲ့နှင့်တဖွဲ့အကြား စစ်ရေး၊ နိုင်ငံရေး နှင့် အခြားနည်းလမ်းပေါင်းစုံဖြင့် အပြန်အလှန် အကူအညီပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများအား ပိုမိုတိုးတက်လုပ်ဆောင်သွားရန် လိုအပ်နေသကဲ့သို့ မိမိတို့အချင်းချင်းအကြား မဟာဗျူဟာညှိနှိုင်းမှုများကို ထိထိရောက်ရောက်ဆောင်ရွက်သွားရမည် ဖြစ်ပေသည်။

## (၈) အသွင်ကူးပြောင်းရေးဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ပြင်ဆင်မှုများ

မိမိတို့အနေဖြင့် မည်သို့မည်ပုံ နိုင်ငံရေးအရထိုးစစ်ဆင်၍ နအဖစစ်အုပ်စုကို အနိုင်ယူသွားမည်ဟူသော အောင်ပွဲဆီသို့ ချီတက်ရေးမဟာဗျူဟာ (A Winning Strategy) များရှိထားရမည်ဖြစ်သလို၊ အသွင်ကူးပြောင်းရေးကာလတွင် ကျင့်သုံးမည့်ပေါ်လစီ၊ အသွင်ကူးပြောင်းရေးအပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ပြင်ဆင်မှုများနှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားရန် အထူးလိုအပ်နေပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင်ရောက်ရှိနေကြသော တိုင်းရင်းသားလူမျိုးအသီးသီး၏ပညာရှင်များကို စည်းရုံး၍ ဤလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်သွားရန်လိုအပ်နေပါသည်။

## နိဂုံးချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းညီညွတ် နိုင်ရုံသာမက လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် နိုင်ငံရေးပါတီများ လက်တွဲ၍ တိုက်ပွဲဝင်ရန် ပူးပေါင်းဖွဲ့စည်းထားသော "တိုင်းရင်းသားလူမျိုးများကောင်စီ" ကဲ့သို့သော နိုင်ငံရေးအဖွဲ့အစည်းတခါမျှ မပေါ်ပေါက်ခဲ့ဖူးသေးချေ။ သမိုင်းတွင် အထင်ရှားဆုံးသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းမှာ — Supreme Council of United Hill Peoples (SCOUHP) ဖြစ်ပါသည်။ သို့သော် SCOUHP သည်ပင်လျှင် နိုင်ငံရေးပါတီများကိုသာအခြေခံ၍ ဖွဲ့စည်းထားသော ကောင်စီဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကို ပါဝင်စေနိုင်ခြင်း မရှိခဲ့ပေ။

ထိုကြောင့် သမိုင်းတွင် မကြုံစဖူးတမူထူးခြားစွာ ဖွဲ့စည်းထူထောင်ခဲ့သော "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို ပိုမိုကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းထူထောင်သွားရန် အထူးအရေးကြီးနေပါသည်။ ခိုင်မာတောင့်တင်းသော နိုင်ငံရေးကောင်စီ ဖြစ်ပေါ်လာရေးအတွက် မှန်ကန်သောမူဝါဒများနှင့် ပေါ်လစီများကိုချမှတ်ထားရန် လိုအပ်သလို တိုင်းရင်းသားလူမျိုးများကောင်စီ၏ အဖွဲ့ဝင်နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြားသာမက ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ နားလည်မှုရှိရှိဖြင့် လက်တွဲဆောင်ရွက်ရေး၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ဤညီလာခံမှတိကျမှန်ကန်သောပေါ်လစီများ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ထားရန် လိုအပ်နေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အခန်း (၁၈)

# အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် "လမ်းညွှန်အခြေခံမူ" များ

## The Basic Principles for Future Federal Constitution of the Union of Burma

[ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်မှ (၁၂) ရက်တွင်
ဒီမိုကရေစီအင်အားစုများနှင့်
တိုင်းရင်းသားလူမျိုးပေါင်းစုံပူးတွဲကျင်းပခဲ့သော
"အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု
ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများချမှတ်ရေးနှီးနှောဖလှယ်ပွဲ" သို့
**SCSC** နှင့် **FCDCC** တို့၏ပူးတွဲလုပ်ငန်းကော်မတီကိုယ်စား
တင်သွင်းသောစာတမ်း]

# အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် “လမ်းညွှန်အခြေခံမူ” များ

# The Basic Principles for Future Federal Constitution of the Union of Burma

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၇ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော “ပင်လုံစာချုပ်” သဘောတူညီချက် အရဖွဲ့စည်းခဲ့ထူထောင်ခဲ့သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်ဖြစ်ပါသည်။ ပင်လုံစာချုပ်၏ အနှစ်သာရမှာ — ကိုလိုနီခေတ်မတိုင်ခင်က သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်များကို တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်သစ်ကို အတူတကွထူထောင်ကြရမည် ဟူသောအချက်ပင်ဖြစ်ပါသည်။ ထိုသဘောတူညီချက်ကိုအခြေခံ၍ “ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ” ကို ၁၉၄၇ စက်တင်ဘာလ (၂၄) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်၌ ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ရုံသာမက၊ ပြည်ထောင်စုမြန်မာနိုင်ငံကို လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်အဖြစ် ၁၉၄၈ ဇန်နဝါရီလ (၄) ရက်နေ့တွင် “လွတ်လပ်ရေး” ကိုကမ္ဘာသိကြေညာနိုင်ခဲ့ပါသည်။

သို့ရာတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရပြီး၊ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆုံးရှုံးခြင်း၊ ပြည်သူလူထုတရပ်လုံး၏ အခြေခံလူ့အခွင့်အရေးများ ချိုးဖောက်ခံနေရခြင်းနှင့် ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းခြင်းများသာမက တိုင်းပြည်၏ စီးပွားရေးယိုယွင်းကျဆင်းခြင်းကြောင့် တတိုင်းတပြည်လုံး အနေဆင်းရဲခြင်း၊ အစားဆင်းရဲခြင်းစသော လူမှုဒုက္ခအမျိုးမျိုးကို မဆလတပါတီစနစ်နှင့် စစ်အာဏာရှင်စနစ်များအောက်တွင် အလူးအလဲခံစားနေရပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ “ပင်လုံ” တွင် မျှော်မှန်းခဲ့သည့်အတိုင်း ပင်လုံစိတ်ဓါတ်ကို အခြေခံသော “စစ်မှန်သည့်ပြည်ထောင်စုစနစ်” ဖြင့် ပြန်လည်ဖွဲ့စည်းထူထောင်ရန် အထူးလိုအပ်နေပါသည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်ပြီး၊ ဒီမိုကရေစီကျင့်စဉ်တရားထွန်းကား၍ လူ့အခွင့်အရေးအပြည့်အဝရှိသော “ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး” ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။

ယင်းသို့ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ရာတွင် အခြေခံရမည့် "လမ်းညွှန်အခြေခံမူများ" ကို ဤစာတမ်းတွင် တင်ပြသွားမည်ဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် အပိုင်းလေးပိုင်းခွဲ၍ တင်ပြသွားမည်ဖြစ်ပါသည်။ ပထမပိုင်းတွင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးဖခင်ကြီးများ၏ အတွေးအခေါ်ကို ပေါ်လွင်ထင်ဟပ်စေသည့် "ပြည်ထောင်စုဖခင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မူများ" ကိုတင်ပြသွားမည် ဖြစ်ပါသည်။ ဒုတိယပိုင်းတွင် ပြည်ထောင်စုဖခင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်ကို ထူထောင်နိုင်ခြင်းမရှိသောကြောင့် ၁၉၄၈ မှ ၁၉၈၈ အကြား နှစ်ပေါင်းလေးဆယ်အတွင်း ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးအတွက် ကြိုးပမ်းမှုများကိုတင်ပြသွားမည် ဖြစ်ပါသည်။ တတိယပိုင်းတွင် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး အုံကြွပေါက်ကွဲပြီးနောက်၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဆက်လက်ကြိုးပမ်းချက်များကို တင်ပြသွားမည် ဖြစ်ပြီး စတုတ္ထပိုင်းတွင် မိမိတို့အားလုံးလိုလားတောင့်တနေသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကြီးတည်ဆောက်နိုင်ရေးအတွက် အခြေခံရမည့် လမ်းညွှန်အခြေခံမူများကို တင်ပြသွားမည်ဖြစ်ပါသည်။

## ပထမပိုင်း

## ပြည်ထောင်စုကိုစတင်ဖွဲ့စည်းစဉ်က အခြေခံသောပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မူများ

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပြည်ထောင်စုနိုင်ငံတော်သစ်တခုကို အတူတကွထူထောင်ရန် သဘောတူစာချုပ်ချုပ်ခဲ့စဉ်က အခြေခံသော "ပြည်ထောင်စုမူ" များကိုဆန်းစစ်ပါက အခြေခံအားဖြင့် အချက်ကြီး (၁၀) ချက်ရှိကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ယင်းတို့မှာ —

(1) **Sovereign State** (လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံတော်)

လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်ကိုထူထောင်ရမည်ဖြစ်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်လာစေရမည်။

(2) **Voluntary Association** (လွတ်လပ်သောဆန္ဒသဘောနှင့်အညီပူးပေါင်းပါဝင်ခြင်း)

တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့် အညီ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များအဖြစ် ပါဝင်ခွင့်ရှိစေရမည်။

(3) **Equality** (တန်းတူရေး)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိရမည်။

(4) **Self-determination** (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

(5) **Federal Principles** (ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု)

ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူလွှတ်တော်နှစ်ရပ်ထားရှိရေး အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသာ ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(6) **Minority Rights** (လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်ခြင်း)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

(7) **Democracy & Fundamental Rights** (ဒီမိုကရေစီနှင့်အခြေခံအခွင့်အရေးများ)

ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်သော နိုင်ငံသားတိုင်းသည် — လူမျိုးမရွေး၊ ဘာသာမရွေး၊ လိင်ခွဲခြားမှုမရှိစေဘဲ ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်ရှိစေရမည်။

(8) **Multi-party Democracy System** (ပါတီစုံဒီမိုကရေစီစနစ်)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(9) **Secular State** (ဘာသာရေးကိုအခြေမခံသော နိုင်ငံတော်)

နိုင်ငံရေးနှင့်ဘာသာရေး ရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

(10) **Secession Right** (ခွဲထွက်ခွင့်)

တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့် အညီ ပြည်ထောင်စု အဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် ရှိစေရမည်ဟူသော အချက်များဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဤလမ်းညွှန်အခြေခံမူများ၏ အနှစ်သာရမှာ — ပင်လုံစာချုပ်အရ အသစ်ဖွဲ့စည်းထူထောင်မည့် နိုင်ငံတော်သစ်သည် အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်ရမည်ဖြစ်ပြီး၊ ၎င်းပြည်ထောင်စုထဲတွင် အဖွဲ့ဝင်အဖြစ်ပါချင်သော

ပြည်ထောင်များ (ဝါ) ပြည်နယ်များသည် မိမိတို့၏ လွတ်လပ်သောဆန္ဒသဘော နှင့်အညီ ပြည်ထောင်စုထဲသို့ပူးပေါင်းပါဝင် လာကြရမည် ဖြစ်ပါသည်။ ထိုသို့ မိမိတို့ ဆန္ဒသဘောထားနှင့်အညီ ပါဝင်ပူးပေါင်းကြသော ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်များသည် နိုင်ငံရေးအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်း ကောင်း တန်းတူရည်တူအခွင့်အရေး များရရှိထားကြရမည့်အပြင်၊ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်အာဏာများလည်း အပြည့်အဝရရှိထားကြရမည် ဖြစ်ပါသည်။ ထိုသို့ တန်းတူ ၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာအပြည့်အဝရှိသော ပြည်ထောင်များ (ဝါ) ပြည်နယ် များဖြင့် နိုင်ငံတော်တခုကို အတူတကွထူထောင်ရန် တခုတည်းသောနည်းလမ်းမှာ **"ပြည်ထောင်စုစနစ်"** သာလျှင် ဖြစ်ပါသည်။

ထို့ပြင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်း သားလူနည်းစုများ၏အခွင့်အရေးကို အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးရမည့် အပြင် နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်း၏အခွင့်အရေးများကို လည်း နိုင်ငံတော်ဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။ နိုင်ငံတော်အုပ်ချုပ်ရေးစနစ် (ဝါ) အစိုးရဖွဲ့စည်းရေးစနစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရမည်ဖြစ်ပြီး၊ နိုင်ငံသားတိုင်း၏ လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို လေးစားလိုက်နာသောအားဖြင့် နိုင်ငံရေးကိုဘာသာရေးတွင်၎င်း၊ ဘာသာရေးကို နိုင်ငံရေးတွင်သော်၎င်း ရောစပ် ထားခြင်းမရှိစေဘဲ **"ဘာသာရေးကိုအခြေမခံသောနိုင်ငံတော်"** (Secular State) ကိုထူထောင်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်သည် အထက်ပါလမ်းညွှန်အခြေခံမှုများမှ သွေဖီသွားသည်ဟု ယူဆ ပါကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ က အထက်ပါလမ်းညွှန်အခြေခံမှုများကို လိုက်နာစောင့်ရှောက်ခြင်းမရှိဘဲ ပြည်နယ်တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကိုချိုးဖောက်လာပါက သော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်များသည် ပြည်ထောင်စုထဲမှ လွတ်လပ်စွာ မိမိတို့ဆန္ဒသဘောနှင့်အညီ **ခွဲထွက်ပိုင်ခွင့်** ရှိစေရမည် ဟူသောအချက်များပင်ဖြစ်ပါသည်။

ထိုအနှစ်သာရ ပိုမိုပေါ်လွင်လာစေရန် အခြေခံလမ်းညွှန်မှု (၁၀) ချက်ကို သမိုင်း အထောက်အထားများနှင့် အောက်ပါအတိုင်းဆက်လက် ရှင်းလင်းတင်ပြသွား ပါမည်။

## (၁) Sovereign State (လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သောနိုင်ငံတော်)

တိုင်းရင်းသားလူမျိုးပေါင်းစုံတန်းတူရည်တူ ပူးပေါင်း၍ဖွဲ့စည်းထားသော "ပြည် ထောင်စုနိုင်ငံတော်ကြီးသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံ တော်ဖြစ်စေရမည်" ဖြစ်ပြီး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာဟူသမျှတို့သည်

ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို ထူထောင်ရမည်။ ဤလမ်းညွှန်မှု၏ ဆိုလိုရင်းမှာ —

(က) ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို အတူတကွထူထောင်ရန် "ပင်လုံစာချုပ်" ကိုသဘောတူလက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် သီးခြားစီဖြင့်လွတ်လပ်ရေးရယူ၍ သီးခြားစီဖြင့်လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံတော်များကို ထူထောင်ခြင်းမပြုပဲ၊ မိမိပိုင်ဆိုင်ထားသော "အချုပ်အခြာအာဏာများ" ကိုစုပေါင်း၍ "ပြည်ထောင်စုနိုင်ငံတော်" ကိုအတူတကွထူထောင်ကြရမည်ဟူသော အချက်ပင်ဖြစ်ပါသည်။

(ခ) ဒုတိယအချက်မှာ — ထိုအချုပ်အခြာအာဏာသည် လူမျိုးတမျိုးထံမှသော်လည်းကောင်း၊ ပြည်နယ်တခုတည်းထံမှ သော်လည်းကောင်း၊ ဆင်းသက်ခြင်းမရှိစေပဲ၊ ပြည်ထောင်စုတခုလုံးအတွင်း တိုင်းရင်းသားပြည်သူလူထုထံမှ ဆင်းသက်လာစေရမည် ဟူသောအချက်ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူလူထုတရပ်လုံးထံမှ ဆင်းသက်လာသည်ဖြစ်သောကြောင့် ဤပြည်ထောင်စုကို လူမျိုးတမျိုး၊ ပြည်နယ်တခုတည်းကသာ ပိုင်ဆိုင်ထားခြင်း မဟုတ်ပဲ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး၊ ပြည်ထောင်စုအတွင်းရှိ လူမျိုးအားလုံးနှင့် ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စုဖြစ်ပါသည်။

(ဂ) နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော အခြေခံမှု၏ တတိယရည်ရွယ်ချက်မှာ — တိုင်းပြည်တွင် မဟာလူမျိုးကြီးဝါဒနှင့် အမျိုးမျိုးသောအာဏာရှင်စနစ်များ မပေါ်ထွန်းလာစေရေးအတွက် အကာအကွယ်ယူရန်လိုအပ်သည် ဟူသောရည်ရွယ်ချက်လည်း ပါဝင်နေပါသည်။

အကယ်၍နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်လာစေရမည် ဟူသော (Popular Sovereignty) ကိုလက်မခံပဲ၊ ပြင်သစ်တော်လှန်ရေးအပြီး ၁၇၉၁ ခုနှစ်တွင် ရေးဆွဲပြဌာန်းခဲ့သော ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေအစဉ်အလာအရ ဖြစ်ပေါ်ကျင့်သုံးလာခဲ့သည့် "နိုင်ငံတော်အချုပ်အခြာအာဏာသည် တိုင်းပြည်တွင်ရှိသည်" (Sovereignty belongs to the nation) ဟူသောအတွေးအခေါ်သည် လက်ခံခဲ့မိပါက၊ ထိုတိုင်းပြည်ရှိ အကြီးဆုံးလူမျိုးများထံတွင် နိုင်ငံတော်အချုပ်အခြာအာဏာရှိသည်ဟု ယုံကြည်နိုင်ရုံသာမက ထိုလူမျိုးအတွင်း မဟာလူမျိုးဝါဒထွန်းကားအောင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက တွန်းပို့ပေးနိုင်ပါသည်။ ဥပမာ — ပြည်ထောင်စုမြန်မာနိုင်ငံသည် အမည်နာမအားဖြင့် "မြန်မာ" ဟု တိုင်းပြည်အတွင်းရှိလူဦးရေအများဆုံးသော မြန်မာလူမျိုးများကိုအခြေခံ၍ မှည့်ခေါ်နေသည်ဖြစ်သောကြောင့်၊ အကယ်၍ "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် တိုင်းပြည်တွင်ရှိသည်" ဟုခံယူမိပါက၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အချုပ်အခြာအာဏာသည် မြန်မာ (ဝါ) ဗမာလူမျိုးများထံတွင်ရှိနေသည်ဟု အဓိပ္ပာယ်ဖွင့် ဆို၍ရမည်ဖြစ်ပါသည်။

ထို့ပြင် ဗြိတိန်နိုင်ငံတွင် ကျင့်သုံးသည့်အစဉ်အလာအတိုင်း "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ပါလီမန် (ဝါ) လွှတ်တော်တွင်ရှိနေစေရမည်" (Soverignty resides in Parliament) ဟူသောအယူအဆကို လက်ခံကျင့်သုံးမိပါက ပြည်ထောင်စုလွှတ်တော်ကို ထိန်းချုပ်ထားနိုင်သည့် လူဦးရေပိုများသော မြန်မာ (ဝါ) ဗမာလူမျိုးများလက်ထဲတွင် နိုင်ငံတော်အာဏာကို သွယ်ဝိုက်သောနည်းလမ်းဖြင့် အပ်နှင်းထားရာကြနေပေမည်။

နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော အခြေခံမူကိုလက်ခံထားခြင်းကြောင့်၊ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ လူမျိုးတမျိုးကသော်လည်းကောင်း၊ လူအုပ်စုတစုကသော်လည်းကောင်း၊ နိုင်ငံရေးပါတီတခုကသော်လည်းကောင်း၊ ပုဂ္ဂိုလ်တဦးတယောက်ကသော်လည်းကောင်း နိုင်ငံတော်အာဏာကို အလွဲသုံးစားမပြုလုပ်နိုင်အောင် ထိန်းချုပ်ထားပါသည်။ ပြည်သူလူထုသည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ပိုင်ဆိုင်သူများဖြစ်သောကြောင့် ပြည်သူလူထုက အစိုးရထံတွင်အပ်နှင်းခြင်းမရှိသောအာဏာများဖြစ်သည့် (Initiative and Referendum Power) များရှိနေသောကြောင့် တိုင်းပြည်တွင်အာဏာအလွဲသုံးစားမှု မရှိစေရေး၊ အာဏာရှင်စနစ်မထွန်းကားနိုင်ရေး၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားဝါဒမပေါ်ထွန်းနိုင်ရေးအတွက် ဟန့်တားကာကွယ်နိုင်မည် ဖြစ်ပါသည်။

## (၂) **Voluntary Association** (လွတ်လပ်သောဆန္ဒသဘောနှင့်အညီ ပူးပေါင်းပါဝင်ခြင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စတင်ဖွဲ့စည်းစဉ်က ကျင့်သုံးခဲ့သော "လမ်းညွှန်အခြေခံမူ" များအနက် အရေးအကြီး ဆုံးသောအခြေခံမူတခုမှာ — Voluntary Association ဟုခေါ်သည့် "တိုင်းရင်းသားလူမျိုးအသီးသီးက မိမိတို့၏လွတ်လပ်သော ဆန္ဒသဘောထားနှင့်အညီ အသစ်ဖွဲ့စည်းတူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဖွဲ့ဝင်ပြည်ထောင်များအဖြစ် ပါဝင်စေရမည်" ဟူသောအချက်ပင်ဖြစ်ပါသည်။ ယင်းအချက်သည် ပြည်ထောင်စုစနစ်တူထောင်ရာတွင် မရှိမဖြစ် အခြေ

ခံရမည့် ‘‘မှု’’ တခုဖြစ်သော “Coming together” (အတူတကွပူးပေါင်းပါဝင်လာခြင်း) ဟူသော အခြေခံမှု၏ ပင်မအုတ်မြစ်ပင်ဖြစ်ပါသည်။

‘‘ပြည်ထောင်စုစနစ်’’ သည် လွတ်လပ်သောပြည်ထောင်များ (ဝါ) လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်များကို သီးခြားထူထောင်ခွင့်ရှိသော ပြည်ထောင်များစုပေါင်း၍ ဖွဲ့စည်းသည့် ‘‘ပြည်ထောင်များကို ပေါင်းစည်းထားသည့် ပြည်ထောင်စု’’ စနစ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြသော လူမျိုးများနှင့် ပြည်ထောင်များကို လေ့လာဆန်းစစ်ကြည့်ပါက ကိုလိုနီခေတ်မတိုင်ခင်က သီးခြားလွတ်လပ်သောလူမျိုးများ၊ တိုင်းပြည်များ၊ ပြည်ထောင်များဖြစ်ကြောင်းကို တွေ့ရှိမည်ဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီအစိုးရကလည်း ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို တိုင်းပြည်တခု၊ လူမျိုးတမျိုးအဖြစ် တကြိမ်တခါတည်းတွင် အတူတကွသိမ်းပိုက်ခဲ့ခြင်းမဟုတ်ပေ။ သီးခြားလူမျိုးသီးခြားတိုင်းပြည်အဖြစ် သီးခြားအချိန်များတွင် သီးခြားစီသိမ်းပိုက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ဥပမာ — ဗမာ (ဝါ) မြန်မာမင်းတို့၏ နောက်ဆုံးနေပြည်တော် မန္တလေးကို တတိယအင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ၁၈၈၅ ခုနှစ် တွင် သိမ်းပိုက်ခဲ့ပြီး၊ ချင်းလူမျိုးများကိုမူ သီပေါမင်းပါတော်မူပြီးနောက် နောင်ဆယ်နှစ်ကြာသော အခါမှသာ ၁၈၉၆ ခုနှစ်တွင် သီးခြားသိမ်းပိုက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကိုလိုနီခေတ်တလျှောက်လုံးတွင် ထိုလူမျိုးများကို သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများဖြင့် သီးခြားစီအုပ်ချုပ်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှအစိုးရ (အထူးသဖြင့် လေဘာပါတီ) က ၎င်း၏ကိုလိုနီနယ်များကို လွတ်လပ်ရေးပေးရန် စဉ်းစားလာသောအခါ၊ ကိုလိုနီမတိုင်ခင်က သီးခြားလွတ်လပ်သောလူမျိုးများနှင့် ကိုလိုနီခေတ်တလျှောက်လုံး သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံများဖြင့် အုပ်ချုပ်ခဲ့သောလူမျိုးများကို သီးခြားစီဖြင့် လွတ်လပ်ရေးပေးရန် သမိုင်းကတောင်းဆိုလာခဲ့ပါ သည်။ သို့ရာတွင် ထိုလူမျိုးများနှင့် ပြည်ထောင်များ သီးခြားစီဖြင့် လွတ်လပ်ရေးမယူပဲ၊ အတူတကွပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်သစ်ကို ထူထောင်ရန်အတွက် လွတ်လပ်ရေးကိုပါ အတူတကွရယူရန် ‘‘ပင်လုံညီလာခံ’’ တွင်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်၏နိဒါန်းတွင် —

> “Believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government” - ဟုရေး သားခဲ့ပါသည်။

ပင်လုံစာချုပ်၏ အနှစ်သာရကို သေချာစွာလေ့လာဆန်းစစ်ကြည့်ပါက — ၁၈၉၄ တွင်ရေးဆွဲပြဋ္ဌာန်းခဲ့သော ‘‘ကချင်တောင်တန်းဒေသ ဖွဲ့စည်းအုပ်ချုပ်ပုံစည်း

မျဉ်းဥပဒေ'' (1894 Kachin Hills Regulation) ဖြင့်အုပ်ချုပ်ခဲ့သော ကချင်ပြည်ထောင်၊ ၁၈၉၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ''ချင်းတောင်တန်းဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း'' (1896 Chin Hills Regulation) ဖြင့်အုပ်ချုပ်ခဲ့သော ချင်းပြည်ထောင်၊ ၁၉၂၂ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ''ဖက်ဒရယ်ရှမ်းပြည်ထောင် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ'' (1922 Federated Shan State Act) ဖြင့်အုပ်ချုပ်ခဲ့သော ဖက်ဒရက်တစ်ရှမ်းပြည်၊ ၁၉၃၅ တွင်ရေးဆွဲပြဋ္ဌာန်းပြီး ၁၉၃၇ တွင် စတင်ကျင့်သုံးသည့် ''ဗမာပြည်အက်ဥပဒေ'' (1935 Burma Act) ဖြင့်အုပ်ချုပ်ခဲ့သည့် ဗမာပြည်ထောင် (Burma Proper or Ministerial Burma) တို့ပါဝင်ကြောင်း တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံကို စတင်ဖွဲ့စည်းခဲ့စဉ်က သီးခြားလွတ်လပ်၍ သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် အုပ်ချုပ်ခဲ့သော ''ပြည်ထောင်စုလေးပြည်ထောင်'' ဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ပင်လုံစာချုပ် ချုပ်ဆိုပြီး နောက်ပိုင်းတွင် ဗြိတိသျှအစိုးရနှင့် မင်းတုန်းမင်းတို့၏ ၁၈၇၅ ခုနှစ်သဘောတူညီချက်ဖြင့် လွတ်လပ်သောပြည်ထောင် အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသော ကရင်နီ (ဝါ) ကယား ပြည်ထောင်သည်လည်း ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် ပင်လုံစာချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ (ဝါ) မြန်မာတိုင်းရင်းသားလူမျိုးများက ချင်း၊ ကချင်၊ ရှမ်းလူမျိုးများကို စစ်ရေးဖြင့် တိုက်ခိုက်သိမ်းယူပြီး လက်နက်ချအညံ့ခံစေသော အနိုင်အရှုံး စာချုပ်မဟုတ်ပေ။ ပြည်ထောင်လေးပြည်ထောင် တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်သစ်တခုကို အတူတကွထူထောင်ရန် ချုပ်ဆိုခဲ့သောစာချုပ်မျှသာဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်က မီးမောင်းထိုးပြထားသောအချက်မှာ — ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်များ (ဝါ) အမျိုးသားပြည်နယ်များသည် မိမိတို့၏ လွတ်လပ်သောဆန္ဒသဘောနှင့်အညီ အသစ်ဖွဲ့စည်းထူထောင်မည့် ''ပြည်ထောင်စုနိုင်ငံတော်၏ အဖွဲ့ဝင်ပြည်ထောင်များ'' အဖြစ်ပါဝင်စေရမည် ... ဟူသောအချက်ပင်ဖြစ်ပါသည်။

ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က တိုင်းပြုပြည်ပြုလွှတ်တော်တွင် အောက်ပါအတိုင်း ရှင်းရှင်းလင်းလင်း တင်ပြခဲ့ပါသည်။ —

> ''အဲသည်တော့ သည်ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တည့်တည့်လင်းလင်း ရှင်းချင်တာကတော့ ဗမာပြည်ထောင်စုလို့ ခေါ်တွင်ဘို့ဆိုပြီးတော့ သည်အဆိုထဲမှာ တင်ပြထားပေမည့် သည်ပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ်တွေပါလို့ ဘယ်နယ်တွေပါရမည်လို့ သတ်မှတ်ထားခြင်း မရှိသေးပါဘူး။ သည်တော့ တောင်တန်းဒေသ ကနေပြီးတော့ တက်ရောက်လာကြတဲ့ကိုယ်စားလှယ်

တွေဟာ ဘာမျှသည်ကိစ္စနှင့် ပတ်သက်ပြီး စိုးရိမ်စရာအလျဉ်းမရှိပါဘူး။ သည်ပြည်ထောင်စုနိုင်ငံတော်ထဲမှာ ကိုယ်ပါချင်မှ ကိုယ့်နယ်ဆိုင်ရာမှာနေပြီးတော့ ပါချင်မှ ပါနိုင်တာပဲ။ သည်တိုင်းပြည်ပြုလွှတ်တော်မဖွဲ့စည်းမီအခါမှာ တိုင်းပြည်ပြုဖွဲ့စည်းရန်အလို့ငှာ ကျွန်တော်တို့သဘောတူညီချက်တွေ စာချုပ်အမျိုးမျိုးချုပ်တဲ့အခါတုန်းက တောင်တန်းဒေသက ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ချုပ်ဆိုတဲ့ စာချုပ်အရ ဆိုလိုရှိလျှင်ဖြစ်စေ၊ နောက်ပြီးတော့ တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှထောက်ခံချက်များကို ကျွန်တော်တို့လက်ခံလာခဲ့သည့်အတိုင်းဖြစ်စေ၊ အဲသည်လို လက်ခံထားတဲ့ သည်စာသဘောတွင်မကဘဲ ( Not only the letter of agreement) သည်စာသဘောကို ကျွန်တော်တို့သဘောတူညီလာခဲ့သည်တွင်မကပဲ ကျွန်တော်တို့အဘို့မှာဆိုလို့ရှိရင် (The spirit of agreement) သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံသဘောတရားကို လက်ခံပြီးတော့၊ သည်အတိုင်းပဲ သည်တိုင်းပြည် ပြုလွှတ်တော်မှာ လုပ်မှာပါပဲဆိုတာ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များ တည့်တည့်လင်းလင်းနားလည် စေချင်ပါတယ်။ ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်ပြီးသားသဘောတူညီချက်တွေကို နယ်ချဲ့သမားလို ကျွန်တော်တို့ ဖောက်ဖျက်ခြင်း မလုပ်ပါဘူး။ အဲသည်လို ပေးပြီးသားကတိနှင့် နားလည်ပြီးသားသဘောတူ ညီချက်တွေကို ဖောက်ဖျက်မည်လားလို့ သံသယရှိတဲ့လူတွေဟာ ဥက္ကဌမင်းခွင့်ပြုချက်အရပြောရလျှင် ကျွန်တော်တို့ရဲ့ (Sense of honour, Sense of self-respect, Sense of pride) တို့ကို စော်ကားတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ အဲသည်တော့ ကျွန်တော်တို့ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက်တို့ကို တောင်တန်းနယ်က ကိုယ်စားလှယ်တွေဟာ တိုင်းပြည်ပြုလွှတ်တော်ထဲရောက်လာတဲ့အခါ၊ သေသေချာချာနားလည်စေချင်တာက ဘယ်နည်းနှင့်မျှ ကျွန်တော်တို့ဗမာလူမျိုးစုဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူပဲ မနေနိုင်တဲ့အခြေအနေမျိုးကို လက်တလုံးခြားလိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့ မလုပ်ပါဘူးဆိုတာကို အတည့်အလင်းနားလည်စေချင်ပါတယ်”။

ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်ပြောကြားရာ၌ —

“အဲသည်တော့ တောင်တန်းနယ်ဆိုင်ရာကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ စေတနာဟာ အင်မတန်ရှင်းရှင်းထားပါတယ်။ ကျွန်တော်တို့ တင်သွင်းတဲ့အဆိုပြီးတဲ့နောက် ဆက်လက်ပြီးတော့ကာ ပြည်ထောင်စုဖွဲ့စည်းတဲ့နေရာမှာ ပြည်ထောင်စုထဲ ပါချင်တဲ့ပြည်နယ်တွေဟာ ဘယ်လိုအချက်အလက်

တွေ၊ ဘယ်လိုအခွင့်အရေးတွေ၊ ဘယ်လိုအခြေခံတွေ အဲသည်လို အချက်အလက်တွေအရ စုပေါင်းသင့်တယ်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့တင်သွင်းတဲ့အဆိုတွေ ကျွန်တော်တို့ တင်သွင်းတဲ့အကြံဉာဏ်တွေ၊ ဒါတွေကို သဘောမကျလို့ရှိရင် သဘောမကျတဲ့အတိုင်း တောင်တန်းနယ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်တွေဟာ သဘောရှိဗမာပြည်နှင့် မပေါင်းဘဲနေချင်နေနိုင်တယ်။ ဒါကျွန်တော် ယနေ့သည်တိုင်းပြည်ပြုလွှတ်တော်ထဲမှာ သည်စကားကိုပြောခြင်းပဲ။ ကျွန်တော်တို့ စေတနာကို ဘယ်လောက်ထိအောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားထားတယ်ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့တချက် သည်လိုခင်ဗျားတို့ သဘောမတူလို့ရှိလျှင် မပါချင်နေလို့ ပြောတဲ့နေရာမှာလည်း နယ်ချဲ့သမားတွေကို တဘက်ကနေပြီးတော့ကာ မပါချင်နေပါကွာ ဆိုပြီးတော့၊ မပါဘူးလို့ထင်တဲ့အခါကျတော့ တဖက်ကဝင်ပြီးတော့ မရှုပ်ဘူး”။

“အဲသည်တော့ သည်လိုကျွန်တော်တို့သည် နားလည်ထားတဲ့အတိုင်း ကျွန်တော်တို့နှင့် အတူတူပါပြီး မလုပ်ချင်ဘူးဆိုလျှင် ကျွန်တော်တို့အတင်းမတိုက်တွန်းပါဘူး။ အဲသည်လို မပါပါအောင်ဆိုပြီးတော့ကာ ဒါကတော့ ဗမာစကားမဟုတ်ဘူးထင်တယ်။ ကျွန်တော်နားလည်သလောက်တော့ ကရင်စကားပဲလို့ထင်တယ်။ အတင်းနသားပါးယားလုပ်တဲ့နည်းမျိုးလည်း ကျွန်တော်တို့ မလုပ်ပါဘူး။ အဲဒါကို တည့်တည့်လင်းလင်း တောင်တန်းနယ်ဘက်က ကျွန်တော့်မိတ်ဆွေများကို ကျွန်တော်နားလည်စေချင်ပါတယ်”။

ထို့အပြင် “Voluntary Association” နှင့် ပတ်သက်၍

“အဲသည်တော့ ပြည်ထောင်စုနိုင်ငံတော်မှာ ဘယ်နယ်တွေပါရမည်ဆိုတာ ကျွန်တော်တို့သည်အထဲမှာ ထည့်ထားတာလဲ မရှိသေးပါဘူး။ ပါချင်တဲ့လူတွေ ပါကြပါ...” ဟူ၍ ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီးပြောကြားခဲ့ပါသည်။

ထိုကြောင့် ပြည်ထောင်စုကိုစတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသော အခြေခံလမ်းညွှန်မှုများအနက် “Voluntary Association” သည် — အလွန်အရေးအကြီးသော လမ်းညွှန်အခြေခံ “မူ” ဖြစ်ကြောင်းကို ဗြိတိသျှကိုလိုနီခေတ်မတိုင်မီ သမိုင်းကြောင်းများသာမက ပင်လုံစာချုပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြွက်ဆိုသွားခဲ့သည့် မိန့်ခွန်းများက အခိုင်အမာထုတ်ပြသက်သေထူနေပါသည်။

## (၃) Equality (တန်းတူရေး)

ကိုလိုနီဘဝမှလွတ်မြောက်ရန် စိုင်းပြင်းနေခဲ့ကြသော ချင်း၊ ကချင်နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများက လွတ်လပ်ရေးရယူပြီး မိမိတို့သီးခြားစီဖြင့် အမျိုးသား

နိုင်ငံတော်ကို ထူထောင်ကြမည်လော။ သို့တည်းမဟုတ် ဗမာလူမျိုးများနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွရယူပြီး ပြည်ထောင်စုနိုင်ငံတော်သစ်ကို အတူတကွ ထူထောင်ကြမည်လော။ အဆုံးအဖြတ်ပေးရန် စဉ်းစားခဲ့ကြစဉ်က အဓိကထား တွေးခေါ် ခဲ့သောအချက်မှာ — အကယ်၍ ဗမာလူမျိုးများနှင့် လွတ်လပ်ရေး အတူ ရယူပါက "ဗမာလူမျိုးများရရှိခံစားသော အခွင့်အရေးကို မိမိတို့လည်းတန်းတူ ခံစားခွင့်ရစေရမည်…" ဟူသော အချက်ပင်ဖြစ်ပါသည်။ ယင်းအချက်ကို ပင်လုံညီ လာခံသို့ တက်ရောက်လာကြသော ချင်း၊ ကချင်နှင့် ရှမ်းခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့သဘောတူညီချက်တွင် "ဒီမိုကရေစီအရ ဗမာများ နှင့်တန်းတူအခွင့်အရေးပေးရန်" ဟုအတိအလင်းဖော်ပြခဲ့ပါသည်။ ထိုအချက်များကို ပင်လုံစာချုပ်တွင် အတိအလင်းဖော်ပြခဲ့ပြီး Rees-Williams ဦးဆောင်သော "တောင်တန်းဒေသစုံစမ်းရေးကော်မရှင်" (FACE) ၏ အစီရင်ခံစာတွင်လည်း အတိအလင်းဖော်ပြခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားသော ဗမာခေါင်းဆောင်များကလည်း တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲတွင် ပူးပေါင်းပါဝင်ရန်စည်းရုံးခဲ့ရ၌ — "ဗမာလူမျိုးများ ခံစားရရှိသော အခွင့်အရေးအားလုံးကို တိုင်းရင်းသားလူမျိုးများကို လည်း ခံစားခွင့်ရရှိစေရမည်ဟု …" ကတိပြုပြောကြားသွားခဲ့ပါသည်။ ယင်းအချက် များကို ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများတွင် ထပ်ခါတလဲလဲ တင်ပြခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။[1]

နိုင်ငံရေးအရတန်းတူမှုဟုဆိုရာ၌ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေး မပေးရေးနှင့် မည်သည့်လူမျိုးများ၏အခွင့်အရေးကိုမျှ ပိတ်ပင်တားမြစ်ခြင်း မရှိစေ ရေးဟူသောအချက်သည် အခရာပင်ဖြစ်ပါသည်။ ထို့ကြောင့် "နိုင်ငံရေးအရတန်း တူခွင့်" (Political Equality) နှင့် "လူမျိုးများတန်းတူရေး" (Ethnic Equality) များကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ — လူတဦးချင်းအလိုက်ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလ အခွင့်အရေး (Individual Rights) ထက် လူမျိုးအလိုက်ခံစားခွင့်ရှိသည့် စုပေါင်း အခွင့်အရေး (Collective Rights) ကို ညွှန်းဆိုနေကြောင်းတွေ့ရမည် ဖြစ်ပါသည်။

လူမျိုးတိုင်း နိုင်ငံရေးတန်းတူခွင့် ရှိစေရမည်ဟုဆိုရာ၌ ထိုလူမျိုးများသည် နိုင်ငံ ရေးအာဏာပိုင်ဆိုင်မှုသာမက ထိုနိုင်ငံရေးအာဏာများကို ဥပဒေအရကျင့်သုံး ရာတွင်လည်း တန်းတူအခွင့်အရေးရှိစေရမည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။ နိုင်ငံရေး အာဏာဟုဆိုရာ၌လည်း ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ် ရေးအာဏာများကို ဆိုလိုခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးတိုင်းနိုင်ငံရေး အရအခွင့်အရေးတန်းတူရည်တူ ရှိစေရမည်ဟု ဆိုရာ၌ — ထိုလူမျိုးများထံတွင် ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများ အပြည့်

အဝရှိစေရမည်ဟု ဆိုလိုနေခြင်းပင်ဖြစ်ပါသည်။ ထိုနိုင်ငံရေးအာဏာများကို လွတ်လပ်စွာကျင့်သုံးနိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦများ (Political Institutions) များလည်း လွတ်လပ်စွာထူထောင်ပိုင်ခွင့်ရှိစေရမည်။ ထို့ကြောင့် ဥပဒေပြုအာဏာကို လွတ်လပ်စွာကျင့်သုံးနိုင်မည့် ဥပဒေပြုလွှတ်တော်များကို ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်တိုင်းတွင်ထားရှိစေရမည် ဖြစ်ပါသည်။ ထိုပြည်နယ်များတွင် လွတ်လပ်စွာတရားစီရင်နိုင်ရန်အတွက် တရားရုံးများကိုလည်း ထူထောင်ခွင့်ရှိစေရမည်။ ထို့အပြင် ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီအုပ်ချုပ်၍ တရားစီရင်နိုင်ရန်အတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကိုလည်း အပြည့်အဝအပ်နှင်းထားရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ အပြည့်အဝရှိသောလူမျိုးများသာလျှင် နိုင်ငံရေးအရ တန်းတူရည်တူရှိသော လူမျိုးများ (ဝါ) ပြည်နယ် (ဝါ) ပြည်ထောင်များ ဟုခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။ ဥပမာ — လူမျိုးတမျိုးထံတွင် ၎င်းနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကိုအပ်နှင်းပြီး၊ အခြားလူမျိုးတွင် အုပ်ချုပ်ရေးအာဏာတခုတည်းကိုသာ အပ်နှင်းမည်ဆိုပါက — ထို လူမျိုး (၂) မျိုး တန်းတူဖြစ်သည်ဟု ခေါ်ဆို၍ရမည် မဟုတ်ပေ။

ထို့ကြောင့် နိုင်ငံရေးတန်းတူရေးဟုဆိုရာ၌ — ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်အားလုံးကို ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများကို အပ်နှင်းစေရမည့်အပြင်၊ ၎င်းအာဏာ (၃) ရပ်စလုံးကို လွတ်လပ်စွာကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦများဖြစ်သည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားရုံးချုပ်နှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များကို လွတ်လပ်စွာထူထောင်ခွင့်ပေးထားရမည်ဖြစ်ပါသည်။ သို့မှသာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး နိုင်ငံရေးအရတန်းတူအခွင့်အရေးရရှိနိုင်သည်ဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကိုလည်း သီးခြားလွတ်လပ်စွာဖြင့် ပြည်နယ်တိုင်းတွင် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိစေရမည် ဖြစ်ပါသည်။

ပြည်ထောင်စုစနစ်တွင် နိုင်ငံရေးတန်းတူခွင့်ကို နည်းနှစ်နည်းဖြင့် လက်တွေ့အကောင်အထည်ဖော်လေ့ရှိပါသည်။ ပထမနည်းမှာ — နိုင်ငံရေးအရတန်းတူအခွင့်အရေးရှိသော ပြည်နယ်များဖွဲ့စည်းခြင်းဖြစ်ပြီး၊ ဒုတိယနည်းမှာ — နိုင်ငံရေးအရတန်းတူသော ပြည်နယ်များစုပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်တွင် ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များက ဦးရေတူသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို

စေလွှတ်ခြင်းပင်ဖြစ်ပါသည်။ ဤသို့ဖြင့် အမျိုးသားပြည်နယ်များတန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုစနစ်ကို ဖော်ဆောင်လေ့ရှိပါသည်။

## (၄) **Self-determination (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)**

နိုင်ငံရေးတန်းတူခွင့်နှင့် သဘောတရားခြင်းအတူ နီးစပ်၍ ထပ်တူအရေးကြီးသော ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြားလမ်းညွှန် "မူ" တရပ်မှာ "အမျိုးသားများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (National Self-determination) ပင်ဖြစ်ပါသည်။ အမျိုးသားများကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးအလိုက်ခံစားရရှိမည့် စုပေါင်းအခွင့်အရေးများ (Collective Rights) ထဲတွင် အရေးကြီးဆုံးနှင့် အထွတ်အထိပ်ထားရမည့် အခွင့်အရေးဖြစ်ပါသည်။ အကြောင်းမှာ — ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေးနယ်ပယ်သာမက စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များကိုပါ လွှမ်းခြုံထားသောကြောင့် ဖြစ်ပါသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော နိုင်ငံရေးအတွေးအခေါ်သည် ပြင်သစ်တော်လှန်ရေး နောက်ပိုင်းတွင်ဆန်းသစ်လာခဲ့သော နိုင်ငံရေးအခွင့်အရေး တရပ်ပင်ဖြစ်ပါသည်။ ယင်းအတွေးအခေါ်အရ — လူမျိုးတိုင်းတွင် မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာ ဖန်တီးခွင့်ရှိစေရမည်ဖြစ်ပြီး မိမိတို့၏ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်ရှိသော လူမျိုးများသည် မိမိတို့တိုင်းပြည်ကို မိမိတို့၏ဆန္ဒအတိုင်း လွတ်လပ်စွာထူထောင်ပိုင်ခွင့်ရှိစေရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို "လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သောအမျိုးသားနိုင်ငံတော်ကို ထူထောင်ခြင်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော အတွေးအခေါ်သည် ပြင်သစ်တော်လှန်ရေးအပြီး နောက်ပိုင်းကာလများတွင် ပေါက်ဖွားခဲ့ကြသည့် ဥရောပတိုက်အတွင်းရှိ အမျိုးသားနိုင်ငံများထူထောင်ရာတွင် အဓိကအကျဆုံး နိုင်ငံရေးအတွေးအခေါ် တရပ်ဖြစ်လာခဲ့ပါသည်။

ပထမကမ္ဘာစစ်အပြီးတွင် "နိုင်ငံပေါင်းချုပ်အသင်းကြီး" (League of Nations) ကိုထူထောင်သောအခါ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဟူသော အတွေးအခေါ်ပြန်လည်၍ တခေတ်ဆန်းလာခဲ့ပါသည်။ ထိုအချိန်တွင်မူ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဟူသောအတွေးအခေါ်သည် အမျိုးသားနိုင်ငံအသစ်များ ထူထောင်ရေးသာမက ကိုလိုနီဘဝတွင် ကျွန်ခံ နေရသောလူမျိုးများကိုလိုနီဘဝမှ လွတ်လပ်ရေးရယူ၍ မိမိတို့အမျိုးသားနိုင်ငံများကို ပြန်လည်ထူထောင်ကြရမည် ... ဟူသော နိုင်ငံရေးမောင်းနှင်အား တခုဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" သည် ကိုလိုနီဘဝမှရုန်းထွက်၍ လွတ်လပ်သောအမျိုးသားနိုင်ငံတော်များကို ပြန်လည်ထူထောင်ခဲ့ကြသည့် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကမှ လွတ်လပ်စတိုင်းပြည်များအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသော နိုင်ငံရေးမောင်းနှင်အားတခု ဖြစ်ခဲ့ပါသည်။

သို့ရာတွင် ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌သော်လည်းကောင်း၊ လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရာ၌ သော်လည်းကောင်း၊ ပြင်သစ်တော်လှန်ရေးအစဉ်အလာအရ ဖြစ်ပေါ်လာခဲ့သော လူမျိုးတမျိုး၊ နိုင်ငံတော်တခုဆိုသည့် အခြေခံမူတွင် ဖွဲ့စည်းထူထောင်လျက်ရှိသည့် ''အမျိုးသားနိုင်ငံ'' ဟူသည့် ''တပြည်ထောင်စနစ်'' တွင် ကျင့်သုံးပုံကျင့်သုံးနည်းနှင့် အမေရိကန်တော်လှန်ရေးအစဉ်အလာအရ ဖြစ်ပေါ်ခဲ့သော လူမျိုးပေါင်းစုံရောနှော၍ ပြည်ထောင်များကို စုပေါင်းထားသည့် ''ပြည်ထောင်စုစနစ်'' တွင်ကျင့်သုံးပုံကျင့်သုံးနည်းနှင့် အဓိပ္ပာယ်ခြင်း မတူကြပေ။ တနည်းအားဖြင့်ဆိုပါက လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရှိသော လူမျိုးများနှင့်ပြည်ထောင်များပူးပေါင်း၍ ''ပြည်ထောင်စု'' နိုင်ငံတော်တခုကို အတူတကွထူထောင်လာကြသောအခါ ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' ဟူသော အဓိပ္ပာယ်သည် ''အမျိုးသားနိုင်ငံတော်ထူထောင်ခြင်း'' ဖြင့်အဆုံးသတ်၍ မရတော့ပေ။

၁၇၇၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကို ထူထောင်ပြီး ၁၇၈၉ ခုနှစ် တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် အသစ်တဖန်မွမ်းမံပြင်ဆင်ပြဋ္ဌာန်းသောအခါ ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' နှင့် ၎င်း၏လိုရင်း အနှစ်ချုပ်ဖြစ်သော ''အချုပ်အခြာအာဏာ'' များ၏အဓိပ္ပာယ်ကို တနည်းတဖုံဖြင့် ဖွင့်ဆိုလာခဲ့ကြပါသည်။ အမေရိကန်ပြည်ထောင်စုသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရှိသော ကိုလိုနီနယ် (၁၃) နယ်ပူးပေါင်း၍ ဖွဲ့စည်းထူထောင်ခဲ့သော ပြည်ထောင်စုနိုင်ငံ ဖြစ်ပါသည်။ အဆိုပါ ကိုလိုနီနယ် (၁၃) နယ်တို့သည် ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရယူပြီး သီးခြားစီဖြင့်မိမိတို့၏အမျိုးသားနိုင်ငံတော်များကို ထူထောင်ခွင့်ရှိကြသော်လည်း ထိုသို့သီးခြားစီဖြင့် လွတ်လပ်သောအမျိုးသားနိုင်ငံတော်များ ထူထောင်ခြင်းမပြုပဲ ပူးပေါင်း၍ ''ပြည်ထောင်စု'' နိုင်ငံတော်တခုကို အတူတကွထူထောင်ရန် သဘောတူခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းကိုလိုနီနယ်များသည် မိမိတို့၏အချုပ်အခြာအာဏာကိုမိမိတို့ သီးခြားစီဖြင့်မကျင့်သုံးပဲ၊ ပူးပေါင်း၍ ကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုပါက — မိမိတို့ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' ကိုအတိုင်းအတာတခုအထိစွန့်လွှတ်၍ အခြားတဖက်တွင်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အတိုင်းအတာတခုအထိ ဆက်လက်ဆုပ်ကိုင်ထားသောစနစ်ဖြစ်ပါသည်။ သူတို့စွန့်လွှတ်လိုက်သော (ဝါ) အများနှင့်ပူးပေါင်းကျင့်သုံးရန် စွန့်လှူသွားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ — လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သော သီးခြားနိုင်ငံတော် ဟူသည့် ''အချုပ်အခြာအာဏာ'' (Sovereignty Power) ဖြစ်၍၊ အခြားတဖက်တွင် မိမိတို့လက်ထဲ၌ ဆုပ်ကိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ — နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုသည့် နယ်ပယ်များတွင် လွတ်လပ်စွာအုပ်ချုပ်ခွင့် စီမံခန့်ခွဲခွင့်နှင့် လုပ်ပိုင်ခွင့်အာဏာများပင် ဖြစ်ပါသည်။

ထို့ကြောင့် အမေရိကန်တော်လှန်ရေးနောက်ပိုင်းတွင် "ကိုယ်ပိုင်ပြဌာန်းခွင့်" ကိုလွတ်လပ်ရေးအချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံများထူထောင်ခြင်းဖြင့် အဆုံးမသတ်စေပဲ၊ ပြည်ထောင်စုနှင့် ၎င်းပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေခြင်းကိုပါကိုယ်ပိုင်ပြဌာန်းခွင့်၏ အနှစ်သာရတခုအဖြစ် အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားလာခဲ့ ကြပါသည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို နှစ်မျိုးနှစ်စားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့ကြပါသည်။ ပထမတမျိုးမှာ — အမျိုးသားနိုင်ငံများက လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သော အမျိုးသားနိုင်ငံတော်များထူထောင်ခွင့်ဆိုသည့် "အချုပ်အခြာအာဏာ" (Sovereignty Power) ရှိသော ကိုယ်ပိုင်ပြဌာန်းခွင့်ဖြစ်၍၊ အခြားတမျိုးမှာ ပြည်ထောင်စုတခုအတွင်းရှိ အမျိုးသားပြည်နယ်များကို အပ်နှင်းထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်များတွင် မိမိတို့ကံကြမ္မာကို မိမိတို့လွတ်လပ်စွာဖန်တီးခွင့် ရှိစေရမည်ဟူသော ကိုယ်ပိုင်ပြဌာန်းခွင့်ပင်ဖြစ်ပါသည်။

ထို့ကြောင့် အမေရိကန်တော်လှန်ရေးအစဉ်အလာအရ ပြည်ထောင်စုစနစ်တွင်ကျင့်သုံးသည့် ကိုယ်ပိုင်ပြဌာန်းခွင့် (Self-determination) ကို နိုင်ငံရေးသိပ္ပံပညာရှင်များက အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုလာကြပါသည်။ ပထမတမျိုးမှာ — "External Self-determination" ဟုခေါ်၍ အခြားတမျိုးမှာ "Internal Self-determination" ဟုခေါ်တွင်စေပါသည်။ "External Self-determination" သည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံတော်များ ထူထောင်ခွင့်အပါအဝင်ဖြစ်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သော ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဆိုလိုခြင်းဖြစ်ပါသည်။ "Internal Self-determination" မှာမူ အချုပ်အခြာအာဏာကို ပြည်ထောင်စုထံတွင် အပ်နှင်းပြီးမှ ပြည်နယ်များတွင် ကျင့်သုံးခွင့်ရှိသော နိုင်ငံရေးအာဏာများ၊ စီးပွားရေးလုပ်ပိုင်ခွင့်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများကို အာမခံချက်ပေးသည့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဆိုလိုပါသည်။ တနည်းအားဖြင့် "Internal Self-determination" သည် "အချုပ်အခြာအာဏာ" မှအပဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်အားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။

ထို့ကြောင့် "ပြည်ထောင်စုတခုအတွင်းရှိ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရမည် " ဟုဆိုရာ၌ အဓိကဆိုလိုရင်းမှာ — ၎င်းအမျိုးသားပြည်နယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအာဏာများကို အပြည့်အဝအပ်နှင်းထားရမည်ဟု ဆိုလိုခြင်းသာ ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော အမျိုးသားပြည်နယ်များကို ဥပဒေပြုအာဏာ၊ တရားစီရင်ရေး

အာဏာနှင့် အုပ်ချုပ်ရေးအာဏာများကို အပ်နှင်းထားရမည့်အပြင် လူမျိုးတိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနှင့် စီးပွားရှာဖွေနိုင်သောအခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးရမည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးအာဏာများကို တရားနည်းလမ်းနှင့်အညီ ကျင့်သုံးဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန် အတွက် နိုင်ငံရေးအဆောက်အဦများ (Political Institutions) များကိုလည်း လွတ်လပ်စွာဖန်တီးထူထောင်ခွင့်ပေးရမည် ဖြစ်ပါသည်။ ထိုကြောင့် စစ်မှန်သောပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို နိုင်ငံရေးအာဏာတန်းတူရည်တူပေးအပ်သည့်အပြင်၊ ထိုအမျိုးသားပြည်နယ်များက မိမိတို့၏ အမျိုးသားကံကြမ္မာကို လွတ်လပ်စွာပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာရေးဆွဲပြဋ္ဌာန်းခွင့်၊ ပြည်နယ်လွှတ်တော်များကို လွတ်လပ်စွာထူထောင်ခွင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်၊ ပြည်နယ်တရားရုံးချုပ်များ ဖွင့်လှစ်ပြီး၊ ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး (The rule of law) ရှိစေရန် တရားစီရင်ခြင်းများကို လွတ်လပ်စွာလုပ်ဆောင်နိုင်စေရမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားများ ဥပဒေနှင့်အညီ ချောမွေ့စွာလည်ပတ်နိုင်ရန် ပြည်နယ်နှင့် ဒေသန္တရအုပ်ချုပ်ရေးကောင်စီများကိုလည်း အဆင့်ဆင့်ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်နိုင်စေရမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလူမျိုးခေါင်းဆောင်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အလေးအနက်တွေး၍ ပြည်ထောင်စု၏အခြေခံလမ်းညွှန်မှုထဲတွင် ချမှတ်ပြဋ္ဌာန်းခဲ့ကြပါသည်။ ပြည်ထောင်စုနိုင်ငံတော်တရပ်ကို အတူတကွထူထောင်နိုင်ရန် အချုပ်အခြာအာဏာကို "ပြည်ထောင်စုထံအပ်နှင်းထားရမည်" ဟု သဘောတူခဲ့ကြသော်လည်း အခြားတဖက်တွင် ၎င်းတို့၏အမျိုးသားပြည်နယ်များအတွင်း လွတ်လပ်စွာစီမံအုပ်ချုပ်ပိုင်ခွင့်ရှိစေရမည်ဟူသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စွဲမြဲစွာဆုပ်ကိုင်ထားခဲ့ကြပါသည်။ ဤသို့အားဖြင့် "အချုပ်အခြာအာဏာ" (Sovereignty Power) နှင့် စပ်ဆိုင်သောကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုထံမှလွှဲအပ်ထားပြီး ပြည်နယ်များကို လွတ်လပ်စွာစီမံအုပ်ချုပ်ပိုင်ခွင့်ဆိုင်ရာ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (ဝါ) "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" ကို မိမိတို့ဘာသာလွတ်လပ်စွာကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။

## (၅) **Federal Principles (ဖက်ဒရယ်ပြည်ထောင်စုမူ)**

ပြည်ထောင်စုကိုစတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသောအထက်ဖော်ပြပါလမ်းညွှန် "မူ" (၄) ရပ်ကိုစုပေါင်းလွှမ်းခြုံ၍ အကောင်အထည်ဖော်ဆောင်ပေးသော အခြားလမ်း

ညွှန်မှုတရပ်မှာ — "Federal Principles" ဟုခေါ်သည့် “ဖက်ဒရယ်ပြည်ထောင်စုမူ” ပင်ဖြစ်ပါသည်။ ထိုအခြေခံမူသည် ပြည်ထောင်စုကြီးဖွဲ့စည်းခဲ့စဉ်က အရေးအကြီးဆုံးသော ပြည်ထောင်စုလမ်းညွှန်မှုတရပ်ဖြစ်သည်ဟု ဆိုပါက မှားမည် မထင်ပေ။ အကြောင်းမှာ — “Voluntary Association” (ပြည် ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များ မိမိတို့ဆန္ဒသဘောထားနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ခြင်း)၊ “Equality” (တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရသော်၎င်း၊ လူမျိုးရေးအရသော်၎င်း တန်းတူရည်တူ အခွင့်အရေးပေး ထားခြင်း) နှင့် “Self-determination” (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်) တို့ကို ပြည်ထောင်စုစနစ်မှအပ အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းအကောင်အထည်ဖော်၍ မရသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ — Voluntary Association, Equality နှင့် Self-determination တို့ကို “တပြည်ထောင်စနစ်” ဖြင့်ပြဋ္ဌာန်းအကောင်အထည်ဖော်၍ မရနိုင်ပေ။ ပြည်ထောင်စုစနစ်ဖြင့်သာ အကောင်အထည်ဖော်ပြဋ္ဌာန်းနိုင်ပါသည်။

အမှန်စင်စစ် ပြည်ထောင်စုစတင်ဖွဲ့စည်းခဲ့သည့် အခြေခံသည် စတုတ္ထမူဖြစ်သော Federal Principles သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုက်ရိုက်သက်ဆိုင်သော အခြေခံ “မူ” ပင်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရောနှောနေထိုင်သော နိုင်ငံတော်သစ်ကို ထူထောင်သောအခါ တပြည်ထောင်စနစ်ဖြင့် ထူထောင်မည်လော? သို့မဟုတ် ပြည်ထောင်စုစနစ်ဖြင့် ထူထောင်မည်လော? ... ဟူသော မေးခွန်းနှင့်သက်ဆိုင်နေပါသည်။ ထိုမေးခွန်းကို စတင်မေးမြန်းပြီး အဖြေမှန်ကိုပေးခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်ပါသည်။ သူက —

> When we build our new Burma, shall we build it as a Union or as a Unitary State? In my opinion it will not be feasible to set up a Unitary State. We must set up a Union with properly regulated provisions to safeguard the rights of the national minorities.[2]

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းက အသစ်ဖွဲ့စည်းမည့် နိုင်ငံတော်ကို “ပြည်ထောင်စုစနစ်” ဖြင့်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တရပ်ကို ၁၉၄၇ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ဖဆပလ ပြင်ဆင်မှု ပဏာမညီလာခံကြီးတွင် တင်သွင်းခဲ့ပြီး ညီလာခံအတည်ပြုချက်ကို ရယူနိုင်ခဲ့ပါသည်။ ထိုမှတဆင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်မှု (၇) ချက်ကိုလည်း တင်သွင်းအတည်ပြုချက်ကို ရယူနိုင်ခဲ့ပါသည်။

၁၉၄၇ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို ပါရဂူဘွဲ့အတွက် ကျမ်းတစောင်ရေးသားခဲ့သော ဒေါက်တာမောင်မောင်၏ အဆိုအရ၊

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးများ၏ခေါင်းဆောင်များ ရည်ရွယ်ထားသော ပြည်ထောင်စုစနစ်မှာ — "ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးပေးအပ်စေခြင်း၄င်း၊ ထိုအမျိုးသားပြည်နယ်များအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားစီဖြင့် ရေးဆွဲပြဋ္ဌာန်းရမည့်အပြင် ပြည်နယ်ဥပဒေပြုအာဏာ၊ ပြည်နယ်အုပ်ချုပ်ရေးအာဏာနှင့် ပြည်နယ်တရားစီရင်ရေးအာဏာတို့ကို စီမံခန့်ခွဲမည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်တို့ကို သီးခြားဖွဲ့စည်းပြီး တာဝန်ပေးရမည်ဖြစ်ကြောင်း" ... အောက်ပါအတိုင်း ရေးသား ခဲ့ပါသည်။

> The original idea was that the Union States should have their own separate constitutions, their own organs of state, *viz.* Parliament, Government and Judiciary.[3]

ထို့အပြင် အမျိုးသားပြည်နယ်များ (ဝါ) ပြည်ထောင်များ တန်းတူရည်တူ ပူးပေါင်း၍ "ပြည်ထောင်စု" နိုင်ငံတော်တခုကို အတူတကွထူထောင်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော် (၂) ရပ်ထားရှိရမည်ဖြစ်ပြီး အထက်လွှတ်တော်တွင် ပြည်နယ်ကြီးသည် သေးသည်မဟူ ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို အညီအမျှစေလွှတ်ကြစေရမည် ဖြစ်ပါသည်။ ယင်းအချက်ကို သမိုင်းပညာရှင် Silver Stein က အောက်ပါအတိုင်းရေးသားခဲ့ပါသည်။

> At the Panglong Conference in 1947, the Chin, Kachin, Shan and other non-Burman nationalities were promised the right to exercise political authority of [administrative, judiciary, and legislative powers in their own autonomous national states] and to preserve and protect their language, culture, and religion in exchange for voluntarily joining the Burman in forming a political union and giving their loyalty to a new state.[4]

ထို့ကြောင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ် (ဝါ) ပြည်ထောင်စု "မူ" ကိုသေချာစွာလေ့လာဆန်းစစ်သောအခါ အဓိကအချက်ကြီး (၂) ချက်ပါဝင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ပထမအချက်မှာ — ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာအပြည့်အဝရှိသော ပြည်နယ်များကိုအခြေခံ၍ ဖွဲ့စည်းရေးပင်ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသောပြည်နယ်များဟုဆိုရာ၌ — ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်များ အားလုံးကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာ

ဏာများ အပြည့်အဝအပ်နှင်းထားရမည် ဖြစ်ပြီး၊ ထိုနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို လွတ်လပ်စွာအကောင်အထည်ဖော်ကျင့်သုံးနိုင်ရန်အတွက် ပြည်နယ်ဥပဒေပြုလွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထူထောင်ခွင့်ရှိစေရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဒုတိယအချက်မှာ — ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်ကိုဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်၌ အာဏာတူလွှတ်တော်နှစ်ရပ်ထားရှိရမည်ဖြစ်ပြီး၊ အထက်လွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်ကြရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်နယ်များတန်းတူရည်တူ ပူးပေါင်း၍ ဖွဲ့စည်းထားသော ပြည်ထောင်စု ဆိုသည့် "တန်းတူရေး" အနှစ်သာရကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ ပင်လုံတွင်မျှော်မှန်းခဲ့သောပြည်ထောင်စုစနစ်မှာ — တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ထိုအမျိုးသားပြည်နယ်များပူးပေါင်းဖွဲ့စည်းသည့် ပြည်ထောင်ကိုစုပေါင်းအုပ်ချုပ်သည့် (Shared-rule) တို့ကိုပေါင်းစပ်ထားသည့်စနစ်ဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုမူ၏ ပထမအချက်ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် အမျိုးသားပြည်နယ်များ ဖွဲ့စည်းအုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ဒုတိယအချက်မှာ ပြည်နယ်များနှင့် ပြည်ထောင်ဆက်ဆံရေးနှင့် အာဏာခွဲဝေရေး (State-Federal Relations, and Division of Powers between States and Federal Government) ကို ရည်ညွှန်းထားခြင်း ဖြစ်ပါသည်။

## (၆) **Minority Right** (လူနည်းစုများ၏ အခွင့်အရေးကိုအကာအကွယ်ပေးခြင်း)

ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်တခုကိုထူထောင်ရာ၌ အခြေခံရမည့်အချက်မှာ "ပြည်ထောင်များ" (ဝါ) "ပြည်နယ်များ" ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ပြည်ထောင်များကို စုစည်းပေါင်းစပ်၍ ဖွဲ့စည်းထားသည့် ပြည်ထောင်စုစနစ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် — ပြည်ထောင်စုကိုစတင်ဖွဲ့စည်းခဲ့စဉ်က ကိုလိုနီခေတ်တွင် ဖွဲ့စည်းပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်များနှင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာခဲ့သော ကရင်နီပြည်များကိုမဏ္ဍိုင်ပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စတင်ထူထောင်ခဲ့ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုပြည်ထောင်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက မည်သည့်ပြည်ထောင်မျှ လူမျိုးတမျိုးတည်းဖြင့်ထူထောင်ခဲ့သော ပြည်ထောင်များ မဟုတ်ခဲ့ကြပေ။ ဥပမာ — 1935 Burma Act အရ ဖွဲ့စည်းခဲ့သည့် Burma Proper or Ministerial Burma တွင် ဗမာလူမျိုးများသာမက ကရင်၊ မွန် နှင့် ရခိုင် လူမျိုးများလည်း ပါဝင်အကြုံးဝင်စေခဲ့ပါသည်။ ၁၈၉၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော Chin Hills Regulation သည်လည်း ချင်းလူမျိုးများသာမက ယနေ့ အိန္ဒိယနှင့် မြန်မာနိုင်ငံတွင် ပြန့်ကျဲစွာနေထိုင်ကြသော နာဂလူမျိုးများ၊ ယနေ့တွင် အိန္ဒိယနိုင်ငံ မဏိပူပြည်နယ်မှ လူမျိုးများနှင့် မခေလိုင်းပြည်နယ် (ရှိလောင်မြို့၏ မြူနီစီပယ်မှအပ) တခုလုံးရှိ လူမျိုးများကိုလည်း အကြုံးဝင်စေခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုရှမ်းပြည်နယ် (Federated Shan State) ကို ကြည့်ပါကလည်း ရှမ်းလူမျိုးများသာမက ပအိုဝ်း၊ ပလောင်၊ ဝ၊ လားဟူ စသော လူမျိုးပေါင်းစုံ ရှမ်းပြည်တွင်ရောနှောနေထိုင်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတော်တခုကို ထူထောင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်တခုအတွင်းရှိ လူမျိုးစုများနှင့် လူနည်းစုများ၏အရေးကို အထူးတလည်စဉ်းစားရန် လိုအပ်ပါသည်။ ထို လူနည်းစုများ၏ အခွင့်အရေးကို နည်းမျိုးစုံဖြင့် တရားဥပဒေနှင့်အညီ အကာအကွယ်ပြဋ္ဌာန်းပေးရန် လိုအပ်နေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအဆိုပြုချက်အရ ၎င်းပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို ထိထိရောက်ရောက်ကာကွယ်ပေးနိုင်ရန်အတွက် ၎င်းလူနည်းစုများနေထိုင်ရာဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ (Autonomous Regions)၊ အမျိုးသားနယ်မြေများ (National Areas) သတ်မှတ်ပေးရမည်ဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးဆွဲ၍ ၁၉၄၇ မေလတွင်ကျင်းပခဲ့သော ဖဆပလညီလာခံတွင် တင်သွင်းအတည်ပြုချက်ရယူခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင်အတိအလင်းထည့်သွင်း ပြဋ္ဌာန်းခဲ့ပါသည်။

## (၇) Democracy and Fundamental Rights
## (ဒီမိုကရေစီအခွင့်အရေးအပါအဝင် အခြားအခြေခံအခွင့်အရေးများ)

ပြည်ထောင်စုစတင်ဖွဲ့စည်းစဉ်က အခြေခံခဲ့သောအခြားလမ်းညွှန်မှုတရပ်မှာ — လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ဒီမိုကရေစီအခွင့်အရေးများနှင့် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝခံစားနိုင်စေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ပေးရမည် ဟူသောအချက်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီအခွင့်အရေးဟုဆိုရာ၌ — လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်နှင့် လွတ်လပ်စွာ အသင်းအပင်းများစည်းရုံးဖွဲ့စည်းခွင့်များအပါအဝင် လွတ်လပ်စွာပညာရှာမှီးပိုင်ခွင့်၊ စီးပွားဥစ္စာရှာမှီးပိုင်ခွင့်၊ အရွယ်ရောက်သူတိုင်း လွတ်လပ်စွာဆန္ဒမဲပေးပိုင်ခွင့်၊ အရွေးခံပိုင်ခွင့်စသော တသီးပုဂ္ဂလအခွင့်အရေး (Individual Rights) များပါဝင်နေပါသည်။

ထို့ပြင် ပြည်ထောင်စုအတွင်းရှိ နိုင်ငံသားအားလုံး ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ယောကျ်ားမိန်းမမရွေး၊ လူမျိုးမရွေး တရားဥပဒေအရာတွင် တန်းတူညီမျှမှု ရှိစေရမည်ဖြစ်ပါသည်။ ယင်းသည် — လူသားချင်းတဦးစီအလိုက် ခံစားခွင့်ရှိသည့် တန်းတူညီမျှမှုအခွင့်အရေးပင်ဖြစ်ပါသည်။

## (၈) Multi-Party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)

ပြည်ထောင်စုကိုစတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသော လမ်းညွှန်အခြေခံမူများအနက် "ပါတီစုံဒီမိုကရေစီစနစ်" သည် အလွန်အရေးကြီးသောအခြေခံမူတရပ်ဖြစ်ပါသည်။ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းမှအပါအဝင် အမျိုးသားခေါင်းဆောင်အသီးသီးက ထိုအချက်ကို ကောင်းစွာသဘောပေါက် လက်ခံခဲ့ကြသော်လည်း အချို့သောခေါင်းဆောင်များက ပါတီစုံဒီမိုကရေစီစနစ်ကို နားလည်သဘောပေါက်မှုအားနည်းခဲ့ ကြပါသည်။

ထိုစဉ်အခါက ဗမာနိုင်ငံရေးခေါင်းဆောင်အများစုသည် လက်ဝဲဝါဒလွှမ်းမိုးမှုကို အနည်းနှင့်အများ ခံနေခဲ့ကြပါသည်။ ထို့ကြောင့် ကွန်မြူနစ်ပါတီနှင့် အခြားသော ဆိုရှယ်လစ်ပါတီများရှိ အစွန်းရောက်လက်ဝဲဝါဒီများသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကြိုက်နှစ်သက်ခြင်း မရှိကြပေ။ အခြားအစွန်းတဖက်တွင်လည်း ဖက်ဆစ်ဂျပန်နှင့် နာဇီဂျာမဏီအာဏာရှင်စနစ်ကို သဘောကျခဲ့သော လက်ယာစွန်းရောက်ဝါဒီများလည်းရှိခဲ့ကြပါသည်။

ထို့ပြင် ချင်း၊ ကချင်၊ ရှမ်း နှင့် အခြားသောတိုင်းရင်းသားလူမျိုးများသည် ပဒေသရာဇ်စနစ်ဖြစ်သော ရှမ်းပြည်တွင် စော်ဘွားစနစ်၊ ကရင်နှင့် ကရင်နီပြည်နယ်များတွင် စော်ကဲနှင့်စောဖျာစနစ်၊ ကချင်ပြည်တွင် ဒူဝါစနစ်နှင့် ချင်းပြည်တွင် ရမ်အုပ်စနစ်များကို ကျင့်သုံးနေဆဲဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို သဘောပေါက်နားလည်သူနည်းပါး ပါသေးသည်။

သို့ရာတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ၏ အမျှော်အမြင်ကြီးမားမှုကြောင့် ဒီမိုကရေစီအခွင့်အရေးများကို အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ

အခြေခံဥပဒေကို အတိအလင်းပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ပြီး ပါတီစုံစနစ်ကိုလည်း လွတ်လပ်စွာတိုင်းပြည်တွင် ကျင့်သုံးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို (၁၂) နှစ်မျှသာ ကျင့်သုံးနိုင်ခဲ့ပြီး — လက်ဝဲလက်ယာအစွန်းရောက်နိုင်ငံရေးသမားများနှင့် မဟာလူမျိုးကြီးဝါဒကိုစွဲကိုင်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကိုပိတ်ပင်ချင်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ၎င်း၏အပေါင်းအပါ စစ်ဝါဒီများက ပါတီစုံဒီမိုကရေစီစနစ်ကိုဖျက်သိမ်းပြီး၊ တပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်များကို ထူထောင်သွားခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးခြင်း၊ လူ့အခွင့်အရေးများချိုးဖောက်ခြင်းနှင့် အနှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်အပါအဝင် အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများကို ခါးသီးစွာခံစားနေရခြင်းပင်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ" ၏ အခြေခံလမ်းညွှန်မှုအဖြစ်ကျင့်သုံးရာ၌ အဓိကအချက် (၂) ချက်ပါဝင်နေပါသည်။ ပထမအချက်မှာ — ဒီမိုကရေစီအခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအခွင့် အရေးဟုဆိုရာ၌လည်း လွတ်လပ်စွာရေးသားပြောဆို ဟောပြောခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်၊ လွတ်လပ်စွာဆန္ဒမဲပေးပိုင်ခွင့်၊ အရွေးခံပိုင်ခွင့်၊ လွတ်လပ်စွာပညာရှာမှီးပိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်းပိုင်ခွင့် စသော တသီးပုဂ္ဂလအခွင့်အရေးများ ပါဝင်နေပါသည်။

ဒုတိယအချက်မှာ — အသစ်ဖွဲ့စည်းထူထောင်မည့် နိုင်ငံတော်တွင်ကျင့်သုံးမည့် နိုင်ငံရေးစနစ်သည် "ပါတီစုံစနစ်" ဖြစ်သည် ဟူသောအချက်ပင်ဖြစ်ပါသည်။ ပါတီစုံစနစ်သည် ဒီမိုကရေစီစနစ်အောက်တွင်သာ ထွန်းကားနိုင်သောကြောင့် ပါတီစုံစနစ်နှင့် ဒီမိုကရေစီစနစ်ကို ခွဲခြားပိုင်းဖြတ်ခြင်းမပြုပဲ၊ ပူးတွဲ၍သုံးစွဲခြင်းဖြစ်သည်။ ထိုအခြေခံလမ်းညွှန်မှု၏ ဆိုလိုရင်းသည် — ပြည်ထောင်စုမြန်မာနိုင်ငံကို လူတစု၊ ဝါဒတခု၊ အဖွဲ့အစည်းတရပ် (ဝါ) ပါတီတခုနှင့် လူမျိုးတမျိုးတည်းကသာအစဉ်အမြဲ အုပ်ချုပ်မင်းလုပ်၍ လွှမ်းမိုးခြင်းမရှိစေပဲ၊ လူမျိုးပေါင်းစုံ၊ ဝါဒပေါင်းစုံ၊ ပါတီပေါင်းစုံ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင် နိုင်ရေးအတွက်သော်လည်းကောင်း၊ အများကောင်းကျိုးကိုရည်စူး၍ တိုင်းပြည်ကိုတရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ စီမံအုပ်ချုပ်နိုင်ရန်အတွက်သော်လည်းကောင်း၊ ပါတီပေါင်းစုံမှ တရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကာ လူထုဆန္ဒနှင့်အညီသတ်မှတ်ထားသော သက်တမ်းကာလအတွင်း အလှည့်ကျစီမံအုပ်ချုပ်ခွင့်ရှိစေရမည် ဟူသော နိုင်ငံရေးသဘောတရား ပင်ဖြစ်ပါသည်။

## (၉) Secular State (ဘာသာရေးကိုအခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်)

ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုး၍ ပြည်ထောင်စုနိုင်ငံတော်တခုကို အတူတကွထူထောင်ရန် သဘောတူညီခဲ့ကြသော တိုင်းရင်းသားလူမျိုးများကိုလေ့လာ သုံးသပ်ကြည့်ပါက လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနှင့် ကိုးကွယ်ယုံကြည်မှုဘာသာရေးပေါင်းစုံမှ လာကြသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုကဲ့သို့လူမျိုးပေါင်းစုံ၊ ကိုးကွယ်မှုဘာသာပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင်မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် မပြဋ္ဌာန်းသင့်ပေ။ ထိုနည်းတူဘာသာရေးကိုအခြေခံသော နိုင်ငံရေးစနစ်ကိုလည်း အလျဉ်းမျှမတည်ဆောက်မကျင့်သုံးသင့်ပေ။

သို့သော် လွတ်လပ်ရေးအကြိုကာလတွင် လွတ်လပ်ရေးရရှိသောအခါ ဗုဒ္ဓဘာသာကိုနိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသင့်ကြောင်းအဆိုပြုချက်များပေါ်ခဲ့ပါသည်။ ဥပမာ — ဒီးဒုတ်ဦးဘချိုက "ဗုဒ္ဓဘာသာကိုနိုင်ငံတော်ဘာသာအဖြစ်မပြဋ္ဌာန်းနိုင်ပါက လွတ်လပ်ရေးသည်အနှစ်သာရကင်းမဲ့သော အတုအယောင်လွတ်လပ်ရေးမျှသာဖြစ်သွားမည်" ဖြစ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့ဘူးပါသည်။ သို့ရာတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကထိုအဆိုကို လုံးဝပယ်ချခဲ့ပါသည့်အပြင် ဘာသာရေးနှင့်နိုင်ငံရေးမရောသင့်ကြောင်း အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

> Religion is a matter of individual conscience, while politics is social science. We must see to it that the individual enjoys his rights, including the right to freedom of religious belief and worship. We must draw clear lines between politics and religion because the two are not the same thing. If we mix religion with politics, then we offend the spirit of religion itself. [5]

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးဆွဲပြီး ၁၉၄၇ မေလတွင်ကျင်းပခဲ့သော ဖဆပလညီလာခံတွင် တင်သွင်းခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းဖော်ပြခဲ့ပါသည်။

14(1). The abuse of the church or of religion for political purposes is forbidden.

14(2). The state shall observe neutrality in religious matters.

14(3). Religious communities whose teaching is not contrary to the Constitution are free in practice and exercise of their religion and religious ceremonies and are also free to have schools for

the education of priests: but schools shall, however, be under the general supervision of the State.

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီးနောက် ၁၉၄၇ စက်တင်ဘာလ (၂၄) ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ— ပုဒ်မ ၂၁။ (၁) တွင် "ဗုဒ္ဓဘာသာသာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသား အများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့်ဘာသာကြီးဖြစ် သည်ဟု ပြည်ထောင်စုနိုင်ငံတော်က အသိအမှတ်ပြုသည် ..." ဟု ဗိုလ်ချုပ်အောင် ဆန်း၏ မူရင်းပုဒ်မကို ပြောင်းလဲခဲ့ပါသည်။ ယင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာရေးကိုအခြေခံသော နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်လာစေရန် လမ်းကြောင်း ဖွင့်ပေးခဲ့သော မှားယွင်းမှုကြီးပင် ဖြစ်ပါသည်။ တနည်းအားဖြင့် မူလလမ်းညွှန်အခြေ ခံမူမှ သွေဖီသွားခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော ဘာသာရေးကိုအခြေခံသည့် နိုင်ငံရေးပြဿနာတခုပင်ဖြစ်ပါသည်။

## (၁၀) Right of Secession (ခွဲထွက်ခွင့်)

ပြည်ထောင်စုစတင်ဖွဲ့စည်းခဲ့စဉ်က ချမှတ်ခဲ့သော အခြေခံလမ်းညွှန်များကို ပြန်လည် သုံးသပ်ကြည့်ပါက လမ်းညွှန်မူ (၁) မှ (၉) အထိသည် နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of State) နှင့် နိုင်ငံတော်အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of Government) နှင့် နိုင်ငံသားတို့၏အခြေခံအခွင့်အရေးများကို အာမခံချက်ပေးနိုင်ရန် အတွက် အခြေခံရမည့်အခြေခံလမ်းညွှန်မူများဖြစ်ပါသည်။ ထို လမ်းညွှန်မူ (၉) ရပ် စလုံး — နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်များကို ပြန် လည်ချုပ်ကိုင်ပေးသောလမ်းညွှန်မူ အခေါင်အချုပ်တရပ်မှာ "ပြည်ထောင်စုထံမှ မိမိတို့ဆန္ဒအတိုင်း ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိစေရမည်" ဟူသော "ခွဲထွက်ခွင့်" ပင် ဖြစ်ပါသည်။

ထို့ကြောင့် ခွဲထွက်ခွင့် (The Right of Secession) ၏ အနှစ်သာရကို ပြန်လည် ဆန်းစစ်ကြည့်ပါက အောက်ပါအချက်များကို တွေ့ရှိနိုင်ပါသည်။ ယင်းတို့မှာ — အသစ် ဖွဲ့စည်းမည့်နိုင်ငံတော်သည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းသောနိုင်ငံတော် ဖြစ်စေရမည်။ ထိုပြည်ထောင်စု၏ အဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် ပြည် ထောင်စုအဖွဲ့ဝင်အဖြစ် မိမိတို့၏လွတ်လပ်သောဆန္ဒသဘောထားနှင့်အညီ လွတ်လပ်စွာ ဆုံးဖြတ်၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ် ပါဝင်စေရမည်။ ထိုသို့ မိမိတို့၏ လွတ်လပ်သောဆန္ဒသဘောထားနှင့်အညီ ပြည်ထောင်စု၏ အဖွဲ့ဝင် ပြည်နယ်များ အဖြစ်ပါဝင်လာကြသော အမျိုးသားပြည်နယ်များသည် နိုင်ငံရေးအရ သော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း၊ တန်းတူရည်တူအခွင့်အရေး

ရှိစေရမည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် နိုင်ငံရေးအရ တန်းတူရည်တူအခွင့် အရေးရရှိရုံသာမက ထိုအမျိုးသားပြည်နယ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် မိမိတို့ကံကြမ္မာကို မိမိတို့ လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) အပြည့်အဝရရှိစေရမည်။ ဆိုလိုသည်မှာ — ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာများကို အပြည့်အဝ အပ်နှင်းပေးအပ်ထားရမည့်အပြင် အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းသောအခါ၊ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်တွင် ပြည်နယ်များမှ ဦးရေတူညီသော လွှတ်တော် ကိုယ်စားလှယ်များကို စေလွှတ်ကြစေရမည်။ သို့မှသာ "တန်းတူ၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားပြည်နယ်များဖြင့် ပူးပေါင်းဖွဲ့စည်းသည့် ပြည်ထောင်စုစနစ်" ဟူသောအနှစ်သာရ ပေါ်လွင်ထင်ရှားနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် ပြည်နယ်များအတွင်းရှိ လူနည်းစုများ၏အခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည့်အပြင် နိုင်ငံသားအားလုံး၏မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံလူ့အခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးရမည်။ ဒီမိုကရေစီကျင့်စဉ်တရားများကို အပြည့်အဝအကောင်အထည်ဖော်ကျင့်သုံးနိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို ဤနိုင်ငံတွင် ကျင့်သုံးရမည်။ နိုင်ငံရေးနှင့် ဘာသာရေးရောစပ်ခြင်းအလျဉ်း မရှိစေရ။ ထို့ကြောင့် ဤနိုင်ငံတော်သည် ဘာသာရေးကို အခြေမခံသော (Secular State) ဖြစ်စေရ ပါမည်။ ထို့အပြင် ပြည်ထောင်စုအတွင်း မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒများ မပေါ်ပေါက်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းမှု ပုံသဏ္ဌာန် (Form of State) သာမက၊ အစိုးရဖွဲ့စည်းမှု ပုံသဏ္ဌာန် (Form of Government) ကိုပါ ဥပဒေနှင့်အညီ ပြဋ္ဌာန်းပေးစေရမည်။

ထိုသို့ နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of State) နှင့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of Government) တွင် မိမိတို့သဘောတူညီထားသောသဘောတူညီချက်အတိုင်း ကျင့်သုံးခြင်းမရှိပါက သော်လည်းကောင်း၊ အထက်ဖော်ပြပါ လမ်းညွှန်မှုများမှ သွေဖီသွားသည်ဟု ယူဆပါက သော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်ထောင်စုထဲမှ လွတ်လပ်စွာခွဲထွက်နိုင်သည် ... ဟု ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀)၊ ပုဒ်မ (၂၀၁) နှင့် (၂၀၂) များတွင် အတိအလင်းပြဋ္ဌာန်းခဲ့ပါသည်။

အထက်ဖော်ပြပါ လမ်းညွှန်မှုအခြေခံ (၁၀) ချက်သည် ပြည်ထောင်စုစတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံခဲ့သော ပြည်ထောင်စု၏ အသက်သွေးကြောများပင် ဖြစ်ပါသည်။ ထိုလမ်းညွှန်မှုများသာမရှိခဲ့ပါက ပြည်ထောင်စုကိုမည်သည့်နည်းနှင့်မျှ ထူထောင်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လမ်းညွှန်အခြေခံမှုများသည် ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးအတွက်လည်း အနည်းနှင့်အများ အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

## ဒုတိယပိုင်း

## လွတ်လပ်ရေးရရှိပြီးနောက်စစ်မှန်သော ပြည်ထောင်စုစနစ်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းမှုများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေးစသည့် အခြေခံမှုများတွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော်လည်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်ပိုင်းတွင် ဖွဲ့စည်းပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် “ပင်လုံစိတ်ဓာတ်” မှသွေဖီ၍ အထက်တွင်ဖော်ပြထားသော ပြည်ထောင်စု၏အခြေခံလမ်းညွှန်မှုများကို တခုချင်းသစ္စာဖောက်သွားခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် အနှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရပြီး ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို နေ့စဉ်နှင့်အမျှ တိုင်းရင်းသားပြည်သူလူထု တရပ်လုံးက မျှဝေခံစားနေကြရပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ ပင်လုံတွင်မျှော်မှန်းခဲ့ကြသော ပြည်ထောင်စုစနစ်မျိုးကို ပြန်လည်တည်ဆောက်နိုင်ရန် မိမိတို့ယနေ့အထိ ရှန်းကန်တိုက်ပွဲဝင်နေရခြင်းပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက် ၁၉၄၈ မှ ၁၉၈၈ အကြား စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ကို ပြန်လည်ဖွဲ့စည်းထူထောင်ရန် မည်သို့မည်ပုံကြိုးပမ်းခဲ့ကြောင်း မဖော်ပြမီ — ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု မည်သို့မည်ပုံ လမ်းလွှဲခဲ့ကြောင်းကို ပထမဦးစွာဖော်ပြလိုပါသည်။

ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများ လမ်းလွှဲစေခဲ့သော ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိက အားနည်းချက် (၃) ချက်ရှိခဲ့ပါသည်။

ပထမအားနည်းချက်မှာ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာများအပြည့်အဝ အပ်နှင်းခြင်းမရှိသော အချက်ပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုအရ — ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် မိမိတို့၏ပြည်နယ်လွှတ်တော်၊ ပြည်နယ်

အစိုးရ၊ ပြည်နယ်တရားရုံးများကို ထူထောင်ခွင့်ရှိ စေရမည့်အပြင်၊ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို လွတ်လပ်စွာ ကျင့်သုံးပြဋ္ဌာန်းခွင့်ရရှိစေရန်အတွက် ပြည်နယ်အသီးသီးတွင် မိမိတို့၏ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာဖြင့် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်ဖြစ်သည်။ သို့ရာတွင် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာများ အပ်နှင်းခြင်း မပြုရုံများမက၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း သီးခြားလွတ်လပ်စွာရေးသားပြဋ္ဌာန်းခြင်းမပြုပဲ၊ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိပ်အပိုင်းအဖြစ် တင်းကြပ်စွာပူးတွဲပြဋ္ဌာန်းသွားခဲ့ပါသည်။ ဤသို့ဖြင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိကံကြမ္မာမိမိလွတ်လပ်စွာ ပြဋ္ဌာန်းခွင့်မဆိုထားဘိ မိမိတို့၏ပြည်နယ်ရေးရာများကိုပင် လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခွင့် ရှုံးဆုံးသွားခဲ့ကြပါသည်။

ဒုတိယအားနည်းချက်တခုမှာ — ပြည်ထောင်စုလွှတ်တော်ထဲမှ လူမျိုးစုလွှတ်တော်ခေါ် အထက်လွှတ်တော်တွင် အမျိုးသားပြည်နယ်များက လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှစေလွှတ်ရမည် ဖြစ်သော်လည်း အောက်လွှတ်တော် ကဲ့သို့လူဦးရေအချိုးအစားကို အခြေခံ၍ရွေးချယ်စေလွှတ်ခဲ့သောကြောင့် “တန်းတူရေး” ဟူသော အနှစ်သာရကင်းမဲ့ခဲ့ပြီး လူဦးရေပိုမိုများသော ဗမာ (ဝါ) မြန်မာလူမျိုးများက အထက်လွှတ်တော်တွင်ရော အောက်လွှတ်တော်တွင်ပါ နိုင်ငံရေးအရ လွှမ်းမိုးထိန်းချုပ်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် ပြည်ထောင်စုတခုလုံး၏ နိုင်ငံတော်အာဏာရပ်များ စုစည်းရာဗဟိုဖြစ်သော ပြည်ထောင်စုလွှတ်တော်ကို လူမျိုးတမျိုး၏ လက်ထဲသို့ ထိုးအပ်သကဲ့သို့ ဖြစ်သွားခဲ့ပါသည်။

ထိုထက်ပို၍ဆိုးဝါးသော တတိယအားနည်းချက်မှာ — ပြည်ထောင်စုစနစ်အရ အမျိုးသားပြည်နယ်များက မိမိတို့ပြည်နယ်အစိုးရများကို ဖွဲ့စည်းပြီး၊ ထိုကဲ့သို့ပြည်နယ်အစိုးရများကို လွတ်လပ်စွာဖွဲ့စည်းပိုင်ခွင့်ရှိသော အမျိုးသားပြည်နယ်များ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်ဖြစ်သော်လည်း၊ ဗမာ (ဝါ) မြန်မာလူမျိုးများအတွက် ပြည်နယ်သီးခြားဖွဲ့စည်းခြင်း မပြုပဲ၊ ပြည်ထောင်စုအစိုးရ၏ အာဏာတခုလုံးကို ထိုလူမျိုးများအား လုံးဝဥသုန် ထိန်းချုပ်ခွင့်ပေးထားခဲ့ခြင်းပင်ဖြစ်ပါသည်။

၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အထက်ပါအချက် (၃) ချက်ကြောင့် ပြည်ထောင်စုစနစ်မှ လမ်းလွဲသွားခဲ့ပါသည်။ ထိုအချက်များကို ပြင်ဆင်၍ ပြည်ထောင်စုစနစ်ကို စစ်မှန်သောဖက်ဒရယ်စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းပြဋ္ဌာန်းရန်၊

၁၉၆၁ ခုနှစ် ဇွန်လတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတက်ရောက်သော တောင်ကြီး ညီလာခံကိုခေါ်ယူ ကျင်းပခဲ့ပါသည်။ ၁၉၆၁ တောင်ကြီးညီလာခံ၏ ရည်ရွယ်ချက်မှာ–

(၁) ပြည်ထောင်စုမြန်မာနိုင်ငံကို ပင်လုံညီလာခံကြီးတွင် မျှော်မှန်းခဲ့သည့်အတိုင်း စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန်၊

(၂) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝအပ်နှင်းရန်။ ဆိုလိုသည်မှာ — ပြည်နယ်များအား ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများအပြည့်အဝအပ်နှင်းရန်၊

(၃) တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးအပ်သည့်အနေဖြင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထူထောင်ခဲ့သော ပြည်နယ်များအပြင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များကို တိုးချဲ့ဖွဲ့စည်းသွားရန်၊

(၄) တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကို အတူတကွထူထောင်ခြင်းဖြစ်ကြောင်းကို သက်သေပြသည့်အနေဖြင့် — "ဗမာတိုင်းရင်းသားလူမျိုးများအတွက် သီးခြားပြည်နယ် ဖွဲ့စည်းသွားစေရန်၊ ထို့ပြင် ဗမာတိုင်းရင်းသားလူမျိုးများက ပြည်ထောင်စုအစိုးရကို လက်ဝါးကြီးအုပ်စိုးမိုးမှုကို ရပ်တန်းကရပ်ဆိုင်းသွားစေရန်အတွက် ပြည်ထောင်စုအာဏာနှင့် ဗမာပြည်နယ်၏လုပ်ပိုင်ခွင့်အာဏာကို ဥပဒေနှင့်အညီ ပိုင်းခြားထားရန်..." ဟူသောအချက်များ ပါဝင်ခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းရေးကိစ္စကို တိုင်းရင်းသားလူမျိုးပေါင်းစုံစည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် "ပြည်နယ်များညီညွတ်ရေးအဖွဲ့" ကို တောင်ကြီးညီလာခံတွင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းပြည်နယ်များညီညွတ်ရေးအဖွဲ့က "ပြည်ထောင်စုစစ်စစ်မူ" ကိုနိုင်ငံတော်ဝန်ကြီးချုပ်ဦးနုထံသို့ ၁၉၆၂ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် တရားဝင်တင်သွင်းခဲ့ပါသည်။ ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်သွင်းသော "ပြည်ထောင်စုစစ်စစ်မူ" အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အောက်ပါအတိုင်းပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရန် တင်ပြခဲ့ကြပါသည်။ ယင်းတို့မှာ —

(၁) ပြည်မကို ပြည်နယ်တနယ်အဖြစ်ဖွဲ့စည်းရေး၊

(၂) လွှတ်တော် (၂) ရပ်အာဏာတူပေးရေး၊

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း၊ ပြည်နယ်တိုင်းက တူညီသော ကိုယ်စားလှယ်စေလွှတ်ရေး၊

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေး ဟူသောအချက်များပင်ဖြစ်ပါသည်။

သို့ရာတွင် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရတန်းတူရည်တူအခွင့်အရေး ပေးရေးကို မလိုလားမရှုစိမ့်နိုင်ခဲ့သော မဟာလူမျိုးကြီးဝါဒီ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ၎င်း၏အပေါင်းအပါများက ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်သွင်းသော “ပြည်ထောင်စုစစ်စစ်မှု” သည် ပြည်ထောင်စုဖြိုခွဲရေးလမ်းစဉ်ဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် ၁၉၆၂ ခု မတ်လ (၂) ရက်နေ့တွင် နိုင်ငံတော်အာဏာကို စစ်တပ်မှသိမ်းယူခဲ့ပါသည်။

နိုင်ငံတော်အာဏာကိုသိမ်းယူပြီးနောက် တော်လှန်ရေးကောင်စီက ဝန်ကြီးချုပ်ဟောင်းဦးနု ဦးဆောင်သော “ပြည်တွင်းညီညွတ်ရေးအဖွဲ့” ကို ၁၉၆၈ တွင် ဖွဲ့စည်းပြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်တဖန်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အကြံဉာဏ်များကို တိုင်းသူပြည်သားများထံမှ တောင်းခံခဲ့ပါသည်။ ထိုကြောင့် ချင်း၊ ကချင် နှင့် ရှမ်းခေါင်းဆောင်များက “ဖက်ဒရယ်စနစ်” ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း တင်ပြခဲ့ပါသည်။ သို့သော် ဗိုလ်နေဝင်းနှင့် တော်လှန်ရေးကောင်စီဝင်များသည် ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုပြန်လည်ဖွဲ့စည်းရေးကို လက်မခံရုံသာမက ထိုသို့ ဖက်ဒရယ်စနစ်ဖြင့် နိုင်ငံတော်ပြန်လည်ဖွဲ့စည်းရေးအဆိုကို တင်သွင်းခဲ့ကြသော ချင်းခေါင်းဆောင် (၈၀) ကျော်၊ ကချင်ခေါင်းဆောင်များနှင့် ရှမ်းခေါင်းဆောင်များကို ဖမ်းဆီးပြီး နှစ်ရှည်လများထောင်ချခဲ့ပါသည်။[6]

တော်လှန်ရေးကောင်စီအာဏာသိမ်းပြီးနောက် သခင်ချစ်နှင့်သခင်ဇင်တို့ ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) က နိုင်ငံတော်ကိုပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် “တိုင်းရင်းသားလူမျိုးများ မိမိတို့ဆန္ဒအရ ပူးပေါင်းလိုကပူးပေါင်းခွင့်နှင့် မိမိဆန္ဒအရ ခွဲထွက်လိုကခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များကိုအခြေခံ၍ ပြည်ထောင်စုကို ဖွဲ့စည်းသင့်ကြောင်း” ထုတ်ပြန်ကြေညာခဲ့ပါသည်။

၁၉၇၅ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအင်အားစုများက ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ပြန်လည်ဖွဲ့စည်းနိုင်ရေးဟူသောရည်ရွယ်ချက်ဖြင့် “ပြည်နယ်ပေါင်းစုံ ဖက်ဒရယ်ပြည်ထောင်စု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (ပမဒတ) ကိုဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ပမဒတကို အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (မဒတ) အဖြစ်ပြန်လည်ဖွဲ့စည်းသောအခါလည်း မူလရည်မှန်းချက်များကို နဂိုအတိုင်း ဆုပ်ကိုင်ထားခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုကြီး၏ နိုင်ငံရေးဦးတည်

ချက်သည် —"ဗမာလူမျိုးအပါအဝင် ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရခိုင်၊ မွန်၊ ချင်း၊ ပအိုဝ်း၊ ပလောင်၊ ဝ၊ လားဟူ စသော တိုင်းရင်းသားလူမျိုးအားလုံး၏ လွတ်လပ်ရေး၊ တန်းတူရေးဘဝဖြစ်ပေါ်တိုးတက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး..." ဖြစ်ကြောင်း အတိအလင်းကြေညာခဲ့ပါသည်။

## တတိယပိုင်း

### ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်း ဆက်လက်ကြိုးပမ်းမှုများ

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ "ပင်လုံ" စာချုပ်တွင်မျှော်မှန်းခဲ့သော "ပြည်ထောင်စုစနစ်" ကို ယနေ့တိုင်ထူထောင်နိုင်ခြင်းမရှိသေးသောကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ဆိတ်သုဉ်းသွားခဲ့ပါသည်။ အနှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်ကိုလည်း ရင်ဆိုင်နေခဲ့ရပြီး စစ်အာဏာရှင်စနစ်အောက်တွင် တိုင်းပြည်သည် "ဖွတ်ကျော့ပြာစု၊ ခရုဆံကျွက် ဘဝ" ဖြင့် ဒုက္ခပင်လယ်ဝေနေရပြီး ကမ္ဘာတွင်အဆင်းရဲဆုံး နိုင်ငံစာရင်းတွင် သွတ်သွင်းခြင်းခံနေရသည်။ ထိုနိုင်ငံရေး "ပြည်တည်နာကြီး" သည် ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့်အတူ ပေါက်ကွဲသွားခဲ့ပါသည်။ ထို့ကြောင့်လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က "ရှစ်လေးလုံးဒီမိုကရေစီ" အရေးတော်ပုံကြီးကို "ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ" ဟု ကင်ပွန်းတတ်သွားခဲ့ခြင်းဖြစ်ပါသည်။ အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပထမအကြိမ်လွတ်လပ်ရေးတိုက်ပွဲကာလတွင် မျှော်မှန်းခဲ့သော "ပြည်ထောင်စုပန်းတိုင်" ကို မရောက်ရှိနိုင်သေးသောကြောင့် ယခုကဲ့သို့ "ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ" ပြန်လည်ဆင်နွှဲနေရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံတွင်မျှော်မှန်းသော ပြည်ထောင်စုစနစ်ကို ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲတွင် ပြန်လည်တည်ဆောက်နိုင်ရန် အတူတကွကြိုးပမ်းသွားကြမည်ဟု လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်" (NLD) နှင့်တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ နိုင်ငံရေးတပ်ပေါင်းစုကြီးဖြစ်သော "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်" (UNLD) တို့က ၁၉၉၀ ခုနှစ် ဩဂုတ်လ (၂၉) ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးကြပြီး "ဗိုလ်အောင်ကျော်လမ်းကြေညာချက်" ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ထိုသဘောတူကြေညာချက် ၄ (ဂ) တွင်—

"တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှ မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာထူထောင်ရန် လိုအပ်ကြောင်း ပြည်ထောင်စုတိုင်းရင်း သားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့တညီတညွတ်တည်း သဘောတူကြသည်"။

ပြည်တွင်းရှိ နိုင်ငံရေးပါတီများက ဗိုလ်အောင်ကျော်လမ်းကြေညာချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သလို၊ လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာကြသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB), အမျိုးသားမဟာမိတ်တပ်ပေါင်းစု (DAB), အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက် နယ်မြေ) (NLD-LA) နှင့် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တပ်ပေါင်းစုကြီးဖြစ်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF), တို့ကလည်း ၁၉၉၂ ခုနှစ် ဇူလိုင်လ (၃၁) ရက်နေ့တွင် "မာနယ်ပလောသဘောတူစာချုပ်" ကို လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ခဲ့ပါသည်။ မာနယ်ပလောသဘောတူညီချက်အရ — အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံကို စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း စာချုပ်အမှတ် (၅) တွင် အောက်ပါအတိုင်းဖော်ပြထားခဲ့ ပါသည်။

(၅) တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေး အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်။ ထိုသို့တည်ဆောက်ရာတွင် —

(က) ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်နယ်များဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသားပြည်နယ်ပေါင်းစု ပြည်ထောင်စုဖြစ်ရေး၊

(ခ) ပြည်နယ်များမှ ပြည်ထောင်စုသို့ လွှဲအပ်ထားသော အာဏာများမှအပ ကျန်သောအာဏာများကို ပြည်နယ်များတွင်ထားရှိ၍ ပြည်နယ်အသီးသီးတွင်လည်း ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ ကျင့်သုံးပိုင်ခွင့်ရှိရေး၊

(ဂ) ပြည်ထောင်စုအမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရေး၊

(ဃ) ပြည်ထောင်စုနှင့် ပြည်နယ်များ၏တပ်မတော်များကို လူမျိုးပေါင်းစုံပြည်သူလူထု၏ ကွပ်ကဲမှုအာဏာအောက်တွင် တည်ရှိရေး၊

(င) ပြည်ထောင်စု၏ အချုပ်အခြာအာဏာဖြစ်သော ဥပဒေပြုအာဏာ၊ တရားစီရင်မှုအာဏာနှင့် အုပ်ချုပ်ရေးအာဏာ (၃) ရပ်ကို အပြန်အလှန် ထိန်းညှိစနစ် ဖြင့် ဖွဲ့စည်းထားရှိပြီး လွတ်လပ်သည့်တရားစီရင်မှုစနစ်ကို ကျင့်သုံးရေး၊

(စ) မဟာလူမျိုးကြီးဝါဒနှင့် ဖက်ဆစ်အာဏာရှင်စနစ် ပြန်လည်ပေါ်ပေါက် မလာနိုင်ရေး စသည့်အချက်များကို ပြည်ထောင်စုဖွဲ့စည်းရေးတွင် ကျင့်သုံးသွားမည် — ဟူ၍ဖြစ်ပါသည်။

ထို့ပြင် ၁၉၉၇ ဇန်နဝါရီလတွင်ကျင်းပခဲ့သော ပထမအကြိမ်တိုင်းရင်းသားလူမျိုး များနီးနှောဖလှယ်ပွဲတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ နိုင်ငံရေးရည်မှန်းချက် အဖြစ် "မယ်သရောထာ" သဘောတူညီချက်ကို အောက်ပါအတိုင်းထုတ်ပြန် ကြေညာခဲ့ပါသည်။ ၎င်းတို့မှာ —

(က) စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊
(ခ) ဒီမိုကရေစီစနစ်ကျင့်သုံးရန်၊
(ဂ) လူမျိုးတိုင်းတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကျင့်သုံးရန်၊
(ဃ) ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရန်၊

ဟူသောအချက်များဖြစ်ပါသည်။

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ရာ၌ အခြေခံရမည့် "လမ်းညွှန်မှု" ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ကလည်း အလားတူထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ခုနှစ် ဇွန်လ (၂၇) ရက်နေ့မှ ဇူလိုင်လ (၂) ရက်အတွင်း ကျင်းပသော "ညီလာခံ" တွင် အနာဂတ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲသောအခါ အခြေခံရမည့် လမ်းညွှန်မှု (၇) ချက်ကို အတိ အကျချ မှတ်နိုင်ခဲ့ပါသည်။ ယင်းလမ်းညွှန်မှု (၇) ရပ်ကို သက္ကရာဇ် ၂၀၀၁ ဇန်နဝါရီလ၊ ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ကျင်းပခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ပထမအကြိမ်ညီလာခံတွင် ထပ်မံ အတည်ပြုနိုင်ခဲ့ပါသည်။ ထို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး အတွက် လမ်းညွှန်မှု (၇) ချက်မှာ —

(၁) စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်။
(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ပြဋ္ဌာန်းကာကွယ်ရမည်။
(၃) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထား ပေါ် အခြေခံ၍ဖွဲ့စည်းခြင်း မဖြစ်စေရ၊ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များသာဖြစ်ရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ရှိရင်းစွဲ ပြည်နယ် (၇) ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့စည်းစေ၍အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကို အပ်နှင်းထားရမည်။ ထို့ပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကိုလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ (Residual Power) ကို ပြည်နယ်များထံတွင် အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စု အစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့ပြင် နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ် ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များတန်းတူရည်တူပူးပေါင်းသည့် ပြည်ထောင်စုဆိုသည့် အနှစ်သာရပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

# စတုတ္ထပိုင်း

# အနာဂတ်အတွက်တင်ပြချက်

## အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်လမ်းညွှန်မှုများ

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် "ကောင်းတူ၊ ဆိုးဖက်" ဘဝဖြင့် အနှစ်ငါးဆယ်ကျော် အတူတကွနေထိုင်လာခဲ့ခြင်း ဖြစ်ပါသည်။ ထိုဆယ်စုနှစ် ငါးစုကျော်အတွင်း ပြည်တွင်းစစ်ကိုလည်း အတူတကွ ခံစားခဲ့ကြရပါသည်။ တပါတီအာဏာရှင်စနစ်၏ ခါးသီးလှသော ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကိုလည်း အတူတကွ ခံစားခဲ့ကြရပါသည်။ စစ်အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်သော ဘဝကိုလည်း မရှုမလှခံစားနေကြရပါသည်။ ထို့အတူ အနာဂတ်အတွက်လည်း မျှော်လင့်ချက်ရောင်ခြည်ကို အတူတကွစောင့်စားနေကြရပါသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် လက်တွဲအတူနေထိုင်ကာ ငြိမ်းချမ်းသောဘဝကို အတူတကွ ဖန်တီးနိုင်ရေးအတွက် ကျွန်ုပ်တို့တိုက်ပွဲဝင်နေကြရပါသည်။ တိုင်းရင်းသား ပြည်သူလူထုအပေါင်း လူ့အခွင့်အရေးအပြည့်အဝရရှိရေး၊ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး၊ တိုင်းရင်းသားလူမျိုးများကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး စသည့် — "တန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး" တို့အတွက် ဘဝကိုရင်း၍ တော်လှန်ရေး ဆင်နွှဲနေကြရပါသည်။ ထိုသို့ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုစနစ်ထူထောင်ရေးအတွက် အောက်ပါအခြေခံလမ်းညွှန်မှုများကို တင်ပြလိုက်ရပါသည်။

ထိုသို့တင်ပြရာ၌ ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မျှော်မှန်းခဲ့သောအမြင်နှင့်သဘောထားများကို လမ်းညွှန်မှုအဖြစ်ခံယူပြီး အနာဂတ်ပြည်ထောင်စု၏ လမ်းညွှန်မှုများကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ သို့သော် — နှစ်ငါးဆယ်ကျော် အတွေ့အကြုံအရေထိုစဉ်က အရေးအကြီးဆုံးဖြစ်ခဲ့သော လမ်းညွှန်မှု (၂) ခုကို ဤနေရာတွင် ချန်လှပ်ထားပါသည်။ ယင်းတို့မှာ "Voluntary Association" နှင့် "Rights of Secession" တို့ပင်ဖြစ်ပါသည်။ အကြောင်းမှာ နှစ်ပေါင်းငါးဆယ်ကျော် အတူတကွနေထိုင်ပြီးမှ "Voluntary Association" ကိုထည့်သွင်းရန် လိုအပ်တော့မည် မဟုတ်ဟုယူဆထားသောကြောင့်ဖြစ်ပါသည်။ ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က အရေးကြီးဆုံးအခြေခံမှုဖြစ်သော်လည်း နှစ်ပေါင်းငါးဆယ်ပေါင်းစပ်ထားပြီးဖြစ်သော ပြည်ထောင်စုတွင် ယနေ့ဤ "မှု" ကို ထပ်မံလိုအပ်တော့မည်မဟုတ်ဟု သုံးသပ်မိပါသည်။

ထို့ပြင် ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်တုန်းက အလွန်အရေးကြီးသော အခြေခံမှုဖြစ်သည့် "ခွဲထွက်ခွင့်" ကိုလည်း ချန်လှပ်ထားရပါသည်။ အကြောင်းမှာ နှစ်ပေါင်းငါးဆယ်ကျော်အတွင်း "ခွဲထွက်ခွင့်" ပုဒ်မသည် တိုင်းရင်းသားလူမျိုးများ အတွက်အကျိုးထက် အပြစ်ကိုသာဖြစ်စေခဲ့သောကြောင့် ဖြစ်ပါသည်။ ခွဲထွက်ခွင့် ပုဒ်မကို ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်းအကြောင်း ရင်းမှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရေးဟူသော ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ သို့သော် ခွဲထွက်ခွင့်ပုဒ်မသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင် ခြင်း မရှိခဲ့ပေ။ အကြောင်းမှာ "ခွဲထွက်ခွင့်" ကို အကြောင်းပြု၍ ဗိုလ်ချုပ်ကြီး နေဝင်းက နိုင်ငံတော်အာဏာကိုစစ်တပ်ဖြင့်သိမ်းယူခဲ့ပါသည်။ "ခွဲထွက်ခွင့်" ကို အကြောင်းပြု၍ ပြည်တွင်းစစ်ကိုဖန်တီးကာ တိုင်းရင်းသားလူမျိုးများ၏ အသက် အိုးအိမ်ကို နှစ်ပေါင်းငါးဆယ်ကျော် ဖျက်ဆီးသတ်ဖြတ်နေခြင်း ဖြစ်ပါသည်။ ခွဲထွက်ခွင့် ကို အကြောင်းပြု၍ "တပ်မတော်မရှိရင် ပြည်ထောင်စုကြီးပြိုကွဲသွားမည်" ဟု အကြောင်းပြကာ စစ်အာဏာရှင်စနစ်ကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ယခုအခါ "ခွဲထွက်ခွင့်" ထက် ခွဲထွက်ခွင့်၏အနှစ်သာရဖြစ်သော ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကိုသာ ကာကွယ်ပြဋ္ဌာန်းပေးသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းသည်သာ လျှင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်နိုင်ရေး၊ ပြည်သူ လူထုတရပ်လုံး၏ လူနေမှုဘဝမြှင့်တင်ရေး၊ ခေတ်မီတိုးတက်သော နိုင်ငံတော်ထူ ထောင်ရေးတို့အတွက် ပို၍အရေးကြီးမည်ဟုယူဆမိပါသည်။ ထိုကြောင့် အနာဂတ် ပြည်ထောင်စုငြိမ်းချမ်းသာယာရေးကို အောက်ပါလမ်းညွှန်အခြေခံမှုများကို တင်ပြ လိုက်ရပါသည်။

### (၁) Sovereign Power (အချုပ်အခြာအာဏာ)

**ဖက်ဒရယ်ပြည်ထောင်စု၏အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူ လူထုတရပ်လုံးထံမှသာ ဆင်းသက်လာစေရမည်။**

(က) ပြည်ထောင်စု၏အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူ လူထုတရပ်လုံးထံမှ ဆင်းသက်လာစေရမည်ဖြစ်ပြီး၊ ထို အချုပ်အခြာ အာဏာကို တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ကိုယ်စားကျင့်သုံးနိုင် ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ အခါအားလျော် စွာကျင်းပသော အထွေထွေရွေးကောက်ပွဲများတွင် ရွေးကောက်တင် မြှောက်ခြင်းခံရသော ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အသီးသီး၏ ပြည်သူ့ကိုယ်စားလှယ်များ၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေနှင့် နည်းဥပဒေများအရခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ဝန်ထမ်းများက အဆင့်ဆင့်ခွဲဝေကျင့်သုံးစေရမည် ဖြစ်ပါသည်။

(ခ) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီကျင့်သုံးခြင်း (Separation of Powers) ရှိစေရမည်။

(ဂ) ပြည်ထောင်စု၏အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုအနေဖြင့် Initiative နှင့် Referendum Power များကို အစိုးရထံသို့၎င်း၊ ပြည်သူ့ဝန်ထမ်းများထံသို့၎င်း၊ အလုံးစုံအပ်နှင်းခြင်းမရှိပဲ မိမိတို့လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့်ရှိစေရမည်။

## (၂) Equality (တန်းတူရေး)

**တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိစေရမည်။**

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူရည်တူအခွင့်အရေးရှိစေရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာများဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တန်းတူရည်တူအပ်နှင်းထားစေရမည်။

(ဂ) ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုးကိုမှ အထူးအခွင့်အရေးမပေးရ။ မည်သည့်လူမျိုးကိုမှ အခွင့်အရေးချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရ။

## (၃) Self-determination (ကိုယ်ပိုင်ပြဌာန်းခွင့်)

**တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိစေရမည်။**

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိကြသောကြောင့် မိမိတို့၏နိုင်ငံရေးကံကြမ္မာကို မိမိတိုကိုယ်တိုင်လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိကြပါသည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိကြရမည်ဖြစ်သောကြောင့် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ခွင့်ပြုသည်နှင့်အမျှ အပြည့်အဝကျင့်သုံးခွင့် ရှိစေရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရုတ်သိမ်းဟန့်တားခြင်း မရှိစေရ။

**(၄) Federal Principles (ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု)**

**ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိစေရမည်။**

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိ၍ တန်းတူသောနိုင်ငံရေးအာဏာများ အပ်နှင်းခြင်းခံရသည့် ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို အပြည့်အဝအပ်နှင်းစေရမည့်အပြင်၊ ထို နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို လွတ်လပ်စွာထူထောင်ပိုင်ခွင့်ရှိစေရမည်။

(ဂ) ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာရေးသားပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ထိုအဖွဲ့ဝင်ပြည်နယ်များပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကိုစုပေါင်းအုပ်ချုပ်ခွင့် (Shared-rule) တို့ကိုပေါင်းစပ်ထားသည့်စနစ်ဖြစ်သောကြောင့် — ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အစိုးရများ အကြားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိစေရမည်။

(င) တန်းတူသောပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကိုဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) များကိုထားရှိရမည်ဖြစ်ပြီး၊ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) တွင် ပြည်နယ်များကဦးရေတူညီသော ပြည်နယ်ကိုယ်စားလှယ်များကို စေလွှတ်စေရမည်။

(စ) ပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် နိုင်ငံခြားဆက်သွယ်ရေး၊ ပြည်ထောင်စုကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေးစသောအာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို ပြည်နယ်များတွင် အပ်နှင်းထားစေရမည်။

**(၅) Minority Rights (လူနည်းစုများ၏ အခွင့်အရေးများကိုကာကွယ်ခြင်း) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးရမည်။**

(က) ပြည်ထောင်စုပြည်နယ်များအတွင်းရှိ လူနည်းစုများ၏အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ (Autonomous Regions) နှင့် အမျိုးသားနယ်မြေများ (National Areas) များကို ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းစေရမည်။

(ခ) ထိုလူနည်းစုများက မိမိတို့၏ယဉ်ကျေးမှုဘာသာစကားနှင့် အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းကာကွယ်ခွင့်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်အာဏာများကိုလည်း အပြည့်အဝအပ်နှင်းထားရမည်။

**(၆) Democracy, Human Rights and Gender Equality (ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု)**

(က) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) နှင့် တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက်ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများ (Collective Rights) များကိုအပြည့်အဝခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများ မဟုတ်ကြသော်လည်း ပြည်ထောင်စု၏နိုင်ငံသားကို ခံယူထားကြသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝခံစားခွင့်ရှိစေရမည်။

(ဂ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မှ ရုတ်သိမ်းခွင့် မရှိစေရ။

(ဃ) ကျားမဆိုင်ရာ လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝပိတ်ပင် ဟန့်တားထားရမည်။

**(၇) Multi-party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)**

**လူမျိုးပေါင်းစုံစုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံကစုပေါင်းပိုင်ဆိုင်ထားသော ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။**

(က) ပြည်ထောင်စုတွင် တပါတီအာဏာရှင်စနစ်လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့်ဟန့်တားကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စု လွှတ်တော်က သီးခြားပြဋ္ဌာန်းပေးရမည်။

**(၈) Secular State (ဘာသာရေးကိုအခြေမခံသောနိုင်ငံတော်ဖြစ်ခြင်း)**

**နိုင်ငံရေးနှင့်ဘာသာရေးရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကိုအခြေမခံသော နိုင်ငံဖြစ်စေရမည်။**

(က) လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိနှစ်သက်ရာဘာသာအယူဝါဒကို ကိုးကွယ်ခွင့်ရှိစေရမည်။

(ခ) ဘာသာရေးကိုအသုံးချ၍ နိုင်ငံ့ရေးရာကိစ္စများကို ဆောင်ရွက်ခွင့်မပြုရ။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် မည်သည့်ဘာသာတရားကိုမျှ နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းမပြုရ။

**(၉) Civilian Supremacy (အရပ်ဖက်အုပ်ချုပ်မှုအောက်တွင် လက်နက်ကိုင် တပ်ဖွဲ့များကိုထားရှိခြင်း)**

**ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ပြည်ထောင်စုကိုကာကွယ်ရန်သာ တာဝန်ရှိခြင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ အတိအကျပြဋ္ဌာန်းပေး ရမည်။**

(က) ကာကွယ်ရေးဝန်ကြီးသည် ပြည်သူလူထုကရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်တဦး ဖြစ်စေရမည်။

(ခ) လက်ရှိတာဝန်ထမ်းဆောင်နေသော မည်သည့်စစ်ဖက်အရာရှိတဦး တယောက်ကိုမျှ ကာကွယ်ရေးဝန်ကြီး အဖြစ်ခန့်အပ်ခြင်း မပြုရ။

**(၁၀) New State (ပြည်နယ်သစ်ထူထောင်ခြင်း)**

**ဖက်ဒရယ်ပြည်ထောင်စုစတင်ဖွဲ့စည်းချိန်တွင် အမျိုးသားပြည်နယ်တနယ်အဖြစ် ဖွဲ့စည်းရန် အဆင်သင့်မရှိသေးသော တိုင်းရင်းသားလူမျိုးစုများသည် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းသော "အမျိုးသားလက္ခဏာ"**

**ရပ်များနှင့် ပြည့်မီလာချိန်တွင် ဥပဒေနှင့်အညီ ပြည်နယ်သစ် ဖေါ်ထုတ်ဖွဲ့စည်းခွင့် ရှိစေရမည်။**

(က) အမျိုးသားပြည်နယ်သစ်ဖွဲ့စည်းနိုင်ရန် အဆင့်အတန်းသတ်မှတ်ချက်ဖြစ်သော "အမျိုးသားလက္ခဏာ" များကိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တိကျစွာပြဌာန်းထားရမည်။

(ခ) အမျိုးသားပြည်နယ်သစ် ဖွဲ့စည်းတူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုလွှတ်တော်ကဥပဒေပြဌာန်းပေးရမည်။

**မှတ်ချက်။ ။**

**ဤစာတမ်းကို သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ ကျင်းပခဲ့သော** "Seminar on the Basic Principles for Future Federal Union" **(အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများချမှတ်ရေးနှီးနှောဖလှယ်ပွဲ) တွင် တင်သွင်းရန် "လမ်းညွှန်အခြေခံမူများ" ဖော်ထုတ်ချမှတ်ရေး ပူးတွဲကော်မတီ** (Joint Action Committee; NCGUB, NCUB, NDF, UNLD-LA **နှင့်** WLB) **ကိုယ်စား ရေးသားထားသော စာတမ်းဖြစ်ပါသည်။ ထို နှီးနှောဖလှယ်ပွဲကြီးသို့ နိုင်ငံရေးပါတီများ၊ တပ်ပေါင်းစုများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်း (၄၂) ဖွဲ့မှ ကိုယ်စားလှယ် (၁၀၆) ဦး တက်ရောက်ပြီး၊ အထက်ပါလမ်းညွှန်အခြေခံမူ (၈) ချက်နှင့် ဆုံးဖြတ်ချက် (၃) ရပ်တို့ကို တညီတညွတ်တည်း သဘောတူလက်ခံကြောင်း၊ (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။**

NOTES:

1. ဥပမာ — ၁၉၄၇ ဩဂုတ်လ (၁၉) ရက်နေ့တွင်မြွက်ကြားခဲ့သော နေသူရိန်အစည်းအဝေးတွင်ဋ္ဌင်း၊ ၁၉၄၇ နိုဝင်ဘာလ (၁၈) ရက် ဖဆပလညီလာခံတွင် တင်သွင်းခဲ့သည့်အဆိုပြုချက်နံပါတ် (၆)၊ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက်နှင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရှင်းလင်းချက်များ။

3. Aung San, *Burma's Challenge* (Rangoon, 1947), reprinted in Josef Silverstein, *The Political Legacy of Aung San* (New York: Cornell University Press, 1993), cited in Maung Maung, *Burma's Constitution* (The Hague, 1959), p. 169.

4. U Maung Maung, *Burmese Nationalist Movements, 1940–1948* (1989), p. 170.

5. Josef Silverstein, "Minority Problems in Burma Since 1962", in Lehman (ed.,), *Military Rule in Burma Since 1962* (Singapore, 1981), p. 51.

7. Aung San's speech entitled "Problems for Burma's Freedom", delivered on January 20, 1946, in Josef Silverstein (ed.), *Political Legacy of Aung San* (Ithaca, New York: Cornell University Press, 1993), p. 96.

8. ဦးလျှန်အုပ်၏ "ချင်းလူငယ်များအကြံပေးချက်" နှင့် ဦးရွှေအုံး၏ "တတိယပြည်ထောင်စုဆီသို့" … တို့ကိုရှုရန်။

အခန်း (၁၉)

# ရွှေဝါရောင်တော်လှန်ရေးအပြီး လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့် (၃) ရပ်ဖြင့် သုံးသပ်ခြင်း

[ သက္ကရာဇ် ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၁၉) မှ (၂၁) ရက် တိုင်းရင်းသားလူမျိုးများကောင်စီသို့ တင်သွင်းသောစာတမ်းကို ဖြည့်စွက်၍ သက္ကရာဇ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၂၁) မှ (၂၃) ရက် အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် ဆွေးနွေးရန် ရေးသားတင်ပြခဲ့သောစာတမ်း ]

# ရွှေဝါရောင်တော်လှန်ရေးအပြီး လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့် (၃) ရပ်ဖြင့် သုံးသပ်ခြင်း

## နိဒါန်း

နအဖ၏စစ်အစိုးရသည် သံဃာတော်ကြီးများဦးဆောင်မှုဖြင့် ဆင်နွှဲသော "ရွှေဝါရောင်တော်လှန်ရေး" ကိုအကြမ်းဖက်ဖြိုခွဲနှိမ်နင်းပြီးနောက် သွေးစွန်းသောလက်များဖြင့် မဲပုံးထောင်ကာ လူထုဆန္ဒကိုလက်နက်အားကိုးဖြင့် အကြမ်းဖက်လုယူပြီး စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဌာန်းသွားရန် ဆက်လက်ပြင်ဆင်လျှက်ရှိနေပါသည်။ ယင်းလုပ်ရပ်သည် သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်တင်ပြခဲ့သော နိုင်ငံရေးလမ်းပြမြေပုံကို ဆက်လက် အကောင်အထည်ဖော်နေခြင်းပင်ဖြစ်ပါသည်။

နအဖစစ်အစိုးရသည် စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဌာန်းသွားရန် တဖက်မှပြင်ဆင်နေသလို၊ အခြားတဖက်တွင်လည်း မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများက "ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်" တို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်သွားရန်ပြင်ဆင်လျှက် ရှိနေပါသည်။ ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူရေးဟူသော လောကပါလတရားများအပေါ် အခြေခံ၍ လူ့အခွင့်အရေးအပြည့်အဝရှိသော လူ့ဘောင်သစ်တရပ်ကို တည်ဆောက်နိုင်ရေးအတွက် စစ်အာဏာရှင်စနစ်ကိုဖျက်သိမ်းရပေမည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်တို့ချမှတ်ထားသော အဆင့် (၇) ဆင့်ရှိသည့် နိုင်ငံရေးလမ်းပြမြေပုံကို အဆင့်တိုင်းတွင် တိုက်ဖျက်သွားရန် မိမိတို့ သံမဏိဌာန်ချမှတ်ခဲ့ပါသည်။

စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်း၍ ပြည်သူလူထုတို့လိုလားတောင့်တနေသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် မိမိတို့ရွေးချယ်ထားသော လမ်းစဉ်မှာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာတွေ့ဆုံအဖြေရှာရေးပင်ဖြစ်ပါသည်။ သို့သော် နအဖစစ်အစိုးရမှ ရွေးချယ်ထားသောလမ်းစဉ်မှာ နိုင်ငံရေးပြဿနာကို လက်နက်အားကိုးဖြင့် အကြမ်းဖက်နှိမ်နင်းရေး ဖြစ်ပါသည်။ ယင်းသည် ဆန့်ကျင်ဖက်အင်အားစုနှစ်ခုအကြား ကြီးမားလှသော ကွဲပြားမှုပင်ဖြစ်ပါသည်။ ထိုသို့ မတူကွဲပြားသောလမ်းစဉ်နှစ်ရပ်ကို ညှိနှိုင်း၍ တိုင်းပြည်အတွက် အကောင်းဆုံးအဖြေရှာရန် လိုအပ်နေပါသည်။ ထိုသို့ အဖြေရှာရာ၌ မိမိတို့၏အခြေအနေမှန်ကို ယထာဘူတကျကျလေ့လာသုံးသပ်ရန် လိုအပ်သလို၊ အခြားတဖက်တွင်လည်း နအဖစစ်အစိုးရ၏ အခြေအနေ

မှန်ကို အတွင်းကျကျနားလည်သိရှိရန် လိုအပ်နေပါသည်။ ထို့အပြင် ယခုအခင်းအကျင်းဖြစ်ပွားရာ နိုင်ငံရေးဇာတ်ခုံတခုဖြစ်သည့် ပြည်တွင်းပြည်ပအခြေအနေနှင့် နိုင်ငံတကာ၏အမြင်သဘောထားများကိုလည်း နားလည်သိရှိရန် လိုအပ်နေပါသည်။ ထို့ကြောင့် ဤစာတမ်းငယ်တွင် လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့်သုံးရပ်မှ သုံးသပ်တင်ပြထားပါသည်။

ဤစာတမ်းသည် သက္ကရာဇ် ၂၀၀၅ စက်တင်ဘာ (၁၉) ရက်မှ (၂၁) ရက်အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ အစည်းအဝေးတရပ်တွင် တင်ပြခဲ့သောစာတမ်းအပေါ် အခြေခံ၍ ရွှေဝါရောင်တော်လှန်ရေးဖြစ်ပွားပြီးနောက်ပိုင်း တိုးတက်ပြောင်းလဲနေသော အခြေအနေများကို ထပ်မံဖြည့်စွက်၍ သက္ကရာဇ် ၂၀၀၈ ဇန်နဝါရီလ (၂၁) ရက်မှ (၂၃) ရက်အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီအရေးပေါ်မူဝါဒရေးရာ အစည်းအဝေးတွင်တင်ပြခဲ့သောစာတမ်း ဖြစ်ပါသည်။

## ပထမပိုင်း

## နအဖစစ်အစိုးရ၏ အခြေအနေမှန်ကိုသုံးသပ်တင်ပြခြင်း

နအဖစစ်အစိုးရသည် ဒီမိုကရေစီအရေးတော်ပုံကြီးကို အကြမ်းဖက်နှိမ်နင်းပြီး၊ စစ်အာဏာရှင်စနစ်တည်ဆောက်သွားရန် စစ်ဝါဒီတစုကဖွဲ့စည်းထားသော "တရားမဝင်အစိုးရ" တရပ်မျှသာဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့၏ရည်ရွယ်ချက်မှာ စစ်အာဏာရှင်စနစ်ကိုသက်ဆိုးရှည် ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတော်အာဏာကို အကြမ်းနည်းဖြင့်ရော အနုနည်းဖြင့်ပါ ရသည့်နည်းဖြင့် ထိန်းချုပ်ထားနိုင်ရေးပင်ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ကို အကြမ်းနည်းဖြင့်ထိန်းချုပ်ထားနိုင်ရေးအတွက် စစ်တပ်အင်အားကို အဆမတန်ချဲ့ထားပါသည်။ တဖက်တွင်လည်း ပြည်သူလူထုကို အမျိုးမျိုးသောလှည့်စားမှုများဖြင့် မျက်လှည့်ပြကာ စစ်အာဏာရှင်စနစ်ကို အနုနည်းဖြင့်ဆက်လက်ထိန်းသိမ်းရေးအတွက် အစွမ်းကုန်လုပ်ဆောင်လျှက် ရှိနေပါသည်။

ပထမပွဲဦးထွက် လှည့်စားမှုအဖြစ် ပြည်သူလူထု၏လိုလားချက်ကို သံယောင်လိုက်ကာ "ဒီမိုကရေစီ" ကြွေးကြော်သံများ ဟစ်ကြွေးလျှက် "လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကြီး" ကို ကျင်းပပေးမည်ဟု ကြေညာခဲ့ ပါသည်။ သို့ရာတွင် ၁၉၉၀ မေလ၌ ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် "မှန်းချက်နှင့်နှမ်းထွက်မကိုက်" ဖြစ်သွားခဲ့ရကာ ရွေးကောက်ပွဲရလာဒ်ကို ကျော်ခိုင်းသွားခဲ့ရပါသည်။ ထိုသို့ ပြည်သူလူထုလိုလားချက်ကို ကျော်ခိုင်းလှည့်ထွက်နိုင်ရေးအတွက် ကြီးမားသောပေးဆပ်မှုတခုကို စစ်အစိုးရအနေဖြင့် ပြုလုပ်သွားခဲ့ကြပါသည်။ ယင်းသည် စစ်အုပ်စုအတွင်း

စည်းလုံးညီညွတ်ရေးပြိုကွဲမှု၊ ဂိုဏ်းဂဏကွဲပြားမှု၊ အချင်းချင်းအကြား မယုံသင်္ကာမှုများနှင့် လုပ်ကြံမှုများပင် ဖြစ်ပါသည်။ ရလာဒ်မှာ စစ်အစိုးရ၏ ထိပ်ဆုံးခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ရာထူးမှဖယ်ရှားခဲ့ခြင်းပင် ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် ထိုစဉ်က တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ "ဗိုလ်အောင်ကျော်လမ်း" ကြေညာချက်ဖြင့် ပူးတွဲတောင်းဆိုခဲ့သော "ပင်လုံကဲ့သို့သော အမျိုးသားညီလာခံကျင်းပရေး" ကိုသံယောင်လိုက်၍ အတုအယောင်အမျိုးသားညီလာခံကို လက်ဦးကျင်းပခဲ့ကြပါသည်။ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများလိုလားသော အမျိုးသားညီလာခံမှာ အနှစ်ငါးဆယ်ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေမည့် "ပင်လုံကဲ့သို့သောအမျိုးသားညီလာခံ" မျိုးဖြစ်ပါသည်။ ပင်လုံကဲ့သို့သော အမျိုးသားညီလာခံကျင်းပရေးကို တောင်းဆိုရခြင်း၏ရည်ရွယ်ချက်မှာ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို အာမခံချက်ပေးနိုင်မည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီး" ကို ငြိမ်းချမ်းစွာဖြင့် လက်တွဲထူထောင်ရေးပင်ဖြစ်ပါသည်။ သို့ရာတွင် နအဖစစ်အစိုးရက ခေါ်ယူကျင်းပသော အမျိုးသားညီလာခံ၏ရည်ရွယ်ချက်မှာ "စစ်အာဏာရှင်စနစ်" ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းနိုင်ရေးပင် ဖြစ်ပါသည်။ ယင်းသည် မိမိတို့လိုလားသော "ပင်လုံကဲ့သို့သောအမျိုးသားညီလာခံ" နှင့် နအဖတို့ခေါ်ယူကျင်းပနေသော "အမျိုးသားညီလာခံ" တို့ ကွာခြားချက်ပင်ဖြစ်ပါသည်။

နအဖစစ်အစိုးရခေါ်ယူကျင်းပသော အမျိုးသားညီလာခံကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားပြုခဲ့သော ဒီမိုကရေစီအင်အားစုများနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များလက်တွဲ၍ အတွင်းကပ်ပူးသတ်တိုက်ပွဲဝင်မှုကြောင့် စစ်အစိုးရအနေဖြင့် ဒုတိယအကြိမ် "မှန်းချက်နှင့်နမ်းထွက်မကိုက်" ဖြစ်သွားရပြန်သည်။ ထို့ကြောင့် အမျိုးသားညီလာခံကို ၁၉၉၆ ခုနှစ်တွင် ရပ်တန့်သွားခဲ့ရပါသည်။ အဖြေရလာဒ်မှာ — နဝတစစ်အုပ်စုအတွင်း အကွဲအပြဲပိုမိုပြင်းထန်စွာ ဖြစ်ပွားခြင်းပင်ဖြစ်ပါသည်။ နဝတအတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး နေအိမ်တွင် ဗုံးဖောက်ခွဲမှုကြောင့် သူ့သမီးသေဆုံးရခြင်းနှင့် ကမ္ဘာအေးလိုင်ဂူ၌ ဗိုလ်ချုပ်တင်ဦးလာစဉ် ဗုံးဖောက်ခွဲခြင်းအပြင် နောက်ဆုံး ဗိုလ်ချုပ်တင်ဦးကိုယ်တိုင် ရဟတ်ယာဉ်ပျက်ကျမှုဖြင့် လုပ်ကြံခြင်းခံရသည်အထိ နဝတစစ်ဗိုလ်ချုပ်များအကြား အာဏာလုယူမှုနှင့် ဂိုဏ်းဂဏကွဲမှု ပြင်းထန်ခဲ့ပါသည်။

ထိုမျှ၌ မရပ်သေး။ နဝတစစ်အစိုးရက ၎င်းတို့၏ တတိယခြေလှမ်းအနေဖြင့် ပြည်သူလူထုတရပ်လုံး အနှစ်ငါးဆယ်လိုလားတောင့်တနေသော "ပြည်တွင်းငြိမ်းချမ်းရေး" ကိုသံယောင်လိုက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်

နိုင်ငံရေးအနှစ်သာရ အလျဉ်းမျှမရှိသော "အပစ်အခတ်ရပ်စဲရေး" သဘောတူစာချုပ်များကို တဖွဲ့ချင်းစီ လက်မှတ်ရေးထိုးစေခဲ့ပါသည်။ ထိုသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တော်တော်များများကို စီးပွားရေးမက်လုံးပေး၍ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ချုပ်ဆိုစေခဲ့ပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲရေးအဖွဲ့အစည်းများကိုအားပြု၍ ၁၉၉၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သပိတ်မှောက်မှုကြောင့် ရပ်တန့်သွားခဲ့သော အမျိုးသားညီလာခံကို တဖန်ပြန်လည်ကျင်းပသွားပါသည်။ ၁၉၉၀ ရွေးကော်ပွဲတွင် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများက အမျိုးသားညီလာခံကို တက်ရောက်ခြင်းမရှိဘဲ ကန့်ကွက်ဆန္ဒပြသောကြောင့် နအဖစစ်အစိုးရအနေဖြင့် ၎င်းတို့၏ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အမျိုးသားညီလာခံတွင် ထင်တိုင်းကြဲ၍ ရမည်ဟု တွက်ချက်ထားပုံရပါသည်။ သို့ရာတွင် ဤတချီတွင်လည်း "မှန်းချက်နှင့် နှမ်းထွက်မကိုက်" ဖြစ်ကာ စစ်အစိုးရအထိနာ သွားရပြန်သည်။

နအဖစစ်အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို "စီးပွားရေးမက်လုံး" ပေး၍ ချော့မော့လှည့်စားနိုင်မည် ထင်ခဲ့သော်လည်း၊ တကယ်တန်း အမျိုးသားညီလာခံကျင်းပသောအခါ အပစ်အခတ်ရပ်စဲထားသောအဖွဲ့အစည်းများသည် သူတို့လိုလားတောင့်တ၍ အနှစ်နှစ်အလလက လက်နက်ကိုင်တိုက်ပွဲဝင်တောင်းဆိုခဲ့သော "နိုင်ငံရေးတန်းတူခွင့်" ကို စစ်အစိုးရ၏ဖိနှိပ်ကန့်သတ်မှုဘောင်ကြားတွင် မရမက လက်တွဲတောင်းဆိုသွားခဲ့ကြပါသည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ (၁၃) ဖွဲ့၏ ပူးတွဲတောင်းဆိုချက်များကို နအဖစစ်အစိုးရက မည်သို့မည်ပုံတုန့်ပြန်ရမှန်းမသိဖြစ်သွားခဲ့ရကာ အမျိုးသားညီလာခံကို တဖန်ပြန်လည်၍ ရက်အကန့်အသတ်မရှိ ရပ်တန့်သွားခဲ့ရပြန်ပါသည်။ အဖြေရလာဒ်မှာ — နအဖစစ်အစိုးရကို အများဆုံးကျားကန်ပေးခဲ့၍ ၎င်းတို့၏အမှောင်ဆုံးရက်များတွင် အားအကိုးရဆုံးသော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားရုံမက အနှစ်လေးဆယ်ထောင်နန်းချခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံရေးဖြစ်စဉ်တရပ်လုံးကို သေချာဂဃနဏ လေ့လာသုံးသပ်ကြည့်မည်ဆိုပါက နအဖစစ်အစိုးရမှ ၁၉၉၀ ခုနှစ်ကာလပိုင်းတွင် ခေါ်ယူကျင်းပသော အမျိုးသားညီလာခံကို ရှေ့တန်းမှဆန့်ကျင်အန်တုတိုက်ပွဲဝင်ခဲ့သော အဖွဲ့အစည်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်နိုင်ငံရေးပါတီများ ဖြစ်ကြပြီး၊ သက္ကရာဇ် ၂၀၀၄ တွင် ပြန်လည်ခေါ်ယူကျင်းပသော အမျိုးသားညီလာခံတွင် အတွင်းမှပူးသတ်တိုက်ပွဲဝင်နေကြသူများမှာ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုတိုက်ပွဲသည် မပြီးဆုံးသေးပေ။

နအဖစစ်အစိုးရအနေဖြင့် ၎င်းတို့၏နိုင်ငံရေးလမ်းပြမြေပုံကို အမျိုးသားညီလာခံမှ အကောင်အထည်ဖော်သွားရန် ကြိုးပမ်းနေကြပါသည်။ ထို့ကြောင့် အမျိုးသားညီလာခံ၏ရလဒ်များနှင့် ၎င်းတို့၏အဆင့် (၇) ဆင့်ရှိ လမ်းပြမြေပုံသည် နအဖစစ်အစိုးရအတွက် အသေအလဲခုခံကာကွယ်ရမည့် "နိုင်ငံရေးနောက်ဆုံးခံတပ်" တခုဖြစ်နေပါသည်။ ထိုခံတပ်ကြီးပြိုသွားပါက သူတို့အတွက်အနာဂတ်ရှိနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် "အမျိုးသားညီလာခံ" နှင့် "နိုင်ငံရေးလမ်းပြမြေပုံ" များကိုအောင်မြင်သည်အထိ ဦးဆောင်မှုမပေးနိုင်သော စစ်ဗိုလ်ချုပ်များကို "ဇာတ်တူသားစား" ဘဝဖြင့် မညှာမတာအချင်းချင်းရှင်းလင်းသုတ်သင်နေကြခြင်း ဖြစ်သည်။

မကြာခဏထွက်ပေါ်လာသော ကောလာဟလသတင်းများအရ (ဥပမာ – ၂၀၀၅ စက်တင်ဘာလတွင် ထွက်ပေါ်လာသော သတင်းများအရ) ဗိုလ်ချုပ်မောင်အေးက ဗိုလ်ချုပ်သန်းရွှေကို ရာထူးမှဖယ်ရှား၍ အာဏာသိမ်းသွားသည်ဟု သိရပါသည်။ ယင်းသည် ကောလာဟလသတင်းမျှသာ ဖြစ်သည်ဟုဆိုပါသော်လည်း သူတို့အတွင်းမညီမညွတ်ဖြစ်ကာ အာဏာလုပွဲ အဆက်မပြတ်ခင်းကျင်းနေကြောင်းကို မီးမောင်းထိုးရောင်ပြန်ဟပ်စေပါသည်။

သို့ရာတွင် မိမိတို့သတိထားရမည့်အချက်မှာ နအဖစစ်ဗိုလ်ချုပ်အချင်းချင်းအကြား ဇာတ်တူသားစားဘဝဖြင့် အာဏာလုပွဲခင်းကျင်းရုံမျှဖြင့် မိမိတို့တိုက်ပွဲဝင်တောင်းဆိုနေသော "ဒီမိုကရေစီ" နှင့် "တန်းတူရေး" ကို ရရှိနိုင်လိမ့်မည်မဟုတ်ဟူသောအချက်ဖြစ်ပါသည်။ စစ်အုပ်စုအကြားအကွဲအပြဲကြောင့် သော်လည်းကောင်း၊ အာဏာလုပွဲကြောင့် သော်လည်းကောင်း၊ "ဒီမိုကရေစီ" နေ့ချင်းညချင်း မထွန်းကားနိုင်ပေ။ ဒီမိုကရေစီအရေးတော်ပုံကာလတွင် သမ္မတ (၃) ဦးကို ဖြုတ်ချနိုင်ပါလျှက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မဖန်တီးနိုင်ခဲ့သော အားနည်းချက်ကို သင်ခန်းစာယူရန်လိုအပ်နေပါသည်။ နဝတနှင့် နအဖစစ်အစိုးရသက်တမ်းကာလတွင် ထိပ်ဆုံးမှစစ်ဗိုလ်ချုပ်သုံးလေးဦးပြုတ်ကျသွားရုံဖြင့်လည်း နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ် မလာနိုင်ခြင်းကို ဆန်းစစ်ဝေဖန်ရန်လိုအပ်လာပြီ ဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ဖြစ်ပွားနေသော အနှစ်ငါးဆယ်ပြည်ကျော်တွင်းစစ်အပါအဝင် ယနေ့ပြည်သူလူထုတရပ်လုံးက ခါးသီးစွာခံစားနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအနိဋ္ဌာန်ရုံများ၏ မြင်ကွင်းဖြစ်သည့် နိုင်ငံတကာတွင်ရောက်ရှိနေသော ဒုက္ခသည်များ၊ အိမ်နီးချင်းနိုင်ငံများတွင် ရောက်ရှိနေကြသော တရားမဝင်အလုပ်သမားများ၊ ကမ္ဘာအနှံ့သို့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု၊ HIV/AIDS ရောဂါပြန့်ပွားမှု …… စသည့်စသည့် အနိဋ္ဌာန်ရုံများကြောင့်လည်း နအဖစစ်ဗိုလ်ချုပ်များ ကျောချမ်းတုန်လှုပ်၍ အာဏာစွန့်လွှတ်သွားမည်မဟုတ်ပေ။ ထိုနည်းတူ နိုင်ငံတကာ၏ဖိအားပေးမှုနှင့် ကန့်ကွက်ဝေဖန်မှုကြောင့်လည်း ထိုစစ်ဗိုလ်များ လွယ်လွယ်နောက်ဆုတ်သွားလိမ့်မည် မဟုတ်ပေ။

အကျဉ်းချုပ်၍ ဖော်ပြရပါက နအဖစစ်ဗိုလ်ချုပ်များအကြား အချင်းချင်းအာဏာလုမှု၊ အကွဲအပြဲဖြစ်မှုနှင့် ဇာတ်တူသားစားဘဝဖြင့် အချင်းချင်းသုတ်သင်ဖယ်ရှားရုံဖြင့်သော်လည်းကောင်း၊ ၎င်းတို့ဖန်တီးထားသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအနိဋ္ဌာန်ရုံများကြောင့်သော်လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအလိုအလျောက် ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပေ။ တနည်းအားဖြင့်ဆိုပါက နအဖစစ်ဗိုလ်ချုပ်များအကြား အချင်းချင်းအာဏာလုသုတ်သင်ဖယ်ရှားရုံမျှဖြင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းသွား လိမ့်မည်မဟုတ်ပေ။ ဗိုလ်နေဝင်းထူထောင်ခဲ့ မဆလတပါတီအာဏာရှင်စနစ် ပြုတ်ကျသွားသော်လည်း မဆလတပါတီအာဏာရှင်စနစ်ထက် ဆိုးဝါးသော နဝတ၊ နအဖစစ်အာဏာရှင်စနစ်ဖြင့် ပြန်လည်အစားထိုးနေသည်ကို သတိထားသင့်ပါသည်။ ထို့ပြင် နအဖစစ်အစိုးရသည် ဗုဒ္ဓဘာသာရဟန်းသံဃာတော်ကြီးများကိုပင် မညှာမတာပစ်ခတ်ရိုက်နှက်၍ ၎င်းတို့၏အာဏာတည်မြဲရေးအတွက် ငရဲခန်းကို အလောင်းအစားလုပ်ရဲကြသော စစ်ဝါဒီများသာဖြစ်ကြပါသည်။ စစ်ဗိုလ်ချုပ်များအကြား အချင်းချင်းအာဏာလုပွဲများဆက်လက်ဖြစ်ပွားနေမည် ဖြစ်သော်လည်း၊ စစ်ဝါဒီများတဖွဲ့လုံးအာဏာတည်မြဲရေးကို ထိခိုက်ပါက အချင်းချင်းအကြားသုတ်သင်ရှင်းလင်းရေး (သို့မဟုတ်) အချင်းချင်းအကြားပြန်လည်ညီညွတ်ရေးကို အမြဲတစေဖန်တီးသွားခဲ့ကြသည်။ ထို့ကြောင့် နအဖစစ်အစိုးရ၏အမှားကို စောင့်ကြည့်ရုံမျှဖြင့် မိမိတို့လိုလားသော ဒီမိုကရေစီအောင်ပွဲဆီသို့ ချီတက်နိုင်လိမ့်မည် မဟုတ်ပေ။ မိမိတို့ဖက်မှ အခြေအနေသစ်တရပ်ကို ဖန်တီးရန်လိုအပ်ပါသည်။

ထိုသို့ နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် အခြေအနေသစ်များကို ဖန်တီး၍ နအဖစစ်အစိုးရကို တိကျမှန်ကန်သော မူဝါဒနှင့် ပေါ်လစီများဖြင့် အနိုင်ယူနိုင်ရန် မိမိတို့ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ စည်းလုံးညီညွတ်ရေးကို ခိုင်မာသထက်ခိုင်မာအောင် တည်ဆောက်ရပေမည်။ သို့မှသာ ကျွန်ုပ်တို့တိုင်းပြည်တွင် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပွင့်လန်းသော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ပေလိမ့်မည်။

## ဒုတိယပိုင်း

## နိုင်ငံတကာအခြေအနေကိုသုံးသပ်တင်ပြခြင်း

အနှစ်ခြောက်ဆယ်ပြည်တွင်းစစ်အပါအဝင် ယနေ့ကျွန်ုပ်တို့ တိုင်းပြည်တွင်ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတင်းအားလုံးသည် သာမန်ပြည်တွင်းရေး ပြဿနာတခုမျှသာ မဟုတ်တော့ပဲ နိုင်ငံတကာပြဿနာတခုဖြစ်နေပါသည်။ ဒီမိုကရေစီဆိတ်သုန်းခြင်းနှင့် လူအခွင့်အရေးချိုးဖောက်ခြင်းများအပြင်၊ စစ်အစိုးရ၏ မတရား

ညှင်းပန်းနှိပ်စက်မှုမျိုးစုံဒဏ်ကိုမခံနိုင်ပဲ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေကြသော နိုင်ငံရေးဒုက္ခသည်များ၊ ပြည်တွင်းစစ်မီးကြောင့် အိုးအိမ်ဖျက်ဆီးခြင်းခံရပြီး နယ်စပ်တလျှောက်ခိုကိုးရာမဲ့ ထွက်ပြေးတိမ်းရှောင်နေကြသော စစ်ပြေးဒုက္ခသည်များ၊ စစ်အာဏာရှင်ကြီးများ ရာထူးတည်မြဲရေးအတွက် ဆင်နွှဲနေရသော ပြည်တွင်းစစ်မီးလောင်ကျွမ်းရာဒေသနှင့် နအဖစစ်ဗိုလ်များ၏ ကိုယ်ကျိုးစီးပွားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းဒေသမှ မတရားရွှေ့ပြောင်းခြင်းခံရသော ပြည်တွင်းဒုက္ခသည်များ (Internally Displaced Persons)၊ ပြည်တွင်းစစ်ကြောင့် တိုင်းရင်းသားဒေသ၏ မြေပြင်များတွင်သေနတ်ပြောင်းဝ၌ အတင်းအဓမ္မခိုင်းစေခြင်းခံရသော ပေါ်တာများနှင့် ကလေးစစ်သားများ၊ နအဖအစိုးရ၏ အာဏာတည်မြဲရေးအတွက် အကောင်အထည်ဖော်နေသော အမည်ခံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတင်းအကြပ် ကျွန်ပြုခိုင်းစေခြင်းခံရသော အလုပ်သမားများ (Forced Labour)၊ တိုင်းပြည်စီးပွားရေးချွတ်ခြုံကျဆင်းမှုကြောင့် သမုဒ္ဒရာတိုင်းတထွာအတွက် အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံလုပ်ကိုင်စားသောက်နေကြသော တရားမဝင်အလုပ်သမားများ၊ အူမမတောင့်သဖြင့် သီလမစောင့်နိုင်သော နောက်ဆက်တွဲပြဿနာများ အဖြစ်ကပ်ပါလာသည့် HIV/AIDS အပါအဝင် အခြားကူးစက်ပြန့်ပွားတတ်သော ရောဂါများမျိုးစုံကိုခံစားနေရသည့် ခိုကိုးရာမဲ့ပြည်သူများ၊ အနှစ်ခြောက်ဆက်ပြည်တွင်းစစ်ကို အမြတ်ထုတ်၍ မတရားစီပွားရှာစားနေကြသော ဘိန်းဘုရင်များအပါအဝင် စစ်အစိုးရကြောင့် ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးပြဿနာနှင့် အခြားမှောင်ခိုစီးပွားရေးလုပ်ငန်းမျိုးစုံတို့သည် ပြည်ထောင်စုအတွင်းတိုင်းရင်းသားပြည်သူတရပ်လုံးသာမက၊ ဒေသဆိုင်ရာလုံခြုံရေး နိုင်ငံတကာအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးတို့ကိုပါ ထိခိုက်ခြိမ်းခြောက်နေပါသည်။

တဖက်တွင်လည်း နအဖစစ်အစိုးရသည် သူတို့အာဏာတည်မြဲရေးအတွက် တရားသည် မတရားသည်ကို မစဉ်းစားပဲတိုင်းပြည်ကို ထုခွဲရောင်းစားနေကြသည်။ တိုင်းပြည်၏ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ၊ သစ်တောများ၊ ရေထွက်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို လက်ညှိုးထိုးရောင်းချရာမှ ရရှိသော နိုင်ငံတကာရင်းနှီးမြှုပ်နှံငွေများကို စစ်ဗိုလ်ချုပ်ကြီးများက ကိုယ်ကျိုးစီပွားရေးအတွက် အလွဲသုံးစားလုပ်ရုံမက တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ဖိနှိပ်ချုပ်ချယ်ရန် လူသတ်လက်နက်များကိုဝယ်ယူ၍ စစ်တပ်ကို အဆမတန်တိုးချဲ့နေပါသည်။ ထို့အပြင် တရုတ်နိုင်ငံအပါအဝင် အခြားတိုင်းပြည်များမှ တင်သွင်းနေသော စစ်လက်နက်ပစ္စည်းများကြောင့် ပြည်တွင်းစစ်ပိုမိုပြင်းထန်ခြင်း၊ ဘိန်းဘုရင်ခွန်ဆာအပါအဝင် မူးယစ်ဆေးဝါးလုပ်ငန်းမျိုးစုံကိုလုပ်နေကြသော မှောင်ခိုစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် နအဖအစိုးရ အပေးအယူလုပ်၍ ငွေမဲများကို ငွေဖြူလုပ်ခြင်းနှင့်

ငွေကြေးဖောင်းပွမှု အဆမတန်ကြီးမားနေခြင်းတို့သည်လည်း ကျွန်ုပ်တို့တိုင်းပြည်သာမက ဒေသဆိုင်ရာလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်အန္တရာယ်ပေးနေပါသည်။

ထိုသို့ဒေသဆိုင်ရာလုံခြုံရေးနှင့် နိုင်ငံတကာတည်ငြိမ်အေးချမ်းရေးတို့ကို ထိခိုက်ခြိမ်းခြောက်ပြီး၊ ပြည်သူလူထုက တရားမျှတသည့်ရွေးကောက်ပွဲဖြင့် တင်မြှောက်ရွေးချယ်ခဲ့သော အစိုးရကို ၁၉၆၂ ခုနှစ်တွင် ပြုတ်ခဲ့သည်သာမက ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အာဏာလွှဲအပ်ရန်ငြင်းဆန်နေသော အစိုးရကို ကမ္ဘာကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူသင့်ကြောင်း ချက်သမ္မတဟောင်း ဗားကလပ်ဟေပယ်နှင့် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး တို့ကအဆိုပြုတင်ပြခဲ့ပါသည်။ ထိုအဆိုပြုချက်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏အရေးကို သက္ကရာဇ် ၂၀၀၇ ဇန်နဝါရီ (၁၂) ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ တရားဝင်ဆွေးနွေးခဲ့ကြပါသည်။ သို့သော် တရုတ်နှင့် ရုရှားတို့ကပေါင်း၍ ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြပါသည်။

တရုတ်နှင့် ရုရှားတို့က လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာဖြင့် ပယ်ချခဲ့သော်လည်း၊ တရုတ်ရော ရုရှားပါ "မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေရသဖြင့် နိုင်ငံရေးအပြောင်းအလဲ လုပ်ရပ်လိုအပ်ကြောင်း" ဝန်ခံခဲ့ကြပါသည်။ သို့သော်မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းသည် လူ့အခွင့်အရေး "ချိုးဖောက်မှု" အခြေခံ၍ဖြစ်ပေါ်နေသော ပြဿနာဖြစ်သောကြောင့် ယင်းကိစ္စကို လုံခြုံရေးကောင်စီတွင် မဆွေးနွေးပဲ၊ အထွေထွေအတွင်းရေးမှူးချုပ်၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးဆိုင်ရာ "တတိယ" ကောင်စီများသို့သာလျှင် တင်သွင်းကြောင့် ရှင်းလင်းခဲ့ကြသည်။ လေ့လာသုံးသပ်သူများ၏ အဆိုအရ လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဖြင့် အရေးယူပါက မြန်မာနိုင်ငံကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်နေကြသော တရုတ်နှင့် ရုရှားတို့သည် သူတို့ကိုယ်တိုင်နောင်တွင်အစွပ်စွဲခံရမည်ဖြစ်ပြီး လုံခြုံရေးကောင်စီမှအရေးယူခြင်းခံရမည်ကို စိုးရိမ်နေကြသောကြောင့်ဖြစ်သည်ဟု သုံးသပ်နေကြပါသည်။

သံဃာတော်ကြီးများဦးဆောင်မှုဖြင့် ဖြစ်ပေါ်ခဲ့သော "ရွှေဝါရောင်တော်လှန်ရေး" အပြီးတွင် မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီသို့နောက်ထပ်တခါ တင်သွင်း၍ လုံခြုံရေးကောင်စီ၏ သဘာပတိဥက္ကဋ္ဌထုတ်ပြန်ကြေညာချက် (UN Security Council Presidential Statement) ဖြင့် နအဖစစ်အစိုးရကို ပြင်းထန်စွာဝေဖန်ရှုတ်ချခဲ့ရုံသာမက အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်နှင့် ဒီမိုကရေစီနိုင်ငံရေးအသွင်ကူးပြောင်းရေးဖြစ်ပေါ်လာရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို နအဖ

စစ်အစိုးရ၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများအကြား အမြန်ဆုံးခေါ်ယူကျင်းပရန် တိုက်တွန်းခဲ့ပါသည်။ လေ့လာသူများအဆိုအရ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သက်တမ်းတလျှောက်လုံးတွင် ထုတ်ပြန်သော Presidential Statement များအနက် နအဖစစ်အစိုးရကို ပြစ်တင်ဝေဖန်ရှုတ်ချသည့် ထုတ်ပြန်ကြေညာသည် အပြင်းထန်ဆုံးဖြစ်သည်ဟုဆိုကြပါသည်။ ယင်းထုတ်ပြန်ကြေညာချက်ကို လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသော တရုတ်နှင့်ရုရှား သာမက စင်ကာပူအပါအဝင်အခြားသော လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင်များကလည်း တခဲနက်ထောက်ခံခဲ့ပါသည်။

လုံခြုံရေးကောင်စီက Presidential Statement ထုတ်၍ နအဖစစ်အစိုးရကို ပြင်းထန်စွာဝေဖန်ရှုတ်ချခဲ့ရုံသာမက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်ကိုလည်း တရုတ်၊ အိန္ဒိယ၊ အာဆီယံများအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးနီးပါး ထောက်ခံအားပေးပြီး၊ နအဖစစ်အစိုးရအပေါ် ဖိအားအမျိုးမျိုးပေးနေကြပါသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများ (EU)၊ ကနေဒါ၊ ဩစတေးလျ နှင့် ဂျပန်နိုင်ငံများက သံတမန်ဖိအားပေးရုံမျှအားမရပဲ၊ နအဖအစိုးရကို ပြင်းထန်းသော စီးပွားရေးပိတ်ဆို့မှုများကို တိုးမြှင့်လုပ်ဆောင်နေကြသည်။ ခြုံ၍ပြောရပါက ရွှေဝါရောင်တော်လှန်ရေးအပြီးတွင် နအဖစစ်အစိုးရအပေါ် နိုင်ငံတကာဖိအားပေးမှုများ တရှိန်ထိုးတိုးမြှင့်ခဲ့ပြီး၊ မြန်မာနိုင်ငံ၏အရေးသည် ကမ္ဘာ့နိုင်ငံရေးသံတမန်လောကမှ အထူးအာရုံစိုက်ခြင်း ခံနေပါသည်။

## (က) နိုင်ငံတကာဖိအားမြှင့်တင်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများကောင်စီ၏ ကြိုးပမ်းချက်များ

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအင်အားစုများက မိမိတို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးကို တခဲနက်အားပေးထောက်ခံပြီး၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်ပေါ်လာရေးကို နည်းမျိုးစုံဖြင့် ပံ့ပိုးကူညီနေကြသော်လည်း နိုင်ငံတကာမှ နအဖစစ်အစိုးရအပေါ်ထားရှိသော ပေါ်လစီများနှင့် ဖိအားပေးပုံပေးနည်းခြင်းမတူကြပေ။ အမေရိကန်ပြည်ထောင်စုက နအဖစစ်အစိုးရအပေါ်ထားရှိသော ပေါ်လစီသည် ဖိအားကြီးမားပြီး သံတမန်နည်းနှင့် စီးပွားရေးပိတ်ဆို့မှုကို တွဲဖက်၍ အလုံးစုံသော စီးပွားရေးပိတ်ဆို့မှု (Total Sanctions) ကို ကျင့်သုံးနေပါသည်။ ဥရောပယူနီယံအနေဖြင့် သံတမန်နည်းနှင့် ဖိအားပေးမှုကိုတွဲဖက်၍ နအဖစစ်အရာရှိများကို ဦးတည်ပြီး စနစ်တကျရွေးချယ်

စီစဉ်သော စီးပွားရေးပိတ်ဆို့မှု (Targeted Sanction or Smart Sanction) ကို ကျင့်သုံးနေပါသည်။ အာဆီယံနိုင်ငံများမှာမူ Constructive Engagement ခေါ် နအဖစစ်အစိုးရကို ဆန့်ကျင်ဝိုင်းပယ်ခြင်းထက် လက်တွဲခေါ်ဆောင်ခြင်းက ပိုကောင်းသည်ဟူသော ပေါ်လစီကိုကျင့်သုံးနေပါသည်။ ထိုသို့ နိုင်ငံတကာက ချမှတ်ကျင့်သုံးသောပေါ်လစီများ မတူကွဲပြားမှုကို အခွင့်ကောင်းယူ၍ နအဖစစ်အစိုးရက နိုင်ငံတကာဖိအားအရာမရောက် အကျိုးမရှိအောင် အမျိုးမျိုးလှည့်ကွက်သုံး၍ ကစားနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် နိုင်ငံတကာကတူညီသော နိုင်ငံခြားရေးပေါ်လစီတခုဖြင့် နအဖစစ်အစိုးရကို ဆက်ဆံပြီး ဝိုင်း၍ဖိအားပေးကြရန် တိုက်တွန်းအားပေးခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် နိုင်ငံတကာမှ နအဖစစ်အစိုးရပေါ်ထားရှိသော ဘုံပေါ်လစီ (Common Policy) တခုဖြစ်ပေါ်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ကြိုးပမ်းမှုများအနက် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (Multi-party Talks on Burma) ကျင်းပသင့်ကြောင်း ဆွီဒင်အပါအဝင် ဥရောပနိုင်ငံအတော်များများနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနများကို သက္ကရာဇ် ၂၀၀၆ မှစ၍ စတင်စည်းရုံးတင်ပြခဲ့ပါသည်။ သက္ကရာဇ်၂၀၀၇ ဇွန်လတွင် ဆင်နွှဲခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ အမေရိကန်ပြည်ထောင်စုခရီးစဉ်တွင်လည်း ထိုကိစ္စကိုပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခရစ်တိုဖာဟီးလ်နှင့် တွေ့ဆုံခဲ့စဉ်ကရင်း၊ အထက်လွှတ်တော်နှင့် ကွန်ကရက်လွှတ်တော် အမတ်အတော်များများနှင့် တွေ့ဆုံခဲ့စဉ်ကရင်း၊ အိမ်ဖြူတော်တွင်သမ္မတကတော်နှင့် တွေ့ဆုံခဲ့စဉ်ကရင်း တင်ပြဆွေးနွေးခဲ့သည်သာမက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ထိပ်တန်းအရာရှိကြီးများနှင့် တွေ့ဆုံခဲ့စဉ်ကပါ တင်ပြတောင်းဆိုခဲ့ပါသည်။

ရွှေဝါရောင်တော်လှန်ရေး ဖြစ်ပွားနေသည့် အချိန်တွင် တိုင်းရင်းသားလူမျိုးများကောင်စီမှ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံ စာရေး၍ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို အမြန်ဆုံးဝင်ရောက်ဖြေရှင်းပေးပါရန်နှင့် နအဖစစ်အစိုးရက ငြိမ်းချမ်းစွာဆန္ဒပြနေသော ရဟန်းရှင်လူပြည်သူအပေါင်းကို ရက်စက်စွာနှိမ်နင်းပြီး၊ ရိုက်နှိက်ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်မှုများကို အမြန်ဆုံးရပ်စဲပေးပါရန် တောင်းဆိုခဲ့ပါသည်။ တချိန်တည်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးရေရှည်ပြဿနာများကို အမြန်ဆုံးဖြေရှင်းနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (Multi-party Talks on Burma) ကို ကမ္ဘာ့ကုလသမဂ္ဂယန္တရားအောက်တွင် အထွေထွေအတွင်းရေးမှူးချုပ်၏ဦးဆောင်မှုဖြင့် ခေါ်ယူကျင်းပသင့်ကြောင်း အကြံပေးခဲ့ပါသည်။ အလားတူစာများကို တိုင်းရင်းသားလူမျိုးများကောင်စီက အမေရိကန်

သမ္မတ၊ ရုရှားသမ္မတ၊ တရုတ်သမ္မတ၊ ပြင်သစ်သမ္မတ၊ အိန္ဒိယ၊ ဂျပန်၊ ဗြိတိန်၊ ထိုင်း၊ ဆွီဒင်နှင့် ပေါ်တူဂီဝန်ကြီးချုပ်များ၊ ဥရောပယူနီယံနိုင်ငံခြားရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ထံ ရေးသားပေးပို့ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရည်ရွယ်ချက်မှာ — မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတရပ်ကို ကမ္ဘာ့ကုလသမဂ္ဂယန္တရားအောက်တွင် ကျင်းပခြင်းအားဖြင့် နိုင်ငံတကာမှတထပ်တည်းမကျသော်လည်း တူညီဆက်စပ်မှုရှိသော ပေါ်လစီတရပ်ကိုချမှတ်ပြီး နအဖစစ်အစိုးရအားဝိုင်း၍ ဖိအားပေးနိုင်ပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းစရှာဖွေပြီး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအမြန်ဆုံးဖြစ်ပေါ်လာနိုင်လိမ့်မည်ဟု မျှော်လင့်သောကြောင့်ဖြစ်ပါသည်။

နိုင်ငံရေးအနှစ်သာရရှိသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲသာ တကယ်ဖြစ်မြောက်လာပါက ဒီမိုကရေစီအသွင်ကူပြောင်းရေး ဖြစ်စဉ်လည်း မုချစတင်နိုင်လိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ၏ တင်ပြချက်ကို နိုင်ငံတကာခေါင်းဆောင်အသီးသီးက အသိအမှတ်ပြုထောက်ခံနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဥပမာ — ထိုင်းနိုင်ငံဝန်ကြီးချုပ် ဆူရာယုတ် ချူလာနုတ် (Surayud Chulanont) က ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (Multi-party Talks in Burma) ကျင်းပသင့်ကြောင်းတရားဝင်ပြောဆိုထုတ်ပြန်ခဲ့သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း မြန်မာနိုင်ငံဆိုင်ရာမိတ်ဆွေနိုင်ငံများအဖွဲ့ကို သက္ကရာဇ် ၂၀၀၇ ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့ပြီး ထိုမိတ်ဆွေနိုင်ငံများအချင်းချင်း မကြာခဏတွေ့ဆုံဆွေးနွေးပြီး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းဖြေရှင်းရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ကို အကြံပေးကူညီသွားရမည်ဟု ပြောကြားခဲ့ ပါသည်။ ယင်းသည် တိုင်းရင်းသားလူမျိုးများကောင်စီက အဆိုပြုထားသော ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲကျင်းပရေးနှင့် ရည်ရွယ်ချက်အတူတူပင်ဖြစ်နေပါသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကြိုးပမ်းချက်အောင်မြင်စေရန် ဝိုင်းဝန်းပံ့ပိုးသင့်ကြောင်း တိုက်တွန်းလိုက်ရပေသည်။

## (ခ) နိုင်ငံတကာမှ တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသည့်သံသယ

နိုင်ငံတကာအနေဖြင့် မိမိတို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကို အားပေးထောက်ခံ၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ရေးကို အားပေးထောက်ခံနေကြသော်လည်း၊ ဒီမိုကရေစီသာ တကယ်တမ်းရရှိပါက ပြည်ထောင်စုထဲမှ တိုင်းရင်းသားလူမျိုးများ ခွဲထွက်သွားကြမည်လော...... ဟု တချို့သောနိုင်ငံများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် အာဆီယံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများက သံသယဝင်နေကြပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ

အာဏာသိမ်းကတည်းက ယနေ့တိုင် အဆက်ဆက်သော စစ်အာဏာရှင်အစိုးရများက မြန်မာနိုင်ငံတွင် ခိုင်မာသော စစ်အစိုးရသာမရှိပါက တိုင်းရင်းသားလူမျိုးများ ခွဲထွက်သွားကြပြီး ပြည်ထောင်စုပြိုကွဲသွားမည်ဟုမမှန်မကန်ဝါဒဖြန့်မှိုင်းတိုက်ခဲ့သောကြောင့်ဖြစ်ပါသည်။

ဒီမိုကရေစီသာရှိပါက တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲမှခွဲထွက်သွားကြမည် ဟူသောဝါဒမှိုင်းတိုက်မှုသည် စစ်အာဏာရှင်စနစ်တည်ဆောက်ရေးအတွက် ဗိုလ်နေဝင်းခေတ်မှ ယနေ့ နအဖစစ်အစိုးရခေတ်အထိ စစ်အာဏာရှင်များအသုံးချသော အထက်မြက်ဆုံးဝါဒဖြန့်ချိရေးလက်နက်တခုဖြစ်ပါသည်။ ဒီမိုကရေစီ သာရှိပါက တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲမှခွဲထွက်သွာကြမည် ဟူသောအကြောက်တရားကို လူထုတရပ်လုံး — အထူးသဖြင့်ဗမာတိုင်းရင်းသားလူမျိုးများ၏ စိတ်ထဲတွင် ရိုက်သွင်းခဲ့သောကြောင့် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး အနှစ်ခြောက်ဆယ်တော်လှန်ရေးသည် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ချေ။

ရှစ်လေးလုံးအရေးတော်ကြီးဖြစ်ပေါ်ပြီး နောက်လူထုတရပ်လုံး — အထူးသဖြင့် ရှစ်လေးလုံးမျိုးဆက်သစ်လူငယ်များက တိုင်းရင်းသားလူမျိုးများ အနှစ်ခြောက်ဆယ်ဆင်နွှဲနေသော တော်လှန်ရေး၏အနှစ်သာရကို နားလည်သဘောပေါက်ထောက်ခံလာကြပါသည်။ ထိုနည်းတူ နိုင်ငံတကာမိသားစုများထဲတွင်လည်း ဥရောပနိုင်ငံများနှင့် မြောက်အမေရိကနိုင်ငံများက အပြည့်အဝနားလည်ထောက်ခံလာပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းရေးဖြစ်စဉ်အားလုံးတွင် တိုင်းရင်းသားလူမျိုးများ ပါဝင်သင့်သည်ဟု ထောက်ခံအားလာကြပါသည်။ အမှန်စင်စစ် ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားဒီမိုကရေစီနိုင်ငံများကလည်း လွန်ခဲ့သော ၁၉၉၀ ပြည့်လွန်နှစ်များအထိ မြန်မာနိုင်ငံဒီမိုကရေစီသာရှိပါက တိုင်းရင်းသားလူမျိုးများပြည်ထောင်စုထဲမှ ခွဲထွက်သွားကြမည်လော ဟုစိုးရိမ်စိတ်များရှိခဲ့ကြပါသည်။ သို့ရာတွင် မိမိတို့တိုင်းရင်းသားလူမျိုးများက သက္ကရာဇ် ၂၀၀၁ ခုနှစ်မှအပြီး "ပင်လုံစိတ်ဓာတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးစီမံချက်" (The New Panglong Initiative: Rebuilding the Union of Burma) ကို ဥရောပနိုင်ငံများသာမက အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျပန်စသောနိုင်ငံများတွင် ရှင်းလင်းတင်ပြခွင့်ရရှိထားသောကြောင့် ထိုသံသယစိတ်များပပျောက်ကင်းရှင်းပြီး စိတ်ထားစေတနာသန့်သန့် ဖြင့် ဒီမိုကရေစီအရေးတော်ပုံကြီးတခုလုံးကို ထောက်ခံအားပေးနေကြပါသည်။

မိမိတို့အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ထိုင်းနိုင်ငံ၊ မလေးရှား၊ ဖိလစ်ပိုင် စသောနိုင်ငံများတွင် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးရပ်တည်ချက်နှင့် အနာဂတ်

ပြည်ထောင်စုအတွက် ရည်မှန်းချက်များကို အတော်အတန်ရှင်းလင်းတင်ပြခွင့်ရရှိခဲ့ပါသော်လည်း၊ စင်္ကာပူအပါအဝင် အချို့သောနိုင်ငံများတွင် တိုင်းရင်းသားလူမျိုးများခံယူထားသော ပင်လုံစိတ်ဓာတ်နှင့် စစ်မှန်သောပြည်ထောင်စုစနစ်ဖွဲ့စည်းရေး ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခွင့် အခွင့်အရေးနည်းပါးနေပါသေးသည်။ ထို့ကြောင့်မကြာသေးခင်က စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးက ထိုသံသယစိတ်ကို ဆောင်းပါးရှည်ရေး၍ တရားဝင်ဝန်ခံဖွင့်ဟ သွားခဲ့ပါသည်။ မကြာသေးခင် ၂၀၀၇ ခုနှစ်အောက်တိုဘာလက အင်ဒိုနီးရှားသံတမန်တဦးနှင့် တိုင်းရင်းသားလူမျိုးများကောင်စီကိုယ်စားလှယ်များ ကမ္ဘာ့ကုလသမဂ္ဂရုံးစိုက်ရာ နယူးယောက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့စဉ်ကလည်း ထိုသံသယစိတ်များ အင်ဒိုနီးရှားအစိုးရမှာလည်း ရှိနေကြောင်း သိရှိခဲ့ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် နအဖစစ်အစိုးရ၏ ဝါဒမှိုင်းတိုက်မှုကို တိုက်ထုတ်၍ မိမိတို့ဆင်နွှဲနေသော အနှစ်ခြောက်ဆယ်တော်လှန်ရေးသည် ပြည်ထောင်စုဖြိုခွဲရေးအတွက်မဟုတ်၊ ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးသာဖြစ်ကြောင်း ရှင်းလင်းတင်ပြရန် အာဆီယံနိုင်ငံများအတွင်း စည်းရုံးရေးလုပ်ငန်းစဉ်များကို ဆထက်ထမ်းပိုး လုပ်ဆောင်ရန်လိုအပ်နေပါသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည်လည်း ၁၉၉၀ ပြည့်လွန်နောက်ပိုင်းတွင် ကျနော်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးကို အပြည့်အဝထောက်ခံအားပေးရမည့်အစား၊ နအဖစစ်အစိုးရနှင့် အပေးအယူလုပ်၍ စီးပွားရှာကုန်သွယ်နေသည်ကိုတွေ့ရပါသည်။ တချို့သုံးသပ်သူများအမြင်တွင် မြန်မာနိုင်ငံအပေါ်ထားရှိသော အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးပေါ်လစီပြောင်းလဲခြင်းသည် အနည်းဆုံးအချက်သုံးချက်ရှိကြောင်း၊ ပထမအချက်မှာ မြန်မာနိုင်ငံတွင် တရုတ်ပြည်က ကြီးမားလွှမ်းမိုးမှုကိုကာကွယ်ရန် ဟူသောရည်ရွယ်ချက်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မြန်မာနိုင်ငံမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကိုလွယ်လွယ်ဝယ်ယူပြီး အင်အားကြီးနိုင်ငံဖြစ်ရေးကို အိန္ဒိယကကြိုးပမ်းနေကြောင်း၊ တတိယအချက်မှာ အိန္ဒိယနိုင်ငံကိုယ်တိုင်ရင်ဆိုင်နေရသော အိန္ဒိယအရှေ့မြောက်ဒေသရှိ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများကြောင့် ဒီမိုကရေစီရေးသာမကတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက်ဆင်နွှဲနေသော မိမိတို့၏ဒီမိုကရေစီအရေးတော်ပုံကြီးကို အပြည့်အဝထောက်ခံအားပေးရန်နှောင့်နှေးနေကြောင်း သုံးသပ်ဝေဖန်နေကြပါသည်။

သက္ကရာဇ် ၂၀၀၄ မှစ၍ တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် အိန္ဒိယအစိုးရသာမက ပါလီမန်အမတ်များ၊ ပါတီအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များ၊ တတ်သိပညာရှင်များနှင့် စာနယ်ဇင်း၊ မီဒီယာအပါအဝင် လူထုလူတန်းစားအသီး

သီးကို နည်းမျိုးစုံဖြင့် စည်းရုံးချဉ်းကပ်မှုများ ပြုလုပ်နေပါသည်။ သက္ကရာဇ် ၂၀၀၆ နှင့် ၂၀၀၇ နှစ်များအတွင်း စည်းရုံးရေးခရီးကို နယူးဒေလီသာမက အခြားနယ်စပ်မြို့များသို့သုံးကြိမ်တိုင်တိုင်သွားရောက်စည်းရုံးခဲ့ပါသည်။ သက္ကရာဇ် ၂၀၀၇ နိုဝင်ဘာလတွင် တိုင်းရင်းသားလူမျိုးများကောင်စီမှ ကိုယ်စားလှယ်များ နယူးဒေလီသို့သွားရောက်ပြီး မိမိတို့၏နိုင်ငံရေးရည်မှန်းချက်များကို ထပ်မံရှင်းလင်း ခဲ့ရုံသာမက၊ အိန္ဒိယနိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသောသဘောထားမှာ သုံးဖက်သုံးတန်မှ မှားယွင်းနေကြောင်း၊ အကယ်၍မြန်မာနိုင်ငံသာ မပြောင်းလဲဘဲ ယခုကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးအကြပ်အတည်းမျိုးစုံရင်ဆိုင်ပြီး ပြည်တွင်းစစ်မီးဆက်လက်တောက်လောင်နေပါက အိန္ဒိယ၏ Look East Policy တခုလုံးအောင်မြင်နိုင်မှာ မဟုတ်ကြောင်း နိုင်ငံရေးသမားများသာမက ပညာရှင်များနှင့် စာနယ်ဇင်း၊ မီဒီယာများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ အားပေးထုတ်ခံမှုသည် တိုင်းရင်းသားလူမျိုးများအတွက်သာမက ဒီမိုကရေစီအရေးတော်ပုံတခုလုံးအတွက် အရေးကြီးပါသောကြောင့် မိမိတို့ထပ်ခါတလဲလဲ ကြိုးစားရှင်းပြရန်လိုအပ်နေပါသည်။

ခြုံ၍ပြောရပါက ဒီမိုကရေစီသာရရှိပါက တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲမှ ခွဲထွက်သွားကြမည်လော ... ဟူသောသံသယစိတ်ကို မိမိတို့အနေဖြင့် စာစကားဖြင့်သာမက လက်တွေ့လုပ်ငန်းဖြင့် ရှင်းလင်းချေဖျက်ရမည်ဖြစ်ပါသည်။ မိမိတို့သည် ခွဲထွက်ရေးသမားများမဟုတ်ကြောင်း မိမိတို့ကြိုးပမ်းလုပ်ဆောင်ချက်များဖြင့်တင်ပြရမည် ဖြစ်ပါသည်။ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ ကိုယ်စားလှယ် (၁၀၄) ဦး တခဲနက်လက်မှတ်ရေးထိုး၍ သက္ကရာဇ် ၂၀၀၅ ခုနှစ် ပြည်ထောင်စုနေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသော "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ" (Basic Principles for Future Federal Union of Burma) သည်လည်းကောင်း၊ ထိုအခြေခံမူနှင့်အညီ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားလူမျိုးများပေါင်းစုံသဘောတူညီညှိနှိုင်းရေးသား၍ သက္ကရာဇ် ၂၀၀၆ ခုဖေဖော်ဝါရီလ (၁၂) ရက်၊ ပြည်ထောင်စုနေ့တွင် ပထမမူကြမ်း အဖြစ်လက်ခံပြီး၊ သက္ကရာဇ် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက် ပြည်ထောင်စုနေ့တွင် ၁၉၉၀ ရွေးကောက်ပွဲတွင် အရွေးခံခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင်၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားခေါင်းဆောင် (၁၀၈) ဦးတို့ လက်မှတ်ရေးထိုး၍ တရားဝင်မူကြမ်းအဖြစ် အတည်ပြုလက်ခံခဲ့သော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ သည်လည်းကောင်း၊ ဖက်ဒရယ်စနစ်၏ ကျန်အင်လက္ခဏာအရ သက္ကရာဇ် ၂၀၀၁ မှစတင်၍ ပြည်နယ်အသီးသီးက ရေးဆွဲပြင်ဆင်ကြသော ပြည်နယ် (၇) ခုမှ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) များသည်လည်းကောင်း မိမိတို့ ခွဲထွက်ရေးသမားများ မဟုတ်

ကြောင်း သက်သေထူလျှက်ရှိနေပါသည်။

## (ဂ) တရုတ်နိုင်ငံ၏အနေအထား

မိမိတို့ဆင်နွဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးအောင်မြင်ရေးကို အများဆုံး အဟန့်အတားပေးနေသည့် ပြင်ပပယောဂများအနက် တရုတ်နိုင်ငံသည် အကြီးဆုံး သော ခလုတ်တံသင်းတခု ဖြစ်နေပါသည်။ တရုတ်အစိုးရသည် ရှစ်လေးလုံးအရေး တော်ပုံကြီးနောက်ပိုင်း နဝတစစ်အစိုးရကို ဘက်ပေါင်းစုံမှကျားကန်ပေးခဲ့ရုံ သာမက၊ ၁၉၉၀ ရွေးကောက်ပွဲအပြီးတွင် ဒေါ်လာသန်းပေါင်းနှစ်ထောင် (ဒေါ်လာ နှစ်ဘီလီယံ) ကျော်တန်ဖိုးရှိ ခေတ်မှီလက်နက်ခဲယမ်းမီးကျောက်များနှင့် စစ်သုံးပစ္စည်းများ အကူ အညီပေးခဲ့သောကြောင့်၊ စစ်အစိုးရသည် ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံ အာဏာလွှဲပြောင်းရေးကို ပြောင်ပြောင်တင်းတင်း ငြင်းဆန်ရဲခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအပေါ်ထားရှိသော တရုတ်ကွန်မြူနစ်အစိုးရ၏ နိုင်ငံခြားရေး ပေါ်လစီကို ခြုံ၍သုံးသပ်ပါက၊ အာရှတိုက်ကြီးတခုလုံးသာမက ကမ္ဘာကြီးကိုပါ လွှမ်းမိုးသွားရေးဟူသော တရုတ်နိုင်ငံ၏မဟာအင်အားကြီးနိုင်ငံ “ဆူပါပါဝါ” ဖြစ် လာရေး ကြိုးပမ်းမှုအစိတ်အပိုင်းတခုဖြစ်ကြောင်းတွေ့ရမည် ဖြစ်ပါသည်။ တရုတ် နိုင်ငံအနေဖြင့် အာရှကုန်းတွင်းပိုင်းနိုင်ငံများသာမက၊ အိန္ဒိယသမုဒ္ဒရာကြီးကိုပါ ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံကို လက်ဝယ်ခံနိုင်ငံအဖြစ် အသုံးချကာ စစ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖက်ပေါင်းစုံမှ အခရာကျသော မဟာဗျူဟာမြောက် ဒေသ တခုအဖြစ် သတ်မှတ်ထားရန် ပြင်ဆင်လျှက်ရှိနေပါသည်။ ထို့ပြင် ယူနန်ပြည်နယ် အပါအဝင် တရုတ်ကုန်းတွင်းပိုင်းပြည်နယ်များ၏ ပင်လယ်ထွက်ပေါက်ရရှိရေးနှင့် ပါရှန်ပင်လယ်ကွေ့မှသယ်ဆောင်လာသော ရေနံများကို မလက်ဂါရေလက်ကြားမှ သယ်ယူပို့ဆောင်ရမည့်အစား မြန်မာဆိပ်ကမ်းများမှတဆင့် ပိုက်လိုင်းများဖြင့် သွယ်ယူပို့ဆောင်နိုင်ရေးသည် တရုတ်နိုင်ငံအတွက် အကျိုးကြီးမားလှသော စီးပွားရေးနှင့် စစ်ရေးလိုအပ်ချက်များ ဖြစ်နေပါသည်။ ထိုမျှမက မြန်မာနိုင်ငံ၏ မြေ ပေါ် မြေအောက်သယံဇာတပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ သဘာဝ ဓာတ်ငွေ့များနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများကို လက်တဆုပ်စာ ရှိသော နအဖစစ်ဗိုလ်ချုပ်များကို လာဘ်ပေး၍၎င်း၊ စစ်ရေးအကူအညီများကို မက်လုံးပေး၍၎င်း၊ အာဏာယစ်မူးအောင် သွတ်သွင်းစည်းရုံးပြီး မြန်မာနိုင်ငံကို တံခါးမရှိ ဓါးမရှိဝင် ရောက်ချယ်လှယ်အမြတ်ထုတ်နေပါသည်။ ထိုမျှ မကသေး တရုတ်လူမျိုးသန်းပေါင်းများစွာတို့သည် လာဘ်ပေးလာဘ်ယူမှုကြောင့် အမြင်ကန်း နေကြသော နအဖစစ်ဗိုလ်ချုပ်ကြီးများ၏ လုပ်ရပ်ကို မှောင်ရိပ်ခို၍ တရားမဝင်သော အလုပ် များကို တရားဝင်လုပ်ဘိသကဲ့သို့ မြန်မာနိုင်ငံထဲသို့ တရားမဝင်ခိုးဝင်နေကြ

ပါသည်။

မဟာအင်အားကြီးနိုင်ငံဖြစ်လာရေးအတွက် တရုတ်နိုင်ငံ၏ လတ်တလော လိုအပ်ချက်မှာ ဒေသဆိုင်ရာတည်ငြိမ်ရေး (Regional Stability) ပင်ဖြစ်ပါသည်။ ထို့ကြောင့် တရုတ်ပြည်တွင်းရေးသာမက ၎င်းတို့၏နယ်စပ်ဒေသတလျှောက်ကိုပါ တည်ငြိမ်အေးချမ်းစေလိုပါသည်။ အထူးသဖြင့် စီးပွားရေး၊ နိုင်ငံရေးနှင့် ဒေသဆိုင်ရာ လုံခြုံရေးရှုဒေါင့်သုံးရပ်စလုံးမှ အရေးကြီးသော မြန်မာနယ်စပ်တလျှောက်တွင် တိုက်ပွဲများဖြစ်ပေါ်နေခြင်း၊ ဒုက္ခသည်များ အလုံးအရင်းထွက်ပြေးတိမ်းရှောင်ခြင်း စသည့်တို့ကို မလိုလားပေ။ ထို့ကြောင့် တရုတ်မြန်မာနယ်စပ်ဒေသတလျှောက်တွင် တော်လှန်ရေးဆင်နွှဲနေကြသော KIO နှင့် SSA အပါအဝင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိအားအမျိုးမျိုးပေး၍ နဝတစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များကို အတင်းအကြပ်ဖိအားပေး၍ ချုပ်ဆိုစေခဲ့ပါသည်။ စစ်အေးကာလတလျှောက်လုံး ဝါဒရေးရာအရ တချိန်လုံးအကူအညီပေးခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီကိုပင် အထောက်အပံ့ရပ်ဆိုင်း၍ လက်နက်ကိုင်တော်လှန်းရေး ဆက်လက် ဆင်နွှဲရေးကို အားမပေးပဲပစ်ထားခဲ့လေသည်။

အခြားရှုဒေါင့်တခုမှ လေ့လာသုံးသပ်ကြည့်ပါက တရုတ်အစိုးရက နအဖစစ်အစိုးရကို တဖက်သတ်ကူညီပံ့ပိုးနေခြင်းသည် "ဝါဒရေး" ကြောင့်မဟုတ်ပေ။ တရုတ်နိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်သော "ဒေသဆိုင်ရာတည်ငြိမ်ရေး" ကို နဝတ နအဖစစ်အစိုးရက ထိန်းသိမ်းစွမ်းဆောင်ပေးနိုင်မည်ဟု ယူဆသောကြောင့် သူ့နိုင်ငံ၏ အမျိုးသားစီးပွားရေးအကျိုး (National Interest) ရှုထောင့်တခုတည်းဖြင့် ကူညီပံ့ပိုးခြင်းမျှသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးရေး၊ တိုင်းသူပြည်သားများ လွတ်လပ်စွာအသက်ရှင်နေထိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးများဘဝငြိမ်းချမ်းသာယာရေးတို့ကို တရုတ်က စိတ်ဝင်စားခြင်းမရှိပေ။ တိုင်းပြည်ကိုတည်ငြိမ်အောင် ထိန်းချုပ်နိုင်မည်ဟု သူထင်သော မည်သည့်အစိုးရမဆို တရုတ်အစိုးရအနေဖြင့် ကူညီပံ့ပိုးရန် အဆင်သင့်ရှိနေပါသည်။ ထိုကြောင့် မြန်မာနိုင်ငံတွင်မည်သည့် အစိုးရပင်တက်တက် တရုတ်အစိုးရ၏ အကျိုးစီးပွားကို အထောက်အကူပြုမည်ဆိုပါက တရုတ်အစိုးရအနေဖြင့် အားပေးထောက်ခံမည့်သဘော ရှိနေပါသည်။ ဤသို့ဖြင့် ၁၉၉၀ ပြည့်လွှန်နှစ်များတွင် ဗိုလ်ချုပ်ခင်ညွှန့်ကို အားပြုပြီး နဝတ–နအဖစစ်အစိုးရကို အကူအညီပေးခဲ့သည်။ သို့သော် ဗိုလ်ချုပ်ခင်ညွှန့် ရာထူးမှပြုတ်ပြီးနောက်၊ တရုတ်အနေဖြင့် အတော်အကြပ်ရိုက်ခဲ့ ပါသည်။ သို့သော် သူတို့လိုလားသော "တည်ငြိမ်ရေး" မျိုးကို ထိန်းသိမ်းပေးနိုင်မည့် အခြားအင်အားစု (ဝါ) အစိုးရမျိုးကို အစားထိုးရှာမရသောကြောင့် စစ်အစိုးရကိုသာ ပြန်လည်အားပေးထောက်ခံခြင်း ဖြစ်ဟန်တူပါသည်။ ယင်း သည် တရုတ်အစိုးရက မြန်မာနိုင်ငံအပေါ်ထားရှိသော

နိုင်ငံရေးပေါ်လစီ၏ အနှစ်ချုပ်ပင်ဖြစ်ပါသည်။

မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအနေဖြင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ်လက်ရှိထားရှိသော နိုင်ငံခြားရေးပေါ်လစီမှားယွင်းကြောင်း ထောက်ပြရန် လိုအပ်နေပါသည်။ မြန်မာနိုင်ငံ၏ အနှစ်ခြောက်ဆယ်ပြည်တွင်းစစ်ကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းပဲ၊ စစ်အစိုးရက လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် ဖိအားပေးခြင်းနှင့် နိုင်ငံရေးအနှစ်သာရမရှိသော အပစ်အခတ်ရပ်စဲခြင်းဖြင့် ရေရှည်တည်တံ့သောဒေသဆိုင်ရာတည်ငြိမ်မှုမျိုးရနိုင်မည် မဟုတ်ပေ။ မြန်မာနိုင်ငံကို စစ်တပ်အင်အားဖြင့် ဖိစီးပြီး အပေါ်ယံတည်ငြိမ်ခြင်းထက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းပြီးမှတည်ဆောက်သော "ငြိမ်းချမ်းရေး" သည်သာ တရုတ်မြန်မာနှစ်နိုင်ငံစလုံးအတွက် ရေရှည်အကျိုးပေးနိုင်မည်ဖြစ်ကြောင်း တရုတ်နားလည်အောင် ရှင်းပြရမည်ဖြစ်ပါသည်။ တရားမဝင်အစိုးရကို အားပေးထောက်ခံပြီး နှစ်နိုင်ငံကုန်သွယ်ရေးကို မှောင်ခိုစီးပွားရေးအလား ခိုးကြောင်ခိုးဝှက်လုပ်နေခြင်းထက် ပြည်သူလူထုရွေးကောက်တင်မြှောက်သော တရားဝင်အစိုးရနှင့် နှစ်နိုင်ငံကုန်သွယ်ရေးကို တရားဝင်ပြုလုပ်ပြီး နှစ်နိုင်ငံစလုံးမှ ပြည်သူလူထုတရပ်လုံး၏ အကျိုးစီးပွားကိုသယ်ပိုးခြင်းက ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးကို ပို၍ အားပေးကြောင်း တရုတ် သာမက အိမ်နီးချင်းနိုင်ငံများအားလုံး နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

တရုတ်နိုင်ငံအနေဖြင့် တကယ်တမ်း ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးကို လိုလားပါက ပြည်တွင်းငြိမ်းချမ်းရေး၊ တရားမျှတရေး နှင့် လူထုကိုတကယ်အကျိုးပေးသော တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆင်နွဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးကိုသာ အားပေးသင့်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆင်နွဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးကိုသာ အားပေးသင့်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားမျှတရေး နှင့် တိုးတက်ဖွံ့ဖြိုးရေးအစစ်အမှန်ကို ဒီမိုကစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနစ်ဖြင့်သာ တည်ဆောက်နိုင်ကြောင်း၊ သို့မှသာ ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးကို မြန်မာနိုင်ငံက အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရန် မိမိတို့မှာတာဝန်ရှိနေပါသည်။

### (ဃ) မိမိတို့ဆောင်ရွက်နေသော နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းများ၏ အားနည်းချက်နှင့်အားသာချက်များ

ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီး မိမိတို့၏နိုင်ငံတကာစည်းရုံးရေး လှုပ်ရှားမှုများ

ကို ပြန်လည်ဆန်းစစ်သောအခါ စစ်အစိုးရ၏လူ့အခွင့်အရေးချိုးဖောက်မှု၊ ဖွံ့ဖြိုးရေးကိုအကြောင်းပြု၍ မတရားသဖြင့်ပြည်သူလူထုတို့၏ အိုးအိမ်ဖျက်ဆီးမှု၊ ရပ်ရွာများအတင်းအဓမ္မရွှေ့ပြောင်းမှု၊ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများတွင် စစ်ရေးကိုအကြောင်းပြု၍ ပေါ်တာဆွဲမှု၊ တိုင်းရင်း သူအမျိုးသမီးများအား အဓမ္မပြုမုဒိမ်းကျင့်မှု၊ ဗုဒ္ဓဘာသာမဟုတ်သော အခြားဘာသာတရား — အထူးသဖြင့် ခရစ်ယာန်နှင့် မူဆလင် — များကို ညှင်းပန်းနှိပ်စက်ပိတ်ပင်မှု စသည်များကို နိုင်ငံတကာတွင်ဖွင့်ချ၍ ဆန့်ကျင်ကန့်ကွက်မှုများ ထိရောက်အောင်မြင်စွာပြုလုပ်နိုင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးလှုပ်ရှားမှုနှင့် လူ့အခွင့်အရေးတိုက်ပွဲများကို ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပနိုင်ငံများသမဂ္ဂ (EU)၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်စသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒီမိုကရေစီနိုင်ငံများက အပြည့်အဝထောက်ခံအားပေးရုံသာမက ဥရောပနှင့် မြောက်အမေရိကရှိ မြို့ကြီးများအပြင် အာဆီယံနိုင်ငံရှိ မြို့တော် နီးပါးတိုင်းတွင် မိမိတို့အရေးကို တစိုက်မတ်မတ်လုပ် ဆောင်ပေးသည့် အဖွဲ့အစည်းများ (Burma Campaign Groups) ပေါ်ထွန်းလာနေပါသည်။ ထို့ကြောင့် တချို့ပညာရှင်များက မိမိတို့၏လှုပ်ရှားမှုကို "နိုင်ငံတကာစည်းရုံးရေးစွမ်းဆောင်ရာ၌ သမိုင်းတွင်လောက်အောင် အောင်မြင်မှုရှိနေပါသည်" ဟု ကောက်ချက်ချနေကြပါသည်။

သို့ရာတွင် မိမိတို့၏နိုင်ငံတကာလှုပ်ရှားမှုများသည် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ဆန့်ကျင်ကန့်ကွက်သည့်အပိုင်းတွင် အောင်မြင်မှုရရှိသလောက်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အစဖော်ဆောင်ပေးခြင်း မရှိသေးပေ။ ထို့ကြောင့် မိမိတို့၏နိုင်ငံတကာစည်းရုံးလှုပ်ရှားမှု မဟာဗျူဟာ (International Campaign Strategy) ကိုပြန်လည်သုံးသပ်ရန်လိုအပ်မည် ဖြစ်ပါသည်။ ထိုသို့ သုံးသပ်ရာတွင် နိုင်ငံတကာမှမိမိတို့အပေါ်ထားရှိသော ပေါ်လစီနှင့် သဘောထားများကို ဦးစွာနားလည်ရန်လိုအပ်မည်ဟု ယူဆမိပါသည်။ နိုင်ငံတကာမှ မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် ထားရှိသောသဘောထားများကို အကြမ်းအားဖြင့် အနောက်နိုင်ငံမှ ထားရှိသောသဘောထားနှင့် အရှေ့နိုင်ငံများ — အထူးသဖြင့် မိမိတို့အိမ်နီးချင်းနိုင်ငံများမှ ထားရှိသောသဘောထားဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ အနောက်နိုင်ငံများအနေဖြင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ၎င်းတို့၏အခြေခံနိုင်ငံရေးမူဝါဒများအဖြစ်ခံယူထားပါသဖြင့် ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးကို "မူ" အားဖြင့်ထောက်ခံအားပေးနေပါသည်။ ထို့ကြောင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအခြေခံ၍ နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အတိုင်းအတာတခုအထိ အောင်မြင်သည်ဟု သုံးသပ်မိပါသည်။

တရုတ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများအပါအဝင် မိမိတို့အိမ်နီးချင်းနိုင်ငံများက

ကျွန်ုပ်တို့အပေါ်ထားရှိသော သဘောထားနှင့် ပေါ်လစီများမှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်ပေါ်လာရေးထက်၊ မြန်မာနိုင်ငံတွင် တည်ငြိမ်သောအစိုးရတရပ်ရှိရေးနှင့် ဒေသဆိုင်ရာတည်ငြိမ်ရေး (Regional Stability) ကိုသာ ဦးစားပေးနေပါသည်။

မိမိတို့အနေဖြင့် ဒေသဆိုင်ရာတည်ငြိမ်ရေးကို ဦးစားပေးနေသော အိမ်နီးချင်းနိုင်ငံများကို စည်းရုံးရာတွင် အားနည်းနေပါသေးသည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများအား ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်ပေါ် လာပြီးနောက်ပိုင်း မိမိတို့ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများက တိုင်းပြည်ကိုတည်ငြိမ်အောင်ထိန်းသိမ်းနိုင်ပြီး၊ ဒေသဆိုင်ရာတည်ငြိမ်ရေးကိုပါ အစွမ်းကုန်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း အလုပ်ဖြင့်သက်သေပြရန် လိုအပ်နေပါသည်။ မိမိတို့အိမ်နီးချင်းနိုင်ငံများ ကိုယ်ထိလက်ရောက်ကူညီပံ့ပိုးမှုမရှိပဲ အနောက်နိုင်ငံများကိုသာ အားကိုးမိပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အလွယ်တကူဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မိမိတို့အနေဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း အနောက်တိုင်းဒီမိုကရေစီနိုင်ငံများနှင့် ထိုဒေသများတွင် လှုပ်ရှားနေကြသော မြန်မာနိုင်ငံများအရေးလှုပ်ရှားသည့် (Campaign) အဖွဲ့များကို အားကိုးရုံမျှနှင့် မပြီးတော့ပေ။ အစိုးရများကို တိုက်ရိုက်ချဉ်းကပ်ရန်လည်း လိုအပ်နေပါသည်။ နိုင်ငံတကာအစိုးရများ— အထူးသဖြင့် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥပမာ အာဆီယံ၊ အီးယူ၊ ယူအဲန် စသည်များကို ဦးတည်စည်းရုံး၍ အသွင်ကူးပြောင်းရေးစတင်နိုင်ရေးအတွက် နည်းလမ်းများကို ရှာဖွေရပေမည်။

မိမိတို့ဆောင်ရွက်နေသော နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်များထဲတွင် မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) စတင်နိုင်ရေးအတွက် အထောက်အပံ့ပေးရေးဟူသော အချက်သည် အဓိကအကျဆုံးသောအချက်တခုဖြစ်ပါသည်။ မိမိတို့တိုင်းပြည်ကို မည်သို့မည်ပုံ ပြန်လည်ထူထောင်ရမည်ဟူသော နိုင်ငံရေး အကောင်အထည် (Substance) ကိစ္စအတွက် နိုင်ငံခြားအကူအညီမလိုပေ။ ယင်းသည် မိမိတို့၏တာဝန်သာဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေသော နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်သည် မိမိတို့အရေးပြဿနာကို တိုင်းတပါးသားလာ ရောက်ဖြေရှင်းပေးရန် တောင်းဆိုနေခြင်းမဟုတ်ပေ။ နအဖစစ်အစိုးရကို နိုင်ငံတကာအလယ်အတွင် သိက္ခာချခြင်းလည်းမဟုတ်ပေ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းဖြင့် ဖြေရှင်းရန်ခေါ်င်းမာနေသော စစ်အစိုးရကို အနုနည်းဖြင့်ရော ဖိအားပေးသည့်နည်းဖြင့်ပါ နိုင်ငံရေးစားပွဲခုံသို့ တွန်းပို့ပြီး တိုင်းပြည်၏အရေးပြဿနာများကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာနိုင်ရေးအတွက် နိုင်ငံတကာ၏အကူအညီကို ရယူနေခြင်းသာ ဖြစ်ပါသည်။

အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အစပြုနိုင်ရန် နိုင်ငံတကာအကူအညီကို နည်းလမ်းနှစ်မျိုးဖြင့် ရယူနိုင်ပါသည်။ ပထမတမျိုးမှာ — နိုင်ငံတကာအစိုးရများ နှင့် အဖွဲ့အစည်းများကို စုပေါင်း၍ချဉ်းကပ်သောနည်း (Multi-lateral Approach)၊ အခြားတမျိုးမှာ — နိုင်ငံတကာအစိုးရများ နှင့် အဖွဲ့အစည်းများကို သီးခြားစီဖြင့် တခုချင်းချဉ်းကပ်သောနည်း (Uni-lateral Approach) ပင်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် Uni-lateral Approach ရော၊ Multi-lateral Approach ပါ နည်းလမ်းနှစ်သွယ်ကို ကျင့်သုံးရန်လိုအပ်မည်ဟု ယူဆမိပါသည်။ စုပေါင်းချဉ်းကပ်နည်း (Multi-lateral Approach) ဟုဆိုရာ၌ ယခင် Bangkok Process ကဲ့သို့သော နိုင်ငံပေါင်းစုံနှင့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်သည့် ချဉ်းကပ်မှုမျိုးဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အီးယူ၊ အမေရိကန်နှင့် ယူအဲန် စသည်တို့ကို ပြိုင်တူချဉ်းကပ်၍ မိမိတို့တိုင်းပြည်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး စတင်နိုင်ရေးကို ဝိုင်းဝန်းအဖြေရှာသောနည်း ဖြစ်ပါသည်။ ထိုသို့အဖြေရှာနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂဦးဆောင်မှုအောက်တွင် နိုင်ငံတကာပါဝင်သော Multi-party Talks on Burma ကိုကျင်းပနိုင်ရန် တိုင်းရင်းသားလူမျိုးများကောင်စီက ကြိုးပမ်းနေပါသည်။

Uni-lateral Approach ဆိုသည်မှာ — နိုင်ငံတခုချင်းအလိုက်ကို မိမိတို့နိုင်ငံအရေးတွင် သူတို့စိတ်ပါဝင်စားလာအောင်လုပ်ဆောင်သောနည်း ဖြစ်ပါသည်။ အထူးသဖြင့် မိမိတို့၏အိမ်နီးချင်းနိုင်ငံများကို ဤနည်းဖြင့် စတင်ချဉ်းကပ်သင့်ပါသည်။ မိမိတို့တိုင်းပြည်တွင် ကြုံတွေ့ရသော နိုင်ငံရေးအကြပ်အတည်းကြောင့် အိမ်နီးချင်းနိုင်ငံများ၏ အမျိုးသားလုံခြုံရေးနှင့် (National Security) နှင့် အမျိုးသားအကျိုးစီးပွား (National Interest) မည်မျှ ထိခိုက်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းပြည်တွင် ဒီမိုကရေစီနှင့် နိုင်ငံတော်ကိုငြိမ်းချမ်းစွာထူထောင်ခြင်းအားဖြင့် မည်မျှမည်ရွေ့ နှစ်ဦးနှစ်ဖက် အကျိုးရှိကြောင်း ရှင်းလင်းတင်ပြသော ချဉ်းကပ်နည်းဖြစ်ပါသည်။ ဥပမာ ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲ (War on Drug) ကိုဆင်နွှဲနေသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်ရာ မူလရင်းမြစ်သည် မြန်မာနိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီမထွန်းကားမခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးမရမခြင်း၊ မူးယစ်ဆေးဝါးပြဿနာကင်းရှင်း၍ရမည် မဟုတ်ကြောင်းကို ရှင်းလင်းတင်ပြပြီး၊ ဒီမိုကရေစီအရေးတော်ပုံကို အားပေးစေသော နည်းလမ်းမျိုးဖြစ်ပါသည်။ ထိုနည်းတူ အိန္ဒိယနိုင်ငံ၏အမျိုးသားအကျိုးစီးပွား (National Interest) ဖြစ်သော သဘာဝဓါတ်ငွေ့၊ တရုတ်၏ အကျိုးစီးပွားဖြစ်သော ယူနန်နယ်မှပင်လယ်ရေကြောင်း ထွက်ပေါက်ရရှိရေးစသည်များကို ချဉ်းကပ်ဆွေးနွေး၍ မိမိတို့ဖက်ပါလာရေးကို ဆွဲဆောင်သင့်ပါသည်။

မိမိတို့အနေဖြင့် Uni-lateral Approach နှင့် Multi-lateral Approach နှစ်မျိုး

စလုံးကို ပြိုင်တူကျင့်သုံးသင့်ပါသည်။ နိုင်ငံတကာတခုချင်း၊ နိုင်ငံတကာအဖွဲ့အစည်း တခုချင်းကို ပထမစည်းရုံးနားချ၍ စည်းရုံး၍ရရှိလာသော နိုင်ငံများစုပေါင်းသည့် နိုင်ငံတကာဖြစ်စဉ်များကိုလည်း ထပ်ဆင့်ဖန်တီးနိုင်ပါသည်။ ဤနည်းဖြင့် နိုင်ငံပေါင်းစုံ၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံပါဝင်သော ဖြစ်စဉ် (Process) တခုဖြစ်လာနိုင်ပါသည်။ နိုင်ငံတကာတွင် မိမိတို့ကိုထောက်ခံကူညီမည့် Pressure Groups များကို ဖန်တီးစည်းရုံးခြင်းနှင့် နိုင်ငံတကာအစိုးရများအဖွဲ့အစည်းများထံ မိမိတို့ကိုယ်တိုင် လိုက်လံစည်းရုံးခြင်း နည်းလမ်းများအပြင်၊ သံတမန်များ၊ တတ်သိပညာရှင်များနှင့် သုတေသီများအပါအဝင် အခြားကျွမ်းကျင်သူများကို စည်းရုံးချဉ်းကပ် (Track Two Diplomecy) ကိုလည်း အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင် သင့်ပါသည်။

ထို့အပြင် နိုင်ငံတကာအစိုးရများမှ မြန်မာနိုင်ငံအပေါ်ထားရှိသော နိုင်ငံခြားရေးပေါ်လစီများ နည်းမှန်လမ်းမှန်ဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့၏အခြေအနေမှန်နှင့် မှန်မြတ်မှန်ကန်သော ရည်မှန်းချက်များကို စာတမ်းများရေးသားပြီး ပြည်တွင်းပြည်ပသုတေသီများနှင့် လက်တွဲဆောင်ရွက်ခြင်းသည်လည်း အလွန်ပင်အရေးကြီးလှပါသည်။ သို့မှသာ Track Two Diplomacy ကိုထိရောက်မြန်ဆန်စွာ အသုံးချနိုင်လိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် Track Two Diplomacy ကိုထိရောက်စွာအသုံးချနိုင်ရေးအတွက် ပြည်တွင်းပြည်ပပညာရှင်များ၊ သုတေသီများ၊ သံတမန်များနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များပါဝင်သော နိုင်ငံတကာနီးနှောဖလှယ်ပွဲတရပ်ကို အမြန်ဆုံးကျင်းပရန် အမြန်ဆုံးကြိုးပမ်းသွားမည်ဖြစ်ပါသည်။

## တတိယပိုင်း

## မိမိတို့အခြေအနေမှန်ကိုသုံးသပ်တင်ပြခြင်း

လက်ရှိနိုင်ငံရေးအခြေအနေကို မိမိတို့ရှုဒေါင့်မှချဉ်းကပ်သုံးသပ်ရာ၌ အရေးကြီးသော ရှုဒေါင့်နှစ်ရပ်ရှိပါသည်။ ယင်းတို့မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မိမိတို့ကိုယ်တိုင်ဖန်တီးထားသော အခြေအနေနှင့် အခြားတခုမှာ မိမိတို့ကိုယ်တိုင်ဖန်တီးခြင်းမဟုတ်ဘဲ ပြင်ပ ပယောဂကြောင့် မိမိတို့အပေါ် အပြဋ္ဌာန်းခံနေရသော အခြေအနေတို့ပင်ဖြစ်ပါသည်။ မိမိတို့ ကိုယ်တိုင်ဖန်တီးထားသောအခြေအနေဟုဆိုရာ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မိမိတို့မည်ရွေ့မည်မျှ ပြင်ဆင်မှုပြုလုပ်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ ပြင်ပ ပယောဂကြောင့် ဖြစ်ပျက်သော အခြေအနေတွင် ရန်သူ၏ စစ်ရေး၊ နိုင်ငံရေးအရ ထိုးစစ်ဆင်မှုများ၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ ပယောဂကြောင့် မိမိတို့ရင်ဆိုင်နေရသော အခြေအနေများအပြင်၊ လူလုပ်မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်အခြေအနေများ၏ ဖန်တီးပြဋ္ဌာန်းမှု

ကြောင့် မိမိတို့အပေါ်ကျရောက်နေသော အခြေအနေများလည်း ပါဝင်နေပါသည်။

ပထမဦးဆုံးအနေဖြင့် — ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မိမိတို့ပြင်ဆင်မှုကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများကို လေ့လာသုံးသပ်ရန် လိုအပ်နေပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မိမိတို့၏ပြင်ဆင်မှုဟုဆိုရာ၌လည်း အပိုင်း (၂) ပိုင်းခွဲ၍ လေ့လာသုံးသပ်ရန် လိုအပ်နေပါသည်။ ပထမပိုင်းမှာ — မိမိတို့နိုင်ငံရေးပန်းတိုင်ဖြစ်သော "ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး" တို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖွဲ့စည်းတူထောင်ရေးအတွက် ပြင်ဆင်မှုပင်ဖြစ်ပါသည်။ နိုင်ငံရေးပန်းတိုင်အတွက် ပြင်ဆင်ခြင်းကို နိုင်ငံရေးသိပ္ပံပညာရှင်များက နိုင်ငံရေးအကောင်အထည် (Substance) အတွက် ပြင်ဆင်ခြင်းဟု ခေါ်ဝေါ်သမုတ်ကြပါသည်။

ဒုတိယပြင်ဆင်မှုမျိုးမှာ — မိမိတို့ရွေးချယ်ထားသော နိုင်ငံရေးပန်းတိုင်သို့ ရောက်ရှိချိတက်နိုင်ရေးအတွက် ရွေးချယ်ထားသော "မဟာဗျူဟာ" ကိုအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ချက်များပင် ဖြစ်ပါသည်။ ထိုသို့ မဟာဗျူဟာနှင့် နည်းဗျူဟာများဖြစ်မြောက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းမှုများကို နိုင်ငံရေးဖြစ်စဉ် (Process) အတွက် ပြင်ဆင်ခြင်းဟု ခေါ်ဝေါ်လေ့ရှိပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်ပေါ်လာနိုင်ရေးအတွက် Substance ရော Process ပါ နှစ်ခုစလုံးအရေးကြီးပါသည်။ Process ကိုအစမပြုနိုင်ဘဲ၊ Substance တခုတည်းအတွက်ပြင်ဆင်ပါက နိုင်ငံရေးအိပ်မက်မက်ခြင်းနှင့် တူပြီး၊ လက်တွေ့အကောင်အထည်ဖော်နိုင်လိမ့်မည် မဟုတ်ပေ။ တဖက်တွင်လည်း Substance အတွက် ပြင်ဆင်မှုမရှိဘဲ၊ Process တခုတည်းကိုသာ အာရုံစိုက်လုပ်ဆောင်ပါက နိုင်ငံရေးဆန္ဒစောမှုသက်သက်သာဖြစ်ပြီး၊ ခရီးဆုံးကို လက်ချည်းဗလာသက်သက်ဖြင့် ဆိုက်ရောက်သွားနိုင်ပါသည်။ ထိုကြောင့် Substance နှင့် Process နှစ်ခုလုံးအတွက် ဟန်ချက်ညီညီ ပြင်ဆင်မှုပြုလုပ်ရန် လိုအပ်ပါသည်။ တနည်းအားဖြင့်ဆိုရပါက — "မဟာဗျူဟာ" မရှိသော နိုင်ငံရေးပန်းတိုင်သည် စိတ်ကူးယဉ်အိပ်မက်မျှသာဖြစ်၍၊ ဦးတည်ချက်ပန်းတိုင်မရှိသော "မဟာဗျူဟာ" သည်လည်း ဆန္ဒစွဲကိုအခြေပြု၍ လုပ်ဆောင်ရသော နိုင်ငံရေးမျှသာဖြစ်၍ လက်တွေ့အကောင်အထည်ဖော်စရာ အကြောင်းခြင်းရာရှိနိုင်ဦးမည် မဟုတ်ပေ။

## (က) အနာဂတ်အတွက်ပြင်ဆင်မှုများ (ဝါ) Substance ကိုပြင်ဆင်ခြင်း

မိမိတို့တိုင်းရင်းသားလူမျိုးများအနေဖြင့် အနှစ်ငါးဆယ်ကျော်ကာလအတွင်း ကြုံတွေ့ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာယူ၍ ရှေ့ဆက်ခရီးတွင်

"ပန်းတိုင်နှင့်မဟာဗျူဟာ" နှစ်ခုစလုံးကို အချိတ်အဆက်မိမိလုပ်ဆောင် သွားနိုင်ရန် လိုအပ်ပါသည်။

လွတ်လပ်ရေးအကြိုကာလတွင် အများစုသောတိုင်းရင်းသားလူမျိုးများသည် "မိမိတို့ဘိုးဘွားပိုင်နယ်မြေများကို မိမိတို့ကိုယ်ပိုင်လွတ်လပ်စွာ အုပ်ချုပ်စီမံလိုသည်" ဟူသော ခံယူချက်သာရှိ၍ မိမိတို့လိုလားသော အုပ်ချုပ်ရေးစနစ်ကို မည်သို့မည်ပုံ ဖန်တီးအကောင်အထည်ဖော်သွားမည်ဟူသော နိုင်ငံရေးပန်းတိုင်ကို တိကျပြတ်သားစွာ သတ်မှတ်နိုင်ခြင်းမရှိခဲ့ချေ။ ထိုကြောင့် ပန်းတိုင်ဝေဝါးနေခဲ့ပါသည်။ တနည်းအားဖြင့်ဆိုပါက — လူမျိုးပေါင်းစုံရောနှောနေထိုင်သော ပြည်ထောင်စုစနစ်ကို ထူထောင်သောအခါ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ် (ဝါ) ပြည်ထောင်များကို မိမိတို့ကိုယ်ပိုင်လွတ်လပ်စွာ အုပ်ချုပ်စီမံနိုင်ရန်အတွက် မည်ရွေ့မည်မျှ အာဏာလက်ဝယ်ထားရှိမည်ဟူသောအချက်နှင့် ပြည်ထောင်စုအတိုင်းအတာဖြင့် စုပေါင်းသောအခါ ပြည်ထောင်စုအစိုးရကို မည်ရွေ့မည်မျှအာဏာပေးအပ်ရမည်ဟူသော အချက်များရှင်းလင်းစွာ ခွဲခြမ်းစိတ်ဖြာနိုင်ခြင်း မရှိခဲ့ပေ။

ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ထိုအမျိုးသားပြည်နယ်များပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုကိုစုပေါင်းအုပ်ချုပ်သည့် (Shared-rule) နှစ်မျိုးကိုပေါင်းစပ်ထားသော စနစ်ဖြစ်သောကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုသာမက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေမှု (Division of Powers) မည်သို့မည်ပုံထားရှိရမည် ဟူသောအချက်ကို အထူးအလေးထားသင့်ပါသည်။ သို့သော် ယင်းအချက်များကို လွတ်လပ်ရေးအကြိုကာလများတွင် တိုင်းရင်းသားခေါင်းဆောင်များက ရှင်းလင်းပြတ်သားစွာ တောင်းဆိုနိုင်ခြင်းမရှိသောကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာပြဋ္ဌာန်းထားခြင်း မရှိခဲ့ချေ။

လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ကျော်ကြာလာသောအခါ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းခေါ်ယူ ကျင်းပခဲ့သည့် "တောင်ကြီးညီလာခံ" နှင့် ၎င်း၏အဆက်ဖြစ်သော ၁၉၆၁ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော "ဖက်ဒရယ်နှီးနှောဖလှယ်ပွဲ" "Federal Seminar" များတွင်လည်း ထိုအားနည်းချက်များ အနည်းနှင့်အများ ပြန်ပါလာနေပါသေးသည်။ **"ပြည်နယ်များညီညွတ်ရေးအဖွဲ့"** မှတင်သွင်းသည့် **"ပြည်ထောင်စုစစ်စစ်မူ"** ကိုသေချာစွာလေ့လာဆန်းစစ်ပါက ပြည်ထောင်စုကြီးကို မည်သို့မည်ပုံစုပေါင်းအုပ်ချုပ်ရမည် ဟူသော (Shared-rule) နှင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား မည်သို့မည်ပုံအာဏာခွဲဝေရမည်ဟူသော (Division of Powers) ကို ဦးစားပေးတင်

ပြသည်ကမျှား၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏လက်ဝယ်၌ မည်ကဲ့သို့သော အာဏာများထားရှိသင့်သည် ဟူသောအချက်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝ ရှိသော ပြည်နယ်များဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားပြည်နယ်များ၏ ကိုယ်ပိုင် အုပ်ချုပ်ရေး (Self-rule) ကို မည်သို့မည်ပုံအားဖြည့်ဆောင်ရွက်သင့်သည် ဟူသော အချက်မပါရှိပေ။ တနည်းအားဖြင့်ဆိုပါက ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင် သွင်းသော "ပြည်ထောင်စုစစ်စစ်မှု" တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားလွတ်လပ်စွာရေးဆွဲပြဌာန်းရေး ဟူသောအချက်မပါရှိပေ။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထူထောင်အပ်သော ပြည်နယ် လွှတ်တော်ဖွဲ့စည်းရေး၊ ပြည်နယ်အစိုးရများ ဖွဲ့စည်းရေးနှင့် ပြည်နယ်တရားရုံးချုပ် များ ဖွဲ့စည်းထူထောင်ရေးကိစ္စရပ်များကို တင်ပြခြင်း မပြုခဲ့ကြပေ။ ဤသို့ဖြင့် ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်သွင်းခဲ့သော အဆိုသည် အမည်နာမအားဖြင့် "ပြည်ထောင်စုစစ်စစ်မှု" ဟုခေါ် ဆိုပါသော်လည်း လက်တွေ့တင်ပြချက်များထဲတွင် စစ်မှန်သောပြည်ထောင်စုစနစ်၏ အရေးကြီးသော ဂုဏ်အင်္ဂါတချို့ ကျန်ရစ်သွား ခဲ့ပါသည်။ ထို့ကြောင့် ဖက်ဒရယ်လှုပ်ရှားမှုပန်းတိုင်သည်လည်း ရှင်းလင်းသင့် သလောက်မရှင်းလင်းပဲ မှုန်မှုန်ဝါးဝါးဖြစ်ခဲ့ရပါသည်။

ရှစ်လေးလုံးအရေးတော်ပုံ ပေါ်ပေါက်ပြီးသည့်နောက်ပိုင်း မိမိတို့၏ တိုင်းရင်း သားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအနေဖြင့် အရေးတော်ပုံကြီး၏အန္တိမ ပန်းတိုင်ဖြစ်သော **"စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု"** တည်ဆောက်ရေးအ တွက် ပြင်ဆင်မှုများပို၍ ကြည်လင်ပြတ်သားလာပါသည်။ ပထမကာလပိုင်းတွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများအကြား သဘောတူညီချက် စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း၊ (ဥပမာ — ပိုလ်အောင်ကျော်လမ်းကြေညာချက်၊ မာနယ်ပလောသဘောတူစာချုပ်၊ မယ်သရောထာသဘောတူစာချုပ်နှင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းသောအခါ အခြေခံရမည့် လမ်းညွှန်အခြေခံမှုများ အပေါ် သဘောတူစာချုပ် ... ... စသည်များ) နှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းများ ပါဝင်နေပါသည်။ ယခုအခါ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော "Federal Constitution Drafting and Coordinating Committee" (FCDCC) အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို သက္ကရာဇ် ၂၀၀၅ ခုနှစ်မှ စတင်ရေးဆွဲပြီး ပထမမူကြမ်းကို သက္ကရာဇ် ၂၀၀၆ ခုနှစ် ဧပြီလတွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ၏ တပ်ပေါင်းစုများသာမက လူထု အခြေပြုအဖွဲ့အစည်းများပါတက်ရောက်ခဲ့ကြသော "ဖက်ဒရယ်ညီလာခံ" ကြီးတွင် အတည်ပြုနိုင်ခဲ့ပါသည်။ ထိုရလာဒ်ကို အခြေပြု၍ ဒုတိယမူကြမ်းကို သက္ကရာဇ်

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုကိုယ်စားလှယ်များက တညီတညွတ်တည်း အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

တဖက်တွင် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းများဆောင်ရွက်နေသကဲ့သို့၊ အခြားတဖက်တွင်လည်း တိုင်းရင်းသားလူမျိုးများကောင်စီနှင့် ယင်း၏အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့၏ ဦးဆောင်မှုဖြင့် ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကို သက္ကရာဇ် ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ပြည်နယ် (၇) ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့သည်သာမက၊ "ဗမာပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေးလေ့လာရေးအဖွဲ့" "Burman State Constitution Study Group" လည်းပေါ်ထွက်လာပြီးဖြစ်ပါသည်။ ပြည်နယ် (၇) ခုစလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) များလည်း ရေးဆွဲပြီးစီးနေကြပြီး ဖြစ်ပါသည်။ ထို့ ကြောင့် မိမိတို့ဆင်နွှဲနေသော တော်လှန်ရေး၏အန္တိမပန်းတိုင်ဖြစ်သည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" ဖွဲ့စည်းရေးအတွက် မိမိတို့အနေဖြင့် လုံလောက်သော ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။ တနည်းအားဖြင့် Substance အတွက်ပြင်ဆင်မှုများ အတော်အတန်ပြုလုပ်နေပြီဖြစ်သည်ဟု သုံးသပ်၍ရမည်ဖြစ်ပါသည်။

## (ခ) အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အတွက်ပြင်ဆင်မှုများ

မိမိတို့အနေဖြင့် နိုင်ငံရေးအကောင်အထည်ဖော်ဆောင်မှု (Substance) အတွက် ပြင်ဆင်မှုများပြုလုပ်နေသလို၊ အခြားတဖက်တွင်လည်း အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အတွက်ပါ လိုအပ်သောပြင်ဆင်မှုများကိုလည်း အတတ်နိုင်ဆုံးဆောင်ရွက်လျှက် ရှိနေပါသည်။ မိမိတို့အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အတွက် ပြင်ဆင်မှုအားလုံးသည် မိမိတို့ရွေးချယ်ထားသော မဟာဗျူဟာဖြစ်သည့် **"နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး"** ဟူသော **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ"** ဖြစ်ပေါ်လာရေး **"မူ"** ပေါ်တွင် အခြေခံနေပါသည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ **"မူ"** သည်လည်း ၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်ကြီးအပေါ်တွင် အခြေစိုက်ထားပါသည်။

အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်း

သားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သောကြိုးပမ်းမှု လုပ်ငန်းစဉ်ပထမခြေလှမ်းအဖြစ် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းများထဲမှ အကြီးမားဆုံး တပ်ပေါင်းစု နှစ်ခုဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့ကိုအခြေခံ၍ ပူးတွဲလုပ်ငန်းကော်မတီ (UNLD-LA & NDF Joint Action Committee) ကိုသက္ကရာဇ် ၂၀၀၁ မတ်လတွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော "ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ" ကြီးတွင် (UNLD-LA & NDF Joint Action Committee) ထက်ပို၍ ကျယ်ပြန့်သော "တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ"(ENSCC) ကိုကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ENSCC ကို အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာ (Mandate) မှာ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးပင် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ENSCC သည် အသွင်ကူးပြောင်းရေး (Process) ဖြစ်ပေါ်လာရေးအတွက် ဖွဲ့စည်းထားသော ကော်မတီတရပ် ဖြစ်ခဲ့ပါသည်။

ENSCC အနေဖြင့် အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ဖြစ်ပေါ်လာနိုင်ရေးအတွက် လုပ်ငန်းစဉ်မျိုးစုံကိုချမှတ်၍ ကြိုးပမ်းမှုများပြုလုပ်သွားခဲ့ပါသည်။ ENSCC ၏ ပထမခြေလှမ်းအဖြစ် "ပင်လုံစိတ်ဓာတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးလုပ်ငန်းစီမံချက်" "The New Panglong Initiative: Rebuilding the Union of Burma" ကို သက္ကရာဇ် ၂၀၀၁ တွင်စတင်နိုင်ခဲ့ပါသည်။ ENSCC ၏ The New Panglong Initiative လှုပ်ရှားမှုသည် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူလူထုတရပ်လုံး၏ ထောက်ခံအားပေး မှုသာမက၊ နိုင်ငံတကာ၏ ထောက်ခံအားပေးမှုကိုလည်း အပြည့်အဝရရှိနိုင်ခဲ့ပါသည်။ အထူးသဖြင့် ENSCC ဥက္ကဋ္ဌကြီး စောဘသင်စိန်နှင့် ဒု-ဥက္ကဋ္ဌကြီး ခူထဲဘူဖဲ တို့၏ ဦးဆောင်မှုဖြင့် သက္ကရာဇ် ၂၀၀၁ ခု ဒီဇင်ဘာလတွင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့တွင် The New Panglong Initiative လှုပ်ရှားမှု (Campaign) ကို နိုဘယ်ငြိမ်းချမ်းရေးဆုပေးပွဲ ရာပြည့်သဘင်နှင့် ဒေါ်အောင်ဆန်းစုကြည်ကို နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်း ဆယ်နှစ်ပြည့်အခန်းအနားနှင့် ကြုံကြိုက်၍ လုပ်ဆောင်နိုင်ခဲ့သောကြောင့် အောင်မြင်မှုပို၍ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ENSCC ၏ The New Panglong Initiative လှုပ်ရှားမှုကြောင့် ယခုအခါ နိုင်ငံတကာအင်အားစုများဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ အီးယူ တို့သာမက၊ အာရှနိုင်ငံများဖြစ်ကြသော ဂျပန်၊ တရုတ်၊ အိန္ဒိယနှင့် အာစီယံအဖွဲ့ဝင်နိုင်ငံများကပါ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို လေးစားအသိအမှတ်ပြုလာကြပါသည်။ ယခင်က

တိုင်းရင်းသားလူမျိုးများတို့၏ လက်နက်ကိုင်တော်လှန်ရေးကို "အကြမ်းဖက်သမားများ၊ ခွဲထွက်ရေးသမားများ" ဟု ကင်ပွန်းတပ်ခံခဲ့ရာမှ ယခုအခါ တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တခုလုံးတွင် မပါလျှင်မပြီးသော အဓိက နိုင်ငံရေးအင်အားစုအဖြစ် လေးစားအသိအမှတ်ပြုခြင်းကို ခံနေရပြီဖြစ်ပါသည်။

The New Panglong Initiative လှုပ်ရှားမှုအောင်မြင်မှုအရှိန်အဟုန် ကိုယူ၍ ENSCC အနေဖြင့် သက္ကရာဇ် ၂၀၀၃ ခုတွင် တဆင့်တက်၍ နိုင်ငံရေးလှုပ်ရှားမှု တရပ်ကို ဖန်တီးအကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ပါသည်။ ယင်း လှုပ်ရှားမှုကို "Ethnic Initiative for Tripartite Dialogue" "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ ကြိုးပမ်းအားထုတ်မှု" ဟု ကင်ပွန်းတပ်ခဲ့ပါသည်။ ယင်းကို အတိုကောက်အားဖြင့် "Ethnic Initiative" ဟုခေါ်တွင်စေခဲ့ပါသည်။ Ethnic Initiative ကိုအခြေခံ၍ သက္ကရာဇ် ၂၀၀၃ စက်တင်ဘာလတွင် "Road Map for Rebuilding the Union of Burma" ကိုထုတ်ပြန်နိုင်ခဲ့ပါသည်။ သို့ရာတွင် ENSCC ၏ Ethnic Initiative နှင့် Road Map တို့ကို မမျှော်လင့်သောရှုဒေါင့်မှ အကြီးအကျယ်တိုက်ခိုက်ဝေဖန်ခြင်း ခံခဲ့ရပါသည်။ အထူးသဖြင့် မိမိတို့၏ဖက်တော်သားများဟု အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်ခဲ့သော ဒီမိုကရေစီအင်အားစုများကပါ Ethnic Initiative ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း ဝမ်းနည်းစွာကြုံတွေ့ခဲ့ရပါသည်။ ယင်းသို့ ဒီမိုကရေစီအင်အားစုများက Ethnic Initiative နှင့် Road Map ကို မည်သည့်အတွက်ကြောင့် ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်းကို သေချာစွာလေ့လာ သုံးသပ်ကြည့်သောအခါ အောက်ပါအချက်များပါဝင်ကြောင်း တွေ့ရှိနိုင်ပါသည်။

ပထမအချက်မှာ — Ethnic Initiative ဆိုသောစကားလုံးကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုသွားခဲ့ကြသောကြောင့် ဖြစ်ပါသည်။ Ethnic Initiative ကို "တိုင်းရင်းသားလူမျိုးများ၏ အစပျိုးကြိုးပမ်းဆောင်ရွက်ချက်" ဟုမမြင်ဘဲ၊ "တိုင်းရင်းသားလူမျိုးများက ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုဘဲ သီးခြားဆောင်ရွက်သွားမည်" ... ဟု မှားယွင်းစွာအဓိပ္ပာယ်ဖွင့်ဆို ခဲ့ကြပါသည်။

ဒုတိယအချက်မှာ — ENSCC ၏လုပ်ဆောင်ချက်များသည် အန္တိမပန်းတိုင် (Substance) အတွက်လုပ်ဆောင်ခြင်းလား၊ ဖြစ်စဉ် (Process) အတွက် လုပ်ဆောင်ခြင်းလား ဟူသောအချက်ကို မဝေခွဲနိုင်သောကြောင့် ဖြစ်ပါသည်။ တနည်းအားဖြင့် Substance နှင့် Process ကိုရောထွေးနေခြင်း ပြဿနာပင်ဖြစ်ပါသည်။ ထိုအမြင် မှားယွင်းမှုကြောင့် ဒီမိုကရေစီအင်အားစုများ သာမက၊ မိမိတို့တိုင်းရင်းသားလူမျိုးစု ထဲမှ ခေါင်းဆောင်အတော်များများကပါ ENSCC ၏လုပ်ဆောင်ချက်များကို ဆန့်

ကျင်ကန့်ကွက်လာကြပါသည်။ ဖြစ်စဉ် (Process) ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်ခြင်းကို တော်လှန်ရေးပန်းတိုင်ဖြစ်သော နိုင်ငံရေးအကောင်အထည် (Substance) တွင်ပါ အပေးအယူလုပ်သွားကြမည်လော ... ဟု စိုးရိမ်စိတ်ဖြင့် ကန့်ကွက်ခဲ့ကြပါသည်။ ယင်းကဲ့သို့သော ဆန့်ကျင်ကန့်ကွက်မှုများကြောင့် ENSCC ၏ Ethnic Initiative မအောင်မြင်ခဲ့ချေ။

တတိယအချက်မှာ — တချို့သော ဒီမိုကရေစီအင်အားစုခေါင်းဆောင်များက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တိုင်းရင်းသားလူမျိုးများ အဓိကအခန်းကဏ္ဍမှပါဝင်ရေးကို မလိုလားမရှုစိမ့်နိုင်ကြပေ။ ထို့ကြောင့် "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး" ဟူသောပေါ်လစီကို လက်ခံကြပါလျက်နှင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ကိုလက်မခံကြပေ။ ထို့ကြောင့် NLD ပြောရေးဆိုခွင့်ရှိသူပုဂ္ဂိုလ်တဦးက "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ကို လက်မခံကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် ယခုကာလတွင် ဆိတ်ငြိမ်စွာစောင့်စားသင့်ကြောင်း ပြောကြားသွားခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် အခြေစိုက်နေထိုင်နေသော ကျောင်းသားခေါင်းဆောင်တဦးကလည်း — တိုင်းရင်းသားလူမျိုးများအနေဖြင့် "Ethnic Initiative" ယူတာမှားယွင်းကြောင်း၊ ယခုအချိန်တွင် ဒီမိုကရေစီအရေးကိုသာ ဦးစားပေးသင့်ကြောင်း ထုတ်ဖော်ရေးသားခဲ့ပါသည်။

စတုတ္ထအချက်မှာ — တချို့သောဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများထဲမှ ခေါင်းဆောင်တချို့သည် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" အပါအဝင် "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး" ဟူသော ပေါ်လစီကို မယုံကြည်ကြပေ။ ရန်သူနှင့်ကိုယ်ကြေသူကြေတိုက်ခိုက် အနိုင်ယူနည်းကိုသာ ယုံကြည်နေကြပါသည်။ တနည်းအားဖြင့်ဆိုပါက — Negotiated Settlement နှင့် A Win-Win Solution ကို မယုံကြည်ဘဲ Zero-Sum Game ကိုသာ လက်ခံနေကြပါသည်။ ထို့ကြောင့် ENSCC ၏ Ethnic Initiative နှင့်တကွ၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများက ကြိုးပမ်းဆောင်ရွက်နေသော "အမျိုးသားပြန်လည်သင့်မြတ်ရေး" "National Reconciliation Process" ကိုလည်း ပယ်ချခဲ့ကြပါသည်။ ထို အမြင်ရှိသူများအနေဖြင့် ရန်သူနှင့်တွေ့ဆုံဆွေးနွေးရေး ဟူသမျှကိုလည်း တရားသေပယ်ချသွားကြပါသည်။ နယ်ဆင်မင်ဒဲလား ပြောဆိုခဲ့သကဲ့သို့ ငြိမ်းချမ်းရေးကိုရန်သူနှင့်သာ ဆွေးနွေးဖန်တီးရမည် ဖြစ်သောကြောင့်၊ ရန်သူနှင့် တွေ့ဆုံဆွေးနွေးရေးကိုပယ်ချခြင်းသည် နိုင်ငံရေးကိုငြိမ်းချမ်းသော နည်းဖြင့် အဖြေရှာရာတွင် အခက်အခဲဖြစ်စေခဲ့ပါသည်။

ပဉ္စမအချက်မှာ — အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ကို အများဆုံး အဟန့်အတားဖြစ်စေသောအချက်မှာ နအဖစစ်အစိုးရအနေဖြင့် "သုံးပွင့်ဆိုင်

တွေ့ဆုံဆွေးနွေးရေး" အပါအဝင် အဓိပ္ပာယ်ရှိသောနိုင်ငံရေးဆွေးနွေးမှုများအားလုံးကို ပယ်ချခြင်းပင်ဖြစ်ပါသည်။ ရန်သူအနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို လက်မခံနိုင်ခြင်းသည် သူတို့အတွက် အဓိပ္ပာယ်ရှိကောင်းရှိပါလိမ့်မည်။ အကြောင်းမှာ ရန်သူ၏အားနည်းချက်ရှိသော မဟာဗျူဟာမှာ "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းခြင်း" ဖြစ်၍ သူတို့၏အားသာချက်ရှိသော မဟာဗျူဟာသည် အတိုက်အခံအင်အားစုများကို "စစ်ရေးအပါအဝင် အကြမ်းနည်းဖြင့်တိုက်ခိုက်ချေမှုန်းရေး" ဖြစ်ပါသည်။ ထို့ကြောင့် သူတို့က တိုင်းရင်းသားဒေသများကို စစ်မြေပြင်အဖြစ် ဖန်တီးရုံသာမက၊ မြို့ပြလူဖမ်းပွဲများကို အစဉ်တစိုက်လုပ်လာခဲ့ခြင်း ဖြစ်ပါသည်။ အကြမ်းနည်းဖြင့်သာ ရင်ဆိုင်ပါက သူတို့နိုင်မည်ကို သိရှိနေကြပါသည်။ သို့သော် မျက်နှာချင်းဆိုင်ဆွေးနွေးပွဲတရပ်သာ ကျင်းပသွားပါက သူတို့နေ့ချင်းညချင်း ရှုံးနိမ့်သွားမည်ကို သေချာနားလည်ကြပုံ ရပါသည်။ ထို့ကြောင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ကို ပယ်ချခြင်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံရေးမဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်သောအခါ မိမိတို့၏အားသာချက်နှင့် အားနည်းချက်များကိုသာမက ရန်သူ၏အားနည်းချက်နှင့် အားသာချက်များကိုလည်း ခရေတွင်းစေ့ သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ စဉ်းစားသောအခါ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲသည် မိမိတို့၏အထက်မြက်ဆုံးသော မဟာဗျူဟာလက်နက်ဖြစ်၍ တချိန်တည်းတွင် ယင်းဗျူဟာသည် ရန်သူ၏အားနည်းချက်ကို တည့်မတ်စွာထိုးဖောက်နိုင်ကြောင်း သိမြင်လာရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရန်သူငြင်းပယ်ရုံမျှကို အကြောင်းပြု၍ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပေါ်လစီကို မစွန့်လွှတ်သင့်ပေ။ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းခြင်းပေါ်လစီ၏ စွမ်းပကားအဖြစ်သော်၎င်း၊ တွေ့ဆုံဆွေးနွေး မဟာဗျူဟာအောင်မြင်မှု၏ သက်သေသာဓကတခုအဖြစ်သော်၎င်း — ဥပမာတခုတင်ပြလိုပါသည်။ KNU ခေါင်းဆောင်ဗိုလ်ချုပ်ကြီးစောဘိုမြတို့ ရန်ကုန် ဆွေးနွေးပွဲခရီးတခေါက်သွားရုံဖြင့် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်တကွ စစ်ထောက်လှမ်းရေးတပ်ရင်းတရင်းလုံးကို ပြုတ်ထွက်သွားသည်ကို မည်သူ ငြင်းချက် ထုတ်မည်နည်း။ နအဖစစ်အစိုးရက ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှား၍ ထောင်နန်းစံစေခြင်းသည် "လာဘ်ပေးလာဘ်ယူမှုကြောင့်ဖြစ်သည်" ဟုအကြောင်း ပြနေကြပါသည်။ မည်သူယုံမည်နည်း။

ဗိုလ်ချုပ်ခင်ညွန့်ကို ရာထူးမှဖယ်ရှား၍ အနှစ်လေးဆယ်ထောင်ဒဏ်ချမှတ်ခြင်းဖြစ်စဉ်တခုလုံးကို သေချာစွာလေ့လာဆန်းစစ်ကြည့်ပါက လာဘ်ပေးလာဘ်ယူမှုသည် အဓိကပြဿနာမဟုတ်ပေ။ နအဖစစ်အစိုးရအာဏာတည်မြဲရေးအတွက် စစ်အာဏာရှင်များအချင်းချင်းကြား "ဖြုတ်၊ ထုတ်၊ သတ်" လမ်းစဉ်ကိုကျင့်သုံးခြင်းမျှသာဖြစ်ပါသည်။ ဗိုလ်ချုပ်ခင်ညွန့်သည် "နိုင်ငံရေးပြဿနာများကို စစ်ရေးဖြင့်မဟုတ်

ပဲ၊ နိုင်ငံရေးနည်းဖြင့် အဖြေရှာသင့်သည်...” ဟူသောအမြင်ကို မကြာခဏထုတ်ပြခဲ့ယုံသာမက KNU ခေါင်းဆောင်ဗိုလ်ချုပ်စောဘိုမြနှင့်အဖွဲ့ကို ရန်ကုန်မြို့တော်အထိ ဖိတ်ခေါ်ကမ်းလှမ်းသောအခါ ထိုလုပ်ရပ်သည် နအဖစစ်အစိုးရကို ၎င်း၏အင်အားအချိန်နဲ့ဆုံးအနှံ့ ရာယ်စက်ကွင်းထဲသို့ တွန်းပို့ခြင်းဖြစ်သည်ဟု ကျန်နအဖစစ်ဗိုလ်ချုပ်များက စိုးရိမ်ပူပန်သောကြောင့် ဗိုလ်ချုပ်ခင်ညွန့်ကို ဇတ်တူသားစားဘဝဖြင့် မညှာမတာဖမ်းဆီးထောင်ချ၍ ရာထူးမှဖယ်ရှားခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်ခင်ညွန့် ဖမ်းဆီးထောင်ချခြင်းကို ပြစ်မှုဆိုင်ရာမှုခင်းတရပ် အဖြစ်မမြင်ပဲ၊ စစ်အာဏာရှင်တို့ရွေးချယ်ထားသော “နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် အကြမ်းဖက်နှိမ်နင်းရေးလမ်းစဉ်” တခုလုံး၏ မှားယွင်းအားနည်းချက်အဖြစ် ရှုမြင်သုံးသပ်နိုင်ပါသည်။ အခြားတဖက်တွင်လည်း မိမိတို့တိုင်းရင်းသားလူမျိုးများ နှင့် ဒီမိုကရေစီအင်အားစုများ ရွေးချယ်ထားသည့် “နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာတွေ့ဆုံအဖြေရှာဆွေးနွေးရေး” ဟူသော လမ်းစဉ်မှန်ကန်ကြောင်း ပြသသော သက်သေသာဓက တခုလည်းဖြစ်နေပါသည်။

## (ဂ) အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ဆိုင်ရာနည်းဗျူဟာများ

မိမိတို့ချမှတ်ထားသော “နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး” ဟူသော မဟာဗျူဟာကိုလက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရာ၌ အနည်းဆုံး “နည်းဗျူဟာ” နှစ်ရပ်ချမှတ်နိုင်ပါသည်။

ယင်းတို့မှာ နအဖစစ်အစိုးရကို နည်းမျိုးစုံဖြင့်ဖိအားပေးပြီး၊ အခြားတဖက်တွင် စစ်ဗိုလ်ချုပ်များနိုင်ငံရေးဆွေးနွေးပွဲသို့ ဖိတ်ခေါ်ကမ်းလှမ်းမြှူဆွယ်သောနည်းဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ဖိအားပေးခြင်း (Pressure) နှင့် မြှူဆွယ်ခြင်း (Persuation) တို့ကို ပေါင်းစပ်သည့်နည်းများသာဖြစ်ပါသည်။ ထိုနည်းဗျူဟာ၏ ရည်ရွယ်ချက်သည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးအတွက် “သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ” တရပ်ဖြစ်ပေါ်လာရေးအတွက် အသုံးချသော နည်းဗျူဟာများပင် ဖြစ်ပါသည်။

အခြားနည်းဗျူဟာတရပ်မှာ နအဖစစ်အစိုးရကို အနုနည်းဖြင့်ရော အကြမ်းနည်းဖြင့်ပါ ထိပ်တိုက်ရင်ဆိုင်မှုမျိုးစုံ (Confrontations) ပြုလုပ်ပြီး စစ်အစိုးရပြုတ်ကျသွားသည်အထိ ရင်ဆိုင်တိုက်ခိုက်သော လမ်းစဉ်ဖြစ်ပါသည်။ ယင်းကို စစ်အစိုးရပြုတ်ချပြောင်းလဲရေးပေါ်လစီ (Regime Change) ပေါ်လစီဟု ခေါ်ဝေါ်သုံးစွဲနေကြပါသည်။ စစ်အစိုးရကို အပြုတ်ဖြုတ်ရေး (Regime Change) ဆိုင်ရာဗျူဟာကို ချမှတ်ပါက လက်တွေ့အကောင်အထည်ဖော်ရမည့် နည်းဗျူဟာဆိုင်ရာလုပ်ငန်းများသည် “ကြားဖြတ်အစိုးရဖွဲ့စည်းရေး”၊ ၁၉၉ဝ ရွေးကောက်ပွဲကိုအခြေခံ၍

ပြည်သူ့လွှတ်တော်ခေါ်ယူရေးနှင့် "တရားဝင်အာဏာလွှဲပြောင်းရေး" တို့ပင်ဖြစ်ပါသည်။ ယင်းဗျူဟာကို ၁၉၉၀ ပြည့်လွန်နှစ်များတွင် အထူးကျင့်သုံးအပ်သော မဟာဗျူဟာတရပ်ပင်ဖြစ် ပါသည်။ သို့ရာတွင် ရွေးကောက်ပွဲအပြီး နှစ်ပေါင်း (၁၈) နှစ်ကြာလာသည်အထိ ယင်းမဟာဗျူဟာကို မဆိုထားဘိ၊ နည်းဗျူဟာအဖြစ်ပင် ဆက်လက်ကျင့်သုံးသင့်သလော... ဟု အများက သံသယဖြစ်နေကြပါသည်။ မည်သို့ပင်ဆိုစေ ထိုနည်းဗျူ ဟာကို တရားသေမစွန့်လွှတ်သင့်ပေ။ အခြေအနေနှင့် အချိန်အခါတောင်းဆိုချက်အရ ထိုနည်းဗျူဟာ အသုံးကျသည့်အချိန်ပေါ်ကောင်း ပေါ်လာနိုင်သေးသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် အထက်ဖော်ပြပါ နည်းဗျူဟာ နှစ်ရပ်စလုံးကို လိုအပ်လျှင်လိုအပ်သလို အသုံးချသွားရန် နဂိုကပင် သဘောတူထားပြီးဖြစ်ပါသည်။ သို့ရာတွင် မိမိတို့ယနေ့အထိ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ကြည့်ပါက ဖိအားပေးရေး (Pressure) နှင့် မြူဆွယ်စည်းရုံးရေး (Persuation) တို့ကိုပေါင်းစပ်၍ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးကို တစိုက်မတ်မတ်ဦးတည်ခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် လူထုလှုပ်ရှားမှုဖြင့် နအဖစစ်အစိုးရအပေါ် ဖိအားပေးရေး၊ စီးပွားရေးပိတ်ဆို့မှု အပါအဝင် နိုင်ငံတကာဖိအားမြှင့်တင်ရေး၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် အိမ်နီးချင်းနိုင်ငံများ၏ အကူအညီကိုရယူ၍ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးကို သံတမန်နည်းဖြင့် စည်းရုံးရေးစသည့်လုပ်ငန်းများကို လုပ်ဆောင်လျှက် ရှိနေပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီက ရွေးချယ်ထားသော နိုင်ငံရေးလမ်းစဉ်မှာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးအတွက် အနုနည်းရော အကြမ်းနည်းပါ ဖိအားမျိုးစုံပေးပြီး နအဖစစ်အစိုးရကို နိုင်ငံရေးစားပွဲဝိုင်းပေါ်သို့ ဆွဲခေါ်ပြီး "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာအောင် အနိမ့်ဆုံးအဆင့် အဖြစ်ကြိုးပမ်းရေးပင်ဖြစ်ပါသည်။ အကယ်၍ မိမိတို့တောင်းဆိုထားသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို နအဖစစ်အစိုးရက ဆက်လက်ငြင်းဆန်မည်ဆိုပါက မိမိတို့အနေဖြင့် ထိပ်တိုက်ရင်ဆိုင်ရေးမှ စစ်အစိုးရလုံးဝဖြုတ်ချရေးအပါအဝင် အခြားနည်းဗျူဟာများကိုလည်း ထည့်သွင်းစဉ်းစားရပေလိမ့်မည် ဖြစ်ပါသည်။ ထိုမဟာဗျူဟာအောင်မြင်ရေးအတွက် နည်းဗျူဟာမျိုးစုံကိုလည်း ချမှတ်သွားရမည် ဖြစ်ပါသည်။ အကြမ်းနည်းရော၊ အနုနည်းပါ ပါဝင်သည့် ဖိအားပေးခြင်းနည်းဗျူဟာများကို ကျင့်သုံးသွားမည်ဖြစ်ပါသည်။ ယင်းဗျူဟာအောင်မြင်ရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (i) အတွင်းအပြင်ချိတ်ဆက်မှု

အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) စတင်နိုင်ရေးအတွက် မိမိတို့ကတဖက်သတ် ဖန်တီးဖော်ဆောင်၍ မရပေ။ ထို့ကြောင့် ပြည်သူလူထုတရပ်လုံး၏ အားပေးထောက်ခံမှု၊ နိုင်ငံတကာအားပေးထောက်ခံမှုများသာမက ပြည်တွင်းရှိ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများကို မိမိတို့၏အဓိကအင်အားအဖြစ် သဘောထားရမည်ဖြစ်ပါသည်။

ပြည်တွင်းရှိအင်အားစုများကို ချဉ်းကပ်သောအခါတွင်လည်း တိုင်းရင်းသားလူမျိုးခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုခေါင်းဆောင်များကို ချဉ်းကပ်ပုံခြင်း တူချင်မှတူပေလိမ့်မည်။ လက်ရှိအခြေအနေတွင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များထဲမှ ခွန်ထွန်းဦးအပါအဝင် အားကိုးအားထားရသော ခေါင်းဆောင်အတော်များများဖမ်းဆီးထိန်းသိမ်းခြင်းခံရသောကြောင့် မိမိတို့အတွက်များစွာအားနည်းနိုင်ပါသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ခေါင်းဆောင်အများစုကို ဖမ်းဆီးထိန်းချုပ်ထားခြင်းသည်လည်း မိမိတို့အတွက်မဟာအားနည်းချက်ကြီးဖြစ်စေပါသည်။

သို့ရာတွင် တဖက်၌လည်းမိမိတို့အတွက် အားတက်စရာဖြစ်သော အချက်မှာရှစ်လေးလုံးကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေးခြင်းနှင့် သူတို့၏အခန်းကဏ္ဍတဖြည်းဖြည်းပြန်လည် အရေးပါလာမှုပင်ဖြစ်ပါသည်။ အထူးသဖြင့် မင်းကိုနိုင်နှင့် ကိုကိုကြီးတို့သည် မိမိတို့တလျှောက်လုံးကြွေးကြော်လာခဲ့သော “အမျိုးသားပြန်လည်သင့်မြတ်ရေး” နှင့် “နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာခြင်း” များကို ထပ်တူတင်ပြကြပါသည်။ မကြာသေးခင်က လူမှုရေးစာနာအထောက်အကူပေးရေး (Humanitarian Aid) ပါပေးအပ်ရန် တောင်းဆိုလာကြပါသည်။ မိမိတို့ တိုင်းရင်းသားလူမျိုးများ — အထူးသဖြင့် ENSCC က Humanitarian Aid ကို ကန့်သတ်ဘောင်အတွင်း (Condition) ချမှတ်၍ "Cross-Border Assistance" ဖြင့်ပေးရန် သက္ကရာဇ် ၂၀၀၁ မှ စတင်တောင်းဆိုနေခဲ့ပြီးဖြစ်ပါသည်။ သက္ကရာဇ် ၂၀၀၄ ခုနှစ်တွင် ENSCC ကို ENC (တိုင်းရင်းသားလူမျိုးများကောင်စီ) အဖြစ် တိုးချဲ့ပြောင်းလဲဖွဲ့စည်းသောအခါတွင်လည်း ယင်း “မူ” ကိုပင်ဆက်လက်ကိုင်စွဲထားပါသည်။ ထို့အပြင် သက္ကရာဇ် ၂၀၀၅ မေလတွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်တိုင်းရင်းသားလူမျိုးများကောင်စီ၏ ညီလာခံကြီးတွင်လည်း ENC ၏ Humanitarian Aid ပေါ်လစီစာတမ်းကို အတည်ပြုထုတ်ဝေခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများကောင်စီ၏ ပေါ်လစီကိုထောက်ခံ၍ (၈၈) မျိုးဆက်ကျောင်းသားများကလည်း နိုင်ငံတကာမှ လူသားချင်းစာနာသည့်အကူအညီများ ပေးပို့ရန်တောင်းဆိုနေခြင်း ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထုကိုမညှာတာပဲ နအဖစစ်အစိုးရမှ လောင်စာဆီဈေးနှုန်းကို အဆမတန်မြှင့်တင်လိုက်ခြင်းကြောင့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များက ဦးဆောင်ဆန့်ကျင်ကန့်ကွက်ရာမှ

သံဃာတော်ကြီးများဦးဆောင်သော "ရွှေဝါရောင်တော်လှန်ရေးကြီး" ပြီးခဲ့သည့် နှစ်စက်တင်ဘာလတွင် သမိုင်းတွင်ရစ်သည့် အရေးအခင်းဖြစ်ပွားခဲ့ရပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီသည် ပြည်တွင်းနိုင်ငံရေးပါတီများနှင့် ကျောင်းသားခေါင်းဆောင်များသာမက မိမိတို့တိုင်းရင်းသားလူမျိုးများထဲမှ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့်လည်း အချိတ်အဆက်မိမိလက်တွဲဆောင်ရွက်သွားရန် လိုအပ်နေမည်ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့အများစုသည် မိမိတို့နိုင်ငံရေးအမြင်ခံယူချက်ခြင်းနှင့် အနာဂတ်ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးအတွက် အမြင်ချင်းတူညီပြီးသားဖြစ်ပါသည်။ သို့ရာတွင် သူတို့၏လက်ရှိအခြေအနေနှင့် အခက်အခဲမျိုးစုံကို နားလည်သဘောပေါက်ပြီး သူတို့ရင်ဆိုင်ခံစားနေရသော ဖိအားပေးမှုအမျိုးမျိုးကို ကြံ့ကြံ့ခံနိုင်သည်အထိအားပေးကူညီသွားမည်ဖြစ်ပါသည်။

## (ii) နိုင်ငံတကာရှိတိုင်းရင်းသားလူမျိုးများ၏ အခြေအနေ

၁၉၉၀ ပြည့်လွန်နှစ်များတွင် ဒီမိုကရေစီအရေးတော်ပုံကြီး၏ အဓိကလှုပ်ရှားရာ တော်လှန်ရေးစစ်မြေပြင်သည် ထိုင်းမြန်မာနယ်စပ်နှင့် အိန္ဒိယမြန်မာနယ်စပ်များ ဖြစ်ခဲ့ကြပါသည်။ ထိုစဉ်က ပြည်တွင်းနိုင်ငံရေးတွင် နဝတစစ်အစိုးရ၏ နည်းမျိုးစုံသော ဖိနှိပ်မှုကြောင့် တိုက်ပွဲဖော်ရန်မဆိုထားဘိ နိုင်ငံရေးပါတီများဆက်လက်ရပ်တည်ရေးပင် အလွန်ခက်ခဲသောကာလဖြစ်ပါသည်။ ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ထိပ်တန်းမှဦးဆောင်ခဲ့သော ကျောင်းသားခေါင်းဆောင်များသည်လည်း တချို့ထောင်ထဲတွင် အဖမ်းခံနေရသည်။ တချို့ နယ်စပ်သို့ထွက်ပြေးကြပြီး ပြည်တွင်းကျောင်းသားလှုပ်ရှားမှုများကို ဆက်လက်ထိန်းသိမ်းရန် အလွန်ခက်ခဲသောကာလဖြစ်သည်။ ထို့ကြောင့် ထိုင်းမြန်မာနယ်စပ်ရှိ တိုင်းရင်းသားတော်လှန်ရေးအင်အားစု အထူးသဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေသည် ပြည်ထောင်စုတခုလုံး၏ ဒီမိုကရေစီအရေးတော်ပုံတော်လှန်ရေးစခန်းဖြစ်လာခဲ့ပါသည်။

သို့ရာတွင် ၁၉၉၅ ခုနှစ်တွင် မာနယ်ပလောကျဆုံးသွားပြီးနောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တော်လှန်ရေးအခြေခံစခန်းများလည်း လိုအပ်ချက်အရပြောင်းလဲလာပါသည်။ အခြားတဖက်တွင်လည်း အနှစ်ငါးဆယ်ပြည်တွင်းစစ်ကိုခံစားနေရသော တိုင်းရင်းသားလူမျိုးများနှင့် ရှစ်လေးလုံးအရေးတော်ပုံပြီးသည်နောက်ပိုင်း နယ်စပ်ဒေသသို့ထွက်ပြေးတိမ်းရှောင်လာကြသော ကျောင်းသားများကို နိုင်ငံတကာမှ သနားညှာတာစွာဖြင့် တတိယနိုင်ငံများသို့ နေရာပြန်လည်ချထားရေးအစီအစဉ်ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ တဖြည်းဖြည်းရွှေ့ပြောင်းပေးခဲ့ပါသည်။ ဤသို့ဖြင့် သက္ကရာဇ် ၂၀၀၀ ပြည့်လွန်နှစ်များသို့ရောက်လာသောအခါ မိမိတို့တော်လှန်ရေးအင်အားစုများ၏ အဓိက

အင်အားသည် ထိုင်းမြန်မာနယ်စပ်နှင့် အိန္ဒိယမြန်မာနယ်စပ်များမှ နိုင်ငံတကာသို့ တဖြည်းဖြည်းပြန့်ကျဲသွားခဲ့ရပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် ထိုသို့ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေများကို အလေးအနက်ထား၍ နိုင်ငံတကာတွင် ရောက်ရှိပြန့်ကျဲနေသော တိုင်းရင်းသားလူမျိုးများကို မိမိတို့၏အမာခံအင်အားစုများအဖြစ် ပြန်လည်စုစည်းသိမ်းသွင်းရန် အထူးကြိုးစားရပေမည်။ ထို့ကြောင့် ဥရောပနိုင်ငံများ၊ အမေရိကနှင့် ကနေဒါ၊ သြစတြေးလျ၊ ဂျပန် စသည့်နိုင်ငံကြီးများသာမက မလေးရှား၊ စင်္ကာပူ စသည့်အိမ်နီးချင်းနိုင်ငံများရှိ တိုင်းရင်းသားလူမျိုးများကို လက်တွေ့ကျကျ စည်းရုံးသွားရန် အထူးအစီအစဉ်များချမှတ်ရန် အလွန်လိုအပ်နေပါသည်။

လွန်ခဲ့သောကာလများတွင် နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများစည်းရုံးရေးကို အခြားနိုင်ငံခြားခရီးစဉ်များနှင့် တွဲဖက်၍ဆောင်ရွက်ခဲ့သည်က များပါသည်။ အထွေထွေအတွင်းရေးမှူးအနေဖြင့် မြောက်အမေရိကားရှိ တိုင်းရင်းသားလူမျိုးများ နှီးနှောဖလှယ်ပွဲနှင့် ဂျပန်နိုင်ငံရောက် တိုင်းရင်းသားလူမျိုးများစုပေါင်းကျင်းပသော ပြည်ထောင်စုနေ့အခန်းအနားများသို့ သွားရောက်စည်းရုံးခြင်းများ ပြုခဲ့သော်လည်း တိုင်းရင်းသားလူမျိုးများကောင်စီတွင် နိုင်ငံတကာရှိတိုင်းရင်းသားလူမျိုးများလက်တွေ့ပါဝင်လာနိုင်ရေးအတွက် လုပ်ငန်းစဉ်တခုအဖြစ် စည်းရုံးနိုးဆော်ရေးသာမက တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) အဖွဲ့အစည်းထဲတွင် ထိုသူများလက်တွေ့ပါဝင်လာနိုင်ရေးကို ထည့်သွင်းစဉ်းစားသင့်ပေသည်။

## (iii) ဒီမိုကရေစီအင်အားစုများနှင့် ပူးတွဲလုပ်ငန်းပိုမိုဖော်ဆောင်ရေးနှင့် ပိုမိုစည်းရုံးရေး

တိုင်းရင်းသားလူမျိုးများကောင်စီသည် စစ်အာဏာရှင်စနစ်ကိုဖြုတ်ချ၍ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် တိုင်းရင်းသားလူမျိုးများ၏အင်အားကိုစုစည်း၍ လက်တွဲတိုက်ပွဲဝင်ရန် ဖွဲ့စည်းထားသော ကောင်စီဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းသားလူမျိုးများ၏အရေးသာမက ပြည်ထောင်စုတဝှမ်းလုံး၏အရေးကိုလည်း ဦးလည်မသုန်ဆောင်ရွက်သွားရမည်သာ ဖြစ်ပါသည်။

လွတ်လပ်ရေးရသည့်အချိန်မှစ၍ ယနေ့တိုင်မိမိတို့တိုင်းရင်းသားလူမျိုးများသည် တိုင်းရင်းသားအရေးတခုတည်းကိုသာကွက်၍ မစဉ်းစားပဲ ပြည်ထောင်စုကြီးအပေါ် အမြဲသစ္စာရှိ၍ ပြည်ထောင်စုတဝှမ်းလုံးကာကွယ်ထိန်းသိမ်းရေးကို အမြဲဆောင်ရွက်ခဲ့သော သာဓကများစွာ ရှိခဲ့ပါသည်။ အမှန်စင်စစ် ပြည်ထောင်စုတည်ဆောက်ရေးကို မှတ်ကျောက်ချခဲ့သော ပထမပင်လုံညီလာခံ (၁၉၄၆) နှင့် ဒုတိယ

ပင်လုံညီလာခံ (၁၉၄၇) တို့သည်ပင်လျှင် ဗမာမပါသော တိုင်းရင်းသားလူမျိုးများကကမကထပြု၍ ဦးဆောင်ကျင်းပခဲ့သော ညီလာခံများဖြစ်ပါသည်။ ကွန်မြူနစ်ပါတီနှင့် အခြားလက်ဝဲအင်အားစုများ၏ လက်နက်ကိုင်လမ်းစဉ်ကြောင့် ပြည်တွင်းစစ်မီးစတင်ပေါက်ဖွားခဲ့သည့်အချိန်တွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း စသော ပြည်ထောင်စုတပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်တပ်ရင်းများ ပြည်ထောင်စုကို မပြိုကွဲအောင်ကာကွယ်ခဲ့ပါသည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်ကြောင့် ပြည်ထောင်စုကြီးမတည်မငြိမ်ဖြစ်ပြီး ယင်းကို ပြင်ဆင်မွမ်းမံ၍ စစ်မှန်သော ပြည်ထောင်စုစနစ်ကို ပြည်လည်တည်ဆောက်ရန်တိုင်ပင်နှီးနှောခဲ့ကြသော ၁၉၆၁ တောင်ကြီးညီလာခံသည်လည်း တိုင်းရင်းသားလူမျိုးများကပင် ဦးစီးဦးဆောင်ခဲ့သော ညီလာခံတရပ်ပင်ဖြစ်ပါသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်ပေါ်လာပြီးနောက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်လာကြသော ဗမာနိုင်ငံရေးအင်အားစုများကြားတွင်လည်း အတတ်နိုင်ဆုံးတည်ဆောက်၍ ပြည်ထောင်စုကြီးကို စစ်မှန်သော ပြည်ထောင်စုစနစ်ကိုတည်ဆောက်ရန် သဘောတူစာချုပ်များအဆင့်ဆင့်ချုပ်ဆိုလာခဲ့ပါသည်။ ယင်းတို့အနက် ၁၉၉၀ ခုနှစ်တွင် NLD နှင့် UNLD တို့၏ ဗိုလ်အောင်ကျော်လမ်းကြေညာချက်၊ ၁၉၉၂ ခုနှစ်တွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများချုပ်ဆိုခဲ့သော မာနယ်ပလောသဘောတူစာချုပ်၊ ၁၉၉၇ ခုနှစ်တွင် မယ်သရောထာသဘောတူညီချက်၊ ၂၀၀၁ ခုနှစ်တွင် ကိုပင်ဟေဂင်ကြေညာချက်နှင့် ၂၀၀၅ ခုနှစ် ပြည်ထောင်စုနေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် “လမ်းညွှန်အခြေခံမူများ” စသည်တို့ပါဝင်ပါသည်။

ထိုသဘောတူစာချုပ်များသာမက ယခုလက်ရှိကာလတွင် တိုင်းရင်းသားလူမျိုးများကောင်စီနှင့်  ဒီမိုကရေစီအင်အားစုများပူးပေါင်းလက်တွဲဆောင်ရွက်သော လုပ်ငန်းများစွာ ရှိပါသည်။ ယင်းတို့အနက် အရေးကြီးသောလုပ်ငန်းစဉ်များမှာ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ပြည်ထောင်စုကြီးကို ပြန်လည်ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အဓိကပြင်ဆင်မှုကြီးဖြစ်သော “ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)” ကိုရေးဆွဲသည့် လုပ်ငန်းစဉ်ကြီးပင်ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်သည် သက္ကရာဇ် ၂၀၀၅ ခုနှစ် ပြည်ထောင်စုနေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်အခြေခံမူ (၈) ချက်အပေါ်တွင် အခြေခံ၍ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများကောင်စီအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးအပြင် အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းစုံစုံညီညီပါဝင်ဖွဲ့စည်းထားသော  ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

မူကြမ်းရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (Federal Constitution Drafting and Coordinating Committee- FCDCC) ကိုဦးစီးဆောင်ရွက်နေပါသည်။

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်သည် အနာဂတ်ပြည်ထောင်စုကြီးကို ပြန်လည်တည်ဆောက်ရာ၌ အခြေခံအကျဆုံးသော ပြင်ဆင်မှုလုပ်ငန်းတရပ်ဖြစ်သည့်အပြင် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအကြား သွေးစည်းညီညွတ်မှုနှင့် နားလည်မှုကိုလည်း ပိုမိုခိုင်မြဲစေပါသည်။ ထို့ပြင် အဆက်ဆက်သော စစ်အစိုးရ၏ဝါဒမှိုင်းတိုက်မှုကြောင့် တိုင်းရင်းသားလူမျိုးများတို့၏ ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုထဲမှ ခွဲထွက်သွားကြမည် ဟူသော သံသယကိုလည်း လက်တွေ့လုပ်ငန်းများဖြင့် ချေဖျက်တိုက်ခိုက်ခြင်းလည်း ဖြစ်ပါသည်။ ထို့မျှမက တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်တိုက်ပွဲနှင့် ဖက်ဒရယ်တောင်းဆိုမှုတို့ကြောင့် ဒီမိုကရေစီလှုပ်ရှားမှုအားနည်းသွားမည်လော ဟူသော သံသယစိတ်ပါ တဖြည်းဖြည်းပပျောက်သွားစေနိုင်ခဲ့ပါသည်။

အခြားသော လက်တွဲဆောင်ရွက်သောလုပ်ငန်းစဉ်တခုမှာ သက္ကရာဇ် ၂၀၀၁ ခုနှစ်မှ စတင်ဖွဲ့စည်း ခဲ့သည့် မဟာဗျူဟာညှိနှိုင်းမှုကော်မတီ (Strategy Consulting Committee - SCC) ပင်ဖြစ်ပါသည်။ မဟာဗျူဟာညှိနှိုင်းမှုကော်မတီ အစည်းအဝေးများတွင် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအကြား ဒီမိုကရေစီအရေးတော်ပုံတခုလုံးအတွက် အရေးပါသော မဟာဗျူဟာ ညှိနှိုင်းမှုများ၌ ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေကြပါသည်။

မဟာဗျူဟာညှိနှိုင်းမှုကော်မတီ (SCC) အောက်တွင် တိုင်းရင်းသားလူမျိုးများကောင်စီနှင့် ဒီမိုကရေစီအင်အားစုများ ညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဖော်ဆောင်ရာ၌ မဟာဗျူဟာအရ အရေးကြီးသော ပေါ်လစီများ ဥပမာ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေး စသည်တို့တွင် မူအားဖြင့်ရော လက်တွေ့လုပ်ငန်းအရပါ သဘောတူညီချက်များကို ညှိနှိုင်းဖော်ဆောင်နိုင်ခဲ့ပါသည်။ ထိုသို့တူညီသော အခြေခံဘုံသဘောထားများကိုအခြေခံ၍ ရှေ့ဆက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

သို့ရာတွင် အချို့သောမဟာဗျူဟာနှင့် နည်းဗျူဟာပိုင်းဆိုင်ရာများတွင် မိမိတို့အချင်းချင်းဆက်လက် တိုင်ပင်ညှိနှိုင်းရန်လိုအပ်နေပါသည်။ ဥပမာ ဒီမိုကရေစီအရေးတော်ပုံကြီးတခုလုံး အပြီးသတ်အောင်ပွဲဆင်နိုင်ရေးအတွက် မိမိတို့ထားရှိသော မဟာဗျူဟာသည် ထိပ်တိုက်ရင်ဆိုင်ခြင်းမှ စစ်အစိုးရကိုလုံးဝဥသုန်ဖြုတ်ချရေးဆိုသည့် အပြုတ်ဖြုတ်ရေး (Regime Change) လော။ သို့တည်းမဟုတ် ဖိအားမျိုးစုံကို အသုံးပြုပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးဆိုသည့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ဖြစ်ပေါ်လာရေးလော... စသည့် အရေးကြီးသည့်

မဟာဗျူဟာပိုင်းတွင် မိမိတို့အချင်းချင်းအကြား ပြတ်သားသောဘုံသဘောတူညီချက်ကို မရရှိနိုင်သေးပေ။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးဆိုသည့် မဟာဗျူဟာကို တချို့ကလက်ခံပါသည်ဟု အစည်းအဝေးများတွင် ပြောကြားကြသော်လည်း လက်တွေ့လုပ်ငန်းများကိုဆောင်ရွက်သောအခါ ထိုမဟာဗျူဟာနှင့် ဆန့်ကျင်ဖက်ဖြစ်သော လုပ်ငန်းများကိုလုပ်နေကြပါသည်။ ထိုမျှမက နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေးကို "မူ" အားဖြင့် တော့လက်ခံသည်။ သို့သော် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတော့မဖြစ်နိုင်သေးဘူး" ဟု တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် ချန်ထားချင်ကြပါသည်။ တချို့က "တွေ့ဆုံဆွေးနွေးပွဲကိုလက်မခံပါဘူး။ သို့သော် တိုင်းရင်းသားများကို အားနာလို့ဘာမှမပြောပဲနေတာပါ" ဟုဆိုနေကြပြန်သည်။ တော်လှန်ရေးတွင် အားနာ၍မရပေ။ လွတ်လပ်ပွင့်လင်းမှုမရှိပဲ မဟာဗျူဟာကိုညှိနှိုင်း၍ မရနိုင်ပေ။

အခြားပြဿနာတခုမှာ စည်းလုံးညီညွတ်ရေး (Unity) ဟူသောစကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌သော်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရာ၌သော်လည်းကောင်း မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် အချို့သော ဒီမိုကရေစီအင်အားစုများ၏ ခံယူချက်ခြင်းမတူသော ပြဿနာများပင် ဖြစ်ပါသည်။ တချို့သော ဒီမိုကရေစီအင်အားစုများအလိုအရ စည်းလုံးညီညွတ်ရေး (Unity) သည် အားလုံး ပုံစံခွက်တခုထဲတွင် သဏ္ဍာန်တူရိုက်သွင်းခြင်းကို ဆိုလိုဟန်ရှိနေပါသည်။ ထိုအမြင်ရှိသူများအလိုအရ — တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအကြား စည်းလုံးညီညွတ်ရေးတည်ဆောက်ခြင်းသည် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများအားလုံး တပ်ပေါင်းစုတခုထဲတွင် ပါဝင်ပြီး ခေါင်းဆောင်တဦး၏ဦးဆောင်မှုအောက်တွင် "တသွေး၊ တသံ၊ တမိန့်" ကိုသာနာခံရမည်ဟူသော စည်းလုံးညီညွတ်ရေးမျိုး ဖြစ်ပါသည်။ ယင်းသည် စည်းလုံးညီညွတ်ရေးကို ဦးတည်ချက်တခုအတွက် လိုအပ်ချက်အရ လုပ်သင့်လုပ်ထိုက်သောဘောင်တခုအတွင်းပူးပေါင်းဆောင်ရွက်ရေးဆိုသည့် "Unity as a Means" မဟုတ်ပဲ၊ စည်းလုံးညီညွတ်ရေးသည်ပင်လျှင် နိုင်ငံရေးပန်းတိုင် တရပ်ဖြစ်သည် (Unity as a Goal) ဟူသော တဖက်စွန်းဝါဒပင်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် "Unity as a Goal" ပေါ်လစီကိုကျင့်သုံးခြင်းသည် အလွန်အန္တရာယ်ကြီးမားပါသည်။ ဒီမိုကရေစီအရေးတော်ပုံကြီးသာမက ပြည်ထောင်စုကြီးတခုလုံးကိုလည်း အန္တရာယ်ပြုနိုင်ပါသည်။ Unity as a Goal ပေါ်လစီကိုကျင့်သုံးခြင်းဖြင့် ဗိုလ်နေဝင်းမှ ယနေ့နအဖစစ်အစိုးရအထိ အဆက်ဆက်သောစစ်အာဏာရှင်ကြီးများသည် တိုင်းရင်းသားလူမျိုးများ၏ သီးခြားလက္ခဏာဆောင်သော ယဉ်ကျေးမှု၊ ဘာသာစကားနှင့်

သမိုင်းနောက်ခံအားလုံးကို လေးစားအသိအမှတ်ခြင်း မရှိပါ။ "အမျိုး၊ ဘာသာ၊ သာသနာတပါး" တည်းဟူသော ဗမာ (ဝါ) မြန်မာလူမျိုးတို့၏ အမျိုးသားနိုင်ငံတော်ကိုထူထောင်ရန် ဦးတည်နေခြင်းဖြစ်ပါသည်။ ဒီမိုကရေစီလှုပ်ရှားမှုအတွင်း၌လည်း "Unity as a goal" ပေါ်လစီကိုကျင့်သုံးချင်သောကြောင့် တိုင်းရင်းသားလူမျိုးများ မိမိတို့လိုအပ်ချက်အရ နိုင်ငံရေးစင်မြင့်တခုတွင် သီးခြားရပ်တည်ပြီး "တိုင်းရင်းသားလူမျိုးများကောင်စီ" ဖွဲ့စည်းခြင်းကို ဝိုင်ဝန်းတိုက်ခိုက်ကြလေသည်။ ထိုမျှမက သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများပါဝင်လာမည့်အရေးကို မလိုလားသောကြောင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" သာမက၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေးမဟာဗျူဟာတခုလုံးကိုပါ ပယ်ချသွားရန်ကြိုးစားခဲ့ကြပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီလက်ခံထားသော စည်းလုံးညီညွတ်ရေးမူသည် တိုင်းရင်းသားလူမျိုးများ၏ သီးခြားလက္ခဏာဆောင်သော သီးခြားလူမျိုးများဖြစ်ခြင်း၊ သီးခြားဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ တည်ရှိနေခြင်း၊ ထို့အပြင် ကိုလိုနီခေတ်မတိုင်မီ သီးခြားလွတ်လပ်သော လူမျိုးများဖြစ်ကြသည်ဟူသော သမိုင်းနောက်ခံများကိုအသိအမှတ်ပြုပြီး မှတည်ဆောက်သည့် "သီးခြားကွဲပြားမှုကို လက်ခံသည့်အပေါ်တည်ဆောက်ထားသော စည်းလုံးညီညွတ်ရေး" (Unity in Diversity) ပေါ်လစီပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့လက်ခံကျင့်သုံးသော စည်းလုံးညီညွတ်ရေးသည် Unity in Diversity ဖြစ်ပါက၊ ယင်းမူကို လက်တွေ့ကျင့်သုံးရာ၌ လုပ်ငန်းစဉ်အရ Unity as a Means ကိုသာကျင့်သုံးကြရမည်ဖြစ်ပါသည်။ ယင်းသည် ဗိုလ်ချုပ်အောင်ဆန်းလက်ခံကျင့်သုံးခဲ့သော စည်းလုံးညီညွတ်ရေးပင်ဖြစ်ပါသည်။ ပင်လုံစိတ်ဓာတ်၏ အနှစ်သာရလည်း ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် Unity in Diversity ပေါ်လစီကို ကျင့်သုံးသောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းလည်း တိုင်းရင်းသားလူမျိုးများ၏ အင်အားမပါပဲ၊ လွတ်လပ်ရေးကို ရအောင်မယူနိုင်ခဲ့ချေ။ Unity in Diversity အပေါ်အခြေခံသော စည်းလုံးညီညွတ်ရေးအင်အားဖြင့်သာ လွတ်လပ်ရေးကို အရယူ၍ ပြည်ထောင်စုကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့သည်လည်း ဗိုလ်ချုပ်အောင်ဆန်းထားရှိခဲ့သော စံနမူနာကိုယူ၍ Unity in Diversity မူကို အခြေခံသည့် စည်းလုံးညီညွတ်ရေးမျိုးကို တည်ဆောက်သွားရမည်ဖြစ်ပါသည်။

## (iv) သက္ကရာဇ် ၂၀၀၇ လူထုအုံကြွမှုကြီးနှင့် ရွှေဝါရောင်တော်လှန်ရေး

နအဖစစ်အစိုးရ၏ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးစီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့် သက္ကရာဇ် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် လောင်စာဆီဈေးနှုန်းကို ငါးဆမျှနေ့ချင်း

ညချင်းတက်သွားပြီး အခြားကုန်စည်ဈေးနှုန်းတန်ဖိုးများလည်း အဆမတန်ထိုးတက်သွားခဲ့ပါသည်။ ထိုသို့ လောင်စာဆီဈေးနှုန်းတဟုန်ထိုးတက်သွားခြင်းကို ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများက ဦးဆောင်၍ လူထုကြီးကပါလမ်းမပေါ်ထွက်ဆန္ဒပြကန့်ကွက်ခဲ့ကြပါသည်။ သို့သော် နအဖစစ်အစိုးရက မင်းကိုနိုင်အပါအဝင် ရှစ်လေးလုံးမျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်အားလုံးနီးပါးကို ဖမ်းဆီးချုပ်နှောင်သွားခဲ့ကြသည်။

ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ပြီးနောက် သံဃာတော်ကြီးများဦးဆောင်၍ လူထုအုံကြွမှုကို ဆက်လက်ဆင်နွှဲခဲ့ရာ စက်တင်ဘာလတွင် တတိုင်းပြည်လုံးရှိမြို့ကြီးများပြကြီးများသာမက ချင်းပြည်မြို့တော်ဟားခါးမြို့အပါအဝင် အခြားပြည်နယ် မြို့ကြီးများသို့လည်း လူထုဆန္ဒပြမှု လျင်မြန်စွာ ကူးစက်သွားခဲ့ပါသည်။ လောကီရေးရာကိုစွန့်လွှတ်၍ နိုင်ငံရေးနှင့်ကင်းကင်းရှင်းရှင်းနေထိုင်သတင်းသုံးနေကြသော သံဃာတော်ကြီးများက ထိုကဲ့သို့ သပိတ်မှောက်ကံဆောင်နေခြင်းသည် နအဖစစ်အစိုးရက ပြည်သူလူထုတို့၏အကျိုးစီးပွားကို မည်မျှဥပေက္ခာပြုကြောင်းနှင့် ယင်းတို့၏ အာဏာတည်မြဲရေးအတွက် တိုင်းပြည်ကို မည်မျှဖိနှိပ်ချုပ်ချယ်ထားကြောင်း သက်သေပြနေပါသည်။ ထိုမျှမက သူတော်ရှင်သံဃာတော်ကြီးများကို လူစုခွဲရန် မျက်ရည်ယိုဗုံးများဖြင့် တိုက်ခိုက်နှိမ်နင်းခြင်း၊ ဖမ်းဆီးရိုက်နှက်ခြင်းခံရသည်သာမက စက်သေနတ်များဖြင့် ရဟန်းရှင်ဘုန်းကြီးများကိုပင် ပစ်ခတ်သတ်ဖြတ်ရက်သော နအဖစစ်အစိုးရ၏ ရက်စက်မှုကမ်းကုန်သော အုပ်ချုပ်ရေးစနစ်ဆိုးကြီးကို "ရွှေဝါရောင်တော်လှန်ရေးကြီး" က သွေးမြေကျသမိုင်းမှတ်တိုင်ရေးသားခြင်းလည်း ဖြစ်ပါသည်။

ငြိမ်းချမ်းစွာဆန္ဒပြနေကြသော ရဟန်းရှင်လူပြည်သူလူထုအပေါ်င်းကို ရက်စက်စွာ နှိမ်နင်းဖြိုခွဲခဲ့သည့် နအဖစစ်အစိုးရ၏လုပ်ရပ်များကို ပြည်ထောင်စုတဝှမ်းလုံးရှိ ပြည်သူလူထုတရပ်လုံးသာမက တကမ္ဘာလုံးကပါ ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချခဲ့ကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက နအဖစစ်အစိုးရ၏ လူမဆန့်သည့်လုပ်ရပ်ကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်စတင်နိုင်ရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို အမြန်ဆုံးခေါ်ယူကျင်းပရန် သက္ကရာဇ် ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပယူနီယံ၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံများကလည်း နအဖစစ်အစိုးရကို ပြင်းထန်စွာဝေဖန်ရှုတ်ချခဲ့သည်သာမက စီးပွားရေးပိတ်ဆို့မှုများ လုပ်လာပါသည်။ နအဖစစ်အစိုးရကို တချိန်လုံးအကာအကွယ်ပေးလေ့ရှိသော အာဆီယံနိုင်ငံများနှင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် စင်ကာပူ

နိုင်ငံကလည်း နအဖစစ်အစိုးရ၏ လူမဆန်သော လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချခဲ့လေသည်။ နအဖစစ်အစိုးရ၏ ခိုကိုးရာ တရုတ် ပင်လျှင်မနေသာပဲ နအဖစစ်အစိုးရကို ထိမ်းထိမ်းသိမ်းသိမ်းလုပ်ရန်နှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလုပ်ပါရန် တိုက်တွန်းသွားခဲ့ပါသည်။

ရဟန်းရှင်လူပြည်သူအပေါင်း သွေးမြေကျခံဆင်နွှဲခဲ့သော ရွှေဝါရောင်တော်လှန်ရေးကြောင့် ပြည်တွင်းပြည်ပဖိအားဒဏ်ကို မခံနိုင်တော့ပဲ နအဖစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ကမ်းလှမ်းပြီး၊ ဗိုလ်ချုပ်အောင်ကြည်ကို ဆက်သွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ပါသည်။ သို့သော် နအဖစစ်အစိုးရ၏ ကမ်းလှမ်းချက်သည် နိုင်ငံရေးရိုးသားမှုရှိ၍ စေတနာမှန်သော ကမ်းလှမ်းချက်မဖြစ်နိုင်ဟု အများကသံသယဖြစ်နေကြပါသည်။ မည်သို့ပင်ဖြစ်စေ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လူထုအကျိုး၊ တိုင်းပြည်အကျိုးကို ရှေ့ရှု၍ နအဖစစ်အစိုးရ၏ကမ်းလှမ်းချက်ကို လက်ခံသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဗရာဟင် မှ တဆင့် သက္ကရာဇ် ၂၀၀၇ ခု နိုဝင်ဘာလ (၈) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ရွှေဝါရောင်တော်လှန်ရေး၏ တောင်းဆိုချက်အတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်စတင်နိုင်ရေးအတွက် ကြိုးပမ်းလျှက်ရှိပါသည်။ ယင်းသည် တိုင်းရင်းသားလူမျိုးများကောင်စီက ချမှတ်ထားသော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးဟူသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် စတင်နိုင်ရေးအတွက် လမ်းစဖြစ်နိုင်သည်ဟု ယူဆထားသောကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေညာချက်ကို ကြိုဆိုထောက်ခံကြောင်း တိုင်းရင်းသားလူမျိုးများကောင်စီမှ သတင်းထုတ်ပြန်ချက်တစောင်ကို သက္ကရာဇ် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ (၉) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

## (င) နအဖစစ်အစိုးရ ခေါ်ယူကျင်းပမည့် လူထုဆန္ဒခံယူပွဲဆန့်ကျင်ကန့်ကွက်ရေး

"ရောမမြို့မီးလောင်နေစဉ် နေရိုးစောင်းတီးနေသည် …" ဟူသော စကားပုံအလား၊ တိုင်းသူပြည်သားများဆင်းရဲငတ်ပြတ်၍ ဆာလောင်မှုဒဏ် မခံနိုင်သည့်အဆုံး လမ်းမပေါ်ထွက်ဆန္ဒပြသည့် ရွှေဝါရောင်တော်လှန်ရေးအရှိန်အဟုန်မြင့်မားနေချိန်တွင် နအဖစစ်အစိုးရက ယင်းတို့အာဏာတည်မြဲရေးအတွက် သေနတ်ပြောင်းဝအောက်တွင် ခေါ်ယူကျင်းပခဲ့သော အမျိုးသားညီလာခံကို ကတိုက်ကရိုက်အပြီးသတ်၍ ထိုညီလာခံမှ ချမှတ်ထားသောအခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို အပြီးသတ်ရေးဆွဲကာ လူထုဆန္ဒခေါ်ယူပြီး အတည်ပြုပြဋ္ဌာန်းရန် ဆက်လက်ကြိုးပမ်း

နေပါသည်။ ယင်းသည် စစ်အစိုးရ၏ နိုင်ငံရေးလမ်းပြမြေပုံအဆင့် (၄) သို့တက်လှမ်းနေခြင်းပင် ဖြစ်ပါသည်။

မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများက နအဖစစ်အစိုးရ၏ နိုင်ငံရေးလမ်းပြမြေပုံကို အဆင့်တိုင်းတွင် တိုက်ခိုက်သွားမည်ဟု သံဓိဋ္ဌာန်ချထားခဲ့ကြသော်လည်း — ယခုအဆင့်ကျော်လွန်သည်အထိ မိမိတို့ဆန့်ကျင်ကန့်ကွက်မှုများ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ချေ။ အကြောင်းမှာ မိမိတို့ပြင်ပမှလှုပ်ရှားနေခြင်းဖြစ်၍ မိမိတို့၌အတူ ပြည်သူလူထုတရပ်လုံးပါဝင်ပူးပေါင်းရန် အခက်အခဲရှိနေပါသည်။ ယခုနအဖလမ်းပြမြေပုံအဆင့် (၄) ကို ဆန့်ကျင်တိုက်ခိုက်ရာတွင်မူ မိမိတို့နှင့်အတူ ပြည်သူလူထုတရပ်လုံး တသားတည်း လက်တွဲပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ထိုအဆင့်သည် ပြည်သူလူထုတိုက်ရိုက်ပါဝင်ရမည့် "လူထုဆန္ဒခံယူပွဲ" အဆင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နှင့်ပြည်သူလူထုတရပ်လုံးလက်တွဲ၍ နအဖစစ်အစိုးရ၏ စစ်အာဏာရှင်စနစ်တည်ဆောက်ရေးစီမံကိန်းကြီးကို ဤအဆင့်တွင် ရပ်တန့်ကရပ်သွားရန် လက်တွဲတိုက်ပွဲဝင်ရမည်ဖြစ်ပါသည်။

နအဖစစ်အစိုးရသည် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို အာရုံစိုက်မှုမရှိပေ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုလည်း မလိုလားပဲ ချိုးဖောက်နေပါသည်။ တိုင်းရင်းသားလူမျိုးများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ရိုက်ချိုးနေပါသည်။ ထို့ကြောင့် မိမိတို့တောင်းဆိုနေသော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနစ်ကို ငြင်းဆန်ပယ်ချပြီး၊ အတုအယောင်ပြည်ထောင်စုနစ်အောက်တွင် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တို့ကို တည်ဆောက်ရန်ဆက်လက်ကြိုးပမ်းနေခြင်းပင် ဖြစ်ပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရမည့်အစား စစ်ရေးဖြင့်ဖြေရှင်းနေပါသည်။ ထို့ကြောင့် ပြည်တွင်းစစ်ကိုရှည်ကြာစေပါသည်။ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးကိုလည်း မလိုလားပေ။ ထို့ကြောင့် မိမိတို့တောင်းဆိုနေသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ပယ်ချ၍ အပစ်အခတ်ရပ်စဲရေးအဖွဲ့က အမျိုးသားညီလာခံတွင် တောင်းဆိုခဲ့သော တိုင်းရင်းသားလူမျိုးများတန်းတူရေးမူနှင့် ပြည်ထောင်စုမူတို့ကို ပယ်ချသွားခဲ့လေသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ မိမိတို့တောင်းဆိုနေသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကိုလည်း ယနေ့တိုင်ဥပေက္ခာပြုနေရုံသာမက ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် မစ္စတာ အီဗရာဟင်ဂမ်ဘာရီ အဆိုပြုခဲ့သော "Broad-based Constitution Review Commission" ကိုဖွဲ့စည်း၍ မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုတို့ဖက်မှ ပူးပေါင်းရေးဆွဲသော "ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) နှင့် နအဖစစ်အစိုးရ၏အမျိုးသားညီလာခံကတင်ပြသော ဖွဲ့စည်းပုံအခြေခံ

ဥပဒေ (မူကြမ်း) တို့ကို ညှိနှိုင်း၍ပြည်ထောင်စုအတွက် အကောင်းဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်ပေါ်ထွက်ရေးကိုလည်း ငြင်းဆန်နေပါသည်။ ထို့ကြောင့် မိမိတို့ အနေဖြင့် နအဖစစ်အစိုးရမှခေါ်ယူကျင်းပမည့် လူထုဆန္ဒခံယူပွဲတွင် လူထုအင်အား ဖြင့် နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်ပယ်ချရန်မှတပါး အခြားနည်းလမ်းမရှိတော့ပေ။

## နိဂုံးချုပ်

မိမိတို့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးသည် သံဃာတော်ကြီးများ ဦးဆောင်သော ရွှေဝါရောင်တော်လှန်ရေးကာလတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အမြင့်မားဆုံးသော အားပေးထောက်ခံခြင်း အဆင့်ကိုရောက်ရှိခဲ့ပါသည်။ ကမ္ဘာ တွင်တခုတည်းသော မဟာအင်အားကြီးနိုင်ငံ အမေရိကန်ပြည်ထောင်စု၏ အမြင့် ဆုံးအာဏာတည်ရှိရာ သမ္မတအိမ်ဖြူတော်ကြီးသည်ပင်လျှင် မြန်မာနိုင်ငံ၏ ဒီမိုက ရေစီရေးလှုပ်ရှားမှုအရေးကို တစိုက်မတ်မတ်အားပေးရာဌာနတခု ဖြစ်လာခဲ့သည်။ သမ္မတကြီးသာမက သမ္မတကြီးကတော်လော်ရာဘုရှ် ကပါ မြန်မာနိုင်ငံဒီမိုကရေစီ ရေးလှုပ်ရှားမှုတွင် ရှေ့ဆုံးအလေးထားထောက်ခံသူ ဖြစ်နေပါသည်။ ထိုမျှမက များစွာသော အထက်လွှတ်တော်အမတ်များနှင့် ကွန်ဂရက်အမတ်များအပြင် မြန်မာနိုင်ငံဒီမိုကရေစီရေး လှုပ်ရှားမှုကို အားပေးထောက်ခံရန် ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့စည်းများစွာလည်း ရှိနေပါသည်။ အမေရိကန်ပြည်ထောင်စု၏ သမ္မတကြီးကဲ့သို့ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့် အခြားဥရောပနိုင်ငံပေါင်းများစွာမှ ထိပ်သီးခေါင်း ဆောင်များ၊ ပညာရှင်များ၊ လူထုအခြေပြုအစည်းအဖွဲ့အစည်းများ ကလည်း ကူညီနေပါသည်။ အာရှတိုက်ရှိနိုင်ငံခေါင်းဆောင်အသီးသီးကလည်း အားရုံစိုက်နေပါ သည်။ ခြုံ၍ပြောရပါက မိမိတို့ဆင်နွှဲနေသော ဒီမိုကရေစီအရေး တော်ပုံကြီးသည် ကမ္ဘာတဝှမ်းလုံး၏ အဆင့်အမြင့်ဆုံးသော ထောက်ခံအားပေးမှုကို ခံစားနေရပါသည်။

နိုင်ငံတကာအားပေးထောက်ခံမှုနှင့် လူထုတရပ်လုံး၏ ရုန်းကန်လှုပ်ရှားမှု ကြောင့် နအဖစစ်အစိုးရသည်လည်း ဖက်ပေါင်းစုံမှဖိအားပေးမှုကို အလူးအလဲခံနေ ရသည်။ သူတို့အချင်းချင်းကြား အာဏာယှဉ်ပြိုင်မှုနှင့် အချင်းချင်းမယုံသင်္ကာမှုများ ကလည်း တနေ့တခြားကြီးမားလာပါသည်။ ထိုသို့တနေ့တခြားကြီးထွားလာသော စစ်တပ်အတွင်းအာဏာလုယက်ယှဉ်ပြိုင်မှုနှင့် နိုင်ငံတကာဖိအားများကို ပရိယာယ် ဆင်၍ရှောင်ရှားသည့်အနေဖြင့် ရပ်တခါ ဆက်တလှည့်ဖြင့် နှစ်ပေါင်း (၁၄) နှစ်တာ ကျင်းပလာသော အမျိုးသားညီလာခံကြီးကို အလျင်စလိုအဆုံးသတ်ပြီး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို အပြီးရေးဆွဲရန် ပြင်ဆင်နေရခြင်းဖြစ်ပါသည်။ ထိုမှ တဆင့် လက်နက်အားကိုးဖြင့် ပြည်သူလူထုကို ခြိမ်းခြောက်ပြီး လူထုဆန္ဒခံယူပွဲကိုကျင်းပ

ကာ စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပြုပြဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ကို အတည်ပြုသွားကြလိမ့်မည်။ ထို့ကြောင့် မိမိတို့အနေဖြင့် မှန်ကန်သော ပေါ်လစီ၊ လက်တွေ့ကျသော မဟာဗျူဟာနှင့် နည်းဗျူဟာများကိုချမှတ်ပြီး ဒီမိုက ရေစီအရေးတော်ပုံကြီး အမြန်အောင်ပွဲဆင်နိုင်သည်အထိ ဝိုင်းဝန်းကြိုးပမ်းရန် လို အပ်ပါသည်။ နအဖ၏ မတရား လုပ်ရပ်မှန်သမျှကို မိမိတို့ ခေါင်းငုံ့အရှုံးပေးသွား လိမ့်မည် မဟုတ်ပဲ၊ လက်နက်အားကိုးဖြင့် လူထုကိုအကြမ်းဖက်နေသော စစ်အစိုးရ ကို အမှန်တရား နှင့် သစ္စာတရားကို ကိုင်စွဲ၍အန်တုတော်လှန်သွားမည် ဖြစ်ပါသည်။

နအဖစစ်အစိုးရမှ မေလ (၁၀) ရက်နေ့တွင် ကျင်းပမည့်လူထုဆန္ဒခံယူပွဲတွင် လည်း ပြည်သူလူထုတရပ်လုံး၏ ဆန္ဒအမှန်ကိုဖော်ထုတ်နိုင်ဖို့ မိမိတို့တိုက်တွန်းသွား ရမည်ဖြစ်ပါသည်။ ပြည်သူလူထုတရပ်လုံးသာ မိမိတို့၏ဆန္ဒအမှန်ကို ကြောက်ရွံ့ခြင်း မရှိ လွတ်လပ်စွာဖော်ထုတ်နိုင်မည်ဆိုပါက စစ်အာဏာရှင်စနစ်ကိုကာကွယ်ပြဌာန်း ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝပယ်ချသွားကြမည်သာ ဖြစ်ပါ သည်။ အကယ်၍ စစ်အစိုးရဖိနှိပ်ချုပ်ချယ်မှုဒဏ်ကြောင့် လူထုတရပ်လုံးက မိမိတို့၏ ဆန္ဒအမှန်ကို မဖော်ပြပဲ၊ စစ်အစိုးရ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည် ဖြစ်သွားပါကလည်း အမှန်တရားနှင့် သစ္စာတရားကိုဖော်ထုတ်နိုင်သည်အထိ မိမိ တို့ဆက်လက်တိုက်ပွဲဝင်သွားမည်သာ ဖြစ်ပါသည်။ မိမိတို့သည် အမှန်တရား၏ ဖက်တော်သားများ ဖြစ်ကြသည်။ အမှန်တရားနှင့် သစ္စာတရားက ငါတို့ကို လွတ်မြောက်စေပေလိမ့်မည်။

အခန်း (၂၀)

## မဟာလူမျိုးကြီးဝါဒကိုအခြေခံ၍ စစ်အာဏာရှင်စနစ် တည်ဆောက်ရေးသို့ ဦးတည်နေသော နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်သုံးသပ်ခြင်း

[ ၂၀၀၈ ခုနှစ် မေလ (၁၀) ရက်နေ့တွင် နအဖစစ်အစိုးရမှ ခေါ်ယူကျင်းပမည့် လူထုဆန္ဒခံယူပွဲကို တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ဆန့်ကျင်ကန့်ကွက်ရန် တိုင်းရင်းသားလူမျိုးများကောင်စီက ၂၀၀၈ ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်စာတမ်း ]

# မဟာလူမျိုးကြီးဝါဒကိုအခြေခံ၍ စစ်အာဏာရှင်စနစ် တည်ဆောက်ရေးသို့ ဦးတည်နေသော နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်သုံးသပ်ခြင်း

## နိဒါန်း

နအဖစစ်အစိုးရသည် စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်နိုင်ရေးအတွက် ဆယ့်လေးနှစ်ကြာခေါ်ယူကျင်းပခဲ့သော အမျိုးသားညီလာခံကို သက္ကရာဇ် ၂၀၀၇ ခုနှစ် စက်တင်ဘာလ (၃) ရက်နေ့တွင် အဆုံးသတ်ကြောင်း ရုတ်တရက်ကြေညာလိုက်ပါသည်။ ထိုညီလာခံမှချမှတ်ထားသော "အခြေခံမူ" များနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲ၍ လာမည့်မေလ (၁၀) ရက်နေ့တွင် လူထုဆန္ဒခံယူပွဲခေါ်ယူကျင်းပကာ အတည်ပြုပြဋ္ဌာန်းသွားမည် ဖြစ်ကြောင်း သက္ကရာဇ် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကြေညာခဲ့ပါသည်။ ထိုကြေညာချက်ထုတ်ပြန်သည့်အချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုထံတင်ပြရှင်းလင်းခြင်း တစုံတရာမျှမရှိခဲ့ပေ။

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် နအဖစစ်အစိုးရ၏လမ်းပြမြေပုံကို အဆင့်တိုင်းတွင် တိုက်ဖျက်သွားရမည်ဟူသော ပေါ်လစီကိုချမှတ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် နအဖစစ်အစိုးရမှ ခေါ်ယူကျင့်ပမည့် လူထုဆန္ဒခံယူပွဲကို လူထုအားဖြင့် တိုက်ဖျက်သွားရန်အတွက် ပြည်သူလူထုတရပ်လုံး မဲရုံသို့သွားပြီး ကန့်ကွက်မဲပေးကြရန် တိုက်တွန်းသည့်ထုတ်ပြန်ကြေညာချက်တစောင်ကို ၂၀၀၈ ခုနှစ် ဧပြီလ (၇) ရက် နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အမှန်စင်စစ် နအဖ၏လမ်းပြမြေပုံ အဆင့် (၇) ဆင့်တွင် အဆင့် (၄) ဖြစ်သော လူထုဆန္ဒခံယူပွဲသည် ပြည်သူလူထုကိုယ်တိုင် တိုက်ရိုက်ပါဝင် နိုင်သောအဆင့်ဖြစ်၍ တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက စစ်အာဏာရှင်စနစ်မှ ရုန်းထွက်လွတ်မြောက်နိုင်ရေးအတွက် အသဲထဲကမဲတပြားကို တန်ဖိုးရှိရှိအသုံးချပြီး တိုက်ပွဲဝင်ရမည့်အချိန်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ သာမက ချင်းအမျိုးသားကောင်စီအနေဖြင့်လည်း နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကန့်ကွက်ကြပါရန် ချင်းပြည်သူတရပ်လုံးထံသို့ ပန်ကြား လွှာတစောင်ကို ဧပြီလ (၁၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဤစာတမ်းတွင် နအဖစစ်အစိုးရမှ တဖက်သတ်ရေးဆွဲပြဋ္ဌာန်း၍ လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုရန် ပြင်ဆင်ချက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သည့်အကြောင်းရင်းကြောင့် ဆန့်ကျင်ကန့်ကွက်ကြပါရန် ပြည်သူလူထုကိုတိုက်တွန်းနိုးဆော်ခဲ့ကြောင်း ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါသည်။

# အပိုင်း (၁)

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အင်္ဂါရပ်များ

## ဖွဲ့စည်းပုံအခြေခံဥပဒေ၏အဓိပ္ပာယ်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သောပြည်သူလူထုတရပ်လုံးနှင့် ယင်းအချုပ်အခြာအာဏာကို ပြည်သူလူထုကိုယ်စားကျင့်သုံးခွင့် အပ်နှင်းခြင်းခံရသော အစိုးရတို့အကြား မည်သို့မည်ပုံအာဏာခွဲဝေသုံးစွဲ၍ နိုင်ငံတော်ကို မည်ပုံမည်နည်းဖြင့် စီမံအုပ်ချုပ်ကြရမည်ဟူသော တိုင်းပြည်၏အမြင့်ဆုံး "ဥပဒေ" ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက နိုင်ငံတော်အချုပ်အခြာအာဏာ၏ ပိုင်ရှင်ဖြစ်သော ပြည်သူလူထုနှင့် လူထုကိုယ်စားတိုင်းပြည်ကို စီမံအုပ်ချုပ်နေသော အစိုးရတို့အကြား အာဏာအလွဲသုံးစားမှု မရှိရလေအောင် နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းရခြင်း၏ မူရင်းရည်ရွယ်ချက်မှာ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ရှင်ဖြစ်သော ပြည်သူလူထု၏ အခွင့်အရေးကို အစွမ်းကုန်ကာကွယ်ပြဋ္ဌာန်းရေးဖြစ်ပြီး၊ အခြားတဖက်တွင်လည်း အာဏာအလွဲသုံးစားမှုမရှိရလေအောင် နိုင်ငံတော်အချုပ်အခြာအာဏာကို လူထုကိုယ်စားလက်တွေ့ကျင့်သုံး အုပ်ချုပ်နေသောအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေဖြင့် ဘောင်ခတ်ကန့်သတ်ထားရေးပင်ဖြစ်ပါသည်။ သို့မှသာ ပိုင်ရှင်ကိုယ်စား အချုပ်အခြာအာဏာကို ကျင့်သုံးအုပ်ချုပ်နေသောအစိုးရ၏ အာဏာအလွဲသုံးစားမှုကင်းပါးသွားနိုင်မည်ဖြစ်ပြီး ပြည်သူလူထုတို့၏ မူလအခွင့် အရေးများကို အစိုးရက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ထိန်းပေးနိုင်မည် ဖြစ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်များ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထုနှင့် အစိုးရအကြား နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာတမ်းဖြစ်သည်နှင့်အညီ — အုပ်ချုပ်သူအစိုးရနှင့် အအုပ်ချုပ်ခံပြည်သူလူထုများအကြား အပြန်အလှန်ထိန်းညှိဆက်စပ်ပေးသည့် ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံရမည် ဖြစ်ပါသည်။ ထိုအင်္ဂါရပ်များစွာရှိသည့်အနက် အရေးကြီးသောအင်္ဂါရပ်များကို အောက်တွင်ဖော်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

## (က)အခြေခံမူများ (Basic Principles)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ရေးဆွဲပြဋ္ဌာန်းရာတွင် အရေးကြီးသော ဂုဏ်အင်္ဂါရပ်တခုမှာ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ "အခြေခံမူများ" ပင်ဖြစ်ပါသည်။ ထိုအခြေခံမူများသည် တိုင်းပြည်တခု၏တည်ဆောက်ဖွဲ့စည်းပုံသာမက၊ နိုင်ငံရေး လမ်းစဉ်နှင့် အနာဂတ်ရည်ရွယ်ချက်များကို ဦးဆောင်လမ်းညွှန်လျက်ရှိနေပါသည်။ ဆိုလိုသည်မှာ — နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ အခြေခံမူများကို လေ့ လာကြည့်ရှုခြင်းအားဖြင့် တိုင်းပြည်တခုသည် ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် စသည့် ဝါဒများကို အခြေခံသော တိုင်းပြည်ဖြစ်သည်၊ သို့မဟုတ် ဘာသာရေးကို အခြေခံသောတိုင်းပြည်ဖြစ်သည်၊ သို့မဟုတ် ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုကိုအား ပေးသော ဒီမိုကရေစီနိုင်ငံဖြစ်သည် စသည်ဖြင့် ခွဲခြမ်းစိပ်ဖြာနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ အခြေခံမူများသည် တိုင်းပြည်တခု၏ အနာဂတ်ကို အဆုံးအဖြတ်ပေးရာ၌ အလွန်အရေးကြီးပေသည်။ အခြေခံမူများကောင်းမွန် မှန်ကန်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်၏ မီးရှူးတန်ဆောင် ကဲ့သို့ ပြည်သူလူထုတရပ်လုံး၏ အနာဂတ်ကိုထွန်းလင်းတောက်ပစေနိုင်မည် ဖြစ်ပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ အခြေခံမူများ မှားယွင်းသွား ပါက တိုင်းပြည်ကို အမှောင်လွှမ်းသောချောက်ကမ်းပါးသို့ တွန်းချသွားနိုင်ပါသည်။ ထို့ကြောင့် နအဖစစ်အစိုးရမှ ခံယူထားသော "အခြေခံမူများ" ကို စနစ်တကျ လေ့လာဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

## (ခ) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ (Form of State)

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ (Form of State) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်၏ အသက်သွေးကြောဖြစ်သည်ဟု တချို့ပညာရှင်များက သုံးသပ်လေ့ရှိကြ ပါသည်။ အကြောင်းမှာ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှု ဆိုသောအင်္ဂါရပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံး၏ အသွင်သဏ္ဍာန်နှင့် အခြားအင်္ဂါရပ် များအားလုံးကို အဆုံးအဖြတ်ပေးသောကြောင့် ဖြစ်သည်။ တနည်းအားဖြင့်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံဟူသော ပြဿနာသည် တိုင်းပြည်တခုကို "တပြည်ထောင်စနစ်" ဖြင့်ဖွဲ့စည်းမည်လော၊ သို့တည်းမဟုတ် "ပြည်ထောင်စု စနစ်" ဖြင့် ဖွဲ့စည်းမည်လောဟူသော ပြဿနာနှင့် တိုက်ရိုက်ပတ်သက်နေသော ကြောင့် ဖြစ်ပါသည်။

ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားသော တိုင်းပြည်တခု၏ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ (Form of State) ကို လေ့လာရာ၌ အခြေခံအကျဆုံးသော ပြဿနာတရပ်မှာ — ပြည်ထောင်စုကို မည်သို့မည်ပုံဖွဲ့စည်း၍ ပြည်ထောင်စုအစိုးရ

နှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား မည်သို့မည်ပုံအာဏာခွဲဝေကျင့်သုံးကြသည် ဟူသော အာဏာခွဲဝေသုံးစွဲရေး (Division of Powers) ပင်ဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို မည်သို့ဖွဲ့စည်း၍၊ ထိုပြည်နယ်များကို မည်သည့်အာဏာများ မည်ကဲ့သို့အပ်နှင်းသည်ဆိုသော အချက်လည်းပါဝင်ပါသည်။ တနည်းအားဖြင့်ဆိုပါက — စစ်မှန်သောပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များအကြား အာဏာခွဲဝေရေး (Division of Powers) ပီပြင်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ပြည်နယ်များကိုလည်း နိုင်ငံရေးအာဏာအပြည့်အဝအပ်နှင်း၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ပေးအပ်ရမည်ဖြစ်ပါသည်။ ထိုသို့ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ နိုင်ငံ့အာဏာ (၃) ရပ်စလုံးကို လွတ်လပ်စွာကျင့်သုံးနိုင်ရန်အတွက် ပြည်နယ်အသီးသီးက မိမိတို့၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေပဲ၊ သီးခြားလွတ်လပ်စွာရေးဆွဲပြဋ္ဌာန်း ပိုင်ခွင့်ရှိကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ပင်လုံညီလာခံသဘောတူညီချက်အရ "ပြည်ထောင်စုစနစ်" ဖြင့်ဖွဲ့စည်းခဲ့သော "ပြည်ထောင်" များကိုစုစည်းသည့် "ပြည်ထောင်စု" နိုင်ငံတရပ်ဖြစ်ပါသည်။ သို့သော် လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေသုံးစွဲခြင်း (Division of Powers) ပြဿနာကို စနစ်တကျဖြေရှင်းနိုင်ခြင်း မရှိသည့်အပြင်၊ ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ မပေးထားသောကြောင့်၊ တိုင်းပြည်တွင် အနှစ် (၆၀) ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရပြီး၊ တိုင်းရင်းသားလူမျိုးများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရန် လိုအပ်နေခြင်းဖြစ်ပါသည်။ တချို့ပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းအားလုံးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ဖြစ်ပေါ်သော (Constitutional Crisis) ဟူ၍ပင်ခေါ်ဆိုနေကြပါသည်။ ထို့ကြောင့် ဤရှုဒေါင့်မှ နအဖစစ်အစိုးရက ရေးသားပြုစု၍ လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းရန် ပြင်ဆင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးသပ်တင်ပြသွားမည်ရန် လိုအပ်မည်ဖြစ်ပါသည်။

## (ဂ) နိုင်ငံတော်အစိုးရဖွဲ့စည်းပုံ (Form of Government)

နိုင်ငံတော်အချုပ်အခြာအာဏာကို ပြည်သူလူထုက ပိုင်ဆိုင်ထားပါသော်လည်း ယင်းကို ပြည်သူလူထုက တိုက်ရိုက်ကျင့်သုံးခြင်း မဟုတ်ပေ။ ပြည်သူလူထုကိုယ်စား အစိုးရကကျင့်သုံး ရပေသည်။ ထို့ကြောင့် ပြည်သူလူထုတရပ်လုံး၏ ဘဝရှေ့ရေးကို အဆုံးအဖြတ်ပေးပြီး၊ တိုင်းပြည်၏ကံကြမ္မာအကောင်းအဆိုးကိုပါ ပြဋ္ဌာန်းပေးနိုင်သော "နိုင်ငံတော်အချုပ်အခြာအာဏာသုံးစွဲရေး" ဟူသော "နိုင်ငံတော်အစိုးရ

ဖွဲ့စည်းရေး'' (Form of Government) သည် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ အလွန်အရေးကြီးသော အင်္ဂါရပ်တခုဖြစ်နေပါသည်။

နိုင်ငံတော်အစိုးရဖွဲ့စည်းရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသာ အရေးကြီးနေသည် မဟုတ်၊ လက်တွေ့ကျင့်သုံးသောအခါ၌ ပို၍အရေးကြီးပါသည်။ နိုင်ငံတော်အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားသောပြည်သူလူထုကြောင့် တိုင်းပြည်မပျက်စီးနိုင်၊ အချုပ်အခြာအာဏာကို အလွဲသုံးစားလုပ်သော အစိုးရကြောင့်သာ တိုင်းပြည်ပျက်စီးလေ့ ရှိတတ်ပါသည်။ ပြည်သူလူထုက မိမိတို့ပိုင်ဆိုင်ထားသော အခွင့်အရေးကို မည်သည့်အခါမျှ တိုက်ရိုက်ချိုးဖောက်လေ့မရှိ၊ လူထုကိုယ်စား နိုင်ငံတော်အာဏာစက်ကိုကျင့်သုံးသော အစိုးရကသာ လူထုအခွင့်အရေးကို ရိုက်ချိုးနိုင်ပါသည်။ ပြည်သူလူထုက လူ့အခွင့်အရေးကို ပြောပလောက်သောအတိုင်းအတာနှင့် အထုအထည်ဖြင့် မည်သည့်အခါမျှ မချိုးဖောက်၊ အာဏာရှင်အစိုးရများသာလျှင် ၎င်းတို့အာဏာတည်မြဲရေးအတွက် လူ့အခွင့်အရေးများကို ချိုးဖောက်၍ ဒီမိုကရေစီအခွင့်အရေးများကို ပိတ်ပင်လေ့ရှိတတ်ပါသည်။ လာဘ်ပေးလာဘ်ယူမှုပင်လျှင် အစိုးရမပါပဲ လူထုကတဖက်သတ်လုပ်၍ မရပေ။ အစိုးရက အာဏာအလွဲသုံးစားမှုကြောင့်သာ ထိုအရာများဖြစ်ပွားရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရဖွဲ့စည်းရေးသည် အလွန်အရေးကြီးလှပေသည်။ တာဝန်လည်းကြီးလှသဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ရိုးသားပွင့်လင်းမှု အပြည့်အဝရှိရန်လိုအပ်ပါသည်။ ထိုရှုဒေါင့်မှ နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို သုံးသပ်ဝေဖန်သွားမည်ဖြစ်ပါသည်။

## (ဃ) အခြေခံအခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေး
## (Basic Rights and the Rule of Law)

ခေတ်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် အခြေခံအခွင့်အရေးများ (Basic Rights) ကို အမြဲတစေပြဋ္ဌာန်းပြီး၊ ဖွဲ့စည်းပုံတခု၏ အရေးကြီးသော အင်္ဂါရပ်တခုအဖြစ် အမြဲတမ်းထိပ်တင်၍ ရှေ့ခန်းမှဖော်ပြလေ့ရှိပါသည်။ တပါတီအာဏာရှင်နှင့် စစ်အာဏာရှင်စနစ်ကို ကျင့်သုံးသော တိုင်းပြည်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်ပင် ဤအခန်းကို ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ သို့သော် အာဏာရှင်များသည် တဖက်တွင်အခွင့်အရေးတခါးကိုဖွင့်၍ အခြားတဖက်တွင် ပိတ်နေကြပြန်သည်။

နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ရခြင်း၏ရည်ရွယ်ချက်မှာ — နိုင်ငံသားများ မူလအခွင့်အရေးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အပြည့်အဝအာမခံချက်ပေးထားသည်

ဟူသောအချက်ကို ဖော်ညွှန်းခြင်းသာမက နိုင်ငံသားတိုင်းသည် တရားဥပဒေရှေ့မှောက်တွင် "တန်းတူအခွင့်အရေးရှိသည်" ဟူသော "တရားဥပဒေစိုးမိုးရေး" (The Rule of Law) ကိုလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အခိုင်အမာကာကွယ်ထားကြောင်း ပြသရန်ရည်ညွှန်းနေပါသည်။ ထို့ကြောင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကိုပေးထားပြီး၊ အခြားတဖက်တွင် တရားဥပဒေစိုးမိုးရေးကို အပြည့်အဝအာမခံခြင်းမရှိပါက ထိုမူလအခွင့်အရေးများသည် အမည်ခံအခွင့်အရေးများသာ ဖြစ်သွားပြီး လက်တွေ့အကောင်အထည်ဖော်ကျင့်သုံး၍ ရမည်မဟုတ်ပေ။

ဒီမိုကရေစီစနစ်ကိုအပြည့်အဝကျင့်သုံးသော တိုင်းပြည်များနှင့် တပါတီအာဏာရှင်စနစ်ကိုကျင့်သုံးသော တိုင်းပြည်များ၏ ကွာခြားချက်မှာ — အာဏာရှင်စနစ်ကိုကျင့်သုံးသော တိုင်းပြည်များတွင် နိုင်ငံသားများ၏ အခြေခံ "မူလ" အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးသည်ဟု ဖော်ပြလေ့ရှိသော်လည်း၊ တရားဥပဒေစိုးမိုးရေးမရှိသောကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူထုကိုပေးအပ်ထားသော အခြေခံအခွင့်အရေးများကို လက်တွေ့ဘဝတွင် အပြည့်အဝအကောင်အထည်ဖော်ကျင့်သုံး၍ မရနိုင်ပေ။ ထို့ကြောင့် နိုင်ငံသားများ၏ အခွင့်အရေးကိုလေ့လာရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက တရားဥပဒေစိုးမိုးရေးကို မည်ရွေ့မည်မျှအာမခံချက်ပေးနိုင်သည်ဟူသော — နိုင်ငံရေးအာဏာ (၃) ရပ်ထဲမှ တရားစီရင်ရေးအာဏာနှင့် တွဲဖက်လေ့လာမှသာ ပြည့်စုံနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာ ဒီမိုကရေစီစနစ်တွင် "တရားဥပဒေ" သည်ပြည်သူလူထု၏ အခွင့်အရေးများကို ကာကွယ်ရန်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး၊ ပဒေသရာဇ်စနစ်နှင့် အာဏာရှင်စနစ်များတွင် "တရားဥပဒေ" သည် အုပ်ချုပ်သူလူထုလူတန်းစားများက ပြည်သူလူထုကို ထိန်းကွပ်ဖိနှိပ်ရန် အသုံးပြုသော အုပ်ချုပ်ရေးယန္တရားတခုမျှသာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကို ဖြိုခွဲနှိမ်နင်းပြီးမှ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းထူထောင်ရေးလမ်းစဉ်ဖြင့် ရေးသားပြုစုသော နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း "နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ" ကိုအတိအကျပြဋ္ဌာန်းထားပါသည်။ သို့သော် စစ်အာဏာရှင်စနစ်အောက်တွင် ထိုအခွင့်အရေးများ မည်သည့်အတိုင်းအတာအထိ လက်တွေ့ကျင့် သုံးနိုင်မည်ဖြစ်ပြီး၊ မည်သည့်အပိုင်းကို မည်သို့မည်ပုံ ပြန်လည်တုတ်နှောင်စည်းချုပ်ထားသည်ဆိုသောအပိုင်းကိုလည်း တရားဥပဒေစိုးမိုးရေးရှုဒေါင့်မှ ဝေဖန်သုံးသပ်သွားမည်ဖြစ်ပါသည်။

## (င) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် အထွေထွေပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးကြီးသောအင်္ဂါရပ်များအဖြစ် အရေးတယူဖော်ပြလေ့ မရှိပါ၊ မရှိမဖြစ်၍သာ ထည့်သွင်းရသော အင်္ဂါရပ်များဖြစ်သည်ဟု တချို့ပညာရှင်များက သုံးသပ်လေ့ ရှိပါသည်။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏အမြင့်ဆုံးဥပဒေဖြစ်သည်နှင့်အညီ ထိုဖွဲ့စည်းပုံကို ပြင်ချင်တိုင်း လွယ်လွယ်ပြင်၍ သင့်တော်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို တရားဥပဒေနှင့်အညီ ကြပ်မတ်ရပေမည်။ အခြားတဖက်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်လျှင် လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်း၍ မရပါက၊ ပြောင်းလဲတိုးတက်နေသော အခြေအနေတရပ်ရပ်ကြောင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြပ်အတည်း (Constitutional Crisis) ပြန်လည်ဖြစ်ပွားနိုင်ပါသည်။ ထိုထက် ပို၍စိုးရိမ်ဘွယ်ကောင်းသောအချက်မှာ — အာဏာရှင်တစုကရေးသားပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ၎င်းတို့အာဏာတည်မြဲရေးတခုတည်းကိုသာ ရှေ့ရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွယ်လွယ်ပြင်ဆင်၍မရအောင် နည်းမျိုးစုံဖြင့် ဟန့်တားပိတ်ပင်တတ်ပါသည်။ ထို အားနည်းချက်ကြီးသည် နအဖစစ်အစိုးရ ပြင်ဆင်ရေး ဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထင်ထင်ရှားရှားရှိနေကြောင်းကို ဤစာတမ်းတွင် ထုတ်ပြဝေဖန်သွားမည် ဖြစ်ပါသည်။

## (စ) တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသောသဘောထားများ

လူမျိုးတမျိုးတည်းရှိ၍ ဘာသာစကားတမျိုးတည်းကိုသာ ပြောဆိုသုံးစွဲနေသော တိုင်းပြည်များ၌ ကျင့်သုံးလျှက်ရှိသည့် ''တပြည်ထောင်စနစ်'' တွင် တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသော သဘောထားကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်တခုအဖြစ် သတ်မှတ်ပြဋ္ဌာန်းမည်မဟုတ်သော်လည်း၊ လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင်ကျင့်သုံးလေ့ရှိသည့် ''ပြည်ထောင်စုစနစ်'' တွင်မူ ယင်းသည် အလွန်အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်တခုဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ပူးပေါင်းဖွဲ့စည်းသော တိုင်းပြည်တခုဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအား လုံးငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးကို လိုလားပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသည့် သဘောထားကို အလေးအနက်ထား၍ လေ့လာသုံးသပ်ရန် လိုအပ်နေမည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ အခြေခံအင်္ဂါရပ်များအပေါ် အခြေခံ၍ နအဖစစ်အစိုးရမှရေးဆွဲတင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လေ့လာသုံးသပ်ပြီး ပြည်သူလူထုထံသို့ ပန်ကြားလွှာကိုပါ ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

## အပိုင်း (၂)

## နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို လေ့လာသုံးသပ်ခြင်း

### (က) အခြေခံမူများ

**[မဟာလူမျိုးကြီးဝါဒကိုအခြေခံသော စစ်အာဏာရှင်စနစ်တည်ဆောက်ရေး]**

နအဖစစ်အစိုးရမှ အတည်ပြုပြဋ္ဌာန်းရန် ပြင်ဆင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများကို ယင်းဖွဲ့စည်းပုံမူကြမ်း၏ ပုဒ်မ (၆) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ ယင်းတို့မှာ —

(၁) ပြည်ထောင်စုမပြိုကွဲရေး
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့်
(၆) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး တို့ဖြစ်ပါသည်။

ယင်းအခြေခံမူ (၆) ချက်အနက် အခြေခံမူ နံပါတ် (၁) မှ (၅) အထိကို သင့်တော်လျှင် သင့်တော်သလို ရှေ့ပိုင်းတွင်လေ့လာ သုံးသပ်သွားမည်ဖြစ်ပြီး၊ ဤနေရာတွင် အခြေခံမူ နံပါတ် (၆) ကို ဦးစားပေးဆွေးနွေးသွားမည် ဖြစ်ပါသည်။ ယင်းသည် ''နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေး'' ပင်ဖြစ်ပါသည်။

ပထမဦးစွာ ''အမျိုးသားနိုင်ငံရေး'' ဟူသောစကားစုကို လေ့လာသုံးသပ်လိုပါသည်။ ဤနေရာတွင် ဖော်ပြထားသော ''အမျိုးသားနိုင်ငံရေး'' သည် ပြည်ထောင်စုတခုလုံးရှိ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သော နိုင်ငံရေးကို ဆိုလိုခြင်းလော၊ သို့တည်းမဟုတ် လူမျိုးတမျိုးတည်းကို ရည်စူး၍ ဗမာ (ဝါ) မြန်မာလူမျိုးတို့၏ အမျိုးသားနိုင်ငံရေးကို ဆိုလို ခြင်းလော၊ မသဲကွဲ မရှင်းလင်းလှပေ။

ထို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၃) တွင် "နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သောနိုင်ငံဖြစ်သည်" ဟု ဗမာ (ဝါ) မြန်မာမှအပသော တိုင်းရင်းသားလူမျိုးများ၏ အမှန်ပကတိတည်ရှိခြင်းကို အသိအမှတ်ပြုထားပါသည်။ ဤနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပကတိတည်ရှိနေခြင်းကို အသိအမှတ်ပြုပါက "အမျိုးသားနိုင်ငံရေး" ဟူသောအသုံးအနှုန်းသည် မည်သည့်အမျိုးသားကို ရည်ညွှန်းသနည်းဟု အလေးအနက်စဉ်းစားရန် လိုအပ်ပါသည်။ လူမျိုးပေါင်းစုံရှိပါက "အမျိုးသား" လည်း များစွာရှိရပါမည်။ လူမျိုးပေါင်းစုံရှိခြင်းကို လက်ခံအသိအမှတ်ပြုပြီးမှ "အမျိုးသား" တခုတည်းကိုကွက်၍ဖော်ပြခြင်းသည် ယင်းစကားလုံး၏ နောက်ကွယ်၌ ကောက်ကျစ်စဉ်းလဲသော နိုင်ငံရေးရည်ရွယ်ချက်ရှိသောကြောင့်သာဖြစ်ပါသည်။

ထို့အပြင် — ထို "အမျိုးသားနိုင်ငံရေး" ကို တပ်မတော်ကဦးဆောင်ရမည်ဖြစ်ပြီး၊ ထို တပ်မတော်သည် "တခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်" ဟု ပုဒ်မ (၂၀) တွင် ထပ်မံပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုတခုလုံးအတွက် "တခုတည်းသောတပ်မတော်" ရှိခြင်းသည် ပြဿနာမဟုတ်။ သို့သော် ထိုတခုတည်းသောတပ်မတော်သည် "မျိုးချစ်တပ်မတော်" ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းသည် အလွန်အန္တရာယ်ကြီးမားလှပါသည်။ လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် လူမျိုးတိုင်းက မိမိအမျိုးကိုချစ်ကြရမည်ဖြစ်သောကြောင့် မျိုးချစ်စိတ်များစွာရှိနိုင်ပါသည်။ ချင်းမျိုးချစ်စိတ်၊ ကရင်မျိုးချစ်စိတ်၊ ဗမာမျိုးချစ်စိတ် ... ... စသည်ဖြင့် လူမျိုးတိုင်းတွင် မျိုးချစ်စိတ်ရှိကြရပေမည်။ သို့သော် တပ်မတော်သည် "တခုတည်းသော မျိုးချစ်တပ်မတော်" ဖြစ်ပါက မည်သည့်အမျိုးကို ချစ်ရမည်နည်း။ မည်သည့်အမျိုးကိုချစ်သည့် တပ်မတော်ဖြစ်ရ မည်နည်း။ ချင်း မျိုးချစ်တပ်မတော်လော၊ ကရင်မျိုးချစ်တပ်မတော်လော၊ ဗမာ မျိုးချစ်တပ်မတော်လော၊ သဲကွဲခြင်းမရှိ။ ထို့ကြောင့် အင်မတန်မှပင် အန္တရာယ်ကြီးမားပါသည်။ အကြောင်းမှာ လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် မျိုးချစ်စိတ်တခုတည်း မရှိနိုင်ပေ။ ထို့ကြောင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် မျိုးချစ်စိတ်တခုတည်းရှိခြင်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ခြင်းသည် "မဟာလူမျိုးကြီးဝါဒ" သာလျှင်ဖြစ်ပေသည်။

မဟာလူမျိုးကြီးဝါဒကို အခြေခံသော အမျိုးသားနိုင်ငံရေးကို "မျိုးချစ်တပ်မတော်" ကဦးဆောင်ရမည်ဟူသော အခြေခံမှုသည် နောင်အရှည်သဖြင့် အခြားသော တိုင်းရင်းသားလူမျိုးများအားလုံးကို "ဗုဒ္ဓဘာသာမြန်မာလူမျိုး" အဖြစ် ဝါးမြိုလွှမ်းမိုးရေးပင်ဖြစ်ပါသည်။ ယခုအချိန်တွင် ဗမာ (ဝါ) မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများတည်ရှိခြင်းကို အသိအမှတ်ပြုနေပါသေးသော်လည်း ထို ဖွဲ့စည်းပုံ

အခြေခံဥပဒေကိုသာ အနှစ် (၁၀၀) ဆက်တိုက်ကျင့်သုံးသွားပါက — ဤပြည်ထောင်စုအတွင်းရှိ ဗမာ (ဝါ) မြန်မာမှအပ အခြားသော တိုင်းရင်းသားလူမျိုးများအားလုံး တိမ်ကောပပျောက် သွားပေလိမ့်မည်။ ယင်းသည် နအဖစစ်အစိုးရက ရေးဆွဲပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကရည်မှန်းချက်ကြီး ဖြစ်ပါသည်။ ထိုရည်မှန်းချက်ကို အမျိုးသားနိုင်ငံရေးရည်မှန်းချက်အဖြစ်ထားရှိပြီး ယင်းကို "မျိုးချစ်တပ်မတော်" ကလက်တွေ့ အကောင်အထည်ဖော် သွားရပေလိမ့်မည်။

ယင်းလုပ်ရပ်သည် လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင်အဆက်ဆက်သော အာဏာရှင်အစိုးရများက ကျင့်သုံးခဲ့သော ပေါ်လစီတရပ်ပင် ဖြစ်ပါသည်။ သို့သော် ယခင်က "အမျိုး၊ ဘာသာ၊ သာသနာ" ဟူသော ဘောင်အတွင်း အမျိုးသားနိုင်ငံတော်ထူထောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ယခုမူ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်ဦးဆောင်မှုဖြင့် "တသွေး၊ တသံ၊ တမိန့်" အောက်တွင် ဆက်လက်အကောင်အထည်ဖော်သွားရပေလိမ့်မည်။ ထို့ကြောင့် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် "မဟာလူမျိုးကြီးဝါဒ" ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တရားဝင်ပြဋ္ဌာန်းကျင့်သုံးရေးဖြစ်၍ ထိုမဟာလူမျိုးကြီးဝါဒဖြင့် တည်ဆောက်မည့် အမျိုးသားနိုင်ငံတော်ထူထောင်ရေး စီမံကိန်းကြီးကို ဗမာ့မျိုးချစ်တပ်မတော်က ဦးဆောင်သွားရေးပင် ဖြစ်ပါတော့သည်။

မဟာလူမျိုးကြီးဝါဒကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရေးသည် လူမျိုးမှန်းတီးရေးဝါဒအပေါ် အခြေခံ၍ ဂျူးလူမျိုး (၆) သန်းကို သတ်ဖြတ်ပြီး၊ ဒုတိယကမ္ဘာစစ်ကြီးကို ဖန်တီးခဲ့သော နာဇီဟစ်တလာ၏ လုပ်ရပ်နှင့်အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် ယင်းလုပ်ရပ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူသားချင်းစာနာတရားရှိကြသော ဗမာ (ဝါ) မြန်မာတိုင်းရင်း သားများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးက ဝိုင်းဝန်း "ဆန့်ကျင်ကန့်ကွက်" ကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

## (ခ) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ (From of the State)
### [ပြည်ထောင်စုအမည်ခံ တပြည်ထောင်စနစ်ဖြင့် အမျိုးသားနိုင်ငံထူထောင်ရေး]

နအဖစစ်အစိုးရမှ အတည်ပြုပြဋ္ဌာန်းရန် ကြံရွယ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပုဒ်မ (၈) တွင် "နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်" ဟုအတိအလင်းပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုကြီးကို "ရှိရင်းစွဲ တိုင်း (၇) တိုင်းကို တိုင်းဒေသကြီး (၇) ခု အဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (၇) ပြည်နယ်အဖြစ်ပိုင်းခြား" ပြီး၊ ထို

တိုင်းဒေသကြီးနှင့် ပြည်နယ်များကို "အဆင့်အတန်းတူညီကြသည်" ဟု ပုဒ်မ (၉) တွင် ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုစနစ်နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းရာ၌လည်း ပြည်နယ် (၇) ခု နှင့်၊ တိုင်းဒေသကြီး (၇) ခုမှ ဦးရေတူစေလွှတ်သော အမျိုးသားလွှတ်တော်နှင့် လူဦးရေအပေါ်အခြေခံ၍ ဖွဲ့စည်းအပ်သော ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိပါသည်။ ထို့အပြင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကိုပါ ဖွဲ့စည်းခွင့်ပေးထားပါသည်။ ခြုံ၍ကြည့်မည်ဆိုပါက နအဖစစ်အစိုးရ၏ ဖွဲ့စည်းလတ္တံ့သော ပြည်ထောင်စုသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုထက်သော်လည်းကောင်း၊ ၁၉၇၄ ခုနှစ် မဆလတပါတီစနစ်အောက်တွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုထက်သော်လည်းကောင်း ပြည်ထောင်စုစနစ်ပို၍ ပီပြင်လာသည်ဟု ငြင်းချက်ထုတ်နိုင်ပါသည်။ သို့သော် မိမိတို့ လိုချင်သော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် မဟုတ်။ တပြည်ထောင်စနစ်တွင် ဗဟိုချုပ်ကိုင်မှုကြိုးနီစနစ်ကို အနည်းငယ်လျော့ပေးထားသော အတုအယောင် ပြည်ထောင်စုမျှသာဖြစ်နေပါသည်။ အကြောင်းမှာ —

**(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖွဲ့စည်းရာ၌ အခြေခံအားဖြင့် တန်းတူညီမျှမှုမရှိ။** ။ စစ်မှန်သောပြည်ထောင်စုစနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ နိုင်ငံရေးအရ အဆင့်အတန်းတူညီသော ပြည်နယ်များဖြင့်သာ ဖွဲ့စည်းရပါမည်။ ယခု နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများလုပ်ပိုင်ခွင့် အဆင့်အတန်းတူကြသည် ဟု ဆိုသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုကြည့်ပါက "ပြည်နယ် — ပြည်မ" ဟူသော အတွေးအခေါ်မကင်းရှင်းကြောင်း တွေ့ရမည်ဖြစ်ပါသည်။ အကယ်၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံးသည် နိုင်ငံရေးအရအဆင့်အတန်းတူညီနေပါက အဘယ်ကြောင့် အားလုံးကို ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး ဟု တူညီသော အမည်နာမဖြင့် မခေါ်ဝေါ် နိုင်သနည်း။ ယင်းသို့ခွဲခြားထားခြင်း၏ ရည်ရွယ်ချက်မှာ တိုင်းဒေသကြီး (၇) ခုသည် ယခင်အခေါ်အဝေါ်အတိုင်း "ပြည်မ" ကိုသာ ရည်ညွှန်းခြင်းဖြစ်၍ ဗမာ (ဝါ) မြန်မာတိုင်းရင်းသားများအတွက် ပြည်နယ်နှင့် အဆင့်တူညီသော တိုင်းဒေသ (၇) ခုကို ဖွဲ့စည်း ခြင်းမျှသာဖြစ်ပါသည်။ ဤသို့ဖြင့် မဟာလူမျိုးကြီးဝါဒီများက ဗမာ (ဝါ) မြန်မာတိုင်းရင်းသားများအတွက် အခွင့်အရေး (၇) ဆ ရယူရန်ပြင်ဆင်နေခြင်း ဖြစ်ပါသည်။ ခြုံ၍ပြောရပါက ပြည်နယ်နှင့် တိုင်းဒေသကြီးကို သီးခြားအမည်နာမများဖြင့် ကင်ပွန်းတပ်၍ဖွဲ့စည်းခြင်းသည် မဟာလူမျိုးကြီးဝါဒကို အခြေခံ၍ဖွဲ့စည်းထားသော အမျိုးသားနိုင်ငံတော်တွင် ဗမာ (ဝါ)

မြန်မာလူမျိုးများက ကျန်တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရလုပ်၍ မရအောင် ချုပ်ကိုင်ထားသော ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။

**(၂) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အာဏာခွဲဝေသုံးစွဲခြင်း (Division of Powers) ပီပြင်တိကျခြင်းမရှိ။** ။ စစ်မှန်သောပြည်ထောင်စုစနစ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းမည်ဆိုပါက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေသုံးစွဲခြင်း (Division of Powers) ကို အတိအကျပြဋ္ဌာန်းရန်လိုအပ်ပါသည်။ ပြည်ထောင်စု ဥပဒေအညွှန်းတွင် ပြဋ္ဌာန်းထားသော ဥပဒေပြုစာရင်းနှင့် ပြည်နယ်ဥပဒေပြုပိုင်ခွင့်တွင် ပြဋ္ဌာန်းထားသော ဥပဒေပြုစာရင်းများတွင် မပါရှိသေးသည့် "ကြွင်းကျန်သောဥပဒေ" (Residual Powers) များကို ပြည်ထောင်စုအစိုးရကို အပ်နှင်းမည်လော၊ ပြည်နယ်များကို အပ်နှင်းမည်လော ... စသည်တို့ကို တိကျစွာပြဋ္ဌာန်း ရန်လိုအပ်ပါသည်။

ယခု နအဖစစ်အစိုးရမှ ပြဋ္ဌာန်းအတည်ပြုရန် ပြင်ဆင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား စနစ်တကျ အာဏာခွဲဝေခြင်း အလျဉ်းမှုမရှိပေ။ ခွဲဝေရန်အာဏာလည်း မရှိပေ။ အကြောင်းမှာ ပြည်နယ်လွှတ်တော်များကို လုံလောက်သော ဥပဒေပြုပိုင်ခွင့်မပေးချေ။ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု စသည့်နယ်ပယ်များတွင် ပင်လျှင် ပြည်နယ်များကို ဥပဒေပြုပိုင်ခွင့် အလုံအလောက်မပေးထားချေ။

အမှန်စင်စစ် နအဖစစ်အစိုးရမှ ပေးထားသော ပြည်နယ်လွှတ်တော်၏ ဥပဒေပြုပိုင်ခွင့်သည် ကိုလိုနီခေတ် မြူနီစီပယ်ကောင်စီများ၏ လုပ်ပိုင်ခွင့်အဆင့်အတန်းကိုမျှ မမှီပေ။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ဥပဒေပြုပိုင်ခွင့်အညွှန်းနှင့် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်ကို ကြည့်ခြင်းအားဖြင့် နအဖစစ်အစိုးရဖွဲ့စည်းထူထောင်မည့်နိုင်ငံတော်သည် ပြည်ထောင်စုစနစ်မဟုတ်ပဲ၊ ပြည်နယ်များကို မပြောစလောက်သော အခွင့်အရေးများပေး၍ ဗဟိုချုပ်ကိုင်မှုကြိုးနီးစနစ်ကို နည်းနည်းဖြေလျော့ထားသော တပြည်ထောင်စနစ် (Decentralized Unitary) မျှသာ ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုစနစ်၏ စံချိန်စံနှုန်းအရ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေခြင်းကို ပီပြင်တိကျစွာ တိုင်းထွာနိုင်လိမ့်မည် မဟုတ်ပေ။ အချုပ်အားဖြင့်ဆိုပါက — ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးအပ်သည့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေသုံးစွဲမှု (Division of Powers) မရှိ။ ထို့ကြောင့် ပြည်ထောင်စုစနစ်ဟု ခေါ်ဆို၍ရမည် မဟုတ်ပေ။

**(၃) အာဏာမရှိသောအမည်ခံအမျိုးသားလွှတ်တော်။** ။ စစ်မှန်သောပြည်ထောင်စုစနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဦးရေတူစေလွှတ်သော ကိုယ်စားလှယ်များဖြင့် အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်ကို ဖွဲ့စည်းရမည်။ ထိုအမျိုးသားလွှတ်တော်သည် ပြည်နယ်များကိုတိုက်ရိုက် ကိုယ်စားပြုသောကြောင့် ပြည်နယ်အရေးအရာနှင့်စပ်လျဉ်းသောကိစ္စများတွင် အာဏာအရှိဆုံး လွှတ်တော်ဖြစ်ရပါမည်။

သို့သော် နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော်သည် ပြည်နယ်ရေးရာကိစ္စများကို ယတိပြတ်ဆုံးဖြတ်ချက်များကို အဆုံးအဖြတ်မပေးနိုင်သော အမည်ခံလွှတ်တော်တရပ်မျှသာ ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ကို ပြည်နယ်ရေးရာ၌ ပတ်သက်သော သီးခြားဥပဒေပြုခွင့် အာဏာအပ်နှင်းခြင်း မရှိသည့်အပြင်၊ ပြည်နယ်တခုချင်းစီ၏ အရေးကိစ္စကို အကာအကွယ်ပေးရန် သက်ဆိုင်ရာပြည်နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်တခုလုံးကို သော်လည်းကောင်း ဗီတိုအာဏာ တစုံတရာမျှ အပ်နှင်းထားခြင်းမရှိပေ။ ပြည်နယ်တခုချင်းစီ အရေးသာမက ပြည်ထောင်စုတခုလုံး၏အရေးကိုပါ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြု၍ အရာရာကိုပြဌာန်းစီမံသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကို ပေါင်းစပ်ထားသော လွှတ်တော်ဖြစ်သောကြောင့်၊ အမျိုးသားလွှတ်တော်ရှိ သက်ဆိုင်ရာပြည်နယ်ကိုယ်စားလှယ်များဆန္ဒမပါပဲ အရာရာကို ဆုံးဖြတ်၍ ဥပဒေများကို ကြိုက်သလို ပြင်ဆင်ပြဌာန်းနိုင်ပေလိမ့်မည်။ ဥပမာ — ပုဒ်မ (၅၃) (စ) ပါပြဌာန်းချက်များအရ ပြည်နယ်နယ်နိမိတ်များကို အောက်ပါအတိုင်းပြင်ဆင် နိုင်ပါသည်။

> "ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ လေးပုံသုံးပုံနှင့် အထက်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံမဲပေးလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးရမည်။"

ဤပုဒ်မပါပြဌာန်းချက်အတိုင်း ချင်းပြည်နယ်၏နယ်နိမိတ်ကို သုံးပိုင်းပိုင်း၍ တပိုင်းကို မကွေးတိုင်းဒေသကြီးအဖြစ်လည်း ကောင်း၊ အခြားတပိုင်းကို စစ်ကိုင်းတိုင်းဒေသကြီးသို့လည်းကောင်း၊ ကျန်တပိုင်းကို ချင်းပြည်နယ်နယ်နိမိတ်အဖြစ်လည်းကောင်း ပြင်ဆင်သတ်မှတ်ရန်အဆိုတရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ အဆိုတရပ်တင်သွင်းမည်ဆိုပါက ချင်းပြည်နယ်ကို ကိုယ်စားပြုသော အထက်လွှတ်တော်အမတ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲမပါပဲ၊ ထိုအဆိုကို လွယ်လင့်တကူ ဥပဒေအဖြစ်ပြဌာန်း၍ ချင်းပြည်နယ်၏ နယ်နိမိတ်ကိုပြင်ဆင်နိုင်ပါ

သည်။ အကြောင်းမှာ ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ချင်းပြည်နယ်ကိုခုခံကာကွယ်နိုင်ရန် သီးခြားပြဋ္ဌာန်းပေးသော ဥပဒေတစုံတရာမျှ မရှိသောကြောင့်ဖြစ်သည်။ ဤသို့ဖြင့် အမျိုးသားလွှတ်တော် သည် ပြည်နယ်များကို တန်းတူရည်တူကိုယ်စားပြုနေပါသော်လည်း၊ ထိုပြည်နယ် များ၏ အခွင့်အရေးကို အထူးတလည်ကာကွယ်ရန် မည်သည့်ဗီတိုအာဏာမျှပေး ထားခြင်းမရှိပေ။ တန်းတူသော်လည်း လုပ်ပိုင်ခွင့်အာဏာမရှိသော လွှတ်တော် တရပ်မျှသာ ဖြစ်ပါသည်။ ပြည်နယ်နယ်နိမိတ်ပြင်ဆင်ခြင်း အပါအဝင် အရေးကြီး သော ကိစ္စရပ်များအားလုံးနီးပါးကို ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်ရမည် ဖြစ်သောကြောင့် အထက်လွှတ်တော်တွင်ရော အောက်လွှတ်တော်တွင်ပါ ချင်း လူမျိုးထက် အဆ (၇) ဆစီပိုများသော ဗမာပြည်မကိုကိုယ်စားပြုသည့် တိုင်းဒေသ ကြီး (၇) ခုမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒအတိုင်း မည်သည့် ဥပဒေကိုမဆို အတည်ပြုပြဋ္ဌာန်းသွားနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နအဖစစ် အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသာအတည်ဖြစ်သွားပါက၊ ယင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေအတိုင်း ဖွဲ့စည်းသွားမည့်အမျိုးသားလွှတ်တော်သည် အာဏာမရှိသည့် "အယောင်အဆောင်လွှတ်တော်" မျှသာဖြစ်သွားပါလိမ့်မည်။

**(၄) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိသောပြည်နယ်များ။** ။ စစ်မှန်သောပြည်ထောင်စုစနစ်၏ ထူးခြားလေးနက်သောအနှစ်သာရမှာ — ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝပေးထားခြင်းပင်ဖြစ်ပါသည်။ နိုင်ငံရေးအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပ်နှင်း ခြင်းဟုဆိုရာ၌ နိုင်ငံရေးအာဏာ (၃) ရပ် ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်နယ်များအား ကျင့်သုံးခွင့်အပြည့် အဝပေးခြင်းဖြစ်ပါသည်။ ထိုသို့ ကျင့်သုံးနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်၊ ပြည် နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကိုလည်း ဖွဲ့စည်းရပါမည်။ ထိုမျှနှင့်ပင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အဓိပ္ပာယ်နှင့် အနှစ်သာရ မပြည့်စုံသေးပေ။ ထို အာဏာ (၃) ရပ်ကို မည်သို့မည်ပုံကျင့်သုံး၍ ဥပဒေဖြင့် မည်ပုံမည်နည်းဖြင့် ပြဋ္ဌာန်းရမည်ဖြစ် ကြောင်းကို အာမခံချက်ပေးသည့် "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ" များကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တိုင်းက သီးခြားစီရေးသားပြဋ္ဌာန်းခွင့် ရှိစေရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်များ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခေါင်အချုပ်မှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်နယ်များက လွတ်လပ်စွာရေးသား ပြဋ္ဌာန်းပိုင်ခွင့် ပင်ဖြစ်ပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိပဲ ပြည်နယ်များ ကို နိုင်ငံရေးအာဏာ (၃) ရပ်အပ်နှင်းရုံမျှဖြင့် ထို ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ပေးအပ်သည်ဟု မဆိုနိုင်ပေ။

နအဖစစ်အစိုးရ ရေးဆွဲပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ သီးခြားရေးဆွဲပြဋ္ဌာန်းခွင့် မပေးချေ။ ယင်းသည် ပင်လုံစာချုပ်အရ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်မပြုသည့်အပြင် နိုင်ငံရေးအရ မလေးမစား၊ စော်ကားမော်ကားပြုခြင်းလည်းဖြစ်ပါသည်။ မိမိတို့ တိုင်းရင်းသားလူမျိုးများ ဆင်နွှဲနေသော အနှစ် (၆၀) ကျော် ပြည်တွင်းစစ်ကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းပဲ၊ စစ်ရေးဖြင့် ဆက်လက်ဖြေရှင်းချင်သော လက္ခဏာ လည်းဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်း ဖြင့်မဖြေရှင်းပဲ စစ်ရေးဖြင့်ဖြေရှင်းရုံသာမက၊ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ရုပ်သိမ်းခြင်းမှာ ဤတိုင်းပြည်ရှိ တိုင်းရင်း သားလူမျိုးများ မျိုးပြုတ်တိမ်ကောသွားအောင် ရေရှည်စီမံကိန်းဖြင့် စစ်ဆင်ရေး တရပ် ဆင်နွှဲနေခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိသော တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံရေးအရအနာဂတ် မရှိနိုင်ပေ။

သို့ဖြစ်၍ နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြပြီး ပြည်သူလူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းရန် ပြင်ဆင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ် သွားပါက မိမိတို့တိုင်းရင်းသားလူမျိုးများလိုလားတောင်းဆိုနေသော ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိမည် မဟုတ်သည့်အပြင် ပြည်တွင်းငြိမ်းချမ်း ရေးအတွက်လည်း လုံးဝအာမခံချက်မရှိပေ။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးလိုလားပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို လိုလားသော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးက နအဖစစ် အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို “ဆန့်ကျင်ကန့်ကွက်” ကြပါရန်တိုက်တွန်း လိုက်ရပေသည်။

## (ဂ) နိုင်ငံတော်အစိုးရဖွဲ့စည်းတည်ဆောက်ပုံ (Form of Government) [မဟာလူမျိုးကြီးဝါဒကိုအခြေခံသောစစ်အာဏာရှင်စနစ်တည်ဆောက်ရေး]

တိုင်းပြည်တခု၏ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာရာ၌ အရေးကြီး သောအချက်မှာ နိုင်ငံတော်အချုပ်အခြာအာဏာ (၃) ရပ်၏ ခက်မသုံးဖြာဖြစ် သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သို့မည်ပုံပိုင်းခြားသုံးစွဲသည်ဟူသော အာဏာပိုင်းခြားခြင်း (Separation of Powers) နှင့် ထိုသို့ပိုင်းခြားထားသော အာဏာ (၃) ရပ်ကို မည်သို့မည်ပုံပြန်လည်ထိန်းညှိသည်ဟူသော အချက်ပင် ဖြစ်ပါသည်။

နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် နိုင်ငံရေးအာဏာ (၃) ရပ်ကို စနစ်တကျ ပိုင်းခြားကျင့်သုံးပြီး အပြန်အလှန်ထိန်းညှိသွားမည်ဖြစ်ကြောင်းကို ပုဒ်မ (၁) (က) နှင့် (ခ) တို့တွင် ပြဋ္ဌာန်းထားပါသည်။ ထို အခြေမူဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို သီးခြားအခန်းများဖြင့် ထပ်ဆင့်ပြဋ္ဌာန်းသွားပါသည်။ ထို့ကြောင့် နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် အာဏာပိုင်းခြားခြင်း (Separation of Powers) ကိုအတိအကျ ပြဋ္ဌာန်းသည်ဟု ဆိုနိုင်ပါသည်။ သို့သော် တကယ်တမ်းသေချာစွာ လေ့လာဆန်းစစ်သောအခါ နိုင်ငံတော်အချုပ်အခြာအာဏာ (၃) ရပ်ကို စနစ်တကျပိုင်းခြားထားပါသော်လည်း နိုင်ငံတော်အချုပ်အခြာအာဏာ (၃) ရပ်၏ ခက်မသုံးဖြာ၏အပေါ်တွင် စစ်တပ်ကိုထိပ်မှတင်ပြီး၊ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့သည် စစ်အာဏာရှင်စနစ်၏ ယန္တရားကိုမောင်းနှင်ပေးနေသော အမည်ခံနိုင်ငံရေးအဆောက်အဦများသာ ဖြစ်သွားပါတော့သည်။ အကြောင်းမှာ —

**(၁) ဥပဒေပြုအာဏာ။** ။ နအဖစစ်အစိုးရမှ ဥပဒေပြုအာဏာကို ထိန်းချုပ်ရန်ကြိုးပမ်းသည့်နည်းလမ်းများမှာ ရိုးစင်းသည်။ ပြည်ထောင်စုလွှတ်တော်၏ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်စလုံးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး များကို လွှတ်တော်များတွင်လည်း စစ်တပ်မှရွေးကောက်ပွဲမဝင်ပဲ၊ ဆိုင်ရာလွှတ်တော်အမတ် စုစုပေါင်းဦးရေ၏ လေးပုံတပုံကို ဝင်ယူသွားမည်ဖြစ်ပါသည်။ ပုဒ်မ (၁၀၉) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ (၄၄၄) ဦးရှိသည့် အနက် တပ်မတော်မှ လွှတ်တော်အမတ်နေရာ (၁၁၀) ဦးကို ရွေးကောက်ပွဲမဝင်ပဲ အမတ်နေရာ ဝင်ယူသွားမည်ဖြစ်ပြီး၊ ပုဒ်မ (၁၄) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ (၂၄၄) ဦးရှိသည့်အနက် တပ်မတော်မှ (၆၀) ဦးသော အမတ်နေရာကို ဝင်ယူသွားမည် ဖြစ်ပါသည်။ ထိုနည်းတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာများကိုလည်း တပ်မတော်မှ ရွေးကောက်ပွဲမဝင်ပဲ အမတ်နေရာဝင်ယူသွားကြမည်ဖြစ်ပါသည်။

ယင်းလုပ်ရပ်သည် ဒီမိုကရေစီစနစ်မကျရုံသာမက နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ရှင်ဖြစ်သော ပြည်သူလူထုကို စော်ကားမော်ကားပြုလုပ်ခြင်းလည်းဖြစ်ပါသည်။ နိုင်ငံတော်အချုပ်အခြာအာဏာကို ခံယူကျင့်သုံးခြင်းသည် ထိုအာဏာ၏ မူလပိုင်ရှင်ဖြစ်သောပြည်သူလူထုဆန္ဒအတိုင်းသာ ဖြစ်သင့်ပါသည်။ သို့သော် နအဖစစ်အစိုးရသည် လူထုဆန္ဒမပါပဲ အချုပ်အခြာအာဏာတရပ်လုံးကို တပ်မတော်မှ တဖက်သတ်ချယ်လှယ်ကျင့်သုံးနိုင်ရေးအတွက် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းအတည်ပြုရန်ပြင်ဆင်လျှက်ရှိနေပါသည်။ ထိုလုပ်ရပ်သည် တပ်မ

တော်ကို တရားဥပဒေဘောင်အပေါ် (Above the Law) ရောက်ရှိသွားစေပါသည်။ တရားဥပဒေစိုးမိုးရေးကို ချုပ်ငြိမ်းစေပါသည်။ တရားဥပဒေစိုးမိုးရေးကို အာမခံချက် မပေးနိုင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထုကိုအကာအကွယ်ပေးသော တိုင်းပြည်၏အမြင့်ဆုံးဥပဒေအဖြစ် ဘယ်နည်းနှင့်မျှ ရပ်တည်နိုင်လိမ့်မည် မဟုတ်ပေ။ အုပ်ချုပ်သူလူတန်းစားတရပ်မျှသာဖြစ်သည့် အာဏာရှင်စစ်ဗိုလ်ချုပ်ကြီးများက ပြည်သူလူထုတရပ်လုံးကို ဖိနှိပ်ချုပ်ချယ်ရန်အသုံးပြုသော အုပ်ချုပ်ရေးယန္တရားတခုမျှသာ ဖြစ်သွားပါတော့သည်။ ဤနည်းဖြင့် နအဖစစ်အစိုးရက စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရန် ပြင်ဆင်လျှက်ရှိနေပါသည်။

(၂) **အုပ်ချုပ်ရေးအာဏာ။** ။ နအဖစစ်အစိုးရမှရေးဆွဲတင်ပြသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် တပ်မတော်မှ နိုင်ငံတော် အချုပ်အခြာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို လုံးဝဥဿုံထိန်းချုပ်ရန်ကြိုးစားရာ၌ ဥပဒေပြုအာဏာကို ထိန်းချုပ်ရန်စီမံပုံစီမံနည်းရိုးစင်းသလောက် အုပ်ချုပ်ရေးအာဏာကိုထိန်းချုပ်ရန် ကြံစည်ပုံမှာ ရှုပ်ထွေးဖွေလီလှပေသည်။ အကြောင်းမှာ — မည်သို့မျှဟပ်စပ်၍မရသော ဆန့်ကျင်ဖက်စနစ်နှစ်ခုကို မရမကပေါင်း စပ်သောကြောင့် ဖြစ်ပါသည်။ တဖက်တွင် ဒီမိုကရေစီကိုကြွေးကြော်၍ အခြားတဖက်တွင် စစ်အာဏာရှင်စနစ်တည်ဆောက်ရေးကို စိုင်းပြင်းနေကြပါသည်။ ယင်းသို့ ဆန့်ကျင်ဖက်စနစ်နှစ်ရပ်ကို ပေါင်းစပ်နိုင်ရေးအတွက် ရှုပ်ထွေးဖွေလီမှုဖြင့် ပြည်သူလူထုကို မျက်လှည့်ပြလိမ်စားရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။ ထိုအချက်မှာ တဆင့်စီလေ့လာရန် လိုအပ်မည်ဖြစ်ပါသည်။

(၃) **နိုင်ငံတော်သမ္မတ။** ။ နိုင်ငံတော်သမ္မတရာထူး ထမ်းဆောင်မည့်ပုဂ္ဂိုလ်၏ အရည်အချင်းများကို သတ်မှတ်ထားသောပြဋ္ဌာန်းချက်များအား ပထမဦးဆုံးသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ပုဒ်မ (၅၇) အရ "နိုင်ငံတော်သမ္မတနှင့် ဒုသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်" ဟု နိုင်ငံတော်အကြီးအကဲ၏ အရည်အချင်းတွင်ဖော်ပြထား ပါသည်။ ထိုသို့ နိုင်ငံတော်ကိုကိုယ်စားပြုသော သမ္မတသည်လည်း "စစ်ရေးအမြင်" ရရှိရမည်။ ဆိုလိုသည်မှာ လက်ရှိတပ်မတော်အရာရှိ သို့မဟုတ် အငြိမ်းစားတပ်မတော်အရာရှိသာလျှင် နိုင်ငံတော်သမ္မတရာထူးကို ထမ်းဆောင်ခွင့်ရှိသည်ဟု တဖက်လှည့် ပြဋ္ဌာန်းခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်း များကို ပုဒ်မ (၅၉) (စ) တွင် ဆက်လက်ပြဋ္ဌာန်းရာ၌ နိုင်ငံတော်သမ္မတသည် —

> “မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီး တဦးဦးသော်လည်းကောင်း၊ ထို တရားဝင်သားသမီးတဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတပါး၏နိုင်ငံသားဖြစ်သူများမဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေရ” ဟုပြဌာန်းထားပါသည်။

ယင်းပုဒ်မသည် တိုင်းပြည်အတွက် အလွန်အန္တရာယ်ကြီးသော ပုဒ်မဖြစ်ပါသည်။ တိုင်းတပါးသားဟု ခေါ်အပ်သည့် လူမျိုးခြားမုန်းတီးရေးအပေါ် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်ပါသည်။ ကမ္ဘာလောကကြီးတိုးတက်ပြောင်းလဲ၍ နိုင်ငံဆက်ဆံကူးလူး ဆက်ဆံရေးကိုအားပေးသော ဂလိုဘော်လိုင်ဇေးရှင်း (Globallization) ခေတ်ကြီးတွင် လူမျိုးမုန်းတီးရေးဝါဒဖြင့် ဤပုဒ်မကို ပြဌာန်းခြင်းသည် တိုင်းပြည်ကိုအမှောင်ခေတ်ထဲသို့ ပြန်လည်ဆွဲခေါ်တွန်းပို့ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ တချို့ကဤပုဒ်မသည် ဒေါ်အောင်ဆန်းစုကြည်ကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ အမှန်မှာ ဒေါ်အောင်ဆန်းစုကြည်သာမက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများကိုပါ ဦးတည်တိုက်ခိုက်ခြင်းဖြစ်ပါသည်။ အနှစ် (၆၀) ပြည်တွင်းစစ်ကြောင့် နိုင်ငံခြားတိုင်းပြည်များသို့ ထွက်ပြေးတိမ်းရှောင်နေကြသော တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒုက္ခသည်များ၊ မိမိမွေးရပ်မြေသို့ ပြန်မဝင်နိုင်ရေး၊ ပြန်လာလျှင်လည်း ထိုပုဂ္ဂိုလ်များ၏ အခွင့်အရေးကို နည်းမျိုးစုံရုပ်သိမ်း၍ လူစဉ်မမှီဘဝဖြင့် ဤတိုင်းပြည်၏ ဒုတိယတန်းစားများအဖြစ် ထာဝရအဖိနှိပ်ခံရေးကို ရှေ့ရှုနေပါသည်။

လူမျိုးမုန်းတီးရေးဝါဒသည် မျက်မှောက်ကာလတွင် အန္တရာယ်အကြီးမားဆုံးသော ကမ္ဘာ့ရန်တခုအဖြစ် နိုင်ငံတကာမိသားစုက ဝိုင်းဝန်းတိုက်ခိုက်နေသည့် ဝါဒဆိုးတရပ်ဖြစ်ပါသည်။ ထို့ကြောင့် နအဖစစ်အစိုးရ မျှော်မှန်းထားသည့်အတိုင်း နိုင်ငံခြားသားတိုင်းတပါးများမုန်းတီးရေးဝါဒကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဌာန်းသွားမည်ဆိုပါက၊ နောင်တွင် တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးရေးဝါဒကို ဥပဒေဖြင့် ပြဌာန်းကျင့်သုံးရန် လမ်းပွင့်သွားပါလိမ့်မည်။ ယင်းသည် မဟာလူမျိုးကြီးဝါဒီများ၏ လုပ်ရိုးလုပ်စဉ်တရပ်မျှသာ ဖြစ်ပါသည်။

(၄) **သမ္မတရွေးချယ်ပုံစနစ်။ ။** နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အရ နိုင်ငံတော် သမ္မတရွေးချယ်ပုံရွေးချယ်နည်းသည် အလွန်ရှုပ်ထွေးပါသည်။ ကမ္ဘာ့စံချိန်စံနှုန်းဟုခေါ်နိုင်သည့် ပြည်သူလူထုကတိုက်ရိုက်ရွေးချယ်သည့် သမ္မတစနစ် မဟုတ်သကဲ့သို့ သမ္မတစနစ်နှင့် ဝန်ကြီးချုပ်စနစ် (ဝါ) ပါလီမန်စနစ်ကို ပူပေါင်းကျင့်သုံးသည့် (Semi-Presidential) စနစ်လည်းမဟုတ်ပေ။ စစ်အာဏာရှင်စနစ်တည်ဆောက်ရေးအတွက် ရှုပ်ထွေးပွေလီသော နည်းသစ်တခုကိုထွင်၍ ဒီမိုကရေစီကို မျက်လှည့်ပြရောင်းစားနေသောစနစ်မျှသာ ဖြစ်ပါသည်။

နအဖစစ်အစိုးရတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ — "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ" ဟု ပုဒ်မ (၆၂) တွင်ပြဋ္ဌာန်းထား ပါသည်။ ထိုပြဋ္ဌာန်းချက်အရ သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များမဟုတ်ပေ။ တနည်းအားဖြင့်ဆိုပါက သမ္မတနှင့် ဒုတိယသမ္မတတာဝန်ကိုထမ်းဆောင်နေသူများ၏ နိုင်ငံရေးလုပ်ပိုင်ခွင့်အာဏာ (Mandate) များသည် ပြည်သူလူထုထံမှ ဒီမိုကရေစီနည်းဖြင့် ဆင်းသက်လာခြင်း မဟုတ်ပေ။ ထို့ကြောင့် သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်သူလူထုကို တိုက်ရိုက်ကိုယ်စားမပြုနိုင်သည့်အပြင် ထိုတာဝန်ကိုထမ်းဆောင်နေကြမည့် ပုဂ္ဂိုလ်များသည်လည်း ဒီမိုကရေစီစနစ်နှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်နိုင်စရာ အကြောင်းမရှိပေ။ ဤနည်းဖြင့် နအဖစစ်အစိုးရမှ တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်ကို မျက်လှည့်ပြရောင်းစားသွားမည်သာမက တိုင်းပြည်၏ ဥသျှောင်ပုဂ္ဂိုလ်ဖြစ်မည့် သမ္မတကြီးကိုပင် လူထုကိုယ်စားလှယ်မဟုတ်ပဲ၊ စစ်အာဏာရှင်များအလိုကျ ရွေးချယ်ထားသော ပုဂ္ဂိုလ်ဖြစ်သွားရေးကို ဦးတည်နေပါသည်။

**(၅) ဗမာ (ဝါ) မြန်မာတိုင်းရင်းသားမဟုတ်သော အခြားတိုင်းရင်းသားများ သမ္မတမဖြစ်ရေးလမ်းစဉ်။ ။** နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗမာ (ဝါ) မြန်မာမဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများ သမ္မတရာထူးတာဝန်ကို မထမ်းဆောင်နိုင်အောင် ပိတ်ပင်ဟန့်တားထားသော ဥပဒေဖြစ်ပါသည်။ အကြောင်းမှာ သမ္မတကိုလူထုက တိုက်ရိုက်ရွေးချယ် တင်မြှောက်နိုင်ခြင်းမရှိပဲ၊ တပ်မတော်က ဖက်ပေါင်းစုံဖြင့် လွှမ်းမိုးချယ်လှယ်နိုင်သော အစု (၃) စုဖြင့် ရွေးချယ်တင်မြှောက်ရမည်ဟု ပုဒ်မ (၆၀) တွင်ပြဋ္ဌာန်းထားပါသည်။ ထိုပုဒ်မအဆိုအရ သမ္မတကို —

(၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံ ရသောလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊

(၂) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်း ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊

(၃) ဖော်ပြပါလွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ – ဟူ၍ အစုအဖွဲ့ (၃) ဖွဲ့က သမ္မတကိုရွေးချယ်ကြရမည်။

ထိုအစုအဖွဲ့ကို ထပ်မံလေ့လာဆန်းစစ်သောအခါ အစု (၃) သည် တပ်မတော်ကို ကိုယ်စားပြုသည့်အစု ဖြစ်ပြီး၊ အစု (၂) သည်လည်း လူဦးရေပိုများသော ဗမာ (ဝါ) မြန်မာတိုင်းရင်းသားများလွှမ်းမိုးချယ်လှယ်၍ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အခြေခံပါသည်။ ဗမာ (ဝါ) မြန်မာမဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများ အင်အားစုတခုအဖြစ် ပါဝင်နိုင်သည့် အစုအဖွဲ့သည် အစု (၁) ဟုခေါ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသာဖြစ်ပါသည်။ ထိုအမျိုးသားလွှတ်တော်တွင်လည်း တိုင်းရင်းသားပြည်နယ် (၇) ခုနှင့် ဗမာပြည်မကို ကိုယ်စားပြုသည့် တိုင်းဒေသကြီး (၇) ခုမှ ကိုယ်စားလှယ်အညီအမျှ ပေးရမည် ဖြစ်သောကြောင့် ဗမာ (ဝါ) မြန်မာ မဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများ၏ စုစုပေါင်းမဲသည် သမ္မတကို ရွေးချယ်နိုင်သည့် မဲအရေအတွက် သုံးချိုးတချိုး၏ တဝက်ဖြစ်သော (၁၅) ရာခိုင်နှုန်းမျှပင် မပြည့်နိုင်တော့ပေ။ ဤနည်းဖြင့် ဗမာ (ဝါ) မြန်မာ မဟုတ်သော တိုင်းရင်းသားလူမျိုးများ နိုင်ငံတော်အကြီးအကဲတာဝန် ဖြစ်သည့် သမ္မတရာထူးများ မထမ်းဆောင် နိုင်အောင် ပိတ်ပင်ဟန့်တားနေပါသည်။ ယင်းသည်လည်း မဟာလူမျိုးကြီးဝါဒီများ၏ လုပ်ရိုးလုပ်စဉ်တရပ်မျှသာ ဖြစ်ပါတော့သည်။

**(၆) ပြည်နယ်ဝန်ကြီးချုပ်များ ဗမာအလိုတော်ရိဖြစ်သွားရေးလမ်းစဉ်။** ။ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဗမာ (ဝါ) မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများထဲမှ သမ္မတဖြစ်နိုင်အောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ပရိယာယ်မျိုးစုံဖြင့် ကန့်သတ်ထားပါသည်။ ထိုမျှမကသေး — ဗမာ (ဝါ) မြန်မာ မဟုတ်သော တိုင်းရင်းသားလူမျိုးများရယူတာဝန်ထမ်းဆောင်ခွင့်မရှိသည့် သမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်များကိုပါ ခန့်အပ်တာဝန်ပေးပိုင်ခွင့်ရှိသည်ဟု ပုဒ်မ (၂၆၁) (ခ) တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ ဆိုလိုသည်မှာ ပြည်နယ်ဝန်ကြီးချုပ်များကို ပြည်နယ်

လူထုက ဒီမိုကရေစီစနစ်အရ တိုက်ရိုက်ရွေးချယ်တင်မြှောက်ပိုင်ခွင့်မရှိသကဲ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အချင်းချင်းထဲမှ ရွေးချယ်တင်မြှောက်ပိုင်ခွင့် မရှိပဲ၊ သမ္မတကစိတ်တိုင်းကျ ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်နိုင်ပါသည်။

သမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်ကိုရွေးချယ်ရာ၌ ဗီတိုအာဏာနီးပါးသြဇာရှိသော အာဏာကိုထပ်မံအပ်နှင်းထားကြောင်း ပုဒ်မ (၂၆၁) (ဃ) တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။ "... ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည် စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ" ဟုပြဋ္ဌာန်းထားပါသည်။

ဤပြဋ္ဌာန်းချက်၏ရည်ရွယ်ချက်မှာ ဗမာ (ဝါ) မြန်မာ မဟုတ်သော တိုင်းရင်းသားဒေသရှိ ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်အပ်ရာ၌ သမ္မတထံတွင်သာ အာဏာအပြည့်အဝအပ်နှင်းထားသောကြောင့် ပြည်နယ်ဝန်ကြီးချုပ်များသည် ပြည်နယ်လူထုကို ကိုယ်စားပြုခြင်းထက် သမ္မတ၏အကြိုက်ကိုဆောင်သော ဗမာအလိုတော်ရိ ဖြစ်သွားရေးကို ဤပြဋ္ဌာန်းချက်ဖြင့် တွန်းပို့ထားပါသည်။ ထိုမျှသာမက ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဗမာ (ဝါ) မြန်မာလူမျိုးတို့၏ လက်ဝယ်ခံနယ်မြေများဖြစ်သွားရေးကိုလည်း ဤဖွဲ့စည်းပုံအခြေခံဥပဒေကတွန်းပို့ထားပါသည်။

**(၇) တပ်မတော်မှ အာဏာသိမ်းပိုင်ခွင့်။** ။ နအဖစစ်အစိုးရမှ ရေးသားတင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့အနက် အုပ်ချုပ်ရေးအာဏာကို အဆမတန်အလေးပေးထားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရာတွင်လည်း တိုင်းပြည်၏အာဏာ အရှိဆုံးအဖွဲ့သည် ပြည်ထောင်စုအစိုးရ မဟုတ်ပဲ၊ သီးခြားဖွဲ့စည်းထားသော "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ပုဒ်မ (၂၀၁) အရ အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ယင်းတို့မှာ —

(က) နိုင်ငံတော်သမ္မတ
(ခ) ဒုတိယသမ္မတ
(ဂ) ဒုတိယသမ္မတ
(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(င) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
(စ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(ဆ) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(ဇ) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး
(ဈ) နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး
(ည) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး
(ဋ) နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး တို့ဖြစ်ပါသည်။

ထိုအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၁) ဦးအနက်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့မှလွဲ၍ ကျန်ပုဂ္ဂိုလ်များသည် တပ်မတော်မှတိုက်ရိုက်စေလွှတ်သော တပ်မတော်အရာရှိများနှင့် တပ်မတော်အငြိမ်းစားများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်တွင် အာဏာအရှိဆုံးသောကောင်စီကို တပ်မတော်စိုးမိုးမှု အောက်တွင် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

ထိုမျှမက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် ပါရှိသည့် အရပ်သား (၃) ဦးမပါပဲ၊ ကျန်တပ်မတော်သားများက နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာပြီး၊ နိုင်ငံတော်အာဏာကို စစ်တပ်မှတရားဝင်သိမ်းပိုက်နိုင်ရန် ပုဒ်မ (၄၁၂) (ခ) တွင် —

“ပုဒ်မ (၄၁၂) (ခ) အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်အများစုံညီစွာတက်ရောက်နိုင်ခြင်း မရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်” ဟု ပြဋ္ဌာန်းထားပါသည်။

ယင်းပြဋ္ဌာန်းချက်သည် ပြည်ထောင်စုတခုလုံးကို စစ်တမ်းလျားအဖြစ် အသွင်ပြောင်း၍ ပြည်သူလူထုတရပ်လုံးကို စစ်ဖိနပ်အောက်တွင် လှုပ်၍မရအောင် လုံးဝထိန်းချုပ်ထားသော ဥပဒေဖြစ်ပါသည်။ ဤနည်းဖြင့် နအဖစစ်အစိုးရသည် မဟာလူမျိုးကြီးဝါဒကို အခြေခံသော စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အခိုင်အမာပြဋ္ဌာန်းရန် ပြင်ဆင်လျှက်ရှိနေပါသည်။

**(ဃ) အခြေခံအခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေး**

**[ နိုင်ငံရေးအာဏာသုံးရပ်စလုံးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပုံအပ်ပြီး၊ တရားဥပဒေစိုးမိုးရေးမရှိပဲ အုပ်ချုပ်ရေးယန္တရားတခုလုံးကို စစ်တပ် အလိုကျ ကျင့်သုံးရေးလမ်းစဉ်]**

နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကြီးမားဆုံး အန္တရယ်တခုမှာ — တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အရေးပေါ်အခြေအနေ ကြေညာ၍ နိုင်ငံတော်၏အချုပ်အခြာအာဏာကို သိမ်းယူခွင့်ပေးထားရုံသာမက၊ "နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်မှပါဝင် ထမ်းဆောင်ရေး" ဟူသောအကြောင်းပြချက်ဖြင့် "တပ်မတော်" ဟူသော ဝန်ထမ်း အစုအဖွဲ့တခုကို ဥပဒေဘောင်ကျော်၍ အထူးအခွင့်အရေးပေးထားခြင်းပင်ဖြစ်ပါ သည်။ ထိုလုပ်ရပ်သည် တပ်မတော်ကို တရားဥပဒေအပေါ် (Above the Law) ရောက်သွားစေရုံသာမက၊ တရားဥပဒေစိုးမိုးရေး (The Rule of Law) ကို ကျော ခိုင်း၍ တပ်မတော်မှ တဖက်သတ်ပြဋ္ဌာန်းသည့်ဥပဒေဖြင့် အတင်းအဓမ္မအုပ်ချုပ်ရေး (The Rule by Law) ကိုသာ ကျင့်သုံးသွားရန် ပြင်ဆင်နေခြင်း ဖြစ်ပါသည်။ ယင်းသည် တပ်မတော်မှ တရားဥပဒေစိုးမိုးရေးကို တဖက်သတ်အဓိပ္ပာယ်ဖွင့်ဆို၍ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရန် ကြိုးပမ်း သည့် လုပ်ဆောင်မှုလည်း ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်အလိုအရ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ ပြည်သူလူထုတရပ် လုံး၏ အခွင့်အရေးကိုကာကွယ်ပြဋ္ဌာန်းရေးဖြစ်ပြီး၊ တရားဥပဒေရှေ့မှောက်တွင် နိုင်ငံသားတိုင်းတန်းတူရည်တူ အခွင့်အရေးရရှိကြရမည် ဖြစ်ပါသည်။ အုပ်ချုပ်သူ အစိုးရရော၊ အအုပ်ချုပ်ခံပြည်သူလူထုများပါ တရားဥပဒေရှေ့မှောက်တွင် တန်းတူ ခွင့်ရှိမည်ဖြစ်ပါသည်။ ထို့မှုမက အုပ်ချုပ်သူအစိုးရက အအုပ်ချုပ်ခံပြည်သူလူထု၏ အခွင့်အရေးများကို အလွဲသုံးစားမပြုရလေအောင် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာ များကို ဥပဒေဖြင့်ဘောင်ခတ်ကန့်သတ်ပေးထားပါသည်။ ယင်းသည် ဒီမိုကရေစီ စနစ်တွင် တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပင် ဖြစ်ပါသည်။

သို့သော် နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအလိုအရ တရားဥပဒေသည် ပြည်သူလူထု၏အကျိုးစီးပွားနှင့် မူလ အခြေခံအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရန် မဟုတ်ပဲ၊ အုပ်စိုးသူစစ်အစိုးရ ၏ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းရန် ရည်ရွယ်ထားပါသည်။ တနည်းအား ဖြင့်ဆိုပါက စစ်အာဏာရှင်စနစ်အောက်တွင် တရားဥပဒေဆိုသည်မှာ ပြည်သူလူထု တရပ်လုံးကို စစ်တပ်မှစိတ်တိုင်းကျ စိုးမိုးအုပ်ချုပ်ချယ်လှယ်နိုင်ရန် အသုံးပြုသော နိုင်ငံရေး ကိရိယာတန်ဆာပလာတရပ်မျှသာ ဖြစ်သွားပါတော့သည်။ တရားဥပဒေ

စိုးမိုးရေးဟူ၍ မရှိနိုင်။ တရားဥပဒေစိုးမိုးရေး (the rule of law) မရှိပဲ၊ တရားဥပဒေဖြင့် အုပ်ချုပ်ရေး (the rule by law) ဟူသော စနစ်သာ စစ်အာဏာရှင်စနစ်အောက်တွင် ထွန်းကားနိုင်ပေလိမ့်မည်။ တရားဥပဒေဖြင့် အုပ်ချုပ်ရေး ဆိုသည်မှာလည်း စစ်အာဏာရှင်စနစ်ကိုအကာအကွယ်ပေး၍ ပြည်သူလူထုကို ကျိန်စာသင့်စေသော အုပ်ချုပ်ရေးယန္တရားတခုမျှသာ ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးမရှိပါက နိုင်ငံသားများ၏မူလအခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းထားပါသော်လည်း လက်တွေ့ကျင့်သုံး၍ ရမည်မဟုတ်ပေ။ ထို့ပြင် လွတ်လပ်သောတရားစီရင်ရေးကို လက်တွေ့ကျင့်သုံး၍ ရမည်မဟုတ်ပေ။ ထို့ကြောင့် နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၆) ပါ "တရားစီရင်ရေး" နှင့် အခန်း (၈) ပါ "နိုင်ငံသားများ၏မူလအခွင့်အရေးများ" သည် စစ်အာဏာရှင်စနစ်အောက်တွင် လက်တွေ့ကျင့်သုံး၍မရသော အနှစ်သာရမရှိသည့် "အခွံပလာ၊ ကျီးအာသီး" မျှသာဖြစ်သွား ပါတော့သည်။ ယင်းလုပ်ရပ်သည် နအဖစစ်အစိုးရက နိုင်ငံတော်အာဏာ (၃) ရပ် ထဲမှ "တရားစီရင်ရေးအာဏာ" ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ "တသွေး၊ တသံ၊ တမိန့်" အောက်သို့အပ်နှင်းလိုက်ရခြင်းပင်ဖြစ်ပါသည်။

ဤသို့ဖြင့် နအဖစစ်အစိုးရသည် နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ထဲသို့ချွင်းချက်မရှိ ထိုးအပ်ထားရန် တဆင့်ပြီးတဆင့် ကြိုးပမ်းဆောင်ရွက်နေပါသည်။ နိုင်ငံရေးအာဏာ(၃)ရပ်စလုံးကို တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် ထားရှိသောကြောင့် တရားဥပဒေဖြင့် အုပ်ချုပ်ရေးဆိုသည်မှာလည်း စစ်တပ်အမိန့်နာခံရေးသာ ဖြစ်သွားပါတော့သည်။ တရားဥပဒေစိုးမိုးရေး မရှိသဖြင့် လွတ်လပ်သော တရားစီရင်ရေးလည်း မရှိနိုင်ပေ။ ထို့အပြင် တရားဥပဒေ စိုးမိုးရေးမရှိသဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တရားဥပဒေဖြင့် ကာကွယ်စောင့်ထိန်းပေးနိုင်လိမ့်မည် မဟုတ်ပေ။

ခြုံ၍ပြောရပါက တရားဥပဒေစိုးမိုးရေးမရှိသော စစ်အာဏာရှင်စနစ်အောက်တွင် နိုင်ငံသားတို့၏မူလအခြေခံအခွင့်အရေးများကို အာမခံချက်ပေးနိုင်ခြင်းမရှိသည့်အပြင်၊ လွတ်လပ်သော တရားစီရင်ရေးကိုလည်း လက်တွေ့ကျင့်သုံး၍ရနိုင်လိမ့်မည် မဟုတ်ပေ။ လွတ်လပ်သောတရားစီရင်ရေးမရှိပါက လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ စီတန်းလှည့်လည်စည်းရုံးခွင့်နှင့် လွတ်လပ်စွာဥစ္စာရှာဖွေပြီး အသက်မွေးဝမ်းကြောင်း လုပ်ပိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်လိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ တရားဥပဒေစိုးမိုးခြင်းမရှိသော လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာ အသက်မွေးဝမ်းကြောင်းပိုင်ခွင့်၊ လွတ်လပ်စွာ

စီးပွားရှာဖွေပိုင်ခွင့်တို့ကို ကန့်သတ်ဘောင်ခတ်ထားသောကြောင့် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးမရှိသော စစ်အာဏာရှင် စနစ်အောက်တွင် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကိုလည်း စနစ်တကျအကောင်အထည်ဖော်၍ရမည် မဟုတ်ပေ။ ထို့ကြောင့် နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသာ အတည်ဖြစ်သွားပါက ထိုတိုင်းပြည်တွင် တရားဥပဒေစိုးမိုးရေးဆိတသုန်းခြင်း၊ နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများ ရုပ်သိမ်းခံရခြင်းနှင့် စီးပွားရေးချွတ်ခြုံကျဆင်းခြင်းကိုသာ ပြည်သူလူထုတရပ်လုံးက ဆက်လက်ပြီးခါးစည်းခံစားသွားရမည်သာ ဖြစ်ပါသည်။

### (င) စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရေး
### [ တရားဥပဒေစိုးမိုးရေးရုပ်သိမ်း၍ ဒီမိုကရေစီစနစ်ကို စစ်စည်းကမ်းဖြင့် ထိန်းချုပ်ရေးလမ်းစဉ် ]

နအဖစစ်အစိုးရမှ ရေးဆွဲတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးကြီးသော အခြေခံမူတရပ်မှာ "စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" တည်ဆောက်ရေး ဖြစ်ပါသည်။ ယင်း၏ရည်ရွယ်ချက်မှာ ဒီမိုကရေစီစနစ်ထွန်းကားရေးကို ဦးတည်သဖြင့် နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို အခန်း (၈) တွင်ပြဋ္ဌာန်းထားသည်ဟုဆိုနိုင်ပါသည်။ သို့သော် စည်းကမ်းပြည့်ဝရန်လည်း လိုအပ်နေပါသဖြင့် အခြေခံဒီမိုကရေစီ အခွင့်အရေးများကို "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး" စသည်တို့ကိုအကြောင်းပြု၍ ပုဒ်မ (၃၅၄) တွင် ပြန်လည်ကန့်သတ်ချုပ်ချယ်ထားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ယင်းသည် နိုင်ငံသားတို့၏အခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တဖက်မှ ကာကွယ်ပြဋ္ဌာန်းပြီး၊ အခြားတဖက်တွင် တရားဥပဒေစိုးမိုးရေးကို လုံးဝဥပေက္ခာပြုထားသောလုပ်ရပ် ဖြစ်ပါသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း တရားဥပဒေစိုးမိုးရေးမရှိပါက အခြေခံလူ့အခွင့်အရေးများကို ပြည်သူလူထုတရပ်လုံး အပြည့်အဝခံစားနိုင်ကြရမည် မဟုတ်ပေ။

ဒီမိုကရေစီကျင့်စဉ်အရ လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ စီတန်းလှည့်လည်စုဝေးခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်... စသည့်အခွင့်အရေးများ အပြည့်အဝရရှိကြရမည် ဖြစ်ပါသည်။ သို့သော် နအဖစစ် အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထို မူလအခွင့်အရေးများကိုပင်လျှင် နိုင်ငံတော်လုံခြုံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေး စသည်တို့ကိုအကြောင်းပြု၍ အချိန်မရွေးပြန်လည် ရုပ်သိမ်းနိုင်သကဲ့သို့၊ ထို အကြောင်းပြချက်ဖြင့် မိမိလွတ်လပ်မှုကို တောင်းဆိုသော ပုဂ္ဂိုလ်များကို နှစ်ရှည်လများ အကျဉ်းချဖမ်းချုပ်ထား နိုင်ပါသည်။

နိုင်ငံတော်လုံခြုံရေးကိုအကြောင်းပြ၍ နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ၁၉၆၂ မှစ၍ ယနေ့တိုင်ရုပ်သိမ်းခြင်းခံခဲ့ရလေပြီးဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအကြောင်းပြ၍ တိုင်းရင်းသားလူမျိုးများ မိမိတို့၏ စကား၊ စာပေနှင့် ယဉ်ကျေးမှုများ လွတ်လပ်စွာတိုးတက်အောင် တီထွင်ဖန်တီးခွင့်ကို ပိတ်ပင်ထားခဲ့လေသည်။ ပြည်ထောင်စုမပြိုကွဲရေးကိုအကြောင်းပြ၍ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုနေသော တိုင်းရင်းသားလူမျိုးများကို စစ်ရေးဖြင့်နှိမ်နင်းပြီး ပြည်တွင်းစစ်ကြီးသည်လည်း လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာရှည်သွားခဲ့လေပြီ ဖြစ်သည်။

ယခုလည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်း စောင့်ထိန်းရန်တာဝန်ရှိသည်ဟု ပုဒ်မ (၃၈၃) တွင် ပြဋ္ဌာန်းထားပါသည်။ ယင်းသည် မိမိတို့နှစ်ပေါင်း (၆၀) အတွေ့အကြုံအရ ပြောရပါက — ပြည်ထောင်စုမပြိုကွဲရေးကိုအကြောင်းပြ၍ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုပ်သိမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကြောင်းပြ၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများ သာမက ကိုးကွယ်ယုံကြည်မှုတို့ကိုပါ စစ်ဖိနပ်အောက်တွင် လှုပ်၍မရအောင် ဖိနှိပ်ချုပ်ချယ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးကိုအကြောင်းပြ၍ နိုင်ငံသားတိုင်း၏ မွေးရာပါမူလအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ရုပ်သိမ်းရေးသာဖြစ်နေပါသည်။

ပြည်ထောင်စုကိုမပြိုကွဲစေချင်ပါက တခုတည်းသောနည်းလမ်းမှာ ဤပြည်ထောင်စုကို စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရေးသာဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မပြိုကွဲစေချင်ပါက တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူခွင့်ကို လေးစားအသိအမှတ်ပြုပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရေးသာ ဖြစ်ပါသည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားပါက နိုင်ငံတော်၏အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုလက်ထဲသို့ ထိုအချုပ်အခြာအာဏာကို ချို့ယွင်းချက်မရှိ ပြန်လည်အပ်နှင်းပြီး၊ ပြည်သူလူထုက မိမိတို့ကိုယ်စား ကျင့်သုံးခွင့်ပေးထားသော ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန်များက နိုင်ငံတော်၏အာဏာကို ခွဲဝေကျင့်သုံးခြင်းသည်သာလျှင် တရားသောနည်းလမ်းဖြစ်ပါသည်။

နအဖစစ်အစိုးရသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအားလုံးကိုရုပ်သိမ်းပြီး၊ တရားဥပဒေစိုးမိုးရေးကိုပါ ထိန်းချုပ်ထားသည့်အပြင် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် အစဉ်တစိုက်တောင်းဆိုခဲ့သော ရဟန်းရှင်

လူပြည်သူအပေါင်းနှင့် ကျောင်းသားလူငယ်များကို ရက်စက်စွာသတ်ဖြတ်ညှင်းပန်းခဲ့သည့် ပြစ်ဒဏ်မှ တရားသေလွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် ပုဒ်မ (၄၄၅) ဖြင့် အကာအကွယ်ယူလျက် ရှိနေပါသည်။ ထို ပုဒ်မအရ —

"ဤဖွဲ့စည်းပုံအခြေခံဥပဒေတည်သည့်မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဆောက်ရွက်သည်ဟု သတ်မှတ်သည်။"

ထိုသို့ စစ်အာဏာရှင်များကျူးလွန်ခဲ့သော ပြစ်ဒဏ်များမှ တရားသေလွတ်ငြိမ်းချမ်းသာခွင့်ရရေးသာမက စစ်အာဏာရှင်စနစ်ကို ကာကွယ်ပြဋ္ဌာန်းပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေက နောင်တက်လာမည့် အစိုးရများကပါ လွယ်လွယ်ပြင်ဆင်၍မရအောင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် ပုဒ်မအထပ်ထပ်ဖြင့် အကာအကွယ်ယူ ပြဋ္ဌာန်းထားပါသည်။ ခြုံ၍ပြောရပါက စစ်အာဏာရှင်များ ထောက်ခံအားပေးမှုမရှိသော မည်သည့်ပုဒ်မမျှ ပြင်ဆင်ပြဋ္ဌာန်း၍မရအောင် ကာကွယ်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းသည် မဟာလူမျိုးကြီးဝါဒကိုအခြေခံသော စစ်အာဏာရှင်စနစ်တည်ဆောက်ရေးအတွက် နအဖစစ်အစိုးရ၏ အစွမ်းကုန်ကြိုးပမ်းအားထုတ်မှု ပြယုဂ်အဖြစ် သမိုင်းတွင်သွားရပေလိမ့်မည်။

## (စ) တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသောသဘောထား
## [ တိုင်းရင်းသားလူမျိုးများ၏အနာဂတ်ကိုဖျက်ဆီး၍ ထိုလူမျိုးများတိမ်ကောပပျောက်ရေးလမ်းစဉ် ]

နအဖစစ်အစိုးရမှ ရေးသားထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသောသဘောထားများကို ဖော်ပြထားပါသည်။ နိုင်ငံတော်၏အခြေခံမူ ဟူသောအခန်းတွင် "နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သောနိုင်ငံဖြစ်သည်" ဟု ပုဒ်မ (၃) တွင်ပြဋ္ဌာန်းထားပါသည်။ ထိုသို့ဆိုပါက စစ်အစိုးရမှ တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသော သဘောထားမဆိုးလှပါဟု သုံးသပ်၍ရနိုင်ပါသည်။

သို့သော် ထိုသို့ပြဋ္ဌာန်းပြီး တိုင်းရင်းသားများကို လက်တွေ့အကောင်အထည်ဖော်ခွင့်မည်မျှပေးထားသနည်းဟု မေးခွန်းမေးရန် လိုအပ်ပါသည်။ ပုဒ်မ (၃) ပါ ပြဋ္ဌာန်းချက်သည် — "တိုင်းရင်းသားလူမျိုးများ၏ ပကတိတည်ရှိမှုကို ငြင်းဆန်၍မရ" သောကြောင့် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်မျှသာဖြစ်သည်။ အမှန်စင်စစ် ဤပြဋ္ဌာန်းချက်သည် ကိုလိုနီခေတ်မတိုင်ခင်က သီးခြားလွတ်လပ်သော တိုင်းရင်း

သားလူမျိုးများသည် တန်းတူရည်တူ ပူးပေါင်း၍ ဤပြည်ထောင်စုကို အတူတကွ ထူထောင်ကြသည် ဟူသော "အတူတကွလာရောက်ပူးပေါင်းခြင်း" (Coming Together) ဟူသော ဖက်ဒရယ်အခြေခံမူ သာဖြစ်သင့်ပါသည်။ အစပထမတွင် မည်သို့မည်ပုံပူးပေါင်းခဲ့ကြသည်ဟူသော သမိုင်းကြောင်းကို ဝန်မခံရဲပဲ "တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်ကြသည်..." ဆိုရုံမျှဖြင့် သမိုင်းကိုမလိမ့်တပတ်လုပ်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ရေးသားပြဋ္ဌာန်းခြင်းအားဖြင့် ကိုလိုနီခေတ်မတိုင်မီကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွနေခဲ့ကြသည်ဟု ထင်ယောင်ထင်မှားရှိစေပါသည်။ ယင်းသည် "နိုင်ငံရေးမရိုးသားမှု" ပင်ဖြစ်ပါသည်။

ထို့အပြင် ပုဒ်မ (၂၂) (က) တွင် "တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်" ဆိုခြင်းသည် ထိုတိုင်းရင်းသားလူမျိုးများ၏ ကိုယ့်ကြမ္မာကိုဖန်တီးပြဋ္ဌာန်းခြင်းကို မထီမဲ့မြင်ပြုခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရိုက်ချိုးခြင်းမျှသာ ဖြစ်ကြပါသည်။ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုသည်မှာ ပြင်ပမှလာရောက်ဖန်တီးပေး၍ မရပါ။ လွတ်လပ်သောလူမျိုးများက မိမိတို့ဘဝရှုန်းကန်ရှင်သန်မှုများနှင့်အတူ တီထွင်ဖန်တီးအပ်သော လွတ်လပ်မှု၏ အသီးအပွင့်များသာ ဖြစ်ကြပါသည်။ လွတ်လပ်မှုကို ပိတ်ပင်၍ ထိုလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာတိုးတက်အောင် ကူညီဆောင်ရွက်မည် ဆိုခြင်းသည် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာများကို မဟာလူမျိုးကြီးလိုချင်သည့် ပုံစံအတိုင်းပြောင်းလဲပစ်မည်ဟူသော ခြိမ်းခြောက်မှုနှင့် အတူတူပင်ဖြစ်ပါသည်။

ဥပမာ တခုပြချင်ပါသည်။ မဆလခေတ်ကတည်းက ချင်းပြည်နယ်ဒေသပါတီဥက္ကဋ္ဌ လုပ်သူဗမာတဦးက ချင်းရိုးရာစောင်များကို တိုးတက်အောင်ကူညီဆောင်ရွက်ပေးမည် ဟုဆိုပြီး၊ ချင်းရိုးရာစောင်များကို ဗမာတိုက်ပုံ ပုံစံအတိုင်းချုပ်ခိုင်း၍ ချင်းပြည်နယ်ရှိ မဆလပါတီဝင်များ၊ ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အတင်းအဓမ္မဝတ်ခိုင်းခဲ့ဖူးပါသည်။ ပြည်ထောင်စုနေ့တွင် ကပြဖြေဖျော်မည့် ချင်းယဉ်ကျေးမှုအဖွဲ့ကိုလည်း — ချင်းရိုးရာတောဲ့ဟုတ်ပါရဲ့၊ သို့သော် ဗမာတိုက်ပုံဖြင့် ချုပ်ခိုင်းသော တိုက်ပုံအင်္ကျီများကို ဝတ်၍ဖျော်ဖြေခိုင်းပါသည်။ ယင်းလုပ်ရပ်သည် ချင်းလူမျိုးများကို အတင်းအဓမ္မ ဗမာပုံသွင်းခြင်းသာ ဖြစ်သည်။ ထိုသို့ ယဉ်ကျေးမှုတိုးတက်အောင်ကူညီခြင်းသည် တိုးတက်အောင်ကူညီခြင်းမဟုတ်၊ အပြင်မှ လာရောက်ဖျက်ဆီးခြင်းသာ ဖြစ်ပါသည်။

ထိုထက်ပို၍အရေးကြီးသောအချက်မှာ "တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို တိုးတက်အောင် ကူညီဆောင်ရွက်ပေးမည်" ဟု ပြဋ္ဌာန်းပြီး၊ အခြားတဖက်တွင်လည်း "မြန်မာစာ" တခုတည်းသာလျှင် ပြည်

ထောင်စုတဝှမ်းလုံး၏ “ရုံးသုံးဖြစ်သည်” ဟု ပုဒ်မ (၄၅၀) တွင် ပြဋ္ဌာန်းထားပါသည်။ တိုင်းရင်းသားများ၏စကားနှင့် စာပေများကို သက်ဆိုင်ရာပြည်နယ်များ၏ ရုံးသုံး စာအဖြစ် အသုံးပြုခွင့်မပေးထားပေ။ မိမိတို့၌ သက်ဆိုင်သည့် ပြည်နယ်များတွင် မိမိတို့စကားနှင့် စာပေများကို ရုံးသုံးအဖြစ် အသိအမှတ်မပြုပါက ထို စကား၊ ထို စာပေများကို မည်ကဲ့သို့ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင် မည်နည်း။ ထို့ကြောင့် ယင်းလုပ်ရပ်၏ ရည်ရွယ်ချက်သည် လက်ရှိ တိုင်းရင်းသား စကား၊ စာပေနှင့် ယဉ်ကျေးမှုများကို “တိုးတက်အောင်ဆောင်ရွက် ပေးတာပါ...” ဟု အကြောင်းပြ၍ အပြင်မှလာရောက်ဖျက်ဆီးခွင့်ပေးပြီး၊ အခြားတဖက်တွင်လည်း တိုင်းရင်းသားလူမျိုးများ မိမိတို့ကိုယ်တိုင်တိုးတက်အောင် တီထွင်ဖန်တီးခွင့်ကို ကန့်သတ်ချုပ်ချယ်ထားသောစနစ်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက တိုင်းရင်း သားလူမျိုးများ၏ စာပေ၊ စကားနှင့် ယဉ်ကျေးမှုများ ထိုလူမျိုးများနှင့် အတူ တိမ် ကော ပပျောက်သွားအောင် ရေရှည်စီမံကိန်းဖြင့် တိုက်ဖျက်ခြင်းသာ ဖြစ်ပါသည်။

စစ်မှန်သောပြည်ထောင်စုစနစ်အရ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ နှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ သည် ပြည်ထောင်စုအစိုးရ၌ လုံးလုံးမျှ မသက်ဆိုင်ပေ။ ထို တိုင်းရင်းသားလူမျိုးများတို့၏ အမျိုးသားပြည်နယ်များက ပြည် နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပြီး၊ တိုးတက်ထွန်းကားအောင် ဆောင်ရွက်ရမည့်တာဝန် ဖြစ်ပါသည်။ ယခု နအဖစစ်အစိုးရမှ ရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များကို သီးခြားလွတ်လပ်စွာ “ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ” ကိုရေးဆွဲပြဋ္ဌာန်းခွင့်မပေးချေ။

ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးသားပြဋ္ဌာန်းခွင့်မပေးခြင်းသည် ထို တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ရုပ်သိမ်းခြင်းပင် ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိသော လူမျိုးများ အတွက် မိမိတို့ စကား၊ စာပေနှင့် ယဉ်ကျေးမှုများကို လွတ်လပ်စွာဖန်တီး၍ တိုးတက် ဖွံ့ဖြိုးအောင်လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိသော လူမျိုး များအတွက် အနာဂတ်လည်း မရှိပေ။ ထို့ကြောင့် မိမိတို့၏အနာဂတ်ကိုဖျက်ဆီးရန် ကြံရွယ်နေသော နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အစွမ်းကုန်တိုက် ဖျက်ခြင်းမှအပ အခြားနည်းလမ်းမရှိပေ။

# အပိုင်း (၃)

# ပြည်သူလူထုထံသို့ ပန်ကြားလွှာ

နအဖစစ်အစိုးရသည် ပြည်သူလူထုတရပ်လုံးက မိမိတို့မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်သော နိုင်ငံတော်အချုပ်အခြာအာဏာကို မိမိတို့ကိုယ်စားလွှတ်လပ်စွာ ကျင့်သုံးခွင့်ပေး၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းရန် ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ အာဏာလွှဲပြောင်းရန် အကြောက်အကန်ငြင်းဆန်ပြီး၊ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံတရပ်ကို ခေါ်ယူကျင်းပခဲ့ပါသည်။ ထိုအမျိုးသားညီလာခံတွင် ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ အပြည့်အဝပါဝင်ခြင်း မရှိခဲ့သလို၊ စစ်မှန်သော တိုင်းရင်းသားကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခြင်းမရှိခဲ့ချေ။ စစ်အစိုးရက စိတ်ကြိုက်ရွေးချယ်ထားသော အတုအယောင်ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကိုကျင်းပခဲ့ပြီး (၁၄) နှစ်မျှကြာသောအခါ သက္ကရာဇ် ၂၀၀၇ ခုနှစ်တွင် အဆုံးသတ်သွားခဲ့လေသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း နအဖစစ်အစိုးရမှ တဖက်သတ်ခေါ်ယူကျင်းပခဲ့သော အမျိုးသားညီလာခံမှချမှတ်သည့် အခြေခံမူများအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲ၍ စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရန် ပြင်ဆင်လျှက်ရှိနေပါသည်။ စစ်အာဏာရှင်စနစ်ကို ကာကွယ်ပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်နှင့်အညီ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လာမည့် မေလ (၁၀) ရက်နေ့တွင် လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းသွားပါက၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းပြည်တွင် အမြင့်ဆုံးအာဏာပိုင်ပုဂ္ဂိုလ်ဖြစ်သွားမည် ဖြစ်ပါလိမ့်မည်။ တပ်မတော်ရေးရာကိစ္စအားလုံးကို ဥပဒေဘောင်ပြင်ပတွင် လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့် ရှိရုံသာမက၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့သည်လည်း ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အပေါ်လုံးဝသက်ရောက်အကျုံးဝင် ပိုင်ခွင့်ရှိတော့မည် မဟုတ်ပေ။ အကြောင်းမှာ — တပ်မတော်သည် ဥပဒေဘောင်အပေါ်ရောက်ရှိသွားပြီးဖြစ်သဖြင့် တရားဥပဒေစိုးမိုးရေးဘောင်မှ လုံးဝကင်းလွတ်ခွင့်ရရှိသွားပြီ ဖြစ်ပါသည်။ ဤသို့အားဖြင့် ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်က တိုင်းပြည်၏အချုပ်အခြာအာဏာအားလုံးကို စိတ်ကြိုက်ချယ်လှယ်ခွင့်ရရှိသွားမည်ဖြစ်ပါသည်။ ထိုသို့ချယ်လှယ်နိုင်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်တခုလုံးကိုသော်လည်းကောင်း၊ ဒေသတခုခုကိုသော်လည်းကောင်း အရေးပေါ်အခြေအနေကြေညာ၍ အာဏာ (၃) ရပ်စလုံးကို ကိုယ်တွယ်အုပ်ချုပ်ခွင့်ပေးထားပါသည်။ ယင်းလုပ်ရပ်

သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေနှင့်အညီ အာဏာသိမ်းခွင့်ပေးထားသော စစ်အာဏာရှင်စနစ်၏ ဆိုးဝါးမှု အထွတ်အထိပ်ပင်ဖြစ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာသိမ်းခွင့်အပါအဝင်၊ နိုင်ငံတော်၏ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အဆင့်ဆင့်လွှမ်းမိုးချယ်လှယ်ခွင့်ရှိရန်လည်း ထိုဥပဒေဖြင့် ပြဋ္ဌာန်းရန်ပြင်ဆင်နေပါသည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကိုလည်း အဆင့်ဆင့်ကန့်သတ်ချုပ်ချယ်၍ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး နောင်တွင်မျိုးဆက်ပြုတ်တိမ်ကောပပျောက်သွားလေအောင် စီမံကိန်းရှိရှိဖြင့် ကြံရွယ်ထားပါသည်။ ထို့မှုမက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကိုလည်း နည်းမျိုးစုံဖြင့် ပိတ်ပင်ဟန့်တားမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများကို ထူထောင်ခွင့်ပေးသော်လည်း၊ နိုင်ငံရေးပါတီခေါင်းဆောင်များ နိုင်ငံတော်သမ္မတလုပ်ပိုင်ခွင့်မရှိအောင် ချုပ်ချယ်ထားသည်။ အကြောင်းမှာ — နိုင်ငံတော်သမ္မတအပါအဝင် ပြည်နယ်ဝန်ကြီးချုပ်များခန့်အပ်ထားပုံကို စစ်အာဏာရှင်များ၏ အလိုတော်အတိုင်း ဖြစ်စေရေးအတွက် အမျိုးမျိုးသော နိုင်ငံရေးအကွက်များကို ဆင်ထားသောကြောင့် ဖြစ်ပါသည်။ ခြုံ၍ပြောရပါက မဟာလူမျိုးကြီးဝါဒီများလွှမ်းမိုးသော စစ်အာဏာရှင်စနစ်တည်ဆောက်ရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို မြတ်နိုးပြီး၊ တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာအတူ လက်တွဲနေထိုင်နိုင်ရေးကို လိုလားသော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးက နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လာမည့် မေလ (၁၀) ရက်နေ့တွင် ဆန့်ကျင်ကန့်ကွက်မဲပြီး ပယ်ချသွားရန် တိုင်းရင်းသားလူမျိုးများကောင်စီမှ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်၍ ပြည်သူလူထုထံသို့ အနူးအညွတ်ပန်ကြားလိုက်ရပါသည်။

(၁) ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော နိုင်ငံရေးအကြပ်အတည်းသည် သာမန်ဝါဒရေးရာတိုက်ပွဲ တခုတည်း မဟုတ်ပဲ၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးများ၏ ခေါင်းဆောင်ကြီးများ ချုပ်ဆိုထားသော "ပင်လုံ" စာချုပ်ကို အကောင်အထည်မဖော်နိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာ" ပင်ဖြစ်ပါသည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားသော ပြည်သူလူထုတရပ်လုံးနှင့် ပြည်သူလူထုကိုယ်စား တိုင်းပြည်၏အုပ်ချုပ်ရေးယန္တရားများကို စီမံခန့်ခွဲသော အစိုးရအကြား သဘောတူချုပ်

ဆိုထားသည့် ပဋိညာဉ်စာချုပ်တရပ်ဖြစ်ပါသည်။ တနည်းအားဖြင့် အုပ်ချုပ်သူအစိုးရနှင့် အအုပ်ချုပ်ခံပြည်သူလူထုအကြား နှစ်ဦးနှစ်ဖက် သဘောတူချုပ်ဆိုထားသော စာချုပ်တရပ်ပင်ဖြစ်ပါသည်။

(၃) နအဖစစ်အစိုးရသည် ပြည်သူလူထုကရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုမရှိပဲ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲ၍ အတင်းအဓမ္မအတည်ပြုပြဋ္ဌာန်းရန် လူထုဆန္ဒခံယူပွဲတရပ်ကို မကြာမီကျင်းပရန် ပြင်ဆင်လျှက်ရှိနေပါသည်။ ထိုလုပ်ရပ်သည် နိုင်ငံတော်အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားသော ပြည်သူလူထုတရပ်လုံး၏ အခန်းကဏ္ဍကို ဥပေက္ခာပြုစော်ကားခြင်းဖြစ်သည်။

(၄) ဤကဲ့သို့ ပြည်သူလူထု၏ ဆန္ဒမပါပဲ၊ စစ်အာဏာရှင် စစ်ဗိုလ်တစုက ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို တဖက်သတ်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းရန် ကြိုးပမ်းခြင်းသည် စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရန် ကြိုးပမ်းနေခြင်းသာ ဖြစ်ပါသည်။

(၅) စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းရန်ကြိုးပမ်းခြင်းသည် "ပင်လုံစာချုပ်" ကို ရိုက်ချိုးခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်နှင့် ပြည်ထောင်စုစိတ်ဓါတ်မှ သွေဖီခြင်းလည်း ဖြစ်ပါသည်။ ဤ လုပ်ရပ်သည် "မဟာလူမျိုးကြီးဝါဒ" ကို စွဲကိုင်ထားသော စစ်ဝါဒီတစုက ပြည်ထောင်စုအတွင်းရှိ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ လူမျိုးပြုတ်သုဉ်းရေးကို စစ်ဆင်ရေးတရပ်အနေဖြင့် မဟာဗျူဟာကျကျ ဆင်နွဲနေခြင်းလည်းဖြစ်သည်။

(၆) စစ်အာဏာရှင်စနစ်ကို အခွန့်ရှည်တည်တန့်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းရန် ကြိုးပမ်းခြင်းသည် တိုင်းပြည်၏ နိုင်ငံရေးပြဿနာများကို ပိုမိုနက်ရှိုင်းရှုပ်ထွေးစေနိုင်ပါသည်။ တိုင်းရင်းသားလူမျိုးများတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရိုက်ချိုးခြင်းကြောင့် ဖြစ်ပေါ်နေသော အနှစ် (၆၀) ပြည်တွင်းစစ်ကိုလည်းပို၍ ရှည်ကြာစေနိုင်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးမျိုးအပါအဝင် နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်မှု၊ စီးပွားရေးချွတ်ခြုံ ကျဆင်းမှုနှင့် လူမှုရေးအတိဒုက္ခပေါင်းစုံကိုလည်း ပိုမိုကြီးထွားစေမည် ဖြစ်ပါသည်။

(၇) ထို့ကြောင့် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို လိုလားသော ကျောင်းသားလူငယ်ရဟန်းရှင်လူပြည်သူတရပ်လုံးက စစ်အစိုးရမှ ခေါ်ယူကျင်းပမည့် လူထုဆန္ဒခံယူပွဲကို လုံးဝ (လုံးဝ) ဆန့်ကျင်ပြီး ကန့်ကွက်မဲပေးကြပါရန် တိုက်တွန်းလိုက်ရပေသည်။

ဆက်ရန်ရှိသေးသည်

# ဆက်ရန်ရှိသေးသည်

နအဖစစ်အစိုးရသည် စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို သက္ကရာဇ် ၂၀၀၈ မေလ (၁၀) ရက်နေ့တွင် ကျင်းပသွားခဲ့ပါသည်။

နအဖစစ်အစိုးရမှ ရေးဆွဲပြဋ္ဌာန်းရန်ပြင်ဆင်နေသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ဖြစ်စဉ်တခုလုံးသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုအခန်းကဏ္ဍကို လုံးဝဥပေက္ခာပြုထားပါသဖြင့် ယင်းဖြစ်စဉ်တခုလုံးကို လူထုအင်အားဖြင့် ဆန့်ကျင်ကန့်ကွက်သွားရန် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများက သံဓိဋ္ဌာန်ချထားခဲ့ကြပါသည်။ ထိုသံဓိဋ္ဌာန်နှင့်အညီ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများစုပေါင်းပါဝင်သည့် မဟာမိတ် (၇) ဖွဲ့ကို ဖွဲ့စည်းပြီး၊ လူထုဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန် ပြည်သူလူထုတရပ်လုံးကို နှိုးဆော်တိုက်တွန်းသည့် လှုပ်ရှားမှုတရပ်ကို ဆင်နွှဲခဲ့ပါသည်။ ထိုမဟာမိတ်အဖွဲ့တွင် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ကရက် (SYCB) နှင့် တိုင်းရင်းသားလူငယ်များဆုံရပ် (NYForum) စသည့်အဖွဲ့အစည်းများ ပါဝင်ကြပါသည်။

သို့သော် လူထုဆန္ဒခံယူပွဲကျင်းပမည့်ရက်မတိုင်မီ မေလ (၃) ရက်နေ့တွင် နာဂစ်ဆိုင်ကလုံးမုန်တိုင်း အပြင်းအထန်ကျရောက်သဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းများတွင် လူဦးရေတသိန်းကျော်အသက်ဆုံးရှုံးခဲ့ရသည်သာမက၊ နောက်ထပ် လူတသန်းခွဲမှ နှစ်သန်းခွဲအကြား အိုးမဲ့အိမ်မဲ့ဖြစ်ပြီး စားနပ်ရိက္ခာနှင့် သောက်ရေသန့်များပြတ်တောက်ခြင်းဒဏ်ကို အကြီးအကျယ်ခံခဲ့ရပါသည်။ ထို နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံနေရသော ဒုက္ခသည်များကို နိုင်ငံတကာအကူအညီပေးရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပွားသည့် ဒုက္ခသည်များကယ်ဆယ်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သည့်ဝန်ထမ်းများ မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ကို စစ်အစိုးရကယုတ်မာစွာ တားမြစ်ပိတ်ပင်နေပါသည်။

ထိုသို့ မြန်မာ့သမိုင်းတွင်မကြုံစဖူးကြီးမားသော မုန်တိုင်းဒဏ်ကို ပြည်သူလူထုသန်းပေါင်းများစွာ ဒုက္ခခံစားနေရသည့်အချိန်တွင် လူထုဆန္ဒခံယူပွဲကို ခေါ်ယူ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေခြင်းသည် လူ့သိက္ခာကိုညှိုးနွမ်းစေသည့် နိုင်ငံရေးပြစ်မှုတရပ်ဖြစ်ပါသည်ဟု မိမိ

တို့သုံးသပ်ထားပါသည်။ ထို့ကြောင့် လူထုဆန္ဒခံယူပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားသင့်ကြောင်း တိုင်းရင်းသားလူမျိုးများကောင်စီက ထုတ်ပြန်ကြေညာချက်ကို မေလ (၆) ရက်နေ့တွင်ထုတ်ပြန်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများကောင်စီပါဝင် သော မဟာမိတ်အဖွဲ့ (၇) ဖွဲ့ကလည်း အလားတူထုတ်ပြန်ကြေညာချက်ကို မေလ (၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုနည်းတူ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း နအဖစစ်အစိုးရအနေဖြင့် လူထုဆန္ဒခံယူပွဲကျင်းပ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးလုပ်ငန်းထက် မုန်တိုင်းဒဏ်ကိုခံစားနေရသော ဒုက္ခသည်များကယ်ဆယ်ရေးလုပ်ငန်းက ပို၍အရေးကြီးနေပါသဖြင့် လူထုဆန္ဒခံယူပွဲကို ရက်ရွှေ့ဆိုင်းသင့်ကြောင်း အကြံပေးခဲ့ပါသည်။ သို့သော် နအဖစစ်အစိုးရက နားမထောင်ခဲ့ချေ။ ပြည်သူလူထုများဒုက္ခခံနေရခြင်း၊ သေကြေပျက်စီး၍ ဘဝဆုံးရှုံးနေရခြင်းသည် သူတို့အာဏာတည်မြဲရေးလောက် အရေးမကြီးပေ။ ထို့ကြောင့် လူထုဆန္ဒခံယူပွဲကို မေလ (၁၀) ရက်နေ့တွင် ဆက်လက်ကျင်းပသွားခဲ့ပါသည်။ မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းရှိ မြို့နယ်အချို့သာ မတတ်သာ၍ ဆန္ဒခံယူပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရပါသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများကောင်စီနှင့် မဟာမိတ်အဖွဲ့ (၇) ဖွဲ့တို့သည် လူထုဆန္ဒခံယူပွဲကျင်းပစဉ်ကာလတလျှောက်လုံး နအဖစစ်အစိုးရလုပ်ရပ်မှန်သမျှကို အနီးကပ်စောင့်ကြည့်ခဲ့ပါသည်။ ပြည်နယ် (၇) ခုနှင့် တိုင်း (၇) တိုင်းတွင် လူထုဆန္ဒခံယူပွဲစောင့်ကြည့်ရေးလုပ်ငန်းများကို တတ်နိုင်သမျှဆောင်ရွက်ခဲ့ပါသည်။ ထိုစောင့်ကြည့်ရေးအဖွဲ့များ၏ အစီရင်ခံချက်အရ — နအဖစစ်အစိုးရသည် ၎င်းတို့ကိုယ်တိုင်ရေးဆွဲခဲ့သော လူထုဆန္ဒခံယူပွဲဥပဒေကိုပင် မလိုက်နာပဲ၊ ဥပဒေဘောင်ပြင်ပမှနေ၍ လူထုကိုခြိမ်းခြောက်ခြင်း၊ တဖက်သတ် မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပေးစနစ်ဖြင့် အတင်းအကြပ်ထောက်ခံမဲထည့်ခိုင်းခြင်း၊ “လူတဦးဆန္ဒ မဲတပြား” ဟူသော ဒီမိုကရေစီကျင့်စဉ်ကို မလိုက်နာပဲ၊ အိမ်ထောင်ဦးစီးတဦးကို မိသားစုတခုလုံးအတွက် အတင်းအကြပ်မဲပေးခိုင်းခြင်၊ မဲဆန္ဒများကို ပြည်သူလူထုရှေ့တွင် မရေတွက်ပဲ တိတ်တခိုးရေတွက်၍ မဲလိမ်လည်မှုများပြုလုပ်ခြင်း ... စသည့်စသည့် မတရားလုပ်ရပ်များစွာကို တွေ့ရှိရပါသည်။ တနည်းအားဖြင့်ဆိုပါက — နအဖစစ်အစိုးရသည် ၎င်းတို့အာဏာတည်မြဲရေးနှင့် စစ်အာဏာရှင်စနစ်တည်ဆောက်ရေးအတွက် ၎င်းတို့ကိုယ်တိုင် တဖက်သတ်ရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို “သေနတ်ပြောင်းဝမှ ထွက်လာသောအာဏာစက်” ကိုအသုံးပြု၍ ပြည်သူလူထုဆန္ဒမပါပဲ အတင်းအကြပ်အတည်ပြု ခိုင်းခြင်းမျှသာဖြစ်ပါသည်။

နအဖစစ်အစိုးရ၏ မတရားလုပ်ရပ်များကြောင့် လူထုဆန္ဒမပါပဲ အတည်ပြုပြဌာန်းရန်ပြင်ဆင်နေသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့လက်ခံနိုင်

မည် မဟုတ်သကဲ့သို့၊ မေလ (၁၀) ရက်တွင် ကျင်းပခဲ့သော လူထုဆန္ဒခံယူပွဲ၏ ရလာဒ်အဖြေကိုလည်း မိမိတို့လက်ခံမည် မဟုတ်ကြောင်း၊ နိုင်ငံတကာမိသားစုနှင့် တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးကို တင်ပြအစီရင်ခံသွားရန် မေလ (၁၅) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မဟာမိတ်အဖွဲ့ (၇) ဖွဲ့ ကိုယ်စား သတင်းစာရှင်းလင်းပွဲတရပ်ကို ကျင်းပခဲ့ပါသည်။ ထို သတင်းစာရှင်းလင်းပွဲတွင် နအဖစစ်အစိုးရသည် ၎င်းတို့၏ အဆင့် (၇) ဆင့်ရှိသော နိုင်ငံရေးလမ်းပြမြေပုံကို လူထုဆန္ဒမပါပဲ သေနတ်ပြောင်းဝတွင် တဖက်သတ်အကောင်အထည်ဖော်ရန် မည်သို့မည်ပုံကြိုးပမ်းခဲ့ကြောင်း၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် တရားဝင်ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်အစစ်အမှန်မပါပဲ အမျိုးသားညီလာခံကို စတင်ကျင်းပသည့် အချိန်မှစ၍ စစ်အာဏာရှင်စနစ်ကို ကာကွယ်ပြဋ္ဌာန်းပေးသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖက်သတ်အတည်ပြု ပြဋ္ဌာန်းရန် မည်သို့မည်ပုံကြိုးပမ်းခဲ့ကြောင်း၊ ထိုသို့ကြိုးပမ်းရာတွင် အာဏာစက်ကိုအသုံးပြု၍ ပြည်သူလူထုကို မည်သို့မည်ပုံညှင်းပန်းနှိပ်စက်ခဲ့ကြောင်းနှင့် နာဂစ်မုန်တိုင်းကြောင့် ဒုက္ခပေါင်းသောင်းခြောက်ထောင် ခံစားနေကြရသော ပြည်သူလူထုတို့၏အရေးကို အလျဉ်းမှုဂရုမစိုက်ပဲ သူတို့အာဏာတည်မြဲရေးအတွက် လူထုဆန္ဒခံယူပွဲကို ယခုလိုဆက်လက်ကျင်းပနေကြောင်း ကျနော်ကိုယ်တိုင်က အကျယ်တဝင့်ရှင်းလင်းတင်ပြပြီးနောက် မဟာမိတ်အဖွဲ့ (၇) ဖွဲ့၏ လူထုဆန္ဒခံယူပွဲစောင့်ကြည့်ရေး အစီရင်ခံစာကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်က တင်ပြခဲ့ပါသည်။ ထို့ပြင် လူထုဆန္ဒခံယူပွဲကျင်းပစဉ် နအဖစစ်အစိုးရ၏ ဥပဒေဘောင်အပြင်ဖက်မှ မတရားလုပ်ရပ်မှန်သမျှနှင့် မဲလိမ်ညာမှုများကို မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစု ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာက ဆက်လက်တင်ပြခဲ့ပါသည်။

မိမိတို့ သတင်းစာရှင်းလင်းပွဲအပြီးတွင် မိတ်ဆွေတဦးထံမှ တယ်လီဖုန်းဖြင့် အကြောင်းကြားပြီး နအဖစစ်အစိုးရက ၎င်းတို့ကျင်းပသော လူထုဆန္ဒခံယူပွဲကို (၉၂.၄) ရာခိုင်နှုန်းသော မဲဆန္ဒရှင်ကထောက်ခံမဲပေးကြောင်း နာရီပိုင်းအတွင်း ကြေညာခဲ့သည်ဟု သိရပါသည်။ နအဖစစ်အစိုးရသည် လူထုကိုသာမက တကမ္ဘာလုံးကိုပါ ဆက်လက်လိမ်လည်လှည့်ဖြားနေမည် ဖြစ်ပါသည်။ ထိုသတင်းကြားကြားခြင်း — မိမိ၏စိတ်ထဲတွင် အတွေးတခုဝင်လာပါသည်။ လူထုဆန္ဒမပါသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဝိဉာဉ်မရှိသော ခန္ဓာကိုယ်တခုနှင့် တူနေပါသည်။ ဝိဉာဉ်မရှိသော ခန္ဓာကိုယ်သည် မည်သို့မျှရေရှည်အသက်ရှင်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လူထုဆန္ဒမပါပဲ စစ်အစိုးရက သေနတ်ပြောင်းဝအောက်တွင် တဖက်သတ်အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး၊ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လိုလားတောင့်တနေသော စစ်မှန်သည့်

ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ရေးအတွက် မိမိတို့ဆက်လက်တိုက်ပွဲဝင်ရပေလိမ့်မည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ထဲထဲနှစ်နှစ်စတင်ပါဝင်ခဲ့သည့်အချိန်မှ ယနေ့တိုင်မိမိတို့အဓိကဦးတည်၍ တိုက်ပွဲဝင်ခဲ့သော နိုင်ငံရေးစစ်မြေပြင်မှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်ကြောင့် ဖြစ်ပွားခဲ့သော နိုင်ငံရေးပြဿနာများပင်ဖြစ်ပါသည်။ ယခုရှေ့ဆက်တိုက်ပွဲဝင်သွားရမည့် နိုင်ငံရေး၏စာမျက်နှာသည် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ယနေ့တိုင်ဖြစ်ပွားနေသော တိုင်းရင်းသားလူမျိုးများ၏ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတိုက်ပွဲများသာမက စစ်အာဏာရှင်စနစ်ကို ကာကွယ်ပြဋ္ဌာန်းသွားမည့် နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ဆောက်သွားမည့် မဟာလူမျိုးကြီးဝါဒကို အခြေခံသော စစ်အာဏာရှင်စနစ်ဖြုတ်ချရေးများ ထပ်ဆင့်ပါဝင်လာပါသည်။

တနည်းအား ဖြင့်ဆိုပါက — မိမိတို့ဆင်နွှဲနေသော အရေးတော်ပုံကြီးသည် အတုအယောင်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းခဲ့သော ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မဆလ တပါတီအာဏာရှင်စနစ်ကို ကျားကန်ပေးရန် ဖွဲ့စည်းခဲ့သော ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေများသာမက ယခု စစ်အာဏာရှင်စနစ်ကို ကာကွယ်ရန်ပြဋ္ဌာန်းထားသော နအဖစစ်အစိုးရ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုပါ ဆန့်ကျင်အန်တုတော်လှန်ရန် လိုအပ်လာပါသည်။ ထို့ကြောင့် မိမိတို့ဆင်နွှဲနေသည့်တိုက်ပွဲက ပို၍ပြင်းထန်လာစရာရှိပါသည်။

မိမိတို့ဆင်နွှဲနေသော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး အနှစ် နှစ်ဆယ်တင်းတင်းပြည့်သွားခဲ့လေပြီ။ ထို အနှစ်နှစ်ဆယ်ကာလအတွင်း နိုင်ငံရေးအရကြီးမားသောအောင်မြင်မှုများရရှိခဲ့သော်လည်း အပြီးသတ်အောင်ပွဲမဆင်နိုင်သေးပေ။ ရှေ့ဆက်တိုက်ပွဲဝင်ရန် ရှိနေပါသေးသည်။

၂၀၀၈ ခုနှစ် မေလ (၁၈) ရက်



ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း (Dr. Lian H. Sakhong) သည် တိုင်းရင်းသားလူမျိုးများ ကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နှင့် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တို့၏ အထွေထွေအတွင်းရေးမှူးချုပ် တာဝန်များသာမက ချင်းနိုင်ငံရေးပါတီများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ အမျိုးသမီး၊ ကျောင်းသားလူငယ်နှင့် လူမှုအဖွဲ့အစည်းများဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ချင်းအမျိုးသား ကောင်စီ၏ အလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ တာဝန်များကိုပါ ထမ်းဆောင်နေပါသည်။

၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားသော ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် စတင်ကတည်းက ထဲထဲဝင်ဝင် ပါဝင်ခဲ့ပြီး၊ စစ်အစိုးရ၏ဖမ်းဆီးချုပ်နှောင်ခြင်းကို သုံးကြိမ်တိုင်တိုင်ခံခဲ့ရပါသည်။ အရေးတော်ပုံ ကာလတွင် ဖွဲ့စည်းထားသော ချင်းအမျိုးသားသမဂ္ဂ (Chin National Union) ၏ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ချင်းလူမျိုးများ၏ ဦးဆောင်နိုင်ငံရေးပါတီဖြစ်သော ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကွယ်လွန်သူ ဆလိုင်းရမ်လိန်မှုန်းနှင့်အတူ ဖွဲ့စည်းထူထောင်ခဲ့ ကြသည်။ ၁၉၈၈–၁၉၉၀ အကြား ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်သာမက၊ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ပူးပေါင်း ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ အတွင်းရေးမှူးနှင့် မူဝါဒရေးရာတာဝန်ခံ အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဆလိုင်းလျန်မှုန်းသည် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (B.A., Hons) ကို ၁၉၈၂ ခုနှစ်တွင်၎င်း၊ မဟာဝိဇ္ဇာဘွဲ့ (M.A) ကို ၁၉၈၅ ခုနှစ်တွင်၎င်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဓမ္မ တက္ကသိုလ်မှ ဘွဲ့လွန်ဓမ္မပညာဘွဲ့ (B.D) ကို ၁၉၈၈ ခုနှစ်တွင်၎င်း၊ ဆွီဒင် နိုင်ငံရှိ Uppsala University မှ ပါရဂူဘွဲ့ (Ph.D) ကို ၂၀၀၀ ခုနှစ်တွင်၎င်း ဆွတ်ခူးရရှိခဲ့ပါသည်။ မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့များအတွက် ပြုစုခဲ့သော ကျမ်းများအပြင်၊ ချင်းသမိုင်း၊ စာပေယဉ်ကျေးမှု နှင့် နိုင်ငံရေး ဆိုင်ရာ စာတမ်းများစွာကို ပြုစုရေးသားခဲ့ပါသည်။

သူပြုစုရေးသားခဲ့သော In Search of Chin Identity: A Study in Religion, Politics and Ethnic Identity in Burma စာအုပ်ကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့ရှိ Nordic Institute of Asian Studies မှ ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအရေးနှင့် သက်ဆိုင်သည့် နိုင်ငံရေးစာအုပ် များကို "Peaceful Co-existence: Towards Federal Union of Burma" "ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ရေးဝါဒမှသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ဆီသို့" ဟူသောခေါင်းစဉ်အောက်တွင် ဆယ်အုပ်ကျော် တည်းဖြတ်ထုတ်ဝေခဲ့ပါသည်။

Dr. Lian H. Sakhong သည် ၂၀၀၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့၌ "မာတင်လူသာကင်း ငြိမ်းချမ်းရေးဆု" (Martin Luther King Prize) ချီးမြှင့်ခြင်းခံခဲ့ရသည်။

ISBN : 978-974-224-577-1